
www.burmeseclassic.com

မြင့်ကြည်မာစာပေ



# ဟယ်ရီပေါ်တာနှင့် မှော်ကျောက်တုံး

Harry Pott... the PHILOSO... STONE

J.K Rowling

ကြည်ကြည်မာ မြန်မာပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မူရင်း။ ။Harry Potter and The Philosopher's Stone
J.K.Rowling

ဆူးနဲ့ ဖုန်းချင့်ဝင်တို့ရဲ့ တရုတ်ဘာသာပြန်များမှ တစ်ဆင့် ပြန်ဆိုပါတယ်။

စီစဉ်ဆဲ စာအုပ်များ

(၁) ဟယ်ရီ-ပေါ်တာ နှင့် လျို့ဝှက်အခန်း

HARRY POTTER

Chamber of Secrets

J.K. Rowling

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

●

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

●

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

●

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

●

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

●

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ၈၀၄/၂၀၀၂ (၈)

မျက်နှာဖုံးခွင့်ပြုချက် ၃၉/၂၀၀၂ (၈)

မျက်နှာဖုံးပုံနှိပ်သူ ဦးကျော်စိန်
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
၁၇၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဦးမြတ်ကျော် (မြ-၀၅၅၅)
စာလုပ်ငန်းပုံနှိပ်တိုက်
၁၉၄၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဒေါ်မိုးကေခိုင် (၁၁၆၉၂)
ချိုတေးသံစာပေတိုက်
ရေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့၊ ရန်ကုန်တိုင်း။

ပုံနှိပ်ခြင်း ပထမအကြိမ်

အုပ်ရေ ၁၀၀၀

ထုတ်ဝေသည့်ကာလ စက်တင်ဘာလ၊ ၂၀၀၂ ခုနှစ်

တန်ဖိုး 2000 ကျပ်

စာအုပ်ချုပ် ကိုမြင့်

# ဟယ်ရီ-ပေါ်တာ
# နှင့်
# မှော်ကျောက်တုံး

ကြည်ကြည်မာ
(မြန်မာပြန်)


www.burmeseclassic.com

www.burmeseclassic.com



မာတိကာ


| | | |
|---|---|---|
| ၁။ | အသက်ရှင် ကျန်ရစ်ခဲ့တဲ့ ကောင်လေး | ၁ |
| ၂။ | ကွယ်ပျောက်သွားတဲ့ မှန် | ၂၁ |
| ၃။ | မိုးပေါ်က ကျလာတဲ့ စာ | ၃၆ |
| ၄။ | သော့ကိုင် | ၅၂ |
| ၅။ | ခေါင်ဖြတ်လမ်း | ၆၉ |
| ၆။ | ၉ ¾ ပလက်ဖောင်းမှ ထွက်ခွာသွားတဲ့ခရီးစဉ် | ၁၀၁ |
| ၇။ | အမျိုးအစားခွဲတဲ့ ဦးထုပ် | ၁၃၀ |
| ၈။ | မော်ဆေးပညာဆရာ | ၁၅၁ |
| ၉။ | သန်းခေါင်တိုက်ပွဲ | ၁၆၆ |
| ၁၀။ | ဟောလိုးဝင်း ထိတ်လန့်မှု | ၁၈၉ |
| ၁၁။ | ခွဲဒစ်ပြိုင်ပွဲ | ၂၀၈ |
| ၁၂။ | ဩရစ်မှန် | ၂၂၅ |
| ၁၃။ | နီနိုရမေကို ရှာဖွေခြင်း | ၂၄၉ |
| ၁၄။ | နော်ဝေ တစ်ဦးနဂါး နိုဘာ | ၂၆၄ |
| ၁၅။ | တားမြစ်သစ်တော | ၂၈၀ |
| ၁၆။ | တံခါးရွက်ရှင်ကို ဖြတ်ကျော်ခြင်း | ၃၀၃ |
| ၁၇။ | မျက်နှာ နှစ်ခုနဲ့လူ | ၃၃၃ |

## ၁။ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ကောင်လေး

ရေဗယောင်းပင်လမ်းအမှတ် ၄-နေ ဒါစလီဇနီးမောင်နှံဟာ ဘုရားသိကြား မ,စလို့ သူတို့ အိမ်ထောင်ဟာ ပုံမှန် အိမ်ထောင်တစ်ခုဖြစ်ကြောင်း ဂုဏ်ယူစွာပြောလေ့ရှိတယ်၊ ထူးဆန်း အံ့သြဖွယ်ဖြစ်ရပ်တွေနဲ့ ဘာမှ မပတ်သက်တဲ့ အိမ်ထောင်ကတော့ သူတို့အိမ်ထောင်ပါပဲ။ အကြောင်းကတော့ သူတို့ဟာ ဒါတွေကို လုံးဝမယုံကြည်လို့ပဲ။

မစ္စတာဒါစလီဟာ ဂရန်နင်း-လို့ခေါ်တဲ့ ကုမ္ပဏီတစ်ခုရဲ့ အုပ်ချုပ်မှုအရာရှိဖြစ်တယ်။ သားရေမောက်တဲ့ ရှူးအရောင်းအဝယ် လုပ်တယ်၊ သူ့ပုံပန်းကတော့ ငုတ်တုတ်ပြဲ အကောင်ကြီးကြီး တလွန်းလို့ လည်ပင်းတောင် မရှိတော့ဘူး။ မုတ်ဆိတ်တွေ အလျှော့ကြီးနဲ့၊ ဒါစလီကတော်ကတော့ ပိန်ပိန်ကြောက်ကြောက်။ ရွှေရောင်ဆံပင်နဲ့ သူမ လည်ပင်းဟာ ပုံမှန်လူတွေထက် နှစ်ဆရှည်တယ်။ ဒီတော့ အလုပ်မရှိတိုင်းလည်ဆန့်ပြီး အိမ်ခြံစည်းရိုးဘေးကနေ အိမ်နီးနားချင်းတွေကို ချောင်းကြည့်ဖို့ အလွန်အဆင်ပြေတယ်။ ဒါစလီဇနီးမောင်နှံတို့မှာ ဒါလီလို့ခေါ်တဲ့ သားတစ်ယောက် ရှိတယ်။ သူတို့မျက်စိထဲမှာ သူတို့

www.burmeseclassic.com



ကလေးဟာ ဒီကမ္ဘာမှာ ရှာမှရှားတဲ့ ကလေးကောင်းလေးပဲပေါ့။

ဒါစလီ ဇနီးမောင်နှံဟာ သူတို့လိုတာ အကုန်ရနိုင်တယ်။ ဒါပေမယ့် သူတို့မှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်။ သူတို့ အကြောက်ဆုံးကတော့ အဲဒီလျှို့ဝှက်ချက်ကို လူသိသွားမှာပါပဲ။ မတော်လို့များ ပေါ်တာတို့ အိမ်ထောင်အကြောင်း တစ်ယောက်ယောက်သိသွားခဲ့ရင် သူတို့ ဘယ်လို လုပ်ရမယ်ဆိုတာ မသိတော့ဘူး။ ပေါ်တာရဲ့ ဇနီးဟာ ဒါစလီကတော်ရဲ့ ညီမ။ သူတို့ နှစ်ယောက် အသွားအလာမလုပ်တာ နှစ်အတော်ကြာသွားပြီ။ ဖြစ်ပုံကဒါစလီကတော်ဟာ မိမိမှာ ညီမ မရှိသလို အယောင်ဆောင်နေတယ်။ အကြောင်းကတော့ ဒီညီမနဲ့ ဘယ်လိုမှ ကြည့်လို့မရတဲ့ ညီမရဲ့ ခင်ပွန်းတို့ဟာ သူတို့နဲ့ လုံးဝမတူဘူး။ "ဒါစလီမဆန်" လိုက်တာ လွန်ရော။ တကယ်လို့များ ပေါ်တာမိသားစု ဒီလမ်းမကြီးပေါ် ရောက်လာခဲ့ရင် ရပ်ဆွေရပ်မျိုးတွေ ဘယ်လိုအတင်း ပြောကြမလဲဆိုတာ တွေးမိတိုင်း သူတို့ဇနီးမောင်နှံဟာ ကြက်သီးမွေးညင်းထမိတယ်။ ဒါစလီဟာ ပေါ်တာမှာလဲ သားတစ်ယောက်ရှိတာ သိတယ်။ တွေ့တော့ မတွေ့ဖူးဘူး။ ဒီကလေးဟာလဲ သူတို့ ပေါ်တာနဲ့ မဆက်ဆံချင်တဲ့ ဆင်ခြေကောင်း နောက်တစ်ခုပါပဲ။ သူတို့ဟာ ဒါလီကို အဲဒီလိုကလေးနဲ့ မတွဲစေချင်ဘူး။

ကျွန်မတို့ ပုံပြင်ဟာ မည်းမှောင်ထိုင်းမှိုင်းတဲ့ အင်္ဂါနေ့မှာစတယ်။ ဒါစလီဇနီးမောင်နှံတို့ အိပ်ရာနိုးရုံရှိသေးတယ်။ အပြင်ဘက်ရှိ မည်းမှောင်မှောင် တိမ်တိုက်တွေနဲ့ မိုးကောင်းကင်ကို ကြည့်လို့မသိနိုင်တဲ့ မကြာခင်မှာ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များ တစ်နိုင်ငံလုံးမှာ ဖြစ်ပွားတော့မယ်။ မစ္စတာဒါစလီဟာ သီချင်းတညည်းညည်းနဲ့ မိမိရဲ့ ဘာမှကြည့်လို့ မကောင်းတဲ့ ရုံးတက် လည်စည်းနက်တိုင်ကို ရွေးချယ်နေတယ်။ ဒါစလီကတော်ကတော့ အတင်းအဖျင်းကို စိတ်ဝင်တစား ပြောနေရင်း စူးစူးရှရှ အော်ဟစ်နေတဲ့ ဒါလီကို ကလေးထိုင်ခုံထဲ ထိုးထည့်နေတယ်။

ညိုဝါဝါ ဇီးကွက်ကြီးတစ်ကောင် တောင်ပံများ ရိုက်ခတ်ပြီး ပြတင်းပေါက်ရှေ့က ပျံသန်းသွားတာကို ဘယ်သူမှ သတိမပြုမိဘူး။

ရှစ်နာရီခွဲပြီ။ မစ္စတာ ဒါစလီဟာ ရုံးလက်ဆွဲအိတ်ကို ကိုင်လိုက်တယ်။ ဇနီးသည်ပါးပေါ်ကို တစ်ချက်နမ်းလိုက်တယ်။ ဒါလီနဲ့ နှုတ်ဆက်အနမ်းလေး ပေးချင်ပေမယ့် ပေးခွင့်မရဘူး။ ဒါလီ ဒေါပွနေတယ်။ ပြောင်းဖူးမုန့်ကို နံရံပေါ်



ပစ်ပေါက်နေတယ်။ "လူဆိုးလေး" မစ္စတာ ဒါစလီဟာ ရယ်မောရင်း အိမ်ကထွက်ခဲ့တယ်။ သူဟာ ကားပေါ်ထိုင်လိုက်ပြီး ပုဂ္ဂလိကသုံး ကားလမ်းအမှတ် ၄-ကနေ ကားကို နောက်ထိုးဆုတ်ထွက်ခဲ့တယ်။

လမ်းချိုးနားမှာ ပထမဦးဆုံး ထူးဆန်းတဲ့အရိပ်နိမိတ်ကို သူသတိပြုမိတယ်။ အဲဒါကတော့ ကြောင်တစ်ကောင်မြေပုံကြည့်နေတာပဲ။ စစချင်းတော့ မစ္စတာ ဒါစလီဟာ မိမိဘာကို မြင်သလဲဆိုတာ သိပ်နားမလည်သေးဘူး။ ဆက်ပြီးတော့ ခေါင်းလှည့်ပြီး သေချာကြည့်တယ်။ ကျားလို အကွက်စင်းနဲ့ ကြောင်တစ်ကောင် ရေဖယောင်းပင်လမ်းရဲ့ လမ်းကွေ့မှာ ရပ်နေတာအမှန်ပဲ။ ဒါပေမယ့် ဘယ်မှာမြေပုံရှိလို့လဲ။ မိမိဘာတွေ အတွေးခေါင်နေလဲ မသိဘူး။ အလင်းရောင်ကြောင့် ဖြစ်ပေါ်လာတဲ့ ပုံရိပ်မှားပဲ ဖြစ်မယ်။ မစ္စတာဒါစလီဟာ မျက်တောင်တစ်ချက် ခတ်လိုက်ပြီး အဲဒီကြောင်ကို စိုက်ကြည့်နေတယ်။ အဲဒီကြောင်ကလဲ သူ့ကို ပြန်စိုက်ကြည့်နေတယ်။ မစ္စတာ ဒါစလီဟာ လမ်းကိုချိုးပြီး ခရီးဆက်သွားတယ်။ သူဟာ ကားနောက်ကြည့်မှန်ကနေ အဲဒီကြောင်ကို စူးစမ်းကြည့်တယ်။ အခုကြောင်က "ရေဖယောင်းပင်လမ်း" လို့ ရေးထားတဲ့ လမ်းပြစာလုံးတွေကို "ဖတ်"နေတယ်။ မဟုတ်ပါဘူး။ ကြောင်က အဲဒီလမ်းပြဆိုင်းဘုတ်ကို ငေးကြည့်နေတာပါ။ ကြောင် မြေပုံကြည့်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ လမ်းပြဆိုင်းဘုတ်ကို ဖတ်တာလဲ မဖြစ်နိုင်ဘူး မဟုတ်လား။ မစ္စတာ ဒါစလီဟာ အလကားပါဆိုတဲ့ သဘောနဲ့ ခေါင်းကို ယမ်းလိုက်တယ်။ ကြောင်ကို မစဉ်းစားတော့ဘူး။ ကားမောင်းပြီး မြို့ကို သွားတဲ့လမ်းတလျှောက် သူတွေးတာကတော့ ဒီနေ့ သားရေဖောက်စူး တပုံကြီးမှာတဲ့ အမှာစာရချင်တာ တစ်ခုထဲရယ်။

သို့ပေမယ့် မြို့ထဲဝင်ခါနီးမှာ ကိစ္စတစ်ခုက သူ့ကို ဖောက်စူးပေါ်ထားတဲ့ အာရုံကနေ လွှဲဖယ်သွားစေတယ်။ ခါတိုင်းလိုပဲ နံနက်ပိုင်း လမ်းကြပ်လို့ ကားရပ်ပြီး စောင့်နေရင်း ငိုင်နေတဲ့အခါ မှာ အနီးနားက အဝတ်အစား ထူးဆန်းစွာ ဝတ်ဆင်တဲ့ လူတချို့ကို မအောင့်နိုင်ပဲ ကြည့်မိပါတော့တယ်။ ကြည့်ပါဦး-အဲဒီလူငယ်တွေ အဓိပ္ပာယ်မရှိဝတ်စားပုံ။ ဒါကတော့ အမြော်အမြင်မရှိတဲ့ ခေတ်စားတဲ့ဝတ်ဆင်မှု ဖြစ်လိမ့်မယ်လို့ သူက တွေးကြည့်တယ်။ သူဟာ စီရာရင်ကို လက်ချောင်းနဲ့ အသာခေါက်တယ်။ မထင်မှတ်ဘဲ သူနဲ့ အလွန်နီးနီးရပ်နေတဲ့ ခြုံထည်ခြုံတဲ့ သတ္တဝါဆန်းတွေပေါ် အကြည့်ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ သူတို့ဟာ စိတ်လှုပ်ရှားစွာ တိုးတိုးစကားပြောနေကြတယ်။ မစ္စတာ ဒါစလီ ဒေါသထွက်စွာ တွေ့ရှိတာကတော့ သူတို့ထဲက ငနဲတစ်ယောက်နှစ်ယောက်ဟာ အသက်ကမြင့် တပုံတပင်ကြီး ရှိနေပြီ။ ဒါ ဘယ်လိုဖြစ်တာလဲ။ သူ့ထက် ၄-၅နှစ်တောင်ကြီးတဲ့ အမျိုးသားဟာ ဒီလိုစိမ်းလဲ့လဲ့တောက်ပတဲ့ ခြုံထည်ကို ဝတ်ဆင်ထားသေးတယ်တဲ့။ အရှက်ကို မရှိဘူး။ မစ္စတာ ဒါစလီက ဆက်တွေးတယ်။ ဒါကတော့ နလဗိန်းတုံးတွေ လူကိုဆွဲဆောင်ဖို့ရန် ကြော်ငြာလုပ်တာဖြစ်မယ်။ ဒီလူတွေဟာ အဖွဲ့အစည်းဌာနတစ်ခုခုအတွက် အလှူငွေ ရှာနေတာပဲ။ ဟုတ်ပြီ။ ဒါပါပဲ။ ကားတန်းကြီး ရှေ့ကို စတင်ရွေ့လျားလာပြီ။ မိနစ်အနည်းငယ်ကြာတော့ မစ္စတာဒါစလီ ဂရန်နင် ကုမ္ပဏီရဲ့ကားကွင်းထဲ ရောက်လာတယ်။ သူ့အာရုံဟာ ဖောက်စူးအမှာစာဘက် ပြန်ရောက်သွားတယ်။

မစ္စတာ ဒါစလီဟာ မိမိရဲ့ ၉-လွှာရှိရုံးခန်းထဲမှာ ပြတင်းကို ကျောပေးပြီး ထိုင်လေ့ရှိတယ်။ ဒီလိုမှ မထိုင်ရင် ဒီနေ့ မနက်ပိုင်း ဖောက်စူးအရောင်းအဝယ်ကိစ္စ လုပ်ကိုင်ဖို့ရန် ခါတိုင်းထက် အများကြီးခက်ခဲလိမ့်မယ်ဆိုတာ သူတွေ့ရှိသွားနိုင်တယ်။ နေ့အချိန်ကြီးမှာ အလျင်အမြန် ပျံသန်းသွားတဲ့ ဇီးကွက်တွေကို သူမမြင်ဘူး။ ဒါပေမယ့် လမ်းပေါ်က လူတွေကတော့ ရှင်းရှင်းလင်းလင်း မြင်ကြတယ်။ သူတို့ဟာ ပါးစပ်အဟောင်းသားနဲ့ ကောင်းကင်ကို လက်ညှိုးထိုးပြရင်း ဇီးကွက်တွေ တစ်ကောင်ပြီးတစ်ကောင် သူတို့ခေါင်းပေါ်က ပျံသွားတာကိုကြည့်နေတယ်။ လူအတော်များများဟာ ညအချိန်မှာတောင် ဇီးကွက်ကို မမြင်ဖူးရှာဘူး။ မစ္စတာ ဒါစလီအဖို့ ပြောရရင်တော့ သူဟာ လုံးဝပုံမှန်ကျတဲ့၊ ဇီးကွက်တွေရဲ့ အနှောင့်အယှက်မခံရတဲ့ ကောင်းမွန်တဲ့ နံနက်ပိုင်းကို ဖြတ်သန်းခဲ့ရတယ်။ သူဟာ မတူတဲ့ လူငါးယောက်ကို အော်ဟစ်ပြောဆိုခဲ့တယ်။ အရေးကြီး တယ်လီဖုန်း တချို့ဆက်ခဲ့တယ်။ တစ်ခါ အော်ဟစ်ကြိမ်းမောင်းတာတွေ လုပ်တယ်။ သူ့စိတ် ကောင်းမွန်မှုဟာ နေ့လယ်စာစားတဲ့ အချိန်ထိ ရှိနေခဲ့တယ်။ ထိုအချိန်က သူဟာ မတ်တတ်ရပ်ပြီး ကိုယ်လက် အညောင်းအညာဖြေရင်း လမ်းတစ်ဖက်က ပေါင်မုန့်ဆိုင်မှာ စားစရာနည်းနည်း ဝယ်စားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

သူဟာ ခြုံထည် ဝတ်ဆင်တဲ့ သတ္တဝါဆန်းတွေကို မေ့ပျောက်ထားပြီ။ ပေါင်မုန့်ဆိုင်နားမှာ ဒီလူစုကို ပြန်ဆုံရပြန်တယ်။ ဘေးကဖြတ်သွားရင်း



သူတို့ကို ဒေါသမျက်လုံးနဲ့ သုံးလေးခါ ကြည့်လိုက်တယ်။ သူ့ကိုယ်သူတောင် ဒါဘာကြောင့်လဲဆိုတာ မသိဘူး။ အဲဒီ လူတွေဟာ သူ့ကိုဆွပေးသလို ဖြစ်နေတယ်။ အဲဒီငနဲတွေဟာ တက်ကြွစွာ တိုးတိုးပြောဆိုနေတုန်းပဲ။ သူတို့နားမှာလဲ အလှူခံပုံးတို့ ဘာတို့ မတွေ့ရဘူး။ ဒိုးနတ်မုန့်ကြီးတွေ ထည့်ထားတဲ့ အိတ်ကိုဆွဲပြီး ဒီလူတွေနား ဖြတ်သွားစဉ်မှာပဲ စကားသံအပိုင်းအစ တချို့ကို သူကြားလိုက်ရတယ်။

"ပေါ်တာ မိသားစု၊ မမှားပါဘူး၊ ကျုပ်ကြားခဲ့တာ ဒီအတိုင်းပဲ. . . ."

". . . . ဟုတ်တယ်၊ သူတို့သား၊ ဟယ်ရီ. . . ."

မစ္စတာ ဒါစလီဟာ ဒိုင်းဆို ခြေလှမ်းတန့်ပစ်လိုက်တယ်။ ကြောက်ရွံ့မှုဟာ တစ်ကိုယ်လုံး ဖုံးလွှမ်းသွားတယ်။ သူဟာ တိုးတိုးစကား ပြောနေကြတဲ့ လူစုကို လှည့်ကြည့်တယ်။ သူတို့နဲ့ စကားပြောတော့မလို လုပ်ပြီးမှ ဒီအတွေးကို စွန့်ပစ်လိုက်တယ်။

သူဟာ လမ်းတဖက်သို့ သုတ်သုတ်ကူးပြီး ရုံးခန်းကို အလောတကြီး ပြန်ပြေးတယ်။ သူ့ကို မနှောင့်ယှက်ဖို့ အတွင်းရေးမှူးကို အမိန့်ပေးတယ်။ သူဟာ တယ်လီဖုန်းကို ကိုင်ပြီး နံပတ်လှည့်တယ်။ အိမ်က ဖုန်းနံပတ်ကို လှည့်လို့ ပြီးဆုံးခါနီးမှာ ရုတ်တရက် စိတ်ပြောင်းသွားတယ်။ သူဟာ ဖုန်းကိုချ၊ မုတ်ဆိတ်ကို ပွတ်သပ်ရင်း တိတ်တိတ်ကလေး တွေးတောနေတယ်. . . . ဟင့်အင်း၊ ဒီလိုလုပ်တာ သိမ်ဖျင်းလွန်းတယ်။

ပေါ်တာဆိုတာ ရှားပါးတဲ့အမျိုးနာမည် မဟုတ်ဘူး။ အင်္ဂလန်နိုင်ငံတဝှမ်းမှာ အမျိုးနာမည်က ပေါ်တာ၊ ဟယ်ရီလို့ခေါ်တဲ့ သားတစ်ယောက်လဲ ရှိသေးတဲ့ အိမ်ထောင်တွေ တပုံကြီးရှိတယ်ဆိုတာ သူပြောရဲတယ်။

နောက်ထပ်တွေးတယ်။ သူ့တူရဲ့ နာမည်ဟာ ဟယ်ရီလို့ ခေါ်သလားဆိုတာ သူမသေချာဘူး။ ဒီကလေးကို သူဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး။ ဟယ်ဝစ် ဒါမှမဟုတ်ရင် ဟယ်လို့လို့ ခေါ်တာလဲ ဖြစ်နိုင်တယ်။ ဒီကိစ္စကြောင့် သူ့ဇနီးသည် စိတ်ဒုက္ခရောက်စရာမလိုဘူး။ ဇနီးသည်ဟာ သူ့ညီမအကြောင်းပြောလိုက်တာနဲ့ စိတ်အခြေအနေ ဆိုးရွားသွားလေ့ရှိတယ်။

သူဟာ သူ့ဇနီးကို အပြစ်မတင်ဘူး။ မိမိမှာ ဒီလိုညီမတစ်ယောက်ရှိရင်လဲ. . . . ဒါပေမယ့်၊ ဘာပဲ ဖြစ်ဖြစ်၊ ဟိုခြုံထည်နဲ့ လူတွေ. . . .

ထိုနေ့ညနေပိုင်းမှာ ဖောက်စူးအရောင်းဝယ်ထဲ စိတ်မဝင်စားဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ တွေ့ရှိတယ်။ ငါးနာရီမှာ ကုမ္ပဏီအဆောက်အဦကနေ ထွက်လာတဲ့အထိ ဒီကိစ္စကို သူတွေးနေတုန်းပဲ။ ဒါကြောင့် တံခါးဝမှာရပ်နေတဲ့ လူတစ်ယောက်ကို ဝင်တိုက်မိတယ်။

"တောင်းပန်ပါတယ်" သူက တိုးတိုးတောင်းပန်တယ်။ အဲဒီ အဖိုးကြီးလေးဟာ သူတိုက်လို့ လဲကျမတတ် ဖြစ်သွားတယ်။ စက္ကန့်အနည်းငယ်ကြာပြီးမှ မစ္စတာ ဒါစလီဟာ ဒီလူ ပန်းခရမ်းရောင်ခြုံထည် ဝတ်ဆင်ထားတာတွေ့ရှိတော့တယ်။ ခုနက မှောက်ရက်လဲတော့မတတ် အတိုက်ခံရတာကို နည်းနည်းမှ စိတ်မဆိုးသလိုပဲ။ ဆန့်ကျင်စွာပဲ သူ့မျက်နှာပေါ်မှာ တောက်ပတဲ့ အပြုံးတွေ ဝေလို့။ အဲဒီလူက ဘေးလူတွေသတိပြုမိစေတဲ့ အသံစူးစူးနဲ့ ပြောတယ်။ "မတောင်းပန် ပါနဲ့ ခင်ဗျာ၊ ကျွန်တော် ချစ်မြတ်နိုးတဲ့ ဆရာကြီး။ ဒီနေ့ ဘယ်လိုအဖြစ်မျိုးကမှ ကျုပ်ကို စိတ်မဆိုးစေနိုင်ပါဘူး။ သိပ်ပျော်တယ်။ အကြောင်းက "ဟိုလူ" တကယ့်ကို သွားပါပြီ။ ခင်ဗျားလို "မတ်ဂေါ်"တွေတောင် ကောင်းကောင်း ဂုဏ်ပြုသင့်တယ်။ ဒီနေ့ တကယ့်ကို ပျော်တယ်၊ သိပ်ပျော်တယ်"

အဖိုးကြီးက မစ္စတာ ဒါစလီရဲ့ခါးကို တစ်ချက် ဖက်လိုက်တယ်။ ဒီနောက် ထွက်သွားတယ်။

မစ္စတာ ဒါစလီဟာ နေရာမှာတင် အမြစ်ပေါက်နေသလို ငိုင်ကျန်ရစ်တယ်။ ခုနက သူဟာ ရာနိုင်နှုန်းတစ်ရာ လူစိမ်းတစ်ယောက်က သူ့ကို တအိချက်မှုအဖက်ခံလိုက်ရတယ်။ မိမိကိုလဲ "မတ်ဂေါ်" လို့ ခေါ်လိုက်တာ မှတ်မိနေတယ်။ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ ဘယ်သူသိမှာလဲ။ သူဟာ ကြောက်လန့်ပြီး ကားပေါ်ပြေးတက်၊ အိမ်သို့ တအားမောင်းပြေးတယ်။ စိတ်ထဲမှာတော့ ဒါတွေအားလုံးဟာ သူ့စိတ်ကူးမှုသာ ဖြစ်ပါစေလို့ မျှော်လင့်တယ်။ ဒါဟာ အရင်က သူဘယ်တုန်းကမှ မတွေးမိတဲ့ကိစ္စ။ သူဟာ တွေးခေါ်အားဆိုတာကို အမြဲလို အလွန်အထင်သေးတယ်။

အမှတ် ၄-ပုံဂ္ဂလိက ကားလမ်းထဲ မောင်းဝင်မိတာနဲ့ သူပထမဆုံး မြင်လိုက်တာကတော့ သူ့ကို စိတ်သက်သာစေတဲ့ ကိစ္စမဟုတ်ဘူး။ မနက်က မြင်ခဲ့ရတဲ့ ကျားအကွက်စင်းနဲ့ ကြောင်ကို သူမြင်တွေ့လို့ပဲ။ အဲဒီ ကြောင်ဟာ အခုသူ့အိမ်ဝန်းခြံစည်းရိုးပေါ်မှာ ထိုင်နေတယ်။ သူဟာ ဒီကြောင်ကို နံနက်က တွေ့ခဲ့တဲ့ ကြောင်ပဲလို့ ရာနှုန်းတစ်ရာ အတည်ပြုတယ်။ ကြောင်ရဲ့ မျက်စိ



တစ်ဝိုက်က အကွက်စင်းတွေဟာ နံနက်ကကြောင်နဲ့ တထေရာထဲပဲ။

"ရှူး" မစ္စတာ ဒါစလီက အကျယ်ကြီး မောင်းတယ်။

အဲဒီကြောင်ကတော့ လှုပ်တောင်မလှုပ်ဘူး။ ခေါင်းမော့ပြီးတော့သာ သူ့ကိုမိုက်ကြည့် ကြည့်လိုက်တယ်။ ဒါဟာ ပုံမှန် ကြောင်တွေမှာ ရှိသင့်တဲ့ အပြုအမူလား။ မစ္စတာ ဒါစလီဟာ နားမလည်နိုင်ဘဲ တွေးနေမိတယ်။ သူဟာ မိမိကိုယ်မိမိ တည်ငြိမ်အောင် ကြိုးစားတယ်။ ပြီးမှ အိမ်ထဲဝင်လိုက်တယ်။ သူဟာ မူလက အကြံအတိုင်း သူ့ဇနီးကို ဘာမှ မပြောဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ဒါစလီ ကတော်ဟာ ကောင်းမွန်ပြီး ပုံမှန်ကျတဲ့ နေ့တစ်နေ့ကို ဖြတ်သန်းခဲ့တယ်။ သူဟာ ညစာ စားတဲ့ အချိန်မှာ ဘေးအိမ်က သားအမိ အကြောင်းကို အသေးစိတ်အစီရင်ခံတယ်။ ဒီပြင် ဒါလီဟာ နောက်ထပ် စကားတစ်လုံး (လုပ်ကိုမလုပ်ဖူး)ကို ဘယ်လိုတတ်မြောက်လာတယ်ဆိုတာ ပြောပြတယ်။

မစ္စတာ ဒါစလီဟာ မိမိကိုယ်မိမိ ပုံမှန်အနေအထားရှိအောင် ဟန်ဆောင်တယ်။ ဒါလီကို ချော့သိပ်တယ်။ သူ ဧည့်ခန်းထဲဝင်လိုက်တော့ အတော်ပဲ ထိုနေ့ညသတင်းရဲ့ နောက်ဆုံး သတင်းကို ကြားလိုက်ရတယ်။

"နောက်ဆုံးမှာ၊ တစ်နိုင်ငံလုံး ဒေသအသီးသီးက ငှက်ချစ်သူတွေရဲ့ အစီရင်ခံချက်က ဖော်ပြတာကတော့ ကျွန်ုပ်တို့နိုင်ငံက ဇီးကွက်တွေဟာ ဒီနေ့မှာ အလွန့်အလွန် ပုံမှန်မကျတဲ့ အပြုအမူတွေရှိတာ တွေ့ရှိရတယ်။ ဇီးကွက်ဆိုတာ ယေဘုယျအားဖြင့် ညအချိန်မှာ အစာရှာတယ်။ နေ့အချိန်မှာ အများအားဖြင့် သူတို့ကို မတွေ့ရဘူး။ ဒါပေမယ့် ဒီနေ့နေထွက်တဲ့ အချိန်ကစပြီး မျက်မြင်တွေ့သူ ရာအချို့ရဲ့ အစီအရင်ခံချက်အရ ဇီးကွက်တွေ နေရာအနှံ့ ပျံသန်းသွားလာနေကြောင်း သိရှိရတယ်။ ကျွမ်းကျင်သူပါရဂူများလဲ ဇီးကွက်တွေ ဘာကြောင့် ရုတ်တရက်ကြီး သူတို့ရဲ့ အအိပ်အနေ အလေ့အကျင့်ကို ပြောင်းသွားသလဲဆိုတာ ရှင်းမပြတတ်ကြဘူး"

ဒီနေရာရောက်တော့ သတင်းကြေညာသူဟာ သွားဖြီးပြီးရယ်တယ်။ "ဒါ သိပ်ကို ထူးဆန်း အံ့ဩဖွယ်ပဲ။ အခု ကင်မရာ မြင်ကွင်းကို ဂျင်း(မ)ဘက်လှည့်ပြီး မိုးလေဝသ ကြေညာချက် နားထောင်ရအောင်။ ဒီနေ့ည ဇီးကွက်မိုးရွာဦးမလား၊ ဂျင်း(မ)"

www.burmeseclassic.com



"ကောင်းပြီ၊ ထိုက်" မိုးလေဝသကြေညာသူက ပြောတယ်။ "ဒါတော့ ကျွန်တော် သိပ်မသိဘူး၊ ဒါပေမယ့် ဒီနေ့ အပြုအမူတစ်မျိုးဖြစ်တာဟာ ဇီးကွက်တင်မဟုတ်ဖူး။ ကင့်ပြည်နယ်၊ ယော့ခ် ရှိုင်းပြည်နယ်နဲ့ ဒင်ဒီးစ်စတဲ့ ဒေသက ပရိသတ်များဆီက သိရတာကတော့ ဒီနေ့ဟာ ကျွန်တော် မနေ့က ကြိုတင်အစီရင်ခံခဲ့သလို မိုးမရွာဘဲ ကြယ်ကြွေမိုးတွေ အများကြီးရွာခဲ့တယ်။

"လူတွေက မီးတုတ်ညကို ကြိုတင်ပြီး ကျင်းပတာလဲ ဖြစ်နိုင်တယ်။ ဒီပွဲဟာ နောက်အပတ်မှ ကျင်းပရမှာ။ မိတ်ဆွေတို့။ ဒါပေမယ့် ကျွန်တော် အာမခံပါတယ်။ ဒီည မုချမိုးရွာပါလိမ့်မယ်"

မစ္စတာ ဒါစလီဟာ တုန်လှုပ်ချောက်ချားလွန်းလို့ သူ့ရဲ့ လက်ရန်းပါတဲ့ ထိုင်ခုံပေါ် ငိုင်ကျသွားတယ်။ အင်္ဂလန်တစ်နိုင်ငံလုံးမှာ ကြယ်ကြွေမိုးတွေ ရွာနေတယ်တဲ့လား။ တိုးတိုးစကား တစ်မျိုးက ရှိသေးတယ်။ ပေါ်တာ အိမ်ထောင်နဲ့ ပတ်သက်တဲ့ တိုးတိုးစကားတစ်မျိုး . . . .

ဒါစလီကတော်ဟာ လက်ဖက်ရည်ခွက် နှစ်ခွက်ကို ကိုင်ပြီး ဧည့်ခန်းထဲဝင်လာတယ်။ အခြေအနေမဟန်ဘူး။ အကြောင်းစုံကိုတော့ သူ့ပြောပြမှပဲ။

သူဟာ စိတ်လှုပ်ရှားစွာနဲ့ ချောင်းဟန့်လိုက်တယ်။ "အော် - ဖိချူနီယာ၊ အချစ် - မင်းခုတလော မင်းညီမနဲ့ ပတ်သက်ပြီး ဘာသတင်းကြားသေးသလဲ"

သူခန့်မှန်းထားတဲ့ အတိုင်းပဲ။ ဒါစလီကတော်ဟာ အံ့လဲအံ့ဩ ဒေါသလဲ ထွက်လာတယ်။ ဘာပဲဖြစ်ဖြစ် ခါတိုင်းအချိန်မှာ သူတို့ဟာ ညီမ မရှိဘူးဆိုပြီး ဟန်ဆောင်နေခဲ့တာကိုး။

"မကြားဘူး" သူမက စူးစူးရှရှ အော်ပြောတယ်။ "ဘာလုပ်မလို့လဲ"

"ခုတင်ပဲ ထူးဆန်းတဲ့ သတင်းကို ကြည့်ရတယ်" မစ္စတာ ဒါစလီတ ပွစိပွစိ ပြောတယ်။ "ဇီးကွက် . . . . ကြယ်ကြွေမိုး . . . . ကိုယ်ဒီနေ့ မြို့ထဲမှာ လူထူးလူဆန်းတွေ တွေ့ခဲ့တယ် . . . ."

"အဲတော့ ဘာဖြစ်လဲ" ဒါစလီကတော်က အကျယ်ကြီး မာန်မဲပြောတယ်။

"အင်း၊ ကိုယ်တွေးနေတာပါ . . . . . . ဒါကတော့ . . . . မင်းသိပါတယ် . . . . သူတို့လူစုနဲ့ နည်းနည်းပတ်သက်ချင် ပတ်သက်လိမ့်မယ်"

ဒါစလီကတော်ဟာ နှုတ်ခမ်းစူပြီး သူမဖာသာ လက်ဖက်ရည်ပူပူကို



သောက်နေတယ်။ မစ္စတာ ဒါစလီဟာ ကြားခဲ့တဲ့ "ပေါ်တာ"ဆိုတဲ့ နာမည်နဲ့ ပတ်သက်တဲ့ ကိစ္စကို သူ့ဇနီးပြောပြဖို့ သတ္တိရှိမရှိ စိတ်ထဲမှာ တွက်ဆနေတယ်။ နောက်ဆုံးတော့ မပြောဝံ့ဘူး။ သူက တမင်တကာ ပေါ့ပေါ့ပါးပါး စပြောတယ်။ "သူတို့သားလဲ အခုဆိုရင် ဒါလီနဲ့ ရွယ်တူလောက်ရှိမယ် ထင်တယ်နော်"

"ရှိလောက်တယ်" ဒါစလီကတော်က မျက်နှာထားတင်းတင်းနဲ့ ဖြေတယ်။

"သူ့နာမည်ကဘာတဲ့ ဟိုးဝါ၊ ဟုတ်လား"

"ဟယ်ရီ လို့ခေါ်တယ်။ နားကြားပြင်းကတ်တယ်။ လူဖြိန်းဆန်လိုက်တာ။ ကျွန်မကတော့ ဒီလိုပဲ ထင်တယ်"

"အိုး၊ ဟုတ်တယ်" မစ္စတာ ဒါစလီကပြောတယ်။ သူ့နှလုံးသား နိမ့်ဆင်းသွားသလိုပဲ။ "ဟုတ်တယ်၊ ကိုယ်လဲ ဒီတိုင်းထင်တယ်"

သူလဲ ဒီကိစ္စကို နောက်ထပ် မပြောတော့ဘူး။ ဒီနောက်တော့ သူတို့နှစ်ယောက် အပေါ်ထပ် တက်အိပ်ကြတယ်။ ဒါစလီကတော် ရေချိုးခန်းထဲမှာ ကိုယ်လက်သန့်စင်နေတဲ့အခါမှာ မစ္စတာဒါစလီဟာ ခြေဖွပြီး အိမ်ခန်းပြတင်းပေါက်နား ကပ်သွားတယ်။ အိမ်ရှေ့ဝန်းထဲကို သေချာကြည့်တယ်။ ဟိုကြောင်ဟာ မူလနေရာမှာ ထိုင်နေတုန်းပဲ။ ရေဖယောင်းပင်လမ်းကို ငေးမျှော်ကြည့်ရင်း တစ်ခုခုကို စောင့်စားနေသလိုပဲ။

သူ့ဖာသာ အတွေးခေါင်နေတာလား။ ဒါတွေအားလုံးဟာ ပေါ်တာတို့အိမ်ထောင်နဲ့ ဘာမှ မဆိုင်ဘူး လား။ ဒီလိုဆိုရင် . . . . တကယ်လို့များ အဲဒီစုံတွဲနဲ့ ဆိုင်နေခဲ့ရင် . . . . ဟင်း၊ သူတို့ ဒီဒဏ်ကိုခံနိုင်မယ် မထင်ဘူးလို့ တွေးတယ်။

ဒါစလီ ဇနီးမောင်နှံ အိပ်ကြပြီ။ ဒါစလီကတော်ဟာ ချက်ချင်းပဲ အိပ်ပျော်သွားတယ်။ မစ္စတာ ဒါစလီကတော့ မျက်စိကြီးဖွင့်ပြီး ခုတင်ပေါ် လှဲနေတယ်။ ဖြစ်နိုင်ခြေရှိတဲ့ အခြေအနေ အမျိုးမျိုးကို တွေးကြည့်နေတယ်။ သူဟာ အိပ်မပျော်ခင်မှာပဲ သူ့အဖို့ ဖြေသိမ့်စရာ အတွေးတစ်ခု ရလိုက်တယ်။ ဒါတွေဟာ ပေါ်တာတို့ မိသားစုနဲ့ ပတ်သက်နေတယ်ပဲထားဦး၊ သူတို့ဟာ သူနဲ့ သူ့ဇနီးကို လာနှောင့်ယှက်စရာအကြောင်း ဘာမှ မရှိဘူး။ ပေါ်တာ မိသားစုစိတ်ထဲမှာ သူနဲ့ ဖိချူနီယာတို့ဟာ သူတို့ကို ဘယ်လိုမြင်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းသိတယ် . . . . နောက်ထပ် ဘာတွေ ဖြစ်လာလာ၊ သူနဲ့ ဖိချုန်ိယာတို့ ဒီအထဲရောပါသွားဖို့ လုံးဝမဖြစ်ဘူး။ သူသမ်းလိုက်တယ်။ ပြီးတော့ ကိုယ်ကို တစ်ဖက်စောင်းလိုက်တယ်။ ငါတို့ကို ထိခိုက်ဖို့ မဖြစ်ဘူး . . . . . .

သူတကယ်ပဲ အမှားကြီးမှားပြီ။

မစ္စတာ ဒါစလီဟာ ဟိုလိုမ့်ဒီလိုမ့်နဲ့ တဖြည်းဖြည်း အိပ်ပျော်သွားပြီ ထင်တယ်။ အပြင်ဘက် ဝန်းထရံပေါ်က ဟိုကြောင်ကတော့ အိပ်ချင်စိတ် နည်းနည်းမှ မရှိဘူး။ သူဟာ ကျောက်ရုပ်လို မလှုပ်မယှက်ထိုင်နေတယ်။ မျက်စိကတော့ မျက်တောင်မခတ်ဘဲ ရေဖယောင်းပင်လမ်း အဝေး တစ်နေရာက ကွေ့ချိုးကို စေးကြည့်နေတယ်။ ဘေးလမ်းက ကားတစ်စီးဆီက ဒုန်းဆို ကားတံခါး ဆောင့်ပိတ်သံကြားရစဉ် ဒါမှမဟုတ် ဇီးကွက်နှစ်ကောင် မိုးပေါ်ကနေ အော်ဟစ်ပျံသန်းသွားတဲ့ အခါမျိုးမှာတောင် အနည်းငယ်မျှ အာရုံ မပျက်ခဲ့ဘူး။ စင်စစ်၊ ညသန်းခေါင်တိုင်ခါနီးတော့မှ အဲဒီကြောင်ဟာ ကိုယ်ကို စတင်နေရာရွှေ့တယ်။

ယောကျ်ားတစ်ယောက်ဟာ ကြောင်စောင့်ကြည့်နေတဲ့ လမ်းကွေ့မှာ ထွက်ပေါ်လာတယ်။ သူပေါ်ထွက်လာတာဟာ တိတ်ဆိတ်လွန်းပြီး ရုတ်တရက် ဖြစ်လို့ မြေကြီးထဲက ထိုးထွက်လာသလို ခံစားရတယ်။ ကြောင်ရဲ့အမြီးဟာ သာသာလေး လှုပ်ခါသွားတယ်။ မျက်စိလဲ မှေးသွားတယ်။

ရေဖယောင်းပင်လမ်းထဲမှာ ဒီလိုယောကျ်ားမျိုး မတွေ့ခဲ့ဖူးဘူး။ သူဟာ မြင့်လှချဲမြင့်၊ ပိန်လဲ ပိန်တယ်။ ဒီ့ပြင် အလွန်အိုမင်းတယ်။ ဒါကတော့ သူ့မှာ ငွေရောင်တောက်နေတဲ့ ခါးပတ်ထဲထည့် ပတ်လို့တောင် ရနိုင်တဲ့ ဆံပင်နဲ့ မုတ်ဆိတ်ကို ကြည့်ပြီး ခန့်မှန်းတာ။ သူဟာ ဝတ်ရုံအရှည်ဝတ်ဆင်ထားပြီး မြေပေါ်ထိကျနေတဲ့ ခရမ်းရောင်ခြုံထည်ကို ခြုံထားတယ်။ ခြေထောက်ပေါ်မှာ ငွင်းတပ်ထားတဲ့ ဒေါက်မြင့်ဖိနပ်စီးထားတယ်။ ပြာဖျော့ဖျော့ မျက်လုံးအစုံဟာ အထူးလင်းလက်နေတယ်။ လခြမ်းသဏ္ဍာန် မျက်မှန်နောက်မှာ အလင်းရောင်တွေ ထွက်နေတယ်။ သူ့နှာခေါင်းဟာ ရှည်ပြီး ကောက်နေတယ်။ ကြည့်ရတာ နှာရိုးနှစ်ကြိမ်တော့ အနည်းဆုံးကျိုးဖူးပုံပဲ။ ဒီလူရဲ့ နာမည်ကတော့ အောဘတ်စ်-ဒမ်ဘလီဒိုးလို့ ခေါ်တယ်။

ဒမ်ဘလီဒိုးကြည့်ရတာ မိမိဟာ မိမိရဲ့ နာမည်ကနေ မိမိဖိနပ်ရှည် အထိ အားလုံးကို မကြိုက်တဲ့ လမ်းထဲဝင်လာမိပြီဆိုတာ နားမလည်သလိုပဲ။



သူဟာ ခြုံထည်ထဲ လက်နှိုက်ပြီး တစ်ခုခုကို စမ်းနေတယ်။ တစ်ယောက် ယောက်ကလဲ သူ့ကို စောင့်ကြည့်နေတယ်လို့ ခံစားရတယ်။ သူဟာ ရုတ်တရက် ဟိုကြောင်ကို မော်ကြည့်တယ်။ ကြောင်ဟာ လမ်းတစ်ဖက်က ခြံစည်းရိုးပေါ်ထိုင်လျက် သူ့ကို စေးကြည့်နေတယ်။ အကြောင်းတစ်ခုခု ကြောင့်၊ ဒီကြောင်ရဲ့ ပုံပန်းသဏ္ဍာန်က သူ့ကို အလွန်စိတ်ဝင်စားစေတယ်။ သူက တခစ်ခစ်ရယ်ရင်း "ကျုပ်အစောကြီးကတည်းက သိသင့်တယ်" လို့ မိမိဟာသာ တိုးတိုးပြောနေတယ်။

သူဟာ အကျီအတွင်းအိတ်ထဲကနေ သူလိုချင်တဲ့ အရာကို ရှာလို့ရ သွားပြီ။ ကြည့်ရတာ ငွေရောင်မီးခြစ်လိုပဲ။ သူက အဲဒါကို လက်နဲ့ အသာ တောက်လိုက်တယ်။ မြင့်မြင့်မြှောက်ကိုင်ထားပြီး တစ်ချက်နှိပ်လိုက်တယ်။ သူနဲ့အနီးဆုံး လမ်းမီးတစ်ပွင့် ဘတ်ခနဲငြိမ်းသွားတယ်။ သူက တစ်ချက် နှိပ်ပြန်တယ်။ နောက်ထပ်မီးတစ်ပွင့် မီးရောင်ယိုင်ကျပြီး မည်းသွားတယ်။ သူဟာ စုစုပေါင်း မီးမှိတ်စက်ကို ၁၂-ကြိမ်နှိပ်တယ်။ လမ်းတစ်လမ်းလုံးရှိ မီးရောင်ဆိုလို့ အဝေးက အပ်ထိပ်ဖျားလောက်ရှိတဲ့ အရောင်ပဲကျန်တယ်။ အဲဒါကတော့ ဟိုကြောင်ရဲ့ မျက်လုံးပဲ။ တကယ်လို့ ခုချိန်မှာ ပြတင်းပေါက် အပြင်ဘက်က ရုပ်ပုံကို ကြည့်နေမယ်ဆိုရင် ဒါစလီကတော်လို မျက်စိ အင်မတန်လျင်တဲ့ သူပဲ ဖြစ်ဖြစ်၊ သူ့အိမ်ရှေ့မှာ ဖြစ်ပျက်နေသမျှကို မြင်နိုင်မှာ မဟုတ်ဘူး။ ဒမ်ဘလီဒိုးဟာ မီးမှိတ်ကိရိယာကို ခြုံထည်အတွင်းအိတ်ထဲ ပစ်ထည့်လိုက်ပြီး လမ်းအတိုင်း အမှတ် ၄-အိမ်ဆီသို့ စလျှောက်သွားတယ်။ ရောက်တာနဲ့ သူဟာ ဟိုကြောင်ရဲ့ နဘေး ခြံစည်းရိုးအုတ်ရိုးပေါ်မှာ ဝင်ထိုင် လိုက်တယ်။ ကြောင်ကိုတော့ မကြည့်ဘူး။ ခနနေတော့မှ သူက စကား စပြောတယ်။

"ခင်ဗျားကို ဒီမှာတွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ ပါမောက္ခ မက်ဂေါ်နာဂေါ်"

သူက ကျားအကွက်အစင်း ရှိတဲ့ကြောင်ဘက် လှည့်ပြုံးပြတယ်၊ ဒါပေမယ့် ကြောင်ကို မတွေ့ရတော့ဘူး။ ဒီအချိန်မှာ သူ့အပြုံးကို ကြိုဆို သူကတော့ မျက်နှာထား အလွန်တည်တဲ့ မိန်းမတစ်ယောက်။ မျက်နှာပေါ်မှာ ကြောင့်မျက်စိပတ်ဝန်းကျင်က အကွက်အစင်းတွေနဲ့ တစ်ပုံစံထဲတူတဲ့ လေးဒေါင့်မျက်မှန်၊ သူမမှာလဲ ခြုံထည်ဝတ်ဆင်ထားတယ်။ အရောင်က

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် တောက်တောက်။ သူမရဲ့ဆံပင်နက်ကို တင်းနေအောင် ထုံးထားတယ်။ သူမကြည့်ရတာ အလွန် မတည်မငြိမ်ဖြစ်နေပုံပဲ။

"ကျွန်မပဲဆိုတာ ရှင်ဘယ်လိုလုပ်သိတာလဲ" သူမက မေးတယ်။

"ချစ်လှစွာသော ပါမောက္ခခင်ဗျား၊ ကျွန်တော် ဘယ်တုန်းကမှ ဒီလောက်မာကျောတဲ့ ကိုယ်ဟန်ရှိတဲ့ကြောင်ကို မတွေ့ဖူးခဲ့ပါဘူး ခင်ဗျား"

"ရှင်သာ ဖုတ်ရိုးပေါ်မှာ တစ်နေကုန်ထိုင်နေမယ်ဆိုရင်၊ ဒီလိုပဲ မာကျောနေမှာပဲ" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

"တစ်နေကုန် ဟုတ်လား၊ ဒီလိုဆိုရင် ခင်ဗျား အထိမ်းအမှတ်ပွဲတွေ ဘယ်တက်နိုင်မလဲ။ ကျွန်တော် ဒီတစ်လမ်းလုံး ပျော်ပွဲပေါင်း ၁၂ ပွဲတောင် ဖြတ်သန်းလာခဲ့တယ်"

ပါမောက္ခ မက်ဂေါ်နာဂေါဟာ မကြိုက်တဲ့ ပုံနဲ့ နှာခေါင်းထဲက လေမှုတ်ထုတ်လိုက်တယ်။

"အိုး၊ ဟုတ်တယ်လေ၊ လူအားလုံး အထိမ်းအမှတ်ပွဲ ကျင်းပနေတယ်။ ဒါဆိုလဲ ပြီးတာပဲ"သူမဟာ စိတ်လောစွာနဲ့ ပြောတယ်။ "ရှင်က သူတို့ သတိပြုမိမယ်လို့ ထင်သလား၊ တကယ်တော့မဟုတ်ဘူး။ "မတ်ဂေါ်"တွေတောင် တစ်ခုခုတော့ဖြစ်နေပြီဆိုတာ သတိပြုမိနေပြီ။ ဒါတင်ဘာကမလဲ၊ သူတို့ရဲ့ သတင်း အစီအစဉ်မှာတောင် ပါနေပြီ" သူမက ဦးလှည့်ပြီး ဒါစလီတို့အိမ်က မှောင်မည်းနေတဲ့ ဧည့်ခန်းပြတင်းပေါက်ကို မျှော်ကြည့်နေတယ်။ "ကျွန်မ အားလုံးကြားပြီးပြီ။ ဇီးကွက်တွေ အုပ်လိုက် . . . . ကြယ်ကြွေတာ . . . . အင်း၊ သူတို့သိပ်တော့ မဖျင်းသေးဘူး။ ကင့်ပြည်နယ်မှာ ကြယ်ကြွေမိုး ရွာတယ်၊ ကျွန်မပြောရဲတယ်၊ အဲဒါ ဒီကို့ စနက်။ ဒီလူဟာ အမြဲတမ်း ကျပ်ပြည့်တာ မဟုတ်ဘူး"

"ခင်ဗျား သူတို့ကို အပြစ်မတင်နဲ့" ဒမ်ဘာလီဒိုးက သိမ်မွေ့စွာ ပြောတယ်။ "ဒီ ၁၁-နှစ် အတွင်းမှာမှ ခုလို အထိမ်းအမှတ်ပြုရမယ့်ကိစ္စ တစ်ခုတည်းရှိတာ" "ဒါ ကျွန်မသိပါတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဒါပေမယ့် ကျွန်မတို့ အသိဥာဏ်ပျောက်လောက်အောင်တော့ ဖြစ်ဖို့ အကြောင်း မရှိပါဘူး။ အားလုံးတကယ့်ကို သတိမရှိကြဘူး။ နေ့ခင်းကြောင် တောင်ကြီး လမ်းပေါ်ထွက်လာကြတယ်။ "မတ်ဂေါ်" အကျီတောင် လဲမဝတ်တော့ဘဲ လမ်းပေါ်ရပ်ပြီး လျှို့ဝှက်သတင်းတွေ ဖလှယ်နေကြတယ်"



သူမဟာ ဒမ်ဘာလီဒိုးကို လည်စောင်းပြီး တစ်ချက်ကြည့်လိုက်တယ်။ သူမကို တစ်ခုခုပြောစေချင်သလိုပဲ။ သူက ငြိမ်နေတယ်။ ဒါနဲ့ သူမဆက်ပြောတယ်။ "'ဟိုလူ'ပျောက်ကွယ်သွားတဲ့ နေ့ကောင်း နေ့မြတ်မှာ 'မတ်ဂေါ်' တွေ ဒို့တည်ရှိနေတာကို တွေ့ရှိခဲ့ရင် သိပ်ကို ပြောင်မြောက်မှာပဲ။ သူတကယ်ပဲ မရှိတော့ဘူးနော်၊ ဒမ်ဘာလီဒိုး"

"တကယ်ထင်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ "ဒါကို ကျွန်တော်တို့ စိတ်ထဲကနေ ကျေးဇူးတင်နေသင့်တယ်။ ခင်ဗျား သံပရာမုန့်ချို တစ်ခု စားမလား"

"ဘာတစ်ခု"

"သံပရာမုန့်ချို။ ဒါကတော့ ကျွန်တော် အလွန်ကြိုက်တဲ့ 'မတ်ဂေါ်' အချိုတပေါ့"

"မလိုတော့ဘူး၊ ကျေးဇူးတင်ပါတယ်"ပါမောက္ခ မက်ဂေါ်နာဂေါက အေးစက်စက် ဖြေတယ်။ ခုချိန်ဟာ သံပရာမုန့်ချို စားသင့်တဲ့ အချိန် မဟုတ်ဘူးလို့ ယုံကြည်သလိုပဲ။ "ခုနက ကျွန်မပြောသလိုပဲ၊ 'ဟိုလူ' သွားပြီပဲ ထားဦး . . . ."

"ချစ်လှစွာသော ပါမောက္ခခင်ဗျား၊ ခင်ဗျားလို အကျိုးအကြောင်း နားလည်တဲ့ လူတစ်ယောက်ဟာ သူ့နာမည်ကို တိုက်ရိုက်ခေါ်လို့ရမယ် မဟုတ်လား။ အဲဒီ 'ဟိုလူ'ဆိုတဲ့ အမိပ္ပာယ်မဲ့ စကားအစား၊ ဒီ ၁၁-နှစ် အတွင်းမှာ ကျွန်တော် အားလုံးကို သူ့နာမည် ဗိုလဒီမွန့်ကို တိုက်ရိုက် ခေါ်ကြဖို့ နားချခဲ့တယ်" ပါမောက္ခ မက်ဂေါ်နာဂေါ တစ်ချက်ခါသွားတယ်။ ဒမ်ဘာလီဒိုးကတော့ ကပ်နေတဲ့ သံပရာမုန့်ချိုနှစ်ခုကို ခွာဖို့ အလုပ်ရှုပ်နေလို့ သူမ ဘယ်လိုတုံ့ပြန်တယ်ဆိုတာ သတိမထားမိဘူး။ "တကယ်လို့ ကျွန်တော်တို့ဟာ သူ့ကို 'ဟိုလူ' လို့ချည်းခေါ်နေရင်၊ ကိစ္စတွေ ကြာလေရှုပ်ထွေးလေ ဖြစ်လာလိမ့်မယ်။ ဗိုလဒီမွန့်ရဲ့ နာမည်ကို တိုက်ရိုက်ခေါ်တာ ဘာများ ကြောက်စရာရှိလို့လဲဆိုတာ ကျုပ်တော့ မမြင်မိပါဘူး"

'ရှင်မကြောက်တာ ကျွန်မသိတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက စိတ်ဆိုးခြင်းတဝက်၊ ကြည်ညိုခြင်း တဝက်ပါတဲ့ လေသံနဲ့ ပြောတယ်။ "ရှင့်ကျတော့ မတူဘူးလေ။ အားလုံးက ရှင်ဟာ ဟို- အို . . . . ကောင်းပြီရှင်၊ ဗိုလဒီမွန့်ကြောက်တဲ့ တစ်ယောက်ထဲသော သူဆိုတာ သိပြီးသားပါ

www.burmeseclassic.com



"ခင်ဗျား ကျုပ်ကို သိပ်မြှောက်လွန်းနေပြီ" ဒမ်ဘလီဒိုးက အေးအေးပဲ ပြောတယ်။ "ဗိုလဒီမွန့် မှာ ကျုပ်ဘယ်တော့မှ မရနိုင်တဲ့ အင်အားရှိတယ်"

"ဒါကတော့ ရှင်က သိပ်ပြီး၊ ကောင်းပြီလေ. . . . မြင့်မြတ်လွန်းလို့၊ အဲဒီလို အင်အားမျိုးကို အသုံးပြုဖို့ မသတီလို့"

"တော်သေးတယ် ဒီမှာ မှောင်မည်းနေလို့။ ပွန်လန်ကတော် ကျုပ်ရဲ့ နားရွက်ဖုံး အသစ်လေးကို ချီးကျူးတုန်းကတောင် ကျုပ်ဒီလောက် မျက်နှာ မနီခဲ့ဘူး"

ပါမောက္ခ မက်ဂေါ်နာဂေါက ဒမ်ဘလီဒိုးကို မျက်စောင်းတစ်ချက်ထိုး လိုက်ပြီး "ဇီးကွက်နဲ့ ဒီနားတစ်ဝိုက်မှာ ဖြစ်ပေါ်နေတဲ့ ကောလဟာလနဲ့ ဘာမှ မဆိုင်ဘူး။ အများက ဘယ်လိုပြောတယ် ဆိုတာ ရှင်သိလား။ သူက ဘယ်လို ပျောက်ကွယ်သွားတာလဲ။ နောက်ဆုံး သူ့ကို တားဆီးနိုင်တာဟာ ဘာများလဲ"

ပါမောက္ခ မက်ဂေါ်နာဂေါဟာ သူမအဆွေးနွေးချင်ဆုံး စကားကို ရောက်လာပုံရတယ်။ အဲဒါဟာလဲ သူမ အေးစက်မာကျောတဲ့ အုတ်နံရံပေါ်မှာ တစ်နေကုန်ထိုင်စောင့်နေတဲ့ တကယ့်အကြောင်းရင်းပဲ။ အကြောင်းက ကြောင်တစ်ကောင်ပဲဖြစ်ဖြစ်၊ မိန်းမတစ်ယောက်ပဲဖြစ်ဖြစ် သူမဟာ ဘယ်တုန်းကမှ ဒမ်ဘလီဒိုးကို ခုလို စူးစူးဝါးဝါးမကြည့်ခဲ့ဖူးဘူး။ ကိစ္စကတော့ ရှင်းပါတယ်။ 'အများ'က ဘာပဲပြောပြော။ ဒမ်ဘလီဒိုးပါးစပ်က ဖွင့်ဟအတည်ပြုမှ ဒါအစစ်ပဲလို့ သူမ ယုံကြည်မှာ။ ဒါပေမယ့် ဒမ်ဘလီဒိုးကတော့ ခပ်ပျော့ ပျော့ပဲ။ နောက်ထပ် သံပရာမုန့်ချိုတစ်ခု ကောက်ယူတယ်။ ပြန်မဖြေဘူး။

"သူတို့ပြောတာက" သူမက ဆက်ပြီးမေးနေတယ်။ "မနေ့ညက ဗိုလဒီမွန့်ဟာ ဂေါ်ဇက် လိုက်ဂူကိုရောက်လာတယ်။ သူက ပေါ်တာဇနီး မောင်နှံကိုသွားရှာတာ။ လီလီနဲ့ ဂျိမ်းတို့လဲ- သူတို့လဲ - သူတို့လဲ သေပြီလို့ သတင်းထွက်နေတယ်"

ဒမ်ဘလီဒိုးခေါင်းငုံ့ချလိုက်တယ်။ ပါမောက္ခလဲ ရင်ထိတ်သွားတယ်။

"လီလီနဲ့ ဂျိမ်း. . . . ကျွန်မ,မယုံဝံ့ဘူး . . . ကျွန်မ,မယုံချင်ဘူး . . . . အိုး. . . . ဒမ်ဘလီဒိုး. . . ."

ဒမ်ဘလီဒိုးက လက်ဆန့်ပြီး သူမပခုံးကို ပုတ်လိုက်တယ်။ "ကျုပ်သိ တယ်. . . . ကျုပ်သိတယ်" သူက စိတ်မကောင်းစွာနဲ့ ပြောတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါဟာ အသံတွေတုန်ပြီး ဆက်ပြောတယ်။



"ဒါတွေတင်မကသေးဘူး။ သူတို့က ပြောတယ်။ သူဟာ ပေါ်တာဇနီး မောင်နှံရဲ့သား ဟယ်ရီကိုပါသတ်ဖို့တဲ့။ ဒါပေမယ့် မအောင်မြင်လိုက်ဘူး။ အဲဒီကောင်လေးကို သူမသတ်နိုင်ခဲ့ဘူး။ ဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ ဆိုတာ ဘယ်သူမှမသိဘူး။ သူတို့ကပြောတယ်၊ ဟယ်ရီပေါ်တာကို သူ မသတ်နိုင်တဲ့ အခိုက်မှာပဲ၊ သူ့မှော်ပညာတွေ ပျောက်ဆုံးကုန်တယ်။ အဲဒါ ကတော့ သူထွက်ခွာသွားတဲ့အကြောင်းတဲ့"

ဒမ်ဘလီဒိုးဟာ စိတ်လေးစွာနဲ့ ခေါင်းညိတ်လိုက်တယ်။

"ဒါ - ဒါအမှန်ပဲလား" ပါမောက္ခ မက်ဂေါ်နာဂေါက တွေဝေစွာနဲ့ မေးတယ်။ "သူဟာ အကုသိုလ်တွေ တစ်ပုံကြီးလုပ်တယ်. . . . . . လူတွေ အများကြီး သတ်တယ်. . . . ကောင်လေး တစ်ယောက်ကျမှ မသတ်နိုင်ခဲ့ဘူး။ ဒါသိပ်ကို အံ့သြစရာပဲ. . . . ကျွန်မ အင်အားတွေ အများကြီး အကုန်ခံပြီး သူ့ကို တားဆီးခဲ့တယ်. . . . ဟယ်ရီပေါ်တာ ဘယ်လိုလုပ်ပြီး သေဘေးက လွတ်ခဲ့တာလဲ"

"ဒါကိုတော့ ကျုပ်တို့ထင်ကြေးနဲ့ပဲ တွက်နိုင်မယ်" ဒမ်ဘလီဒိုး ကပြောတယ်။ "ဘယ်တော့မှ အဖြေကို သိမှာ မဟုတ်ဘူးထင်တယ်"

ပါမောက္ခ မက်ဂေါ်နာဂေါဟာ ပိုးလက်ကိုင်ပဝါ တစ်ထည်ထုတ်လိုက် ပြီး မျက်မှန်အောက်က မျက်စိဒေါင့်ကို အသာလေး ၃-၄ချက် သုတ်လိုက်တယ်။

ဒမ်ဘလီဒိုးဟာ နှာခေါင်းကို တအားရှုရှိုက်လိုက်ပြီး အိတ်ကပ်ထဲက ရွှေနာရီတစ်လုံးကို ထုတ်ပြီး စိုက်ကြည့်နေတယ်။ ဒီနာရီဟာ အလွန်ထူးဆန်းတဲ့ နာရီ။ နာရီလက်တံ ၁၂-ခုပါတယ်။ ဂဏန်းတော့ မမြင်ရဘူး။ ဒီပြင် ကြယ်ပွင့်လေးတစ်ချို့ဟာ နာရီဘေးနားပတ်ပြီး လည်နေတယ်။ ဒမ်ဘလီဒိုးဟာ နာရီထဲကနေ တစ်ခုခုသိရှိရလို့ထင်တယ်။ သူက နာရီကို အိတ်ထဲပြန်ထည့်ပြီး ပြောတယ်။ "ဟက်ဂရစ် နောက်ကျနေပြီ။ တစ်ပါထဲ မေးပါရစေ။ ကျုပ်ဒီကို လာမယ်ဆိုတာ ဟက်ဂရစ် ခင်ဗျားကို ပြောပြတာထင်တယ်"

"ဟုတ်တယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။

"ဒါပေမယ့် သွားစရာနေရာတွေ အများကြီးရှိနေလျက်နဲ့ ရှင် ဘာဖြစ်လို့ ဒီကိုလာတယ် ဆိုတာကိုတော့ ရှင်ကျွန်မကို ပြောပြလိမ့်မယ် မထင်ဘူး"

"ကျုပ်ဒီကိုလာတဲ့ အကြောင်းကတော့၊ ဟယ်ရီကို သူ့အဒေါ်နဲ့ အဒေါ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းဆီ အပ်ဖို့ပဲ။ အခု သူတို့ဟာ ဟယ်ရီရဲ့ တစ်ဦးတည်းသော ဆွေမျိုးပါပဲ"

"ရှင် ဒီမှာနေတဲ့ လူကိုညွှန်းတာ မဖြစ်နိုင်ပါဘူးနော်" ပါမောက္ခ မက်ဂေါ်နာဂေါက အော်ပြောရင်း ခုန်ထပြီး အိမ်နံပတ် ၄-ကို လက်ညှိုးထိုးပြတယ်။ "ဒမ်ဘာလီဒိုး. . . . ရှင်ဒီလို လုပ်လို့ ဘယ်ဖြစ်မလဲ။ ကျွန်မဒီမှာ သူတို့ကို တစ်နေကုန်စောင့်ကြည့်နေတာ။ ကျွန်မတို့နဲ့ ဒီလိုလုံးဝမတူတဲ့ တခြားလူနှစ်ယောက်ကို ရှင်ရှာလို့တွေ့မယ်မထင်ဘူး။ ပြီးတော့ သူတို့မှာ ဒီလိုကလေး တစ်ယောက် ရှိသေးတယ်။ သူ့အမေကို လမ်းပေါ်ရောက်အောင် ခြေနဲ့ကန်လာတာ ကျွန်မမျက်မြင်ပါပဲ။ ငိုလား ယိုလားနဲ့ မုန့်စားမယ် ဆူပူနေတာ။ ရှင်က ဟယ်ရီပေါ်တာကို ဒီမှာလာနေဖို့ စီစဉ်တယ်ပေါ့လေ"

"ဒီနေရာက သူ့အဖို့အကောင်းဆုံးပဲ" ဒမ်ဘာလီဒိုးက ခိုင်ခိုင်မာမာ ဖြေတယ်။ "သူလုံလောက်စွာ ကြီးပြင်းလာတော့မှ သူ့အဒေါ်နဲ့ ဦးလေးတို့ဟာ ဒါတွေအားလုံးကို ရှင်းပြလိမ့်မယ်။ ကျုပ် သူတို့ကို စာတစ်စောင် ရေးပေးထားတယ်"

"စာတစ်စောင် ဟုတ်လား" ပါမောက္ခ မက်ဂေါ်နာဂေါဟာ အားနည်းစွာနဲ့ တတွတ်တွတ် ရွတ်ဆိုရင်း အုတ်ရိုးပေါ်ပြန်ထိုင်ချလိုက်တယ်။ "အမှန်အတိုင်းပြောရရင်၊ ဒမ်ဘာလီဒိုး၊ ရှင်က စာတစ်စောင်ထဲနဲ့ ဒါတွေ အားလုံးကို ရှင်းပြနိုင်မယ် ထင်သလား။ ဒီလူတွေဟာ သူ့ကိုဘယ်တော့မှ နားလည်မှာမဟုတ်ဘူး။ သူဟာ အလွန်ကျော်ကြားလိမ့်မယ်၊ အံ့ဩဖွယ် ပုဂ္ဂိုလ်တစ်ဦး။ ရက်အုပ်တွေ အများကြီးက ဟယ်ရီရဲ့အကြောင်းကို မှတ်တမ်း တင်လိမ့်မယ်။ ကျွန်မတို့ ကမ္ဘာက ကလေးတိုင်းဟာ သူ့နာမည်ကို သိကြလိမ့်မယ်"

"လုံးဝမှန်ကန်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။ သူ့ရဲ့လခြမ်းပုံ သံဇကာန် မှန်ချပ်အပေါ်ဘက်ရှိ မျက်စိဟာ အလွန်တည်ကြည်စွာ ရှိနေတယ်။

"ဒီအတွက် ဘယ်ကလေးမဆို အရမ်းပျော်ကြမှာ။ သူလမ်းမလျှောက်တတ်၊ စကားမပြောတတ်သေးခင်ကတည်းက အလွန်နာမည်ကြီးနေပြီ။ သူ့အဖို့ လုံးဝမမှတ်မိတဲ့ အဖြစ်အပျက်တွေ။ သူ့ကို ဒါတွေနဲ့ဝေးတဲ့ နေရာမှာ ကောင်းကောင်းကြီးပြင်းလာစေပြီး သူလက်ခံနိုင်မဲ့ အချိန်ကျမှ သူ့ကို အသိပေးတာ ပိုကောင်းတယ်ဆိုတာ ခင်ဗျားမမြင်ပေဘူးလား"

ပါမောက္ခ မက်ဂေါ်နာဂေါဟာ ပါးစပ်အဟောင်းသားနဲ့ အတွေးလဲ လုံးဝပြောင်းသွားပြီ။ တံတွေးတစ်ချက်မျိုချပြီး "ဟုတ်-ဟုတ်တယ်၊ ရှင်ပြောတာ



မှန်တယ်။ ဒါဖြစ်သင့်တယ်။ ဒါပေမယ့် ကလေးကို ဘယ်နည်းနဲ့ ဒီရောက်အောင်ပို့ကြမလဲ၊ ဒမ်ဘာလီဒိုး" သူမဟာ ရုတ်တရက် ဒမ်ဘာလီဒိုး ခြုံထည်ကို ကြည့်လိုက်တယ်။ ဟယ်ရီကို အကျႌထဲဝှက်ထားသယောင် ထင်ရတယ်။

'ဟက်ဂရစ်က သူ့ကို ဒီခေါ်လာလိမ့်မယ်"

"ရှင့်အနေနဲ့ ဒါအမြော်အမြင်ရှိတဲ့ လုပ်ဆောင်ချက်လို့ ထင်သလား။ ဒီလောက်အရေးကြီးတဲ့ ကိစ္စကို ဟက်ဂရစ်မှား ခိုင်းရတယ်လို့"

"ကျုပ်ဟာ ကျုပ်အသက်ကို ဟက်ဂရစ်လက်ထဲ အပ်နိုင်တယ်" ဒမ်ဘာလီဒိုးက ပြောတယ်။

"ကျွန်မဟာ သူ့ကို စိတ်ကောင်းမရှိဘူးလို့ ပြောတာ မဟုတ်ဘူး" ပါမောက္ခ မက်ဂေါ်နာဂေါက မပြောချင်ဘဲ ပြောလိုက်တယ်။ "ဒါပေမယ့်၊ ရှင်မေ့မနေနဲ့ဦး၊ သူဟာ ဓေ့စပ်သေချာမှု မရှိဘူးနော်။ သူဟာ. . . . အဲဒါ ဘာအသံလဲ"

လေးပင်တဲ့ ဝုန်းဝုန်းသံက ပတ်ဝန်းကျင်ရဲ့ ငြိမ်သက်မှုကို ဖြိုခွဲလိုက်တယ်။ အသံဟာလဲ ကြာလေကျယ်လေပဲ။ သူတို့ဟာ အရပ် ၄-မျက်နှာကို ကြည့်တယ်။ လမ်းပေါ်မှာ ယာဉ်မီးများ ထွက်ပေါ်လာမလားလို့ ကြည့်တယ်။ အသံဟာ ကြောက်စရာကောင်းတဲ့ ဟိန်းသံကြီး ဖြစ်လာတယ်။ နှစ်ယောက်သား မိုးပေါ်ကို မော့ကြည့်လိုက်ကြတယ်။ ဧရာမ မော်တော်ဆိုင်ကယ်ကြီး တစ်စီး မိုးပေါ်က ကျလာပြီး သူတို့ရှေ့က လမ်းပေါ်မှာ ရပ်လိုက်တယ်။

ဒီမော်တော်ဆိုင်ကယ်ဟာ အလွန်ကြီးမားပေမယ့် ဆိုင်ကယ်ပေါ် ထိုင်လာတဲ့ ယောကျ်ားကို မမှီသေးဘူး။ သူ့အရပ်ဟာ လူသာမန်တွေရဲ့ နှစ်ဆရှိတယ်။ ကိုယ်အကျယ်က ငါးဆ အနည်းဆုံးရှိတယ်။ သူ့ကြည့်ရတာ ထွားကျိုင်းလွန်းလို့ သဘာဝမကျတော့ဘူး။ ပြီးတော့ ကြမ်းတမ်းပြီး ထိန်းသိမ်းမရတဲ့ပုံ။ ရှည်ပြီး ခဲပျစ်နေတဲ့ ဆံပင်နက်ထူထူနဲ့ မုတ်ဆိတ်တွေ သူ့မျက်နှာရဲ့ အများပိုင်းကို ဖုံးအုပ်ထားတယ်။ သူ့လက်ဝါးဟာ အမှိုက်ပုံးအဖုံးလောက် ရှိတယ်။ သားရေလည်ရှည်ဖိနပ် ဝတ်ဆင်ထားတဲ့ ခြေထောက်ကလဲ ငါးမန်းကလေး နှစ်ကောင်နဲ့ တူနေတယ်။ ၎င်းရဲ့ တုတ်ခိုင်ပြီး ကြွက်သားတွေ ဖုထစ်နေတဲ့ လက်မောင်းထဲမှာ သက္ကလပ်စောင်တစ်ထည် ပွေ့ထားတာတွေ့ရတယ်။

"ဟက်ဂရစ်" ဒမ်ဘာလီဒိုးက ခေါ်လိုက်တယ်။ သက်ပြင်းတစ်ချက် ချနိုင်လိုက်သလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရောက်လာပေပြီ။ ဒီမော်တော်ဆိုင်ကယ်က ဘယ်ကရလာတာလဲ"

"ငှားလာတာ၊ ပါမောက္ခ ဒမ်ဘလီဒိုး၊ ဆရာ" ရောမလူကြီးကပြောရင်း ဆိုင်ကယ်ပေါ်ကနေ အသာလေးဆင်းလိုက်တယ်။ "ဆီရီအက်စ် ကြယ်ဘလက်ဆီက ငှားတာ။ ကျွန်တော် သူ့ကို ရှာတွေ့ပြီ ဆရာ"

"ဘာပြဿနာမှ မရှိပါဘူးနော်"

"မရှိပါဘူး၊ ဆရာ၊ အိမ်လဲတစ်ခုလုံး ပျက်သလောက်ပဲ။ ဒါပေမယ့် ကျွန်တော်က "မတ်ဂေါ်" တွေ စုမလာခင် သူ့ကို ချီလာခဲ့တာ။ ကျွန်တော်တို့ ဘရစ်စတော်ပေါ်က ဖြတ်ပျံသန်းလာစဉ် သူအိပ်ပျော်သွားတယ်"

ဒမ်ဘလီဒိုးနဲ့ ပါမောက္ခ မက်ဂေါ်နာဂေါ်တို့ဟာ ကုန်းပြီး ဟိုသက္ကလပ်စောင်ကို ကြည့်နေကြတယ်။ စောင်ထဲမှာ အိပ်မောကျနေတဲ့ ယောကျ်ားလေးတစ်ယောက်။ သူ့နဖူးပေါ်ကျနေတဲ့ ကျောက်စိမ်းနက်လို ဆံပင်တွေအောက်မှာ ပုံသဏ္ဌာန်ထူးခြားတဲ့ ဒဏ်ရာတစ်ခုရှိတယ်။ လျှပ်စီးလက်လိုက်တဲ့ ပုံစံနဲ့တူတယ်။

"အဲဒါက . . . . "ပါမောက္ခ မက်ဂေါ်နာဂေါ်က တိုးတိုးပြောတယ်။

"ဟုတ်တယ်" ဒမ်ဘလီဒိုးကပြောတယ်။ "ဒီအမာရွတ်က တစ်သက်လုံး သူနဲ့ရှိနေမှာ"

"ရှင် အကြံတစ်ခုခု မထုတ်နိုင်တော့ဘူးလား ဒမ်ဘလီဒိုး"

"ကျုပ်တတ်နိုင်တယ်ပဲ ထားဦး၊ ကျုပ်လုပ်မှာ မဟုတ်ဘူး။ ဒီအမာရွတ်ဟာ နောင်မှာ အသုံး ကျစရာရှိတယ်။ ကျုပ်ဘယ်ဘက် ဒူးပေါ်မှာလဲ အမာရွတ်တစ်ခုရှိတယ်။ ပြည့်စုံတဲ့ လန်ဒန်မြေအောက်ကမ္ဘာရဲ့ မြေပုံနဲ့ တူတယ်။ ကောင်းပြီ - သူ့ကို ကျုပ်ဆီပေးပါ။ ဟက်ဂရစ် - ကျုပ်တို့ အကောင်းဆုံးကတော့ လုပ်စရာရှိတာ အမြန်ဆုံးလုပ်လိုက်ဖို့ပဲ"

ဒမ်ဘလီဒိုးဟာ ဟယ်ရီကို ရင်ခွင်ထဲပွေ့ပြီး ဒါစလီတို့အိမ်ဆီ လျှောက်သွားတယ်။

"ကျွန်တော် . . . . ကျွန်တော် သူ့ကို နှုတ်ဆက်လို့ ရမလား" ဟက်ဂရစ်က မေးတယ်။

သူ့ရဲ့ ဧရာမ ဖောင်းပွပွ ခေါင်းကြီး ဟယ်ရီပေါ် ကပ်သွားပြီး ကလေးငယ်ကို မုတ်ဆိတ်မွေး စူးလို့ ယားကျိကျိ ဖြစ်စေတဲ့ လှိုက်လှဲတဲ့ အနမ်းတစ်ချက်



ပေးလိုက်တယ်။ ပြီးတော့ ဟက်ဂရစ်ဆီက ဒဏ်ရာရတဲ့ တောခွေးတစ်ကောင်ရဲ့ အော်သံမျိုး ထွက်ပေါ်လာတယ်။

"ရှူး" ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ အသံ။

"မင်းဒီလိုလုပ်ရင် "မတ်ဂေါ်" တွေ နိုးကုန်လိမ့်မယ်"

"ဟုတ်တယ်၊ ဟုတ်တယ်။ ဝမ်းနည်းပါတယ်" ဟက်ဂရစ်က တရှုံ့ရှုံ့နဲ့ ပြောတယ်။ ညစ်ပေနေတဲ့ လက်ကိုင်ပဝါကြီးတစ်ထည် ဆွဲထုတ်ပြီး မျက်နှာကို အုပ်ထားတယ်။ "ကျုပ်တကယ့်ကို မထိန်းနိုင်လို့ပါ၊ လီလီနဲ့ ဂျိမ်းတို့ သေသွားပြီ။ သနားစရာ ဟယ်ရီလေးကလဲ 'မတ်ဂေါ်' တွေနဲ့ သွားနေရမယ် . . . . . "

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ ဒါသိပ်ကို ဝမ်းနည်းစရာကောင်းတာ။ ဒါပေမယ့် မင်း ချုပ်တည်းထားမှ ဖြစ်မယ်။ နို့မို့ရင် သူတို့တွေ့သွားလိမ့်မယ်" ပါမောက္ခ မက်ဂေါ်နာဂေါ်က အသံနှိမ့်ပြီး ပြောတယ်။ ဟက်ဂရစ်ရဲ့ လက်မောင်းကို အသာလေး ပုတ်လိုက်တယ်။ ဒီအချိန်မှာ ဒမ်ဘလီဒိုးဟာ ဝန်းထရံနိမ့်နိမ့်ကို ကျော်ဖြတ်ပြီး တံခါးမကြီးရှေ့ ရောက်သွားပြီ။ သူဟာ ဟယ်ရီကို သိမ်မွေ့စွာ လှေခါးထစ်ပေါ် ချလိုက်တယ်။ ခြုံထည်ထဲကနေ စာတစ်စောင်ထုတ်ပြီး ဟယ်ရီရဲ့ စောင်ထုပ်ထဲ ထည့်လိုက်တယ်။ ဒီနောက် ကျန်သူနှစ်ယောက်ရှိရာကို ပြန်လာခဲ့တယ်။ တစ်မိနစ်တိတိ သူတို့ သုံးဦး နေရာတွင်ရပ်နေကြတယ်။ စောင်ထုပ်ကို တိတ်တိတ်လေးကြည့်နေကြတယ်။ ဟက်ဂရစ်ရဲ့ ပခုံးဟာ အဆက်မပြတ် လှုပ်ခါနေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မျက်တောင်ကို တအားခတ်နေတယ်။ ဒမ်ဘလီဒိုး မျက်စိထဲက တောက်ပတဲ့ အလင်းရောင်ဟာလဲ မှိန်ကျသွားသလိုပဲ။

"ကောင်းပြီ" ဒမ်ဘလီဒိုးဟာ နောက်ဆုံးမှာ စကားပြောပြီ။ "ဒီအတိုင်းပဲပေါ့။ ကျုပ်တို့ ဒီမှာ ဆက်နေဖို့ မလိုတော့ဘူး။ ကျုပ်တို့ အထိမ်းမှတ်ပွဲကို သွားကြရအောင်"

"ဟုတ်တာပေါ့" ဟက်ဂရစ်ရဲ့ အသံဟာ အလွန်နိမ့်ပြီး မရှင်းမလင်း ဖြစ်နေတယ်။ "ကျွန်တော်လဲ ဆိုင်ကယ်ကို ဆီရီအက်စ် ကြယ်ကို ပြန်ပေးရမယ်။ မင်္ဂလာညခင်းပါ၊ ပါမောက္ခ မက်ဂေါ်နာဂေါ်။ ပါမောက္ခ ဒမ်ဘလီဒိုး"

ဟက်ဂရစ်ဟာ သူ့ဂျက်ကင် အကျႌလက်ကိုမြှောက်ပြီး မျက်ရည်တွေ စီးကျနေတဲ့ မျက်လုံးအစုံကို သုတ်တယ်။ လှည့်ပြီး ဆိုင်ကယ်ပေါ် ခွတက်၊

www.burmeseclassic.com

မြေခဲ နှင့်ပြီး စက်နှိုးလိုက်တယ်။ ဆိုင်ကယ်ဟာ တဝုန်းဝုန်းမြည်ပြီး ပျံတက်သွားတယ်။ အမေကော ညအမှောင်ထဲမှာ ပျောက်ကွယ်သွားတယ်။

"အမြန်ဆုံး ခင်များကို ပြန်တွေ့ဖို့ မျှော်လင့်ပါတယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါ်" ဒမ်ဘာလီဒိုးက သူ့ကို ခေါင်းညိတ်ပြတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်က နှာခေါင်းရှုံ့ပြီး အဖြေပေးတယ်။

ဒမ်ဘာလီဒိုးဟာ ကိုယ်ကိုလှည့်ပြီး လမ်းပေါ်တက်လိုက်တယ်။ သူဟာ လမ်းကွေ့နားမှာ ရပ်လိုက်တယ်၊ ငွေရောင် မီးမြိတ်ကိရိယာကို ထုတ်လိုက်တယ်။ သူ တစ်ချက် နှိပ်လိုက်တယ်။ အလင်းလုံး ၁၂-ခုဟာ သူတို့ ကိုယ်စီရဲ့ လမ်းမီးပေါ်ပြန်ရောက်သွားတယ်။ ရေမှုယောင်းပင်လမ်းဟာ ချက်ချင်းဆိုသလို လိမ္မော်ရောင် အလင်းရောင်တွေ ဖြာထွက်လာတယ်။ ကျားအကွက်စင်းရှိတဲ့ ကြောင်တစ်ကောင် ပေါ်ပါးမှာ တစ်ဖက်ကကွေ့ကို ချိုးဝင်သွားတာ ရှင်းရှင်းလင်းလင်း တွေ့လိုက်ရတယ်။ အိမ်အမှတ် ၄-လှေကားထစ်ပေါ်က စောင်ထုပ်ကိုလဲ မြင်ရတယ်။

"ကံကောင်းပါစေ ဟယ်ရီ" သူက တိုးတိုးပြောရင်း ဆတ်ခနဲ လှည့်ပြီး ခြုံထည်ကို လွှစ်ခနဲ ဆွဲခြုံလိုက်တာနဲ့ ကွယ်ပျောက်သွားရော။

လေပြင်းလေး တိုက်လာတဲ့အတွက် ရေမှုယောင်းပင်လမ်းက ချုံစရာ ပင်နီနီ ဖြူညီစွာပင်တွေ လှုပ်ခါယိမ်းနွဲ့နေတယ်။ မည်းမှောင်တဲ့ မိုးကောင်းကင် အောက်မှာ လမ်းတစ်လမ်းလုံး ငြိမ်သက် သန့်ရှင်းစွာ လဲလျောင်းနေတယ်။ ဒီမှာ အံ့ဩစရာတွေ ဖြစ်ခဲ့တဲ့နေရာလို့ လုံးဝမထင်ရဘူး။ ဟယ်ရီပေါ်တာဟာ စောင်ထုပ်ထဲမှာ လူးလိမ့်နေတယ်။ နိုးတော့ မနိုးဘူး။ လက်ကလေး တစ်ဖက်မှာ စာအိတ်တစ်ခုအား တင်းတင်းကပ်ထားတယ်။ သူဟာ ဆက်လက်ပြီး အိပ်ပျော်ကျနေတယ်။ သူဟာ ဘယ်လောက်ထူးခြားပြီး နာမည်ကြီးတာ၊ နာမည်အကျော်ကြားပြီးရင် ဒါဒလီကတော် တံခါးဖွင့် နွားနို့ ပုလင်းထားတဲ့ အချိန်မှာ ဆူးရှူးအော်ဟစ်လို့ သူနိုးရမှာကို မသိရှာဘူး။ ဒီနောက်ပိုင်း ရက်သတ္တပတ် အချို့အတွင်းမှာ အစ်ကိုဝမ်းကွဲ ဒါဒ်လီရဲ့ တွန်းထိုးညှစ်ကိုက်ခံရမယ်. . . . . ဆိုတာကိုလဲ မသိရှာဘူး။ ဒီအချိန်အခါမှာ တစ်နိုင်ငံလုံးရှိ လျှို့ဝှက်ဂုဏ်ပြုပွဲ ပါဝင်ကြတဲ့ သူအားလုံးဟာ အရက်ခွက်ကို ကိုင်မြှောက်ရင်း တမင်အသံနှိမ့်ပြီး "ဟယ်ရီပေါ်တာကို ဂုဏ်ပြုတယ်။ အသက်ရှင် ကျန်ရစ်ခဲ့တဲ့ ကောင်လေး" လို့ ဆုတောင်းနေကြတယ်။



## ၂။ ကွယ်ပျောက်သွားတဲ့မှန်

ဆိုနေ့က ဒါဒလီဇနီးမောင်နှံ နံနက်အိပ်ရာကနိုးလာပြီး သူတို့ရဲ့ တူလေးကို အိမ်ရှေ့ လှေခါးထစ်ပေါ်မှာ တွေ့ပြီးနောက် နွေမိုးဆောင်း ဆယ်ကြိမ်တိတိပြောင်းခဲ့လေပြီ။ ဒါပေမယ့် ရေမှုယောင်းပင်လမ်းကတော့ ဘာမှမပြောင်းလဲဘူး။ နေမင်းဟာ မူလကအတိုင်း သပ်ရပ်တဲ့ အိမ်ရှေ့ ခြံဝန်းအပေါ် မိုးကောင်းကင်မှာ ထွက်ပေါ်လာတယ်။ ဒါဒလီတို့ အိမ်ရှေ့ တံခါးမကြီးပေါ်က အမှတ်-၄ ကြေးဝါပြားကို လင်းနေစေတယ်။ နေရောင်ဟာ အဲဒီအိမ်ရဲ့ ဧည့်ခန်းထဲကို အသာလေးဝင်လာတယ်၊ ဒီနေရာဟာ ထိုနှစ်က မစ္စတာဒါဒလီ သတင်းကြီး ကြည့်လိုက်ရတဲ့ညနဲ့ တစ်ပုံစံတည်းပဲလို့တောင် ပြောနိုင်တယ်။ နံရံကပ်မီးလင်းဖိုအပေါ်က ဓာတ်ပုံတွေကသာ အချိန်တွေ အလျှင်အမြန်ကုန်ဆုံးသွားကြောင်း ဖော်ပြနိုင်တယ်၊ လွန်ခဲ့တဲ့ ၁၀-နှစ်က ဒီနေရာမှာ ဓာတ်ပုံတွေ အများကြီးရှိတယ်။ ကလေးဦးထုပ်ရောင်စုံ ဆောင်းထားတဲ့ ပန်းရောင် သဲသောင်ပြင်ဘောလုံးကြီးနဲ့ တူတယ်။ အဲဒါလဲ ခုဆိုကလေးမဟုတ်တော့ပါဘူး။ အခု ဓာတ်ပုံတွေထဲက မင်းသားကတော့

www.burmeseclassic.com

www.burmeseclassic.com



ဝတုတ်တုတ် ရွှေရောင်ဆံပင်နဲ့ ကောင်လေးတစ်ယောက် ဖြစ်နေပြီ။ သူ့ပထမဆုံး စက်ဘီးစီးတဲ့ပုံ၊ ကစားကွင်းမှာ မြင်းရဟတ် စီးတဲ့ပုံ၊ သူ့အဖေနဲ့ ဗီဒီယိုဂိမ်းကစားတဲ့ပုံ၊ သူ့အမေက ဖက်ပြီး နမ်းနေတဲ့ပုံ မျိုးစုံပဲ။ ဒီအိမ်မှာ တခြားကောင်လေး တစ်ယောက်ရဲ့ ရှိနေသေးတယ်ဆိုတာ ဒီနေရာမှာ ဘယ်လိုအရိပ်အယောင်မှ မတွေ့ရဘူး။

ဟယ်ရီဟာ ဒီမှာပဲ နေရတယ်။ အခု သူအိပ်ပျော်နေတယ်။ ဒါပေမယ့် သိပ်ကြာကြာတော့ မအိပ်ရဘူး။ သူ့အဒေါ် ဖီချူးနီးယားအိပ်ရာထနေပြီ။ သူမ စူးရှတဲ့ အသံဟာလဲ ဒီနေ့အတွက် အသံညစ်ညမ်းမှု စပါပြီ။

"ထ၊ အိပ်ရာထ၊ မြန်မြန်"

ဟယ်ရီလန့်နိုးပြီ။ သူ့အဒေါ်က သူ့အခန်းတံခါးကို တအား ခေါက်နေပြန်ပြီ။

"ထတော့" သူမ တအားအော်တယ်။ သူမမီးဖိုချောင်ဘက် သွားတဲ့ခြေသံ၊ ဒယ်အိုးကို မီးဖိုပေါ်တင်တဲ့ အသံတွေကို ဟယ်ရီကြား ရတယ်။ သူဟာကျောကို တံခါးဘက်ပေးပြီး စောင်းအိပ် လိုက်တယ်။ ခုတွင်မက်ခဲ့တဲ့ အိပ်မက်ကို ကြိုးစားပြီး ပြန်တွေးနေတယ်။ အဲဒါ အိပ်မက်ကောင်း တစ်ခု။

အိပ်မက်ထဲမှာ ပျံတတ်တဲ့ မော်တော်ဆိုင်ကယ်ရှိတယ်၊ သူ့မှာ ထူးဆန်းတဲ့ ခံစားချက်ရှိနေတယ်။ အရင်ကလဲ ဒီလို အိပ်မက်မျိုး မက်ခဲ့ဖူးသလိုပဲ။

သူ့အဒေါ် တံခါးရှေ့ ရောက်လာပြန်ပြီ။

"မင်းထပြီလား" သူမက မေးတယ်။

"ထပါပြီ" ဟယ်ရီက ပြောတယ်။

"ကောင်းတယ်၊ မြန်မြန်လုပ်၊ မင်းဘေကွန်လာကြည့်ပေးဦး။ တူးသွားရင် သတိသာထား။ ဒါလီမွေးနေ့မှာ ဘာမှ တလွဲ မဖြစ်စေချင်ဘူး"

ဟယ်ရီက တိုးတိုးလေး ပွစိပွစိလုပ်တယ်။

"မင်း ဘာပြောတယ်" သူ့အဒေါ်က အပြင်ဘက်ကနေ မာန်မဲတယ်။

"ဘာမှ မဟုတ်ပါဘူး။ ဘာမှ မဟုတ်ပါဘူး. . . . "

ဒါလီရဲ့မွေးနေ့ - သူဘယ်မေ့ပါ့မလဲ။ ဟယ်ရီဟာ ခုတင်ပေါ်က ဖြည်းဖြည်းဆင်းကယ်။ ခြေစွပ်ရှာစွပ်တယ်။ သူဟာ ခုတင်အောက်မှာ ခြေစွပ်တစ်ရန်တွေ့တယ်။ ခြေစွပ်တစ်ဖက်ထဲက ပင့်ကူတစ်ကောင် နှိုက်ထုတ်



လိုက်တယ်။ ဒီနောက် ခြေစွပ် စွပ်လိုက်တယ်။ ဟယ်ရီဟာ ပင့်ကူကို ရိုးနေပြီ။ လှေခါးအောက်က ပန်းကန်ဘီဒိုခန်းထဲမှာ ပင့်ကူတွေ တစ်ပုံကြီးပဲ။ အဲဒီနေရာဟာ သူ့အိပ်ရာပဲ။

သူအကျႌဝတ်ပြီး စင်္ကြံကနေ မီးဖိုချောင်ကိုသွားတယ်။ ထမင်းစားစားပွဲပေါ်မှာ ဒါလီရဲ့ မွေးနေ့လက်ဆောင်တွေ တောင်လိုပုံနေတယ်။ ဒါလီဟာ သူလိုချင်တဲ့ ကွန်ပျူတာအသစ်ရပြီထင်တယ်။ သူလိုချင်တဲ့ နောက်ထပ် TV တစ်လုံးနဲ့ အရှိန်နှုန်းပြောင်းနိုင်တဲ့ စက်ဘီးကတော့ ပြောစရာတောင် မလိုဘူး။ ဟယ်ရီနားမလည်တာက ဒါလီ ဘာဖြစ်လို့ စက်ဘီးလိုချင်တာလဲဆိုတာပဲ။ ဒါလီဟာ ဝတုတ်ကြီး။ အားကစားကိုလဲ မကြိုက်ဘူး။ သူများကို ခြေနဲ့ကန်၊ လက်သီးနဲ့ ထိုးနိုင်တဲ့ အားကစားမျိုးမှ သူက ကြိုက်မှာ။ ဒါလီ အနှစ်သက်ဆုံး လက်သီးထိုး သဲအိတ်ကတော့ ဟယ်ရီပဲ။ ဒါပေမယ့် ဟယ်ရီကို ထိုးမိဖို့ အခွင့်အရေး သိပ်မရဘူး။ ဟယ်ရီကိုကြည့်ရတာ အားပျော့သလို ရှိပေမဲ့ လျင်တော့ အင်မတန် လျင်တယ်။

ဟယ်ရီဟာ သူ့နဲ့ အသက်တူကလေးတွေထက် အများကြီး သေးတယ်။ ဒါဟာ မှောင်မည်းတဲ့ ပန်းကန်ဘီဒိုခန်းထဲမှာ တလျှောက်လုံး နေလာရတာနဲ့ ဆိုင်မယ်ထင်တယ်။ သူ့ကြည့်ရတာ သူ့မှာ တကယ်ရှိနေတဲ့ ကိုယ်ခန္ဓာထက်တောင် နည်းနည်းသေးငယ်တယ်လို့ ထင်ရတယ်။ အကြောင်းကတော့ သူ့မှာ ဒါလီရဲ့ အကျႌအဟောင်းတွေပဲ ဝတ်ရလို့။ ဒါလီရဲ့ ကိုယ်ခန္ဓာဟာလဲ သူ့ထက် လေးဆလောက်ရှိတယ်။ ဟယ်ရီမှာ ပိန်ပါးတဲ့ မျက်နှာ၊ အရိုးတွေ ထိုးထွက်နေတဲ့ ဒူးခေါင်း၊ မဲနက်တဲ့ ဆံပင်နဲ့ ကြည်လင်တောက်ပတဲ့ အစိမ်းရောင်မျက်စိရှိတယ်။ တိတ်အကြည်တွေ အများကြီး ကပ်ထားတဲ့ မျက်မှန်အဝိုင်းကို သူတပ်ဆင်ထားတယ်။ ဒီလိုတပ်ရတာကတော့ ဒါလီက သူ့နှာခေါင်းကို ခဏခဏ လက်သီးနဲ့ ထိုးလို့ပဲ။

ဟယ်ရီဟာ မိမိရုပ်ရည်နဲ့ ပတ်သက်ပြီး ကျေနပ်တာ တစ်ခုထဲ ရှိတယ်။ အဲဒါကတော့ နဖူးပေါ်က လျှပ်စီးလက်တဲ့ သဏ္ဍာန်နဲ့တူတဲ့ အမာရွတ်ပါးပါးလေးပဲ။ သူမှတ်မိစပြုကတည်းက အဲဒီ အမာရွတ်ဟာ သူ့နဖူးပေါ်မှာ ရှိနေပြီ။ သူ မှတ်မိသေးတယ်။ သူ့ဘဝမှာ ပထမဆုံး မေးဖြစ်တဲ့ မေးခွန်းကတော့ သူ့အဒေါ် ဖီချူးနီးယားကို နဖူးပေါ်က အမာရွတ်က ဘယ်လိုရလာတာလဲဆိုတဲ့ မေးခွန်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းမိဘတွေ သေဆုံးတဲ့ ယာဉ်တိုက်မှုတုန်းက ရတဲ့ဒဏ်ရာ" သူမကပြောတယ်။ "မင်း ကြပ်ကြပ်မှတ်ထား၊ နောင်ကို မေးခွန်း မထုတ်နဲ့"

မေးခွန်းမမေးရဘူးဆိုတာ ဒါစလီမိသားစုနဲ့ ငြိမ်းချမ်းစွာ အတူနေထိုင်ရေးအတွက် အရေးအကြီးဆုံး တရားဥပဒေပဲ။

အဒေါ်ခင်ပွန်း ဒါစလီဟာ ဟယ်ရီ ဘေကွန်ကို တစ်ဘက်လှန်နေချိန်မှာ မီးဖိုထဲ ဝင်လာတယ်။

"ဆံပင်ကို သေချာသွားဖြီးချေ" သူက ဒေါသနဲ့ အော်တယ်။ ဒါဟာလဲ သူအမြဲလို ကျင့်သုံးတဲ့ နံနက်ခင်းမင်္ဂလာစကားပဲ။

တစ်ပတ်ခန့်ခြားတိုင်း ဦးလေးဒါစလီဟာ သတင်းစာနောက်ကနေ ခေါင်းပြူထွက်လာပြီး ဟယ်ရီကို ခေါင်းသွားညှပ်ဖို့ အော်ဟစ်လေ့ရှိတယ်။ ဟယ်ရီဆံပင်ညှပ်တဲ့ အကြိမ်ပေါင်းဟာ သူ့အတန်းက ကျောင်းသားလေးတွေအားလုံး ဆံပင်ညှပ်တဲ့ အကြိမ်ပေါင်းထက် များလိမ့်မယ်။ ဒါပေမယ့် အကျိုးသက်ရောက်မှု သိပ်မရှိဘူး။ သူ့ဆံပင် ပုံစံဟာ မူလပုံစံအတိုင်း ကပိုကရို ရှုပ်ရှုပ် ရှည်ရှည် ပြန်ဖြစ်ဖြစ်သွားတယ်။

ဟယ်ရီကြက်ဥကြော်တဲ့အခါမှာပဲ ဒါလီနဲ့ သူ့အမေတို့ မီးဖိုချောင်ထဲ အတူဝင်လာတယ်။ ဒါလီဟာ ဦးလေး ဒါစလီနဲ့ အလွန်တူတယ်။ သူ့မှာ ဝအိအိ ပန်းရောင်သန်းတဲ့ မျက်နှာရှိတယ်။ မရှိသလောက်ဖြစ်နေတဲ့ လည်ပင်း တုတ်တုတ်တိုတို၊ စိုရွှဲတဲ့ မျက်လုံးပြာပြာနဲ့ သူ့ခေါင်းလုံးကြီး ပေါ်ကပ်နေတဲ့ ရွှေရောင်ဆံပင်ထူထူကြီး။ အဒေါ်ဖီချူနီယာက ဒါလီဟာ ထိန်ဂျယ်နတ်သားလေးနဲ့ တူတယ်လို့ အမြဲပြောတယ်။ ဟယ်ရီကတော့ ဒါလီဟာ ဆံပင်အတု ဆောင်းထားတဲ့ ဂက်ဝဝကြီးနဲ့တူတယ်လို့ ထင်တယ်။

ဟယ်ရီက ကြက်ဥနဲ့ ဘေကွန်တွေထည့်ထားတဲ့ ပန်းကန်ပြားကို ထမင်းစားစားပွဲပေါ် တင်လိုက်တယ်။ ဒါလွယ်တော့ မလွယ်ဘူး။ စားပွဲပေါ်မှာက နေရာလွတ်မရှိသလောက်ပဲ။ ဒီအချိန်မှာ ဒါလီက သူ့မွေးနေ့လက်ဆောင်ကို တွက်ချက်နေတယ်။ သူ့မျက်နှာ ပုပ်ကျသွားတယ်။

"၃၆" သူကပြောတယ်။ ခေါင်းမော့ပြီး သူ့မိဘကိုကြည့်တယ်။ "မနှစ်ကထက် နှစ်မျိုးနည်းနေတယ်"

"အချစ်ကလေး၊ အဒေါ်မာကြီးပေးတဲ့ လက်ဆောင်မှ ထည့်မတွက်သေးတာပဲ။ ကြည့်၊ မာမီ အဖေပေးတဲ့ အထုပ်ကြီးအောက်မှာ"



"ကောင်းပြီ။ ဒါဆို ၃၇" ဒါလီကပြောတယ်။ မျက်နှာကြီး နီလာတယ်။ ဒါလီတော့ အကြီးအကျယ် ဒေါပွတော့မယ်ဆိုတာ ဟယ်ရီက မြင်တယ်။ သူဟာ သူစားရမဲ့ ဘေကွန်ကို ပလုတ်ပလောင်း စားပစ်လိုက်တယ်။ မတော်လို့ ဒါလီစားပွဲခုံကို တွန်းလှန်ပစ်မှာ စိုးလို့။

အဒေါ် ဖီချူနီယာဟာလဲ အန္တရာယ် အငွေ့အသက်ကို ရတယ်ထင်ပါရဲ့၊ ဒါကြောင့် အမြန်ပြောတယ် "ဒီနေ့ အပြင်ထွက်လည်တဲ့အခါမှာ သားအတွက် လက်ဆောင်နှစ်ခု ထပ်ဝယ်ပေးမယ်။ ဘယ့်နှယ်လဲ အလိမ္မာလေး၊ နောက်ထပ် နှစ်မျိုးဝယ်ပေးမှာနော်။ ဒီလိုဆို မကောင်းဘူးလား"

ဒါလီက အတန်ကြာ တွေးနေတယ်။ ဒီ 'အလုပ်'ဟာ အလွန်ခက်ခဲသလိုပဲ။ နောက်ဆုံး ဖြည်းဖြည်းပြောတယ် "ဒါဆိုရင် ကျွန်တော့်မှာ သုံးဆယ်. . . . သုံးဆယ်. . . ."

"၃၉ လေ၊ ချစ်သဲလေးရဲ့" အဒေါ် ဖီချူနီယာက ပြောတယ်။

ဦးလေး ဗာနွန်-ဒါစလီက တဟဲဟဲ ရယ်တယ်။

"ဒီလူဆိုးလေးဟာ သိပ်ကို တွက်ကတ်သတ်သတ် တွက်ချက်တာ၊ ဒါကတော့ သူ့အဖေကြီးနဲ့ တူတယ်ဗျာ။ တယ်တော်တဲ့ကလေး ဒါလီ" သူက ဒါလီရဲ့ ဆံပင်ကို ပွတ်သပ်လိုက်တယ်။

ဒီအချိန်မှာ ဖုန်းသံထွက်လာတယ်။ အဒေါ်ဖီချူနီယာက ဖုန်းဆီပြေးသွားတယ်။ ဟယ်ရီနဲ့ ဦးလေး ဒါစလီက ဒါလီ လက်ဆောင်ထုပ်တွေ ဖောက်တာ ကြည့်နေတယ်။ နွန်းပြောင်းစက်ဘီးတစ်စီး၊ ဗီဒီယို ရိုက်စက်တစ်လုံး၊ အဝေးထိန်းလေယာဉ်တစ်စီး၊ ဗီဒီယိုဂိမ်း ဆော့ဝဲ အသစ် ၁၆ မျိုးနဲ့ ဖမ်းစက်တစ်လုံး။ သူ ရွှေရောင်နာရီတစ်လုံးကို ခဲပတ်ခွာထုတ်နေစဉ် အဒေါ်ဖီချူနီယာဖုန်းပြောပြီး ပြန်လာတယ်။ သူမ ကြည့်ရတာ စိတ်လဲဆိုး၊ စိုးလဲ စိုးရိမ်တဲ့ ပုံပေါ်နေတယ်။

"သတင်းဆိုး၊ ဗာနွန်" သူမက ပြောတယ်။ "မစ္စစ်ဖား ခြေထောက်ကျိုးသွားလို့။ ဒီနေ့ သူ့ကို ထိန်းနိုင်မှာ မဟုတ်ဘူး" သူက ဟယ်ရီဘက်ကို ခေါင်းညိတ်ပြတယ်။

ဒါလီဟာ ကြောက်လို့ ပါးစပ်ကြီးဖြဲထားတယ်။ ဟယ်ရီကတော့ စိတ်လှုပ်ရှားလို့ ရင်တွေ တဒုန်းဒုန်းခုန်နေတယ်။ နှစ်စဉ်နှစ်တိုင်း ဒါလီမွေးနေ့ ရောက်ရင် သူ့မိဘဟာ သူနဲ့သူ့ခင်မင်တဲ့ သူငယ်ချင်း တစ်ယောက်ကို ခေါ်ပြီး ထွက်လည်ကြတယ်။ ဒါမှ မဟုတ်ရင် ရုပ်ရှင် ဝင်ကြည့်တယ်။ ဒီလိုအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီကို မစ္စစ်ဖားဆီပို့ထားခဲ့တယ်။ နှစ်လမ်းခြားမှာရှိတဲ့ ရှုံးကြောင်ကြောင် အဘွားကြီးအိမ်ပေါ့။ ဟယ်ရီက အဲဒီနေရာကို မုန်းတယ်။ တစ်အိမ်လုံး ဂေါ်ဖီထုပ်နံ့ နံနေတယ်။ အဘွားကြီးက သူ့ကို သူမွေးခဲ့တဲ့ ကြောင်တွေရဲ့ ဓာတ်ပုံကို အတင်းကြည့်ခိုင်းတယ်။

"အခု ဘယ်လိုလုပ်မလဲ" အဒေါ်ဖီချူနီယာကမေးတယ်၊ သူမဟာ ဒေါသနဲ့ ဟယ်ရီကို စိုက်ကြည့်နေတယ်။ ဒီလိုဖြစ်ရတာ သူ့ကြောင့်ဆိုတဲ့ ပုံပဲ။ သူဟာ မစ္စစ်ဖားရဲ့ ဒဏ်ရာကြောင့် စိတ်မကောင်းဖြစ်သင့်တယ်ဆိုတာ ဟယ်ရီသိတယ်၊ ဒါပေမယ့် နောက်ထပ် တစ်နှစ်လုံးနေမှ ထီထီ၊ နှင်းမှုန်၊ မစ္စတာလက်သည်းနဲ့ ဒိုဒိုတို့ ဓာတ်ပုံကို ကြည့်ရမှာဆိုတော့၊ ဝမ်းမနည်းတော့ဘူး။

"ဒို့ မာဂြိကို ဖုန်းဆက်ပေးလို့ရတာပဲ" ဦးလေးကအကြံပေးတယ်၊

"စိတ်ကူးမယဉ်ပါနဲ့ ဒါစလီ။ သူမက ဒီကလေးကို သိပ်အမြင်ကတ်တာ"

ဒါစလီဇနီးမောင်နှံဟာ ဟယ်ရီ့ရှေ့မှာ အမြဲတမ်း ဒါမျိုးတွေပြောတယ်၊ သူလုံးဝ မရှိသလိုပဲ။ ဒိုပြီး တိတိကျကျပြောရရင်၊ ဟယ်ရီကို ဉာဏ်မမီတဲ့၊ ပြောစကားလုံးဝနားမထောင်တဲ့ ရွံစရာ သတ္တဝါလို၊ ဥပမာအားဖြင့် ပက်ကျိလို သဘောထားတယ်။

"ပြီးတော့ ဟို ဘာနာမည်ခေါ်လဲ၊ မင်း သူငယ်ချင်း ဗီဖန့်ကော"

"မာရောကာကျွန်းကို အနားယူသွားပြီ" အဒေါ်ဖီချူနီယာက မကျေမနပ်ဖြေတယ်။

"ကျွန်တော့်ကို အိမ်မှာထားခဲ့ပေါ့" ဟယ်ရီက မျှော်လင့်ချက်နဲ့ ဝင်ပြောတယ်။ (ဒီလိုဆိုရင် သူကြည့်ချင်တဲ့ တီဗီ အစီအစဉ်တွေကို ကြည့်လို့ရမယ်။ ဒါလီရဲ့ ကွန်ပျူတာကိုတောင် ခဏနိုး ကစားလို့ရနိုင်တယ်)

အဒေါ် ဖီချူနီယာကြည့်ရတာ သံပရာသီးတစ်လုံးမျိုချလိုက်သလိုပဲ။

"အဲတော့ ပြန်လာတာနဲ့ အိမ်တစ်အိမ်လုံးရစရာမရှိဖြစ်တာ မြင်ရမှာလား" သူမက ဒေါသနဲ့ အော်တယ်။

"ကျွန်တော်က အိမ်ကို ဖောက်ခွဲပစ်မှာမှ မဟုတ်တာ"ဟယ်ရီက ပြောတယ်။ ဒါပေမယ့် သူတို့က သူ့ကို လုံးဝအရေးမလုပ်ဖူး။

"ကျွန်မထင်တယ်၊ သူ့ကို တိရစ္ဆာန်ရုံ ခေါ်သွားလို့ရမယ်ထင်တယ်"



အဒေါ်ဖီချူနီယာက ဖြည်းဆေးစွာ ပြောတယ်။ ". . . . ရောက်တော့ သူ့ကို ကားထဲထားခဲ့တာပေါ့. . . ."

"ကားက ကားသစ်နော်၊ သူ့ကို တစ်ယောက်ထဲ ထားခဲ့လို့ မဖြစ်ဘူး. . . ."

ဒါလီဟာ အကျယ်ကြီး စငိုတယ်။ စင်စစ် သူတကယ်ငိုတာတော့ မဟုတ်ဖူး။ သူဟာ တကယ်မငိုတာ နှစ်အတော်ကြာပြီ။ မျက်နှာမဲ့ပြ၊ အကျယ်ကြီး အော်ငိုရင်၊ သူ့အမေက သူလိုချင်တာ အားလုံးကို ဖြည့်ဆည်းပေးမယ်ဆိုတာ သူသိတယ်။

"အမေ့ အသဲလေးရေ၊ မငိုပါနဲ့တော့။ မာမီက သူ့ကြောင့် မွေးနေ့ပွဲ အပျက်မခံပါဘူး" သူမဟာ အော်ရင်း သူ့ကို ပြေးဖက်တယ်။

"သူ. . . . ပါ. . . . တာ. . . . မကြိုက်ဖူး" ဒါလီဟာ တရှုံ့ရှုံ့ လုပ်ရင်း ဟန်ဆောင်ငိုပြနေတယ်။ ပါးစပ်ကလဲ ပြတ်တောင်းပြတ်တောင်း အော်နေတယ်။ "သူပါရင် ပွဲပျက်တယ်" သူက သူ့အမေ လက်မောင်းကြားကနေ ဟယ်ရီကို ပါးစပ်ဖြဲပြီး မိုက်မဲစွာ ရယ်ပြတယ်။

ဒီအချိန်မှာ တံခါးဂလိုင်ခေါက်သံ ထွက်ပေါ်လာတယ်။ "အို၊ ဘုရားရေ - သူတို့လာကြပြီ" အဒေါ် ဖီချူနီယာ ပျာပျာသလဲ ပြောတယ်။ ခဏလေးနေတော့ ဒါလီရဲ့ အချစ်ဆုံးသူငယ်ချင်း ဖီး-ဖိုးချိစ်ဟာ သူ့အမေနဲ့အတူ ဝင်လာတယ်။ ဖီးဟာ ဝါးခြမ်းပြားလို ပိန်တဲ့ကောင်လေးဖြစ်တယ်။ ခပ်အအ ကြွက်လို မျက်နှာမျိုးရှိတယ်။ သူကတော့ ဒါလီ သူများကိုရိုက်တဲ့အခါ အရိုက်ခံရသူကို ကျောဘက်ကနေ လက်ကို ဖမ်းချုပ်ပေးတဲ့ လူဆိုးအားပေးတဲ့အလုပ် အမြဲထမ်းလုပ်တယ်။ ဒါလီဟာ အယောင်ဆောင် ငိုတာကို ချက်ချင်း ရပ်ပစ်လိုက်တယ်။

နာရီဝက်ကြာတော့၊ မိမိဒိလောက်ကံကောင်းလိမ့်မယ်ဆိုတာ မယုံကြည်နိုင်တဲ့ ဟယ်ရီဟာ ဖီးနဲ့ ဒါလီတို့နဲ့အတူ ဒါစလီတို့အိမ်က ကားနောက်တန်းခုံပေါ် ရောက်နေခဲ့ပြီ။ သူ့အဒေါ်နဲ့ ဦးလေးဟာ သူ့ကို ဘယ်လိုလုပ်ရမှန်း မသိဘူး။ အိမ်က မထွက်ခင်မှာ ဦးလေး ဒါစလီက ဟယ်ရီကို တစ်ဖက်ခေါ်ပြီး

"မင်းကို သတိပေးတယ်နော်" သူကပြောရင်းမျက်နှာကြီးကို ဟယ်ရီ ရှေ့တိုးသွားတယ်။ "အခု မင်းကို သတိပေးတယ်၊ ငနဲလေး —ထူးဆန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုခုဖြစ်ပေါ်ခဲ့ရင် နည်းနည်းလေး ဖြစ်ပါစေ မင်းကို ပန်းကန်ဘီဒိုထဲမှာ ခရစ္စမတ်ထိ ပိတ်ထားမယ်"

"ကျွန်တော် ဘာမှ မလုပ်ပါဘူး" ဟယ်ရီက ပြောတယ်။ "တကယ်ပါ. . . ."

ဒါပေမယ့် ဦးလေး ဒါစလီက သူ့ကို မယုံပါဘူး။ ဘယ်တုန်းကမှ သူ့ကို ယုံကြည်တာ မရှိဘူး။

ပြဿနာက ဟယ်ရီနဲ့ ပတ်သက်လို့ ထူးဆန်းတဲ့အဖြစ်အပျက်တွေ မကြာခဏ ဖြစ်တတ်တယ်။ သူက အာညောင်းလောက်အောင် ဒါတွေ သူနဲ့မဆိုင်ပါဘူးလို့ ဘယ်လိုပဲပြောပြော၊ ဒါစလီတို့က သူ့ကို မယုံဘူး။

တစ်ကြိမ်မှာ အဒေါ်ဖီချူနီယာက ဟယ်ရီဆံပင်ညှပ်ပြီး ပြန်လာတိုင်း၊ မညှပ်ရသေးသလို ဖြစ်နေတာကို မကျေမနပ်နိုင်ဘဲ မီးဖိုချောင်သုံး ကတ်ကြေး တစ်လက်ကိုယူပြီး သူ့ဆံပင်ကို ခေါင်းတုံး နီးနီး ညှပ်ပစ်လိုက်တယ်။ ဟို ကြောက်စရာ ဒဏ်ရာကို ဖုံးထားဖို့ နဖူးရှေ့ ဆံစလေးပဲ ထားခဲ့တယ်။

ဒီလိုဆိုတော့ ဒါလီ ဗိုက်နာအောင်ရယ်တာပေါ့။ ဟယ်ရီဟာ စိုးရိမ်လွန်းလို့ ညဘက်အိပ်လို့ မရဘူး။ မနက်ဖြန်ကျောင်းရောက်ရင် ဒုက္ခရောက်မှာကို တွေးပူနေတယ်။ သူ့မှာ အကျီအကျယ်ကြီး ဝတ်ရတာနဲ့ တိတ်အကြည်တွေ ကပ်ထားတဲ့ မျက်မှန်စုတ်ကြောင့် သူငယ်ချင်းတွေ လှောင်ပြောင်စရာ ဖြစ်နေပြီးပြီ။ သို့ပေမယ့် သူ နောက်နေ့မနက် အိပ်ရာထတော့ သူ့ဆံပင်တွေဟာ အဒေါ် ဖီချူနီယာ မညှပ်ခင်က ဆံပင်အတိုင်း ပြန်ဖြစ်နေတာတွေ့တယ်။ သူက အမျိုးမျိုးရှင်းပြပေမယ့် သူတို့လဲ ဆံပင်ဘယ်လိုရှည်လာတယ်ဆိုတာ နားမလည်ဘူး။ သူလဲပဲ ဒီကိစ္စကြောင့် ပန်းကန်စင်ခန်းထဲမှာ ရက်သတ္တတစ်ပတ် အပိတ်ခံခဲ့ရတယ်။

နောက်တစ်ကြိမ်မှာ အဒေါ်ဖီချူနီယာက သူ့ကို ဒါလီ မဝတ်တော့တဲ့ အရုပ်ဆိုးတဲ့ ခေါင်းစွပ် ဆွယ်တာ(ညိုမွဲရောင်ပေါ်မှာ လိမ္မော်ရောင် လေမြှုပ်ပါတယ်)ကို အတင်းဝတ်ခိုင်းတယ်။ သူမဟာ ဆွယ်တာကို သူ့ခေါင်းပေါ် စွပ်တယ်။ သူမအားထုတ်လေ၊ ဆွယ်တာအကျီကသေးသွားလေ။ နောက်ဆုံးတော့ အဝတ်ရုပ်ကလေးတွေနဲ့သာ တန်တဲ့ ကစားစရာအကျီလေး ဖြစ်သွားတယ်။ ဟယ်ရီကို အတင်းဝတ်ပေးလို့ရတဲ့ အရွယ်အစားလဲ မဟုတ်တော့ဘူးပေ့ါ။ အဒေါ်ဖီချူနီယာက ဒီလိုမကောက်ချက်ချတယ်။ ရေချိုးလို့တဲ့။ ဒီတော့



ဟယ်ရီလဲ ဒီအတွက်ကြောင့် အပြစ်ပေးမခံရတော့ဘူး။ ဟယ်ရီလဲ ဒီတော့မှ သက်ပြင်းချနိုင်တော့တယ်။

နောက်တစ်ကြိမ်ရှိသေးတယ်။ ကျောင်းမီးဖိုချောင် ခေါင်မိုးပေါ် ထိုင်နေတာ ဆရာတွေ့လို့ သူဒုက္ခရောက်သေးတယ်။ ထိုစဉ်က ဒါလီရဲ့ အဖွဲ့တွေဟာ ခါတိုင်းလိုပဲ သူ့ကို ဝိုင်းလိုက်တယ်။ ရုတ်တရက် သူဟာ မီးခိုး ခေါင်တိုင်ပေါ်ရောက်သွားတယ်။ ထိုစဉ်က ဟယ်ရီတုန်လှုပ်သွားတာဟာ တခြားလူတွေထက် မလျော့ဘူး။ ဟယ်ရီရဲ့ အတန်းပိုင်ဆရာဟာ ပြင်းထန်တဲ့ စာတစ်စောင်ရေးပြီး ဒါစလီဇနီးမောင်နှံဆီပို့တယ်။ ဟယ်ရီဟာ အတင့်ရဲစွာနဲ့ ကျောင်းခေါင်မိုးပေါ်တက်တဲ့အကြောင်း ပြောထားတယ်။ စင်စစ်ထိုစဉ်က သူဟာ (သူက သော့ခတ်ထားတဲ့ ပန်းကန်ဘီဒိုခန်းထဲကနေ အပြင်ဘက်က ဦးလေးကို ရှင်းပြနေတယ်)မီးဖိုချောင်အပြင်ဘက်က အမှိုက်အိတ်ကြီးတွေရဲ့ နောက်ဘက်ကို ခုန်ဝင်လိုက်တာပဲရှိတယ်။ ဟယ်ရီအထင်က ခုန်နေတုန်းမှာ လေပင့်လို့ အပေါ် ရောက်သွားတာလို့ တွေးတယ်။

ဒါပေမယ့် ဒီနေ့တော့ နောက်ထပ် ဘာမှ အမှားမဖြစ်ဖို့ လိုတယ်။ ကျောင်း၊ သူ့ပန်းကန်ဘီဒို ခန်းနဲ့ မစ္စစ်ဖားအိမ်က ဂေါ်ဖီထုပ်နံ့နံတဲ့ ဧည့်ခန်း ကလွဲရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် တစ်ရက်လောက် နေရရင် ပြီးတာပဲ။ ဒါလီနဲ့ ပီးတို့နဲ့အတူ နေရလဲ အရေးမကြီးဘူး။

ဦးလေးဟာ ကားမောင်းရင်း အဒေါ်ဖီချူနီယာကို မကျေမနပ်တာတွေ တတွတ်တွတ် ပြောနေတယ်။ သူဟာ ကိစ္စအတော်များများကို မကျေနပ် ကြောင်းပြောတတ်တယ်။ အလုပ်မှာတွေ့ရတဲ့လူ၊ ဟယ်ရီ၊ အစည်းဝေး၊ ဘဏ်နဲ့ ဟယ်ရီ။ ဒါတွေဟာ သူအပြစ်တင်ပြောဆိုတာတွေထဲက အနည်းပိုင်းပါပဲ။ ဒီနေ့မနက် သူ့အကြောင်းအရာက မော်တော်ဆိုင်ကယ်။

". . . တစ်လမ်းလုံး အရူးလို အော်ဟစ်နေတယ်။ ဂျပိုးလေးတွေ" သူက မော်တော်ဆိုင်ကယ်တစ်စီး ဆူညံစွာ ကျော်တက်သွားစဉ်ပြောလိုက်တယ်။

"ကျွန်တော် မော်တော်ဆိုင်ကယ်တစ်စီး အိပ်မက်မက်ဖူးတယ်" ဟယ်ရီက ပြောတယ်။ သူဟာ သူ့အိပ်မက်ကို ရုတ်တရက် အမှတ်ရမိတယ်။ "ပျံတတ်တယ် ခင်ဗျ"

ဦးလေး ဒါစလီဟာ ရှေ့ကကားကို ဝင်တိုက်ဖို့ နည်းနည်းပဲလိုတယ်။ သူဟာ ကိုယ် တစ်ခုလုံးကို လှည့်လိုက်တယ်။ သူ့မျက်နှာဟာ မုတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



မွေးပေါက်နေတဲ့ သကြားမုန့်လာ အမြစ်ကြီးလိုပဲ။ ဟယ်ရီကို ဟိန်းဟောက်တယ်။ "မော်တော်ဆိုင်ကယ် ဘယ်ပျံတတ်မလဲ"

ဒါလီနဲ့ ဖီးတို့ တခစ်ခစ်ရယ်ကြတယ်။

"မော်တော်ဆိုင်ကယ် မပျံတတ်ဖူးဆိုတာ ကျွန်တော်သိပါတယ်" ဟယ်ရီက ပြောတယ်။ "အဲဒါ အိပ်မက်မက်တာပါ"

သူ့အနေနဲ့ ဘာမှ မပြောဖြစ်ရင်ကောင်းလိမ့်မယ်လို့ တွေးတယ်။ ဒါစလီဇနီးမောင်နှံအဖို့ သူမေးတဲ့ မေးခွန်းထက်ပိုပြီး ရွံမုန်းစရာ ရှိတယ်ဆိုရင်၊ အဲဒါ ဟယ်ရီက ပုံမှန်သဘော မဆောင်တဲ့ ကိစ္စတစ်ခုခုကို ပြောလိုက်မှာပဲ။ အိပ်မက်ထဲမှာ ဖြစ်ဖြစ်၊ ကာတွန်းထဲမှာပဲဖြစ်ဖြစ် ဒီအတွက် အန္တရာယ်ရှိတဲ့ အတွေးတွေ ပေါ်လာမှာ အကြောက်ဆုံးပဲ။

အဲဒီနေ့ဟာ သာယာတဲ့စနေနေ့။ တိရစ္ဆာန်ရုံထဲမှာ အလည်လာကြတဲ့ မိသားစုတွေနဲ့ ပြည့်နေတယ်။ ဒါစလီလင်မယားမောင်နှံဟာ အဝင်ဝမှာ ဒါလီနဲ့ ဖီးတို့အတွက် ချော့ကလက်ရေခဲမုန့်ကြီး တစ်ခုစီဝယ်ပေးတယ်၊ ဟယ်ရီကို မောင်းမထုတ်ရသေးခင်မှာ၊ ရေခဲမုန့်ရောင်းတဲ့၊ အပြုံးတွေ ဝေနေတဲ့ မိန်းကလေးက သူ့တို့ ဘာစားချင်သလဲလို့ မေးနေတာကြောင့် ဟယ်ရီကို ဈေးအချိုဆုံး သံပရာရေခဲချောင်း ဝယ်ပေးလိုက်တယ်။

တကယ်တော့ ရေခဲချောင်းလဲ မဆိုးပါဘူးလို့ ဟယ်ရီက တွေးတယ်။ ရေခဲချောင်းကို လျက် ရင်း၊ ခေါင်းကိုတွင်တွင်ကုတ်နေတဲ့ ဒါလီနဲ့ သိပ်တူတဲ့ ချင်ပန်ဇီကြီးကို ကြည့်တယ်။ ကွာခြားမှု တစ်ခုထဲရှိတာက ၎င်းမှာ ရွှေရောင်ဆံပင် မရှိတာပဲ။

ဒါဟာ အကြာကြီးကတည်းက ဟယ်ရီအတွက် အကောင်းဆုံး နံနက်ခင်းပါပဲ။ သူဟာ ဒါစလီ မိသားစုနဲ့ တမင်ခပ်ခွာခွာလေးနေတယ်။ တိရစ္ဆာန်ကိုကြည့်ရတာ ပျင်းလာတဲ့ဒါလီနဲ့ဖီးတို့က သူတို့ ဝါသနာအရ သူ့ကို လာထိုးနှက်မှာ စိုးရတယ်။ သူတို့ဟာ တိရစ္ဆာန်ရုံရှိ ထမင်းဆိုင်မှာ နေ့လယ်စာ စားတယ်။ ဒါလီဟာ သူမှာတဲ့မုန့် သိပ်မကြီးလို့ ဒေါသတွေ ထွက်နေတယ်။ ဦးလေးဒါစလီက သူ့အတွက် တစ်ပွဲထပ်မှာပေးတယ်။ ဒီတော့မှ မူလက ပွဲဟောင်းကို ဟယ်ရီ့ပေးစားလိုက်တယ်။

နောင်အခါမှ ဟယ်ရီပြန်တွေးကြည့်တော့ ဒီလို ကုသိုလ်ကံကောင်းတာမျိုးဟာ သိပ်ကြာကြာခံမှာ မဟုတ်ဘူးဆိုတာ သူစောစောကတည်းက တွေးထား



သင့်တယ်လို့ ထင်တယ်။

နေ့လယ်စာ စားပြီးနောက် သူတို့ တွားသွားသတ္တဝါပြတိုက်ကို ဝင်ကြတယ်။ ဒီနေရာဟာ မှောင်ပြီး အေးအေးလူလူရှိတယ်။ နံရံနှစ်ဘက်မှာ လင်းနေတဲ့ ပြတင်းပေါက် တစ်တန်းစီရှိတယ်။ မှန်ပြတင်းနောက်မှာ မြွေနဲ့ ကင်းလိပ်လျှောအမျိုးမျိုးတို့ သစ်တုံးတို့၊ ကျောက်တုံးတို့ အပေါ်မှာ တွန့်လိမ် လျှောသွားနေတယ်။ ဒါလီနဲ့ ဖီးတို့ဟာ အဆိပ်ပြင်းတဲ့ ကော်ပရာမြွေကြီးနဲ့ လူကို ရစ်ပတ်သတ်နိုင်တဲ့ မြွေကြီးကို ကြည့်ချင်ကြတယ်။

ချက်ချင်းပဲ ဒါလီဟာ ဒီမှာရှိတဲ့ မြွေအကြီးဆုံးကို တွေ့သွားတယ်။ ၎င်းဟာ သူ့ခန္ဓာကိုယ်နဲ့ ဦးလေးဒါစလီရဲ့ မော်တော်ကားကို နှစ်ပတ်တိတိ ပတ်နိုင်တယ်။ ကားကို ပျက်စီးစုတ်ပဲ့တဲ့ အမှိုက်ပုံးဖြစ်အောင် လုပ်ပစ်နိုင်တယ်။ ဒါပေမယ့် ခုအချိန်မှာ ၎င်းဟာ ဒါကိုစိတ်ဝင်စားပုံ မပေါ်ဘူး။ ၎င်းဟာ တခေါခေါအိပ်ပျော်နေတာသာဖြစ်တယ်။

ဒါလီဟာ ပြတင်းပေါက်ရှေ့ရပ်ပြီး နှာခေါင်းကို မှန်နဲ့ပူးကပ်ထားရင်း အရောင်တဖျတ်ဖျတ် တောက်နေတဲ့ ညိုမည်းရောင် မြွေအခွေကြီးကို စိုက်ကြည့်နေတယ်။

"သူ့ကိုလှုပ်နိုင်းပါ" သူက ငိုမဲ့-ငိုမဲ့-နဲ့ သူ့အဖေကို တောင်းဆိုနေတယ်။ ဒါစလီက မှန်ကို အသာခေါက်တယ်။ မြွေကတော့ မလှုပ်ဘူး။

"ထပ်ခေါက်ပါဦး" ဒါလီက အမိန့်ပေးတယ်။ ဒါစလီက လက်ဆစ်နဲ့ မှန်ကို တအားခေါက်တယ်။ မြွေကတော့ ဆက်အိပ်နေတုန်းပဲ။

"ပျင်းစရာကြီး" ဒါလီက မကျေမနပ်ပြောပြီး အလျင်အမြန် ထွက်သွားတယ်။

ဟယ်ရီဟာ ပြခန်းပြတင်းပေါက်ရှေ့ရပ်ပြီး အဲဒီမြွေကို စိတ်ဝင်တစား ကြည့်နေတယ်။ ဒီမြွေဟာ ပျင်းလွန်းလို့ သေသွားရင်တောင် သူအံ့ဩလိမ့်မယ် မထင်ဘူး။ ၎င်းမှာ လက်ချောင်းနဲ့ မှန်ကိုထုပြီး ၎င်းအိပ်မရအောင် တစ်နေကုန်ဆူညံနေတဲ့ လူနတွေကလွဲလို့ အဖော်မှ မရှိတာ။ ၎င်းအခြေအနေက ပန်းကန်ဘီဒိုခန်းထက် ဆိုးတယ်။ ဟိုမှာက သူ့ဆီလာတဲ့ တစ်ယောက်တည်းသော ဧည့်သည်ဟာ တံခါးကို တအားထုပြီး သူ့ကို အတင်းထနိုင်းတဲ့ အဒေါ် ပီချူနီယာ ဖြစ်ပေမဲ့ အနည်းဆုံးတော့ အိမ်ရဲ့ ကျန်နေရာများကို သွားလာလို့ ရသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြွေဟာ ရုတ်တရက် အသီးလုံးလေးနဲ့တူတဲ့ သူ့မျက်လုံးကို ဖွင့်လိုက်တယ်။ ၎င်းဟာ အလွန်နှေးကွေးစွာ ခေါင်းကို ထောင်လိုက်တယ်။ ဟယ်ရီရဲ့အကြည့်နဲ့ဆုံတဲ့အထိ ခေါင်းထောင်လာတယ်။

၎င်းက မျက်တောင်ခတ်လိုက်တယ်။

ဟယ်ရီက မျက်လုံးကြီး အပြူးသားနဲ့ စိုက်ကြည့်တယ်။ ဒီနောက် နောက်လှည့်ပြီး သူတို့ကို သတိပြုမိသူများ ရှိမလားလို့ ဟိုဟိုဒီဒီ ကြည့်လိုက်တယ်။ မရှိဘူး။ သူဟာ မြွေရဲ့အကြည့်ကို ကြိုဆိုပြီး မျက်တောင်ခတ်ပြလိုက်တယ်။

မြွေဟာ ရုတ်တရက် ဒါစလီဇနီးမောင်နှံနဲ့ ဒါလီဘက် ခေါင်းလှည့်လိုက်တယ်။ ဒီနောက် ခေါင်းကိုမော့ပြီး ခေါင်မိုးကို ကြည့်နေတယ်။ ၎င်းရဲ့အမူအရာက ဟယ်ရီကို အလွန်ရှင်းလင်းတဲ့ သတင်းတစ်ခုပေးနေတယ်။ "ကျုပ်မှာ ဒီလိုလူတွေနဲ့ချည်း တိုးနေရတယ်"

"ကျွန်တော်သိတယ်" ဟယ်ရီက မှန်ပြတင်းရှေ့မှာ ဖွဖွလေးပြောတယ်။ မြွေက သူ့အသံကို ကြားသလားဆိုတာ သူမသေချာဘူး။ "ခင်ဗျားသိပ်ကို စိတ်ဆင်းရဲမှာပဲနော်" မြွေက ခေါင်းကို တအားညိတ်ပြတယ်။

"ခင်ဗျားက ဘယ်ကလာတာလဲ" ဟယ်ရီက မေးတယ်။

မြွေဟာ အမြီးနဲ့ မှန်ဘေးက တံဆိပ်ပြားလေးကို တအားရိုက်တယ်။ ဟယ်ရီက မျက်စိမှေးပြီး အပြားလေးပေါ်က စာလုံးကို ဖတ်တယ်။

စပါးကြီး မြွေ၊ ဘရာဇီး။

"အဲဒီနေရာက အလွန်လှပမှာပဲနော်"

စပါးကြီးမြွေက တံဆိပ်ပြားလေးကို အမြီးနဲ့ တအားရိုက်ပြန်တယ်။ ဟယ်ရီက တကို ဆက်ဖတ်တယ်။ ၎င်းမှာ တိရစ္ဆာန်ရုံတွင် မွေးထားသော နမူနာ မြွေဖြစ်ပါတယ်။ "အိုး၊ ကျွန်တော် နားလည်ပြီ - ဒါကြောင့် ခင်ဗျား ဘရာဇီးကို မရောက်ဖူးတာ"

စပါးကြီးမြွေ ခေါင်းခါပြီး ပြန်ဖြေနေတဲ့ အချိန်မှာပဲ ဟယ်ရီ ကျောဘက်ကနေ နားကွဲမတတ် အော်ဟစ်သံကြားလိုက်တယ်။ ဟယ်ရီရော မြွေပါလန့်ပြီး ထခုန်တယ်။ "ဒါလီ၊ မစ္စတာ ဒါစလီ၊ ဒီမြွေကို မြန်မြန်လာကြည့်စမ်းပါ။ သူဘာလုပ်နေတယ်ဆိုတာ ယုံနိုင်စရာမရှိဘူး"

ဒါလီ ဒယိမ်းဒယိုင်နဲ့ ပြေးလာတယ်။



"မင်းလမ်းဖယ်ပေး" သူက ပြောတယ်။ ဟယ်ရီရဲ့ နံရိုးဆီကို လက်သီးနဲ့ ထိုးလိုက်တယ်။ ဟယ်ရီလန့်သွားပြီး သံမံတလင်းပေါ် ပစ်လဲကျသွားတယ်။ တစ်ဆက်တည်း ဖြစ်ပေါ်လာတဲ့ အဖြစ် အပျက်ဟာ မြန်ဆန်လွန်းလို့ ဘာဖြစ်လိုက်တယ်ဆိုတာ ဘယ်သူမှ မသိဘူး။ အဲဒီရှေ့ တစ်စက္ကန့် မှာတောင် ဖီးနဲ့ ဒါလီတို့ဟာ မှန်ပြတင်းကို ကိုယ်နဲ့တအားကပ်ထားနေကြသေးတယ်။ နောက် တစ်စက္ကန့် ကျတော့ လန့်ပြီး စူးစူးရှရှအော်ရင်း နောက်သို့ ခုန်ပြေးကြတယ်။

ဟယ်ရီ ထထိုင်လိုက်တယ်။ ထိတ်လန့်လို့ ဟောဟောဟဲဟဲ ဖြစ်နေတယ်။ စပါးကြီးမြွေ ပြခန်း ပြတင်းကမှန်မရှိတော့ဘူး။ စပါးကြီးမြွေကြီးဟာ ခွေနေတဲ့ သူ့ခန္ဓာကိုယ်ကြီးကို အမြန်ဖြေချပြီး၊ ကြမ်းပေါ် ဆင်းလာတယ်။ တွားသွားသတ္တဝါပြတိုက်ထဲက လူတွေအားလုံးဟာ စူးရှစွာအော်ရင်း ထွက်ပေါက်ဆီသို့ ပြေးလွှားသွားကြတယ်။

တွားသွားသတ္တဝါပြတိုက်က ဝန်ထမ်းလဲ လန့်ပြီး ငိုင်သွားတယ်။

"မှန်ကော" သူဟာ ထပ်ခါတလဲလဲ ပြောနေတယ်။ "မှန် ဘယ်ရောက်သွားသလဲ"

တိရစ္ဆာန်ရုံအုပ်ဟာ ထပ်ခါတလဲလဲ တောင်းပန်တယ်။ ပြီးတော့ အဒေါ်ဖီချူနီယာအတွက် သူကိုယ်တိုင် လက်ဖက်ရည်အချိုပျစ်ပျစ်တစ်ခွက် ဖျော်ပေးတယ်။ ဖီးနဲ့ ဒါလီတို့ဟာ ဘေးမှာကြွတ် ကြွတ် ကြွတ်ကြွတ်နဲ့ လျှောက်ပြောနေတယ်။ ဟယ်ရီမြင်လိုက်ရတဲ့ အဖြစ်အပျက်ကတော့ မြွေကြီး သူတို့နှစ်ယောက် အနားက ဖြတ်သွားတဲ့အခါမှာ သူတို့ ခြေဖနှောင့်ကို အမြီးနဲ့ အပျော်ရိုက်သွားတာကလွဲပြီး ဘာမှ လုပ်မသွားဘူး။ ဒါပေမယ့် သူတို့အားလုံး ဦးလေး ဒါစလီရဲ့ ကားပေါ်ရောက်တာနဲ့ ဒါလီက မြွေကြီး သူ့ခြေထောက်ကို ကိုက်ဖြတ်ဖို့ နည်းနည်းလိုကြောင်း၊ ဖီးကတော့ မြွေကြီးက သူ့ကိုရစ်ပတ်ပြီး ညှစ်သတ်ဖို့ နည်းနည်းပဲ လိုတော့တဲ့အကြောင်း လက်ဟန်ခြေဟန်တွေနဲ့ ပြောပြနေတယ်။ အဆိုးဆုံးကတော့ ဟယ်ရီအဖို့ ပြောရရင် အခြေအနေ ဆိုးပါတယ်။ ဖီးဟာ တဖြည်းဖြည်း တည်ငြိမ်မှု ပြန်ရလာပြီးနောက် ရုတ်တရက် စကားတစ်ခွန်းပြောချလိုက်တယ်။ "ဟယ်ရီက မြွေနဲ့စကားပြောနေသေးတယ်၊ မဟုတ်ဖူးလား၊ ဟယ်ရီ"

ဖီး အန္တရာယ်ကင်းစွာ မိမိတို့အိမ်က ထွက်သွားပြီးနောက် ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဒါစလီက ဟယ်ရီကို စတင်ထိုးနှက်ပါတော့တယ်။ သူဟာ စိတ်ဆိုးလွန်းလို့ စကားတောင်ပြောမထွက်ဖူး။ နောက်ဆုံးမှ စကားလုံးတချို့ကို ညှစ်ထုတ်လိုက်တယ်။ "သွား၊ ပန်းကန်ဘီဒိုခန်းထဲမှာ သွားနေ။ ထမင်းမစားရဘူး" ပြောပြီးတာနဲ့ ထိုင်ခုံပေါ် လဲကျသွားတယ်။ အဒေါ်ဖီချူနီယာက အခြေအနေမဟန်မှန်းသိလို့ သူ့အတွက် ဘရန်ဒီတစ်ခွက် ငှဲ့ပေးလိုက်တယ်။

ဟယ်ရီဟာ မှောင်မည်းတဲ့ ပန်းကန်ဘီဒိုခန်းထဲမှာ အကြာကြီးလှဲလျောင်းနေတယ်။ မိမိမှာ နာရီတစ်လုံး ရှိချင်လိုက်တာ။ အခုဘယ်နှစ်နာရီမှန်းလဲ မသိဘူး။ ဒါစလီ မိသားစု အိပ်ပျော်နေပြီ လားဆိုတာ မသိနိုင်ဘူး။ သူတို့ အိပ်ပျော်သွားပြီးရင် မီးဖိုချောင်ထဲ တိတ်တိတ် ခိုးဝင်ပြီး စားစရာလေး ရှာစားနိုင်တာပေါ့။

သူ မွေးကင်းစကလေးအရွယ်၊ မိဘနှစ်ပါး ကံမကောင်းအကြောင်းမလှလို့ ယာဉ်တိုက်မှုမှာ သေဆုံးရပြီးချိန်က စတွက်ရင် သူဟာ ဒါစလီတို့အိမ်မှာ နေခဲ့တာ ၁၀နှစ်တောင်ရှိပြီ။ သူမှတ်မိ သလောက်ကတော့ ဒီ ၁၀နှစ်ဟာ ဒုက္ခရောက်တဲ့ ၁၀နှစ်။ သူ့မိဘ အသက်ကို ယူငင်သွားတဲ့ ယာဉ်တိုက်မှုကို သူမမှတ်မိဘူး။ တစ်ခါတလေ ညဥ့်နက်သန်းခေါင် ပန်းကန်ဘီဒိုခန်းထဲ အိပ်ရင်း ကြိုးစားတွေးကြည့်တဲ့အခါမှာ ထူးဆန်းတဲ့ ပုံရိပ်တွေ ခံစားရတယ်။ မျက်စိစူးစေတဲ့ အလင်းရောင် စိမ်းစိမ်းနဲ့ နဖူးပေါ်က မီးလောင်ခံရတဲ့ နာကျင်မှု။ သူက ဒါတွေဟာ ယာဉ်တိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ရောဂါလို့ တွေးတယ်။ ဒါပေမယ့် အဲဒီ အလင်းရောင် စိမ်းစိမ်းကြီးက ဘယ်က လာတာလဲဆိုတာ တွေးလို့မရဘူး။ သူဟာ သူ့မိဘနဲ့ ပတ်သက်ပြီး ဘာမှ သတိမရဘူး။ သူ့အဒေါ်နဲ့ ဦးလေးတို့ဟာ သူ့မိဘအကြောင်း ဘယ်တုန်းကမှ မပြောဘူး။ သူ့ကိုလဲ ဘာမေးခွန်းမှ မေးခွင့်မပေးဘူး။ အိမ်မှာလဲ သူတို့ ဓာတ်ပုံ တစ်ပုံမှ မရှိဘူး။

ဟယ်ရီငယ်ငယ်လေးတုန်းက သူဟာ အဆက်မပြတ် မျှော်လင့်ချက် အတွေးတစ်ခုကို တွေးတယ်။ သူမသိတဲ့ ဆွေမျိုးတစ်ယောက်ယောက် ပေါ်လာပြီး သူ့ကို ဒီနေရာကနေ တခြားခေါ်သွား စေချင်တယ်။ ဒီအိပ်မက်ဟာ လက်တွေ့တော့ ဖြစ်မလာဘူး။ ဒါစလီတို့ မိသားစုဟာ မိမိရဲ့ တစ်ဦးတည်းသော ဆွေမျိုးပဲ။ သို့ပေမယ့် တစ်ခါတရံ လမ်းပေါ်က သူစိမ်းက သူ့ကိုသိသလိုလိုပဲလို့ သူခံစားရတယ် (မျှော်လင့်တယ်လို့လဲ ဆိုနိုင်တယ်။)




အဲဒီ သူစိမ်းတွေဟာ ထူးဆန်းတဲ့ လူတွေ။ တစ်ကြိမ်မှာ၊ သူရယ်၊ အဒေါ်ဖီချူနီယာရယ်၊ ဒါလီရယ် ဈေးသွားကြတဲ့အခါမှာ၊ ပန်းရေမ်းရောင် ပိုးဦးထုပ်မြင့်မြင့်ကို ဆောင်းထားတဲ့ ယောကျ်ားညှက်ညှက် တစ်ယောက် သူ့ကို ဦးညွတ်အလေး ပြုတယ်။ အဒေါ်ဖီချူနီယာက စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ကို ဒီလူနဲ့ သိသလားလို့ စစ်မေးတယ်။ ဒီနောက် ဘာမှ မဝယ်တော့ဘဲ သူတို့ကို ခေါ်ပြီး ဒီဆိုင်က ကမန်းကတန်း ထွက်လာခဲ့တယ်။ နောက်တစ်ကြိမ်ကတော့ ဘတ်စကားပေါ်မှာ တစ်ကိုယ်လုံး အကျီအစိမ်းဝတ်ထားတဲ့ ရူးကြောင်ကြောင် အဖွားကြီးတစ်ယောက်က သူ့ကို ဝမ်းပန်းတသာ လက်ယမ်းပြတယ်။ နောက်တစ်ကြိမ်ရှိသေးတယ်။ လမ်းပေါ် မှာ ခရမ်းရောင် အပြင်ဖုံးအကျီရှည်ကြီးကို ဒရွတ်တိုက် ဝတ်ဆင်ထားတဲ့ ထိပ်ပြောင် ယောကျ်ားတစ်ယောက်ဟာ ဘုမသိ ဘမသိနဲ့ ပြေးလာပြီး သူ့ကို လက်ဆွဲနှုတ်ဆက်တယ်။ ဘာမှ မပြောဘဲ ထွက်သွားပြန်တယ်။ ဒီလူတွေ အထူးဆန်းဆုံးနေရာကတော့ သူတို့ကို ဟယ်ရီက သေသေချာချာကြည့်မယ် လုပ်တာနဲ့ မီးခိုးလို ရုတ်တရက် ကွယ်ပျောက် သွားတာပဲ။

ကျောင်းမှာ ဟယ်ရီအဖို့ သူငယ်ချင်းတစ်ယောက်မှ မရှိဘူး။ ဒါလီရဲ့ အပေါင်းအဖော်တွေဟာ အကျီဟောင်း ကျယ်ကျယ်ကြီးဝတ်ဆင်ပြီး မျက်နှာပေါ်မှာလဲ မျက်မှန်စုတ်တပ်ထားတဲ့ သတ္တဝါဆန်း ဟယ်ရီပေါ်တာကို မုန်းကြတာ လူတိုင်းသိတယ်။ ဘယ်သူမှ ဒါလီရဲ့ ဂိုဏ်းသားတွေနဲ့ ဆန့်ကျင်ပြီး မလုပ်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ မိုးပေါ်ကကျလာတဲ့စာ

ဘရစ်ဗက် ပေါ်ဒြိုးမြေ့ လွတ်ပြေးတဲ့ကိစ္စမှာ ဟယ်နီဟာ သမိုင်းတလျှောက် အကြာရှည်ဆုံး အနေနဲ့ပိတ်အပြစ်ဒဏ် ပေးခံရတယ်။ သူ့ဝန်းကျင် ဘီဒိုထဲက ထွက်လာခွင့်ရတဲ့ အချိန်ဟာ နွေရာသီ ကျောင်းပိတ်ရက်တွေ အချိန်ပဲ၊ ဒါလီဟာလဲ သူ့ဗီဒီယိုရိုက်စက်အသစ်ကို ကစားလို့ ဖျက်နေပြီ၊ အဝေးထိန်းလေယာဉ်လဲ ပျက်ကျနေပြီ။ ပြီးတော့ သူ့နှန်းမျောင်း စက်ဘီးကို စီးတဲ့အခါမှာပဲ ချိုင်းထောက်ထောက်ပြီး ပရီဗက်လမ်းကို ဖြတ်ကူးတဲ့ မစ္စဖစ်ဂါကို တိုက်ပစ်လိုက်တယ်။

ကျောင်းပိတ်သွားတာကို ဟယ်နီက သိပ်ပျော်တယ်။ သို့သော်လည်း ဒါလီ ဂိုဏ်းသားတွေကိုတော့ သူရှောင်လို့ မရဘူး။ သူတို့ဟာ နေ့တိုင်း အိမ်ကို လာလည်ကြတယ်။ ပီယာ၊ ဒင်နီ၊ မိုကင်နဲ့ ဂေါ်ဒင် တို့အားလုံးဟာ ထွားလဲထွား တုံးလဲတုံးတယ်။ ဒါလီဟာ သူတို့ထဲမှာ အတုံးဆုံး အထွားဆုံးလူ ဖြစ်လို့ ဒီဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်လာတယ်။ ကျန်လူအားလုံးကတော့ ဒါလီ အနှစ်သက်ဆုံး လှုပ်ရှားမှုဖြစ်တဲ့ ဟယ်နီကို ဝိုင်းဖမ်းတဲ့ထဲ ပါဝင်ကြတယ်။



အဲဒါကြောင့် ဟယ်နီဟာ အတတ်နိုင်ဆုံး အပြင်ဘက်ထွက်နေရတဲ့ အကြောင်းရင်းပဲ။ သူဟာ အချိန်လေးမျက်နှာသို့ လျှောက်သွားတယ်၊ ကျောင်းပိတ်ရက် ကုန်ဆုံးပြီးနောက် အခြေအနေကို တွက်ဆတွေးတော နေတယ်။ ဒီလိုမှသာ သူ့ဘဝအတွက် မျှော်လင့်ချက် အနည်းငယ်ရှိနိုင်တယ်။ စက်တင်ဘာလရောက်ရင် သူ အလယ်တန်းတက်ရတော့မယ်၊ ဒါဟာ သူ့ဘဝမှာ ပထမဆုံး အကြိမ် ဒါလီနဲ့ တစ်ကျောင်းထဲ မနေရမှာ၊ ဒါလီဟာ ဦးလေးဗါနန်နေခဲ့ဖူးတဲ့ ကျောင်းဖြစ်တဲ့ စမယ်တင်အလယ်တန်းကျောင်းမှာ ကျောင်းဝင်ခွင့်ရထားပြီ၊ ပီယာလဲ အဲဒီကျောင်းမှာဘဲ တက်မှာ။ တစ်ခါ ဟယ်နီ တက်ရမဲ့ ကျောင်းက ကျောက်နံရံ အထက်တန်းကျောင်း၊ ဒီကျောင်းဟာ ဒေသဆိုင်ရာ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ကျောင်းဖြစ်တယ်။ ဒါကို ဒါလီက သိပ်ရယ်စရာကောင်းတယ်လို့ ထင်တယ်။

"ကျောက်နံရံကျောင်းက လူတွေဟာ ကျောင်းစဖွင့်တဲ့ရက်မှာ ကျောင်းသားသစ်ရဲ့ ခေါင်းကို အိမ်သာအင်တုံထဲ ဆွဲနှစ်တယ်" သူက ဟယ်နီကို ပြောပြတယ်။ "ဘယ့်နှယ်လဲ၊ အပေါ်ထပ်မှာ အစမ်းလေ့ကျင့်ဦးမလား"

"မလိုတော့ပါဘူး ကျေးဇူးတင်ပါတယ်" ဟယ်နီက ပြောတယ်၊ "သနားစရာအင်တုံက မင်းလိုနံ့စရာကောင်းတဲ့ဟာမျိုး ဘယ်တုန်းကမှ မျိုမချဖူးဘူး၊ အန်ထုတ်လိမ့်မယ်" သူ့စကားကို ဒါလီသေချာနားမလည်ခင်မှာပဲ ဟယ်နီ အလျှင်အမြန် ထွက်ပြေးသွားတယ်။

ဇူလိုင်လရဲ့ ရက်တစ်ရက်မှာ အဒေါ်ပီတူးနီးယားဟာ ဒါလီကိုခေါ်ပြီး သူ့စမယ်တင်ကျောင်းမှာ ဝတ်ရမဲ့ ဝတ်စုံသွားဝယ်တယ်၊ ဟယ်နီကိုတော့ မစ္စဖစ်အိမ်မှာ ထားခဲ့တယ်။ မစ္စဖစ်ဟာ အရင်ကလောက် မဆိုးတော့ဘူး၊ သူ့ခြေထောက်ကျိုးတာ သူ့ကြောင်နဲ့ ခလုတ်တိုက်ပြီး လဲလို့ ကျိုးတာ ဖြစ်ကြောင့် အရင်ကလောက် သူ့တို့ကို မချစ်တော့ဘူး။ သူက ဟယ်နီကို ကိုယ့်ဖာသာ TV ကြည့်ခိုင်းထားတယ်၊ နှစ်အတော်ကြာ သိမ်းထားတာနဲ့တူတဲ့ ချောကလက်ကလေးတစ်ချပ်လဲ ကျွေးသေးတယ်။

အဲဒီနေ့ညနေမှာ ဒါလီဟာ ဝတ်စုံအသစ်စက်စက်ကို ဝတ်ပြီး ဧည့်ခန်းထဲမှာ အိမ်သားတွေရှေ့ ရှိုးပြနေတယ်။ စမယ်တင်ကျောင်းက ယောကျ်ားလေးဝတ်စုံက ကာကီရောင် ဖင်ပြန့်အကျႌ၊ လိမ္မော်ရောင် ခေါင်းပေါင်း ဘောင်းဘီတို့နဲ့ လှေလှော်စဉ်ဆောင်းတဲ့ ထိပ်ပြားမြက်ဦးထုပ်အမာ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပြင် သူတို့မှာ အဆစ်တွေနဲ့ လက်ကိုင်တုတ်လဲ ရှိသေးတယ်။ အဓိကအားဖြင့် ဆရာ သတိမပြုမိတဲ့ အခိုက်မှာ အပြန်အလှန်ရိုက်ခတ်ကြဖို့ ဖြစ်တယ်။ ဒါဟာ နောင်-လူ့အဖွဲ့အစည်း ထဲမှာ နေထိုင်ဖို့အတွက် ကောင်းမွန်တဲ့ လေ့ကျင့်မှု ပေါ့လေ။

နောက်နေ့ နံနက် ဟယ်ရီ မီးဖိုချောင်ထဲ နံနက်စာသွားစားတဲ့အခါမှာ ကြောက်စရာ အနံ့ဆိုးကြီး ရတယ်။ အနံ့ဟာ ရေဇလုံထဲက သံဇလုံကြီးဆီက လာပုံရတယ်။ သူ ကပ်သွားပြီး ကြည့်တယ်။ ဇလုံထဲက ပစ္စည်းတွေဟာ ရေမည်းမည်းထဲက ညစ်ပတ်တဲ့ လက်သုတ်ဝတ်တွေလိုပဲ။

"ဒါဘာတွေလဲ" သူက အဒေါ်ဖီချူနီယာကိုမေးတယ်။ သူမက ပါးစပ် ကို တင်းတင်းစေ့ထားတယ်။ သူမေးခွန်း မေးမိတဲ့အခါတိုင်း ဒီလို အမူအရာမျိုး ပြတယ်။ "မင်းဝတ်စုံအသစ်" သူမက ပြောတယ်။

"အို" သူက ပြောတယ်။ "ဒီလိုစိုနေအောင် လုပ်ရမယ်ဆိုတာ ကျွန်တော်မသိဘူး"

"ဒီလောက်မအစမ်းနဲ့" သူမက ဝေါက်တယ်။ "ငါ-အခုမင်းအတွက် ဒါလီ အင်္ကျီဟောင်းကို မီးခိုးရောင်ဆိုးနေတယ်။ ဆိုးပြီးရင် တခြားလူတွေရဲ့ ဝတ်စုံတွေနဲ့ အတူတူပဲ ဖြစ်သွားလိမ့်မယ်" ဟယ်ရီက သိပ်မယုံပါဘူး။ ဒါပေမယ့် အကောင်းဆုံးက သူမနဲ့ ငြင်းခြင်းမနေဖို့ပဲ။ သူဟာ ထမင်းစား စားပွဲမှာ ထိုင်ရင်း၊ သူကျောက်နံရံ အထက်တန်းကျောင်းကိုသွားတဲ့ ပထမရက်ရဲ့ ပုံပန်းကို စိတ်ကူး ကြည့်တယ်။ ကိုယ်ပေါ်မှာ ဆင်အရေခွံတစ်ချပ် လွှားထား တာနဲ့ တူမယ်ထင်ပါရဲ့။

ဒါလီနဲ့ ဦးလေး ဒါစလီတို့ ဝင်လာတယ်။ သူတို့နှစ်ယောက်စလုံးဟာ ဟယ်ရီဝတ်စုံသစ် အနံ့ကြောင့် နှာခေါင်းရှုံ့နေတယ်။ ဦးလေးဟာ ခါတိုင်းလိုပဲ သတင်းစာကို ဖွင့်ဖတ်တယ်။ ဒါလီက သူနဲ့ တစ်ဖဝါးမှ မကွာထားတဲ့ စမယ်တင် လက်ကိုင်တုတ်ကို မြှောက်ပြီး ထမင်းစားစားပွဲကို ဒိုင်းကနဲ ရိုက်ချလိုက်တယ်။

သူတို့ဟာ စာပုံးသံ ဂရုတ်-ဆိုတာနဲ့အတူ စာတချို့ ခြေသုတ်ခုံပေါ် ကျသွားတာ ကြားလိုက်ရတယ်။

"စာသွားယူချေ ဒါလီ" ဦးလေး အသံဟာ သတင်းစာနောက်က ထွက်လာတယ်။

"ဟယ်ရီကို ယူခိုင်း"



"စာသွားယူချေ၊ ဟယ်ရီ"

"ဒါလီကို သွားယူခိုင်း"

"မင်းရဲ့ စမယ်တင်တုတ်နဲ့ သူ့ကို တွန်းလွှတ်လိုက်၊ ဒါလီ"

ဟယ်ရီဟာ စမယ်တင်တုတ်ကို ရှောင်ပြီး စာသွားယူတယ်။ ခြေသုတ် ဖုံပေါ်မှာ ပစ္စည်း ၃-မျိုး တွေ့ရတယ်။ ဦးလေး ဒါစလီရဲ့ အစ်မက ပို့လိုက်တဲ့ ပို့စကာဒ်။ သူမက အခု ဝတ်ထ်ကျွန်းမှာ အပန်းဖြေနေတယ်။ စာရင်းစက္ကူနဲ့ တူတဲ့ အညိုရောင်စာအိတ်နဲ့ ဟယ်ရီကိုပေးတဲ့ စာတစ်စောင်။ ဟယ်ရီက စာကို ကောက်ယူလိုက်တယ်။ စာကိုကြည့်ပြီး အံ့အားသင့်နေတယ်။ သူ့နှလုံးဟာ သားရေမျှော့ကြိုး အကြီးကြီးလို ဝုန်းကနဲ ထခုန်တယ်။ ဘယ်သူကမှ သူ့ဘဝ တလျှောက် ဘယ်သူဆို ဘယ်သူကမှ စာရေးမပေးခဲ့ဖူးဘူး။ ဒါ ဘယ်သူများ လဲ။ သူ့မှာ မိတ်ဆွေမရှိဘူး။ တခြားဆွေမျိုးလဲ မရှိဘူး။ သူ့မှာ စာကြည့်တိုက် လက်မှတ်လဲ မရှိဘူး။ ဒါကြောင့် သူ့ကို စာအုပ်ပြန်အပ်ပါလို့ တိုက်တွန်းတဲ့ မယဉ်ကျေးတဲ့အကြောင်းကြားစာလဲ မရခဲ့ဖူးဘူး။ ဒါပေမယ့် အခုဒီမှာ စာတစ် စောင်။ လိပ်စာရေးထားတာ ရှင်းနေတာပဲ။ ဘယ်လိုမှ မမှားနိုင်ဘူး။

မစ္စတာ ဟယ်ရီ-ပေါ်တာ

လှေခါး အောက်က ပန်းကန်ဘီဒို

အမှတ် ၄၊ ရေဖယောင်းပင်လမ်း

ဝှင့် ငယ်ရပ်၊ ဆာရီပြည်နယ်

စာအိတ်ကတော့ နည်းနည်း အဝါရောင်သန်းနေတဲ့ ထူလေးတဲ့ စက္ကူ အိတ်၊ လိပ်စာကို ကျောက်စိမ်းရောင် မှင်နဲ့ ရေးထားတယ်။ တံဆိပ်ခေါင်းတော့ ကပ်မထားဘူး။

ဟယ်ရီဟာ တုန်ယင်တဲ့ လက်နဲ့ စာကိုတစ်ဖက်လှန်လိုက်တယ်။ နောက်ဘက်ရှိ ခရမ်းရောင် ဖိုင်းသဏ္ဌာန် ဖယောင်းတံဆိပ်ကို တွေ့ရတယ်။ H စာလုံးကြီးကြီး ဘေးမှာ ခြင်္သေ့တစ်ကောင်၊ သိန်းငှက်တစ်ကောင်၊ ခွေးတူ ဝက်တူ တစ်ကောင်နဲ့ မြွေတစ်ကောင် ဝိုင်းပတ်ထားတယ်။

"မြန်မြန်လုပ်၊ ငတိ" ဦးလေးက မီးဖိုချောင်ကနေ အော်တယ်။ "မင်းဘာအချိန်ဆွဲနေတာလဲ။ စာအိတ်ဗုံးစစ်ဆေးနေတာလား" သူဟာ မိမိ ဟာသကြောင့် တခစ်ခစ်ရယ်နေတယ်။

ဟယ်ရီ မီးဖိုထဲ ပြန်ရောက်လာတယ်။ မျက်စိကတော့ သူ့စာပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲရှိတယ်။ သူက စာရင်း စာရွက်နဲ့ ပို့စကဒ်ကို သူ့ဦးဆီ ကမ်းပေးလိုက်တယ်။ ပြီးတော့ ထိုင်ပြီး အဝါရောင် စာအိတ်ကို ဖြည်းဖြည်းဖောက်တယ်။

ဦးလေး ဒါစလီက စာရင်းစာရွက်ကို ဖြန့်တယ်။ မကျေနပ်ဘဲ ရှုံ့သံတစ်ချက်ပေးတယ်။ ပြီးတော့ ပို့စကဒ်ကို လှန်ကြည့်တယ်။

"မာကြိနေ့မကောင်းဘူး" သူက အဒေါ်ဖီချူနီယာကို အစီရင်ခံတယ်။ "ထူးထူးဆန်းဆန်း ဆိခရု စားမိလို့တဲ့. . . ."

"အမေ" ဒါလီက ရုတ်တရက် ပြောတယ်။ "ဟယ်ရီ ပစ္စည်းတစ်ခု ယူထားတယ်"

ဒီအချိန်မှာ ဟယ်ရီက စာကိုဖြန့်ဖို့ လုပ်နေတုန်းပဲ။ စာရေး စာအိတ်ပါ ထူထဲတဲ့ သိုးရေ စက္ကူထူတွေချည်းပဲ။ မထင်မှတ်ဘဲ ဦးလေးဒါစလီ လုယူလိုက်တာ ခံရတယ်။

"အဲဒါ ကျွန်တော့်စာ" ဟယ်ရီက ပြောတယ်။ စာကိုပြန်လုဖို့ ကြိုးစားတယ်။

"ဘယ်သူကများ မင်းကိုစာရေးပေးမှာမို့လဲ" ဦးလေး ဒါစလီက သရော်ရယ်ရယ်ရင်း စာကို လက်တစ်ဖက်နဲ့ ခါဖြန့်လိုက်ပြီး တစ်ချက် ငုံ့ကြည့်လိုက်တယ်။ သူ့မျက်နှာဟာ လမ်းပြမီးကဲ့သို့ နီရာကနေ စိမ်းသွား တယ်။ ပြီးတော့ အပြောင်းလဲက ဒါတင်မကသေးဘူး။ စက္ကန့်အနည်းငယ် အတွင်းမှာတင် မှိုတက်တဲ့ ကွေကာအုတ် တစ်ခွက်လို ဖြူဖျော့ဖြော့နှမ်းသွားတယ်။

"ဖီ-ဖီ ဖီချူ" သူကအသက်ပြင်းပြင်း ရှူရင်း ခေါ်တယ်။

ဒါလီက စာကိုလုကြည့်ချင်တယ်။ ဦးလေး ဒါစလီက စာကို အမြင့်ကြီး မြှောက်ထားတယ်။ သူဖမ်းလို့ မမိဘူး။ အဒေါ်ဖီချူနီယာဟာ သိချင်ဇောနဲ့ ပထမစာကြောင်းကို ဖတ်တယ်။ အဲဒီ လျှပ်တစ်ပြက် အချိန်ကလေးမှာ သူမဟာ မူးလဲကျသွားတော့မလို ဖြစ်သွားတယ်။ သူမဟာ လည်ပင်းကို လက်နဲ့ဖမ်းကိုင်လိုက်ပြီး၊ အသက်ရှူကြပ်တဲ့အသံ ထွက်လာတယ်။

"ဒါစလီ၊ အိုး ဘုရားရေ-ဒါစလီ"

သူတို့နှစ်ယောက်သား တစ်ဦးကိုတစ်ဦး ကြည့်ပြီး ဘာလုပ်ရမှန်း မသိဖြစ်နေတယ်။ ဟယ်ရီနဲ့ ဒါလီတို့ ရှိနေတာကို မေ့နေသလိုပဲ။ ဒါလီဟာ သူ့ကို မေ့ထားတာ အကျင့်မရဘူး။ စမယ်တင်ဒုတ်နဲ့ သူ့အဖေခေါင်းကို အားနဲ့ တစ်ချက်ခေါက်လိုက်တယ်။



"ဟိုစာကို ကျွန်တော်ကြည့်မယ်" သူက အကျယ်ကြီး ဖော်တယ်။

"ငါကြည့်ရမှာ" ဟယ်ရီက ဒေါသနဲ့ ပြောတယ်။ "အဲဒါ ငါ့စာ"

"ထွက်သွား၊ နှစ်ယောက်စလုံး ထွက်သွား" ဦးလေး ဒါစလီက အသံကို အောက်ပြီး ပြောတယ်။ စာကို စာအိတ်ထဲ ပြန်ထည့်လိုက်တယ်။

ဟယ်ရီက မသွားဘူး။

"ကျွန်တော် ကျွန်တော့် စာကို ယူမယ်" သူက တအားအော်တယ်။

"ကျွန်တော့်ကိုပြပါ" ဒါလီက တောင်းဆိုတယ်။

"ထွက်သွား" ဦးလေး ဒါစလီက ဒေါသတကြီးအော်လိုက်တယ်။ လှမ်းပြီး ဟယ်ရီနဲ့ ဒါလီ တို့ကို ဂုတ်ပိုးကဆွဲပြီး အပြင်က စင်္ကြံပေါ် ပစ်ချလိုက်တယ်။ တံခါးကိုလဲ ဒိုင်းကနဲ ဆောင့်ပိတ်တယ်။ ဟယ်ရီနဲ့ ဒါလီဟာ သော့ပေါက်ကနေ ချောင်းကြည့်နိုင်ဖို့ ချက်ချင်းပဲ အသံမထွက်ဘဲ ပြင်းပြင်းထန်ထန် တွန်းထိုး လုယက်ကြတယ်။ အဆုံးမှာ ဒါလီ အနိုင်ရတယ်။ ဒီတော့ အရိုက်ခံရလို့ မျက်မှန် နားရွက်တစ်ဘက်မှာ ချိတ်နေတဲ့ ဟယ်ရီဟာ ကိုယ်တစ်ခုလုံး မြေကြီးပေါ် မှောက်ချပြီး တံခါးနဲ့ ကြမ်းခင်းကြားက လွတ်နေတဲ့ အပေါက်ကနေ ချောင်းနားထောင်တယ်။

"ဒါစလီ" အဒေါ်ဖီချူနီယာက တုန်ယင်တဲ့ အသံနဲ့ ပြောတယ်။ "ဟိုလိပ်စာကို ကြည့်ပါဦး၊ သူတို့ ဘယ်လိုလုပ်ပြီး သူဘယ်မှာ အိပ်တယ်ဆိုတာ သိနိုင်မှာလဲ။ သူတို့ ဒီအိမ်ကို စောင့်ကြည့်နေတာ မဟုတ်နိုင်ပါဘူးနော်"

"စောင့်ကြည့်တာ-သတင်းယူတာ - တို့နောက်ကို နောက်ယောင်ခံလိုက်တာတောင် ဖြစ်နိုင်တယ်" ဦးလေး ဒါစလီက ပွစိပွစိ ပြောနေတယ်။

"ဒီလိုဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်ရပါ့မလဲ၊ ဒါစလီ။ ကျွန်မတို့ စာပြန်ဖို့လိုမလား။ သူတို့ကို ကျွန်မတို့ မဖြစ်စေချင် —"

ဦးလေးဒါစလီရဲ့ လက်နေတဲ့ ရှူးဖိနပ် မီးဖိုချောင်ထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေတာ ဟယ်ရီမြင်ရတယ်။

"မဖြစ်ဘူး" နောက်ဆုံး သူစကားပြောလာတယ်။ "မဖြစ်ဘူး၊ ဂရုမစိုက်ဘဲ နေလိုက်မယ်။ သူတို့က တို့တုံ့ပြန်တာ လိုချင်ရင်. . . . ဟုတ်ပြီ၊ ဒါအကောင်းဆုံးနည်းပဲ. . . . တို့ဘာမှ မလုပ်ဘဲ နေမယ်. . . ."

"ဒါပေမယ့်. . . . . ."

"သူတို့ ဒီအိမ်ထဲ ခြေချခွင့် မပေးဘူး၊ ဖီချူနီယာ။ တို့သူ့ကို အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ချီသွင်းတုန်းကတို့ သန္နိဋ္ဌာန်ချခဲ့တယ်မဟုတ်လား၊ အန္တရာယ်ရှိတဲ့ မဟုတ်မဟတ် ကိစ္စတွေကို ရှင်းပစ်ဖို့ ဆုံးဖြတ်ထားတယ်၊ မဟုတ်လား"

အဲဒီနေ့ညနေ ဦးလေးဒါစလီ ရုံးဆင်းလို့ အိမ်ပြန်ရောက်တဲ့အခါမှာ သူဘယ်တုန်းကမှ မလုပ်ဖူးတဲ့ အလုပ်ကို လုပ်လိုက်တယ်။ သူက ပန်းကန်ဘီဒိုထဲဝင်ပြီး ဟယ်ရီကို ကြည့်တယ်။

"ကျွန်တော့်စာကော" ဦးလေးဒါစလီဟာ သူ့ကိုယ်ခန္ဓာ အထွားကြီးကို ပန်းကန်ဘီဒိုထဲ တိုးဝင်လိုက်တာနဲ့ ဟယ်ရီက မေးတယ်။ "ဘယ်သူကျွန်တော့်ဆီ စာရေးတာလဲ"

"မရှိပါဘူး၊ လိပ်စာမှားရေးလို့ မင်းဆီရောက်လာတာ" ဦးလေးက တိုတိုပဲ ဖြေတယ်။ "ငါ မီးရှို့ပစ်လိုက်ပြီ"

"လုံးဝမမှားပါဘူး" ဟယ်ရီက စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "ကျွန်တော်နေတဲ့ ပန်းကန်ဘီဒိုတောင် ရေးထားတာပဲ"

"ပါးစပ်ပိတ်ထား" ဦးလေးဒါစလီက ဟောက်တယ်။ ဟောက်သံကြောင့် ပင့်ကူနှစ်ကောင် ပြုတ်ကျလာတယ်။ သူဟာ အသက်ပြင်းပြင်း နှစ်ကြိမ်သုံးကြိမ် ရှူလိုက်တယ်။ ပြီးတော့ မျက်နှာပေါ် အပြုံးလေးပေါ်လာအောင် မနည်းညှစ်ထုတ်တယ်။ သူ့အပြုံးက မဲ့ပြုံး။

'အော် - ဟုတ်သားပဲ၊ ဟယ်ရီ - ပန်းကန်ဘီဒိုနဲ့ ပတ်သက်ပြီး မင်းအဒေါ်နဲ့ ငါစဉ်းစားနေတာ. . . . . . အခု မင်းလဲကြီးလာပြီ။ ဒီနေရာမှာနေရတာ နည်းနည်းကျဉ်းတာပေါ့. . . . တို့ စဉ်းစားတယ်။ မင်းဒါလီရဲ့ ဒုတိယအိပ်ခန်းထဲ ပြောင်းနေရင် အလွန်သင့်တော်မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ" ဟယ်ရီကပြောတယ်။

"မေးခွန်းမထုတ်နဲ့" သူ့ဦးလေးက ဒေါသနဲ့ ဟောက်တယ်။ "ပစ္စည်းတွေ သိမ်းလိုက်၊ အပေါ်ထပ်ကို ပြောင်း၊ အခုပဲပြောင်း"

ဒါလီတို့ အိမ်မှာ အခန်းလေးခန်းရှိတယ်။ တစ်ခန်းက ဦးလေးဒါစလီနဲ့ အဒေါ်ပီချူနီယာရဲ့ အိပ်ခန်းကြီး။ တစ်ခန်းက (ဒါစလီရဲ့ အစ်မမာကြီတို့လာရင် အသုံးပြုလေ့ရှိတယ်။) တစ်ခန်းက ဒါလီရဲ့ အိပ်ခန်း။ နောက်တစ်ခန်းကတော့ ဒါလီအခန်းမှာ ထည့်လို့မဆံ့တဲ့ ကစားစရာနဲ့ တခြားပစ္စည်းတွေထားတာ။ ဟယ်ရီဟာ စုစုပေါင်း တစ်ခေါက်ထဲနဲ့ သူ့ပစ္စည်းအားလုံး ပန်းကန်ဘီဒိုထဲကနေ ဒီအခန်းထဲ သယ်ပြီးသွားတယ်။ သူဟာ ခုတင်ပေါ်



ထိုင်ပြီး ပတ်ဝန်းကျင်ကို ကြည့်တယ်။ ဒီမှာရှိတဲ့ ပစ္စည်းတိုင်းဟာ အပျက်ချည်းပဲ။ ဝယ်တာတစ်လပဲရှိသေးတဲ့ ဗီဒီယိုရိုက်စက်ကို ဒါလီ ဘေးအိမ်က ခွေးလေးကိုနင်းလေ့ရှိတဲ့ တွန်းလှည်းပေါ်တင်ထားတယ်။ အခန်းထောင့်မှာ ဒါလီရဲ့ ပထမဆုံး TV စက်ရှိတယ်။ အဲဒီစက်ဟာ သူအကြိုက် ဆုံးဇာတ်လမ်း မပြတော့ဘဲ ရပ်လိုက်လို့ ဒေါသထွက်ပြီး ထကန်လို့ ပျက်သွားတာ။ ငှက်လှောင်အိမ်ကြီးတစ်လုံးလဲရှိသေးတယ်။ ဒီငှက်လှောင်အိမ်ထဲက ကြက်တူရွေးကို ဒါလီကကျောင်းယူသွားပြီး လေသေနတ်အစစ်နဲ့ လဲလိုက်တယ်။ အခုအဲဒီလေသေနတ်ဟာ ဒါလီထိုင်လို့ အစွန်းတစ်ဖက်ကွေးပြီး စင်ပေါ်မှာရှိနေတယ်။ တခြား စင်တွေပေါ်မှာ စာအုပ်တွေနဲ့ ပြည့်လို့။ ဒီစာအုပ်တွေဟာ ဒီအခန်းထဲမှာရှိတဲ့ မပျက်စီးသေးတဲ့ တစ်ခုတည်းသော အရာဖြစ်တယ်။

အောက်ထပ်ကနေ ဒါလီသူ့အမေကို အတင်းအကြပ်တောင်းဆိုနေတဲ့ ငိုသံရောက်လာတယ်။ "သူ့ကို ဟိုမှာမထားနဲ့ . . . . ကျွန်တော် အဲဒီအခန်းကို အသုံးကျတယ်။ သူ့ကို ထွက်သွားခိုင်း. . . . . . "

ဟယ်ရီက သက်ပြင်းချတယ်။ ခြေလက်ဆန့်ပြီး ခုတင်ပေါ်လှဲနေတယ်။ မနေ့တုန်းကဆိုရင် သူဟာ ဒီနေရာကို ပြောင်းလာရေးအတွက် အားလုံးကို စွန့်လွှတ်နိုင်တယ်။ ခုတော့၊ ဒီကို ပြောင်းလာရပြီး စာကို မရတာနဲ့စာရင် စာကိုယူပြီး ပန်းကန်ဘီဒိုစုတ်ထဲပဲ ပြန်နေချင်တယ်။

နောက်နေ့ နံနက်စာစားတဲ့အချိန်မှာ အားလုံးငြိမ်သက်နေတယ်။ ဒါလီဟာ တကယ့်ကို စိတ်ဆိုးနေတာ။ သူက ဆူးဆူးရူရူအော်တယ်။ သူ့စမယ်တင်တုတ်နဲ့ သူ့အဖေကို တအားခေါက်တယ်။ အော့အန်ချင်ယောင်ဆောင်တယ်။ သူ့အမေကို အရူးအမူးကန်တယ်။ သူ့လိပ်နဲ့ အမွေးခန်းခေါင်မိုးကို ပစ်ခွဲတယ်၊ ဒါပေမဲ့ သူ့အခန်းကို ပြန်မရဘူး။ ဟယ်ရီဟာ မနေ့တုန်းကတည်းက ဒီလို ဖြစ်လိမ့်မယ်ဆိုတာ တွက်ထားပြီးသား။ သူက နောင်တရစွာနဲ့ တွေးတယ်၊ ထိုစဉ်က စကြိုမှာဘင် စာကို ဖောက်လိုက်ရင်ကောင်းသား။ ဦးလေးနဲ့ အဒေါ်တို့ မျက်နှာဟာ မည်းနေပြီး အပြန်အလှန်ကြည့်နေကြတယ်။

စာလာပို့ချိန်မှာ ဦးလေးဒါစလီဟာ ဟယ်ရီအပေါ် ကောင်းကြောင်းပြချင်သလိုပဲ။ ဒါကြောင့် ဒါလီကို စာသွားယူခိုင်းတယ်။ စမယ်တင်တုတ်နဲ့ တစ်လမ်းလုံး ရိုက်ပုတ်သွားတဲ့အသံ ကြားနေရတယ်။ ဒီနောက် သူဟာ အကျယ်ကြီးအော်တယ်။ "စာတစ်စောင်ရှိပြန်ပြီ။ မစ္စတာ ဟယ်ရီ-ပေါ်တာ၊

www.burmeseclassic.com



အသေးဆုံးအိပ်ခန်း၊ ရေဖယောင်းပင်လမ်း၊ အမှတ် ၄-"

ဦးလေးဒါစလီ လည်မြိုကိုညှစ်ခံရတဲ့အသံမျိုး ထွက်လာတယ်။ ထိုင်ခုံပေါ်က ခုန်ထလိုက်ပြီး စကြိုသို့ ပြေးသွားတယ်။ ဟယ်ရီက သူ့နောက်က ကပ်လိုက်သွားတယ်။ ဦးလေးဟာ ဒါလီကိုဆွဲလိမ်ပြီး ကြမ်းပေါ်လှဲချမှ စာကိုလုယူလို့ရတယ်။ တစ်ခါ ဟယ်ရီက သူ့ကျောဘက်ကနေ လည်ပင်းကို ဖက်ထားလို့ ပိုခက်ခဲတယ်။ တစ်မိနစ်ခန့် ဟိုက်နိုက်ပြီး လူတိုင်း စမယ်တင်ဟုတ်နဲ့ အချက်ပေါင်းများစွာ အနိုက်ခံရပြီးမှ ဦးလေး တန်မတ်တတ်ထရပ်လိုက်တယ်။ ဟောဟဲ ဟောဟဲနဲ့ အသက်ပြင်းပြင်း ရှူရှိုက်ရင်း ဟယ်ရီ့စာကို လက်ထဲ ကိုင်ထားတယ်။

"မင်း ပန်းကန်ဘီဒိုထဲပြန်သွား — ငါပြောတာက မင်းအိပ်ခန်းထဲပြန်" သူက ဟောဟဲလုပ်ရင်း ဟယ်ရီကို ပြောတယ်။ "ဒါလီ-ဖယ်စမ်း-မြန်မြန်သွား"

ဟယ်ရီဟာ သူ့အိပ်ခန်းသစ်ထဲမှာ မနားတမ်းပတ်ပြီး လျှောက်နေတယ်။ သူပန်းကန်ဘီဒိုထဲက ပြောင်းသွားတာ သိတဲ့လူရှိတယ်။ သူပထမစာမရတာလဲ သိနေသလိုပဲ။ ဒါကိုကြည့်ရင် သူတို့ နောက်တစ်ကြိမ် စမ်းပို့ဦးမယ်နဲ့တူတယ်။ ဒီတစ်ကြိမ်တော့ ဘယ်လိုပဲဖြစ်ဖြစ် စာကိုရအောင် ယူမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူက စီမံကိန်းတစ်ခု တွေးထားတယ်။

ပြင်ထားတဲ့ နှိုးစက်ဟာ နောက်တစ်နေ့နံနက် ခြောက်နာရီမှာ အုံးလ်မြည်လာတယ်။ ဟယ်ရီက နှိုးစက်ကို အမြန်ပိတ်လိုက်တယ်။ တိတ်တိတ်ကလေး အကျီဝတ်လိုက်တယ်။ ဒါစလီ အိမ်သားတွေ မနိုးအောင် သတိနဲ့နေရတယ်။ သူဟာ မီးမဖွင့်ဘဲ အမှောင်ထဲစမ်းပြီး တိတ်တိတ်လေး လှေခါးက ဆင်းလာတယ်။

သူ ရေဖယောင်းပင်လမ်းထောင့်ဆီသွားပြီး စာပို့လုလင်ကို စောင့်မယ်၊ အမှတ် ၄ အိမ်က စာကို ကြိုပြီးယူမယ်။ သူ့နှလုံးသားဟာ ပြင်းထန်စွာ ခုန်နေတယ်။ မှောင်မည်းနေတဲ့ စင်္ကြံကို ခြေဖော့ဖြတ်သွားပြီး တံခါးမကြီးဆီ လျှောက်သွားတယ်. . . . . .

"အမေလေး"

ဟယ်ရီဟာ ကြောက်လန့်တကြားနဲ့ ထခုန်တယ်။ သူဟာ ခြေသုတ်ဖုံပေါ်က ပျော့ဖပ်ဖပ် ကြီးကြီးအရာတစ်ခုကို နင်းမိတယ်- အသက်ရှိတဲ့အရာ။



အပေါ်ထပ်က မီးတွေ အလျှင်အမြန်လင်းလာတယ်။ ဟယ်ရီတုန်လှုပ်စွာနဲ့ တွေ့ရှိတာကတော့ ပျော့ဖပ်ဖပ်ကြီးကြီးအရာဟာ သူ့ဦးလေးရဲ့ မျက်နှာပါပဲ။ ဦးလေး ဒါစလီဟာ စောင်အိတ်ကြီးနဲ့ တံခါးမကြီးမှာ အိပ်နေတယ်။ ဟယ်ရီလုပ်ဖို့ ကြိုးစားတာကို တားဆီးဖို့ဆိုတာ ရှင်းနေတယ်။ သူဟာ ဟယ်ရီကို နာရီဝက်လောက် မာန်မဲပြီးမှ သူ့အတွက် လက်ဖက်ရည်ပူပူ သွားဖျော်ခိုင်းတယ်။ ဟယ်ရီဟာ ဒုက္ခရောက်စွာနဲ့ မီးဖိုချောင်ဆီ ပြေးသွားတယ်။ သူတံခါးမကြီးဆီ ပြန်ရောက်လာတော့ စာလဲရောက်လာပြီ။ ဦးလေးဒါစလီရဲ့ ပေါင်ပေါ်ရောက်နေပြီ။ ဟယ်ရီဟာ မင်စိမ်းနဲ့ ရေးထားတဲ့ စာသုံးစောင်ကို မြင်ရတယ်။

"ကျွန်တော့်ပေး" သူစာတောင်းဖို့လုပ်တယ်။ ဦးလေး ဒါစလီက သူ့ရှေ့တင် စာကို ကြေမွအောင်ဆုတ်ဖြဲပစ်တယ်။

ဦးလေး တန်နွံ - ဒါစလီ ထိုနေ့မှာ ရုံးမတက်ဘူး။ သူအိမ်မှာနေပြီး စာပုံးကို သံနဲ့ အသေပိတ် ရိုက်ထားတယ်။

"တွေ့တယ် မဟုတ်လား" သူက ပါးစပ်ထဲမှာ သံတွေငုံထားရင်း အဒေါ်ဖီချူနီယာကို ရှင်းပြနေတယ်။ နောက်ထပ်စာထည့်လို့ မရရင် သူတို့ လက်လျှော့သွားလိမ့်မယ်"

"ဒါတကယ် အသုံးကျမကျ မပြောတတ်ဘူး၊ ဒါစလီ"

"အော၊ ဒီလူတွေရဲ့ ခေါင်းက သိပ်ထူးဆန်းတယ်၊ ဖီချူနီယာ။ သူတို့ဟာ မင်းတို့ ငါတို့လို လုံးဝ မဟုတ်ဘူး"

ဦးလေး ဒါစလီဟာ ပြောရင်း သံတစ်ချောင်းကို ကြိုးစားရိုက်နေတယ်။ သံပေါ်မှာ အဒေါ်ဖီချူနီယာလာကျွေးတဲ့ ကြွက်ဥမုန့်တွေ ကပ်နေသေးတယ်။

သောကြာနေ့မှာ အနည်းဆုံး စာ ၁၂-စောင်ရောက်လာတယ်။ စာပုံးထဲထည့်မရတော့ လမ်းပြောင်းပြီး တံခါးအောက်က ထိုးထည့်တယ်။ တံခါးဘေးနှစ်ဖက်က ညှပ်ထည့်တယ်။ စာတချို့ကို အောက်ထပ် အိမ်သာပြတင်းကလေးက ပစ်ထည့်တယ်။

ဦးလေးတန်နွံ - ဒါစလီဟာ နောက်တစ်ကြိမ် ရုံးမသွားဘဲ အိမ်စောင့်တယ်။ စာအားလုံး မီးရှို့ပစ်ပြီးနောက် တူတို့သံတို့ ယူပြီး အိမ်ရှေ့တံခါး၊ အိမ်နောက်ဖေး တံခါးနဲ့ အိမ်လေးဘက်လေးတန်ရှိ အပေါက်ဟူသမျှအားလုံးကို ပျဉ်ပြားနဲ့ အသေရိုက် ပိတ်တယ်။ ဘယ်သူမှလဲ ထွက်လို့မရတော့ဘူး။ သူဟာ အလုပ်လုပ်ရင်း "ခြေဖျားထောက်ပြီး ဂျူးလစ်ကို ဖြတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သီချင်းကို ညည်းတယ်။ အသံလေး တစ်ခုခုကြားတာနဲ့ လန့်ခုန်တယ်။

စနေနေ့ကျတော့ အခြေအနေကို ချုပ်ကိုင်လို့ မရတော့ဘူး။ ဟယ်ရီကိုပေးတဲ့ စာ ၂၄-စောင်ဟာ ဒီအိမ်ထဲကို ရှောရှောရှူရှူရောက်လာတယ်။ ၎င်းတို့ကို အလိပ်ကလေးတွေ လုပ်ပြီး ကြက်ဥ နှစ်ဒါဇင်ထဲမှာ ခွဲဝှက်ထည့်ထားပြီး၊ ဘုမသိ ဘမသိ နွားနို့ပို့သူကတစ်ဆင့် ဧည့်ခန်းပြတင်းပေါက်ကနေ အဒေါ်ဖီချူနီယာလက်ကို အပ်လိုက်တာ။ ဦးလေး ဒါစလီဟာ စာတိုက်နဲ့ နွားနို့လယ်ကွင်းကို ဒေါသနဲ့ဖုန်းဆက်ပြီး သူမကျေနပ်တာ ပြောဖို့လုပ်နေတဲ့အချိန်မှာ အဒေါ်ဖီချူနီယာက ဒီစာတွေကို စားကြွင်းစားကျန် ဖျက်ဆီးတဲ့စက်နဲ့ ကြေမွအောင် ချေဖျက်ပစ်လိုက်တယ်။

"ဘယ်သူကများ မင်းနဲ့ ဒီလောက်တောင် ဆက်သွယ်ချင်ရတာလဲ" ဒါလီက အံ့ဩစွာနဲ့ ဟယ်ရီကိုမေးတယ်။

တနင်္ဂနွေနေ့ နံနက်မှာ ဦးလေးဒါစလီ ထမင်းစားပွဲမှာ ထိုင်ပြီး နံနက်စာစားတယ်။ သူ့ကြည့်ရတာ မောပန်းနွမ်းနယ်နေတယ်။ မျက်နှာလဲ အရောင်မကောင်းဘူး။ လူကတော့ အလွန်ပျော်သလိုပဲ။

"တနင်္ဂနွေနေ့ စာမပို့ဘူး" သူက ဝမ်းသာအားရသတိပေးရင်း ယိုကိုသတင်းစာပေါ် သွားသုတ်တယ်။ "ဒီနေ့ ဟိုသေချင်းဆိုးစာတွေ မလာဘူး —" သူပြောနေစဉ်မှာပဲ တရှပ်ရှပ်မြည်သံနဲ့အတူ အရာတစ်ခုခု မီးဖိုချောင်မီးခိုးခေါင်းတိုင်ကနေ ကျလာတယ်။ သူ့နောက်စိကို မလွဲမချော် လာရိုက်မိတယ်။ ခနနေတော့ စာအစောင် သုံးလေးဆယ်ဟာ ကျည်ဆန်တွေ မီးလင်းဖိုထဲကနေ ပစ်လွှတ်လိုက်သလို တဖြောက်ဖြောက် ထွက်လာတယ်။ ဒါစလီမိသားစုဟာ ကမန်းကတန်း တိမ်းရှောင်ကြတယ်။ ဟယ်ရီက ခုန်ထပြီး စာတစ်စောင်ကို ဖမ်းယူဖို့ လုပ်တယ်။

"ထွက်သွား၊ ထွက်သွား"

ဦးလေး ဒါစလီက ဟယ်ရီလက်မောင်းကို ဆွဲထားတယ်။ သူ့ကို စင်္ကြံဆီ ပစ်ချလိုက်တယ်။ အဒေါ်ဖီချူနီယာနဲ့ ဒါလီတို့ ခေါင်းကိုလက်နှင့်အုပ်ပြီး မီးဖိုချောင်က ထွက်ပြေးပြီးနောက် ဦးလေး ဒါစလီက တံခါးကို ဒိုင်းဆိုဆောင့်ပိတ်လိုက်တယ်။ စာတွေဟာ အဆက်မပြတ် မီးဖိုထဲဝင်လာပြီး နံရံနဲ့



ကြမ်းပြင်ကြားထဲမှာ ခုန်ပေါက်နေသံကို သူတို့ကြားရတယ်။

"ဒီလိုပဲလုပ်" ဦးလေး ဒါစလီက ပြောတယ်။ တည်ငြိမ်တဲ့ လေသံဖြစ်အောင်လဲ ထိန်းထားတယ်။ တစ်ဖက်မှာလဲ မျက်နှာပေါ်က မုတ်ဆိတ်မွေးကို အပြုလိုက်ဆွဲနုတ်နေတယ်။ "မင်းတို့ ငါးမိနစ်အတွင်း အားလုံးဒီမှာလာစု၊ အပြင်ထွက်ဖို့ပြင်။ တို့ဒီနေရာက ထွက်ခွာမယ်။ အကျႌ သုံးလေးထည်ယူခဲ့ရင် ပြီးရော။ ဘာမှ ဆင်ခြေမတက်နဲ့"

မျက်နှာပေါ်က မုတ်ဆိတ်မွေးတွေ အများကြီးဆွဲနုတ်ထားတဲ့ သူ့ကိုကြည့်ရတာ အန္တရာယ် ရှိပြီး ကြောက်စရာကောင်းနေတယ်။ ဒါကြောင့် ဘယ်သူမှ ဘာမှမပြောရဲဘူး။ ၁၀ မိနစ်ကြာပြီးနောက် သူတို့ဟာ သစ်ချောင်းတွေနဲ့ အသေပိတ်ထားတဲ့ တံခါးမကြီးကို ဖြုတ်ဖွင့်ပြီး ကားနဲ့ ဟိုင်းဝေးလမ်းကြီးဆီ တအားမောင်းသွားတယ်။ ဒါလီက ကားနောက်ဘက် ထိုင်ခုံပေါ်မှာ တရှုံ့ရှုံ့ငိုနေတယ်။ ခုနက အထုပ်အပိုးထုပ်ကြတုန်းက သူက သူ့ TV ရယ်၊ ဗီဒီယိုရိုက်စက်ရယ်၊ ကွန်ပျူတာရယ် တို့ကို သူ့အားကစား ကျောပိုးအိတ်ထဲထည့်နေတာ အချိန်အတော်ကြာသွားတယ်။ ဒါကြောင့် သူ့အဖေက သူ့ခေါင်းကို သုံးလေးချက်ထုတာ ခံလိုက်ရတယ်။

သူတို့ ရှေ့သို့ မောင်းသွားတယ်။ ဆက်ပြီးရှေ့ကို မောင်းတယ်။ ဘယ်ကို သွားမှာလဲဆိုတာ အဒေါ်ဖီချူနီယာကတောင် မမေးဝံ့ဘူး။ အချိန်တစ်ခုကြာတိုင်း ဦးလေးဒါစလီဟာ ခေါက်ချိုးကွေ့ချပြီး ဆန့်ကျင်ဘက်သို့ ဦးတည်ပြီး လာလမ်းအတိုင်း ပြန်မောင်းပြန်တယ်။

"သူတို့ကို မျက်ခြည်ဖြတ်ပစ်ရမယ်. . . . . သူတို့ကို မျက်ခြည်ဖြတ်ပစ်မယ်" သူဒီလိုလုပ်တိုင်း ပါးစပ်က တတွတ်တွတ် ပြောနေတယ်။

သူတို့ဟာ တစ်နေ့လုံး ရပ်ပြီး အစားအစာမစားခဲ့ဘူး။ ညမိုးချုပ်တဲ့အချိန်မှာ ဒါလီက စပြီး အကျယ်ကြီး ငိုကြွေးတယ်။ ဒီတစ်သက် ဘယ်တုန်းကမှ ဒီလောက်ဒုက္ခမရောက်ခဲ့ဖူးဘူး။ သူ ဆာလို့သေတော့မယ်။ သူကြည့်ချင်တဲ့ TV အစီအစဉ် ငါးခုလဲ လွတ်သွားခဲ့ပြီ။ ကွန်ပျူတာရှေ့ ထိုင်ပြီး ဂြိုဟ်သားတစ်ယောက်ကို ကျေကျေနပ်နပ်ကြီး ဖောက်သတ်မပစ်ရတာ ဒီလောက်တောင် အချိန်ကြာသွားပြီ။

ကားဟာ မြို့ကြီးတစ်မြို့ရဲ့ ဆင်ခြေဖုံးကို ရောက်လာတယ်။ ဦးလေး ဒါစလီဟာ နောက်ဆုံးမှာ လျှို့ဝှက်နက်နဲပုံပေါ်တဲ့ ဟိုတယ်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာရပ်လိုက်တယ်။ ဒါလီနဲ့ ဟယ်ရီတို့ဟာ နှစ်ယောက်အိပ်ခုတင်နဲ့ မှိန်မှိန်ထွက်နေတဲ့ အိပ်ယာခင်းရှိတဲ့ အခန်းမှာ အတူနေရတယ်။ ဒါလီက တရှူးရှူး အိပ်တယ်။ ဟယ်ရီက နိုးနေပြီး ပြတင်းပေါက်ပေါ်ထိုင်ကာ အောက်က သွားနေတဲ့ ကားမီးကို ကြည့်ပြီး တိတ်တိတ်တွေးနေတယ်. . . . . .

နောက်နေ့မနက်မှာ သူတို့ဟာ မလတ်ဆတ်တဲ့ ပြောင်းဖူးကွေကာအုတ်နဲ့ စည်သွတ် ခရမ်းချဉ်သီး အအေးညှပ်ထားတဲ့ ပေါင်မုန့်ကင်ကို စားတယ်။ စားပြီးရုံ ရှိသေးတယ်၊ ဟိုတယ် သူဌေးက စာပွဲနားရောက်လာတယ်။

"အားနာပါတယ်၊ ရှင်တို့ အထဲမှာ မစ္စတာ ဟယ်ရီ-ပေါ်တာဆိုတာ ရှိပါသလား ရှင်။ ရှေ့ကြိုစာပွဲမှာ ဒီလိုစာမျိုး အစောင် ၁၀၀ ရောက်နေပါတယ်" သူမက စာတစ်စောင်ကို မြှောက်ပြတယ်။ အပေါ်မှာ မင်စိမ်းနဲ့ ရေးထားတဲ့ လိပ်စာကို အားလုံးမြင်ရတယ်။

မစ္စတာ ဟယ်ရီ-ပေါ်တာ
အခန်း အမှတ် ၁၇
မီးရထား ရှုခင်းဟိုတယ်

ဟယ်ရီက စာကို လှမ်းယူတယ်။ ဦးလေးဒါစလီက သူ့လက်ကို တွန်းဖယ်လိုက်တယ်။ အဲဒီ အမျိုးသမီးက မျက်လုံးကြီးပြူးပြီး သူ့ကိုကြည့်နေတယ်။

"ကျွန်တော်စာသွားယူမယ်" ဦးလေး ဒါစလီက ပြောတယ်။ အလျင်အမြန် မတ်တတ်ရပ်လိုက်တယ်။ သူမနောက်ကလိုက်ပြီး ထမင်းစားခန်းက ထွက်ခဲ့တယ်။

"အိမ်ပြန်တာပဲကောင်းတယ်၊ ဒီလိုလုပ်တာ မကောင်းဘူးလား၊ ချစ်လှစွာသော" နာရီအနည်းငယ်ကြာတော့ အဒေါ်ဖီချူနီယာက အရဲစွန့်ပြီး တင်ပြတယ်။ ဦးလေးဒါစလီဟာ ဘာမှ မကြားသလိုပဲ။ သူ ဘာရှာနေသလဲဆိုတာတော့ ကားပေါ်က လူတွေ ဘာမှန်းကို မသိဘူး။ သူဟာ တောအုပ်နက်နက်ထဲ ကားကိုမောင်းသွားတယ်။ ကားပေါ်က ဆင်းပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့် လိုက်တယ်။ ခေါင်းကို ဖြည်းဖြည်းခါတယ်၊ ကားပေါ်ပြန်တက်တယ်၊ တစ်ခါ ရှေ့သို့ ဆက်မောင်းတယ်။ ဒီပုံစံအတိုင်း အသစ်ထွင်ထားတဲ့ လယ်ထဲ



မှာ၊ ကြိုးတံတား အလယ်မှာ၊ ဒိုပြင် ကားရပ်ဆောင် အပေါ်ဆုံးထပ်တွေမှာ လုပ်ပြန်တယ်။

"အဖေရူးနေပြီ၊ ဟုတ်လား" ဒါလီက ငိုင်တိုင်တိုင်နဲ့ အဒေါ်ဖီချူနီယာကို မေးတယ်။ ဒီအချိန်ဟာ ညနေစောင်းခါနီးပြီ။ ဦးလေး ဗာနွန်က ကားကို ပင်လယ်ကမ်းခြေမှာ ရပ်ထားတယ်။ သူတို့ အားလုံးကို ကားထဲသော့ခတ်ထားပြီး ပျောက်သွားတယ်။

မိုးစရွာလာပြီ။ မိုးပေါက်ကြီးတွေ ကားခေါင်မိုးကို ရိုက်ခတ်နေတယ်။ ဒါလီက တအီးအီး ငိုလာတယ်။

"ဒီနေ့ တနင်္လာနေ့လေ" သူက သူ့အမေကို ပြောပြတယ်။ "ညကျရင် 'ကြီးမြတ်တဲ့ ဟမ်ပတာ' ပြမှာ။ TV ရှိတဲ့ နေရာ တစ်ခုမှာ ကျွန်တော် နေချင်လိုက်တာ"

တနင်္လာနေ့။ ဒါက ဟယ်ရီကို တစ်ခုခု စဉ်းစားမိစေတယ်။ ဒီနေ့ဟာ တနင်္လာနေ့ တကယ်ဖြစ်ခဲ့ရင် - ဒီဘက်မှာ ဒါလီတော်တော်စိတ်ချရတယ်။ TV ဇာတ်လမ်းကြောင့် နေ့တွေတွက်ချက်တာ ဘယ်တော့မှ မမှားဘူး— ဒါဖြင့်ရင် မနက်ဖြန် အင်္ဂါနေ့၊ ဒါ ဟယ်ရီရဲ့ ၁၁နှစ်မြောက် မွေးနေ့ပဲ။

ဦးလေးဗာနွန်-ဒါစလီ ပြုံးချိုစွာနဲ့ လမ်းလျှောက်ပြန်လာတယ်။ သေးသေးရှည်ရှည် အထုပ်တစ်ထုပ်လဲ ပါလာတယ်။ အဒေါ်ဖီချူနီယာက သူ့ကို ဘာဝယ်လာတာလဲလို့ မေးတော့ ပြန်မဖြေဘူး။

"အလွန် ဟန်ကျတဲ့နေရာတစ်ခု တွေ့ထားတယ်" သူကပြောတယ်။ "လာ၊ အားလုံး ကားပေါ်က ဆင်းကြ"

ကားအပြင်ဘက်မှာ အလွန်အေးတယ်။ ဦးလေးဒါစလီက ပင်လယ်ပေါ် အထီးတည်း ထိုးထွက်နေတဲ့ ကျောက်ဆောင်ကြီးကို ညွှန်ပြတယ်။ အဲဒီပေါ်မှာ အစုတ်ပြတ်ဆုံး အိမ်ကလေး တစ်လုံးရှိတယ်။ သေချာတာကတော့ အိမ်ထဲမှာ TV ကြည့်စရာ ရှိမှာမဟုတ်တာဘဲ။

"ရာသီဥတု ကြေညာထားတာက ဒီည လေပြင်းမုန်တိုင်း တိုက်လိမ့်မယ်" ဦးလေး ဒါစလီ ပျော်ရွှင်စွာပြောတယ်။ လက်ခုပ်လဲ တစ်ချက်တီးလိုက်တယ်။ "အဲဒီ လူကြီးမင်းက တို့ကို စေတနာနဲ့ လှေငှားပေးဦးမှာ"

သွားတွေမရှိတော့တဲ့ အဖိုးကြီးတစ်ယောက် သူတို့ဆီ ဖြည်းဖြည်း လျှောက်လာတယ်။ မျက်နှာပေါ်မှာ သရော်ပြုံးနဲ့၊ ခဲရောင်နက်နက်ထနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပေါ်က နိမ့်ချည် မြင့်ချည် လှုပ်ခါနေတဲ့ လှေစုတ်ကလေးကို လက်ညှိုးထိုးပြတယ်။

"ငါ့အားလုံးအတွက် ရိက္ခာတချို့စီမံထားပြီ" ဦးလေးဒါစလီက ပြောတယ်။ "ဒါကြောင့် အခုအားလုံး လှေပေါ်တက်ကြ"

လှေပေါ်မှာ သေအောင်အေးတယ်။ ရေခဲလိုအေးစက်တဲ့ လှိုင်းစက်နဲ့ မိုးရေက သူတို့လည်ပင်းထဲ ဝင်လာတယ်။ အရိုးထိအောင် ကျဉ်စေတဲ့ လေအေးက သူတို့မျက်နှာကို ရိုက်ခတ်တယ်။ နာရီအတော်ကြာသွားပြီးမှ သူတို့ ကျောက်ဆောင်ကြီးပေါ် တက်ခဲ့ကြတယ်။ ဦးလေး ဒါစလီဟာ လူးလူးလဲလဲနဲ့ အများကို ဦးဆောင်ကာ ပြိုလုဆဲဆဲ အိမ်ကလေးဆီ ဦးတည်သွားတယ်။

အိမ်ကလေးထဲက အခြေအနေက အလွန်ဆိုးတယ်။ လေထုထဲမှာ ပင်လယ်ရေမှော် အညှီနံ့တွေချည်းပဲ။ လေအေးဟာ ပျဉ်ထရံကြားက တရှိန်ရှိန်နဲ့ ဝင်လာတယ်။ မီးလင်းဖိုလဲ စိုနေတယ်။ ထင်းလဲတစ်ချောင်းမှမရှိဘူး။ အခန်းဆိုလို့ စုစုပေါင်း နှစ်ခန်းထဲရှိတယ်။

ဦးလေး ဒါစလီရဲ့ ရိက္ခာဆိုတာကတော့ ဆွဲယောက်ကို အာလူးကြော်တစ်ထုပ်စီနဲ့ ငှက်ပျောသီး လေးလုံး။ သူက မီးစမ်းဖို့ကြည့်တယ်။ အာလူးကြော်ထုပ်အိတ်တွေဟာ မီးခိုးတွေ ထွက်ပြီး ကြွံ့ခဲ့သွားတယ်။

"အခုချိန်မှာ စာလာပို့ရင် အသုံးတည့်မှာနော် မဟုတ်ဖူးလား" သူက ပျော်ရွှင်စွာ ပြောတယ်။

သူ့ကြည့်ရတာ စိတ်ပျော်နေတယ်။ ဒီလို မိုးလေကြားမှာ ဘယ်သူကမှ သူတို့ဆီစာလာပို့မှာ မဟုတ်ဘူးလို့ သူထင်ပုံရတယ်။ ဟယ်ရီစိတ်ထဲမှာလဲ သူ့အမြင်ကို သဘောတူတယ်။ ဒါပေမဲ့ သူ့လိုတော့ ဘယ်လိုမှ ပျော်လို့မရှုဘူး။

မိုးချုပ်ပြီးနောက်၊ ခန့်မှန်းထားတဲ့ လေပြင်းမုန်တိုင်းတိုက်လာပြီ။ လှိုင်းတံပိုးတွေဟာ အိမ်လေးကို တဖတ်ဖတ်လာတိုက်တယ်။ လေပြင်းဟာ ညစ်ပေနေတဲ့ ပြတင်းတံခါးကို တကျိုကျိုမြည်အောင် ရိုက်ခတ်တယ်။ အဒေါ် ပီချူနီယာဟာ ကျန်အခန်းတစ်ခန်းကနေ မှိုတက်တဲ့ စောင်သုံးလေးထည် တွေ့တယ်။ ပိုးထိုးထားတဲ့ ဆိုဖာပေါ်မှာ ဒါလီအတွက် အိပ်ယာခင်းပေးတယ်။ သူနဲ့ ဦးလေး ဒါစလီဟာ လှုပ်ယိုင်နေတဲ့ တဘက်ခန်းက ခုတင်မှာ သွားအိပ်တယ်။ ဟယ်ရီကလဲ သိပ်မမာတဲ့ ကြမ်းတစ်နေရာကို ကမန်းကတန်း ရှာပြီး အပါးဆုံး



အစုတ်ဆုံးစောင်ကိုခြုံပြီး ကွေးနေတယ်။

ညမှောင်လာပြီးနောက် လေမုန်တိုင်းဟာ တိုက်လေပြင်းထန်လေဖြစ်လာတယ်။ ဟယ်ရီ အိပ်လို့ မပျော်ဘူး။ သူဟာ တုန်နေပြီး ကြမ်းပေါ်မှာ ဟိုလှိမ့်ဒီလှိမ့်လှိမ့်နေတယ်။ သက်သက်သာသာလေးဖြစ်အောင် ကြိုးစားနေတယ်။ ဗိုက်ကလဲ ဆာလို့ တဂွီးဂွီးမြည်နေတယ်။ ညသန်းခေါင်တိုင်ခါနီးမှာ လေးပင်တဲ့ မိုးခြိမ်းသံကြီး တဂျုန်းဂျုန်းက ဒါလီဟောက်သံကို ဖုံးလွှမ်းသွားတယ်။ ဒါလီရဲ့ လက်တစ်ချောင်းဟာ ဆိုဖာဘေး တန်းလန်းကျနေတယ်။ ဝတုတ်တုတ် သူ့လက်ကောက်ဝတ်ပေါ်က အရောင်ပြန်နေတဲ့ နာရီက နောက်ထပ် ၁၀-မိနစ်ကြာရင် သူ့ ၁၁-နှစ်မြောက်မွေးနေ့ဆိုတာ ဖော်ပြနေတယ်။ သူဟာ ကြမ်းပေါ်လှဲနေရင်း သူ့မွေးနေ့ နီးနီးလာတာကို တီတတ်-တီတတ် နာရီသံဆီ မျှော်ကြည့်နေတယ်။ ဒါစလီဇနီးမောင်နှံတို့ သူ့မွေးနေ့ကို သတိမှ ရပါမလား။ စာပို့တဲ့လူ အခု ဘယ်မှာများရှိမလဲဆိုတာ တွေးနေတယ်။

နောက်ထပ် ငါးမိနစ် လိုသေးတယ်။ အိမ်ပြင်မှာ တစ်ခုခုကျိုးပျက်တဲ့ အသံကို ဟယ်ရီကြားရတယ်။ ခေါင်မိုး လေထဲပါမသွားပါစေနဲ့။ ဒါမှ သူနည်းနည်းပိုနွေးချင်နွေးလာမှာလို့ တိတ်တိတ် ဆုတောင်းနေမိတယ်။ လေးမိနစ်လိုသေးတယ်။ သူတို့ အိမ်ပြန်ရောက်တဲ့အခါမှာ ရေမယောင်းပင်လမ်းက အိမ်ထဲမှာ စာတွေနဲ့ ပြည့်ချင်ပြည့်နေမှာ။ စာတစ်စောင်စောင်ကို သူခိုးယူလို့ ရချင်ရမှာ။

နောက်ထပ် တစ်မိနစ်ဆိုရင် သူအသက် ၁၁ နှစ်ပြည့်ပြီ။ စက္ကန့် ၃၀. . . . စက္ကန့် ၂၀. . . . ၁၀စက္ကန့်. . . . ၉ စက္ကန့်- သူဒါလီကို နှိုးပြီး စိတ်ဆိုးအောင်လုပ်ဦးမှ — ၃-စက္ကန့်-၂-စက္ကန့် ၁-စက္ကန့် —

ဘုန်း။

ပျဉ်အိမ်တစ်ခုလုံး အဆက်မပြတ် လှုပ်ခါသွားတယ်။ ဟယ်ရီ ထထိုင်လိုက်တယ်။ တံခါးမကြီးကို ကြည့်နေတယ်။ လူတစ်ယောက် အပြင်ဘက်မှာ ရပ်နေတယ်။ တံခါးခေါက်ပြီး အထဲဝင်ဖို့ လုပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ သော့တိုင်

ဘုန်း။ တံခါးခေါက်သံ နောက်ထပ်ပေါ်လာတယ်။ ဒါလီ လန့်နိုးလာတယ်။

"ဘယ်မှာ ဗုံးပေါက်တာလဲ" သူက နဝေတိမ်တောင်နဲ့ မေးတယ်။

သူတို့ ကျောဘက်မှာ ဒုန်းဒိုင်းနဲ့ ဦးလေးဗာနွန် ဒလိမ့်ခေါက်ကွေး ပြေးဝင်လာတယ်။ သူ့လက်ထဲမှာ ရိုင်ဖယ်တစ်လက် ကိုင်ထားတယ်။ အခုမှ သူ့နဲ့ အတူပါလာတဲ့ သေးသေးရှည်ရှည် အထုပ်က ဘာလဲဆိုတာ သူတို့ သိရတော့တယ်။

"ဘယ်သူလဲ"

သူကအော်တယ်။ "ကျုပ်ခင်ဗျားကို သတိပေးတယ်နော် --- ကျုပ်မှာ လက်နက်ရှိတယ်"

အပြင်ဘက်က ခဏမျှငြိမ်သွားတယ်။ ပြီးတော့ —

ဂဒုန်းဂဒိုင်း။

တံခါးမကြီးဟာ ကြီးမားတဲ့အားနဲ့ ထုရိုက်ခံရလို့ သံကြိုး ပြေထွက်သွား



ပြီး နားကွဲမတတ် အသံကြီးနဲ့အတူ မြေပေါ် ပြားကျသွားတယ်။

တံခါးဝမှာ ဧရာမလူကြီးတစ်ယောက်ရပ်နေတယ်။ သူ့မျက်နှာတစ်ခုလုံး ရှုပ်ထွေးတဲ့ ဆံပင်နဲ့ ချွဲပျစ်နေတဲ့ မုတ်ဆိတ်မွေးတွေ ဖုံးလွှမ်းနေတယ်။ ဒါပေမယ့် သူ့မျက်လုံးကိုတော့ ချက်ချင်း မြင်နိုင်တယ်။ အမွေးအမှင်တွေကြားကနေ ပိုးပိတုန်းကောင်လို အရောင်လက်နေတယ်။

ဧရာမလူကြီးဟာ သူ့ကိုယ်လုံး ဧရာမကြီးကို အိမ်ကလေးထဲဝင်အောင် မနည်းလုပ်ရတယ်။ မျက်နှာကြက်နဲ့ မထိအောင် ခါးကိုကုန်းထားရတယ်။ သူက တံခါးရွက်ကို ကုန်းကောက်ပြီး အသာလေး ပြန်တပ်ထားလိုက်တယ်။ အပြင်ဘက်က လေမုန်တိုင်း နည်းနည်းလျော့သွားတယ်။ သူက လှည့်လိုက်ပြီး သူတို့ကိုကြည့်နေတယ်။

"လက်ဖက်ရည် ပူပူတစ်ခွက်မရဘူးလားဟင်၊ ဒီလမ်းက သွားလို့ မလွယ်ဘူး. . . . . ."

သူဟာ ဆိုဖာဆီ ခြေလှမ်းကျဲကြီးနဲ့ လျှောက်သွားတယ်။ ဒါလီက လန့်ပြီး မှုလနေရာမှာ တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်နေတယ်။

"ဟိုဘက်တိုးစမ်းပါ၊ ဝတုတ်ကြီး" သူစိမ်းကပြောတယ်။

ဒါလီက အော်ပြီး သူ့အမေကျောဘက် ဝင်ပုန်းတယ်။ သူ့အမေကလဲ ကြောက်လို့ ဦးလေး ဗာနွန်နောက်မှာ ဝပ်နေတယ်။

"ဒါဟယ်ရီပဲပေါ့" ဧရာမလူကြီးက ပြောတယ်။

ဟယ်ရီက ခေါင်းမော့ပြီး၊ အဲဟိုကြောက်စရာကောင်းတဲ့၊ ရိုင်းစိုင်းတဲ့၊ ရှပ်ရည်ကို ရှင်းရှင်း မမြင်ရတဲ့ မျက်နှာကို ကြည့်တယ်။ ပိုးပိတုန်းနဲ့တူတဲ့ မျက်စိမှေးလာပြီး အပြုံးတွေ ဝေတက်လာတာ တွေ့ရတယ်။

"မင်းကို နောက်ဆုံးတွေ့ရတုန်းက ကလေးငယ်လေးပဲ ရှိသေးတယ်" ဧရာမလူကြီးကပြောတယ်။ "မင်းက မင်းအဖေနဲ့ သိပ်တူတယ်၊ မျက်စိကတော့ မင်းအမေနဲ့ တထေရာထဲပဲ"

ဗာနွန် - ဒါ့စလီဆီက နားစူးတဲ့ အသံတစ်မျိုး ထွက်ပေါ်လာတယ်။

"ခင်ဗျား ချက်ချင်းထွက်သွားပါ" သူက ပြောတယ်။ "ခင်ဗျားဟာ ပြည်သူ့ရဲ့ အိမ်ထဲကို မတရားဝင်ပြီး ဖျက်ဆီးတာ"

"အား၊ ပါးစပ်ပိတ်ထား၊ တုံးကြီး" ဧရာမလူကြီးပြောရင်း လက်ကို ဆိုဖာနောက်ပစ်ပြီး ဗာနွန်-ဒါ့စလီရဲ့ သေနတ်ကို ဆတ်ခနဲဆွဲယူလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မျှော့ကြီးကိုလိမ်သလို အသာလေးကွေး ပြီး အထုံးတစ်ထုံးထုံးပြီး ဘိမ်ထောင့်ကို ပစ်လိုက်တယ်။

ဗာန္ဒ - ဒါဝလီဆီက တခြားထူးဆန်းတဲ့ အသံတမျိုး ထွက်လာတယ်။ အနင်းခံရတဲ့ ကြွက်မြည်တဲ့ အသံမျိုးပဲ။

"ဘာဘဲဖြစ်ဖြစ် - ဟယ်ရီ" ဇရာမလူကြီးက ဒါဝလီဇနီးမောင်နှံကို ကျောပေးပြီး ကိုယ်ကိုလှည့်လိုက်တယ်။ "အရင်ဆုံး မင်းကိုမွေးနေ့မှာ ပျော်ရွှင်ပါစေလို့ ပြောပရစေ။ ကျုပ် မင်းအတွက် လက်ဆောင်တစ်ခုလဲ ပါသေးတယ်။ ဖိမိသွားတယ် ထင်တယ်။ အရသာကတော့ မပြောင်းပါဘူး" သူဟာ သူ့အနက်ရောင် အပေါ်ဖုံးအကျီ အတွင်းအိတ်ထဲကနေ ဖိမိလို့ နည်းနည်း ပြားနေတဲ့ ဗူးတစ်ဗူးဆွဲထုတ်လိုက်တယ်။ ဟယ်ရီက တုန်ယင်တဲ့လက်နဲ့ ဗူးကိုဖွင့်လိုက်တယ်။ အတွင်းမှာက ချိုမွှေးပျစ်ခဲတဲ့ ချောကလက် ကိတ်မုန့်ကြီး တစ်လုံး။ အပေါ်မှာ အစိမ်းရောင် စာလုံးပါတယ်။ ဟယ်ရီမွေးနေ့ ပျော်ပါစေ။

ဟယ်ရီဟာ ဇရာမလူကြီးကို မော်ကြည့်တယ်။ အစမှာတော့ ကျေးဇူး တင်တယ်လို့ ပြောမလို့။ သူ့စကားဟာ နှုတ်ခမ်းနားရောက်ခါမှ ပျောက်ကွယ် သွားတယ်။ ရုတ်တရက် "ခင်ဗျားဘယ်သူလဲ"လို့ ထွက်သွားတယ်။

ဇရာမလူကြီးက ဟေးဟေးနဲ့ ရယ်တယ်။

"မေးတာကောင်းတယ်။ ကျုပ်ကိုယ်ကျုပ် မိတ်ဆက်မှ မပေးရ သေးတာ။ ကျုပ်က ရူးဘတ်စ် ဟက်ဂရစ်၊ ဟော့ဂ်ဝပ်က သော့ထိန်းနဲ့ တော ထိုက်ကွင်း ကွင်းစောင့်" သူက လက်ဝါးကြီးတစ်ခု ဆန့်ထုတ်ပြီး ဟယ်ရီရဲ့ လက်မောင်းတစ်ခုလုံးကို ဆုပ်ကိုင်လိုက်တယ်။

"လက်ဖက်ရည် ပူပူလေး တစ်ခွက်သောက်ရ မကောင်းလား၊ ရှပ်" သူက လက်ချင်းပွတ်လိုက်တယ်။ "လက်ဖက်ရည်ရှိရင် မင်းတို့ထက် ကြံ့ခိုင်တောင့်တင်းတဲ့ လူကို မရှိဘူးလို့ ငြင်းဆန်ဖို့ မကြိုးစားနဲ့၊ သိလား"

သူ့အကြည့်ဟာ မီးဖိုပေါ်ရောက်သွားတယ်။ အတွင်းမှာ ကြုံ့ခဲနေတဲ့ အာလူးကြော် အိတ်ခွံမှ လွဲပြီး ဘာမှမရှိတာတွေ့တော့ အထင်သေးစွာနဲ့ နှာခေါင်းက တစ်ချက်ရှုလမှုတ်ထုတ်လိုက်တယ်။ သူဟာ မီးလင်းဖိုပေါ် ငုံ့ချလိုက်တယ်။ သူ ဘာလုပ်တယ်ဆိုတာ ဘယ်သူမှ သေချာမမြင်ရဘူး။ ဒါပေမယ့် သူထိုင်နေရာက ပြန်ထလိုက်တဲ့အခါမှာ မီးဖိုထဲမှာ မီးတွေ ဟုန်း ဟုန်းတောက်လောင်နေတာ တွေ့ရတယ်။ စွတ်စိုတဲ့ အခန်းလေးဟာ ချက်ချင်း



ပဲ လင်းချင်းသွားတယ်။ လှုပ်လှုပ်လှဲ့လှဲ့ မီးရောင်တွေ ဖြာထွက်နေတယ်။ ဟယ်ရီဟာ အနွေးဓာတ်တွေ သူ့ကို ဖုံးလွှမ်းလာတယ်၊ ရေနွေးကန်ထဲ ဆင်းလိုက်ရသလိုခံစားရတယ်။

ဇရာမလူကြီး ပြန်ထိုင်တယ်။ သူ့ကိုယ်ကြီးက ဆိုဖာကို နိမ့်ဆင်း သွားစေတယ်။ သူဟာ အပေါ်အင်္ကျီ အိတ်ကပ်ထဲကနေ ပစ္စည်းအမျိုးမျိုး နှိုက်ထုတ်တယ်။ ကြေးရေနွေးအိုးတစ်လုံး၊ ပြားနေတဲ့ ဝက်အူချောင်း၊ မီးညှပ် နှစ်ခု၊ နှုတ်ခမ်းပွဲ့နေတဲ့ မတ်ခွက် သုံးလေးလုံးနဲ့ ပယင်းရောင် အရည်များ ထည့်ထားတဲ့ ပုလင်းတစ်လုံး။ သူက ပုလင်းကိုမြှောက်ပြီး တစ်ကျိုက်ကြီး သောက်လိုက်တယ်။ ပြီးတော့ လက်ဖက်ရည် စဖျော်တယ်။ သိပ်မကြာဘူး။ အခန်းထဲမှာ ဝက်အူချောင်းကင်တဲ့ အသံနဲ့ မွှေးနံ့ရလာတယ်။ ဇရာမလူကြီး စိတ်ဝင်တစား အလုပ်လုပ်နေတဲ့ အချိန်မှာ ဘယ်သူမှ စကားမပြောကြဘူး။ ဒါပေမယ့် အဆီဝပြီး အရည်ရွှန်းတဲ့ နည်းနည်းတူးတဲ့ ဝက်အူချောင်း ခြောက်ချောင်းကို မီးညှပ်ပေါ်ကနေ ခါချတဲ့အခါမှာ၊ ဒါလီဟာ မနေနိုင် မထိုင်နိုင်ဖြစ်လာတယ်။ ဦးလေး ဗာန္ဒ-ဒါဝလီက ဟောက်တယ်။ "သူပေးတဲ့ ဟာဆိုလို့ ဘာမှမထိနဲ့ ဒါလီ"

ဇရာမလူကြီးဟာ သဘောကောင်းမဟုတ်တဲ့ ရယ်ခြင်းနဲ့ ရယ်တယ်။

"မင်းရဲ့ ငထိုင်းဝတုတ်သားဟာ အဆီမလိုတော့ဘူး။ ဒါဝလီ ဒါကို တော့ မင်းစိတ်မပူပါနဲ့"

သူက ဝက်အူချောင်းကို ဟယ်ရီဆီ လှမ်းပေးတယ်။ ဟယ်ရီကလဲ ဆာလှပြီ။ သူ့အနေနဲ့ ဒီဘဝမှာ ဒီလောက်ကောင်းတဲ့ အစားအစာ မစားဖူး သေးဘူးလို့ ခံစားရတယ်။ ဒါပေမယ့် သူ့အကြည့်ဟာ ဇရာမလူကြီးဆီက မခွာနိုင်သေးဘူး။ နောက်ဆုံးမှာ ဘယ်သူကမှ ဘာမှရှင်းပြဖို့ မကြိုးစားတဲ့ အခြေအနေမှာ သူက "အားနာပါတယ်၊ ကျွန်တော် ခင်ဗျား ဘယ်သူလဲဆိုတာ ခုထိ မသိသေးပါဘူး ခင်ဗျား"လို့ မေးလိုက်တယ်။

ဇရာမလူကြီးဟာ လက်ဖက်ရည် တစ်ကျိုက်ကြီး သောက်ချလိုက်ပြီး လက်ဖမိုးနဲ့ ပါးစပ်ကို သုတ်လိုက်တယ်။

"ကျုပ်ကို ဟက်ဂရစ်လို့ ခေါ်ပါ" သူက ပြောတယ်။ "အားလုံးဒီလိုပဲ ခေါ်ကြတယ်။ ကျုပ် မင်းကို ခုတင်ပဲ ပြောပြီးပြီ ဟော့ဂ်ဝပ်က သော့ထိန်းဆို တာ — မင်းဟော့ဂ်ဝပ်အကြောင်းတော့ သိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အော --- မသိဘူး"

ဟက်ဂရစ်ဟာ အလွန်အံ့ဩသွားပုံရတယ်။

"ဝမ်းနည်းပါတယ်" ဟယ်ရီက ကမန်းကတန်း တောင်းပန်တယ်။

"ဝမ်းနည်းတယ် ဟုတ်လား" ဟက်ဂရစ် တအားအော်တယ်။ ဒါ့စလီ ဇနီးမောင်နှံကို လှည့်ကြည့် မျက်စောင်းထိုးတယ်။ သူတို့နှစ်ယောက် ကြောက်လန့်ပြီး မှောင်မည်းတဲ့ အိမ်ထောင့်ဆီ ထွက်ပြေးတယ်။

"ဝမ်းနည်းပါတယ်လို့ ပြောရမှာ သူတို့။ မင်းစာမရဘူးဆိုတာ ငါသိတယ်။ ဒါပေမယ့် မင်းဟာ ဟော့ဂ်ဝပ်ဆိုတာ ဘာမှန်းမသိတဲ့အထိ ဖြစ်ရတယ်။ တကယ့်ကိုပဲ မင်းကကော မင်းမိဘဟာ အဲဒီမှာ ဒါတွေ သင်ယူတတ်မြောက်ခဲ့တယ်ဆိုတာ ဘယ်တုန်းကမှ မတွေးမိဘူးလား"

"ဘာတွေ သင်ယူတတ်မြောက်တယ်" ဟယ်ရီက မေးတယ်။

"ဘာတွေ သင်ယူတတ်မြောက်တယ်၊ ဟုတ်လား" ဟက်ဂရစ်က တအားဟောက်တယ်။ "ကျုပ်ကို ခနစောင့်ပါ"

ဒီအချိန်မှာ သူက ခုန်ထလိုက်ပြီ။ တအားဒေါသထွက်နေလို့ သူ့ကိုယ်ခန္ဓာ အတ္တဘောကြီးဟာ အိမ်ကလေးကို ပြည့်ကြပ်သွားစေသလိုပဲ။

ဒါ့စလီ မိသားစုဟာ ကြောက်လို့ ထရံဘေး ပူးကပ်နေတယ်။

"ဒီကောင်လေး၊ ဒီကောင်လေး ဘာဆို ဘာမှ မသိဘူးလို့များ" သူက ဒါ့စလီတို့ကို ဟိန်းဟောက်တယ်။

ဟယ်ရီက သူဒီလိုပြောတာ သိပ်လွန်တယ်လို့ ထင်မိတယ်။ ဘာပဲဖြစ်ဖြစ်၊ သူကျောင်း နေရတယ်။ ပညာလဲ တော်တော် တော်ပါတယ်။

"ကျွန်တော် နည်းနည်းသိတာရှိပါတယ်" သူကပြောတယ်။ "ဥပမာ၊ ကျွန်တော် သင်္ချာလို သင်ခန်းစာတွေ လုပ်တတ်ပါတယ်"

ဟက်ဂရစ်က လက်ကို ယမ်းပြပြီး "ကျုပ်ပြောတာက ကျုပ်တို့ ကမ္ဘာအကြောင်း။ မင်းကမ္ဘာ၊ ကျွန်ုပ် ကမ္ဘာ၊ မင်းမိဘရဲ့ ကမ္ဘာ"

"ဘာ ကမ္ဘာလဲ"

ဟက်ဂရစ်ကို ကြည့်ရတာ ဒေါသကြောင့် ပေါက်ကွဲတော့မလိုပဲ။

"ဒါ့စလီ" သူက ရှူးမတတ်အော်တယ်။

ဦးလေး ဗားနွ -ဒါ့စလီ မျက်နှာမှာ သွေးရောင်မရှိတော့ဘူး။ ပါးစပ်မှာလဲ ပွစိပွစိနဲ့ ဘာတွေ ပြောနေမှန်း မသိဘူး။ ဟက်ဂရစ်က ဟယ်ရီကို



စိုက်ကြည့်နေတယ်။

"မင်းမိဘအကြောင်းတော့ မင်းသိသင့်ပါတယ်နော်" သူက ပြောတယ်။ "ကျုပ်ပြောတာက သူတို့ သိပ်နာမည်ကြီးတယ်။ မင်းလဲ သိပ်နာမည်ကြီးတယ်ဆိုတာ"

"ဘာလဲ၊ ကျွန်တော့် --- ကျွန်တော့် အဖေနဲ့အမေ ဘာမှနာမည်မကြီးပါဘူး၊ မဟုတ်ဘူးလား"

"မင်းမသိဘူး. . . . . . မင်းမသိဘူး. . . . . ." ဟက်ဂရစ်ဟာ ဆံပင်ကိုဆွဲထားပြီး မတည်ငြိမ်တဲ့ အကြည့်နဲ့ ဟယ်ရီကိုကြည့်နေတယ်။

"မင်းဘယ်သူဆိုတာ မင်းကိုယ်မင်း မသိဘူးလား" သူက ပြောလိုက်တယ်။

ဦးလေး ဗားနွ-ဒါ့စလီ စကားပြန်ပြောနိုင်လာတယ်။

"ပါးစပ်ပိတ်ထား" သူက ပြောတယ်။ "နောက်ထပ် မပြောနဲ့တော့၊ မစ္စတာ။ ခင်ဗျား ဒီကောင်လေးကို ဘာမှ ပြောမပြရဘူး"

ဗားနွ-ဒါ့စလီထက်ပိုပြီး သတ္တိရှိတဲ့ ယောကျာ်းတောင် ခုလို ဟက်ဂရစ်ရဲ့ ဒေါသနဲ့ အကြည့်အောက်မှာ ကြောက်ဒူးတုန်သွားလိမ့်မယ်။ ဟက်ဂရစ် နောက်ထပ်စကားပြောတဲ့အခါမှာ စကားလုံးတိုင်းဟာ ဒေါသကြောင့် တုန်နေတယ်။

"မင်း ဘယ်တုန်းကမှ သူ့ကို ပြောမပြဘူးဟုတ်လား။ ဘယ်တုန်းကမှ ဒမ်ဘာလီဒိုး စာထဲ ရေးထားတဲ့ အကြောင်းတွေကို သူ့ကို ပြောမပြဘူးဟုတ်လား။ ဒမ်ဘာလီဒိုးက စာတစ်စောင် ထားခဲ့တာ ကျုပ်ကိုယ်တိုင် မြင်တယ် ဒါ့စလီ။ နှစ်ပေါင်းများစွာ ဒီကိစ္စကို ဖုံးထားပြီး သူ့ကို ပြောမပြဘူးပေါ့"

"ကျွန်တော့်ကို ဘာတွေဖုံးထားတာလဲ" ဟယ်ရီက စိတ်ပူပင်စွာ မေးတယ်။

"ပါးစပ် ပိတ်ထား၊ မင်းမပြောနဲ့" ဗားနွ - ဒါ့စလီက ကြောက်လန့်တကြား ထအော်တယ်။

အဒေါ် ပီတူးနီးယားဟာ ကြောက်လန့်ပြီး အသက်ပြင်းပြင်း ရှူနေတယ်။

"အား၊ ဒေါသထွက်လို့ သေလဲ ပြီးတာပဲ။ မင်းတို့နှစ်ယောက်" ဟက်ဂရစ်ကပြောတယ်။ "ဟယ်ရီ-မင်းဟာ မှော်ဆရာတစ်ယောက်ဖြစ်တယ်"

အိမ်ကလေးထဲမှာ ငြိမ်ကျသွားတယ်။ ပင်လယ်လှိုင်းတံလိုင်း ထသံနဲ့

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းတိုက်သံသာ ကြားရတယ်။

"ကျွန်တော် ဘာဖြစ်တယ်" ဟယ်ရီက ရင်ဖိုလျက် မေးတယ်။

"မှော်ဆရာတစ်ယောက်၊ ဒါသေချာတာပေါ့" ဟက်ဂရစ်က ပြောတယ်။ သူပြန်ထိုင်တယ်။ ဆိုဖာက ညည်းသံနဲ့အတူ အောက်ကို တစ်လက်မ နိမ့်ကျသွားပြန်တယ်။ "ကျုပ်ပြောခဲ့တယ်၊ မင်းအနည်းငယ် လေ့ကျင့်မှု ခံယူလိုက်ရင် ပထမတန်းစားမှော်ဆရာဖြစ်သွားမှာ။ မင်းမှာ ဒီလို မိဘမျိုးရှိရဲ့နဲ့ ဘယ်မှော်ဆရာ မဖြစ်ရမှာလဲ။ မင်းအခု စာကိုဖတ်သင့်ပြီလို့ ကျုပ်ထင်တယ်"

ဟယ်ရီက လက်ကို လှမ်းလိုက်တယ်။ အဝါဖျော့ဖျော့ စာအိတ်ကို ခုမှရတော့တယ်။ အပေါ်မှာ မင်စိမ်းနဲ့ ဒီလိုရေးထားတယ်။ မစ္စတာ ဟယ်ရီ-ပေါ်တာ၊ ကြမ်းပေါ်၊ ကျောက်ဆောင်ပေါ်က အိမ်ကလေး၊ ပင်လယ်ကြီး။ သူက စာကိုထုတ်ပြီးဖတ်တယ်။

ဟော့ဂ်ဝပ် မှော်ပညာကျောင်း

ကျောင်းအုပ် အောဘတ်စ်-ဒမ်ဘလီဒိုး

(အပြည်ပြည်ဆိုင်ရာ မှော်ပညာအသင်း ဥက္ကဋ္ဌ၊ မေလင်ဆာအဖွဲ့ ပထမတန်း မှော်ဆရာကြီး၊ မှော်ဆရာအစည်းအရုံး ဥက္ကဋ္ဌ)

ချစ်လှစွာသော မစ္စတာ ပေါ်တာ။

ဒီမှာ သင့်အား ဟော့ဂ်ဝပ်မှော်ပညာကျောင်းသို့ ဝင်ခွင့်ပြုကြောင်း၊ ယခု အကြောင်းကြားခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ စာနဲ့အတူ လိုအပ်တဲ့ စာအုပ်နဲ့ တပ်ဆင်မှုစာရင်း ထည့်ပေးလိုက်တယ်။

ကျောင်းကို စက်တင်ဘာလ ၁-ရက်နေ့မှာ စဖွင့်ပါမယ်။ ဇူလိုင်လ ၃-ရက်နေ့မှာ သင့်ဇီးကွက် ယူဆောင်လာမဲ့ အကြောင်းပြန်စာကို စောင့်မျှော်နေပါတယ်။

သင်၏ ရိုးသားသော တွဲဘက်ကျောင်းအုပ်ကြီး

မက်ဂေါ်နာဂေါ

ပြဿနာပေါင်းသောင်းခြောက်ထောင်ဟာ မီးရှူးမီးပန်းလို ဟယ်ရီ ခေါင်းထဲမှာ အလျင်အမြန် ပေါက်ကွဲသွားတယ်။ သူ့မှာ ဘယ်သူ့ကို အရင် မေးရမလဲဆိုတာ ချက်ချင်း မဆုံးဖြတ်နိုင်ဘူး။ မိနစ်အနည်းငယ်ကြာပြီးမှ၊ အထစ်အထစ်နဲ့ မေးတယ်။ "သူတို့ကပြောတယ်။ ကျွန်တော့် ဇီးကွက်ကို



စောင့်မျှော်နေမယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ"

"အပြင်းပြေးနေတဲ့ မြွေဆံပင်သရဲရေး ကျုပ်ဒါကို မေ့နေလိုက်တာ" ဟက်ဂရစ်ကပြောတယ်။ မြင်းတစ်ကောင်ကို တွန်းလှဲနိုင်တဲ့ အားနဲ့ မိမိနဖူးကို တစ်ချက်ရိုက်လိုက်တယ်။ ဒီနောက် အပေါ်ဖုံး အင်္ကျီရဲ့ နောက်အိတ်ကပ် တစ်ခုထဲကနေ ဇီးကွက်တစ်ကောင်နှိုက်ထုတ်လိုက်တယ်။ အရှင် လတ်လတ်၊ အမွေးဖုံးနေတဲ့၊ ညစ်ပတ်သလိုရှိတဲ့ ဇီးကွက်။ စုတ်တံတစ်ချောင်း၊ ဆိတ်ရေ စက္ကူတစ်လိပ်။ သူက သွားနဲ့လျှာကိုကိုက်ထားပြီး စာတိုလေးတစ်စောင် အမြန်ရေးလိုက်တယ်။ ဟယ်ရီက ဆန့်ကျင်ဘက်ကနေ ဘာရေးတယ်ဆိုတာ မြင်ရတယ်။

ချစ်လှစွာသော မစ္စတာ ဒမ်ဘလီဒိုး

စာကို ဟယ်ရီထံပေးအပ်လိုက်ပါပြီ။ မနက်ဖြန် သူလိုတဲ့ ပစ္စည်းတွေ သွားဝယ်ပေးပါ့မယ်။ ရာသီဥတု သိပ်ဆိုးတယ်။ သင်လဲ အားလုံးဘေးမသီ ရန်မခ ရှိပါစေ။

**ဟက်ဂရစ်**

သူက စာကိုလိပ်ပြီး ဇီးကွက်ကို ပေးလိုက်တယ်။ နှုတ်သီးနဲ့ ကိုက်ချီခိုင်းတယ်။ တံခါးဝဆီ လျှောက်သွားပြီး အိမ်ပြင်က လေပြင်းမုန်တိုင်းထဲသို့ ဇီးကွက်ကို ပစ်လွှတ်လိုက်တယ်။ သူဟာ ဘာမှမဖြစ်သလို ပြန်ထိုင်တယ်။ ဒါတွေဟာ ဖုန်းဆက်သလို ရိုးနေတဲ့အတိုင်းပဲ။

ဟယ်ရီဟာ မိမိ အအ,လို ပါးစပ်ဟပြီး ငိုင်နေတာ သတိပြုမိလို့ ပါးစပ်ကို အမြန်ပိတ်လိုက်တယ်။

"ခုနက ကျုပ်ပြောတာ ဘယ်ရောက်သွားပြီလဲ" ဟက်ဂရစ်က မေးတယ်။ အဲဒီအချိန်မှာ မျက်နှာဖြူဖပ်ဖြူယော်ဖြစ်နေပေမယ့် အလွန် ဒေါသထွက်နေတဲ့ ဗာနွံ-ဒါစလီဟာ မီးရောင်အောက်ကို ရဲဝံ့စွာဝင်လာတယ်။

"သူမသွားရဘူး" သူကပြောတယ်။

ဟက်ဂရစ်က ဟင်းသံတစ်ချက်ပြုတယ်။

"ခင်ဗျားလို အဆင့်တန်းလွန် "မတ်ဂေါ်" တစ်ယောက်က ဘယ်နည်းနဲ့ သူ့ကို တားဆီးနိုင်မလဲဆိုတာ ကျုပ်ကြည့်ချင်တယ်" သူကပြောတယ်။

"ဘာ-တစ်ယောက်လဲ" ဟယ်ရီက စိတ်ဝင်စားစွာနဲ့ မေးတယ်။

" 'မတ်ဂေါ်' တစ်ယောက်" ဟက်ဂရစ်က ပြောတယ်။ "ဒါ ကျုပ်တို့က

www.burmeseclassic.com

www.burmeseclassic.com



သူတို့လို မော်ပညာမတတ်တဲ့ ငနဲတွေကို ခေါ်တာ။ မင်းလဲ သိပ်ကို ကံဆိုးပါတယ်။ ကျုပ်တွေ့ဖူးတဲ့ အဆင့်တန်းအလွန်ဆုံး မတ်ဂေါ် အိမ်ထောင်မှာ ကြီးပြင်းလာရတယ်"

"ကျုပ်တို့ သူ့ကို မွေးစားတဲ့နေ့မှာ ဒီလိုမဟုတ်မဟပ် လျှောက်ပြောတာတွေ အားလုံးကင်းစေရမယ်လို့ သစ္စာပြုပြီးပြီ" ဦးလေး ဒါစလီက ပြောတယ်။ "သူ့ကို ဒါတွေ အားလုံးနဲ့ ခွဲပစ်မယ်လို့ ကျိန်ဆိုထားပြီးသား။ ဘာမော်ဆရာလဲ တကယ့်ကိုပဲ"

"ခင်ဗျား အစောကြီးကတည်းက သိပြီးပြီ မဟုတ်လား" ဟယ်ရီက ပြောတယ်။ "ကျွန်တော်ဟာ မော်ဆရာဆိုတာ၊ သိပြီးသား မဟုတ်လား"

"အစောကြီးကတည်းက သိတယ်" အဒေါ် ဖီချူးနီယာက စူးစူးရှရှ အော်တယ်။ "အစောကြီးတည်းက သိတယ်။ တို့က အစောကြီးကတည်းက သိတာပေါ့။ ငါ့ အပြစ်ခံရမဲ့ ညီမလေးကလဲ ဒီအစားထဲက။ မင်းကကော ဘယ်လိုလုပ်ပြီး ကောင်းနိုင်မှာလဲ။ အိုး၊ သူမလဲ ဟိုတုန်းက ဒီလိုစာတစ်စောင် ရပြီး ဟိုကျောင်းကို ပြေးသွားတာ။ ပြီးတော့ ကျောင်းပိတ်လို့ အိမ်ပြန်လာတိုင်း အိတ်ကပ်ထဲမှာ ဖားပြုပ်ဥတွေချည်းပဲ။ လက်ဖက်ရည်ခွက်တွေကိုလဲ ကြွက်တွေဖြစ်အောင် လုပ်တယ်။ တစ်အိမ်လုံးမှာ ငါတစ်ယောက်ပဲ သူ့ဇာတိရုပ်ကို မြင်တယ်။ ပုံမမှန်တဲ့ သတ္တဝါ။ ဒါပေမယ့် ငါ့မိဘကတော့၊ အိုး၊ သူတို့က မမြင်ဘူး။ အမြဲတမ်း လီလီ၊ လီလီနဲ့ နှုတ်ဖျားက မချဘူး။ အိမ်မှာ မော်ဆရာမ တစ်ယောက်ရှိတာ သိပ်ဂုဏ်ယူနေသေးတယ်"

သူမစကားကို ရပ်လိုက်တယ်၊ အသက်ပြင်းပြင်း ရှူလိုက်တယ်။ ဆက်ပြီး ဒေါသထွက်ပြန်တယ်။ ဒီစကားတွေဟာ သူမရင်ထဲမှာ နှစ်ပေါင်းများစွာ စုထားခဲ့ပြီး ထုတ်ပြောချင်နေတာနဲ့ တူတယ်။

"ဒီနောက် သူမက ကျောင်းမှာ အဲဟိုပေါ်တာဆိုတဲ့ ငနဲနဲ့ သိလာတယ်။ ကျောင်းအောင်ပြီးနောက် သူတို့ လက်ထပ်ကြတယ်။ မင်းကိုမွေးတယ်။ မင်းဟာလဲ ဒီအစားထဲကဆိုတာ ငါသိတာပေါ့။ အဲဒါ သူတို့လို တမျိုးကြီး။ တူတူပဲ၊ တူတူပဲ။ ပုံမမှန်ဘူး။ ပြီးတော့ မင်းနားထောင်ချင်ရင် — သူမဟာ မိမိဖာသာ ပေါက်ကွဲသေသွားရော။ နောက်ဆုံးတော့ တို့က မင်းကို မမွေးစားလို့ မဖြစ် မွေးစားလိုက်ရတယ်"

ဟယ်ရီ မျက်နှာဟာ အလွန်ဖြူဖပ်ဖြူယော်ဖြစ်လာတယ်။ အကြာ



ကြီးနေမှ စကားကို မနည်းပြောထွက်တယ်။ သူပထမဆုံး မေးတာက "ပေါက်ကွဲသေတယ်ဟုတ်လား။ အဒေါ်က ကျွန်တော့်ကို ယာဉ်တိုက်လို့ သေတယ်ဆို"

"ယာဉ်တိုက်မှုဟုတ်လား" ဟက်ဂရစ်က ထအော်တယ်။ ဒေါသူပုန်ထနေလို့ ဒါစလီဇနီးမောင်နှံဟာ ကြောက်တာနဲ့ သူတို့ ချောင်ကလေးဆီ ထွက်ပြေးတယ်။ "ယာဉ်တိုက်တာ ဘယ်ကလာပြီး လီလီနဲ့ ဂျိမ်းပေါ်တာတို့ကို ထိခိုက်နိုင်မှာလဲ။ ဒါစော်ကားတာပဲ။ နာမည်ဖျက်တာပဲ။ ကျုပ်တို့ ကမ္ဘာက ကလေးတိုင်းဟာ ဟယ်ရီ-ပေါ်တာရဲ့ နာမည်ကိုကြားဖူးတယ်။ ဟယ်ရီကတော့ သူ့အကြောင်းကိုသူ မသိဘူးတဲ့"

"ဒါဘာကြောင့်လဲ၊ ဒါဘယ်လိုဖြစ်ပျက်တာလဲ" ဟယ်ရီက အလောတကြီး ဆက်မေးတယ်။

"ဒီလိုအခြေအနေဖြစ်လိမ့်မယ်လို့ ကျုပ်ဘယ်တုန်းကမှ မတွေးခဲ့ဘူး" သူ့အသံက လေးပင်ပြီး စိတ်မကောင်းတဲ့အသံ။ "ဒမ်ဘလီဒိုးက ကျုပ်ကိုပြောပြဖူးတယ်။ မင်းကို လာရှာရင် မပြေလည်တာ ရှိနိုင်တယ်။ အကြောင်းက မင်း ကိစ္စအများကြီးကို မသိသေးဘူး။ ထိုစဉ်က ကျုပ် ဒီလောက်အခြေအနေဆိုးလိမ့်မယ်လို့ မထင်ခဲ့ဘူး။ အိုး၊ ဟယ်ရီ၊ ကျုပ်ပြောပြရင် သင့် မသင့်ဆိုတာ မသိဘူး။ ဒါပေမယ့် တစ်ယောက်ယောက်က မင်းကိုရှင်းပြရမှာပဲ။ မင်းဘာမှ မသိဘဲနဲ့ ဟော့ဂ်ဝပ်ကို ကျောင်းသွားနေလို့ မဖြစ်သေးဘူး"

သူဟာ မကျေမနပ်နဲ့ ဒါစလီဇနီးမောင်နှံကို ပြူးကြည့်လိုက်တယ်။

"ကောင်းပြီ၊ အကောင်းဆုံးကတော့ ကျုပ်သိတာတွေ မင်းကို အကုန်လုံး ပြောပြတာပဲ — သတိပြုဖို့က ကျုပ်အကုန်လုံးတော့ပြောပြဖို့ မတတ်နိုင်ဘူး။ ကိစ္စအတော်များများဟာ ခုထိ အဖြေရှာမရတဲ့ ပဟေဠိလိုဖြစ်နေတယ်. . . . . ."

သူထိုင်လိုက်တယ်။ မီးဖိုကို ကြည့်ပြီး မိနစ်အနည်းငယ် ငိုင်နေတယ်။ ပြီးတော့ ပြောတယ်။ "ကျုပ်ထင်တယ်၊ ကိစ္စဟာ ဒီဂါစရမယ်-လူတစ်ယောက်-မင်းဟာ သူ့နာမည်ကိုတောင် မသိဘူး၊ ဒါနားမလည်နိုင်စရာပဲ။ ကျုပ်တို့ကမ္ဘာကလူတိုင်း သိတယ်"

"ဘယ်သူလဲ"

"ကောင်းပြီ — ဖြစ်နိုင်ရင်၊ သူ့နာမည်ကို ကျုပ်ပြောမထုတ်ချင်ဘူး။ ဘယ်သူမှ မပြောချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မပြောချင်တာလဲ"

"လူသားစားတဲ့ တောရိုင်းတိရစ္ဆာန်ဆိုတာ၊ ဟယ်ရီ။ လူတွေ ခုလဲ ကြောက်ကြတာပဲ။ အမလေး၊ ခက်တော့ခက်ပါပြီ။ ကျုပ်ပြောတာ နားထောင်၊ မှော်ဆရာတစ်ယောက်ဟာ သိပ်ဆိုးသွမ်းသွားတယ်။ ရိုးတွင်းချဉ်ဆီအထိ ဆိုးတာ။ ဒီထက်တောင် ဆိုးသေးတယ်။ ဆိုးတာမှ ပိုဆိုးလို့ မရအောင်ဆိုးတာ။ သူ့နာမည်က. . . . ."

ဟက်ဂရစ်တံတွေးမျိုချတယ်။ ပြောလို့တော့ မထွက်သေးဘူး။

"ခင်ဗျားရေးပြတာကောင်းမယ်" ဟယ်ရီက အကြံပေးတယ်။

"မဖြစ်ဖူး။ ဒီစာလုံးကို ကျုပ်မပြောတတ်ဖူး။ ကောင်းပြီ — ဗိုလ်ဒီမွန့်" ဟက်ဂရစ် ကြက်သီးထသွားတယ်။ "ကျုပ်ကို နောက်တစ်ကြိမ် ထပ်မပြောခိုင်းပါနဲ့တော့။ ဘာပဲဖြစ်ဖြစ်၊ အဲဒီ အဲဒီ မှော်ဆရာဟာ လွန်ခဲ့တဲ့ အနှစ် ၂၀က သူ့အတွက် တပည့်သားမြေးမွေးတယ်။ သူ့နောက်လိုက်လိုတဲ့လူ မနည်း ရသွားတယ်။ တချို့က ကြောက်လို့၊ တချို့က သူ့ဆီက မှော်အစွမ်း ရချင်လို့။ သူ့အင်အားကလဲ ကြာလေ တောင့်တင်းလေဖြစ်လာတော့ ဒီလိုပဲ ဖြစ်သွားတာ ပေါ့။ ဒါကတော့ ကြောက်စရာ နေ့ရက်တွေပဲ၊ ဟယ်ရီ။ ဘယ်သူ့ကို ယုံရမလဲ ဆိုတာ မသိဘူး။ မသိတဲ့ မှော်ဆရာ၊ ဆရာမတွေနဲ့လဲ မိတ်ဆွေမလုပ်ဝံ့ဘူး. . . .။ ဒီပြင် ကြောက်စရာကိစ္စတွေ အများကြီးဖြစ်ခဲ့သေးတယ်။ သူက ကျွန်တော်တို့ ကမ္ဘာကို ချုပ်ကိုင်တယ်။ ဆန့်ကျင်တဲ့ လူတွေကို သတ်ပစ်တယ်။ ရက်ရက်စက်စက် သတ်ပစ်တယ်။ လုံခြုံတဲ့နေရာတစ်ခုထဲ ရှိတယ်။ အဲဒါက ဟော့ဂ်ဝပ်ပဲ။ ဒါကတော့ 'ဟိုလူ' ကြောက်တဲ့ တစ်ယောက် ထဲသော သူဟာ ဒမ်ဘာလီဒိုးဖြစ်လို့ပဲ။ သူကဒီကျောင်းကို မထိရဲဘူး။ ဘာပဲ ဖြစ်ဖြစ်၊ အနည်း ဆုံးတော့ ထိုစဉ်က သူမလုပ်ဝံ့ဘူး။

"အခု မင်းမိဘအကြောင်းပြောရတော့မယ်။ သူတို့ဟာ ကျုပ်ဘဝမှာ သိခဲ့ရတဲ့အထဲက အတော်ဆုံးမှော်ဆရာနဲ့ မှော်ဆရာမပဲ။ ထိုစဉ်ကသူတို့ဟာ ဟော့ဂ်ဝပ်ရဲ့ ကျောင်းသားအသင်း ဥက္ကဋ္ဌနဲ့ ကျောင်းသူဥက္ကဋ္ဌတွေ။ နားမလည် နိုင်တာက၊ ဘာဖြစ်လို့ 'ဟိုလူ'ဟာ တစ်ခါမှ သူတို့ကို ဆွဲဆောင်ဖို့မကြိုးစားခဲ့တဲ့ ကိစ္စပဲ. . . . သူတို့ဟာ ဒမ်ဘာလီဒိုးနဲ့ သိပ်ရင်းနှီးမှန်းသိလို့၊ အမှောင် ဂိုဏ်းထဲ ဆွဲသွင်းလို့မရမှန်းသိလို့လဲ ဖြစ်ချင်ဖြစ်မယ်။

"သူက သူတို့ကို နားချလို့ရမယ်ထင်သလား မသိဘူး . . . . သူတို့ကို



ရှင်းပစ်ချင်တာလဲ ဖြစ်နိုင်တယ်။ အားလုံးရှင်းနေတာကတော့ သူက လွန်ခဲ့တဲ့ ၁၀ နှစ်က ဟောလိုးဝင်းပွဲတော် နေ့မှာ မင်းတို့နေတဲ့ရွာကို ရောက်လာတယ်။ အဲဒီတုန်းက မင်း တစ်နှစ်သားအရွယ်ပဲ ရှိသေးတယ်။ သူက မင်းတို့ အိမ်ကိုရောက်လာပြီး — ရောက်လာပြီး — "

ဟက်ဂရစ်ဟာ ရှတ်တရက် အညစ်ကွက်တွေနဲ့ လက်ကိုင်ပုဝါ တစ်ထည်ထုတ်ပြီး၊ တအားနှပ်ညှစ်တယ်။ နှပ်ညှစ်သံဟာ လက်ခေါက် မှုတ်သလို အကျယ်ကြီးပဲ။

"တောင်းပန်ပါတယ်" သူကပြောတယ်။ "ဒါပေမယ့် ဒါသိပ်ကို စိတ်မကောင်းစရာပဲ၊ ကျုပ် မင်းမိဘကို သိတယ်။ သူတို့လောက် ကောင်းတဲ့လူ ရှာလို့တွေ့တော့မှာ မဟုတ်ဘူး — ဘာဘဲဖြစ်ဖြစ် — 'ဟိုလူ'က သူတို့ကို သတ်လိုက်တယ်။ ပြီးတော့ — ဒါလူတွေနားမလည်နိုင်တဲ့ အဖြစ်ပဲ။ သူက မင်းကိုလဲ သတ်ချင်တာ။ အမြစ်ပါမကျန် သုတ်သင်ချင်တာနဲ့တူတယ်။ ထိုစဉ်က သူသိပ်ကို လူသတ်ချင်နေတာလဲ ဖြစ်မယ်။ ဒါပေမယ့် သူမလုပ်နိုင် ခဲ့ဘူး။ မင်းနဖူးပေါ်က အမာရွတ် ဘယ်ကရလာတာလဲဆိုတာ မင်းဘယ်တုန်း ကမှ မစဉ်းစားခဲ့ဘူးလား။ အဲဒါက အဆိုးဝါးဆုံး ကျိန်စာ မင်းဆီဆိုက်ရောက်တဲ့ အခါမှာမှ ဖြစ်တတ်တာ — ၎င်းက မင်းမိဘနဲ့မင်းတို့အိမ်ကို ဖျက်ဆီးလိုက် တယ်။ အဲဒါ မင်းနာမည်ကြီးရတဲ့ အကြောင်းပဲ။ သူဟာ တစ်ယောက်ယောက် ကို သတ်ဖို့ ဆုံးဖြတ်ရင်၊ လွတ်တဲ့လူမရှိဘူး။ မင်းတစ်ယောက်သာ အသက် ရှင်ကျန်ခဲ့တာ။ ထိုစဉ်က အကောင်းဆုံး မှော်ဆရာမနဲ့ မှော်ဆရာတွေဟာ သူသတ်လို့ သေကုန်ပြီ။ သူတို့ကတော့ ကင်းတို့ဇနီးမောင်နှံ၊ ဘွန်းတို့ဇနီး မောင်နှံတို့ ၊ ဖရေ့တို့ ဇနီးမောင်နှံပဲ။ အဲဒီတုန်းက မင်းဟာ ကလေးလေးပဲ ရှိသေးတယ်။ မင်းက အသက်ရှင် ကျန်ရစ်ခဲ့တယ်"

ဟယ်ရီရဲ့ ခေါင်းထဲမှာ အလွန်နာကျင်တဲ့ အမှတ်ရမှုတစ်ခု ဖြစ်လာ တယ်။ ဟက်ဂရစ်ရဲ့ ပုံပြင်ဟာ ဆုံးခါနီးလာပြီ။ သူဟာ မျက်စိကျိန်းစေတဲ့ အရောင်စိမ်းကြီးကို နောက်တစ်ကြိမ်မြင်ရတယ်။ အရင်ကထက် ပိုပြီး ရှင်းတယ် — ဒါသူ့ဘဝမှာ ပထမဆုံးအကြိမ် တခြားကိစ္စတချို့ကို သူအမှတ်ရလာ တယ်။ အဲဒါကတော့ ဟိန်းနေတဲ့၊ အေးစက်တဲ့၊ ရက်စက်တဲ့၊ ရယ်သံပဲ။

ဟက်ဂရစ်က ဝမ်းနည်းစွာ သူ့ကို ကြည့်နေတယ်။

"ကျုပ်ဟာ ဒမ်ဘာလီဒိုးရဲ့ အမိန့်အရ၊ မင်းကို ပျက်စီးနေတဲ့ အဲဒီအိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲက ချိထုတ်လာပြီး ဟောဒီ. . . . . ."

"မဟုတ်တယုတ်တွေ ပြောနေတယ်" တန္တ-ဒါစလီကပြောတယ်။ ဟယ်ရီက လန့်ပြီး ထခုန်တယ်။ ဒါစလီတို့လည်းရှိနေသေးတယ်ဆိုတာ သူမေ့နေသလောက်ပဲ။ ဦးလေး ဒါစလီဟာ အခု သတ္တိပြန်ရှိလာသလိုပဲ။ သူဟာ လက်သီးကို တင်းတင်းဆုပ်ပြီး ဟက်ဂရစ်ကို ဒေါသနဲ့ ကြည့်နေတယ်။

"အခု၊ ကောင်းကောင်းနားထောင် ငတိလေး" သူက ဟောက်တယ်။ "ငါ့အနေနဲ့ မင်းဟာ တစ်မျိုးတစ်ဘာသာဖြစ်နေတဲ့ နေရာရှိပေမဲ့ ငါလက်ခံနိုင်သေးတယ် — မင်းမိဘနဲ့ ပတ်သက်လို့တော့ ဒီကမ္ဘာမှာ ဒီလိုလူမျိုးတွေ မရှိရင်ပိုကောင်းမယ် — သူတို့ဟာ ကိုယ့်အတတ်နဲ့ကိုယ်ရူးတာ၊ တစ်နေကုန် ပုံမမှန်တဲ့ မှော်ဆရာတွေနဲ့ တွဲနေတာ။ ကျုပ်အစောကြီးကတည်းက သူတို့ နိဂုံးချုပ်ကောင်းမှာ မဟုတ်ဘူးဆိုတာ သိပါတယ်"

ဒီအချိန်မှာပဲ ဟက်ဂရစ်ဟာ ခုန်ထလိုက်တယ်။ အပြင်အင်္ကျီထဲကနေ စုတ်ပြတ်နေတဲ့ ထီးပန်းရောင်တစ်လက် ဆွဲထုတ်လိုက်တယ်။ သူက ထီးနဲ့ ဗာန္တ-ဒါစလီကို မားရှည်တစ်လက်လို အသုံးပြုပြီး ချိန်ထားတယ်။ "ကျုပ် ခင်ဗျားကို သတိပေးတယ်၊ ဒါစလီ-ကျုပ် ခင်ဗျားကို သတိပေးတယ်နော်. . . . ခင်ဗျားနောက်တစ်လုံး ထပ်ပြောကြည့်. . . . . ."

အမွေးအမှင်တွေ ရှုပ်ထွေးနေတဲ့ ရောမလူကြီးက ထီးနဲ့ ထိုးဖောက်မဲ့ အန္တရာယ်အခြေအနေမှာ၊ ဒါစလီသတ္တိကြောင်သွားပြန်တယ်။ သူဟာ ကိုယ်ကို နံရံနဲ့ ပူးကပ်ထားတယ်။ ချက်ချင်း ငြိမ်သက်သွားတယ်။

"ဒါဆို အများကြီးကောင်းတာပေါ့" ဟက်ဂရစ်က ပြောတယ်။ အသက်ရှူပြင်းပြင်းနဲ့ ပြန်ထိုင်တယ်။ ဒီတစ်ကြိမ်မှာ ဆိုဖာမခံနိုင်တော့ဘဲ၊ တစ်ခုလုံး ပြိုကျသွားတယ်။

ဟယ်ရီခေါင်းထဲမှာ မေးစရာမေးခွန်းတွေ အများကြီးရှိတယ်။ မေးခွန်းရာနဲ့ချီ ရှိတယ်။

"ဟို 'ဗို'ကကော — တောင်းပန်ပါတယ်။ ကျွန်တော်က 'ဟိုလူ' ကိုပြောတာပါ။ သူဘယ်လို ဖြစ်သွားသလဲ"

"မေးသင့်တယ်၊ ဟယ်ရီ။ မတွေ့တော့ဘူး၊ ပျောက်သွားပြီ။ သူမင်းကို သတ်ပစ်ချင်တဲ့ ညမှာပဲ ပျောက်သွားတာ။ ဒါကြောင့် မင်းပိုပြီး နာမည်ကြီးတာပေါ့။ အဲဒါပဲ လူတွေနားမလည်နိုင်ကြတာ. . . . ထိုစဉ်က သူ့အင်အား



ဟာ သိပ်ကိုကောင်းနေတဲ့ အချိန်ပဲ။ သူဘာဖြစ်လို့ ထွက်ခွာသွားရတာလဲ မသိဘူး၊

"တချို့က သူသေပြီလို့ ပြောတယ်။ ဒါပေါက်ကရ ပြောတာ။ ကျုပ်အမြင်ကတော့၊ သူဟာ လူလို့တွက်လို့မရတော့ဘူး။ ဒါကြောင့် သူမသေနိုင်ဘူး၊ တချို့က ပြောတယ်၊ သူအခု တစ်နေရာရာမှာ ပုန်းနေပြီး တိတ်တိတ် လှုပ်ရှားနေတယ်၊ အခါအခွင့်ကို စောင့်စားနေတယ်တဲ့။ ဒါကိုလဲ ကျုပ်က မယုံဘူး၊ မူလက သူ့ဘက်ပါသွားတဲ့ လူတွေ တို့ဘက်ပြန်ရောက်လာပြီ။ တချို့က ခုမှ အိပ်မက်ထဲက လန့်နိုးလာသလိုရယ်၊ တကယ်လို့ သူပြန်လာနိုင်သေးတယ်ဆိုရင်၊ သူတို့ ဒီလို လုပ်မှာ မဟုတ်ဘူး။

"ကျုပ်တို့အများ အထင်ကတော့၊ သူအခုတစ်နေရာရာမှာ ပုန်းနေလိမ့်မယ်၊ ဒါပေမယ့် အင်အားတော့ မရှိတော့ဘူး။ နုံးချည့်သွားပြီး မလှုပ်ရှားနိုင်တော့ဘူး။ မင်းရဲ့ အင်အားတစ်ခုခုက သူ့ကို ပျက်စီးစေတာ ဟယ်ရီ။ အဲဒီညက သူခန့်မှန်းမထားတဲ့ အဖြစ်နဲ့ ကြုံရတယ်၊ ကျုပ်လဲ ဘာမှန်းမသိဘူး။ ဘယ်သူမှ မသိဘူး မင်းဆီက အင်အားတစ်မျိုးမျိုးကတော့ သူ့ကို မကျော်နင်းနိုင်အောင်ဖြစ်စေတယ်။ ဒါပါပဲ"

ဟက်ဂရစ်က ဟယ်ရီကို ကြည့်နေတယ်။ မျက်စိထဲမှာ နွေးထွေးတဲ့ အပြုံးနဲ့ လေးစားမှုကို ပြနေတယ်။ သို့ပေမယ့် ဟယ်ရီကတော့ ဝမ်းလဲ မသာဘူး။ ဂုဏ်လဲမယူဘူး။ ဒါကြောက်စရာ အမှားတစ်ခုမျှသာ ဖြစ်တယ်လို့ သူထင်တယ်။ မှော်ဆရာတစ်ယောက်။ သူလား။ သူ ဘယ်ကလာ မှော်ဆရာဖြစ်ရမှာလဲ၊ သူ့ဘဝတစ်လျှောက်လုံး ဒါလီရဲ့ ကြိမ်လုံးအောက်မှာ၊ အဒေါ်ဗီချူနီယာနဲ့ ဦးလေး ဒါစလီတို့ရဲ့ အနိုင်ကျင့်မှုအောက်မှာ ဖြစ်သလို နေခဲ့ရတာ၊ သူသာ မှော်ဆရာတစ်ယောက် ဖြစ်ခဲ့ရင်၊ သူ့ကို ပန်းကန်ဘီဒိုထဲ ပိတ်ထားဖို့ ကြိုးစားတဲ့သူတွေ ဘာဖြစ်လို့ ရွံစရာကောင်းတဲ့ ဖားပြုပ်တွေ ဖြစ်မသွားတာလဲ၊ သူသာကမ္ဘာပေါ်က အစွမ်းဆုံးမှော်ဆရာကို အောင်နိုင်ခဲ့တယ်ဆိုရင်၊ ဘာဖြစ်လို့ ဒါလီက သူ့ကို ကန်ဘောလုပ်ပြီး ကန်တာခံရလို့ ပြေးလွှားနေခဲ့ရတာလဲ။

"ဟက်ဂရစ်" သူက အေးဆေးစွာ ပြောတယ်။ "ခင်ဗျားမှားနေပြီလို့ ကျွန်တော်ထင်တယ်။ ကျွန်တော် မှော်ဆရာတော့ မဟုတ်ဘူး"

ဟက်ဂရစ် တဟွတ်ဟွတ် ရယ်တာကို သူ အံ့အားသင့်စွာ တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"မှော်ဆရာ မဟုတ်ဘူး ဟုတ်လား၊ ရှပ်။ မင်းကြောက်တဲ့အခါ၊ ဒေါသထွက်တဲ့အခါမှာ ဘာမှ မဖြစ်ဖူးဘူးလား"

ဟယ်ရီက မီးဖိုကို ကြည့်ပြီး ငိုင်နေတယ်။ အခုမှ ဒီပြဿနာကို သူလေးလေးနက်နက်ထား တွေးကြည့်တယ်. . . . . . အရင်က သူ့အဒေါ်နဲ့ ဦးလေးကို ဒေါသထွက်စေတဲ့ ကိစ္စထူးဆန်းတွေဟာ ဟယ်ရီဆီမှာပဲ ဖြစ်ပွားတယ်။ ဝမ်းနည်းတဲ့အခါ၊ စိတ်ဆိုးတဲ့အခါမှာ. . . . . . ဒါလီ ဂိုဏ်းသားတွေ လိုက်ရိုက်တဲ့အခါမှာ၊ သူတို့လိုက်လို့မရတဲ့နေရာကို ဘယ်လို ရောက်သွားမှန်းမသိ ရောက်နေတတ်တယ်. . . . ရယ်စရာကောင်းတဲ့ ဆံပင်တွေကြောင့် သူငယ်ချင်းတွေ ကဲ့-ရဲ့ မှာစိုးတဲ့အခါ ဆံပင်ကို မူလအတိုင်း ချက်ချင်း ပြန်ဖြစ်သွားစေနိုင်တယ်. . . . ဟိုတစ်ခါ ဒါလီ သူ့ကို ရိုက်တုန်းက၊ သူ့ကိုယ် သူ ဘာမှန်းမသိဘဲ အောင်မြင်စွာ ကလဲ့စားချေနိုင်ခဲ့တယ် မဟုတ်လား။ သူက စပါးကြီးမြွေတစ်ကောင် လွှတ်ပြီး ဒါလီကို ခြောက်လှန့်ခဲ့တယ် မဟုတ်လား။

ဟယ်ရီ လှည့်ကြည့်တယ်။ ဟက်ဂရစ်ကို အပြုံးနဲ့ ကြည့်တယ်။ ဟက်ဂရစ်မျက်နှာပေါ်မှာလဲ ပြုံးချိုနေတာတွေ့ရတယ်။

"သိပြီ မဟုတ်လား" ဟက်ဂရစ်ကပြောတယ်။ "ဟယ်ရီ-ပေါ်တာ၊ သူ့ကိုယ်သူ မှော်ဆရာ မဟုတ်ဘူးလို့ ပြောနေသေးတယ်။ မင်းကြည့်ပါ၊ မင်း ဟော့ဂ်ဝပ်ကျောင်းမှာ တအားနာမည်ကြီးမှာပါ"

ဒါပေမယ့် ဦးလေး-ဗာနွံ ဒါစလီဟာ ဒီလောက်လွယ်လွယ်နဲ့ လက်မြှောက်မှာ မဟုတ်ဘူး။

"သူမသွားရဘူးလို့ ကျုပ်ခင်ဗျားကို ပြောတယ်၊ မဟုတ်လား" သူဟာ အံသံပြာပြာနဲ့ အော်တယ်။ "ဒီစာတွေကို ကျုပ်ဖတ်ပြီးပြီ၊ သူပြင်ဆင်ဖို့လိုတာ ဂါထာစာအုပ်၊ မှော်ကြိမ်လုံးစတဲ့ ရှုပ်ရှက်ခတ်နေတဲ့ အမှိုက်တွေ —"

"သူသွားချင်တယ်ဆိုရင်၊ မင်းလိုအဆင့်တန်းလွန်'မတ်ဂေါ်'ကြီးက ဘယ်လိုမှ တားဆီးလို့ရမှာ မဟုတ်ဖူး" ဟက်ဂရစ်က ဒေါသနဲ့ ဟောက်တယ်။

"လီလီနဲ့ ဂျိမ်း-ပေါ်တာတို့ရဲ့သားကို ဟော့ဂ်ဝပ်မှာ ကျောင်းမနေရဘူးတဲ့။ မင်းရူးများ နေလား။ သူမွေးစကတည်းက သူ့နာမည် ကျောင်းသားစာရင်းမှာပါပြီးသား။ သူသွားနေမဲ့ ကျောင်းက ကမ္ဘာပေါ်မှာ အကောင်းဆုံး မှော်ပညာနဲ့ မှော်အတတ်သင်ကျောင်းနော်။ ခုနစ်နှစ် ကြာပြီးရင် သူဟာ



လူသစ်ဖြစ်လာမယ်။ ဟိုမှာ သူပတ်ဝန်းကျင်ပြောင်းသွားမယ်။ သူနဲ့ အမျိုးအစားတူတဲ့ ကလေးတွေနဲ့ ကျောင်းအတူနေရမယ်။ သမိုင်းမှာ အကြီးမြတ်ဆုံးဟော့ဂ်ဝပ်ကျောင်း အုပ်ကြီး အောဘတ်စ် - ဒမ်ဘလီဒိုးရဲ့ သွန်သင်မှုကိုလဲ ခံယူနိုင်တယ်"

"ကျုပ် ဘယ်တော့မှ ငွေကုန်ခံပြီး သူ့ကို ဖားပြုပ်ငတုံးကြီး တစ်ယောက်ယောက်ဆီမှာ မှော်အတတ် သင်မပေးဘူး" ဦးလေး ဒါစလီက အော်တယ်။

ဒီတစ်ချီ သူပြောတာ သိပ်ကို လွန်လွန်းတယ်။ ဟက်ဂရစ်က သူ့ပန်းရောင်ထီးကို ကိုင်လိုက်တယ်။ ခေါင်းပေါ်မြှောက်ပြီး ကျိန်စာရွတ်ရင်း ဝိုင်းပတ်သွားနေတယ်။ "ဘယ်တော့မှ — " သူက မိုးကြိုးပစ်သလို ဟိန်းတယ်။ "ငါ့ရှေ့မှာ ဒမ်-ဘ-လီ-ဒိုးကို မစော်ကားရဘူး"

သူက ဟူးဆိုတဲ့ အသံနဲ့အတူ ထီးကိုယမ်းပြီး ဒါလီကို ညွှန်လိုက်တယ်။ ပန်းခရမ်းရောင် လျှပ်ပြက်လိုက်သလို ပေါ်လာတယ်။ ဗျောက်အိုး ဖောက်လိုက်တဲ့အသံမျိုး ပေါ်လာတယ်။ စူးရှတဲ့ အော်သံထွက်ပေါ်လာပြီးနောက် တစ်စက္ကန့်အတွင်းမှာ ဒါလီက သူ့ဖင်ကိုလက်နှစ်ဖက်နဲ့ အုပ်ပြီး အရူးလို ခုန်ပေါက်နေတယ်။ သူလူတွေကို ကျောပေးလိုက်တဲ့အချိန်မှာ၊ ကွေးနေတဲ့ ဝက်မြီးတစ်ချောင်း ဒါလီ့ရဲ့ ဘောင်းဘီအကွဲပေါက်ထဲက ထိုးထွက်နေတာကို ဟယ်ရီမြင်တွေ့ရတယ်။

ဦးလေး ဗာနွံ-ဒါစလီဟာ ဒေါသနဲ့ ကုန်းအော်တယ်။ အဒေါ်ဖီချူနီယာနဲ့ ဒါလီကို တစ်ဖက်ခန်းဆီ ကမန်းကတန်း ဆွဲခေါ်သွားတယ်။ ဟက်ဂရစ်ကို ကြောက်အားလန့်အားနဲ့ လှမ်းကြည့်လိုက်ပြီး ဒိုင်းဆို တံခါးကို ဆွဲပိတ်လိုက်တယ်။

ဟက်ဂရစ်ဟာ ထီးကိုငုံ့ကြည့်တယ်။ လက်နဲ့ မုတ်ဆိတ်ကို သပ်တယ်။

"ကျုပ်ဒေါသမထွက်သင့်ဘူး" သူက နောင်တရစွာ ပြောတယ်။ "အောင်လဲ မအောင်မြင်ပါဘူး။ အစက သူ့ကို ဝက်တစ်ကောင် ဖြစ်အောင်လုပ်ဖို့။ သူကလဲ ဝက်နဲ့ သိပ်တူနေလို့ထင်တယ်။ သိပ်ပြောင်းဖို့ မလိုတာပဲ ဖြစ်မယ်"

သူဟာ မျက်ခုံးမွေးထူထူကိုလျှော့ချလိုက်ပြီး ဟယ်ရီကို စောင်းကြည့်လိုက်တယ်။

"မင်းဒီကိစ္စကို ဟော့ဂ်ဝပ်က လူတွေကို ပြောမပြပဲနေရင် ကျုပ် သိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်မှာ။ ကျုပ်-အော-အတိအကျပြောရရင်၊ ကျုပ်ဟာ မှော်ပညာကို မသုံးရဘူး။ မင်းကိုလိုက်ရှာဖို့ လွှတ်လိုက်စဉ်၊ ပြီးတော့၊ မင်းဆီကို စာပို့တဲ့ အခါကျမှ ကျုပ်ကို သုံးခွင့်နည်းနည်းပေးတာ။ ဒါဟာလဲ ကျုပ် ဒီတာဝန်ကို လိုက်လိုက်လှဲလှဲ လက်ခံတဲ့အကြောင်းတစ်ကြောင်းပေါ့"

"ခင်ဗျား ဘာဖြစ်လို့ မှော်ပညာမသုံးရတာလဲ" ဟယ်ရီက မေးတယ်။

"အိုး-ဒါလား၊ ကျုပ်လဲဟော့ဂ်ဝပ်မှာ ကျောင်းနေဖူးတယ်။ ဒါပေမယ့် အင်း၊ အမှန်အတိုင်း ပြောရရင်၊ ကျုပ်ကျောင်းထုတ်ခံရတယ်။ တတိယ နှစ်မှာတုန်းက၊ သူတို့က ကျုပ်မှော်ကြိမ်လုံးကို ချိုးပစ်တယ်။ တခြားပစ္စည်း အားလုံးကိုလဲ သိမ်းသွားကြတယ်။ ဒမ်ဘယ်လီဒိုးက ကျုပ်ကို တောလိုက်ကွင်း စောင့်နိုင်းထားလို့ တော်ပါသေးရဲ့။ တကယ့်ကိုတော်တဲ့ လူပါ၊ ဒမ်ဘယ်လီဒိုးပေါ့"

"ခင်ဗျား ဘာဖြစ်လို့ အထုတ်ခံရတာလဲ"

"အခု သိပ်နောက်ကျနေပြီ။ မနက်ဖန်မှာ လုပ်စရာတွေအများကြီးရှိ သေးတယ်" ဟက်ဂရစ်က အကျယ်ကြီးပြောတယ်။ "မြို့ထဲဝင်ရမယ်၊ မင်းအတွက် စာအုပ်နဲ့ တခြားပစ္စည်းတွေ စုံအောင်ဝယ်ရမယ်"

သူက လေးပင်တဲ့ အပေါ်အင်္ကျီမည်းမည်းကြီးကို ချွတ်ပြီး ဟယ်ရီဆီ ပစ်ပေးလိုက်တယ်။

"မင်း ဒါကိုခြုံပြီးအိပ်" သူက ပြောတယ်။ "တစ်ခုခု လှုပ်လှုပ်နေတာ တွေ့ရင်၊ အရေးမလုပ်နဲ့။ ကျုပ်အိတ်ကပ်တစ်ခုထဲမှာ ကြွက်ငိုက် နှစ်ကောင်ရှိ နေသေးတယ်ထင်တယ်"



## ၅။ ဒေါင့်ဖြတ်လမ်း

ဒုတိယနေ့ မနက်မှာ ဟယ်ရီ အစောကြီးနိုးလာတယ်။ မိုးလင်းနေ မှန်းသိရဲ့နဲ့ မျက်စိကို တအားမှိတ်ထားတယ်။

"ဒါအိပ်မက်မက်တာပဲ" သူက ကိုယ့်ဖာသာ အတည်ပြောတယ်။ "ဟက်ဂရစ်လို့ခေါ်တဲ့ ဧရာမလူကြီးက ငါ့ကိုလာခေါ်တယ်။ ငါ့ကို မှော်ပညာ သင်ကျောင်းတက်နိုင်းတယ်။ ငါမျက်စိဖွင့် လိုက်တာနဲ့ အိမ်က ပန်းကန်ဘီဒိုထဲ ပြန်ရောက်သွားမှာ"

ကျယ်လောင်တဲ့ ခေါက်သံတစ်ခု သူ့နားထဲ ဝင်လာတယ်။

"ဒါအဒေါ်ပီတူးနီးယား တံခါးခေါက်တဲ့အသံ" ဟယ်ရီက တွေးရင်း၊ ရင်လေးသွားတယ်။ သူဟာ မျက်လုံးကို မှိတ်ထားမြဲ မှိတ်ထားတယ်။ အဲဒါ သိပ်ကိုကောင်းတဲ့ အိပ်မက်လေ။

ဒေါက်။ ဒေါက်။ ဒေါက်။

"ကောင်းပါပြီ" ဟယ်ရီက ပွစိပွစိပြောတယ်။ "ထပါပြီ"

သူထိုင်လိုက်တယ်။ ဟက်ဂရစ်ရဲ့ အပေါ်ဖုံးအင်္ကျီဟာ သူ့ကိုယ်ပေါ်က

www.burmeseclassic.com

www.burmeseclassic.com



လျှောကျလာတယ်။ အိမ်ကလေးထဲ နေရောင်တွေပြည့်နေပြီ။ လေမုန်တိုင်းလဲ ငြိမ်သက်သွားပြီ။ ဟက်ဂရစ်ဟာ ပြိုကျနေတဲ့ ဆိုဖာပေါ်မှာ တခေါခေါ အိပ်ပျော်နေတယ်။ ဇီးကွက်တစ်ကောင်ဟာ ပြတင်းတံခါးကို လက်သည်းနဲ့ ခေါက်နေတယ်။ ၎င်းပါးစပ်ထဲမှာ သတင်းစာတစောင်ခဲထားတယ်။

ဟယ်ရီ ထရပ်လိုက်တယ်။ စိတ်ထဲမှာ သိပ်ကို ပျော်နေတယ်။ ကိုယ်ထဲမှာ ပူဖောင်းကြီးတစ်လုံး ဖောင်းပွလာသလိုပဲ။ တစ်ကိုယ်လုံး ပေါ့ပါးနေတယ်။ သူဟာ ပြတင်းအောက်ကို တန်းသွားပြီး ပြတင်းတံခါးကို တအား တွန်းဖွင့်တယ်။ ဇီးကွက် ချက်ချင်းပျံဝင်လာတယ်။ သတင်းစာကို အိပ်မောကျနေတဲ့ ဟက်ဂရစ်ကိုယ်ပေါ် ပစ်ချလိုက်တယ်။ ဇီးကွက်ဟာ တောင်ပံခတ်ပြီး ကြမ်းပေါ် ဆင်းလိုက်တယ်။ ဟက်ဂရစ်ရဲ့ အပေါ်အင်္ကျီကို စတင်တိုက်ခိုက်တယ်။

"ဒီလိုမလုပ်နဲ့"

ဟယ်ရီက လက်ကိုယမ်းပြီး ဇီးကွက်ကို မောင်းတယ်။ ၎င်းက လက်သည်းရှည်ကြီးကိုဖြန့်ပြီး သူ့ကိုခြိမ်းခြောက်တယ်။ အတင့်ရဲစွာနဲ့ အပေါ်ဖုံးအင်္ကျီကို ဆက်နင်းချေတယ်။

"ဟက်ဂရစ်" ဟယ်ရီ တအားအော်တယ်။ "ဒီမှာ ဇီးကွက်တစ်ကောင်"

"သူ့ကို ပိုက်ဆံပေးလိုက်" ဟက်ဂရစ်က ခေါင်းကို ဆိုဖာထဲ မြှုပ်ထားရင်း ဗလုံးဗထွေးပြောတယ်။

"ဘာလဲ"

"သူက သတင်းစာဖိုးတောင်းတာ။ အိတ်ကပ်ထဲမှာ ကြည့်လိုက်" ဟက်ဂရစ်ရဲ့ အပေါ်အင်္ကျီဟာ အိတ်တွေနဲ့ စုချုပ်ထားတာနဲ့ တူတယ်။ အိတ်တွေထဲ နှိုက်တယ်။ သော့တွဲ၊ လောက်စလုံးလေးတွေ၊ ကြိုးခွေ၊ ပူရှိန်းသကြားလုံး အမာ၊ လက်ဖက်ခြောက်အိတ်ကလေးတွေ။ နောက်ဆုံးမှာ ထူးထူးဆန်းဆန်း အကြွေစေ့တွေကို ဟယ်ရီတွေ့တယ်။

"သူ့ကို ၅ နတ်ထ်ပေးလိုက်" ဟက်ဂရစ်က အိပ်ချင်မူးတူးနဲ့ ပြောတယ်။

"နတ်ထ် ဟုတ်လား"

"ကြေး အကြွေစေ့လေးတွေ"

ဟယ်ရီက ကြေးအကြွေစေ့ငါးခုကို ရေတယ်။ ဇီးကွက်က ခြေတစ်



ချောင်းကို မြှောက်ပြီး ပိုက်ဆံကို ခြေထောက်မှာ ချည်ထားတဲ့ သားရေအိတ်ကလေးထဲ ထည့်ဖို့ပြတယ်။ ဒီနောက် ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ ပျံထွက်သွားတယ်။

ဟက်ဂရစ် သမ်းဝေလိုက်ပြီး ထထိုင်အပျင်းဆန့်တယ်။

"တို့လဲ စောစောထွက်ကြရအောင်၊ ဒီနေ့ လုပ်စရာအများကြီးပဲ။ တို့ လန်ဒန်မြို့ထဲ ဝင်ရမယ်။ မင်းကျောင်းမှာသုံးရမဲ့ ပစ္စည်းတွေအားလုံး စုံအောင်ဝယ်ရမယ်"

ဟယ်ရီက မှော်ဆရာရဲ့ ကြေးပြားတွေကိုဆော့ကစားတယ်။ တစ်ခုခုတွေးရင်း ၎င်းတို့ကို စိုက်ကြည့်နေတယ်။ သူကိစ္စတစ်ခုကို သတိရလိုက်တယ်။ ဒါကြောင့် သူ့ကိုယ်ထဲက ပူဖောင်းကြီး အပေါက်တစ်ပေါက် ပေါက်သွားသလိုပဲ။

"အိုး — ဟက်ဂရစ်"

"ရှပ်" ဟက်ဂရစ်က ထူးရင်း သူ့လည့်ရှည် သားရေဖိနပ်ကြီးကို စွပ်နေတယ်။

"ကျွန်တော့်မှာ တစ်ပြားမှမရှိဘူး။ ညက ဦးလေးဗာနွန်ပြောတဲ့ စကားကို ခင်ဗျားလဲ ကြားမှာပေါ့၊ သူက ကျွန်တော် မှော်ပညာသင်ကျောင်းတက်ဖို့ ငွေကုန်ခံမှာ မဟုတ်ဖူးတဲ့"

"ဒါမင်းမပူနဲ့" ဟက်ဂရစ်က ပြောတယ်။ ထရပ်ပြီး ခေါင်းကို ကုတ်လိုက်တယ်။ "မင်းမိဘက မင်းအတွက် ဘာမှမထားရစ်ခဲ့ဘူးလို့ မင်းထင်နေသလား"

"ဒါပေမယ့် သူတို့ အိမ်တောင်ပျက်စီးသွားပြီဆိုတော့ — "

"သူတို့ဟာ ရွှေကို အိမ်မှာဘယ်ထားမလဲ၊ ကလေး။ ကောင်းပြီ။ တို့ဒီနေ့ ပထမဆုံးသွားမဲ့ နေရာက ဂရင်းဂေါ့စ်ကို သွားရမယ်။ အဲဒါ မှော်ဆရာတွေရဲ့ ဘဏ်။ ဝက်အူချောင်းတစ်ချောင်း စားပါလား။ အေးနေပေမယ့် အရသာမဆိုးပါဘူး။ မင်းမွေးနေ့ကိတ်နဲ့ဆိုတော့ ပိုဟန်ကျတာပေါ့"

"မှော်ဆရာတွေမှာလဲ ဘဏ်ရှိလား"

"တစ်ခုပဲရှိတယ်။ ဂရင်းဂေါ့စ်။ သရဲသဘက်တွေ ဖွင့်တာ"

ဟယ်ရီ လက်ထဲက ဝက်အူချောင်း ကြမ်းပေါ်ပြုတ်ကျသွားတယ်။

"သရဲသဘက်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် — ကျုပ်ပြောပြမယ်။ ရှုးနေတဲ့လူမှ သူတို့ကို လုဖို့ ကြိုးစားမှာ။ အဲဒီ သရဲသဘက်တွေကို သွားမစနဲ့ ဟယ်ရီ။ တစ်ခုခု သိမ်းဆည်းထားချင်ရင် ဂရင်းဂေါ့စ်ဟာ ကမ္ဘာပေါ်မှာ အလုံခြုံဆုံးနေရာပဲ။ဟော့ဂ်ဝပ် အပြင်ပေါ့လေ။ ပွင့်ပွင့်လင်းလင်းပြောရရင် ဘာဘဲဖြစ်ဖြစ် ဂရင်းဂေါ့စ်ကိုတော့ တစ်ခေါက်သွားမှ။ ဒမ်ဘာလီဒိုးအတွက် ဟော့ဂ်ဝပ်ကိစ္စ လုပ်ပေးရမယ်" ဟက်ဂရစ်ဟာ ဂုဏ်ယူစွာနဲ့ ရင်ကိုကော့ထားတယ်။ "သူဟာ အရေးကြီးတဲ့ ကိစ္စဆိုရင် ကျုပ်ကိုချည်းခိုင်းတာ။ ဥပမာ၊ မင်းကိုသွားကြိုတာ-ပြီးတော့ ဂရင်းဂေါ့စ်မှာ ယူစရာရှိတာ ယူတာ-စတာတွေပေါ့။ သူက ကျုပ်ဟာ ယုံကြည်လောက်တဲ့ လူဆိုတာ သူသိလို့။ နားလည်ပြီလား။

"ပစ္စည်းတွေယူပြီးပြီလား။ ဒါဆိုသွားကြရအောင်"

ဟယ်ရီဟာ ဧရာမလူကြီးနဲ့အတူ အပြင်ဘက်က ကျောက်ဆောင်ကြီးပေါ် ရောက်လာတယ်။ ကောင်းကင်ဟာ ကြည်လင်ပြီး တိမ်ကင်းစင်နေတယ်။ ပင်လယ်ရေဟာလဲ နေရောင်ခြည်အောက်မှာ လက်နေတယ်။ ဦးလေး ဒါ့စလီ ငှားလာတဲ့လှေလဲ မူလနေရာမှာရှိနေတယ်။ လေမုန်တိုင်းကျပြီးနောက် ဓလှေပေါ်မှာ ရေတွေအများကြီးဝပ်နေတယ်။

"ခင်ဗျား ဘယ်လိုကူးလာတာလဲ" ဟယ်ရီကမေးတယ်။ မျက်စိကလဲ တခြားလှေတစ်စင်းကို လိုက်ရှာနေတယ်။

"ပျံလာတာ" ဟက်ဂရစ်ကပြောတယ်။

"ပျံတယ်"

"ဟုတ်တယ်-ဒါပေမယ့် တို့ဒါစီးပြီးပြန်ရမှာ။ မင်းကို ရှာတွေ့ပြီးနောက်၊ ကျုပ်ပညာ သုံးခွင့် မရှိတော့ဘူး"

သူတို့လှေစီးတယ်။ ဟယ်ရီကတော့ ဟက်ဂရစ်ကို စိုက်ကြည့်နေတယ်။ သူပျံသန်းတဲ့ ပုံကို တွေးကြည့်နေတယ်။

"လှေလှော်ရတာ သိပ်ရှက်စရာကောင်းသလိုပဲ" ဟက်ဂရစ်က ပြောတယ်။ ခေါင်းကို စောင်း ပြီး ဟယ်ရီကို ခိုးကြည့်တယ်။ "ကျုပ်ကတော့၊ အိုး — မြန်မြန်သွားစေချင်တယ်။ ဟော့ဂ်ဝပ်ကျရင် ဒီအကြောင်းမပြောဘဲ နေလို့ရမလား"

"ရတာပေါ့" ဟယ်ရီကပြောတယ်။ နောက်ထပ် ပညာတွေပြတာကို အလောတကြီး မြင်ချင်နေတယ်။ ဟက်ဂရစ်က ပန်းရောင်ထီးကို ထုတ်လိုက်ပြန်တယ်။ လှေနဘေးကို အသာလေး နှစ်ချက်ခေါက်လိုက်တယ်။ လှေဟာ ကမ်းဘေးသို့ အလျင်အမြန်ပြေးသွားတယ်။



"ဘာဖြစ်လို့ ရူးသွပ်မှ ဂရင်းဂေါ့စ်ကို လုမှာလို့ ပြောတာလဲ" ဟယ်ရီက မေးတယ်။

"သူတို့မှာ ကျိန်စာရှိတယ် — မှော်ပညာပေါ့" ဟက်ဂရစ်ကပြောရင်း သတင်းစာကိုဖြန့်တယ်။ "သူတို့က ပြောတယ်။ အကာအကွယ် အတင်းကြပ်ဆုံး မြေအောက်သိုက်ထဲမှာ နဂါးစောင့်နေတယ်။ မင်း - လမ်းရှာတွေ့ဦးမှလဲ သွားလို့ရောက်မှာ။ ဂရင်းဂေါ့စ်ဟာ လန်ဒန်မြို့မြေအောက် ရထားထက် နက်သေးတယ်။ မင်းခိုးလို့ ရတယ်ပဲထားဦး။ မင်းအပြင်ထွက်ဖို့ လမ်းရှာမရခင်မှာဘဲ ငတ်သေမှာ"

ဟယ်ရီဟာ ဦးလေး ဒါ့စလီဆီက လေ့ကျင့်သားရခဲ့တာကတော့ သူများ သတင်းစာဖတ်နေတဲ့ အချိန်မှာ သွားမနှောင့်ယှက်ရဘူးဆိုတာပဲ။ ဒါပေမယ့် သူ့အဖို့ ဒီလိုလုပ်ဖို့ ခက်နေတယ်။ သူ့ဘဝမှာ ခုချိန်လောက် မေးခွန်းထုတ်ချင်တာ မရှိခဲ့ဘူး။

"မှော်ပညာ ဌာနကြီးဟာ လုပ်လိုက်မှဖြင့် ပြဿနာချည်းပဲ" ဟက်ဂရစ်က မကျေနပ်မှု ဖော်ပြပြီး သတင်းစာကို လှန်လိုက်တယ်။

"မှော်ပညာ ဌာနကြီးဆိုတာရှိသေးတယ် ဟုတ်လား" ဟယ်ရီဟာ မိမိကိုယ်မိမိ မတားမိခင်မှာ ပါးစပ်ကထွက်သွားတယ်။

"ဒါပေါ့" ဟက်ဂရစ်က ပြောတယ်။ "သူတို့က ဒမ်ဘာလီဒိုးကို ဌာနကြီးမှူးခန့်ချင်တာ။ ဒါကတော့ သေချာတာပေါ့။ ဒါပေမယ့် သူကတော့ ဟော့ဂ်ဝပ်က မခွဲချင်ဘူး။ ဒါကြောင့် ဒီအလုပ်ကို ခိုနီလုစ်လုပ်ရတာ။ ဒီပုဂ္ဂိုလ်ဟာ အလုပ်တော့မဖြစ်မြောက်ဖူး။ ပြဿနာပေးတာချည်းပဲ။ ဒါကြောင့် သူဟာ နေ့စဉ်နေ့တိုင်း ဇီးကွက်တွေ တစ်ပုံကြီးလွှတ်ပြီး ဒမ်ဘာလီဒိုးကို နှောင့်ယှက်တယ်။ သူ့ဆီက အကြံဉာဏ်လိုလို့"

"ဒါဖြင့်ရင် ဒီမှော်ပညာဌာနကြီးဆိုတာ ဘာလုပ်တဲ့ဟာလဲ"

"ဒါလား၊ သူတို့ရဲ့ အဓိကအကျဆုံး အလုပ်ကတော့ ဒီနိုင်ငံမှာ မှော်ဆရာ-ဆရာမတွေ အများကြီးရှိတယ်ဆိုတာ 'မတ်ဂေါ'တွေ မသိအောင်လုပ်ဖို့"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဟုတ်လား၊ ဘုရားရေ ဟယ်ရီ။ ဒီလိုဆိုရင် 'မတ်ဂေါ်' တွေက ပြဿနာတစ်ခုခုနဲ့ တိုးလာတိုင်း ကျုပ်တို့ကို လာအလုပ်ရှုပ်လိမ့်မယ်။ ကျုပ်တို့ကို မှော်ပညာနဲ့ သူတို့အတွက် ဖြေရှင်းနိုင်းလိမ့်မယ်။ မဖြစ်ဖူး။ ဒီလိုရေပုပ်ထဲ ဆင်းလို့မဖြစ်ဘူး"

ဒီအချိန်မှာ လှေဟာ ဆိပ်ကို အသာလေးလာကပ်တယ်။ ဟက်ဂရစ်က သတင်းစာကို လိပ်လိုက်တယ်။ နှစ်ယောက်သား ကျောက်လှေခါးကနေ လမ်းပေါ် တက်လာတယ်။

သူတို့နှစ်ယောက် မြို့ကလေးကိုဖြတ်ပြီး ဘူတာရုံကိုသွားတဲ့အခါမှာ လမ်းက လူတွေက သူတို့ကို စူးစူးစိုက်စိုက်ကြည့်တယ်။ ဟယ်ရီက သူတို့ကို အပြစ်မတင်ဘူး။ ဟက်ဂရစ်ဟာ ကိုယ်ခန္ဓာ သာမန်လူတွေ့ထက် နှစ်ဆကြီးရုံတင်မကဘူး၊ ကားထားတဲ့ အခွက်ကိုရိယာစတဲ့ ရိုးနေတဲ့ ပစ္စည်းတွေကိုတောင် လက်ညှိုးထိုးထိုးပြီး ဟယ်ရီကို တအားအော်ပြောတယ်။

"မင်းမြင်သလား၊ ဟယ်ရီ။ ဒါတွေက 'မတ်ဂေါ်' တွေ ဖန်တီးထားတဲ့ အထူးအဆန်းတွေပဲ"

"ဟက်ဂရစ်" ဟယ်ရီက ပြောတယ်။ ဟောဟဲ-ဟောဟဲနဲ့ လူဧရာမကြီးရဲ့ ခြေလှမ်းကို မီအောင်ပြေးလိုက်တယ်။ "ခင်ဗျားခုတင်က ဂရင်းဂေါ့စ်မှာ နဂါးစောင့်နေတယ်လို့ ပြောတယ် ဟုတ်လား"

"အင်း၊ သူတို့က ဒီတိုင်းပြောတယ်" ဟက်ဂရစ်က ပြောတယ်။ "အမလေးလေး၊ ကျုပ် နဂါးတစ်ကောင် လိုချင်လိုက်တာ"

"ခင်ဗျားနဂါးလိုချင်တယ်"

"ကျုပ်ငယ်ငယ်ကတည်းက နဂါးတစ်ကောင်မွေးချင်တာ။ ဒီကသွား"

သူတို့ ဘူတာရုံရောက်ပြီ။ နောက်ထပ် ငါးမိနစ်ကြာရင် လန်ဒန်ကိုသွားတဲ့ မီးရထားတစ်စင်း ရှိတယ်။ ဟက်ဂရစ်က 'မတ်ဂေါ်' ပိုက်ဆံဘယ်လိုသုံးရမှန်းမသိဘူးဆိုပြီး ငွေစက္ကူတွေကို ဟယ်ရီဆီ အားလုံးထိုးပေးပြီး ဟယ်ရီကို ရထားလက်မှတ် ဝယ်ခိုင်းလိုက်တယ်။

ဟက်ဂရစ်ဟာ ရထားပေါ်က လူတွေရဲ့ ပိုပြီးအံ့ဩတဲ့ အကြည့်ကို ခံရတယ်။ သူတစ်ယောက်ထဲ ထိုင်ခုံနှစ်နေရာစာထိုင်တယ်။ အဝါနုရောင် ဆပ်ကပ်အဖွဲ့သုံး ရွက်ထည်တဲနဲ့တူတဲ့ အရာကို ကျွမ်းကျင်စွာ ရက်လုပ်နေသေးတယ်။



"မင်းစာပါသေးတယ် မဟုတ်လား၊ ဟယ်ရီ" သူက မေးတယ်။ ရက်လုပ်တာကို ခဏရပ်ပြီး အပင်အရေအတွက်ကို တွက်နေတယ်။

ဟယ်ရီက အိတ်ကပ်ထဲကနေ ဆိတ်ရေစာအိတ်ကို ဆွဲထုတ်တယ်။

"သိပ်ကောင်းတယ်" ဟက်ဂရစ်က ပြောတယ်။ "အတွင်းမှာ အဆင်သင့်ရှိရမဲ့ အရာဝတ္ထုစာရင်း ရှိတယ်"

ဟယ်ရီက ညတုန်းက သတိမထားမိတဲ့ ဒုတိယစာရွက်ကို ဖြန့်ဖတ်တယ်။

(ဟော့ဂ်ဝပ် မှော်ပညာနဲ့ မှော်အတတ်သင်ကျောင်း)

|ဝတ်စုံ|

ပထမနှစ် ကျောင်းသားသစ်များ လိုအပ်ပစ္စည်းမှာ-

၁။ ပြောင်အလုပ်ဝတ်ရုံ ၃-စုံ (အနက်ရောင်)

၂။ နေ့ဘက်ဆောင်း ပြောင်ဦးထုပ်ချွန် (အနက်ရောင်)

၃။ ကာကွယ်ရန် လက်အိတ် (နဂါးရေ သို့မဟုတ် အလားတူပစ္စည်း)

၄။ ဆောင်းတွင်းဝတ်ခြုံထည်တစ်ထည် (အနက်ရောင်၊ ငွေကြယ်သီးငွေကြိုး)

အထူးသတိပြုရမှာက၊ ကျောင်းသားရဲ့အဝတ်အစားအားလုံး နာမည်ကြီး ကုန်ပစ္စည်း အမှတ်တံဆိပ်ပါရမယ်။

|ကျောင်းသုံးစာအုပ်|

ကျောင်းသားအားလုံး အောက်ပါစာအုပ်များ ပြင်ဆင်ထားရမယ်။

(စံဂါထာ) (ကနဦးအဆင့်)၊ မီလန်ဒါဂိုရှ် ရေးသည်။

(မှော်ပညာသမိုင်း) ပါတီတာ - ပဆား ရေးသည်။

(မှော်သဘောတရား) အာပတာ - ဝပ်ဖလင် ရေးသည်။

(စတင်လေ့လာသူတို့ရဲ့ အသွင်ပြောင်းလမ်းညွှန်) ဘိပ်မိုရွေး - စဝိတ်

(ထူးဆန်းတဲ့ ဆေးပင်နဲ့ မြက်မျိုးတထောင်) ဖေးလီ - စပေါလ်

(မှော်ဆေးနဲ့ ဆေးရည်) ယာဝင်နီ-ဂျီ

(ထူးဆန်းတဲ့တိရစ္ဆာန်နဲ့ ၎င်းတို့ရဲ့ ဇာတိမြေ) နယူ - ကာမန်

(အမှောင်အင်အား၊ မိမိကိုယ်မိမိ ကာကွယ်ရေးလမ်းညွှန်)

ကွန်တင်-ထလင်ဘတ်

www.burmeseclassic.com

www.burmeseclassic.com



|တခြားတပ်ဆင်မှု|
မှော်ကြိမ်လုံး
ပုဆိန်ကြီး (ဖယောင်းနဲ့ ပြုလုပ်တယ်။ စံအတိုင်းတာ ၂)
ဖန် သို့မဟုတ် ခရစ်ဆယ် ဆေးပုလင်းကလေး
အဝေးကြည့်မှန်ပြောင်း
ကြေးနီချိန်ခွင်

ကျောင်းသားဟာ ဇီးကွက်၊ ကြွက်(သို့) ဖားပြုပ်တစ်ကောင် ယူဆောင်လာနိုင်တယ်။

ဒီမှာ အုပ်ထိန်းသူကို သတိပေးချင်တာကတော့၊ ပထမနှစ် ကျောင်းသားမှာ မိမိပိုင် မိုးပျံတံမြက်စည်း မရှိရ။

"ကျွန်တော်တို့ လန်ဒန်မှာ ဒါတွေအားလုံး ဝယ်လို့ရမလား" ဟယ်ရီက အံ့ဩစွာမေးတယ်။ "နည်းလမ်းသိရင် ရပါတယ်" ဟက်ဂရစ်က ပြောတယ်။

ဟယ်ရီဟာ ယခင်က လန်ဒန်ကို မရောက်ဖူးဘူး။ ဟက်ဂရစ်က သွားရမဲ့နေရာကို ရှင်းရှင်းသိတယ်။ ဒါပေမယ့်၊ သူဟာ ပုံမှန်နည်းနဲ့ သွားတတ်ပုံမပေါ်ဘူး။ အရင်ဆုံး မြေအောက်ရထား လက်မှတ်စစ်တဲ့နေရာမှာ ညပ်နေတယ်။ မလှုပ်နိုင်ဘူး။ ဒီနောက် ထိုင်ရတာ သိပ်ကျဉ်းတယ်။ ရထားက သိပ်နှေးတယ်ဆိုပြီး အပြစ်တင်တယ်။

"ဒီမတ်ဂေါ်တွေ မှော်ပညာမတတ်ဘဲ ဘယ်လိုများ နေကြပါလိမ့်" ရှစ်နေတဲ့ လှေခါးကနေ ဆိုင်တွေနဲ့ စည်ကားတဲ့ လမ်းပေါ်တက်လာတဲ့အချိန်မှာ အပြစ်ပြောပြန်ရော။

ဟက်ဂရစ်ရဲ့ ဧရာမကိုယ်ခန္ဓာကြီးကြောင့် လူတွေလန့်ပြီး ရှောင်ပြေးကြတယ်။ ဒါကြောင့် သူဟာ လူအုပ်ကို လွယ်လွယ်နဲ့ ဖြတ်နိုင်ခဲ့တယ်။ ဟယ်ရီဟာ သူ့နောက်က ထက်ကြပ်မကွာ လိုက်ဖို့ပဲလိုတယ်။ တစ်လမ်းလုံး စာအုပ်ဆိုင်၊ သီချင်းခေတ်ပြားဆိုင်၊ ဟမ်းဘတ်ကာဆိုင်နဲ့ ရုပ်ရှင်ရုံတွေ ဖြတ်ခဲ့တယ်။ ဒါပေမယ့် သင့်ကို မှော်ကြိမ်လုံး ရောင်းပေးနိုင်တဲ့ နေရာမတွေ့ဘူး။

ဒါကတော့ လူပုံမှန်တွေနဲ့ ပြည့်နေတဲ့ ပုံမှန်လမ်းမျှသာဖြစ်တယ်။ သူတို့ ခြေထောက်အောက်မှာ တကယ်ပဲ မှော်ဆရာ့ရွှေဒင်္ဂါးတွေ အပုံလိုက်မြှုပ်ထားတာရှိလို့လား။ ဂါထာစာအုပ်နဲ့ မိုးပျံတံမြက်စည်းဆိုင်ကော ရှိလို့လား။ ဒါတွေအားလုံးဟာ ဒါစလီဇနီးမောင်နှံက သူ့ကို တမင်ပြက်ရယ်



ပြုတာများလား။ ဟယ်ရီသာ ဒါစလီမိသားစုအကြောင်း မသိခဲ့ရင်၊ သူတို့ဟာ ဟာသဉာဏ်ဆိုလို့ လုံးဝမရှိမှန်း မသိခဲ့ရင်၊ ဒီအတိုင်းနားလည်မှာ။ ဒါပေမယ့် ဘာကြောင့်မှန်း မသိဘူး။ ခုချိန်ထိ ဟက်ဂရစ်ပြောပြတာတွေဟာ မယုံနိုင်လောက်အောင် ထူးဆန်းအံ့ဩဖွယ် ကောင်းနေတယ်။ ဟယ်ရီဟာ သူ့ကို မယုံဘဲလဲ မနေနိုင်ဘူး။

"ဒါပဲ" ဟက်ဂရစ်ဟာ ရုတ်တရက်ရပ်လိုက်တယ် "ခွက်စုတ်၊ ဒါသိပ်နာမည်ကြီးတဲ့ နေရာ"

ဒါကတော့ ကျဉ်းပြီးညစ်ပတ်တဲ့ ဘားကလေးပါပဲ။ ဟက်ဂရစ်က လက်ညှိုးနဲ့ထိုးပြလို့သာ။ နို့မို့ရင် ဟယ်ရီ သတိတောင်ပြုမိမှာ မဟုတ်ဘူး။ သုတ်သုတ်သွားနေတဲ့ လူတွေဟာ ၎င်းကို လှည့်တောင်မကြည့်ဖူး။ သူတို့အကြည့်တွေဟာ ဒီဘက်က စာအုပ်ဆိုင်ကြီးကနေ ဟိုဘက်က သီချင်းခွေတွေ၊ ခေတ်ပြားတွေရောင်းတဲ့ဆိုင်ကို တန်းရောက်သွားတာ။ ခွက်စုတ်ဘားကို မြင်တောင်မမြင်ဘူး။ ဟယ်ရီမှာ အလွန်ထူးဆန်းတဲ့ ခံစားချက်ရှိတယ်။ ဒီဆိုင်ကလေးကို သူနဲ့ ဟက်ဂရစ်သာ မြင်နိုင်သလိုပဲ။ သူ့ခံစားချက်ကို ပြောမပြရခင်မှာပဲ ဟက်ဂရစ်က သူ့ကိုအထဲဝင်ဖို့ တွန်းလိုက်တယ်။

နာမည်ကြီးနေရာတစ်ခုအနေနဲ့ ပြောရရင် ဒီနေရာဟာ သိပ်ကို မှောင်မည်းပြီး မွဲတေလွန်း နေတယ်။ မိန်းမအိုကြီးတစ်စုဟာ ချောင်ကပ်ထိုင်ပြီး ရှယ်လီ အရက်ခွက်ကလေးတွေကို သောက်နေတယ်။ တစ်ယောက်ကဆိုရင် ဆေးတံအရှည်ကြီးသောက်နေတယ်။ ပိုးဦးထုပ်မြင့်မြင့်ကြီး ဆောင်းထားတဲ့ ယောကျ်ားသေးသေးတစ်ယောက်ဟာ ထိပ်တစ်ခုလုံးပြောင်နေတဲ့၊ ပိန်ရှုံ့နေတဲ့ မက်မုံသီးနဲ့တူတဲ့ အရက်ဆိုင်ကလူနဲ့ စကားစမြည်ပြောနေတယ်။ သူတို့ အထဲဝင်လိုက်တာနဲ့ တိုးတိုးပြောနေတဲ့ အသံတွေ တိကနဲရပ်သွားတယ်။ ဒီမှာ ဟက်ဂရစ်ကို လူတိုင်းသိသလိုပဲ။ သူတို့က လက်ယမ်းပြတယ်။ ဆိုင်ရှင်က ဖန်ခွက်တစ်ခွက်ကို လှမ်းယူပြီးပြောတယ်။

"ထုံးစံအတိုင်း မှုတ်လား၊ ဟက်ဂရစ်"

"မဖြစ်ဖူး၊ တွမ်။ ကျုပ်ဟော့ဂဝပ်အတွက် လုပ်စရာရှိသေးတယ်" ဟက်ဂရစ်ကပြောတယ်။ ဟယ်ရီရဲ့ ပခုံးကို သူ့လက်ကြီးနဲ့ ပုတ်လိုက်တယ်။ ဟယ်ရီဟာ လက်ဖိအားကြောင့် မြေကြီးပေါ် ဒူးထောက်ကျတော့မလို။

"ဘုရားရေ" ဆိုင်ရှင်ကပြောတယ်။ မျက်စိမှေးပြီး ဟယ်ရီကိုစိုက်

www.burmeseclassic.com



ကြည့်တယ်။ "သူက-သူ လား-ဟင်"

ခွက်စုတ်ဘားတစ်ခုလုံး ငြိမ်ကျသွားတယ်။

"ဘုရားသခင်ကျေးဇူး" ဆိုင်ရှင်က အသာလေးပြောတယ်။ "ဟယ်ရီ ပေါ်တာ . . . . ကျုပ် သိပ်ကိုဂုဏ်ယူစရာပဲ"

သူဟာ ဘားထဲကနေ ဟယ်ရီရှေ့ကို ပြေးသွားပြီး၊ ဟယ်ရီလက်ကို ဖမ်းကိုင်လိုက်တယ်။ မျက်ရည်တွေလဲ လည်လို့။

"ပြန်လာတာ ကြိုဆိုပါတယ်၊ မစ္စတာပေါ်တာ၊ ပြန်လာတာ ကြိုဆိုပါတယ်"

ဟယ်ရီဟာ ဘာပြောရမှန်းလုံးဝမသိဘူး။ လူတိုင်းသူ့ကို ကြည့်နေတယ်။ ဆေးတံသောက်တဲ့ မိန်းမဟာ သူမဆေးတံ မီးငြိမ်းသွားတာတောင် မသိလိုက်ဖူး။ တအားစုပ်နေတုန်းပဲ။ ဟက်ဂရစ် မျက်နှာပေါ်မှာ ပျော်ရွှင်တဲ့ အပြုံးတွေဝေလို့။

ဒီနောက် စာပွဲကုလားထိုင်တွေ ထိခိုက်တဲ့ အသံတွေ ပေါ်လာတယ်။ နောက်မကြာမီ ဟယ်ရီဟာ လူအုပ်ကြားထဲရောက်နေတယ်။ ခွက်စုတ်ဘားထဲက လူအားလုံးနဲ့ လက်ဆွဲနှုတ်ဆက်နေတယ်။

"ကျွန်မက ဒေါင်ရီပါ၊ မစ္စတာ ပေါ်တာ၊ ကျွန်မ ရှင့်ကို ပြန်တွေ့ရတာ မယုံနိုင်စရာပဲ"

"သိပ်ကို ဂုဏ်ယူမိပါတယ်၊ မစ္စတာပေါ်တာ၊ ကျွန်တော်သိပ်ကို ဂုဏ်ယူမိတယ်"

"ကျုပ် ခင်ဗျားနဲ့ အစောကြီးကတည်းက လက်ဆွဲနှုတ်ဆက်ချင်တာ၊ ကျုပ်ရင်တွေ ခုန်နေတယ်"

"သိပ်ဝမ်းသာတယ်၊ မစ္စတာပေါ်တာ။ ကျုပ်ရင်ထဲက ခံစားချက်ကို ဘယ်လိုထုတ်ပြောရမှန်း မသိဘူး။ ကျုပ်နာမည် ဒီကိုပါ"

"ကျွန်တော် အရင်တုန်းက ခင်ဗျားကိုတွေ့ဖူးတယ်" ဟယ်ရီက အော်တယ်။ ဒီကို စိတ်လှုပ်ရှားလွန်းလို့ သူ့ဦးထုပ်မြင့်မြင့်ကြီး ကျွတ်ကျသွားတယ်။ "တစ်ခါက ဆိုင်တစ်ဆိုင်မှာ ကျွန်တော့်ကို အလေးပြုသွားတယ်"

"သူမှတ်မိတယ်ဟေး" ဒီကိုက အော်တယ်။ ဂုဏ်ယူစွာနဲ့ တစ်ဆိုင်လုံးဝှေ့ကြည့်တယ်။ "ခင်ဗျားတို့ကြားကြလား၊ သူကျုပ်ကို မှတ်မိတယ်တဲ့"

ဟယ်ရီဟာ လက်ဆွဲနှုတ်ဆက်ရလို့ လက်တွေကျဉ်နေပြီ။ ဒေါင်ရီက ထပ်ခါထပ်ခါပြေးလာပြီး သူနဲ့လက်ဆွဲနှုတ်ဆက်ခွင့် တောင်းတယ်။



မျက်နှာဖြူဖပ်ဖြူယော်နဲ့လူငယ် လျှောက်လာတယ်။ သိပ်စိတ်လှုပ်ရှားပုံရတယ်။ သူ့ မျက်လုံးတစ်ဖက်ဟာ အဆက်မပြတ် အကြောဆွဲနေတယ်။

"ပါမောက္ခ ခွေရဲ့" ဟက်ဂရစ်က ပြောတယ်။ "ဟယ်ရီ၊ ပါမောက္ခ ခွေရဲ့ဟာ ဟော့ဂ်ဝပ်က ဆရာလေ"

"ပေါ်-ပေါ်-ပေါ်တာ" ပါမောက္ခ ခွေရဲ့က ဟယ်ရီလက်ကို ဖမ်းကိုင်တယ်။ အထစ် အထစ်နဲ့ပြောတယ်။ "တကယ့်ကို-တကယ့်ကို-ဘယ်လို ပြောပြရမှန်းမသိဘူး။ မင်းကိုတွေ့ရတာ ကျုပ်ဘယ်လောက်ဝမ်း-ဝမ်းသာတယ်ဆိုတာ"

"ခင်ဗျားဘယ်လိုမှော်အတတ်သင်ပါသလဲ၊ ပါမောက္ခ ခွေရဲ့"

"မှော်ပညာနက်ကို ကာကွယ်တဲ့အတတ်ပါ" ခွေရဲ့က တိုးတိုးပြောတယ်။ ဒီကိစ္စကို လုံးဝ မတွေးမိသလိုပဲ။ "မင်းကတော့ သင်ဖို့မလိုတော့ဘူး။ ဟုတ်တယ် မဟုတ်လား၊ ပေါ်တာ" သူဟာ ကြောင်တောင်တောင်နဲ့ တအားရယ်တယ်။ "မင်း အခုသွား-သွားပြီး ပစ္စည်းတွေ စုံအောင်ဝယ်မလို့ မဟုတ်လား။ ကျုပ်-ကျုပ်-လဲဝယ်ရမယ် — သွေးစုတ်-စုတ်-ကောင်နဲ့ ပတ်သက်တဲ့ စာအုပ်သစ်" ဒီကိစ္စကို တွေးမိတိုင်း သူလန့်လို့သေတော့မဲ့ပုံပဲ။

ကျန်သူတွေဟာ ပါမောက္ခ ခွေရဲ့ တစ်ယောက်ထဲ ဟယ်ရီ့ အချိန်ယူတာ ခွင့်မပြုဘူး။ ဟယ်ရီဟာ သူတို့ဆီက ရုန်းထွက်ဖို့ ၁၀ မိနစ်ခန့် ကြိုးစားရတယ်၊ နောက်ဆုံး ဆူညံသံကြားက ဟက်ဂရစ်အသံပေါ်ထွက်လာတယ်။

"အခု သွားရတော့မယ် — ဝယ်စရာတွေအများကြီးပဲ။ သွားစို့ ဟယ်ရီ"

ဒေါင်ရီဟာ ဟယ်ရီနဲ့ တစ်ခါလက်ဆွဲနှုတ်ဆက်တယ်။ ဟက်ဂရစ်က သူ့ကို ခေါ်ပြီး ဘားကထွက်။ ဘားရှေ့က ခြံဝန်းထဲထွက်လိုက်တယ်။ ဒီမှာ အမှိုက်ပုံးတစ်ပုံးနဲ့ မြက်လေးငါးပင်ကလွဲပြီး ဘာမှမရှိဘူး။

ဟက်ဂရစ်က ဟယ်ရီကို သွားဖြဲရယ်ပြတယ်။

"ကျုပ်ပြောသားပဲ၊ မဟုတ်ဘူးလား။ မင်းသိပ်နာမည်ကြီးတယ်လို့ ပြောဖူးတယ်နော်။ ပါမောက္ခ ခွေရဲ့တောင် မင်းတွေ့တာနဲ့ စိတ်မထိန်းနိုင်ဘဲ တုန်နေတယ် — ဒါပေမယ့် မင်းကိုသတိတော့ပေးရမယ်။ သူဟာ နည်းနည်းဆို

www.burmeseclassic.com

www.burmeseclassic.com



တုန်တုန်နေတာပဲ"

"သူ့ဒီတိုင်း သိပ်စိတ်လှုပ်ရှားတတ်လား"

"အင်း၊ ဟုတ်တယ်။ သနားစရာလူ။ ဉာဏ်ကတော့ သိပ်ကောင်း။ သူ့ကျောင်းမှာ ရှိတုန်းက ပုံမှန်ရှိပါတယ်။ နောက်တော့ ခွင့်တစ်နှစ်ယူတယ်။ လက်တွေ့အတွေ့အကြုံ ရချင်လို့. . . . ပြောသကြားတာကတော့ သူ့သစ်တောနက်ထဲမှာ ကဝေမကြီးနဲ့ ရန်ငြိုးလဲ ဖြစ်ခဲ့သေးတယ်။ ဒါကြောင့် ဒုက္ခရောက်တယ်။ ဒီနောက်မှာတော့ သူလုံးဝပြောင်းသွားတယ်။ ကျောင်းသားတွေကိုကြောက်တယ်။ မိမိသင်တဲ့ ဘာသာရပ်ကို ကြောက်တယ်။ ဟုတ်ပြီ၊ ကျုပ်ထီးဘယ်မှာလဲ"

သွေးစုတ်ကောင်၊ ကဝေမကြီး။ ဟယ်ရီရဲ့ အတွေးဟာ မြင်းရိုင်းတစ်ကောင်လို ပြေးချင်တိုင်း ပြေးနေတယ်။ ဟက်ဂရစ်က အမှိုက်ပုံးပေါ်က အုတ်ခဲကို စိတ်ဝင်တစား ရေတွက်နေတယ်။

"အပေါ်ကို သုံးခဲတွက်. . . . နောက်ပြီးဘေးကို နှစ်ခဲတွက်. . . ." သူက တစ်တွတ်တွတ်ပြောနေတယ်။ "ဒါဆို မှန်ပြီ။ နောက်တစ်လှမ်းဆုတ်၊ ဟယ်ရီ"

သူက ထီးအချွန်နဲ့ နံရံကို အသာလေး သုံးချက်ခေါက်လိုက်တယ်။

သူခေါက်လိုက် ရိုက်လိုက်လုပ်နေတဲ့ အုတ်ခဲ စလှုပ်လာတယ်။ တွန့်တွန့်ထလာတယ်လို့ ပြောမှတိကျမယ်။ ၎င်းရဲ့ အလယ်ဗဟိုနေရာမှာ အပေါက်ကလေးတစ်ပေါက် ပေါ်လာတယ်။ အပေါက်ဟာ ကြာလေကြီးလေ ကြီးလာတယ်။ သိပ်မကြာဘူး။ သူတို့ရှေ့မှာ ကြီးလဲကြီး ကျယ်လဲကျယ်၊ ဟက်ဂရစ် ဝင်နိုင်တဲ့ လိုဏ်ခေါင်းလမ်းတစ်ခု ကွေ့ကွေ့ကောက်ကောက် မမြင်ရတော့တဲ့ ကျောက်စရစ်လမ်းထိ တွေ့ရတယ်။

"ကြိုဆိုတယ်" ဟက်ဂရစ်ကပြောတယ်။ "ဒေါင့်ဖြတ်လမ်းက ကြိုဆိုပါတယ်"

သူကပါးစပ်ကြီးဖြဲပြီး အလွန်အံ့အားသင့်နေတဲ့ ဟယ်ရီကို ရယ်ပြတယ်။ နှစ်ယောက်သား လိုဏ်ခေါင်းလမ်းထဲ ဝင်လိုက်တယ်။ ဟယ်ရီက ခေါင်းငဲ့ကြည့်တယ်။ လိုဏ်ခေါင်းလမ်း အလျင်အမြန်သေးသွားပြီး မူလက မာကျောတဲ့နံရံ ပြန်ဖြစ်သွားတယ်။

နေရောင်ဟာ အနီးအနားရှိ ကုန်ဆိုင်ရှေ့က ပုဆိန်တစ်ပုံကြီးကို



လက်နေစေတယ်။ ဆိုင်းဘုတ်ပေါ်မှာ ပုဆိန်အရွယ်အစားအမျိုးမျိုး-ကြေး၊ ကြေးဝါ၊ ဖယောင်းဖြူ၊ ငွေ-အလိုအလျောက် ရောမွှေတယ်။ ခေါက်ချိုးလို့ ရတယ်။

"ဟုတ်ပြီ၊ တစ်ခုဝယ်ရမယ်" ဟက်ဂရစ်ကပြောတယ်။ "ဒါပေမယ့် တို့ မင်းပိုက်ဆံကို အရင်သွားထုတ်ဦးမှ"

ဟယ်ရီဟာ မျက်စိလေးလုံးလောက် အပိုပေါက်ချင်လာတယ်။ သူ ဘယ်ကြည့်၊ ညာကြည့်နဲ့ စိတ်ဝင်စားစရာ မြင်ကွင်းတွေ မကျန်အောင် ကြည့်တယ်။ ကုန်ဆိုင်၊ ဆိုင်ရှေ့က ပစ္စည်းတွေ၊ ဈေးဝယ်နေတဲ့ လူတွေ။ ဆေးဆိုင်ရှေ့မှာ ရပ်နေတဲ့ မိန်းမဝဝကြီးက သူတို့ အနားကဖြတ်သွားတဲ့ အခါမှာ ခေါင်းခါပြီး ပြောတယ်။ "နဂါးအသည်း တစ်အောင်စကို ၁၇ စစ်ခေါ်တဲ့။ သူတို့ရူးနေသလား မသိဘူး. . . . ."

လမ်းဘေးရှိ မှောင်မည်းနေတဲ့ ကုန်ဆိုင်ထဲကနေ နိမ့်ပြီး ပြေပြစ်တဲ့ ဗူးဗူးသံထွက်နေတယ်။ ဆိုင်ရှေ့ဆိုင်းဘုတ်ပေါ်မှာ "ရိုးရားဇီးကွက်ဈေးကွက် — မီးခိုးရောင် သစ်တောဇီးကွက်၊ မြည်သံ ဇီးကွက်၊ မြက်ဇီးကွက်၊ ဇီးကွက်ညို၊ နှင်းဇီးကွက်" ဟယ်ရီနဲ့ မတိမ်းမယိမ်းအရွယ် ကောင်လေးတွေဟာ တံမြက်စည်းတွေ အပြည့်ထည့်ထားတဲ့ မှန်ဘီဒိုရှေ့မှာ နှာခေါင်းကို မှန်ပေါ်ဖိပြီး ကြည့်နေတယ်။ "ကြည့်စမ်း" ဟယ်ရီက သူတို့ထဲက တစ်ယောက်ပြောတာ ကြားတယ်။ "အဲဒါ နောက်ဆုံးပေါ် အလင်းစကြာ ၂၀၀၀ - အရှိန်အမြန်ဆုံးပဲ"

ဝတ်ရုံရှည် ရောင်းတဲ့ဆိုင်၊ အဝေးကြည့်မှန်ပြောင်းနဲ့ ဟယ်ရီ ဘယ်တုန်းကမှ မမြင်ဖူးတဲ့ ထူးထူးဆန်းဆန်းငွေပစ္စည်းဆိုင်၊ မှန်ဘီဒိုထဲမှာ လင်းနို့ ကလီစာနဲ့ ငါးရွှေမျက်စိတွေ တောင်းတွေနဲ့ ထည့်ထားတယ်။ တောင်ကလေးလို ပုံထားတဲ့ ဂါထာကျိန်စာ စာအုပ်တွေ၊ စုတ်တံနဲ့ သိုးရေစက္ကူလိပ်၊ ဆေးပုလင်း၊ လကမ္ဘာလုံး ပုံစံ. . . . .

"ဂရင်းဂေါ့စ်ရောက်ပြီ" ဟက်ဂရစ်က ပြောတယ်။

သူတို့မျက်စိရှေ့မှာ ဖြူဖွေးတဲ့အဆောက်အဦ မြင့်မြင့်မားမားကြီး ရှိတယ်။ အနီးပတ်လည်က ကုန်ဆိုင်လေးတွေဘေးမှာ ပိုပြီး ထူးခြားနေတယ်။ တလက်လက်ကြေးစိမ်းတံခါးကြီးဘေးမှာ နီစွေးစွေးရွှေအနားကွပ် ဝတ်စုံ ဝတ်ထားတဲ့ သူဟာ၊ ဟိုဟာ မဟုတ်လား —

"ဟုတ်တာပေါ့၊ အဲဒါ သရဲတွေပဲ" ဟက်ဂရစ်က သူ့ကို တိုးတိုးပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျောက်လှေကား အဖြူအတိုင်း တံခါးမကြီးဆီ သွားတယ်။ အဲဒီသရဲဟာ ဟယ်ရီထက် ခေါင်းတစ်လုံးနိမ့်တယ်။ သူ့မှာ ဉာဏ်ကောင်းတဲ့ပုံပေါ်နေတဲ့ မျက်နှာညိုမည်းမည်းနဲ့ ချွန်ပြီးကော့နေတဲ့ နှုတ်ခမ်းမွေးရှိတယ်။ သူ့လက်ချောင်းနဲ့ ခြေဖဝါးအလွန်ရှည်ပြီး တခြားကိုယ်ခန္ဓာ အစိတ်အပိုင်းတွေနဲ့ အချိုးမကျဘူး။ သူက အလေးပြုလိုက်တယ်။ သူတို့ကို အတွင်းခေါ်သွားတယ်။ မျက်စိရှေ့မှာ ဒုတိယတံခါး ပေါ်လာတယ်။ ငွေရောင်တံခါးချပ်ပေါ်မှာ ဒီလိုစာတွေရေးထားတယ်။

ဝင်ခဲ့ပါ။ သူစိမ်းတွေ၊ ဒါပေမဲ့ လောဘကြောင့် အပြစ်ခံရမဲ့ အကျိုးဆက်ကို သတိထား။ အလုပ်မလုပ်ပဲ ရလိုတဲ့ ငတုံးတွေ။
အတင်းကြပ်ဆုံး အပြစ်ပေးခံရမယ်။
တကယ်လို့များ ကျုပ်တို့ မြေအောက်ရတနာဘဏ်က သင်နဲ့ဘယ်တော့မှ မဆိုင်တဲ့ ဥစ္စာရတနာကို ရချင်တယ်ဆိုရင်
သူခိုးတွေ၊ မင်းကိုသတိပေးပြီးပြီ။
ရတနာအပြင် ကံကြမ္မာဆိုးကိုရရှိလိမ့်မယ်။ သတိထား။

"ကျုပ်ပြောခဲ့ပြီပဲ၊ ရူးနေတဲ့ လူမှ ဒီဘဏ်တိုက်ကို ဓားပြတိုက်မိမှာ" ဟက်ဂရစ်က ပြောတယ်။

သရဲနှစ်ကောင် ခါးကိုင်းပြီး အလေးပြုတယ်။ ငွေရောင်တံခါးကြီးကို ဖြတ်ပြီး ကျယ်ဝန်းခမ်းနားတဲ့ မာဘယ်ကျောက်ခန်းမကြီးကြီးဆီ ဝင်ခဲ့ကြတယ်။ ဒီမှာ သရဲတစ္ဆေတစ်ရာကျော်ရှိတယ်။ ကောင်တာရှည်ကြီး နောက်က ခုံမြင့်တွေပေါ် ထိုင်နေကြတယ်။ စာရင်းစာအုပ်ကြီးပေါ်မှာ ရေးခြစ်နေကြတယ်။ ကြေးဝါချိန်ခွင်နဲ့ ကြေးပြားတွေကိုချိန်တယ်။ မှန်ချပ်နဲ့ ရတနာကျောက်တွေကို စစ်ဆေးတယ်။ အခန်းကြီးပတ်လည်မှာ တံခါးတွေ မရေမတွက်နိုင်အောင်ရှိတယ်။ နေရာအမျိုးမျိုးကို ဒီတံခါးတွေက သွားနိုင်တယ်။ ပိုပြီးများပြားတဲ့ သရဲတစ္ဆေတွေ ဘဏ်ကိုလာတဲ့ ဧည့်သည်တွေကို လမ်းပြပြီး ဒီတံခါးတွေက ဝင်လိုက်၊ ထွက်လိုက်လုပ်နေတယ်။ ဟက်ဂရစ်နဲ့ ဟယ်ရီတို့ ကောင်တာကို ကပ်သွားတယ်။

"မင်္ဂလာနံနက်ခင်းပါ" ဟက်ဂရစ်က အလုပ်သိပ်မများတဲ့ သရဲလေးကို ပြောလိုက်တယ်။ "ကျွန်တော်တို့ မစ္စတာ ဟယ်ရီ-ပေါ်တာတို့ရဲ့ မီးခံသေတ္တာမှာ ငွေယူစရာရှိတယ်။



"ခင်ဗျားမှာ သူ့သော့ပါသလား၊ မစ္စတာ"

"ဒီမှာပဲ" ဟက်ဂရစ်က ဖြေလိုက်ပြီး အိတ်ကပ်ထဲက ပစ္စည်းတွေကို ကောင်တာပေါ် သွန်ချ လိုက်တယ်။ မှိုတက်နေတဲ့ ခွေးစာမုန့် တစ်ဆုပ် သရဲရဲ့ စာရင်းစာအုပ်ပေါ် ကျသွားတယ်။ သရဲက နှာခေါင်းရှုံ့တယ်။ ညာဘက်က သရဲတစ်ကောင် အရောင်တောက်တဲ့ ကျောက်မီးသွေးနဲ့တူတဲ့ ပတ္တမြားတစ်ပုံကြီးကို ချိန်နေတာ ဟယ်ရီကြည့်နေတယ်။

"တွေ့ပြီ" ဟက်ဂရစ် အသံထွက်လာတယ်။ လက်မှာ ရွှေသော့လေးတစ်ချောင်း မြှောက်ကိုင်ထားတယ်။ သရဲက သော့ကို ခနစိုက်ကြည့်တယ်။

"ပြဿနာ မရှိနိုင်ပါဘူး"

"ကျွန်တော့်ဆီမှာလဲ ပါမောက္ခ ဒမ်ဘလီဒိုးရဲ့ စာပါတယ်" ဟက်ဂရစ်ဟာ ဂုဏ်ယူစွာ ကြေညာလိုက်ပြီး ရင်ကိုကော့ထားတယ်။ "ဒါကတော့ အမှတ် ၇၁၃၊ မြေအောက်ရတနာခန်းက ဟိုပစ္စည်းပါ"

သရဲက အဲဒီစာကို သေချာဖတ်တယ်။

"ကောင်းပြီ" သူကပြောတယ်။ စာကို ဟက်ဂရစ်ပြန်ပေးလိုက်တယ်။ "မြေအောက်ရတနာ ဘဏ်ခန်းနှစ်ခုသို့ ကျွန်တော် လူတစ်ယောက် ထည့်ပေးလိုက်မယ်။ လက်ကိုင်ဂွင်း"

လက်ကိုင်ဂွင်းဆိုတာ တခြားသရဲတစ်ကောင်။ ဟက်ဂရစ်က ခွေးစာကို အိတ်ကပ်ထဲ ပြန်ထည့်ပြီးနောက် သူနဲ့ ဟယ်ရီတို့ လက်ကိုင်ဂွင်း နောက်က လိုက်ပြီး တံခါးပေါက်တစ်ခုက ထွက်သွားကြတယ်။

"အမှတ် ၇၁၃ မြေအောက်ရတနာခန်းက ဟိုပစ္စည်းဆိုတာ ဘာလဲ" ဟယ်ရီက မေးတယ်။

"ဒါကျုပ်ပြောမပြနိုင်ဘူး" ဟက်ဂရစ်က လျှို့ဝှက်တဲ့ အမူအရာနဲ့ ပြောတယ်။ "ဒါကတော့ ထိပ်တန်းလျှို့ဝှက်ချက်။ ဟော့ဂ်ဝပ်နဲ့ဆိုင်တယ်။ ဒမ်ဘလီဒိုးက ကျုပ်ကိုယုံကြည်တယ်လေ။ ဒါလဲ ကျုပ်အလုပ်ပါပဲ။ မင်းစိတ်ဝင်စားမယ် မထင်ဘူး"

လက်ကိုင်ဂွင်းက တံခါးဖွင့်ပေးတယ်။ မာဘယ်ကျောက်တွေ ပိုများများတွေ့ရမယ်ထင်တဲ့ ဟယ်ရီဟာ ခုတော့ တအားအံ့အားသင့်သွားတယ်။ သူတို့ဟာ ကျဉ်းမြောင်းတဲ့ ကျောက်စကြံ့ထဲ ဝင်ခဲ့တယ်။ နံရံပေါ်မှာ တောက်

www.burmeseclassic.com

www.burmeseclassic.com



လောင်နေတဲ့ မီးတုတ်ချိတ်ထားတယ်။ ဒီကျောက်စကြံဟာ မတ်စောက်တဲ့တောင်ကုန်းပဲ။ မြေကြီးပေါ်မှာ ရထားသံလမ်းသေးသေးလဲရှိတယ်။ လက်ကိုင်ဂွင်းက လေတစ်ချက်ချွန်လိုက်တယ်။ တွန်းလှည်းလေးတစ်စီး ဒိုင်းဆို ရွေ့ရောက်လာတယ်။ သုံးယောက်သား တွန်းလှည်းပေါ်တက်လိုက်ကြတယ်။ ဟက်ဂရစ်အဖို့တော့ ခက်ခဲတာပေါ့။ ဒီနောက် ခရီးဆက်ကြတယ်။

စစချင်းမှာတော့ သူတို့ဟာ ဝက်ပါနဲ့တူတဲ့ ကွေ့ကောက်တဲ့လမ်းပေါ်မှာ တွန်းတိုက်ဆင်းသွားတယ်။ ဟယ်ရီကလမ်းကို မှတ်ဖို့ကြိုးစားတယ်။ ဘယ်ဘက်၊ ညာဘက်၊ ဘယ်ဘက်၊ အလယ်၊ ညာဘက်၊ ဘယ်ဘက်၊ ဘယ်လိုမှ မှတ်လို့ မရနိုင်ဘူး။

ဂတ်-ဂတ်-ဂတ်နဲ့ သွားနေတဲ့ တွန်းလှည်းလေးဟာ လမ်းသိသလိုပဲ။ လက်ကိုင်ဂွင်းက တမင်မောင်းတာမှ မရှိတာ။

တရှိန်ရှိန်တိုက်နေတဲ့ လေအေးကြောင့် ဟယ်ရီ့မျက်စိတွေ စူးနာနေတယ်။ ဒါပေမယ့်လဲ မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်။ လမ်းမှာ တစ်ကြိမ်တွင် လမ်းကြောအဆုံးက မီးရောင်ကို သူမြင်လိုက်တယ်။ သူက ကိုယ်ကိုလှည့်ပြီး နဂါးတစ်ကောင်ဖြစ်မလားလို့ ကြည့်ချင်တယ်။ ဒါပေမယ့် မမီတော့ဘူး။ သူတို့ အောက်ကိုထိုးဆင်းနေပြီ။ ပိုပြီးနက်တဲ့ မြေအောက်ကို ဆင်းသွားတယ်။ ထုံးကျောက် ကျောက်ပန်းဆွဲတွေ၊ မျှစ်ကဲ့သို့သော ကျောက်တိုင်တွေနဲ့ ပြည့်နေတဲ့ မြေအောက် ရေကန်ကို ဖြတ်သွားတယ်။

"ကျွန်တော် ဘယ်တုန်းကမှ မကွဲဘူး" ဟယ်ရီက တွန်းလှည်းရဲ့ ကြွကြွ သံကြားက ဟက်ဂရစ်ကို အော်ပြောတယ်။ "ကျောက်ပန်းဆွဲနဲ့ ကျောက်တိုင် ဘာကွာသလဲ"

"ကျောက်ပန်းဆွဲက သုံးလုံးလေ" ဟက်ဂရစ်က ပြောတယ်။ "အခု ကျုပ်ကိုမေးခွန်းမထုတ်ဖို့ တောင်းပန်ပါတယ်။ ကျုပ်အန်ချင်လှပြီ"

သူ့မျက်နှာ အရောင်မကောင်းဘူး။ တွန်းလှည်းဟာ နောက်ဆုံးမှာ လမ်းကြောဘေးရှိ နံရံတစ်ခုရဲ့ တံခါးလေးရှေ့မှာ ရပ်သွားတယ်။ ဟက်ဂရစ် ကမန်းကတန်းတွားဆင်းတယ်။ သူ့တစ်ကိုယ်လုံး နံရံကို မှီရပ်လိုက်လို့ မြေပေါ်ပျော့ခွေမကျတာ။

လက်ကိုင်ဂွင်းက တံခါးကို ဖွင့်လိုက်တယ်။ အတွင်းကနေ အစိမ်းရောင် အခိုးတွေ ထွက်လာတယ်။ အခိုးအငွေ့တွေ ပြယ်သွားတော့ ဟယ်ရီဟာ အံ့အား



သင့်လို့ အသက်အောင့်ပြီးကြည့်နေတယ်။ အထဲမှာက ငွေဒင်္ဂါး၊ ငွေချောင်းတွေ အပုံလိုက်။ ကြေးစိမ်းနတ်လ်တွေလဲ တောင်လိုပုံလို့။

"ဒါအားလုံး မင်းဟာတွေ" ဟက်ဂရစ်က ပြုံးပြီးပြောတယ်။

အားလုံး ဟယ်ရီ့ဟာ။ ဒါသိပ်ကို မတွေးဝံ့စရာပဲ။ ဒါစလီဇနီးမောင်နှံ ဒီဥစ္စာတွေရှိတာ မသိနိုင်ဘူး။ နို့မို့ရင် လျှပ်တစ်ပြက်အတွင်း သူတို့ပိုင် လုပ်ပစ်မှာ။ သူတို့ဟာ ဟယ်ရီကို မွေးစားရလို့ ဘယ်ရွေ့ဘယ်မျှကုန်ကြောင်း တစ်ဖျစ်တောက်တောက်ပြောလေ့ရှိတယ်။ သို့ပေမယ့် သူ့မှာ လန်ဒန် မြေအောက်မြှုပ်ထားတဲ့ ဥစ္စာဓနရှိနေတယ်။

ဟက်ဂရစ်က ဟယ်ရီကို ကူပြီး ငွေကို အိတ်တစ်လုံးထဲ ထည့်ပေးတယ်။

"ရွှေဒင်္ဂါးက ဂါလုံး" သူက သေချာရှင်းပြတယ်။ " ၁၇ ငွေစစ်ခေါ် တစ်ဂါလုံး၊ ၂၉ နတ်တရင်း လွယ်လွယ်လေးရယ်။ ရပြီ။ ဒါဆို ကျောင်းပညာ သင်ကာလ တစ်ခုနှစ်ခုတော့ လောက်ပြီ။ ကျန်တာတွေ ဒီမှာအပ်ထား" သူက လက်ကိုင်ဂွင်းကို လှည့်ပြောတယ်။ "အခု ကျုပ်ကို အမှတ် ၇၁၃ ရတနာခန်းကို ခေါ်သွားပါ။ ဟိုလှည်းကို နည်းနည်းနှေးအောင် မောင်းဖို့မေတ္တာရပ်ခံပါတယ်"

"ဒီလှည်းမျိုးမှာ နှုန်းတစ်ခုထဲရှိတယ်" လက်ကိုင်ဂွင်းက ပြောတယ်။

သူတို့ ဆက်ပြီး မြေအောက်ထဲဆင်းသွားတယ်။ အရှိန်လဲ တဖြည်းဖြည်း မြန်လာတယ်။ သူတို့တတွေ တွန်းတွန်းတိုက်တိုက်နဲ့ ကျဉ်းမြောင်းတဲ့ ကွေ့ကိုချိုးသွားတဲ့အခါမှာ ပတ်ဝန်းကျင်က လေထုဟာလဲ ကြာလေ ရိုးတွင်း ချဉ်ဆိမ့်ကိုက်အောင် အေးစိမ့်လာတယ်။ တွန်းလှည်းဟာ မြေအောက် လျှိုတစ်ခု ကို တကြွကြွဖြတ်သွားတဲ့အခါမှာ ဟယ်ရီက သိချင်ဇောနဲ့ ကိုယ်ကို လှည်း အပြင် တစ်ဝက်ထုတ်ထားတယ်။ မဲမှောင်နေတဲ့ လျှိုအောက်မှာ ဘာများ ရှိသလဲဆိုတာ မြင်ချင်တယ်။ ဟက်ဂရစ်က ရေရွတ်လိုက်ပြီး သူ့ကို ဂုတ်က ဆွဲပြီး ပြန်ခေါ်လိုက်တယ်။

အမှတ် ၇၁၃ မြေအောက်ရတနာခန်းမှာ သော့ပေါက်မရှိဘူး။

"နောက်တစ်လှမ်းဆုတ်" လက်ကိုင်ဂွင်းက ဝိုက်နဲ့ ဆိုက်နဲ့ ပြောတယ်။ သူဟာ သူ့ရှည်ရှည် လက်ချောင်းနဲ့ တံခါးကြီးကို ညင်သာစွာ ပွတ်သပ်တယ်။ တံခါးဟာ သူ့လက်အောက်မှာ ပျော်ကျသွားတယ်။

"ဂရင်ဂေါ့စ်က သရဲတစ္ဆေကလွဲပြီး တခြားတစ်ယောက်ယောက် ဒီလိုလုပ်ရင် တံခါးထဲ စုပ်သွင်းတာခံရမယ်။ အထဲမှာ ပိတ်မိပြီး ထွက်လို့

www.burmeseclassic.com

www.burmeseclassic.com



မရဘူး" လက်ကိုင်ဂွင်းက ပြောတယ်။ အထဲမှာ လှုပ်ိတ်မိနေသလားဆိုတာ သိဖို့ ခင်ဗျားတို့ ပျမ်းမျှဘယ်လောက်ကြာရင် တစ်ခါစစ်ဆေးသလဲ" ဟယ်ရီက မေးတယ်။

"၁၀-နှစ် တစ်ကြိမ်ခန့် လောက်ပါ" လက်ကိုင်ဂွင်းက ဖြေတယ်။ မျက်နှာပေါ်မှာ သရော်တော်တော် အပြုံးကို တွေ့ရတယ်။

ဒီလို အကာအကွယ် အတင်းကြပ်ဆုံး မြေအောက်ရတနာခန်းထဲမှာ အလွန်အံ့သြစရာကောင်းမဲ့ ပစ္စည်းတွေရှိမှာပဲလို့ ဟယ်ရီစိတ်ထဲမှာ တစ်ထစ်ချယုံကြည်တယ်။ သူဟာ စိတ်စောစွာနဲ့ ကိုယ်ကို ရှေ့သို့ကိုင်းပြီး ထူးဆန်းတဲ့ ရတနာကို မြင်ချင်နေတယ်။ ဒါပေမယ့် ပထမဆုံးအကြည့်မှာ ဘာဆိုဘာမှ မရှိဘူး။ ဒီနောက်မှ မြေပေါ်မှာ အညိုရောင်စက္ကူနဲ့ ထုပ်ထားတဲ့၊ ညစ်ပတ်သလိုရှိတဲ့ အထုပ်တစ်ထုပ်ကို မြင်ရတယ်။ ဟာဂရစ်ကကောက်ယူပြီး အပေါ်အင်္ကျီထဲထိုးထည့်လိုက်တယ်။ အထဲမှာ ဘာတွေရှိလဲဆိုတာ ဟယ်ရီ သိပ်သိချင်တယ်။ ဒါပေမယ့် မေးလဲ အကြောင်းမထူးဘူးဆိုတာ သူသိတယ်။

"သွားစို့၊ ငရဲတွန်းလှည်း စီးရဦးတော့မယ်။ တော်ကြာနေ လှည်းပေါ်မှာ ကျုပ်ကို စကားလာမပြောပါနဲ့။ ကျုပ်ပါးစပ်ပိတ်နေမှ ဖြစ်မယ်" ဟာဂရစ်က ပြောတယ်။

အရှုံးအမှုး စိတ်လှုပ်ရှားဖွယ် တွန်းလှည်းခရီးပြီးဆုံးတော့ ဂရင်းဂေါ့စ်အပြင်က လမ်းပေါ်ကို ပြန်ရောက်လာတယ်၊ နေရောင်မျက်စိစူးလို့ မျက်တောင်တစ်ဖျပ်ဖျပ်ခတ်နေကြတယ်။ အခု ဟယ်ရီ့ကိုယ်ပေါ်မှာ ငွေအိတ်တစ်အိတ် လွယ်ထားတယ်။ ဘယ်ကို အရင်သွားရမှန်း မသိဘူး။ သူဟာ တစ်ဂါလုံး ဘယ်နှစ်ပေါင်ရှိလဲဆိုတာ တွက်နေစရာမလိုဘူး၊ သူ့ဘဝမှာ ဒီလောက် ဥစ္စာဓန မရှိခဲ့ဖူးဘူးဆိုတာ သိတယ်။ ဒါလီတောင် အသေးသုံးငွေ ဒီလောက် မရှိခဲ့ဘူး။

"မင်း ဝတ်စုံအရင်ဝယ်တာ အကောင်းဆုံးပဲ" ဟာဂရစ်က ပြောတယ်။ ခေါင်းမော့ပြီး "မစ္စစ် မော်ကင်းရဲ့ ဝတ်ရုံရှည် အမျိုးမျိုး" ဆိုတဲ့ ဆိုင်ကို ညွှန်ပြတယ်။ "ကျုပ်ပြောတာ နားထောင်၊ ဟယ်ရီ။ ကျုပ်ကို ခန ခွဲသွားခွင့်ပေးမလား။ ခွက်စုတ်ကို သွားပြီး စိတ်လန်းဆန်းစေတဲ့ ယမကာလေး သောက်ချင်လို့။ ကျုပ်ဂရင်းဂေါ့စ်က တွန်းလှည်းကို မုန်းလိုက်တာ"

သူ့မျက်နှာအရောင်က စိမ်းဖျော့ဖျော့ရှိနေသေးတယ်၊ ဒါကြောင့်



ဟယ်ရီက မစ္စစ် မော်ကင်းရဲ့ ဝတ်ရုံရှည်ဆိုင်ထဲ တစ်ယောက်ထဲဝင်ခဲ့တယ်။ စိတ်ထဲမှာတော့ ခပ်ကြောက်ကြောက် ဖြစ်နေတယ်။

မစ္စစ်မော်ကင်းဟာ အပြုံးတွေဝေပြီး ခရမ်းဖျော့ဖျော့အရောင် အင်္ကျီဝတ်ထားတဲ့ ဝဝပုပု မှော်ဆရာမဖြစ်တယ်။

"ဟော့ဂ်ဝပ် ဝတ်စုံလိုချင်လို့လား" ဟယ်ရီပါးစပ်မဖွင့်ရသေးခင်မှာပဲ သူမက အရင်မေးတယ်။

"ဒီမှာ အများကြီးပဲ။ တခြားလူငယ်တစ်ယောက် အထဲမှာ စမ်းဝတ်ကြည့်နေတယ်"

ဆိုင်ရဲ့အတွင်းဘက်မှာ မျက်နှာချွန်ချွန်ဖြူဖြူ ကောင်လေးတစ်ယောက် ခြေနင်းခုံပေါ် ရပ်နေတယ်။ တခြားမှော်ဆရာမ တစ်ယောက်က သူ့ဝတ်ရုံကို သင့်တော်တဲ့အရှည်အထိ ချိတ်နဲ့ တွယ်ညှိနေတယ်။

"ဟဲလို" ကောင်လေးကပြောတယ်။ "ဟော့ဂ်ဝပ်ကို တက်မှာပဲလား"

"ဟုတ်ကဲ့" ဟယ်ရီက ပြောတယ်။

"ကျွန်တော့်အဖေက ဘေးခန်းမှာ ကျွန်တော့်အတွက် စာအုပ်ဝယ်နေတယ်။ ကျွန်တော့် အမေက မှော်ကြိမ်လုံးသွားဝယ်နေတယ်" ကောင်လေးကပြောတယ်။ သူ့စကားသံဟာ ပျင်းအိအိ နိုင်လှတယ်။ "ခနနေရင် ကျွန်တော် သူတို့ကို မိုးပျံတံမြက်စည်း လိုက်ပြဖို့ အတင်းခေါ်ရမယ်။ ကျွန်တော့်အဖေကို တစ်လက်အတင်းဝယ်ခိုင်းရမယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ခိုးသွင်းဖို့ နည်းလမ်း ရှိမှာပါပဲ"

သူ့ကို ကြည့်ပြီး ဟယ်ရီက ဒါလီကို သတိရမိတယ်။

"မင်းမှာ ကိုယ်ပိုင် တံမြက်စည်းရှိလား" ကောင်လေးက သူ့ကို စကားဆက်ပြောတယ်။

"မရှိဘူး" ဟယ်ရီက ပြောတယ်။

"ခွေဒစ် ကစားဘူးလား"

"ဟင့်အင်း" ဟယ်ရီက ဖြေတယ်။ အဲဒီခွေဒစ်ဆိုတာ ဘာမှန်းကို သူမသိတာ။

"ကျွန်တော် ကစားဘူးတယ်။ ကျွန်တော့်အဖေက ပြောတယ်။ တကယ်လို့များ ကျွန်တော်တို့ ကျောင်းအသင်းက အရွေးမခံရရင် အရှက်ကြီးကွဲပြီတဲ့။ ကျွန်တော်ပြောချင်တာက ကျွန်တော် သူ့အမြင်ကို လုံးဝသဘောတူတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ဘယ်ကျောင်းပို့မယ်ဆိုတာသိလား"

"မသိဘူး" ဟယ်ရီက ပြောတယ်။ ကြာလေ မိမိကိုယ်မိမိ အတယ်ထပ်လေပဲ။

"ဟေး၊ ကျောင်းမရောက်ခင်မှာ ဘယ်ကိုပို့မယ်ဆိုတာ ဘယ်သူမှ သေချာမသိဘူး။ ကျွန်တော် စလေးသရင်း ရောက်မယ်ဆိုတာသိတယ်။ ကျွန်တော်တို့ တစ်အိမ်သားလုံး အဲဒီက အောင်တာ။ တကယ်လို့ ဟာ့ဖ်ဖတ်ကို ပို့မယ်ဆိုရင် ကျွန်တော်ကျောင်းထွက်တာမှ ပိုကောင်းသေးတယ်လို့ ထင်တယ်။ မဟုတ်ဖူးလား"

"အင်း" ဟယ်ရီက ပြောတယ်။ မိမိကိုယ်မိမိ အင်းအဲထက်ပို အဓိပ္ပာယ်ရှိတဲ့စကား ပြောနိုင်စေချင်တယ်။

"အမလေး၊ ကြည့်စမ်း 'ဟိုလူ' ကို" ကောင်လေးက ရုတ်တရက် အော်တယ်။ ခေါင်းမော့ပြီး ရှေ့ရှိပြတင်းပေါက်ကို ညွှန်ပြတယ်။ ဟက်ဂရစ်က အဲဒီမှာရပ်ပြီး ဟယ်ရီကို ရယ်ပြနေတယ်။ လက်ထဲက ရေခဲမုန့်ကြီးနှစ်ခုကို ပြတယ်။ သူအထဲဝင်လို့ မဖြစ်ဘူးလို့ အမူအရာပြတယ်။

"အဲဒါ ဟက်ဂရစ်" ဟယ်ရီက ပြောတယ်။ အဲဒီကောင်လေး မသိတာကို သူသိတဲ့အတွက် ဝမ်းသာမိတယ်။ "သူဟော့ဂ်ဝပ်မှာ အလုပ်လုပ်တယ်"

"အော" ကောင်လေးက ပြောတယ်။ "သူ့အကြောင်းကြားဘူးတယ်၊ သူက အခိုင်းစေပါပဲ။ မဟုတ်ဖူးလား"

"သူက တောလိုက်ကွင်းအစောင့်" ဟယ်ရီက ပြောတယ်။ ဒီကောင်လေးကို ကြာလေ မနှစ်သက်လေ ဖြစ်လာတယ်။

"ဟုတ်တယ်၊ လုံးဝမှန်ကန်တယ်။ သူနည်းနည်း ရိုင်းတယ်လို့ ကြားတယ်။ ကျောင်းဝန်းထဲ က သစ်သားအိမ်ကလေး တစ်လုံးထဲမှာ နေတယ်။ အရက်မူးတိုင်း မှော်ပညာပြချင်တယ်။ နောက်ဆုံး တလွဲတွေဖြစ်ပြီး ကိုယ့်ခုတင်ကို မီးလောင်သွားစေတယ်။

"သူသိပ်ဉာဏ်ကောင်းတယ်လို့ ကျွန်တော်ထင်တယ်" ဟယ်ရီက အေးစက်စက်ပြောတယ်။

"ဟုတ်လား" ကောင်လေးက သရော်ရယ်ရင်း ပြောတယ်။ "ဘာဖြစ်လို့ သူက မင်းနဲ့ လိုက်လာတာလဲ။ မင်းမိဘကော"

"သေကုန်ပြီ" ဟယ်ရီက တိုတိုပဲ ဖြေတယ်။ ဒီကောင်လေးနဲ့ ဒီပြဿ



နာ မဆွေးနွေးချင်ဘူး။

"အိုး၊ နှစ်မြော စရာပဲ" ကောင်လေးကပြောတယ်။ ဒါပေမယ့် သူ့အသံက နည်းနည်းမှ နှမြောပုံမပေါ်ဘူး။ "ဒါပေမယ့် သူတို့က ဒို့နဲ့ တစ်မျိုးတစ်စားထဲပဲ ထင်တယ်၊ ဟုတ်လား"

"သူတို့က မှော်ဆရာမနဲ့ မှော်ဆရာ။ ခင်ဗျား ဒါကို ပြောချင်တာ ဟုတ်လား"

"ကျွန်တော်တကယ်ပဲ၊ အမျိုးကွဲတွေ ဝင်ခွင့်မပေးသင့်ဘူးလို့ ထင်တယ်။ မဟုတ်ဖူးလား။ သူတို့ဟာ ကျွန်တော်တို့နဲ့ မတူဘူး။ သူတို့ဟာ ငယ်ငယ်ကတည်းက မတူတဲ့ ပတ်ဝန်းကျင်မှာ ကြီးလာတာ။ ဒို့ကမ္ဘာကို နည်းနည်းမှ နားမလည်ဘူး။ တွေးကြည့်ပါ၊ သူတို့တချို့ဟာ ကျောင်းဝင်ခွင့် စာမရခင်က ဒီကမ္ဘာမှာ ဟော့ဂ်ဝပ်ဆိုတဲ့ ကျောင်းရှိတာ သိတောင်မသိဘူး။ ကျောင်းက တင်းကြပ်သင့်တယ်။ ရှေးမှော်ဆရာ အိမ်ထောင်က လာတဲ့ ကျောင်းသားတွေကိုပဲ လက်ခံသင့်တယ်။ နေပါဦး၊ ခင်ဗျား အမျိုးနာမည်က ဘာလဲ"

ဟယ်ရီပြန်မဖြေရသေးခင်မှာပဲ မစ္စစ်မော်ကင်းကပြောတယ်။ "အောက်ဆင်းလို့ရပြီ အချစ်ကလေး" ကောင်လေးနဲ့ စကားမပြောရတဲ့ အကြောင်းအချက်ပေါ်လာတဲ့ ဟယ်ရီဟာ ခုံပေါ်ကနေ ခုန်ချလိုက်တယ်။

"ကောင်းပြီ၊ ဒါဆို ဟော့ဂ်ဝပ်ကျမှ ပြန်တွေ့ကြတာပေါ့" အဲဒီ ပျင်းရိရိကောင်လေးက ပြောတယ်။

ဟယ်ရီက ဟက်ဂရစ်ဝယ်ပေးတဲ့ ရေခဲမုန့်(ချော့ကလက်၊ ဘာရီနဲ့ အဆံပါတဲ့) စားနေစဉ်မှာ ခါတိုင်းထက် ငြိမ်သက်နေတယ်။

"ဘယ်လိုလဲ" ဟက်ဂရစ်ကမေးတယ်။

"ဘာမှ မဖြစ်ပါဘူး" ဟယ်ရီက ညာပြောတယ်။ သူတို့ဟာ ဆိုင်ထဲဝင်ပြီး သိုးရေစက္ကူနဲ့ ငှက်မွေးစုတ်တံဝယ်တယ်။ ဒီမှာ စာရေးလိုက်ရင် အရောင်ပြောင်းတတ်တဲ့ မင်တစ်မျိုး ဟယ်ရီတွေ့တယ်။ စိတ်လဲ နည်းနည်း ပြေလာတယ်။ ဆိုင်ထဲက ထွက်ခဲ့တော့ ဟယ်ရီက မေးတယ်။ "ဟက်ဂရစ်၊ ခွဒစ် ဆိုတာဘာလဲ"

"အမလေး၊ ဘုရား ဘုရား။ ဟယ်ရီ၊ မင်းမသိတာ အများကြီး ရှိသေးတယ်ဆိုတာ ကျုပ် မေ့မေ့နေတယ်။ အခု ခွဒစ်ဆိုတာ ဘာဆိုတာ တောင် မသိပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိတ်မကောင်းဖြစ်အောင် ထပ်မလုပ်ပါနဲ့တော့" ဟယ်ရီက ပြောတယ်။ သူက မစ္စစ်မော်ကင်းဆိုင်မှာ တွေ့ခဲ့ရတဲ့ ကောင်လေး အကြောင်းကို ဟက်ဂရစ်အား ပြောပြတယ်။

"— သူကပြောတယ် 'မတ်ဂေါ်' အိမ်က လူဆိုရင် လက်မခံသင့်ဘူး— "

"မင်းက 'မတ်ဂေါ်' အိမ်ထောင်ကမှ မဟုတ်တာ။ မင်းဘယ်သူဆိုတာ သူသာသိခဲ့ရင် — သူ့မိဘဟာ ဒို့မှော်ဆရာ အုပ်စုထဲကဆိုရင်၊ သူဟာ ငယ်စဉ်ကတည်းက မင်းနာမည်ကို ကြားပြီး ကြီးလာတာ။ မင်းကိုယ်တိုင်လဲ ခွက်စုတ်ဘားထဲက လူတွေနဲ့ တွေ့ခဲ့တာပဲဟာ။ ဘာဘဲဖြစ်ဖြစ် သူ့စကားကို အတည်ယူလို့ မဖြစ်ဖူး။ အတော်ဆုံး မှော်ဆရာတွေကို ကျုပ်တွေ့ခဲ့ဘူးတယ်။ အားလုံးဟာ 'မဟ်ဂေါ်' အိမ်ထောင်ထဲက မှော်ပညာတတ်တဲ့ တစ်ဦးတည်းသော သူဖြစ်တယ်။ မင်းအမေကိုပဲကြည့်၊ သူ့မှာ ဘယ်လို အစ်မမျိုး ရှိတယ် ဆိုတာလဲ ကြည့်ဦး"

"ဒါဖြင့်ရင် ခွေဒစ် ဆိုတာ ဘာပါလိမ့်"

"အဲဒါ ဒို့အားကစားပေါ့။ မှော်ဆရာတွေရဲ့ အားကစား။ ဘာနဲ့တူလဲ ဆိုတော့ — ဘာနဲ့ တူလဲ ဆိုတော့ 'မတ်ဂေါ်' ကမ္ဘာထဲက ကန်ဘောနဲ့တူတယ်။ အားလုံးခွေဒစ်ကို နှစ်သက်တယ် — လူအားလုံးဟာ တံမြက်စည်းကိုစီးပြီး မိုးပေါ်မှာ ပျံသန်းသွားလာတယ်။ ဘောလုံး လေးခုရှိတယ်။ ကစားနည်း စည်းကမ်းကို ရှင်းပြဖို့ ခက်ပါတယ်"

"ဒါဖြင့်ရင် စလေးသရင်းနဲ့ ဟာ့ဖ်ဖတ်ဆိုတဲ့ အဓိပ္ပာယ်ကကော"

"ဟောက်စ်ကျောင်းလေ။ ဟော့ဂ်ဝပ်မှာ ဟောက်စ်ကျောင်း လေးကျောင်းရှိတယ်။ အားလုံးက ဟာ့ဖ်ဖတ်ကနေ အသုံးမကျတဲ့ ငတုံးတွေချည်း မွေးထုတ်တယ်တဲ့၊ ဒါပေမယ့်— "

"ဒါဆို ကျွန်တော် ဟိုရောက်မှာသေချာတယ်" ဟယ်ရီက မပျော်မရွှင် နဲ့ပြောတယ်။

"ဟာ့ဖ်ဖတ်ကို ဝင်ချင်သေးတယ်။ စလေးသရင်းကိုတော့ မသွားချင်ဘူး" ဟက်ဂရစ်က မျက်နှာကြီးတည်ပြီးပြောတယ်။ "ဆိုးသွမ်းသွားတဲ့ မှော်ဆရာမနဲ့ မှော်ဆရာတွေဟာ စလေးသရင်း က ထွက်တာ၊ ဥပမာ- 'ဟိုလူ' ကလဲ ဒီထဲကတစ်ယောက်ပဲ"



"ဗိုလဒီ — တောင်းပန်ပါတယ် — 'ဟိုလူ'ကလဲ ဟော့ဂ်ဝပ်မှာ ကျောင်းနေဖူးလား"

"လွန်ခဲ့တဲ့ အကြာကြီးက" ဟက်ဂရစ်က ပြောတယ်"

သူတို့ဟာ "ခမ်းနားခြင်းနဲ့ ညစ်ပတ်ရာ" ဆိုတဲ့ ဆိုင်မှာ ဟယ်ရီအတွက် ဖတ်စာအုပ်ဝယ်တယ်။ ဒီကစာအုပ်စင်ပေါ်မှာ စာအုပ်တွေ ပြည့်နေတယ်။ မျက်နှာကြက်နဲ့ ထိနေပြီ။ လမ်းခင်း ကျောက်ပြားကြီးလို ကြီးမားတဲ့ သားရေ မျက်နှာဖုံးနဲ့ စာအုပ်လဲရှိတယ်။ တံဆိပ်ခေါင်းလိုသေးငယ်တဲ့ ငွေအဖုံးနဲ့ စာအုပ်လေးလဲရှိတယ်။ ထူးဆန်းတဲ့ အမှတ်အသားတွေ ပုံနှိပ်ထားတဲ့ စာအုပ်နဲ့ အထဲမှာ ဘာမှမရှိတဲ့ စာမဲ့နတ်စာအုပ်လဲ ရှိတယ်။ ဘယ်တုန်းကမှ စာမဖတ်တဲ့ ဒါလီလို လူမျိုးတောင် ဒီကိုရောက်လာရင်၊ စာအုပ်တချို့ကို မရရအောင် အရှုးအမူးလုယူမှာ။ ဟက်ဂရစ်ဟာ နည်းအမျိုးမျိုးသုံးတယ်။ နောက်ဆုံး ဟယ်ရီကို ဆွဲခေါ်မှသာ ဟယ်ရီကို 'ကျိန်စာနဲ့ ကျိန်စာချေဖျက်ခြင်း' (နောက်ဆုံးပေါ် ဂလဲ့စားချေနည်းနဲ့ သင့်မိတ်ဆွေနဲ့ သင့်ကို လိမ်ညာတဲ့ ရန်သူကို ကျိစားခြင်း၊ ဆံပင်ကျွတ်စေခြင်း၊ ခြေထောက်ကို ယိုသုတ်ခြင်း၊ လျှာကို ချည်ထားခြင်းနဲ့ တခြားနည်းများ) လို့ခေါ်တဲ့ စာအုပ်ကို လက်ကချဖို့ ပြောလို့ ရတော့တယ်။ စာရေးဆရာကတော့ ဝင်ဒီ။

"ကျွန်တော် ဒါလီကို ကျိန်နိုင်တဲ့ နည်းတချို့ရချင်တယ်"

"ဒါကောင်းတဲ့ အကြံမဟုတ်ဖူးလို့တော့ မပြောချင်ဘူး။ ဒါပေမယ့် အထူးအခြေအနေနဲ့ ကြုံမှ။ နို့မို့ရင် မင်း 'မတ်ဂေါ်' ကမ္ဘာမှာ မှော်ပညာ မသုံးရဘူး" ဟက်ဂရစ်က ပြောတယ်။ "တစ်နည်း တွေးပြန်တော့လဲ မင်းလဲ ကျိန်စာကို အကျိုးသက်ရောက်အောင် မစွမ်းနိုင်ဘူး။ မင်းစာတွေ အများကြီး ဖတ်ပြီးမှသာ ဒီလိုအရည်အချင်းရှိမှာ"

ဟက်ဂရစ်က ဟယ်ရီကို ခိုင်မာတောင့်တင့်တဲ့ ရွှေပုဆိန် (စာရင်းထဲ မှာက ဖယောင်းမြှူနဲ့လုပ်တာ ဝယ်ရမယ်လို့ပါတယ်။) ဝယ်ခွင့်မပြုဘူး။ ဒါပေမယ့် ဆေးချိန်တဲ့နေရာမှာ သုံးတဲ့ လှပတဲ့ ချိန်ခွင်တစ်ခုနဲ့ ခေါက်လို့ရတဲ့ ကြေး အဝေးကြည့် မှန်ပြောင်းတစ်ခုကို- ဝယ်ကြတယ်။ ဒီနောက် သူတို့ ဆေးဆိုင်တစ်ဆိုင်ထဲ ဝင်ခဲ့ကြတယ်။ ဒီမှာ ကြက်ဥပုပ်နဲ့ ဂေါ်ဖီထုပ် အပုပ်နံ့ နံတဲ့ ပို့ချင်စရာ အနံ့တွေရှိတယ်။ ဆိုင်ရဲ့ ဆွဲဆောင်အားက ဒီချို့ယွင်းချက်ကို ထေမိစေတယ်။ ကြမ်းပေါ်မှာ ချွဲပျစ်ပျစ် ထူးဆန်းတဲ့အရာတွေ ထည့်ထားတဲ့

www.burmeseclassic.com



ပုံးတစ်ပုံးရှိတယ်။ နံရံဘေးမှာ ဘိန္နောဆေးတွေ၊ ဆေးမြစ်ခြောက်တွေနဲ့ အရောင်တောက်တဲ့ အမှုန့်တွေ ထည့်ထားတဲ့ အိုးတွေရှိတယ်။ မျက်နှာကြက်ပေါ်မှာ ကြက်ငှက်အတောင်တွေ အစည်းလိုက်၊ အစွယ်နဲ့ အမွေးအမျှင်တွေ ခဲနေတဲ့ တိရစ္ဆာန်လက်သည်းတွေ ချိတ်ဆွဲထားတယ်။ ဟက်ဂရစ်က ကောင်တာနောက်က အမျိုးသားတစ်ယောက်ကို ဟယ်ရီအတွက် အခြေခံဆေးတချို့ ယူခိုင်းတယ်။ ဟယ်ရီကတော့ တစ်ချောင်းကို ၂၇ ဂါလုံး ပေးရတဲ့ ဂျိုတစ်ဂျိုတိရစ္ဆာန်ရဲ့ ဂျိုနဲ့ သေးငယ်ပြီး အရောင်တောက်နေတဲ့ ချေးပိုးကောင်ရဲ့ မျက်စိ (တစ္ဆန်း ၅ နတ်)ကို စိတ်ဝင်တစား ကြည့်နေတယ်။

ဆေးဆိုင်က ထွက်လာပြီးနောက် ဟက်ဂရစ်ဟာ ဟယ်ရီရဲ့ စာရင်းဇယားကို တစ်ကြိမ် ကြည့်ပြန်တယ်။

"အခု မင်းရဲ့ မှော်ကြိမ်လုံးပဲဝယ်ဖို့ ကျန်တော့တယ် — အိုး၊ ဟုတ်ပြီ၊ ကျုပ် မင်းကို မွေးနေ့လက်ဆောင် မပေးရသေးဘူးနော်"

ဟယ်ရီက မိမိမျက်နှာနီလာတယ်လို့ ခံစားရတယ်။

"မလိုပါဘူး"

"မလိုဘူးဆိုတာ ကျုပ်သိတယ်။ ကျုပ်ပြောပြမယ်၊ ကျုပ်မင်းကို အကောင်တစ်ကောင်ပေးမှာ နော်။ ဖားပြုပ်မကောင်းဘူး။ ဖားပြုပ်က လွန်ခဲ့တဲ့ နှစ်တွေကတည်းက ခေတ်မစားတော့ဘူး။ သူများက မင်းကို ကဲ့ရယ်လိမ့်မယ်။ ကျုပ်က ကြောင်လဲ မချစ်ဖူး။ ကြောင်က ကျုပ်ကို အမြဲနှာချေစေတယ်။ ကျုပ်ဇီးကွက်တစ်ကောင်ပေးမယ်။ အဲဒါသိပ်ကို အသုံးကျတာ။ မင်းကို စာပို့ပေးနိုင်တယ်။ အထုပ်ပို့ပေးနိုင်တယ်"

မိနစ် ၂၀ကြာပြီးနောက်၊ သူတို့ဟာ မဲမှောင်ပြီး ပုရစ်တောင်ပံခတ်သံနဲ့ ကျောက်မျက် ရတနာလို လင်းလက်တဲ့ မျက်စိရှိတဲ့ ရီးရားဇီးကွက်ဈေးကွက်က ထွက်လာတယ်။

အခု ဟယ်ရီလက်ထဲမှာ ငှက်လှောင်အိမ်တစ်လုံး ပါလာတယ်။ အထဲမှာ လှပတဲ့ နှင်းဇီးကွက်တစ်ကောင်ရှိတယ်။ ဇီးကွက်က ခေါင်းကို တောင်ပံထဲမြှုပ်ထားပြီး အိပ်မောကျနေတယ်။ သူက အ,ထစ် အ,ထစ်နဲ့ ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောတယ်။ ပါမောက္ခခွေရဲ့စကားပြောနေတာနဲ့ တူနေတယ်။

"စိတ်ထဲမထားနဲ့" ဟက်ဂရစ်ရဲ့အသံက နည်းနည်းပြာနေတယ်။ "မင်း ဒါစလီလင်မယားဆီက ဘာလက်ဆောင်မှ ရမှာမဟုတ်ဖူးလို့ ကျုပ်ထင်တယ်။ အခုအော်ရီဘမ်းပဲ ကျန်တော့တယ်။အဲဒီမှာသာ မှော်ကြိမ်လုံး ရောင်းတာ။ မင်းအကောင်းဆုံးမှော်ကြိမ်လုံး ဝယ်လို့ရမှာ သေချာတယ်"



မှော်ကြိမ်လုံးတစ်လက်. . . . . ဒါကမှ ဟယ်ရီ အရချင်ဆုံးအရာပဲ။

နောက်ဆုံးဆိုင်ကတော့ သေးလဲသေး၊ စုတ်လဲစုတ်တယ်။ တံခါးပေါ်မှာ ဆေးရောင်ပြယ်နေတဲ့ ရွှေစာလုံးကိုတွေ့ရတယ်။ အော်ရီဘမ်း။ အကောင်းဆုံး မှော်ကြိမ်လုံး ပြုလုပ်တဲ့ ကုန်ဆိုင်။ ခရစ်မတိုင်မီ ၃၈၂ နှစ်တွင် စတင်တည်ထောင်သည်။ ဖုံတွေပြည့်နေတဲ့ မှန်ဘီဒိုထဲမှာ မှော်ကြိမ်လုံး တစ်လက်ဟာ အရောင်ပြယ်နေတဲ့ ခရမ်းရောင်အခံပေါ်မှာ အထီးတည်းလဲလျောင်းနေတယ်။

သူတို့အတွင်းဝင်လိုက်တာနဲ့ ဆိုင်တွင်း အတွင်းဘက် ထောင့်တစ်ထောင့်ကနေ ဂလောင် ဂလင်နဲ့ ဂလိုင်သံထွက်လာတယ်။ ဒီနေရာဟာ အင်မတန်ကျဉ်းတယ်။ သေးသေးရှည်ရှည် ထိုင်ခုံတစ်လုံးကလွဲပြီး တခြားဘာမှ မရှိဘူး။ ဟက်ဂရစ်ကခုံပေါ်ထိုင်ပြီး စောင့်နေတယ်။ ဟယ်ရီကတော့ စည်းကမ်းအလွန်တင်းကြပ်တဲ့ စာကြည့်တိုက်ထဲ ဝင်မိသလို ထူးဆန်းတဲ့ ခံစားချက်ဖြစ်နေတယ်။ သူဟာ ခေါင်းထဲပြေးဝင်လာတဲ့ မရေမတွက်နိုင်တဲ့ မေးခွန်းတွေကို မျိုသိပ်ရင်း သူ့ဘေးပတ်လည်မှာ ညီညီညာညာစီထားတဲ့ မျက်နှာကြက်ထိအောင် ဆင့်ပုံထားတဲ့ ရှည်မျောမျောဗူးတွေကို ကြည့်နေတယ်။ ဘာကြောင့်မှန်းမသိ။ သူ့ဂုတ်ပေါ်က မွေးညင်းတွေထောင်ထလာတယ်လို့ ခံစားရတယ်။ ဒီက ဖုံတွေနဲ့ ငြိမ်သက်မှုက လျှို့ဝှက်တဲ့ မှော်ပညာတွေ ရှိနေတယ်လို့ ခံစားရတယ်။

"မင်္ဂလာနေ့လယ်ခင်းပါ" သိမ်မွေ့တဲ့ အသံတစ်သံကပြောတယ်။ ဟယ်ရီက လန့်လို့ ထခုန်တယ်။ ဟက်ဂရစ်ဟာလဲ လန့်သွားပုံပေါ်တယ်။ အကြောင်းက သူ့ခြေအောက်မှာ ဂတတ်ဂတတ်နဲ့ ဆူသံတွေ အတန်ကြာကြားရလို့။ သူက ခုံပေါ်ကနေ ထရပ်လိုက်တယ်။ ခါတိုင်းထက်အများကြီး လျင်မြန်တယ်။

အသက်ကြီးကြီး ယောကျာ်းတစ်ယောက် သူတို့ရှေ့မှာ ရပ်နေတယ်။ ၎င်းရဲ့ ကြီးပြီး အရောင်မဲ့တဲ့ မျက်ဆံဟာ မှောင်တဲ့ ဆိုင်ထဲမှာ လင်းနေတဲ့ လနှစ်ဝိုင်းလိုဖြစ်နေတယ်။

"ဟဲလို" ဟယ်ရီက မနေတတ် မထိုင်တတ်နဲ့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အား ဟုတ်တယ်" အသက်ကြီးကြီး ယောကျ်ားက ပြောတယ်။ "ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ် မကြာခင် ခင်ဗျားကို တွေ့ရမယ်ဆိုတာ သိတယ်၊ ဟယ်ရီပေါ်တာ။ ဒါပြဿနာမဟုတ်ဖူး။ မင်းမျက်စိဟာ မင်းအမေနဲ့ တစ်ထေရာထဲပဲ။ ထိုနှစ်က သူမကိုယ်တိုင် ဒီကိုရောက်လာတယ်။ သူမရဲ့ ပထမဆုံး မှော်ကြိမ်လုံးလာဝယ်တာ။ အဲဒါမနေ့ကမှ ဖြစ်ခဲ့သလိုပဲ။ သူမရဲ့ မှော်ကြိမ်လုံးက ၁၀ ¼ လက်မရှည်တယ်။ ယမ်းလိုက်ရင် ရှားရှားနဲ့ နေတာပဲ။ သစ်သားကတော့ မိုးမခ။ အဲဒီကြိမ်လုံးက ဂါထာကျိန်စာချဖို့ အကောင်းဆုံးပဲ"

မစ္စတာ အော်ရီဘမ်းက ဟယ်ရီရှေ့ကပ်သွားတယ်။ ဟယ်ရီက သူ့မျက်တောင်ခတ်စေချင်တယ်။ သူ့ငွေရောင် မျက်လုံးတွေက ဟယ်ရီကို ကြက်သီးမွေးညင်းထစေတယ်။

"မင်းအဖေကတော့ လုံးဝမတူဘူး။ သူနှစ်သက်တဲ့ ကြိမ်လုံးက မက်မုံသားနဲ့ မှော်ကြိမ်လုံး။ ၁၁-လက်မရှည်တယ်။ ကွေးအားကောင်းတယ်။ အားနည်းနည်းလေးထည့်ပြီး ရုပ်ပြောင်းပညာမှာ သုံးရင် အလွန်အဆင်ပြေတယ်။ အင်း၊ ခုနက ကျုပ်ပြောတယ်။ မင်းအဖေက နှစ်သက်တယ်ဆိုတာ စင်စစ်မှာ မှော်ကြိမ်လုံးက သူ့မှော်ဆရာကို ရွေးချယ်လိုက်တာလို့ ပြောသင့်တယ်။ ဒါကတော့ ခမ့္စတာပါပဲ"

မစ္စတာ အော်ရီဘမ်းဟာ ကြာလေအနီးကပ်လာလေပဲ။ သူ့နှာခေါင်းကျ ဟယ်ရီမျက်နှာပေါ် ရောက်တော့မယ်။ ဟယ်ရီဟာ ရေလိုလင်းနေတဲ့ မျက်စိထဲမှာ မိမိတို့ အရိပ်ကို တွေ့ရတယ်။

"ဒီမှာကတော့......"

မစ္စတာ အော်ရီဘမ်းက ဖြူပြီးရှည်တဲ့ လက်ချောင်းတစ်ချောင်းကို ထုတ်ပြီး ဟယ်ရီနဖူးပေါ်က လျှပ်ပြက်တဲ့ သဏ္ဍာန်ရှိတဲ့ အမာရွတ်ကို စမ်းလိုက်တယ်။

"ကျုပ်ဒီလို ပြောရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့်၊ အဲဒါ ကျုပ်ရောင်းလိုက်တဲ့ မှော်ကြိမ်လုံးကြောင့်ပေါ့" သူက ညင်သာစွာပြောတယ်။ "၁၃½ လက်မရှည်တယ်။ ဟုတ်ပြီ။ အင်အားအဆင့်လွန် မှော်ကြိမ်လုံး။ အားကောင်းတာလွန်ရော။ ဒါပေမယ့် လူဆိုးလက်ထဲကျရောက်သွားတယ်.... အင်း၊ အဲဒီမှော်ကြိမ်လုံးပေါ်ထွက်လာပြီးနောက် ဒီလိုအမှုမျိုးပြုလုပ်လိမ့်မယ်လို့



ကျုပ်သာကြိုသိရရင်......"

သူက ခေါင်းကိုတွင်တွင်ခါတယ်။ ပြီးတော့၊ ရုတ်တရက် ဟက်ဂရစ်ကို တွေ့သွားတယ်။ ဒီအတွက် ဟယ်ရီမှာ အသက်ရှူချောင်သွားတယ်။ "ဘတ်စ်၊ ဘတ်စ်- ဟက်ဂရစ်။ ခင်ဗျားကို ပြန်တွေ့ရတာ သိပ်ကို ဝမ်းသာတယ်.... ဝက်သစ်ချသား။ ၁၆-လက်မရှည်တယ်။ နည်းနည်း ကွေးကောက်တယ်။ ဟုတ်လား"

"ဟုတ်တယ် မစ္စတာ၊ မှန်တယ်"

"အဲဒါကတော့ အလွန်ကောင်းမွန်တဲ့ မှော်ကြိမ်လုံးပဲ။ ဒါပေမယ့် ခင်ဗျား ကျောင်းထုတ်ခံရတဲ့ အခါမှာ သူတို့က ၎င်းကို ချိုးပစ်လိုက်ပြီထင်တယ်" မစ္စတာ အော်ရီဘမ်းကမေးတယ်။ အလွန်တင်းမာတဲ့ပုံပေါ်နေတယ်။

"မအော-ဟုတ်တယ်၊ သူ့တို့က ၎င်းကို ချိုးပစ်တယ်" ဟက်ဂရစ်က ပြောတယ်။ စိတ်လှုပ်ရှားလို့ ခြေနှစ်ချောင်းကို နေရာရွှေ့နေတယ်။ "ဒါပေမယ့် ကျုပ်က အကျိုးစကို ယူထားပါတယ်" သူက ဝမ်းသာစွာနဲ့ တစ်ခွန်းထပ်ဖြည့်တယ်။

"ခင်ဗျား အကျိုးတွေကို မသုံးပါဘူးနော်" မစ္စတာ အော်ရီဘမ်းက သတိရှိစွာနဲ့ မေးတယ်။

"အို၊ မသုံးပါဘူး၊ မစ္စတာ" ဟက်ဂရစ်က အလျင်စလိုဖြေတယ်။ သူဖြေနေတဲ့အခါမှာ ပန်းရောင်ထီးကို တအားဆုပ်ကိုင်ထားတာ ဟယ်ရီ သတိပြုမိတယ်။

"အင်း" မစ္စတာ အော်ရီဘမ်းက ပြောတယ်။ ဟက်ဂရစ်ကို တစ်ချက်စိုက်ကြည့်တယ်။ "ကောင်းပြီ၊ အခု-မစ္စတာပေါ်တာ၊ ကျုပ်တို့ကြည့်ရအောင်" သူကအိတ်ကပ်ထဲကနေ ငွေရောင်မျဉ်း အမှတ်အသားတွေပါတဲ့ ပေကြိုးကို ဆွဲထုတ်တယ်။ "မင်းရဲ့ မှော်ကြိမ်လုံးကိုင်တဲ့ လက်က ဘယ်လက်လဲ"

"အော-ကျွန်တော်က ညာကျော်ပါ"ဟယ်ရီက ဖြေတယ်။

"လက်မြှောက်လိုက်၊ ဒီအတိုင်းမြှောက်" သူက ဟယ်ရီကို ပခုံးကနေ လက်ချောင်းထိ အကွာအဝေးကို အရင်တိုင်းတယ်။ ဒီနောက်မှာ တံတောင်ဆစ်ကနေ လက်ကောက်ဝတ်ထိ၊ ပခုံးကနေ မြေကြီးထိ၊ ဒူးကနေချိုင်းထိ၊ ခေါင်းရဲ့ ပတ်ပတ်လည်ကို အစဉ်အတိုင်း သေချာတိုင်းထွာတယ်။ သူက တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ "အော်ရီဘမ်း မော်ကြိမ်လုံးတိုင်းဟာ အတွင်းမှာ အင်အားအဆင့်တန်းလွန် ကြီးမားတဲ့ မော်ပစ္စည်း တစ်မျိုးပါတယ်။ မစ္စတာပေါ်တာ။ ကျုပ်တို့အသုံးပြုတာက ဂျိုတစ်ဂျို တိရစ္ဆာန်ရဲ့ အမွေး။ ဇာမဏီအမွေး။ ပြီးတော့ နဂါးရဲ့ နှလုံးကြော။ အော်ရီဘမ်း မော်ကြိမ်လုံးတိုင်းဟာ တစ်ချောင်းထဲရှိတယ်။ ဆင်တူနှစ်ချောင်း မရှိဘူး။ အကြောင်းက ကမ္ဘာပေါ်မှာ ဂျိုတစ်ဂျို တိရစ္ဆာန်တို့၊ နဂါးတို့၊ ဇာမဏီတို့ဆိုတာ လုံးဝ တစ်ထပ်ထဲတူတဲ့ အကောင်နှစ်ကောင် မရှိလို့ပ။ ခင်ဗျားက တခြားမော်ဆရာရဲ့ ကြိမ်လုံးကို မှားပြီး အသုံးပြုခဲ့ရင်တော့ ဇမ္ဗူတာပဲ၊ အကျိုးသက်ရောက်မှု အများကြီးနည်းလိမ့်မယ်"

ပေကြိုးနဲ့ နှာခေါင်းပေါက် နှစ်ပေါက်ရဲ့ အကွာအဝေးကို တိုင်းတဲ့အခါမှာမှ၊ ဒီပေကြိုးနဲ့ ရှိသမျှကို အကုန်တိုင်းမှန်း ဟယ်ရီတွေ့ရှိတော့တယ်။ ဒီအချိန်မှာ အော်ရီဘမ်းဟာ စင်တွေကြားမှာ ဟိုဝင် ဒီထွက်နဲ့ ဗူးတချို့ကို ရွေးပြီး ကြမ်းပေါ်ချနေတယ်။

"ဒါဆိုရပြီ" သူက ပြောတယ်။ ပေကြိုးဟာလဲ ဘုတ်ဆို မြေကြီးပေါ်ပြုတ်ကျသွားတယ်။ ပျော့စိစိ ပိတ်ကြိုးတစ်ပုံ ဖြစ်သွားတယ်။ "ဒါဆို စကြစို့ မစ္စတာပေါ်တာ။ ဒါကို စမ်းကိုင်ကြည့်ပါ။ ဘီးချုံသစ်နဲ့ နဂါးနှလုံးကြော။ ၉-လက်မရှည်တယ်။ ပျော့ပျောင်းပြီး ကိုင်လို့ကောင်းတယ်။ အခု ကိုင်ပြီး လှုပ်ယမ်းလိုက်ပါ"

ဟယ်ရီက အဲဒီမော်ကြိမ်လုံးကို ယူလိုက်ပြီ (စိတ်ထဲမှာ ထိုင်းတယ်လို့ ခံစားရတယ်) အသာ မြှောက်ယမ်းလိုက်တယ်။ အော်ရီဘမ်းက ချက်ချင်း ပြန်လုယူသွားတယ်။

"မေပယ်သစ်နဲ့ ဇာမဏီအမွေး။ ခုနစ်လက်မရှည်တယ်။ တုန့်ပြန်အားကောင်းတယ်။ စမ်းကြည့်ပါ —"

ဟယ်ရီက တစ်ချက်စမ်းလိုက်တယ်။ သူမော်ကြိမ်လုံးကို မြှောက်တောင်မမြှောက်ရသေးခင် မှာပဲ မစ္စတာအော်ရီဘမ်းက ပြန်လုသွားပြန်တယ်။

"မဖြစ်ဖူး၊ မဖြစ်ဖူး-ဒါ၊ ဝင်းခဲတစ်သစ်မာနဲ့ ဂျိုတစ်ဂျိုတိရစ္ဆာန်မွေး။ ရှစ်လက်မခွဲရှည်တယ်။ တုန့်ပြန်အားအပြည့်ရှိတယ်။ လာလာ၊ ဒါကို စမ်းဦး"

ဟယ်ရီဟာ တစ်ခုပြီး တစ်ခုစမ်းနေရတယ်။ အော်ရီဘမ်း ဘာရှာနေမှန်း သူလုံးဝမသိဘူး။ စမ်းပြီးတဲ့ မော်ကြိမ်လုံးတွေဟာ ခုံတန်းလျားရှည်ပေါ်မှာ အပုံကြီးဖြစ်လာတယ်။ ဒါပေမယ့် မစ္စတာ အော်ရီဘမ်း စင်ပေါ်က



ယူချတဲ့ မော်ကြိမ်လုံးပိုများတယ်။ သူ့ကြည့်ရတာ ပိုဝမ်းသာလေဖြစ်နေတယ်။

"မလွယ်တဲ့ ဈေးဝယ်သူ၊ မဟုတ်ဖူးလား။ မပူပါနဲ့။ ဒီမှာ ခင်ဗျားအတွက် အပြစ်မရှိ ကောင်းမွန်တဲ့အဖော် မုချရှာလို့ တွေ့မှာပါ။ အခု ကျုပ်ခနစဉ်းစားပါရစေ - ဟုတ်ပြီ။ ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ ထူးခြားတဲ့ ပေါင်းစပ်မှု ၁၂ ရာသီစိမ်းလန်းတဲ့ ဆောက်ကုလားပင်နဲ့ ဇာမဏီမွေး၊ ၁၁ - လက်မရှည်တယ်။ ကိုင်ရအဆင်ပြေပြီး ပျော့ပျောင်းသွက်လက်တယ်"

ဟယ်ရီက မော်ကြိမ်လုံးကို ယူလိုက်တယ်။ သူ့လက်ချောင်းဟာ အပူစီးကြောင်း ဖြတ်သွားတာ ချက်ချင်းခံစားရတယ်။ သူက မော်ကြိမ်လုံးကို ခေါင်းပေါ်သို့ မြှောက်လိုက်တယ်။ ရွှီးဆိုပြီး ဖုံတွေပြန့်လွင့်တဲ့ လေထုထဲ ယမ်းချလိုက်တယ်။ မော်ကြိမ်လုံးရဲ့ အဖျားကနေ ချက်ချင်း မီးပန်းလို ရွှေရောင်မီးပွင့်တွေဖြာထွက်လာတယ်။ နံရံပေါ်ခုန်နေတဲ့ အလင်းစက်တွေကို တွေ့ရတယ်။ ဟက်ဂရစ်က လက်ခုပ်တီးပြီး အကျယ်ကြီး ဩဘာပေးတယ်။ မစ္စတာ အော်ရီဘမ်းက ပြောတယ်။ "အိုး၊ ဟန်ကျလိုက်တာ။ ဟုတ်တယ်။ ဒါပဲ။ အိုး၊ သိပ်ကောင်းတာပဲ။ အင်း၊ ဒါက၊ ဒါကလေ. . . . . . သိပ်ကို အံ့ဩစရာ. . . . သိပ်ကို အံ့ဩစရာပဲ. . . ."

သူက ဟယ်ရီရဲ့ မော်ကြိမ်လုံးကို ဗူးထဲပြန်ထည့်တယ်။ အညိုရောင်စက္ကူနဲ့ ထုပ်လိုက်တယ်။ သူ့ပါးစပ်ကတော့ "အံ့ဩစရာ. . . . အံ့ဩစရာပဲနော်. . . ." လို့ တတွတ်တွတ် ရွတ်နေတယ်။

"မေးပါရစေ" ဟယ်ရီက ပြောတယ်။ "ဘယ်အကြောင်းကြောင့် အံ့ဩနေတာလဲ"

မစ္စတာ အော်ရီဘမ်းက သူ့ရဲ့ဖြူဖပ်ဖြူယော် အရောင်မဲ့တဲ့ မျက်စိနဲ့ ဟယ်ရီကို ကြည့်နေတယ်။

"ကျုပ် ရောင်းလိုက်တဲ့ မော်ကြိမ်လုံးတိုင်းကို ကျုပ်မှတ်မိတယ်။ မစ္စတာပေါ်တာ။ ကြိမ်လုံးတိုင်း ကျုပ်မှတ်မိတယ်။ တိုက်ဆိုင်မှုကတော့ ခင်ဗျားရဲ့ မော်ကြိမ်လုံးကို အမြီးတောင်တစ်ပင်ပေးတဲ့ ဇာမဏီမှာ အမြီးတောင် တစ်ပင် ရှိသေးတယ်။ တခြားမော်ကြိမ်လုံးကို ပေးလိုက်တယ်။ ဒါတကယ့်ကို ဖြစ်နိုင်ခဲ့တဲ့ ကိစ္စ။ ခင်ဗျားသုံးရကံရှိတဲ့ ဒီမော်ကြိမ်လုံးဟာ၊ ၎င်းရဲ့ 'ညီအစ်ကို'ကတော့ — ဘယ်လိုပြောရမလဲ၊ ၎င်းရဲ့ 'ညီအစ်ကို' က ခင်ဗျားရဲ့ နှဖူးပေါ်မှာ အမာရွတ် ပေးထားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက တံတွေးတစ်ချက် မျိုချလိုက်တယ်။

"ဟုတ်တယ် ၁၃ လက်မခွဲရှည်တယ်။ ဟုတ်တယ်။ ဒီလိုအဖြစ်မျိုးဟာ တကယ့်ကိုဖြစ်ခဲ့လှတယ်။ မမေ့ဖို့က မှော်ကြိမ်လုံးက ဝင်းရဲ့ မှော်ဆရာကို ရွေးတာ. . . . ကျုပ်ထင်တယ်၊ ခင်ဗျား နောင်အခါမှာ အံ့ဩလောက်အောင် အောင်မြင်မှုရလိမ့်မယ်၊ မစ္စတာပေါ်တာ. . . . ဘာဘဲဖြစ်ဖြစ် နာမည် ပြောထုတ်လို့မဖြစ်တဲ့ လူဟာ၊ တကယ်တော့ အလွန်တော်တဲ့ ကိစ္စတွေ လုပ်ခဲ့တယ်။ ကြောက်စရာ ကောင်းပေမဲ့၊ တော်တော့်ကို တော်တဲ့လူပဲ"

ဟယ်ရီ ကြက်သီးထသွားတယ်။ မိမိဟာ ဒီမစ္စတာ အော်လီဗန်းကို နှစ်သက်သလား၊ မနှစ်သက်ဖူးလားဆိုတာ သူအခု မဆုံးဖြတ်နိုင်တော့ဘူး။ သူက ရွှေဂါလုံး ခုနစ်ခုနဲ့ သူ့မှော်ကြိမ်လုံးကို ဝယ်လိုက်တယ်။ မစ္စတာ အော်လီဗန်းက ဦးညွှတ်အရိုအသေပေးရင်း သူတို့ကို ဆိုင်ကထွက်တဲ့ထိ လိုက်ပို့တယ်။

ညနေပိုင်းနေဟာ ပျင်းအိအိနဲ့ မိုးပေါ်မှာ နိမ့်နိမ့်ချိတ်တွဲနေတယ်။ ဟယ်ရီနဲ့ ဟက်ဂရစ်တို့ဟာ ဒေါင့်ဖြတ်လမ်းအတိုင်း အပြန်လမ်းဆီ ချီတက်ကြတယ်။ နံရံကိုဖြတ်ပြီး လူတစ်ယောက်မှ မရှိတဲ့ ခွက်စုတ်ဘားကို ရောက်လာတယ်။ ဒီခရီးစဉ်အတွင်းမှာ ဟယ်ရီဟာ အထူးငြိမ်သက်နေတယ်။ မြေအောက်ရထားထဲမှာ လူတော်တော်များများက သူတို့နှစ်ယောက်ကို လက်ညှိုးထိုး ပြောဆိုနေတာတောင် သူသတိမပြုမိဘူး။ သူတို့နှစ်ယောက်ဟာ ပုံပန်းသဏ္ဍာန်ထူးဆန်းတဲ့ အထုပ်ကြီးနှစ်ထုပ်ကို ဆွဲလာတဲ့အပြင် ဟယ်ရီ ပေါင်ပေါ်မှာလဲ အိပ်ပျော်နေတဲ့ နှင်းဆီးကွက်တစ်ကောင် ရှိနေတယ်။ သူတို့ဟာ တခြားလှေခါးထစ် ဓာတ်လှေခါးပေါ်တက်ပြီး ဖိုက်တင်တန် ဘူတာထဲဝင်ခဲ့တယ်။ ဟက်ဂရစ်က သူ့ကျောကို ပုတ်တော့မှ ဟယ်ရီဟာ မိမိဘယ်ရောက်နေတယ်ဆိုတာ ရုတ်တရက် ပြန်အသိဝင်လာတယ်။

"ရထားမထွက်ခင် တစ်ခုခုစားဖို့ အချိန်ရှိသေးတယ်" ဟက်ဂရစ်က ပြောတယ်။

သူကဟယ်ရီကို ဟမ်းဘတ်ကာတစ်ခုဝယ်ပေးတယ်။ နှစ်ယောက်သား ပလပ်စတစ်ခုံပေါ် ထိုင်ပြီး တအားဝါးနေကြတယ်။ ဟယ်ရီက မရပ်မနား ဟိုဟိုဒီဒီကြည့်တယ်။ ဘာကြောင့်မှန်း မသိဘူး။ ဒီက အရာအားလုံးဟာ အလွန် ထူးဆန်းသလိုပဲ။



"မင်းဘာမှ မဖြစ်ပါဘူးနော်၊ ဟယ်ရီ။ ဘာဖြစ်လို့ အသံတောင် မထွက်တော့တာလဲ" ဟက်ဂရစ်က ပြောတယ်။

ဟယ်ရီဟာ မိမိခံစားချက်ကို ရှင်းအောင်ပြောပြနိုင်ပါ့မလားဆိုတာ မဝေခွဲနိုင်ဘူး။ သူဟာ သူ့ဘဝမှာ အကောင်းဆုံးမွေးနေ့ကို ဖြတ်သန်းခဲ့ရတယ်။ သို့ပေမဲ့ သူက ဟမ်းဘတ်ကာကို ဝါးရင်း သင့်တော်တဲ့ စကားလုံးကို ရှာနေတယ်။

" အားလုံးက ကျွန်တော့်ကို အလွန်ထူးခြားတယ်လို့ ထင်ကြတယ်" သူစကား စပြောပါပြီ။ "ခွက်စုတ်ဘားထဲက လူတွေ၊ ပါမောက္ခ ခွေရီ၊ မစ္စတာ အော်လီဗန်း. . . ဒါပေမယ့်၊ ကျွန်တော် မှော်ပညာနည်းနည်းမှ မတတ်ဖူး။ သူတို့က ကျွန်တော့်ကို သိပ်တော်သိပ်ကောင်းတဲ့ အကျိုးပြုဖို့ ဘယ်လို မျှော်လင့်လို့ရမှာလဲ။ ကျွန်တော်သိပ်နာမည်ကြီးတယ်။ ဒါပေမယ့် အဲဒီ ကျွန်တော့်ကို နာမည်ကြီးစေတဲ့ ကိစ္စတွေကို ကျွန်တော်နည်းနည်းလေးတောင် မမှတ်မိတော့ဘူး။ ကျွန်တော်လဲ ဗိုလဒီ — တောင်းပန်ပါတယ်။ ကျွန်တော် ပြောချင်တာက၊ ကျွန်တော့်မိဘ ဆုံးသွားတဲ့ အဲဒီနေ့ညမှာ ဘာတွေ ဖြစ်ခဲ့သလဲ"

ဟက်ဂရစ်က ကိုယ်ကို စားပွဲပေါ်ကျော်ပြီး ကိုင်းချလိုက်တယ်။ မုတ်ဆိတ် ပသိုင်းမွေး ဗရဗျစ်နဲ့ ထူထဲတဲ့ မျက်ခုံးမွေးအောက်မှာ အလွန်နွေးထွေးတဲ့ အပြုံးကိုတွေ့ရတယ်။

"မင်းစိတ်မပူပါနဲ့၊ ဟယ်ရီ။ မင်းမကြာခင် တတ်လာမှာပါ။ ဟော့ဂ်ဝပ်မှာ လူတိုင်း အခြေခံအကျဆုံးကနေ စသင်ကြရတာ။ မင်းမလိုက်နိုင်မှာ မရှိပါဘူး။ မင်းဟာ မင်းလိုပဲနေ။ ဒါမင်းအဖို့ သိပ်မလွယ်ဘူးဆိုတာ သိပါတယ်။ မင်းဟာ တလျှောက်လုံး တစ်ယောက်ထီးတည်း ဖြစ်နေတာ။ အဲဒါ တကယ်ပဲနေရခက်ပါတယ်။ ဒါပေမယ့် မင်းဟော့ဂ်ဝပ်မှာ သိပ်ကိုပျော်ရွှင်မှာ သေချာပါတယ်။ ကျုပ်လဲ ဒီလိုပါပဲ — စင်စစ်မှာ၊ ကျုပ်အခုလဲ ဒီလိုပါပဲ"

ဟက်ဂရစ်က ဟယ်ရီကို ဒါစလီတို့အိမ်ကို ပြန်ရောက်မဲ့ မီးရထားပေါ် တင်ပေးလိုက်တယ်။ ဒီနောက် သူ့ကို စာတစ်စောင်ပေးလိုက်တယ်။

"ဒါက မင်းဟော့ဂ်ဝပ်ကို သွားဖို့ ရထားလက်မှတ်" သူက ပြောတယ်။ "အချိန်ကတော့၊ စက်တင်ဘာလ ၁-ရက်နေ့ — မင်းကြက်ခြေဘူတာမှာ။ အားလုံး လက်မှတ်ပေါ်မှာ ရေးထားတယ်။ ဒါစလီတို့အိမ်မှာ အနိုင်ကျင့်

www.burmeseclassic.com



ခံရရင်၊ မင်းဇီးကွက်ကို ကျုပ်ဆီစာပို့နိုင်းလိုက်။ သူဟာ ကျုပ်ဘယ်မှာရှိတယ်ဆိုတာ သိတယ်၊ . . . ဒါဆို နောက်မှ တွေ့မယ်၊ ဟယ်ရီ"

မီးရထား ဘူတာကထွက်ခဲ့ပြီး ဟယ်ရီက ဟက်ဂရစ်ကို မျက်စိနဲ့ အဝေးထိ လိုက်ကြည့်ချင်တယ်။ သူဟာ ထိုင်ခုံပေါ် ဒူးထောက်ပြီး နှာခေါင်းကို ပြတင်းပေါက်မှန်ပေါ် ကပ်ထားတယ်။ ဒါပေမယ့် သူမျက်တောင်တစ်ချက် ခတ်လိုက်တာနဲ့ ဟက်ဂရစ်ကို မတွေ့ရတော့ဘူး။



## ၆။ ၉ ၃/၄ ပလက်ဖောင်းမှ ထွက်ခွာတဲ့ ခရီးစဉ်

ဒါစလီတို့အိမ်မှာ ဟယ်ရီနေတဲ့ နောက်ဆုံးတစ်လဟာ သိပ်တော့ အဆင်မပြေဘူး။ ဟုတ်တယ်။ ဒါလီဟာ အခု ဟယ်ရီကို သိပ်ကြောက်တယ်။ သူနဲ့ တခန်းထဲမှာ မနေဝံ့ဘူး။ အဒေါ်ပီတူးနီးယားနဲ့ ဦးလေး ဒါစလီတို့ဟာလဲ တဆိတ်ရှိရင် သူ့ကို ပန်းကန်ဘီဒိုထဲ သော့ခတ်ထားတာ၊ သူ့ကို ကျွဲလို နွားလို ခိုင်းတာ၊ သူ့ကို အကျယ်ကြီးဆူဆဲတာ မလုပ်ဝံ့တော့ဘူး။ စင်စစ် သူတို့ဟာ ဟယ်ရီနဲ့ လုံးဝ စကားမပြောတော့ဘူး။ ကြောက်ခြင်းတစ်ဝက်၊ ဒေါသတစ်ဝက် အခြေအနေမှာ သူတို့ဟာ အိမ်မှာ ဒီလူမရှိဘူးလို့ သဘောထားလိုက်တယ်။ ဘက်အသီးသီးကကြည့်ရင် ဒါအများကြီး အဆင်ပြေသလို ထင်ရပေမယ့်၊ ကြာတော့လဲ စိတ်ဆင်းရဲလာမိတယ်။

ဟယ်ရီဟာ အချိန်အတော်များများ အခန်းထဲမှာပဲနေတယ်။ သူ့ ဇီးကွက်ကို အဖော်ပြုနေတယ်။ သူက သူမကို ဟက်ဒဝစ်လို့ ခေါ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီနာမည်တ သူမှော်သမိုင်း စာအုပ်ထဲက တွေ့တာ။ သူ့ဖတ် စာအုပ်တွေ အားလုံးဟာ သိပ်ကို စိတ်ဝင်စားစရာကောင်းတယ်။ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



အမြဲလို ခုတင်ပေါ်လှဲလျောင်းပြီး ညဥ့်နက် သန်းခေါင်ထိ စာကြည့်တယ်။ ပြတင်းပေါက်လဲ ဖွင့်ထားတယ်။ ဟက်ဒဝစ် လွတ်လွတ်လပ်လပ် ဝင်ထွက်နိုင်တယ်။ အဒေါ်ဖီချူနီယာလဲ ဒီအခန်းထဲကို လာပြီး ဖုံမသုတ်တော့လို့ တော်သေးတယ်။ အကြောင်းက ဟက်ဒဝစ်က ကြွက်သေတွေ ချီချီလာလို့။ သူဟာ နံရံပေါ်မှာ မိမိဖာသာပြုလုပ်ထားတဲ့ ပြက္ခဒိန်တစ်ခု ချိတ်ဆွဲထားတယ်။ ပြက္ခဒိန်က စက်တင်ဘာလ ၁-ရက်နေ့အထိ နောက်ကနေပြန်တွက်တဲ့ ပြက္ခဒိန်။ ညစဥ်အိပ်ခါနီးမှာ တစ်ရွက်ဆုတ်ပစ်တယ်။

ဩဂုတ်လရဲ့ နောက်ဆုံးရက်မှာ သူ့အနေနဲ့ အဒေါ်နဲ့ ဦးလေးဆီသွားပြီး မနက်ဖြန် မင်းကြက်ခြေဘူတာကို သွားမဲ့ကိစ္စ ပြောပြရင်ကောင်းမယ်လို့ တွေးတယ်။ ဒါကြောင့် အောက်ထပ် ဆင်းလာပြီး ဧည့်ခန်းထဲဝင်လိုက်တယ်။ သူတို့ဟာ စကားလိမ် အစီအစဥ်တစ်ခုကြည့်နေတယ်။ သူက ချောင်းဟန့်လိုက်တယ်။ သူတို့ သူ့ကို သတိမူမိစေချင်တယ်။ ဒါလီက ချက်ချင်းအော်ပြီး ဧည့်ခန်းထဲက ထွက်ပြေးသွားတယ်။

"အင်း-ဦးလေးဗာနွံ"

ဦးလေးဗာနွံ-ဒါစလီ နှာခေါင်းက အသံထွက်လိုက်တယ်။ သူနားထောင်နေတယ်ပေါ့။

"အင်း — ကျွန်တော် မနက်ဖြန်ကျရင် မင်းကြက်ခြေဘူတာကို သွားရမယ်။ ရထားစီးပြီး -ရထားစီးပြီး ဟော့ဂ်ဝပ်ကိုသွားမယ်"

ဦးလေးဗာနွံ နှာခေါင်းက အသံထွက်လာပြန်တယ်။

"ကျွန်တော့်ကို လိုက်ပို့နိုင်မလား ခင်ဗျာ"

နောက်ထပ် နှာခေါင်းက အသံထွက်လာတယ်။ ဟယ်ရီက ဒါလိုက်ပို့မယ်လို့ ပြောတာပဲလို့ တွက်တယ်။

"ကျေးဇူးတင်ပါတယ်" သူအပေါ်ထပ် ပြန်တက်ဖို့ လုပ်နေချိန်မှာပဲ ဦးလေးဗာနွံက စကား စပြောတယ်။

"ဒီနည်းနဲ့ မှော်ကျောင်းသွားတာ တကယ်ပဲ အံ့ဩစရာ ကောင်းလိုက်တာ။ မီးရထား။ သူတို့ ရဲ့ မှော်ကော်ဇောတွေအားလုံး စုတ်ကုန်ပြီ ထင်တယ်၊ ဟုတ်လား"

ဟယ်ရီက ဘာမှမပြောဘူး။

"အဲဒီ ကျောင်းက ဘယ်မှာလဲ သိလို့လား"



"ကျွန်တော် မသိဘူး" ဟယ်ရီက ပြောတယ်။ အခုကျမှ ဒီကိစ္စကို သူတွေးမိတယ်။ သူက အိတ်ကပ်ထဲကနေ ဟက်ဂရစ်ပေးတဲ့ ရထားလက်မှတ်ကို ထုတ်လိုက်တယ်။

"ကျွန်တော် အမှတ် ၉ ၃/၄ ပလက်ဖောင်းကိုသွားပြီး ၁၁-နာရီမှာ ထွက်တဲ့ မီးရထားကို စီး ရမယ်" သူက လက်မှတ်ကို ကြည့်ပြီး ပြောတယ်။

သူ့အဒေါ်နဲ့ ဦးလေးတို့ ထိတ်လန့်အံ့ဩစွာနဲ့ မျက်လုံးပြူးသွားတယ်။

"အမှတ် ၉ ပလက်ဖောင်းလား"

"၉ ၃/၄ ပါ"

"အလကား လျှောက်မပြောနဲ့" ဦးလေး ဒါစလီက ပြောတယ်။ "ကမ္ဘာပေါ်မှာ ဘယ်ကလာ အမှတ် ကိုးလေးပိုင်းသုံးပိုင်း ပလက်ဖောင်း ရှိမှာလဲ"

"ကျွန်တော့် ရထားလက်မှတ်ပေါ်မှာ ဒီတိုင်းရေးထားတာပဲ"

"အမိပ္ပာယ်မရှိဘူး" ဦးလေးဒါစလီက ပြောတယ်။ "အဲဒီလူတွေဟာ ရူးကြောင်ကြောင် ကောင်တွေ။ မင်းမကြာခင် သိမှာပါ။ မင်းစောင့်ကြည့်ပေါ့။ ကောင်းပြီ၊ ဒို့မင်းကို မင်းကြက်ခြေ ဘူတာကို ပို့ပေးမယ်။ မနက်ဖန် ဒို့လဲ လန်ဒန်ကို သွားရမှာပဲ။ နို့မို့ရင် အလကား အလုပ်ပို မရှာချင်ဘူး"

"မနက်ဖန် လန်ဒန်ကို ဘာသွားလုပ်မလို့လဲ" ဟယ်ရီက မေးတယ်။ ခင်မင်မှုလေးပြတဲ့ အနေနဲ့ပေါ့။

"ဒါလီကို ဆေးရုံခေါ်သွားမလို့" ဦးလေး ဒါစလီက ဟောက်တယ်။ "စမေဒင်ကျောင်း မဖွင့်ခင်မှာ မုန်းစရာဝက်မြီးကို ဖြတ်ပစ်ရမှာ"

နောက်နေ့နံနက်မှာ ဟယ်ရီ ၅-နာရီမှာ နိုးလာတယ်။ စိတ်လှုပ်ရှားလွန်းလို့ အိပ်မရတော့ဘူး။ သူက ခုတင်ပေါ်က ခုန်ဆင်းပြီး ဂျင်းဘောင်းဘီကောက်စွပ်တယ်။ အကြောင်းက မှော်ဆရာဝတ်ရုံရှည်ကြီးနဲ့ ဘူတာထဲ မဝင်ချင်လို့။ သူကရထားပေါ်ရောက်မှ အကျီလဲဖို့ ပြင်ထားတယ်။ ဟော့ဂ်ဝပ်မှာ လိုအပ်တဲ့ ပစ္စည်းတွေကို တစ်ခါစစ်ကြည့်တယ်။ ဘာမှ ကျန်တာမရှိဘူး။ ဟက်ဒဝစ် သူ့ လှောင်အိမ်ထဲမှာ ကောင်းမွန်စွာ ရှိရဲ့လား စစ်ဆေးတယ်။ ပြီးနောက်တော့ အခန်းထဲမှာ ခေါက်တုန့်လျှောက်နေရင်း ဒါစလီတို့ အိပ်ယာ

www.burmeseclassic.com

www.burmeseclassic.com



တွေ အိပ်ရာထကိုစောင့်နေတယ်။ နှစ်နာရီကြာပြီးမှ ဟယ်ရီရဲ့ လေးလဲလေး၊ ကြီးလဲကြီးတဲ့ သားရေသေတ္တာကြီး ဒါ်စလီတို့ရဲ့ကားထဲ ထည့်နိုင်တော့တယ်။ အဒေါ်ဖီချူနီယာက ဆူလဲဆူ၊ ချော့လဲချော့ပြီး ဒါလီကို ဟယ်ရီနဲ့အတူ နောက်ခန်းထဲ ထိုင်ခိုင်းပြီးနောက် သူတို့ လန်ဒန်သို့ စထွက်ခဲ့တယ်။

သူတို့ဟာ ဆယ်နာရီခွဲမှာ မင်းကြက်ခြေဘူတာကို ရောက်တယ်။ ဦးလေးဗာနွံက ဟယ်ရီရဲ့ သားရေသေတ္တာကြီးကို တွန်းလှည်းပေါ်တင်ပြီး ကိုယ်တိုင် ဘူတာထဲကိုတွန်းပို့တယ်။ သူဘာဖြစ်လို့ ရုတ်တရက် ဒီလောက်စိတ်ကောင်းရှိတာလဲလို့ ဟယ်ရီက တွေးနေစဉ်မှာ ဦးလေး ဗာနွံက ရပ်လိုက်ပြီး ပလက်ဖောင်းကိုကြည့်နေတယ်။ မျက်နှာပေါ်မှာ သရော်ပြုံး ပြုံးနေတာ တွေ့ရတယ်။

"ကောင်းပြီ၊ ဒီမှာပဲ၊ ကောင်လေး။ အမှတ် ၉ စင်္ကြံ၊ အမှတ် ၁၀ စင်္ကြံ။ မင်းရဲ့ စင်္ကြံကတော့ ဒီကြားကတစ်နေရာရာမှာ ဖြစ်မှာပေ့ါ။ ဒါပေမဲ့ အဲဒီစင်္ကြံမဆောက်ရသေးဘူးနဲ့ တူတယ်။ မဟုတ်ဖူးလား"

သူပြောတာမှန်တယ်။ စင်္ကြံတစ်ခုအပေါ်မှာ အမှတ် ၉ ဆိုင်းဘုတ်အကြီးကြီးချိတ်ဆွဲထားတယ်။ ဘေးက စင်္ကြံအပေါ်မှာက အမှတ် ၁၀-ဆိုင်းဘုတ်အကြီးကြီး ချိတ်ဆွဲထားတယ်။ ၎င်းတို့ကြား မှာ ဘာမှမမြင်ရဘူး။

"ကျောင်းမှာပျော်ပါစေ" ဦးလေးဒါ်စလီ မျက်နှာပေါ်က အပြုံးဟာ ပိုပြီး လျှောင်ပြောင်ပုံ ပေါ်နေတယ်။ သူက ဘာမှမပြောပဲ ထွက်ခွာသွားတယ်။ ဟယ်ရီလှည့်ကြည့်လိုက်တော့ ဒါ်စလီတို့ မိသားစု ကားမောင်းပြီး ထွက်သွားတာ တွေ့လိုက်တယ်။ သုံးယောက်သား တဟားဟားရယ်နေကြတယ်။ ဟယ်ရီဟာ ပါးစပ်တွေခြောက်နေတယ်လို့ ခံစားရတယ်။ သူဘယ်လို လုပ်ရ ပါ့မလဲလို့ တွေးတယ်။ ဟက်ဒဝစ်ကြောင့် အံ့ဩတဲ့ အကြည့်တွေခံနေရပြီ။ သူ တစ်ယောက်ယောက်ကိုတော့ မေးမှ။

ခပ်သုတ်သုတ် သွားနေတဲ့ အစောင့်တစ်ယောက်ကို သူက တားလိုက်တယ်။ ဒါပေမဲ့ ကိုးလေးပိုင်း သုံးပိုင်းတို့ ဘာတို့ကို မမေးဝံ့ဘူး။ အဲဒီ အစောင့်ကလဲ ဘယ်တုန်းကမှ ဟော့ဂ်ဝပ်ဆိုတာ မကြားဖူးဘူး။ ဟယ်ရီဟာ အဲဒီနေရာ ဘယ်နိုင်ငံမှာ ရှိတယ်ဆိုတာတောင် မသိမှန်းတွေ့တော့ အစောင့်က စိတ်နဲ့နဲ ဆိုးလာတယ်။ ဟယ်ရီက အ,ချင်ယောင်ဆောင်ပြီး သူ့ကို တမင်ဒုက္ခပေးတယ်လို့ ထင်လာတယ်။



ဟယ်ရီဟာ ဘာလုပ်ရမှန်းမသိဖြစ်ပြီး ၁၁-နာရီထွက်မှာ ဘယ်ရထားတွေရှိလဲလို့ မေးလိုက်တယ်။ အဖြေကတော့ တစ်စင်းမှမရှိဘူးတဲ့။ နောက်ဆုံးမှာ အစောင့်က ခြေလှမ်းကျဲကြီးနဲ့ ထွက်ခွာသွားတယ်။ ပါးစပ်ကလဲ လူတချို့ဟာ ဒီလိုပဲ သူများအချိန်ကို ဖြုန်းတတ်တယ်လို့ ပွစိပွစိ ပြောသွားသေးတယ်။ ဟယ်ရီက တည်ငြိမ်အောင် မနဲလုပ်ပြီး မိမိကိုယ်မိမိ သိပ်မပြာဖို့ သတိပေးတယ်။ မီးရထား အချိန်ဇယား အပေါ်ဘက်မှာရှိတဲ့ နာရီကြီးက နောက် ၁၀ မိနစ်ကြာရင် ဟော့ဂ်ဝပ်ကိုသွားမယ့် ရထားထွက်တော့မယ်ဆိုတာ ပြနေတယ်။ ဟယ်ရီဟာ အဲဒီရထားကို ဘယ်လိုစီးရမှန်း လုံးဝမသိဘူး။ သူမ,လို့ သိပ်မနိုင်တဲ့ သေတ္တာကြီးရယ်၊ မှော်ဆရာပိုက်ဆံ တစ်အိတ်ရယ်၊ ဇီးကွက်ကြီးတစ်ကောင်ရယ်နဲ့အတူ လမ်းစမတွေ့ပဲ ဘူတာအလယ်မှာ ဒီအခက်အခဲက ဘယ်လိုထွက်ပေါက်ရမလဲဆိုတာ မတွေးတတ်အောင် ဖြစ်နေတယ်။

ဟက်ဂရစ်ဟာ သူ့ကို လုပ်သင့်တာ တချို့မှာခဲ့ဖို့ မေ့သွားတာ သေချာတယ်။ ဥပမာ-ဝဲဘက် တတိယ အုတ်ခဲကို အရင်ခေါက်မှ ဒေါင့်ဖြတ်လမ်းထဲ ဝင်နိုင်မယ် စတဲ့ လျှို့ဝှက်အမှတ်အသား မျိုးပေ့ါ။ သူ့မှော်ကြိမ်လုံးကို ထုတ်ပြီး စင်္ကြံအမှတ် ၉ နဲ့ စင်္ကြံအမှတ် ၁၀-ကြားက လက်မှတ်ရုံ ကို ခေါက်ရမလားလို့ တွေးတယ်။

အဲဒီအချိန်မှာပဲ လူတစ်စု သူ့ကျောဘက်က ဖြတ်သွားတယ်။ သူတို့စကားသံ ဟယ်ရီနားထဲ ဝင်လာတယ်။

"— 'မတ်ဂေါ' တွေနဲ့ ပြည့်နေတာပဲ။ ဒါသဘာဝကျပါတယ် — "

ဟယ်ရီ ကမန်းကတန်း ကိုယ်ကိုလှည့်လိုက်တယ်။ စကားပြောတဲ့ သူဟာ ပုပုဝဝ မိန်းမကြီး။ ကောင်လေးတွေဟာ ဟယ်ရီသေတ္တာလောက်ကြီးတဲ့ သားရေသေတ္တာကြီးကို တွန်းလာတယ်။ ဇီးကွက်တစ်ကောင်လဲ ပါသေးတယ်။

ဟယ်ရီရဲ့ နှလုံးဟာ တဒိုင်းဒိုင်းခုန်လာတယ်။ သူ့လှည်းကို ကမန်းကတန်း တွန်းပြီး သူတို့နောက်က လိုက်တယ်။ သူတို့ရပ်ရင် ဟယ်ရီလဲရပ်ကယ်။ သူတို့ ပြောတာအားလုံး ကြားလောက်အောင် နီးကပ်တယ်။

"ကောင်းပြီ၊ အခု ဘယ်စင်္ကြံလဲဆိုတာကြည့်ရအောင်" ကောင်လေးရဲ့ အမေက ပြောတယ်။

"ကိုးလေးပိုင်းသုံးပိုင်း" ကောင်မလေးတစ်ယောက်က အသံစူးစူးနဲ့ မောက်ပြောတယ်။ သူမလဲ ဆံပင်နီနီနဲ့။ သူမက မိန်းမကြီးရဲ့ လက်ကိုကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးတယ်။ "အမေ၊ ကျွန်မလဲ သွားလို့ရမလား"

"အသက် ငယ်သေးတယ် ဂျင်နီ။ လိမ်လိမ်မာမာနေ၊ မဆူနဲ့။ ကောင်းပြီ၊ ဖတ်စီ၊ မင်းအရင်ဝင်သွား"

အသက်အကြီးဆုံးလို့ ထင်ရတဲ့ ကောင်လေးဟာ ခြေလှမ်းကျဲကြီးနဲ့ စကြီအမှတ် ၉ နဲ့ ၁၀ ကြားကို စတင်ထွက်ခွာသွားတယ်။ ဟယ်ရီက မျက်လုံးကြီးပြူးပြီး သူ့ကိုကြည့်နေတယ်။ မျက်တောင်တောင် မခတ်ဝံ့ဘူး။ အရေးကြီးတဲ့ ဂွင်းဆက်တစ်ခုခုနဲ့ လွဲသွားမှာ စိုးလို့။ ကောင်လေး စကြီနှစ်ခု မျဉ်းခြားထားတဲ့ နေရာရောက်တော့၊ လှည့်လည်ကြည့်ရှုဖို့လာတဲ့ လူအုပ်က ဟယ်ရီရှေ့ ရောက်လာတယ်။ နောက်ဆုံး ဂျင်းကျောပိုးအိတ်တစ်လုံး ဟယ်ရီရှေ့က ကွယ်ပျောက်သွားတဲ့ အခါမှာ၊ အဲဒီကောင်လေးလဲ ပျောက်သွားပြီ။

"ဖရက်၊ အခုမင်းအလှည့်" မိန်းမဝဝကြီးကပြောတယ်။

"ကျွန်တော် ဖရက်မဟုတ်ဖူး။ ကျွန်တော် ဂျော့ပါ" ကောင်လေးက ပြောတယ်။ "တကယ့်ကိုပဲ၊ အမေလို့ ကိုယ့်ကိုကိုယ် ပြောရမှာ မရှက်ဖူးလား။ ကျွန်တော်ဂျော့ဆိုတာ မသိဘူးလား"

"တောင်းပန်ပါတယ်၊ ဂျော့အချစ်လေး"

"အမေ့ကို ကျီစားတာပါ။ ကျွန်တော်က ဖရက်ပါ" ကောင်လေးက ပြောရင်း ရှေ့ကို လျှောက်သွားတယ်။ သူ့ရဲ့ အမွှာညီအစ်ကိုက သူ့ကို မြန်မြန်သွားဖို့ အော်နေတယ်။ သူက ဒါကို ကြားလို့ မြန်မြန်သွားတယ်ထင်တယ်။ နောက် တစ်စက္ကန့်အတွင်းမှာ သူပျောက်သွားတယ်။ သူဘယ်လိုများ လုပ်လိုက်တာလဲ။

အခု တတိယ ညီအစ်ကို အလှည့်ရောက်ပြီ။ သူက ပေါ့ပါး သွက်လက်စွာနဲ့ အလယ်က လက်မှတ်ရုံဆီ လျှောက်သွားတယ်။ ရောက်တော့မှာ မြင်နေရတယ်။ ဒါပေမယ့် လျှပ်တစ်ပြက်အတွင်းမှာ သူ့အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။

အခု တစ်နည်းပဲ ကျန်တော့တယ်။

"ခွင့်လွှတ်ပါ" ဟယ်ရီက မိန်းမဝဝကြီးကို စပြောတယ်။

"ဟဲလို၊ အချစ်ကလေး" သူမကပြောတယ်။ "ဟော့ဂ်ဝပ်ကို ပထမဆုံး အကြိမ် သွားတာလား။ ရွန်လဲ ကျောင်းသားသစ်ပဲ"

သူမက သူမရဲ့ သားအငယ်ဆုံးကို ညွှန်ပြတယ်။ ကောင်လေးဟာ



အရပ်မြင့်ပြီး ပိန်တယ်။ မျက်နှာပေါ်မှာ မှည့်ခြောက်ချည်းပဲ။ ခြေကြီးလက်ကြီး၊ နှာခေါင်းရှည်ရှည်။

"ဟုတ်ကဲ့" ဟယ်ရီက ပြောတယ်။ "ဒီလိုပါ — ဒီလိုပါခင်ဗျား။ ကျွန်တော် ဘယ်လို — "

"စကြီရောက်အောင် ဘယ်လိုသွားရမလဲ ဟုတ်လား" သူမက ပြောတယ်။ "မင်းစကြီ အမှတ် ၉ နဲ့ အမှတ် ၁၀ အလယ်ဗဟိုက အကာအရံဆီလျှောက်သွား၊ ရဲရဲ တိုက်ရိုက်လျှောက်သွားလိုက်ရင် ပြီးတာပဲ။ လမ်းခုလတ်မှာ မရပ်နဲ့။ ဝင်တိုက်မိမှာလဲ မကြောက်နဲ့။ ဒါအလွန်အရေးကြီးတယ်။ မင်းစိတ်မနိုင်ရင် ပြေးသာသွားလိုက်။ လာ၊ အခုမင်းအရင်သွား။ ပြီးတော့မှ ရွန်လိုက်သွား"

"အော — ကောင်းပြီ"

သူဟာ တွန်းလှည်းကို လှည့်လိုက်တယ်။ အကာအရံကိုကြည့်ပြီး ငိုင်နေတယ်။ အဲဒါကို ကြည့်ရတာ အလွန်ခိုင်ခံ့တယ်။

သူက အကာအရံဆီ တည့်တည့်လျှောက်သွားတယ်။ တစ်လမ်းလုံး စကြီအမှတ် ၉ နဲ့ အမှတ် ၁၀ ကိုသွားတဲ့ လူတွေက သူ့ကို တွန်းတိုက်သွားတယ်။ ဟယ်ရီခြေလှမ်းမြန်လာတယ်။ သူ လက်မှတ်ရုံကလေးနဲ့ ဝင်တိုက်တော့မယ်။ ဒုက္ခရောက်တော့မှာ။ သူက တွန်းလှည်းပေါ် ကိုယ်ကိုကိုင်းချလိုက်ပြီး ရှေ့ကို တအားထိုးဝင်တယ်။ အကာအရံနဲ့ ကြာလေနီးလေပဲ။ သူအခု ရပ်လို့လဲမရတော့ဘူး။ တွန်းလှည်းဟာလဲ အခုဆို လုံးဝချုပ်ထိန်းလို့ မရတော့ဘူး။ တစ်ပေလိုသေးတယ်။ သူ မျက်စိမှိတ်လိုက်တယ်။ ရှေ့ကတိုက်ခံရမှာကို ရင်ဆိုင်ဖို့ ပြင်တယ်။

ဘာမှ မဖြစ်ဘူး. . . . သူက ရှေ့သို့ ဆက်ပြေးတယ်. . . . သူမျက်စိဖွင့်လိုက်တယ်။

ကြက်သွေးရောင် ဗွိုင်လာမီးရထားတစ်စင်း လူတွေပြည့်နေတဲ့ စကြီဘေးမှာ ငြိမ်သက်စွာရပ်စောင့်နေတယ်။ ရထားခေါင်းပေါ်က ဆိုင်းဘုတ်ပေါ်မှာ ဟော့ဂ်ဝပ် အထူးအမြန်၊ ၁၁-နာရီ လို့ရေးထားတယ်။ ဟယ်ရီနောက်လှည့်ကြည့်တယ်။ မူလက လက်မှတ်စစ်ရုံနေရာမှာ သံလိုက်ခေါင်းလမ်းတစ်ခုကို တွေ့ရတယ်။ အပေါ်ဘက်မှာ စကြီအမှတ်ကိုး လေးပိုင်းသုံးပိုင်းလို့ ရေးထားတယ်။ သူအောင်မြင်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



မီးရထား ရှိုင်လာဖိုးက အငွေ့တွေဟာ ဆူညံလှုပ်ရှားနေတဲ့ လူစီးတွဲပေါ်မှာ ပြန့်လွင့် သွားတယ်။ အရောင်စုံ အသွေးစုံ ကြောင်တွေဟာ လူတွေရဲ့ ခြေထောက်အနားမှာ ဟိုဝင်ဒီထွက် လုပ်နေတယ်။ ဆူညံတဲ့ စကားသံနဲ့ လေးပင်တဲ့ သေတ္တာတွေ မြေကြီးပေါ်တိုက်ခတ်တဲ့ အသံတွေအပြင် ဇီးကွက်က အလွန်မကြိုက်တဲ့အသံနဲ့ အပြန်အလှန် အော်မြည်နေတယ်။

ရှေ့ကတွဲ တချို့မှာ ကျောင်းသားတွေ ပြည့်နေတယ်၊ လူတချို့ဟာ ကိုယ်ကို ပြတင်းအပြင်ဘက် ကိုင်းပြီး အိမ်သားတွေနဲ့ စကားပြောနေတယ်။ တချို့က ထိုင်ခုံပေါ်ထိုင်ပြီး ကျောင်းသားချင်း ရိုက်ပုတ်ဆော့ကစားနေတယ်။ ဟယ်ရီက တွန်းလှည်းကိုတွန်းပြီး စင်္ကြံအတိုင်း နောက်ဖက်ကို သွားတယ်။ နည်းနည်းချောင်တဲ့ တွဲမှာ တစ်နေရာစာ ရှာထိုင်ဖို့ လုပ်တယ်။ သူသွားနေစဉ် မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်လေးက ပြောတယ်။ "ဖွားဖွား၊ ကျွန်တော့် ဖားပြုပ် မတွေ့တော့ဘူး"

"အော-နီဗီး" အဖွားကြီး သက်ပြင်းချသံကြားတယ်။

လူတစ်စုဟာ ကျစ်ဆံမြီးတွေ အများကြီး ကျစ်ထားတဲ့ ကောင်လေးကို ဝိုင်းနေတယ်။

"တို့ကို ပြပါဦး၊ အလီ၊ မြန်မြန်"

ကောင်လေးက လက်ထဲရှိ ဗူးတစ်လုံးရဲ့ ဗူးဖုံးကို ဖွင့်လိုက်တယ်။ အထဲက အမွေးထူထူနဲ့ ခြေထောက်ရှည်ရှည် ပေါ်လာတယ်။ ဘေးက လူတွေ လန့်ပြီး စူးစူးရှရှအော်ကြတယ်။

ဟယ်ရီက လူတွေကို တအားတိုးဖြတ်တယ်။ နောက်ဆုံး ရထားအမြီးပိုင်းနဲ့ နီးတဲ့နေရာမှာ တွဲလွတ်တစ်တွဲကို တွေ့တယ်။ သူက ဟက်ဒဝစ်ကို တွဲပေါ် အရင်ဆုံး တင်လိုက်တယ်။ ဒီနောက် သူ့သားရေသေတ္တာကြီးကို တွန်းထိုးတင်တယ်။ သူက သေတ္တာကို လှေခါးထစ်ပေါ် မ,တင်တယ်။ ဒါပေမယ့် ရှိသမျှအားကို ထုတ်ပေမယ့် တစ်ထောင့်ပဲ ကြွတယ်။ သတိမထားတာနဲ့ နှစ်ခါတောင် ခြေထောက်ပေါ်ပြုတ်ကျတယ်။ နာလို့ အားအားနဲ့ အော်နေတယ်။

"ကူညီရမလား" ဒါက သူ့ကိုလက်မှတ်ရုံကို ဖြတ်ဖို့ ဦးဆောင်တဲ့ အမြွှာညီအစ်ကိုထဲက တစ်ယောက်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်" ဟယ်ရီက မောမောနဲ့ ပြောတယ်။



"ဟေး၊ ဖရက်၊ မြန်မြန်လာကူပါ"

အမြွှာညီအစ်ကို ကူညီလို့ ဟယ်ရီရဲ့ သားရေသေတ္တာဟာ တွဲထောင့်ကို အဆင်ပြေပြေ ရောက်သွားတယ်။

"ကျေးဇူးတင်ပါတယ်" ဟယ်ရီက ပြောတယ်။ နဖူးရှေ့က စိုနေတဲ့ ဆံပင်ကို ပွတ်တင်လိုက်တယ်။

"အဲဒါဘာလဲ" အမြွှာတစ်ယောက်က ဟယ်ရီရဲ့ လျှပ်စီးဒဏ်ရာကို ညွှန်ပြပြီး မေးတယ်။

"အမလေး၊ဘုရားဘုရား"ကျန်အမြွှာကပြောတယ်။"မင်းများဖြစ်—"

"သူက. . . . . ." ပထမ အမြွှာက ပြောတယ်။ "မင်းဟုတ်လား" သူက ဟယ်ရီကို မေးပြန်တယ်။

"ဘာဟုတ်တာလဲ" ဟယ်ရီက ပြောတယ်။

"ဟယ်ရီ-ပေါ်တာလေ" အမြွှာနှစ်ယောက် တစ်ပြိုင်နက် ထွက်သွားတယ်။

"အော-သူလား" ဟယ်ရီက ပြောတယ်။ "ကျွန်တော်က ပြောတာ၊ ကျွန်တော်ပါပဲလို့."

ကောင်လေးနှစ်ယောက်ဟာ သူ့ကို ငိုင်ပြီး ကြည့်နေတယ်။ ဟယ်ရီက မိမိမျက်နှာနီနေတယ်လို့ ထင်တယ်။ ဒီနောက် သူ့ကို သက်သာရာရစေဖို့နဲ့ တူတယ်။ ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ ခေါ်သံတစ်သံဝင်လာတယ်။

"ဖရက်၊ ဂျော့၊ မင်းတို့ ဘယ်မှာလဲ"

"လာပါပြီ၊ အမေ"

အမြွှာညီအစ်ကိုဟာ ဟယ်ရီကို တစ်ချက်ကြည့်လိုက်ပြန်တယ်။ ဒီနောက် ဒုန်းဆို တွဲပေါ်က ခုန်ချသွားတယ်။

ဟယ်ရီက ပြတင်းဘေးက ထိုင်ခုံမှာ ထိုင်နေတယ်။ ဒီနေရာမှာ ပုန်းနေရင် သူ့ကို လူမတွေ့ပဲ စင်္ကြံပေါ်က ဆံပင်နီမိသားစုကို မြင်နိုင်တယ်။ သူတို့ ပြောတာကြားနိုင်တယ်။ သူတို့ အမေဟာ လက်ကိုင်ပုဝါလေးတစ်ခု ထုတ်လိုက်တယ်။

"ရွန်၊ မင်းနှာခေါင်းပေါ်မှာ ပေနေတယ်"

အငယ်ဆုံး ကောင်လေးဟာ ရှောင်ပုန်းဖို့ ကြိုးစားတယ်။ သူ့အမေက ဆွဲဖမ်းထားပြီး နှာခေါင်းကို သုတ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ လွှတ်ပါတော့" သူက ကိုယ်ကိုတွန့်လိမ်ရင်း ပြောတယ်။

"အားဟား၊ အလိမ္မာလေး ရွန် နှာခေါင်းပေါ်မှာ မင်ရေပေနေပြီ" အမြွှာတစ်ယောက်က ပြောတယ်။

"ပါးစပ်ပိတ်တော့" ရွန်က ပြောတယ်။

"ဖတ်စ်ကော" သူတို့ အမေက မေးတယ်။

"သူလာနေပြီ"

အကြီးဆုံးကောင်လေးဟာ ကားယားကားယားနဲ့ လျှောက်လာတယ်။ သူဟာ ပေါ့ပါးတဲ့ အနက်ရောင် ဟော့ဂ်ဝပ်ဝတ်ရုံရှည် ဝတ်ထားပြီး သူ့ရင်ပပ်ပေါ်မှာ "p" စာလုံးပါတဲ့ ငွေရောင် တံဆိပ်တစ်ခု တပ်ထားတာ ဟယ်ရီ တွေ့ရတယ်။

"ဒီမှာ ကြာကြာနေလို့ မရဘူး၊ အမေ" သူကပြောတယ်။ "ကျွန်တော် ရှေ့ဘက်မှာ ထိုင်တယ်၊ အတန်းခေါင်းဆောင်တွေအတွက် အထူးတွဲနှစ်တွဲ ရှိတယ်-"

"အော၊ မင်းက အတန်းခေါင်းဆောင်ကိုး၊ ဖတ်စ်" အမြွှာတစ်ယောက်က ပြောတယ်။ လေသံရော အမူအရာပါ အလွန်အံ့ဩပုံရတယ်။ "မင်းဘာဖြစ်လို့ ပြောမပြတာလဲ၊ တို့ လုံးဝမသိပါလား"

"နေဦး။ သူတို့ကို ဒီအကြောင်းပြောပြတာ ငါမှတ်မိသလိုပဲ" ကျန် အမြွှာတစ်ယောက်က ပြောတယ်။ "တစ်ကြိမ်ပြောဘူးသလိုပဲ — "

"နှစ်ကြိမ်လဲ ဖြစ်ချင်ဖြစ်မယ် — "

"တစ်မိနစ်ပြောတယ် — "

"တစ်နွေလုံး ပြောတယ် — "

"အိုး၊ တော်ကြတော့" အတန်းခေါင်းဆောင် ဖတ်စ်က ပြောတယ်။

"ဘာဖြစ်လို့ ဖတ်စ်မှာ ဝတ်ရုံရှည် အသစ်ရှိတာလဲ"အမြွှာတစ်ယောက်က ပြောတယ်။

"သူက အတန်းခေါင်းဆောင်ပဲဟာ" သူတို့ အမေက သိမ်မွေ့စွာ ပြောတယ်။ "ကောင်းပြီ၊ အလိမ္မာလေး၊ ကျောင်းမှာပျော်ပါစေ — ရောက်သွားပြီးရင် အမေ့ဆီ ဇီးကွက်တစ်ကောင် လွှတ်လိုက်ပါ"

သူမက ဖတ်စ်ရဲ့ ပါးပေါ်ကို နမ်းလိုက်တယ်။ သူထွက်သွားတာကို မျက်စိနဲ့ လိုက်ပို့တယ်။ ဒီနောက် အမြွှာညီအစ်ကိုဘက် လှည့်ကြည့်တယ်။



"အခု၊ မင်းတို့နှစ်ယောက် — ဒီနှစ် မင်းတို့ နဲနဲငြိမ်ငြိမ်နေမှကောင်းမယ်။ နောက်ထပ် ဇီးကွက်တစ်ကောင် ငါ့ဆီရောက်လာပြီ၊ မင်းတို့ နောက်ထပ် — မင်းတို့ နောက်ထပ် အိမ်သာအင်တုံ ခွဲပစ်တယ်။ ဒါမှမဟုတ်ရင် — အကြောင်းကြားခဲ့ရင်"

"အိမ်သာအင်တုံ ခွဲပစ်တယ်ဟုတ်လား။ ကျွန်တော်တို့ ဘယ်တုန်းကမှ အိမ်သာအင်တုံ မခွဲပါဘူး"

"ဒါလဲ အကြံကောင်းပဲလေ၊ ကျွန်တော်တို့ကို သတိပေးတာ ကျေးဇူး တင်ပါတယ် အမေ"

"ငါရယ်စရာ ပြောနေတာ မဟုတ်ဖူး၊ ရွန်ကိုကြည့်ရှုဖို့ မမေ့နဲ့"

"မပူပါနဲ့၊ အချစ်ကလေး ရွန် ကျွန်တော်တို့နဲ့နေရင် သိပ်ကို လုံခြုံပါတယ်"

"ပါးစပ်ပိတ်ထား" ရွန်က ပြောပြန်တယ်။ သူ့အရပ်က အမြွှာညီအစ်ကိုလောက်မြင့်တယ်။ ခုတင်က သူ့အမေ နှာခေါင်းကို လက်ကိုင်ပုဝါနဲ့ သုတ်ထားတဲ့နေရာက နဲနဲနီနေသေးတယ်။

"ဒီမှာ၊ အမေ၊ ကျွန်တော်တို့ ခုနက ရထားပေါ်မှာ ဘယ်သူ့တွေ့တယ် ထင်သလဲ"

ဟယ်ရီက နောက်သို့ အမြန်ဆုတ်တယ်။ သူ ငိုးကြည့်နေတာ တွေ့သွားမှာစိုးလို့။

"ခုနက ဘူတာမှာ ကျွန်တော်တို့နား လာရပ်တဲ့ ဆံပင်အနက်နဲ့ ကောင်လေးကို မှတ်မိလား၊ သူဘယ်သူလဲ သိလား"

"ဘယ်သူလဲ"

"ဟယ်ရီ-ပေါ်တာ"

ဟယ်ရီဟာ ကောင်မလေးရဲ့ အသံကို ကြားရတယ်။

"အိုး-မာမီ၊ ကျွန်မတွဲပေါ်တက်ပြီး သူ့ကို ကြည့်လို့ရမလား၊ မာမီ နော်၊ . . . . ."

"သူ့ကို တွေ့ပြီးပြီပဲ၊ ဂျင်နီ။ သနားစရာကောင်လေးဟာ သမီး တိရစ္ဆာန်ရုံထဲက အကောင်ဆန်းတွေလို ကြည့်ရမဲ့သူ မဟုတ်ဖူး။ သူတကယ် ဟုတ်ရဲ့လား၊ ဖရက်၊ မင်း ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော် သူ့ကိုမေးတယ်လေ။ သူ့အမာရွတ်ကို ကျွန်တော်တွေ့

www.burmeseclassic.com



တယ်။ အဲဒီမှာ လျှပ်ပြက် သလိုပဲ"

"သနားစရာခလေး — ဒါကြောင့် သူဟာ တစ်ယောက်ထီးတည်း ဖြစ်နေတာ။ ငါ့ခုနက စဉ်းစားနေသေးတယ်။ သူတို့ကို စကြီးဆီ ဘယ်လိုသွားမလဲ မေးတုန်းက သိပ်ကို ယဉ်ကျေးတာပဲ"

"ဒါတွေမပြောနဲ့တော့၊ 'ဟိုလူ့' ရုပ်ပုံကို သူမှတ်မိဦးမယ် ထင်သလား"

သူတို့ အမေဟာ ရုတ်တရက် တအားတည်သွားတယ်။

"မင်း သူ့ကို သွားမမေးရဘူး ဖရက်။ လုံးဝ မမေးရဘူး။ မေးဝံ့မေးကြည့်။ သူကျောင်းရောက်တဲ့ ပထမနေ့မှာပဲ ဝမ်းနည်းစရာတွေကို သွားမပြောလို့ မရဘူးလား"

"တော်ပါတော့၊ စိတ်မဆိုးပါနဲ့တော့"

ဥသြသံ ထွက်ပေါ်လာပြီ။

"မြန်မြန်" သူတို့ အမေက ပြောတယ်။ ကောင်လေးသုံးယောက်ဟာ ချက်ချင်း ရထားပေါ် တက်ကြတယ်။ သူတို့ဟာ ကိုယ်ကို ပြတင်းပေါက် အပြင်ဘက်ထုတ်ပြီး သူတို့ အမေနဲ့ နမ်းကြတယ်။ ညီမလေးက အော်ငိုတယ်။

"ဒီလိုမလုပ်နဲ့၊ ဂျင်နီ။ တို့ဇီးကွက်တွေအများကြီး မင်းဆီလွှတ်လိုက်မယ်။

"မင်းကို ဟော့ဂ်ဝပ်ထွက် စစ်စစ် အိမ်သာအင်တုံ ဖင်ထိုင်ခုံအဝိုင်းပို့ပေးမယ်"

"ဂျော့နော်"

"ကျီစားတာပါ။ မေမေ"

ရထားကြီး တရွေ့ရွေ့ ထွက်သွားပြီ။ ကောင်လေးတွေရဲ့ အမေက မရပ်မနား လက်ယမ်းပြနေတယ်။ သူတို့ ညီမလေးက ငိုလဲငို၊ ရယ်လဲရယ်နဲ့ ရထားနောက် လိုက်ပြေးနေတယ်။ ရထားက ပိုမြန်လာတယ်။ သူမ လက်ပြကျန်ရစ်ခဲ့တာကို ဟယ်ရီမြင်တွေ့နေရတယ်။

ဟယ်ရီက အဲဒီသားအမိနှစ်ယောက်ကို မျက်တောင်မခတ်ပဲ ကြည့်နေတယ်။ ရထား ကွေ့ချိုးလိုက်တော့ သူမတို့ အရိပ်အယောင်လဲ ပျောက်သွားရော။

လမ်းဘေးက အိမ်တွေဟာ ပြတင်းပေါက်ကနေ နောက်ကို အလျှင်အမြန်ဆုတ်သွားတယ်။ ဟယ်ရီ စိတ်ထဲမှာ သိပ်ကို အားရနေတယ်။ သူ ခုသွား



နေတဲ့ နေရာဟာ ဘာဖြစ်မလဲဆိုတာ သူမသိဘူး။ ဒါပေမယ့် သူထားရစ်တာ ဟွထက်တော့ ကောင်းမှာသေချာတယ်။

တွဲတံခါး အသာလေးပွင့်သွားတယ်။ အငယ်ဆုံး ဆံပင်နီကောင်လေး ဝင်လာတယ်။

"ဒီမှာလူရှိလား" ဟယ်ရီ ရှေ့က ထိုင်ခုံကို ညွှန်ပြပြီး မေးတယ်။ "တခြားနေရာတွေ အားလုံးပြည့်နေပြီ"

ဟယ်ရီက ခေါင်းခါတယ်။ ကောင်လေးဝင်ထိုင်တယ်။ သူက ဟယ်ရီကိုကြည့်လိုက်တယ်။ ချက်ချင်း ပြတင်းအပြင်ဘက်ကို လှည့်ကြည့်နေတယ်။ သူဟယ်ရီကို မမြင်သလိုလုပ်နေတယ်။ သူ့နှာဖျားမှာ မည်းနေတဲ့ အစက်လေး ရှိနေသေးတာ ဟယ်ရီမြင်ရတယ်။

"ဟေး၊ ရွန်"

အမြွှာနှစ်ယောက် ရောက်လာတယ်။

"နားထောင်၊ အခုတို့ အလယ်က တွဲကို သွားလည်လိုက်ဦးမယ်။ အလို့မှာ အမွေးထူ ပင့်ကူ အကြီးကြီးတစ်ကောင်ပါတယ်"

"အော" ရွန်ကဖြေတယ်။

"ဟယ်ရီ" ကျန်အမြွှာတစ်ယောက်က ပြောတယ်။ "တို့ ခုနက တို့ကိုယ်တို့ မင်းကို မိတ်ဆက် မပေးရသေးဘူးနော်။ ဖရက်နဲ့ ဂျော့-ဝယ်စလီ၊ ဒါက ရွန်၊ တို့ညီလေး။ ခနနေမှ ပြန်တွေ့မယ်"

"ဘိုင်းဘိုင်း" ဟယ်ရီနဲ့ ရွန်က ပြောတယ်။ အမြွှာနှစ်ယောက် စကြီဘက် ထွက်လိုက်ပြီး အခန်းတံခါးကို ပိတ်ပေးလိုက်တယ်။

"မင်း ဟယ်ရီ-ပေါ်တာဆိုတာ ဟုတ်လား" ရွန်က တွေးမနေပဲ ပါးစပ်က ထွက်သွားတယ်။

ဟယ်ရီက ခေါင်းညိတ်ပြတယ်။

"အော-တကယ်ကိုး၊ ကျွန်တော်က ဖရက်နဲ့ ဂျော့တို့ ကျွန်တော့်ကို စနေတယ်ထင်တာ" ရွန် ကပြောတယ်။ "ဒါဆို ခင်ဗျားမှာ တကယ်ပဲ ဟိုဟာအိုး — ဟိုဟာ. . . . . . ရှိလား"

သူက ဟယ်ရီ့နဖူးကို လက်ညှိုးထိုးပြတယ်။

ဟယ်ရီက နဖူးပေါ်က ဆံစကိုဖယ်လိုက်တယ်။ လျှပ်ပြက်တဲ့ ပုံစံအမာရွတ်ပေါ်လာတယ်။ ရွန်က မျက်လုံးကြီးပြူးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် အဲဒါ 'ဟိုလူ' — ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ "ဒါပေမယ့် ကျွန်တော်လုံးဝ မမှတ်မိဘူး"

"နံနဲလေးတောင် သတိမရဘူးလား" ရွှန်က ရင်းနှီးစွာနဲ့ မေးတယ်။

"အင်း — ကျွန်တော် အစိမ်းရောင်တွေလက်နေတာပဲ မှတ်မိတယ်၊ ကျန်တာတော့ စဉ်းစားလို့ မရတော့ဘူး"

"အား" ရွှန်ကပြောတယ်။ သူက ကိုယ်ကို မတ်မတ်ထိုင်လိုက်တယ်၊ အတော်ကြာ စိုက်ကြည့်နေပြီးမှ၊ ဒီလိုလုပ်တာ မယဉ်ကျေးဘူးလို့ ခံစားရပြီး အကြည့်ကို ပြတင်းအပြင်ဘက် လှည့်ပစ်လိုက်တယ်။

"ခင်ဗျား အိမ်သားတွေအားလုံး မှော်ဆရာတွေ ချည်းပဲလား" ဟယ်ရီက မေးတယ်။ သူ ရွှန်ပေါ် စိတ်ဝင်စားမှုဟာ ရွှန်သူ့ကို စိတ်ဝင်စားတာထက် မလျော့ဘူး။ "အော-ဟုတ်တယ်။ ဒီတိုင်း ဖြစ်သင့်တယ်လို့ ထင်တယ်" ရွှန်က ပြောတယ်။ "ကျွန်တော့် အမေမှာ အဝေးမှာနေတဲ့ အစ်ကို ဝမ်းကွဲက စာရင်းကိုင်လို့ ကျွန်တော်မှတ်မိတယ်။ ဒါပေမယ့် ကျွန်တော်တို့ အိမ်မှာ သူ့အကြောင်း ဘယ်တော့မှ မပြောဘူး"

"ဒါကြောင့် ခင်ဗျားမှော်ပညာ တော်တော်တတ်နေပြီ ဟုတ်လား" ဒီဝယ်စလီ အိမ်ထောင်ဆိုတာ ဒေါင်ဖြတ်လမ်းက ဖြူဖပ်ဖြူယော် ကောင်လေး ပြောတဲ့ ရှေးကျတဲ့ မှော်မျိုးရိုးအိမ်ထောင် ဖြစ်မယ်။

"ခင်ဗျား နောင်မှာ 'မတ်ဂေါ်' နဲ့ အတူနေတယ်လို့ ကြားတယ်" ရွှန်က ပြောတယ်။ "သူတို့က ဘယ်လိုပုံစံလဲ"

"သိပ်ကိုချာတယ်-အင်း၊ အကုန်လုံး ဒီလိုဆိုးတာတော့ မဟုတ်ဖူး။ ဒါပေမယ့် ကျွန်တော့် အဒေါ်၊ အဒေါ့်ယောကျ်ားနဲ့ အစ်ကိုဝမ်းကွဲကတော့ သိပ်ဆိုးပါတယ်။ ကျွန်တော်လဲ ကျွန်တော့်မှာ မှော်ဆရာ ညီအစ်ကို သုံးယောက် ရှိချင်တယ်"

"ငါးယောက်" ရွှန်က ပြောတယ်။ အကြောင်းတစ်ခုခုကြောင့် ထင်တယ်။ သူဟာ ရုတ်တရက် မပျော်မရွှင် ဖြစ်လာတယ်။ "ကျွန်တော်ဟာ ကျွန်တော်တို့ အိမ်ထောင်က ဟော့ဂ်ဝပ်ကို သွားကျောင်းနေတဲ့ ပဉ္စမမြောက် ကလေးပါ။ ကျွန်တော့်ရှေ့မှာ အလွန်တော်တဲ့ စံနမူနာတွေ ကျွန်တော် အတုယူရမယ်လို့ ဆိုနိုင်ပါတယ်။ ဘီးနဲ့ ချာလီတို့က ကျောင်းအောင်သွားပြီ။



ဘီးဟာ ထိုစဉ်က ကျောင်းသားအသင်းဥက္ကဋ္ဌ၊ ချာလီက ခွေဒစ်အဖွဲ့မှူး။ အခုဖတ်စီက အတန်းခေါင်းဆောင် ဖြစ်နေပြီ။ ဖရက်နဲ့ ဂျော့ဟာ အမြဲ သိပ်ဆော့ပေမယ့် သူတို့စာတော့ သိပ်တော်တာ။ ပြီးတော့ အားလုံးကလဲ သူတို့ကို ပျော်စရာကောင်းတယ်ဆိုပြီး ချစ်ကြတယ်။ လူအားလုံးက ကျွန်တော့်ကို သူတို့လိုပဲ ထူးချွန်စေချင်ကြတယ်။ ဒါပေမယ့် ကျွန်တော် လုပ်တာ မဆိုးဘူးပဲ ထားဦး၊ ဒါလဲ ဘာမှ မဟုတ်ပါဘူး။ သူတို့က ရှေ့က ဒါတွေ လုပ်ခဲ့ပြီးပြီလေ။ ပြီးတော့၊ ရှေ့မှာ ညီအစ်ကို ငါးယောက်တောင် ရှိနေမှတော့၊ အသစ် အဆန်းဖြစ်ဖို့ ဘာမှရှိမှာ မဟုတ်တော့ဘူး။ ကျွန်တော် အခုဝတ်ရမှာက ဘီးရဲ့ဝတ်ရုံရှည်အဟောင်း၊ ချာလီရဲ့ မှော်ကြိမ်လုံးအဟောင်းနဲ့ ဖတ်စီ မလိုချင်တဲ့ ကြွက်"

ရွှန်က လက်ကို ဂျက်ကင်အိတ်ထဲ နှိုက်လိုက်တယ်။ အထဲကနေ တခေါ်ခေါ်အိပ်နေတဲ့ ကြွက်မွဲမွဲဝဝကြီးတစ်ကောင် ဆွဲထုတ်လိုက်တယ်။

"သူ့နာမည်က အစက်အပြောက်လေး။ နဲနဲမှ အသုံးမကျဘူး။ သူနိုးလာတယ်ကို မရှိဘူး။ ဖတ်စီက အတန်းခေါင်းဆောင် အရွေးခံရလို့ ကျွန်တော့် အဖေက သူ့ကို ဇီးကွက်တစ်ကောင် ဆုချလိုက်တယ်။ ဒါပေမယ့် အဖေတို့မှာ ပိုက်ဆံမရှိဘူး။ ကျွန်တော်ပြောလိုတာက၊ နောက်ဆုံး ကျွန်တော့်ဆီ အစက်အပြောက်လေး ရောက်လာတာပဲ"

ရွှန်ရဲ့ နားရွက်တွေနီလာတယ်။ သူပြောတာ သိပ်များနေပြီလို့ ထင်လို့လား မပြောတတ်ဖူး။ ပြတင်းအပြင်ဘက်ကို ကြည့်ပြီးငိုင်နေပြန်ရော။

ဇီးကွက်ဝယ်ဖို့ ငွေမရှိတာ ရှက်စရာလို့ ဟယ်ရီမထင်ဘူး။ ဘာဘဲဖြစ်ဖြစ်၊ သူဟာ လွန်ခဲ့တဲ့ ကာလတုန်းက တစ်သက်လုံး ငမွဲလုပ်လာတာပဲ။ သူက ဒါတွေကို ရွှန်ကို အကုန်လုံး ပြောပြလိုက်တယ်။ သူ့မှာ ဒါလီရဲ့ အကျႌအကျႌတွေပဲ ဝတ်ရတယ်။ မွေးနေ့လက်ဆောင်ဆိုလို့ ဘာတစ်ခုမှ ဟုတ်တိ ပတ်တိ မရဖူးဘူး။ ဒါကြောင့် ရွှန်မှာ နဲနဲစိတ်သက်သာလာသလိုပဲ။

". . . . . ဟက်ဂရစ် ကျွန်တော့်ကို ပြောမပြခင်က၊ မှော်ဆရာတို့၊ ကျွန်တော့်မိဘတို့၊ ဒါမှမဟုတ် ဗိုလ်ဒီမွန့်ဆိုတာ ကျွန်တော် မသိဘူး — "

ရွှန်က လန့်လို့ လေရှူသွင်းလိုက်တယ်။

"ဘယ်လိုဖြစ်တာလဲ" ဟယ်ရီက ပြောတယ်။

"ခင်ဗျား ခုနက ပြောတဲ့ 'ဟိုလူ'ရဲ့ နာမည်" ရွှန်က ထိတ်လန့်မှုနဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားမှု ရောထွေးနေတဲ့ လေသံနဲ့ ပြောတယ်။ "ကျွန်တော် အစောကြီးကတည်းက တွေးထားတယ်၊ လူအားလုံးထဲမှာ ခင်ဗျားကသာ —"

"ကျွန်တော် ဒီနာမည်ကို ပြောတာက ကျွန်တော်သိပ်သတ္တိရှိလို့ မဟုတ်ဖူး" ဟယ်ရီက ပြောတယ်။ "ကျွန်တော် ဒီနာမည်မပြောရဘူးဆိုတာ ဘယ်တုန်းကမှ မသိလို့။ ကျွန်တော့် အဓိပ္ပာယ်ကိုသိလား။ ကျွန်တော် ပြောရဲတယ်။ ကျွန်တော် အများကြီးကို အစကနေ သင်ယူရမှာ" သူက ထပ်ပြောတယ်။ ဒါကတော့ ခုတလော သူ့ကို နှိပ်စက်နေတဲ့ ကိစ္စပဲ။ "ကျွန်တော်ထင်တယ်၊ ကျွန်တော် အတန်းထဲမှာ ဘိတ်ချေးပဲရမှာပဲ"

"မဖြစ်ပါဘူး လူအတော်များများဟာ 'မတ်ဂေါ်' အိမ်ထောင်ကလာတာ၊ ဒါပေမယ့် ချက်ချင်းပဲ တတ်သွားကြတာပဲ"

စကားပြောနေချိန်မှာပဲ မီးရထားက သူတို့ကို လန်ဒန်အပြင်ဘက် ခေါ်လာခဲ့ပြီ၊ ခုချိန်မှာ ကျွဲနွားတွေ အုပ်လိုက်ရှိတဲ့ လယ်ကွင်းတွေကို ဖြတ်မောင်းလာပြီ၊ နှစ်ယောက်သား ခနငြိမ်နေတယ်။ ပြတင်းအပြင်က လှစ်ကနဲ ဖြတ်ဖြတ်သွားတဲ့ ရှုခင်းမျိုးစုံကို ကိုယ်မှာသာ ကြည့်ရှုနေကြတယ်။

၁၂ နာရီခွဲခန့်မှာ အပြင်ဘက် စင်္ကြံပေါ်မှာ ဂတ်ဂတ်ဆိုတဲ့ အသံ ပေါ်ထွက်လာတယ်။ မျက်နှာပေါ်မှာ အပြုံးတွေဝေပြီး ပါးချိုင့်နှစ်ခုနဲ့ မိန်းမတစ်ယောက် သူတို့အခန်းတံခါးကို တွန်းဖွင့်ပြီး ပြောတယ်။ "တွန်းလှည်းပေါ်က စားစရာနည်းနည်း ဝယ်စားမလား၊ အချစ်"

နံနက်စာ မစားရသေးတဲ့ ဟယ်ရီဟာ ချက်ချင်းခုန်ထလိုက်တယ်၊ ရွန်ကတော့ နားရွက်တွေ စပြီးနီလာပြန်ပြီ။ သူ့မှာ ဆင်းဒဝစ်ပါတယ်လို့ တွန့်တွန့်ဆုတ်ဆုတ်ပြောနေတယ်။ ဟယ်ရီက အပြင်ဘက်က စင်္ကြံကို ထွက်သွားတယ်။ သူ့အိတ်ကပ်ထဲမှာ တချွင်ချွင်မြည်နေတဲ့ ရွှေငွေဒင်္ဂါးတွေ တစ်ပုံကြီးရှိတယ်။ သူအကြီးအကျယ် ဝယ်တော့မယ်။ သယ်နိုင်သလောက် အင်္ဂလိပ် ချောကလက်ချောင်းတွေကို အကုန်ဝယ်ဖို့ လုပ်တယ်။ ဒါပေမယ့်၊ ဒီမိန်းမမှာ အင်္ဂလိပ် ချောကလက်ချောင်း မရှိဘူး။ သူ့မှာ ဘီဘီရဲ့ဘာစုံ ပဲစေ့တို့၊ အဆင့်လွှန်မီကောတို့၊ ချောကလက်ဖားတို့၊ ဖရုံသီးအဆာသွတ် မုန့်တို့၊ ကိတ်မုန့်ဝိုင်း နွယ်ချိုချောင်းတို့၊ ဒီပြင် ဟယ်ရီ့ဘဝမှာ မတွေ့ဘူးတဲ့ ပစ္စည်းအထူးအဆန်းတွေ အများကြီးပဲ။

သူဟာ စားစရာတစ်မျိုးမှ မကျန်စေချင်ဘူး။ တစ်မျိုးကို နည်းနည်းစီ



ဝယ်လိုက်တယ်။ နောက်ဆုံးမှာ အဲဒီ မိန်းမကို ငွေစက်ခေါ် ၁၁-ခုနဲ့ ကြေးနတ် ၇-ခု ပေးလိုက်ရတယ်။

ဟယ်ရီက သူဝယ်တဲ့ စားစရာတွေကို အခန်းထဲ ပွေ့သွင်းလာပြီး နေရာလွတ်မှာ အားလုံးပစ်ချလိုက်တာကို ရွန်က မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်။

"မင်းတကယ့်ကို ဆာနေပြီ မဟုတ်လား"

"ဆာလို့ သေတော့မယ်" ဟယ်ရီက ပြောတယ်။ ဖရုံနဲ့ အဆာသွတ်မုန့်တစ်ခုကို ကောက်ယူလိုက်တယ်။ တစ်လုတ်ကြီး ကိုက်ချလိုက်တယ်။

ရွန်က ထုပ်ဖောင်းဖောင်းကြီးတစ်ခုကို ထုတ်ပြီး ဖွင့်လိုက်တယ်။ အထဲမှာ ဆင်းဒဝစ် သုံးခုရှိတယ်။ သူက တစ်ခုကို ယူလိုက်ပြီး ပြောတယ်။ "အမေက ကျွန်တော် အမဲပေါင်းခြောက်မကြိုက်တာ အမြဲမေ့နေတာပဲ" သူက ထပ်ပြောတယ်။ "ကျွန်တော်တို့ ငါးယောက်ကို တစ်ပြိုင်နက်ပြုစုရတာလေ"

"လာ အဆာသွတ်မုန့် တစ်ခုယူစားပါ"

ဟယ်ရီက ပြောတယ်။ အရင်တုန်းက သူ့မှာ သူများကို ကျွေးစရာ ဘာမှ မရှိဘူး။ ဝင်စစ် သူ့မှာ ခွဲဝေစားရဖို့ မိတ်ဆွေတစ်ယောက်မှ မရှိဘူးလို့ ပြောသင့်တယ်။ အခု ရွန်နဲ့အတူထိုင်ပြီး သူ့ကိုယ်ပိုင်ဝယ်တဲ့ အဆာသွတ်မုန့်၊ ကိတ်မုန့် (ဆင်းဒဝစ်ကို လှည့်ကြည့်မဲ့သူ မရှိ) တွေ စားပြီး တစ်လမ်းလုံး စားလိုက်သောက်လိုက်နဲ့ စကားတွေ ပြောသွားရတယ်၊ ဒီလိုခံစားမှုဟာ တကယ့်ကို ကောင်းတာပဲ၊

"ဒါဘာလဲ" ဟယ်ရီက ချောကလက်ဖား တစ်ထုပ်ကို ကောက်ယူပြီး မေးတယ်။ "ဒါဖား အစစ်တော့ မဟုတ်ပါဘူးနော်" သူဟာ ဘာပဲဖြစ်လာလာ မအံ့သြတော့ဘူးလို့ တောင်ခံစားလာရတယ်။

"မဟုတ်ဖူး" ရွန်ကပြောတယ်။ "ဒါပေမယ့် ခင်ဗျား အထဲက ကဒ်ကို အရင်ကြည့်။ ကျွန်တော့်မှာ အဂရစ်ပါ တစ်ချပ်လိုနေတယ်"

"ဘာ"

"ဟုတ်ပြီ၊ ခင်ဗျား ဒါတွေ ဘယ်သိမလဲ၊ ချောကလက် ဖားထဲမှာ ကဒ်တစ်ခုစီပါတယ်။ အဲဒါကို စုဖို့၊ နာမည်ကြီးမှော်ဆရာမနဲ့ မှော်ဆရာ ကျွန်တော် အခွက် ၅၀၀ လောက်စုထားပြီးပြီ၊ အဂရစ်ပါနဲ့ ပီတော်လမီ လိုတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်ရီက သူ့ချော့ကလက်ဖားကို ဖြည်လိုက်တယ်။ အတွင်းက ကဒ်ကို ယူထုတ်လိုက်တယ်။ အပေါ်မှာ ယောက်ျားမျက်နှာပုံတစ်ပုံရှိတယ်။ သူ့မှာ လခြမ်းသဏ္ဍာန် မျက်မှန်တပ်ထားတယ်။ နှာခေါင်းက ရှည်ပြီးစောင်းနေတယ်။ ဖားလျားချထားတဲ့ ငွေရောင်ဆံပင်နဲ့ ထူထဲတဲ့ မုတ်ဆိတ်မွေးလဲရှိတယ်။ ပုံအောက်မှာ နာမည်တစ်ခု ပုံနှိပ်ထားတယ် — အောဘတ်စ်-ဒမ်ဘလီဒိုး။

"ဒါ ဒမ်ဘလီဒိုးလား" ဟယ်ရီက ပြောတယ်။

"ခင်ဗျား ဘယ်တုန်းကမှ ဒမ်ဘလီဒိုးကို မမြင်ဖူးဘူးလို့ မပြောနဲ့နော်" ရွန်က ပြောတယ်။ "ကျွန်တော် ချော့ကလက်ဖား တစ်ခုယူလို့ ရမလား။ အဂရိပ္ပါ ရချင်ရမှာ။ ကျေးဇူးပဲ" ဟယ်ရီက ကဒ်ကိုလှန်ပြီး ကျောဘက်ကစာကို ဖတ်တယ်။

> အောဘတ်စ်-ဒမ်ဘလီဒိုး၊ လက်ရှိ ဟော့ဂ်ဝပ်ကျောင်းအုပ်။
> အများက မျက်မှောက်ခေတ် အကြီးမြတ်ဆုံးမှော်ဆရာလို့ အသိအမှတ်ပြုတယ်။
> ပါမောက္ခ ဒမ်ဘလီဒိုးရဲ့ လူသိအများဆုံးအောင်မြင်မှုမှာ — ၁၉၄၅ ခုနှစ်မှာ မှော်နက်ဆရာ ဂရင်းဒဲဝါကို အနိုင်ရခြင်း၊ နဂါးသွေးရဲ့ အသုံးဝင်ပုံ ၁၂ မျိုးကို တွေ့ရှိခြင်း၊
> ၎င်းနဲ့ ၎င်းရဲ့တွဲဘက် နီခို-ရမေတို့ဟာ ဇိုပညာဘက်မှာ ထူးချွန်စွာ အောင်မြင်ခြင်း တို့ ပါဝင်တယ်။
> ပါမောက္ခ ဒမ်ဘလီဒိုးရဲ့ ဝါသနာကတော့ အခန်းတွင်း ဂျော်ရှင်မှုနဲ့ တိုင်ဆယ်တိုင် ကစားနည်းပဲ။

ဟယ်ရီက ကဒ်ကို ရှေ့ဘက် ပြန်လှန်တယ်။ ဒမ်ဘလီဒိုးရဲ့ မျက်နှာ ကွယ်ပျောက်သွားတာကို အံ့ဩစွာတွေ့ရှိရတယ်။

"သူမရှိတော့ဘူး"

"အင်း-သူ့ကို တစ်နေ့လုံး အဲဒီမှာနေဖို့ မျှော်လင့်လို့ ဘယ်ရမလဲ" ရွန်က ပြောတယ်။ "သူပြန်လာလိမ့်ဦးမယ်။ မဟုတ်ဖူးထင်တယ်။ ကျွန်တော် မိုဂျာနာ တစ်ရွက်ရပြန်ပြီ။ ဒါကျွန်တော် ခြောက်ရွက်တောင်ရှိတယ်. . . . ခင်ဗျား ယူမလား၊ အခုကစပြီး ကဒ်စုလို့ရပြီ"



ရွန်ရဲ့ အကြည့်ဟာ မဖွင့်ရသေးတဲ့ ချော့ကလက်ချောင်းတွေဆီ ရောက်သွားတယ်။

"ကိုယ့်ဖာသာယူပါ" ဟယ်ရီက ပြောတယ်။ "ဒါပေမဲ့၊ အော၊ 'မတ်ဂဲလ်' ကမ္ဘာမှာ ဓာတ်ပုံထဲက လူတွေဟာ အဲဒီမှာပဲ မလှုပ်မရှက်နေတယ်"

"တကယ်လား၊ ခင်ဗျားပြောတာက သူတို့လုံးဝ မလှုပ်ဖူးဟုတ်လား" ရွန်ရဲ့ လေသံမှာ အလွန်အံ့ဩပုံပေါ်နေတယ် "တစ်မျိုးကြီးပဲ"

ဒမ်ဘလီဒိုး ဓာတ်ပုံပေါ်ပြန်ရောက်လာတာ ဟယ်ရီမြင်ရတယ်။ သူ့ကိုလဲ ပြုံးပြတယ်။ ရွန်ချော့ကလက်ဖား စားဖို့ စိတ်ဝင်စားမှုဟာ ကဒ်စုဆောင်းတာထက် အများကြီးပိုတယ်။ ဟယ်ရီကတော့ ဒါနဲ့ ဆန့်ကျင်စွာပဲ၊ သူ့အကြည့်ဟာ နာမည်ကြီး မှော်ဆရာမနဲ့ မှော်ဆရာတွေဆီက မခွာနိုင်ဘူး။ သိပ်မကြာဘူး။ သူမှာလရွှေချယ်ထားတဲ့ ဒမ်ဘလီဒိုးနဲ့ မိုဂျာနာအပြင် ဟန်ဂျစ်၊ အဘိုရွှေ၊ ဆက်စ်၊ ရောရှာနဲ့ မေလင်းတို့ ထပ်ရလာတယ်။ နောက်ဆုံးမှာ နှာခေါင်းကုပ်နေတဲ့ မှော်ဆရာမ ခလီအော်နာကို မကြည့်တော့ပဲ ဘီဘီရသာစုံ ပဲတစ်ထုပ်ကို ဖောက်လိုက်တယ်။

"ဒါကို စားရင်သတိနဲ့စား" ရွန်က ဟယ်ရီကို သတိပေးတယ်။ "ရသာစုံလို့ ပြောတာဟာ တကယ်ပဲ အရသာအားလုံးပါတယ်-ဘာလဲဆိုတော့၊ အုန်းသီးတို့၊ ပရုပ်တို့၊ ယိုတို့လို ရိုးရိုးအရသာလဲ စားရနိုင်တယ်။ စပင်းနစ်တို့၊ ကလီဇာတို့၊ အမဲဝမ်းတွင်းသားတို့လို အရသာလဲရှိတယ်။ တစ်ကြိမ်က သူနှပ်ချေးအရသာပဲစေ့တောင် စားဘူးတယ်လို့ ဂျော့ကပြောတယ်" ရွန်က အစိမ်းရောင်ပဲတစ်စေ့ကို ကောက်ယူပြီး သေချာစစ်ဆေးလိုက်ပြီးမှ သတိနဲ့ အသာလေးကိုက်လိုက်တယ်။

"အွတ် — သိပြီလား၊ ပဲရွက်"

အဲဒီ ပဲထုပ်ကို စားလိုက်၊ ကစားလိုက်နဲ့ အချိန်တွေတော်တော် ကုန်သွားတယ်။ ဟယ်ရီစားမိတဲ့ အရသာတွေကတော့ ပေါင်မုန့်ကင်၊ အုန်းသီး၊ ပဲလှော်၊ စတော်ဘယ်ရီ၊ မဆလာ မြက်စိမ်း၊ ကော်ဖီနဲ့ ငါးသေတ္တာငါး အရသာတွေ ဖြစ်တယ်။ ရွန် ဘယ်လိုမှမစားတဲ့ အရောင်မှွဲမှွဲ ပဲစေ့ကိုတောင် အရဲစွန့်ပြီး မြည်းကြည့်သေးတယ်။ အဲဒါ ငရုတ်ကောင်း အရသာဖြစ်နေတယ်။

ပြတင်းအပြင်က အလျင်အမြန် နောက်ဆုတ်ကျန်ရစ်တဲ့ ကျေးရွာရှုခင်းဟာ တဖြည်းဖြည်း လူမရှိတဲ့ တောတောင်တွေ ဖြစ်လာတယ်။ ညိုညာ

www.burmeseclassic.com

www.burmeseclassic.com



သစ်ရှင်တဲ့ သယ်ကျက်တွေ အရိပ်တောင် မမြင်ရတော့ဘူး။ အစု အုပ်ဆိုင်းတဲ့ တော ကျေ့ကောက်တဲ့ ချောင်းမြောင်းနဲ့ အစိမ်းရောင်တောင်ကုန်းတွေပဲ မြင်ရတော့တယ်။

တဲ့အခန်းအပြင်ဘက်က ထံခါးခေါက်သံပေါ်လာတယ်။ ဟယ်ရီ ကိုးလေးပိုင်းသုံးပိုင်း ကြောတုန်းက တွေ့ဘူးတဲ့ မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်လေး ဝင်လာတယ်။ သူ မျက်ရည်လည်နေတာ တွေ့ရတယ်။

"အားနာပါတယ်" သူက ပြောတယ်။ "ခင်ဗျားတို့ ဖားပြုပ်တစ်ကောင် တွေ့ပါသလား"

သူတို့နှစ်ယောက် ခေါင်းခါပြနိုင်သေးတယ်။ သူက အော်ငိုပြောတယ်။ ကျွန်တော့်ဖား ပျောက်ပြန်ပြီ။ သူက ထွက်ထွက်ပြောတယ်။

"တွေ့ရင်" ကောင်လေးက သနားစရာ အမူအရာနဲ့ ပြောတယ်။ "ကောင်းပြီ ခင်ဗျားတို့ သူ့ကို တွေ့ရင် . . . . . "

သူလှည့်ထွက်သွားတယ်။

"ဘာဖြစ်လို့ ဒီလောက်တောင် ဝမ်းနည်းနေတာလဲ မသိဘူး" ရွန်က ပြောတယ်။ ကျွန်တော်သာ ဖားပြုပ်တစ်ကောင်ပယ်မိရင်၊ ၎င်းကို မြန်မြန် ပျောက်အောင် မောင်းပစ်မှာ။ ကျွန်တော်ကျတော့လဲ အစက်အပြောက်လေး ပဲရှိတာ။ ဒီ့ကို ပြောဖို့ ဘာအကြောင်းမှ မရှိဘူး။

"သူသေမှား သေသွားပလားမသိဘူး၊ ဘာကွာခြားတယ်ဆိုတာမှ မသိရဘူး" ရွန်က စနစ်သက်တဲ့ပုံနဲ့ ပြောတယ်။ "ကျွန်တော် မနေ့က သူ့ကို အဝါရောင်ဖြစ်အောင် ပြောင်းကြည့်တယ်။ နဲနဲပိုစိတ်ဝင်စားစရာ ဖြစ်အောင် ပေါ့။ ဒါပေမယ့်၊ ဂါထာက အစွမ်းမပြဘူး။ ကျွန်တော် အခုလုပ်ပြမယ်။ ကြည့်ထားတော့. . . . . "

သူက သူ့သားရေသေတ္တာကြီးထဲ လက်နှိုက်စမ်းတယ်။ အလွန်စုတ် နေတဲ့ မှော်ကြိမ်လုံးတစ်လုံး ဆွဲထုတ်လိုက်တယ်။ ကြိမ်လုံးပေါ်မှာက ချိုင့်ကျေ တပုံတွေချည်းပဲ။ အဖျားပိုင်းမှာ အရောင်လက်နေတဲ့ အရာတစ်ခုခုပေါ်နေ သေးတယ်။ "အထဲက ကြံ့တစ်ကို တိရစ္ဆာန်မွေးတောင် ပေါ်လာနေပြီ၊ ရှိပစေ တော့ —"

သူမှော်ကြိမ်လုံးကို မြှောက်မိုးနိုင်သေးတယ်။ တဲ့အခန်းတံခါး အဖွင့်ခံရ ပြန်တယ်။ ဖားပြုပ်ပျောက်တဲ့ ကောင်လေး ဝင်လာတယ်။ ဒီတစ်ခါမှာတော့



ကောင်မလေးတစ်ယောက်ပါ ပါလာတယ်။ သူမဟာ ဟော့ဂ်ဝပ်ဝတ်စုံရှည် အသစ်စက်စက်ကို ဝတ်ထားပြီးပြီ။

"ဖားပြုပ်တစ်ကောင် မြင်မိကြပါသလား။ နီဗီးရဲ့ ဖားပြုပ်ပျောက် သွားလို့" သူမက ပြောတယ်။ သူမမှာ ပြဲတေးလေးချင်တဲ့ ခပ်ကြော့ကြော့အသံ၊ ထူထဲတဲ့ အညိုရောင်ဆံပင်နဲ့ ယုန်ကလေးလို ရှေ့သွားကြီးတွေရှိတယ်။

"သူ့ကိုမတွေ့ဘူးလို့ ပြောပြီးပြီ" ရွန်က ပြောတယ်။ ကောင်မလေးက သူပြောတာကို နားမထောင်ပဲ သူ့လက်ထဲက မှော်ကြိမ်လုံးကို စိုက်ကြည့် နေတယ်။

"အော — ရှင်မှော်ပညာပြနေတယ်ဟုတ်လား။ ဒါဆိုလဲ ကျွန်မတို့ ကြည့်ရအောင်"

သူမ ထိုင်လိုက်တယ်။ ရွန်က နည်းနည်းတွန့်ဆုတ်သလိုပဲ။

"အော — ကောင်းပြီ"

သူက ချောင်းဟန့်ပြီး လည်ချောင်းရှင်းလိုက်တယ်။

"နေရောင်၊ ဂန္ဓမာပန်းပွင့်ငယ်၊ မလိုင်အချို"

သူက မှော်ကြိမ်လုံးကို ယမ်းတယ်။ ဘာမှ ဖြစ်မလာဘူး။ အစက် အပြောက်လေးဟာ မွဲမွဲက မွဲမွဲပဲ။ ပြီးတော့ တခေါခေါအိပ်နေလျှက်ပဲ။

"ဒါ ဂါထာအစစ်ဟုတ်ရဲ့လား" ကောင်မလေးကပြောတယ်။ "အင်း သိပ်အသုံးကျပုံမပေါ်ဘူး။ ဟုတ်တယ်မဟုတ်လား၊ ကျွန်မ အိမ်မှာ လေ့ကျင့်တုန်းက၊ ဂါထာတချို့ စမ်းကြည့်ဘူးတယ်။ အမြဲလို အောင်မြင်တယ်။ ကျွန်မတို့ အိမ်သားတွေအားလုံး မှော်ပညာမတတ်ဘူး။ ဒါကြောင့် ကျွန်မ စာရတော့လန့်သွားတယ်။ ဒါပေမယ့် ဝမ်းလဲအားသာတယ်၊ ပြောချင် တာက၊ သူများပြောပြလို့ ဒီကျောင်းဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး မှော်ပညာအတတ်သင်ကျောင်းဆိုတာသိရတယ်။ ကျွန်မက သင်ခန်းစာ စာအုပ်အားလုံးကို အလွတ်ကျက်ထားပြီးပြီ၊ ဒါကတော့ လုပ်ရမှာပဲ၊ ဒီလို မြင်ဆင်ထားကာမှ တော်ရုံကျမယ်။ ဟုတ်ပြီ ကျွန်မနာမည် ဟာမီးယွန်ဂျား ရှင်တို့ ကကော"

သူမဟာ ဒီစကားတွေကို တစ်ဆက်တည်း ပြောချလိုက်တယ်။

ဟယ်ရီက ရွန်ကိုကြည့်တယ်။ တုန်လှုပ်လို့ ငိုင်နေတဲ့ ရွန့်ကိုမှာ ပေါ်တနေ့ သူလဲ ဖတ်စာအားလုံးကို အလွတ်မရသေးဘူးဆိုတာ သိရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ သက်ပြင်းချနိုင်လိုက်တယ်။

"ကျွန်တော် ရွှန်-ဝယ်စလီပါ" ရွှန်က တိုးတိုးပြောတယ်။

"ဟယ်ရီ-ပေါ်တာ" ဟယ်ရီက ပြောတယ်။

"တကယ်ပဲ ရှင်လား" ဟာမီးကပြောတယ်။ "ဒါပေါ့၊ ရှင့်အကြောင်း ကျွန်မ အကုန်သိတယ်။ ကျွန်မ အပြင်စာအုပ်တစ်ချို့ ဝယ်ပြီး ကိုးကား ဖတ်တယ်။ (မျက်မှောက်ခေတ်မှော်သမိုင်း)၊ (မှော်နက်ပညာထွန်းကားခြင်းနဲ့ ကျဆင်းခြင်း)နဲ့ (နှစ်ဆယ်ရာစုနှစ်ရဲ့ အရေးကြီးတဲ့ မှော်အဖြစ်အပျက်)ထဲမှာ ရှင့်နာမည်ပါတယ်"

"ကျွန်တော့် နာမည်ပါတယ်၊ ဟုတ်လား" ဟယ်ရီမူးဝေသလို ဖြစ်သွားတယ်။

"ဘုရား၊ ဘုရား။ ရှင်မသိဘူးလား။ ကျွန်မသာဆိုရင် ကျွန်မအကြောင်း ရေးတာဆိုလို့ အကုန် ရှာယူထားမှာ" ဟာမီးကပြောတယ်။ "မင်းတို့ နှစ်ယောက် ဘယ်ကျောင်းကို ရောက်မလဲဆိုတာ သိကြလား။ ကျွန်မသေချာ မေးကြည့်ပြီးပြီ။ ကျွန်မ ဂရစ်ဖင်းဒေါကို သွားချင်တယ်။ အခုချိန်မှာ အဲဒါ အကောင်းဆုံးလို့ဆိုတယ်။ ဒမ်ဘာလီဒိုးကိုယ်တိုင် အဲဒီကျောင်းက အောင်တာ တဲ့။ ဒါပေမယ့် ရာဗင်ခလောလဲ မဆိုးဘူးလို့ ပြောရမယ်. . . . ကောင်းပြီ၊ မပြောတော့ဘူး။ ကျွန်မတို့ နီဗီးရဲ့ ဖားပြုပ်သွားရှာဖို့ အရေးကြီးတယ်။ ရှင်တို့နှစ်ယောက် အကျီင်္မြန်မြန်လဲ။ ရောက်တော့မယ်နဲ့ တူတယ်"

သူမဟာ ဖားပြုပ်ပျောက်တဲ့ ကောင်လေးနဲ့အတူ ထွက်သွားတယ်။

"ဘယ်ကျောင်းရောက်ရောက်၊ သူမနဲ့ တစ်နေရာထဲမရောက်ဖို့ မျှော်လင့်တယ်" ရွှန်က ပြောတယ်။ သူက မှော်ကြိမ်လုံးကို သေတ္တာထဲ ပြန်ပစ် ထည့်လိုက်တယ်။ "အသုံးမကျတဲ့ ဂါထာစုတ် — ဂျော့ ငါ့ကိုသင်ပေးတာ၊ သူအစောကြီးကတည်းက ဒါအသုံးမကျဘူးလို့ သိပြီးသားဖြစ်မယ်"

"မင်းအစ်ကိုတွေက ဘယ်ကျောင်းမှာလဲ" ဟယ်ရီက မေးတယ်။

"ဂရစ်ဖင်းဒေါ" ရွှန်က ပြောတယ်။ စိတ်မကောင်းတဲ့ အရိပ်အယောင် ပြန်လည်ဖုံးလွှမ်း လာသလိုပဲ။ "အဖေနဲ့အမေလဲ ဒီကျောင်းနေခဲ့တာ။ ကျွန်တော် တခြားနေရာရောက်ရင် သူတို့က ဘယ်လိုပြောမယ်မသိဘူး။ ရာဗင် ခလောလဲ မဆိုးဘူးထင်တယ်။ ဒါပေမယ့် စလေးသရင်းကိုတော့ မသွား ပရစေနဲ့"



အဲဒါ ဗိုလဒီ — ခွင့်လွှတ်ပါ၊ ကျွန်တော်က 'ဟိုလူ' နေတဲ့ ကျောင်းလား လို့ ပြောတာပါ"

"ဟုတ်တယ်" ရွှန်က ပြောတယ်။ သူက လေထွက်သွားတဲ့ ဖူဖောင်းလို ထိုင်ခုံပေါ် လဲသွားတယ်။ အလွန်စိတ်ပျက်နေတယ်။

"ကြည့်ပါ၊ အစက်အပြောက်လေး နှုတ်ခမ်းမွေးအဖျားက အရောင် ဖျော့သွားသလိုပဲ" ဟယ်ရီက စကားကို တခြားလွှဲပြောရင် ရွှန်စိတ်ညစ်ရတဲ့ ကျောင်းကိစ္စတွေ ခနဘေးဖယ်ထားလိမ့်မယ်လို့ မျှော်လင့်တယ်။ "ဒါဖြင့်ရင်၊ မင်းအစ်ကိုတွေ ကျောင်းအောင်ပြီးနောက်၊ အခု ဘာလုပ်နေလဲ"

"ချာလီက ရိုမေးနီးယားမှာ နဂါးအကြောင်းလေ့လာနေတယ်။ ဘီးက အာဖရိကမှာ ဂရင်းဂေါ့စ်အတွက် အလုပ်လုပ်နေတယ်" ရွှန်က ပြောတယ်။ "ခင်ဗျား ဂရင်းဂေါ့စ်အကြောင်း ကြားပြီးပြီလား။ 'ကြိုဟောဆရာများနေ့စဉ်' မှာ တစ်မျက်နှာကြီးတောင်ထည့်ထားတာ။ ဒါပေမယ့်လဲ မင်းက 'မတ်ဂေါ်' တွေနဲ့နေတယ်ဆိုတော့ ဒီသတင်းစာကိုကြည့်ရမှာ မဟုတ်ဖူး။ အကာအကွယ် အကောင်းဆုံး မြေအောက် ရတနာသိုလှောင်ခန်းကို လုဖို့ကြိုးစားတာ"

ဟယ်ရီက မျက်လုံးကြီးပြူးနေတယ်။

"တကယ်လား၊ ဒါဆို သူတို့ ဘယ်လိုဖြစ်သွားလဲ"

"ဘာမှ မဖြစ်ဖူး၊ ဒါကြောင့် ကြော်ကြားတဲ့ သတင်းဖြစ်တာပေါ့။ သူတို့ကို မဖမ်းမိဘူး။ ကျွန်တော့်အဖေက ပြောတယ်။ ပညာ သိပ်စွမ်းတဲ့ မှော်နက်ဆရာမှသာ ဂရင်းဂေါ့စ်က လိုက်ဖမ်းတာကို လွတ်အောင်ပြေးနိုင် တာတဲ့။ ဒါပေမယ့် ဘာပစ္စည်းမှတော့ ပါမသွားဘူး။ အဲဒါ အံ့သြစရာ အကောင်းဆုံးပဲ။ ဒီလိုကိစ္စတွေ ဖြစ်တဲ့အခါမှာ၊ အားလုံးအလွန်ကြောက် ကြတယ်။ နောက်က ဆရာကြီးက 'ဟိုလူ'ဖြစ်မှာစိုးကြတယ်"

ဟယ်ရီစိတ်ထဲမှာ ဒီသတင်းကိုပဲ တွေးနေတယ်။ အခုတစ်ယောက် ယောက်က 'ဟိုလူ'ကို ပြောတဲ့အခါမှာ၊ ကြက်သီးမွေးညင်းထတဲ့ ခံစားချက် ဖြစ်လာတယ်။ ဒါကတော့ မှော်လောကထဲဝင်လာတဲ့ ပုံမှန်အခြေအနေပဲ ထင် တယ်။ အရင်ကလို ဘာမှစိုးရိမ်မှုမရှိပဲ ဗိုလဒီမွှန်နာမည်ကို ပြောရတာ ခုထက် အများကြီး စိတ်ချမ်းသာတယ်။

"မင်း ဘယ်ခွေဒစ်အသင်းကို အကြိုက်ဆုံးလဲ" ရွှန်ကမေးတယ်။

"အော — ကျွန်တော် တစ်ခုမှမသိဘူး" ဟယ်ရီက အမှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံတယ်။

"ဘာလဲ" ရွှန်က အံ့ဩလွန်းလို့ စကားတောင် မပြောနိုင်ဘူး။ "အိုး၊ နေဦး၊ မင်းနားထောင်။ ဒါကတော့ ကမ္ဘာပေါ်မှာ အကောင်းဆုံးကစားနည်း" သူက ဒီလိုပဲ စကားစလိုက်တယ်၊ ကစားနည်းထဲမှာ ပါဝင်တဲ့ ဘောလုံးလေးမျိုးနဲ့ ကစားသူခုနစ်ယောက် စတဲ့ စည်းကမ်းတွေကို ခရားရေလွှတ် တတွတ်တွတ်ပြောပါတော့တယ်။ သူ့အစ်ကိုတွေနဲ့အတူ ပြိုင်ပွဲကြည့်ခဲ့ရတဲ့ ပြိုင်ပွဲတချို့ကို ပြောပြတယ်။ နိုပြင် သူ့မှာသာ ပိုက်ဆံရှိရင် ဝယ်ချင်တဲ့ မိုးပျံတံမြက်စည်း အမျိုးအစားနံပတ်ကိုပြောတယ်။ ပြောလို့ပျော်ရွှင်နေတုန်းမှာ တံခါးပွင့်လာပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ ဖားပြုပ်ပျောက်တဲ့ ကောင်လေး နီဗီးလ်လဲ မဟုတ်ဖူး။ သူများကိုစွလိုက်ပါတတ်တဲ့ ဟာမီး-ဂရန်ဂျာလဲ မဟုတ်ဖူး။

ကောင်လေးသုံးယောက်ဝင်လာတယ်။ အလယ်က မျက်နှာကို ဟယ်ရီ ချက်ချင်းမှတ်မိတယ်။ သူက မစ္စစ်မော်ကင်း ဝတ်ရုံရှည်ဆိုင်ထဲက ဖြူဖပ်ဖြူယော်ကောင်လေး။ သူက ဟယ်ရီကို သေချာ စူးစမ်းကြည့်နေတယ်။ သူ့အကြည့်ဟာ ဒေါင်ဖြတ်လမ်းမှာတုန်းကထက် အများကြီး စူးစိုက်မှုရှိတယ်။

"အဲဒါ တကယ်ပဲလား" သူကပြောတယ်။ "ရထားတစ်စင်းလုံး ဟယ်ရီ-ပေါ်တာ ဒီအခန်းထဲမှာ ရှိတယ်လို့ ဆူဆူညံညံဆွေးနွေးနေတယ်။ အဲတော့ မင်းပဲပေါ့ ဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီကပြောတယ်၊ ကျန်ကောင်လေးနှစ်ယောက်ကို ကြည့်တယ်။ နှစ်ယောက်စလုံး သန်မာထွားကျိုင်းတယ်။ ရုပ်ရည်က ထိုင်းအအ။ သူတို့ဟာ ဖြူဖပ်ဖြူယော် ကောင်လေးရဲ့ ဘေးနှစ်ဖက်မှာ ရပ်နေတယ်။ ကိုယ်ရံတွေနဲ့ တူနေတယ်။

"အိုး၊ ဒါက ခရပ်၊ ဒါက ဂိုး" ဖြူဖပ်ဖြူယော်ကောင်လေးက ဟယ်ရီသူတို့ကို ကြည့်နေတာတွေ့လို့ ပေါ့ပေါ့ပဲ ပြောလိုက်တယ်။ "ကျွန်တော့်နာမည်က ဒရာကို-မာဖိုင်ပါ"

ရွှန်က အသာလေး ချောင်းဟန့်လိုက်တယ်။ ဒါကလဲ သူ ခိုးရယ်တဲ့ အသံကို ဖုံးကွယ်ဖို့လဲ ဖြစ်နိုင်တယ်၊ မာဖိုင်က သူ့ကိုပြူးကြည့်တယ်။

"ငါ့နာမည် ရယ်စရာကောင်းတယ်ထင်တယ်၊ ဟုတ်လား။ မင်းနာမည်တောင် မေးဖို့လိုမယ် မထင်ဘူး။ ငါ့အဖေက ပြောဖူးတယ်။ ဝယ်စလီ အိမ်ထောင်ကလူတွေမှာ ဆံပင်နီနီတွေ၊ မှည့်ခြောက်တွေနဲ့ မကျွေးနိုင်အောင်



များတဲ့ ကလေးတွေရှိတယ်တဲ့"

သူက လှည့်ပြီး ဟယ်ရီကိုကြည့်တယ်။

"မှော်ဆရာ တချို့ရဲ့ အိမ်ထောင်ဟာ တခြားသူတွေထက် အများကြီး အဆင့်ရှိတာ မင်းမကြာခင် တွေ့လိမ့်မယ်၊ ဟယ်ရီ။ မင်းညံ့တဲ့ကောင်တွေနဲ့ မိတ်ဆွေလုပ်ချင်မှာ မဟုတ်ဖူး။ ဒီကိစ္စမှာ မင်းကို ငါကူညီနိုင်တယ်"

သူကလက်ကမ်းပြီး ဟယ်ရီနဲ့ လက်ဆွဲနှုတ်ဆက်ဖို့ လုပ်တယ်။ ဟယ်ရီက လက်မခံချင်ဘူး။

"ဘယ်သူဟာ တကယ့်ကို ညံ့တဲ့ကောင်လဲဆိုတာ ငါခွဲခြားနိုင်လိမ့်မယ်ထင်တယ်။ ကျေးဇူးပဲ" သူက အေးစက်စက်ပြောတယ်။

ဒရာကို-မာဖိုင်ရဲ့ မျက်နှာနီမလာဘူး၊ ဖြူဖယော်နေတဲ့ ပါးပေါ်မှာ အနီရောင်သွဲ့သွဲ့လေး ပေါ်လာတယ်။

"ငါသာ မင်းဖြစ်လို့ရှိရင်၊ ငါသိပ်ကို သတိရှိမှာ" သူကစကားကို တစ်လုံးချင်း ဖြည်းဖြည်းပြောတယ်။ "မင်းဆက်ဆံရေး ပြေပြစ်အောင်နေ၊ နို့မို့ရင် မင်းမိဘလို လတ်သိမ်းမျိုးနဲ့ ကြုံရလိမ့်မယ်။ သူတို့ဟာလဲ ဘယ်လိုလူမျိုးနဲ့ ဆက်ဆံမှ မိမိအဖို့ အကျိုးရှိမယ်ဆိုတာ မသိကြဘူး။ ဝယ်စလီတို့လို ဟက်ဂရစ်လို အောက်တန်းစားတွေနဲ့ ရောနေရင်၊ မင်းအကျိုးရှိမှာ မဟုတ်ဖူး"

ဟယ်ရီနဲ့ ရွှန်တို့ထရပ်လိုက်တယ်။ ရွှန်ရဲ့ မျက်နှာဟာ ဒေါသကြောင့် သူ့ဆံပင်လို နီရဲနေတယ်။

"မင်းနောက်တစ်ကြိမ် ပြောကြည့်စမ်း" သူကပြောတယ်။

"အိုး၊ မင်းက တို့နဲ့ ချချင်တယ်ဟုတ်လား" မာဖိုင်က အထင်သေးစွာနဲ့ ပြောတယ်။

"မင်းတို့ အခုထွက်သွား" ဟယ်ရီက ပြောတယ်။ သူဟာ ဖော်ပြသလောက် သတ္တိရှိတာတော့ မဟုတ်ဖူး။ အကြောင်းက ခရပ်နဲ့ ဂိုးတို့ ကိုယ်လုံးကိုယ်ပေါက်က သူနဲ့ ရွှန်တို့ထက် အများကြီး ကြီးတယ်။

"ငါတို့က ထွက်ကို မထွက်ချင်တာ။ ဟုတ်တယ် မဟုတ်လား ဘော်ဒါတို့၊ တို့ယူလာတဲ့ စားစရာတွေ ကုန်ပြီ၊ မင်းတို့ဆီမှာက အများကြီး ကျန်သေးတယ်"

ဂိုးက ရွှန်ဘေးရှိ ချော့ကလက်ဖားဆီ လက်လှမ်းတယ်။ ရွှန်က ရှေ့သို့ခုန်လိုက်တယ်၊ ဂိုးကိုတောင် မထိသေးဘူး၊ ဂိုးက နာလို့ ကျိန်းအော်

www.burmeseclassic.com

www.burmeseclassic.com



သံထွက်လာတယ်။

ကြွက်မွဲ အစက်အပြောက်လေးဟာ သူ့လက်ချောင်းပေါ်မှာ တန်းလန်းဖြစ်နေတယ်။ သွားစွယ်ချွန်ချွန်လေးတွေဟာ ဂိုးရဲ့ လက်ဆစ်ထဲ စိုက်နေတယ်။ ဂိုးက စူးစူးရှရှ အော်ရင်း လက်ကို တဘားခါတယ်။ အစက်အပြောက်လေးကို ခါချချင်တယ်။ အစက်အပြောက်လေး မိုးပေါ်ပြုတ်ထွက်ပြီး ပြတင်းပေါက်ပေါ် ဒိုင်းဆိုဝင်ဆောင့်တဲ့အခါမှာ သူတို့သုံးယောက် သုတ်ခြေတင် ထွက်ပြေးတော့တာပဲ။ စားစရာတွေထဲမှာ ကြွက်တွေအများကြီး ရှိလိမ့်ဦးမယ်ထင်လို့လဲ ဖြစ်မယ်။ ခြေသံကြားလို့လဲ ဖြစ်နိုင်တယ်။ ဟာမီးဝင်လာတယ်။

"ဘာဖြစ်ကြတာလဲ" သူမက ပြောတယ်။ သံသယနဲ့ ကြမ်းပေါ်ကျနေတဲ့ အစားအစာတွေနဲ့ အစက်အပြောက်လေး အမြီးကို ဆွဲထားတဲ့ ရွှန်ကို ကြည့်နေတယ်။

"ဆောင့်မိလို့ မူးမေ့သွားတယ်ထင်တယ်" ရွှန်က ဟယ်ရီကိုပြောတယ်။ အစက်အပြောက်လေးကို သေချာစစ်ဆေးတယ်။

"မဟုတ်ဖူး-တကယ့်ကို မယုံနိုင်စရာပဲ-သူအိပ်ပျော်နေပြန်ပြီ"

အစက်အပြောက်လေးဟာ တကယ်ပဲ တခေါခေါအိပ်နေတယ်။

"အရင်က မာဖိုင်နဲ့ တွေ့ဘူးလား"

ဟယ်ရီက သူတို့ ဒေါင့်ဖြတ်လမ်းမှာ တွေ့ကြပုံကိုပြောပြတယ်။

"သူတို့ အိမ်အကြောင်းကြားဘူးတယ်" ရွှန်က စိတ်လေးလေးနဲ့ ပြောတယ်။ "သူတို့ကတော့ 'ဟိုလူ' ပျောက်ကွယ်သွားပြီးနောက်၊ ကျွန်တော်တို့ဆီက် ပထမဆုံးပြန်လာတဲ့ အသုတ်ထဲကတဲ့။ သူတို့ကိုယ်သူတို့ ပြုစားခံရလို့လို့ပြောတယ်၊ ကျွန်တော့် အဖေက မယုံပါဘူး။ မာဖိုင်အဖေဟာ အပြင်ပန်းက အားပေးဖို့ လုံးဝမလိုဘူး။ မိမိဖာသာ အမှောင်အင်အား ဖန်တီးချင်နေတာလို့ အဖေတာ ပြောတယ်" သူက ဟာမီးကို လှည့်ကြည့်တယ်၊ "ဘာများကူညီရမလဲ"

"နင်တို့ မြန်မြန်လုပ်ကြ။ ဝတ်ရုံရှည်လဲကြ။ ခုနက စက်ဗိုလ်ကို သွားမေးပြီးပြီ။ သူက ရောက်တော့မယ်လို့ ပြောတယ်။ နင်တို့ နှစ်ယောက် ရန်မဖြစ်ကြပါဘူးနော်။ ဖြစ်လား ရောက်တောင် မရောက်သေးဘူး၊ ပြဿနာဖြစ်ပြီ"

"အစက်အပြောက်လေး ရန်ဖြစ်တာ။ တို့ဘာမှ မလုပ်ဖူး" ရွှန်က



ပြောတယ်၊ မကြိုက်တဲ့ ပုံနဲ့ သူမကို ကြည့်နေတယ်။ "တို့ အဝတ်လဲတဲ့အခါမှာ ကျေးဇူးပြုပြီး ခနဖယ်ပေးနိုင်မလား"

"ကောင်းပြီ — ငါဒီကိုလာတာ အပြင်ကလူတွေ သိပ်ကိုကလေးဆန်ပြီး စင်္ကြံပေါ်မှာ ရှူးကြောင်ကြောင် သွားလာနေကြလို့" ဟာမီးက အလကားပါဆိုတဲ့ လေသံနဲ့ ပြောတယ်။ "ဟုတ်ပြီ၊ နှင့် နှာခေါင်းပေါ်မှာ အမည်းစက်တစ်စက်ရှိတယ်၊ မသိဘူးလား"

သူမ လှည့်ထွက်သွားတယ်။ ရွှန်က စိတ်ဆိုးဆိုးနဲ့ သူမကို ကြည့်တယ်။ ဟယ်ရီက မျက်စိမှေးပြီး ပြတင်းအပြင်ဘက်ကို ကြည့်နေတယ်။ မိုးလဲချုပ်လာပြီ။ ခရမ်းရင့်ရောင် မိုးကောင်းကင်အောက်မှာ ကောက်ကြောင်းနဲ့တူတဲ့ တောတန်းတောင်တန်းတွေကို သူမြင်ရတယ်။ မီးရထားလဲ အရှိန်နှေးလာသလိုပဲ။

သူနဲ့ ရွှန် ဂျက်ကင်ကိုချွတ်လိုက်ပြီး အနက်ရောင်ဝတ်ရုံရှည် ဝတ်လိုက်တယ်။ ရွှန်ရဲ့ ဝတ်ရုံရှည်က နည်းနည်းတိုနေတယ်။ အတွင်းခံဘောင်းဘီပေါ်နေတယ်။

ရထားပေါ်ကနေ လိုက်သံနဲ့ အသံတစ်ခုပေါ်လာတယ်။ "ဟော့ဂ်ဝပ်ရောက်ဖို့ ငါးမိနစ်သာ လိုတော့တယ်။ အထုပ်အပိုးတွေကို ရထားပေါ်မှာ ထားခဲ့ပါ။ ကျွန်ုပ်တို့က ကျောင်းရောက်အောင် ပို့ပေးပါမယ်"

ဟယ်ရီမှာ စိတ်လှုပ်ရှားလွန်းလို့ အစာအိမ်နာလာတယ်။ ရွှန်ရဲ့ မှည့်ခြောက်တွေနဲ့ မျက်နှာလဲ စတင်ဖြူဖပ်ဖြူယော်ဖြစ်လာတာ သူတွေ့တယ်၊ သူတို့ဟာ ကျန်တဲ့ အစားအစာတွေကို အိတ်ထဲ ထည့်လိုက်တယ်၊ ဒီနောက် စင်္ကြံပေါ်က ကြပ်ညပ်နေတဲ့ လူအုပ်ထဲဝင်လိုက်တယ်။

ရထားရှိန်လျော့လာပြီ။ နောက်ဆုံးရပ်သွားတယ်။ အားလုံးတွန်းတွန်းထိုးထိုးနဲ့ ရထားတံခါးဆီသွားကြတယ်။ သေးလဲသေး၊ မှောင်လဲမှောင်တဲ့ စင်္ကြံပေါ်ဆင်းခဲ့ကြတယ်။ ညအချိန် အအေးဒဏ်ကြောင့် ဟယ်ရီချမ်းတုန်သွားတယ်။ ဒီအချိန်မှာ ကျောင်းသားတွေရဲ့ ခေါင်းအပေါ်ဘက်မှာ လှုပ်ရှားနေတဲ့ မီးရောင်ပေါ်ထွက်လာတယ်၊ ကျက်မိနေတဲ့ အသံတစ်သံအော်ပြောနေတာ ဟယ်ရီကြားရတယ်။ "ပထမနှစ် ကျောင်းသားသစ်၊ ပထမနှစ်ကျောင်းသားသစ်တွေ ဒီဘက်လာပါ။ ဘယ့်နှယ်လဲ၊ ဟယ်ရီ"

ဟက်ဂရစ်ရဲ့ အမွေးထူထူ မျက်နှာကြီးဟာ လူအုပ်ကြီးအပေါ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတဲ့အပြုံးတွေ ပေါ်နေတယ်။

"ကောင်းပြီ၊ ကျုပ်နောက်လိုက်ခဲ့ကြ။ ပထမနှစ်ကျောင်းသားသစ်ကျန်သေးလား။ အခု အောက်ကြည့်သွားကြ။ ပထမနှစ် ကျောင်းသားသစ်ကျုပ်နောက်လိုက်ခဲ့ကြ"

ဟက်ဂရစ်ခေါ်ဆောင်တဲ့ နောက်သို့ ဂယိမ်းဂယိုင်နဲ့ မတ်စောက်ပြီးကျဉ်းမြောင်းတဲ့ တောင် ဆင်းလမ်းကို လျှောက်ခဲ့ကြတယ်။ ပတ်ဝန်းကျင်ကသိပ်မှောင်လို့ ဟယ်ရီစိတ်ထဲ လမ်းဘေးနှစ်ဖက်မှာ ထူထဲတဲ့ တောအုပ်ဖြစ်မယ်လို့ထင်တယ်။ ဘယ်သူမှ စကားမပြောဘူး။ ဖားပြုပ်ပျောက်ပျောက်နေတဲ့ကောင်းလေးနီဗီး နှာခေါင်းလေးစုတ်တာ တစ်ကြိမ်နှစ်ကြိမ်ကြားရတယ်။

"မကြာခင် ဟော့ဂ်ဝပ်ကို တွေ့ရတော့မှာ" ဟက်ဂရစ်က လှည့်အော်ပြောတယ်။ "ဒီကွေ့ ကို ချိုးလိုက်ရင်ရောက်ပြီ"

ဒီနောက် မိုးထိဟိန်းသွားတဲ့ အသံ "ဝိုး — "

ကျဉ်းမြောင်းတဲ့လမ်း ရုတ်တရက်ကျယ်ပြန့်သွားပြီး ကျယ်ပြောတဲ့အနက်ရောင်ရေကန်ထိ ပေါက်သွားတယ်။ ကန်ရဲ့တစ်ဖက်ကမ်းက တောင်မြင့်ကြီးထိပ်မှာ အိမ်ချွန်တွေ အုပ်စုလိုက်ရှိတဲ့ ဧရာမရဲတိုက်ကြီး တည်ရှိနေတယ်။ လင်းနေတဲ့ ပြတင်းပေါက်များစွာဟာ ကြယ်တွေနဲ့ မိုးကောင်းကင်အောက်မှာလင်းလက်နေတယ်။

"လှေတစ်စီးမှာ လေးယောက်ပဲစီးနိုင်တယ်"

ဟက်ဂရစ်က ကန်ဘေးမှာရပ်ထားတဲ့ လှေတန်းကိုညွှန်ပြတယ်။ ဟယ်ရီနဲ့ ရွန် လှေပေါ်တက်လိုက်တယ်။ ဒီနောက်၊ ဟာမီးနဲ့ နီဗီးလဲတက်လာတယ်။

"အားလုံး လှေပေါ်တက်ပြီးပြီလား" ဟက်ဂရစ်က အော်တယ်။ သူကတစ်ယောက်ထဲ တစ်စီးစီးတယ်။ "ဒါဆို — ချီတက်ကြ"

လှေတန်းတစ်ခုလုံးဟာ ဒီလိုပဲ အတူတကွရှေ့ကို လှုပ်ရှားသွားတယ်။ မှန်လိုညီညာတဲ့ ကန်ရေပြင်ကို အလျင်အမြန်ဖြတ်ကျော်သွားတယ်။ အားလုံးအလွန်ငြိမ်သက်တယ်။ အဝေးဆီက ဧရာမ ရဲတိုက်ကြီးကို တိတ်တိတ်ကလေးကြည့်နေကြတယ်။ ရဲတိုက်ရှိတဲ့ တောင်ကမ္ဘားကို ရောက်ခါနီးတော့ ရဲတိုက်ရဲ့မြင့်မားတဲ့ အဆောက်အဦဟာ သူတို့ခေါင်းပေါ်မှာရပ်နေပြီး အထက်ကနေငုံ့ကြည့် နေသလိုပဲ။



"ခေါင်းငုံ့" ပထမဆုံးအသုတ် လှေကမ်းဘားဘေးရောက်တဲ့အခါမှာ ဟက်ဂရစ်က အကျယ်ကြီးအော်တယ်။ အားလုံးခေါင်းငုံ့ပြီး လှေနဲ့အတူကမ္ဘားပေါ်ပေါက်နေတဲ့ နွယ်စိမ်းပင်တွေကို ဖြတ်ခဲ့ကြတယ်။ လျှို့လျှို့ဝှက်ဝှက်ရှိတဲ့ ကျယ်ပြောတဲ့ အဝင်ဝကို ရောက်သွားတယ်။ သူတို့ဟာ မဲမှောင်နေတဲ့ လိုဏ်ခေါင်းအတိုင်း ရှေ့ကို လျှောဝင်သွားတယ်။ ရဲတိုက်ကြီးရဲ့မြေအောက်ကို တစ်လှမ်းချင်းခေါ်သွားသလိုပဲ။ နောက်ဆုံး မြေအောက်ဆိပ်ကမ်းတစ်ခုကို ရောက်သွားပြီး ကျောက်တုံးနဲ့ ကျောက်တုံးအစိုင်းတွေပြည့်နေတဲ့ မြေကြီးပေါ် တက်ခဲ့ကြတယ်။

"ဟေး၊ မင်းပဲ၊ ဒါမင်းဖားပြုပ်ဟုတ်လား" ဟက်ဂရစ်က ပြောတယ်။ သူက လှေအလွတ်တွေကို တစ်စီးချင်း စစ်ဆေးနေတယ်။

"လေမှုတ်ကလေး" နာဗီးက လက်နှစ်ဖက်ဆန့်ပြီး ဝမ်းသာလို့အော်တယ်။ လူတအုပ်လုံး ဟက်ဂရစ်ရဲ့ မီးရောင်နောက်လိုက်ပြီး ကျောက်ဆောင်ကြီးထဲရှိ လိုဏ်ခေါင်းတစ်ခုထဲ ဝင်ကြတယ်။ လိုဏ်ခေါင်းက ထွက်မိတော့ ရဲတိုက်ကြီးရှေ့ အရိပ်အောက်က ပျော့အိအိမြက်ခင်းပေါ်ကို ခြေနင်းခဲ့ရပြီ။

အားလုံး ကျောက်လှေခါးထစ်ကို တက်ပြီး ကြီးမားတဲ့ ဝက်သစ်ချတံခါးကြီးရှေ့မှာ စုရပ်နေကြတယ်။

"အားလုံး စုံပြီလား။ မင်းနော်၊ မင်းဖားပြုပ်ရှိသေးလား"

ဟက်ဂရစ်က လက်သီးကြီးမြှောက်ပြီး၊ ရဲတိုက်ကြီးရဲ့ တံခါးကို သုံးချက်ခေါက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၇။ အမျိုးအစားခွဲတဲ့ ဦးထုပ်

တံခါးကြီး ချက်ချင်းပွင့်သွားတယ်။ အရပ်ရှည်ရှည်၊ အစိမ်းတောက်တောက် ဝတ်ရုံရှည် ဝတ်ထားတဲ့ ဆံပင်နက်နက်နဲ့ မှော်ဆရာမတစ်ယောက် တံခါးရှေ့မှာရပ်နေတယ်။ သူမမှာ အလွန်တည်တဲ့ မျက်နှာထားရှိတယ်။ ဟယ်ရီက သူမပေါ် ပထမဆုံး ခံစားချက်ကတော့ ပြောလို့ဆိုလို့ ကောင်းမဲ့ဟာမျိုးတော့ မဟုတ်ဖူး။

"ဒါပထမနှစ် ကျောင်းသားသစ်တွေ၊ ပါမောက္ခ မက်ဂေါ်နာဂေါ်"

"ကျေးဇူးတင်တယ်၊ ဟက်ဂရစ်။ ဒီကစပြီး သူတို့ကို ကျွန်မလက်အပ်ခဲ့တော့"

သူမက တံခါးမကြီးကို တွန်းဖွင့်တယ်။ ဝင်ပေါက်က ခန်းမကြီးဟာ ဒါစလီတို့ အိမ်တစ်အိမ်လုံးတောင် ထည့်နိုင်လောက်အောင် ကျယ်တယ်။ ဘေးပတ်လည်က ကျောက်နံရံတွေဟာ ဂရင်းဂေါ့စ်ကနဲ့ အတူတူပဲ။ လင်းလက်တဲ့ မီးတုတ်ကြီးတွေ ချိတ်ဆွဲထားတယ်။ မျက်နှာကြက်ဟာလဲ မြင့်လွန်းလို့ မမြင်ရသလောက်ပဲ။ သူတို့ ရှေ့တည့်တည့်မှာက အပေါ်ထပ်ကို တက်ဖို့



ခမ်းနားလှပတဲ့ စကျင်ကျောက်လှေခါးကြီး။

အားလုံး ပါမောက္ခ မက်ဂေါ်နာဂေါနောက်လိုက်ပြီး ကျောက်ပြားခင်းထားတဲ့ ကြမ်းပြင်ကို ဖြတ်ခဲ့တယ်။ ညာဘက်ရှိ တံခါးရွက် နောက်ထဲကနေ လူရာအချို့ လိုက်လိုက်လှဲလှဲ ပြောဆိုနေတဲ့ တအုန်းအုန်းသံကို ဟယ်ရီကြားရတယ်။ ကျောင်းက တခြားကျောင်းသားတွေ အဲဒီမှာ စောင့်နေနှင့်ပြီထင်တယ်။ ဒါပေမယ့် ပါမောက္ခ မက်ဂေါ်နာဂေါက မပထမနှစ်ကျောင်းသားတွေကို ထမင်းစားခန်းအပြင်ဘက်က အခန်းလေးတစ်ခန်းထဲ ခေါ်သွားတယ်။ အားလုံးတိုးဝင်သွားတယ်။ ပုခုံးချင်းထိပြီး ရပ်နေတယ်။ ဘေးပတ်ဝန်းကျင်ကို စိတ်လှုပ်ရှားစွာ စူးစမ်းကြည့်နေကြတယ်။

"ဟော့ဂ်ဝပ်ကို ရောက်လာတာကြိုဆိုပါတယ်" ပါမောက္ခ မက်ဂေါ်နာဂေါကပြောတယ်။ "ကျောင်းဖွင့်ပွဲ ညစာခံပွဲချက်ချင်းပဲ စတော့မယ်။ ဒါပေမယ့် မင်းတို့ ထမင်းစားခန်းကြီးထဲ မဝင်ခင် အရင်ဆုံး အမျိုးအစားခွဲရမယ်။ မိမိတို့ကျတဲ့ ဟောက်စ်ကျောင်းကို ဝင်ရမယ်။ အမျိုးအစား ခွဲခြင်းဟာ အလွန်အရေးကြီးတဲ့ အခမ်းအနားဖြစ်တယ်။ အကြောင်းက၊ ကျောင်းမှာတက် နေစဉ် မင်းတို့ကျောင်းဟာ မင်းတို့ရဲ့ ဟော့ဂ်ဝပ်မှာရှိတဲ့ အိမ်လိုပဲ။ မင်းတို့ဟာ ဟောက်စ်ကျောင်းမှာရှိတဲ့ တခြားကျောင်းသားတွေနဲ့အတူ ကျောင်းတက်ရမယ်၊ ဘော်ဒါဆောင်မှာ အိပ်ရမယ်၊ ကျောင်းရဲ့ မိတ်ဆုံခန်းမှာ အားလပ်ချိန်တွေ ကုန်ဆုံးရမယ်။

"ဒီဟောက်စ်ကျောင်း လေးကျောင်းကတော့၊ ဂရစ်ဖင်ဒေါ၊ ဟာ့ဖ်ဖတ်၊ ရာဗင်ခလော၊ စလေးသရင်းတို့ဖြစ်တယ်။ ကျောင်းတိုင်းဟာ ထွန်းပြောင်တဲ့ သမိုင်းရှိကြတယ်။ ကျောင်းတိုင်းဟာ ထူးချွန်တဲ့ မှော်ဆရာမတွေ၊ မှော်ဆရာတွေ မွေးထုတ်ခဲ့တယ်။ ဟော့ဂ်ဝပ်မှာ သင်ကြားတဲ့ ကာလအတွင်း၊ မင်းတို့ ဖော်ပြတဲ့ ထူးချွန်မှုတိုင်းဟာ မင်းတို့ရဲ့ ကျောင်းအတွက် အမှတ်ပိုရလိမ့်မယ်။ ဒါပေမဲ့ စည်းကမ်းချိုးဖောက်မှုတိုင်းဟာလဲ မင်းတို့ကျောင်းကို အမှတ်လျှော့ခံရလိမ့်မယ်။ နှစ်ကုန်တဲ့အခါမှာ အမှတ်အများဆုံးရတဲ့ ဟောက်စ်ကျောင်းဟာ ဒိုင်းဆုရလိမ့်မယ်။ ဒါကတော့ အလွန်မြင့်မြတ်တဲ့ ဂုဏ်ပြုခြင်းပဲ။ ဒီမှာ ရောက်နေတဲ့ လူတိုင်းဟာ၊ ဘယ်ကျောင်းကိုပဲ နေရာချထားတာ ခံရခံရ၊ မိမိကျောင်းအတွက် ဂုဏ်ရှိအောင် လုပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

"ခနနေရင် အမျိုးအစားခွဲခြားတဲ့ အခမ်းအနားကို တစ်ကျောင်းလုံးက

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ကျောင်းသားအားလုံး ရှေ့မှာကျင်းပမယ်။ ဒီနောက်ဆုံး ကျန်ရှိတဲ့ အချိန်နည်းနည်းကို အသုံးပြုပြီး မိမိကိုယ်မိမိ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ဖို့အကြံပေးပါတယ်။

"မင်းတို့ကို ကြိုဆိုဖို့ပြင်ဆင်ပြီးတဲ့အခါမှာ ပြန်လာခဲ့ပါမယ်" ပါမောက္ခ မက်ဂေါ်နာဂေါကပြောတယ်။ "စောင့်နေတဲ့ အချိန်မှာ ငြိမ်ငြိမ်သက်သက် နေကြပါ"

သူမက အခန်းထဲကထွက်သွားတယ်။ ဟယ်ရီက တံတွေးမျိုချလိုက်တယ်။

"သူတို့က ဘယ်နည်းနဲ့တို့ကို သက်ဆိုင်ရာကျောင်း ခွဲဝေတာလဲ" သူက ရွန်ကိုမေးတယ်။

"စစ်ဆေးမှုတစ်ခုခုရှိမယ်ထင်တယ်၊ အဲဒါ အလွန်နာတယ်လို့ ဖရက်က ပြောတယ်။ ကျွန်တော်ထင်တာတော့ နောက်တာနဲ့တူတယ်"

ဟယ်ရီရဲ့ စိတ်ထဲမှာ တုန်ခါသွားတယ်။ စစ်ဆေးမှု တစ်မျိုးဆိုတာ ဘာလဲ၊ တစ်ကျောင်းလုံးက ကျောင်းသားတွေ ရှေ့မှာတဲ့လား။ သူ့မှာ မှော်ပညာဆိုလို့ နည်းနည်းမှ မတတ်ဖူးလေ-သူ့ကို ဘာများလုပ်ခိုင်းမလဲ မသိဘူး။ သူတို့ ဒီရောက်စဉ်က၊ ဒီလိုကိစ္စမျိုးနဲ့ ရင်ဆိုင်ရမယ်လို့ မတွေးမိခဲ့ဘူး။ သူဟာ စိတ်လှုပ်ရှားလွန်းလို့ ဟိုဟိုဒီဒီကြည့်တယ်၊ ကျန်သူအားလုံးဟာလဲ သူ့လိုပဲ တအား ကြောက်နေကြတာ တွေ့ရတယ်။ ဘယ်သူမှ စကားမပြောဘူး။ ဟာမီးတစ်ယောက်ပဲ သူမ သင်ထားဘူးတဲ့ ဂါထာတွေကို တတွတ်တွတ်ရွတ်ဆိုနေတယ်။ ဘယ်ဂါထာများ အသုံးကျမလဲလို့ တွေးနေတယ်။ ဟယ်ရီက သူမဂါထာရွတ်နေတဲ့ အသံကို နားမထောင်မိအောင် နေတယ်။ ဒီဘဝမှာ ဘယ်တုန်းကမှ ခုလို စိတ်မလှုပ်ရှားဖူးဘူး၊ ဟိုတုန်းက သူ့ကို ဆရာ့ဆံပင်စိမ်းအောင် လုပ်ပါတယ်လို့တိုင်တဲ့ တိုင်စာကို ဒါစလီ ဇနီးမောင်နှံဆီ ပေးအပ်စဉ်က ကြောက်ရွံ့တဲ့စိတ်နဲ့ အခုနှိုင်းယှဉ်ရင်တောင် ကလေးနဲ့ လူကြီးလိုဖြစ်နေတယ်။ သူဟာ တံခါးဝကို တအားစိုက်ကြည့်နေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ အချိန်မရွေး ပြန်လာနိုင်တယ်။ သူတို့ကို ရက်စက်တဲ့ ကံကြမ္မာဆီ ခေါ်ဆောင်သွားနိုင်တယ်။

ထူးဆန်းတဲ့ကိစ္စ ဖြစ်ပြီ။ သူဟာ လန့်ပြီးထခုန်လိုက်တယ်။ သူ့နောက်က တချို့ဆို အကျယ်ကြီး စူးရှစွာအော်တယ်။



"အဲဒါ — ဘာလဲ"

သူအံ့သြကြောက်လန့်လွန်းလို့ ထိတ်သွားတယ်။ သူ့ဘေးက လူတွေလဲ အတူတူပဲ။ သူတို့ ကျောဘက်က နံရံပေါ်ကနေ ဝိညာဉ် ၂၀ ခန့်ပေါ် ထွက်လာတယ်။ အနည်းငယ် ဖိုးယိုပေါက်မြင်နိုင်တဲ့ ပုလဲလိုဖြူတဲ့ အရိပ်လုံးတွေဟာ အခန်းထဲမှာ ပျံသန်းသွားလာနေတယ်။ သူတို့အချင်းချင်း လှိုက်လှဲစွာ အပြန်အလှန်စကားပြောနေတယ်။ အဲဒီ ပထမနှစ်ကျောင်းသားသစ်တွေကို ကြည့်တောင် မကြည့်ဖူး၊ သူတို့ဟာ ပြဿနာတစ်ခုခုအတွက် ငြင်းခုံနေသလိုပဲ။ ဘုန်းတော်ကြီးနဲ့တူတဲ့ ဝိညာဉ်က ပြောတယ်။ "ခွင့်လွှတ်ပါ မေ့ပစ်ပါ။ ကျုပ်အဆိုကတော့၊ သူ့ကိုနောက်တစ်ကြိမ် အခွင့်အရေးပေးသင့်တယ် — "

"ချစ်လှစွာသော ဘုန်းတော်၊ ကျုပ်တို့ သရဲဖီးဖိစ်ကိုပေးတဲ့ အခွင့်အရေးနဲ့သေးလို့လား။ သူက တို့အားလုံးကို အရုပ်ဆိုးတဲ့နာမည် ပြောင်ခေါ်ထားတယ်။ ပြီးတော့ ခင်ဗျားလဲ သိသားပဲ၊ သူဟာ ဝိညာဉ်အစစ်လို့ လုံးဝပြောလို့မရဘူး — အမလေး၊ မင်းတို့ ဒီမှာဘာလုပ်နေတာလဲ"

ကိုယ်ကြပ်အကျႌဝတ်ထားပြီး လည်ပင်းပေါ်မှာ ဘီးသဏ္ဌာန် ကော်လာအတွန့်ဝတ်ဆင်ထားတဲ့ ဝိညာဉ်က ရုတ်တရက် ငိုင်ကြည့်နေတဲ့ ကျောင်းသားသစ်တစ်အုပ်ကို သွားတွေ့တယ်။

ဘယ်သူမှ ပြန်မဖြေဘူး။

"ကျောင်းသားသစ်တွေပါ" ဘုန်းတော်ကြီးက ပြောတယ်။ ဝမ်းသာစွာနဲ့ သူတို့ကိုပြုံးပြတယ်။ "အမျိုးအစားခွဲဖို့စောင့်နေတာ၊ ဟုတ်လား"

တချို့က တိတ်တိတ်လေး ခေါင်းညိတ်ပြတယ်။

"မင်းတို့ ဟပ်ဖလ်ပတ် ရောက်ပါစေ" ဘုန်းတော်က ပြောတယ်။ "ကျုပ်အရင်က အဲဒီကျောင်းကပဲ"

"အခု ရှေ့ကိုလျှောက်" စူးရှတဲ့ အသံတစ်သံ။ "အမျိုးအစားခွဲတဲ့ အခမ်းအနား ချက်ချင်း စတော့မယ်"

ပါမောက္ခ မက်ဂေါ်နာဂေါ ဒီကိုပြန်ရောက်လာပြီ။ ဝိညာဉ်တွေဟာ ရှေ့ဘက်က နံရံကို ဖြတ်ဖောက်ထွက်သွားပြီး ပျောက်သွားတယ်။

"အခု အတန်းတစ်တန်းဖြစ်အောင်စီ" ပါမောက္ခ မက်ဂေါ်နာဂေါက ပထမနှစ်ကျောင်းသားတွေကို ပြောတယ်။ "ငါ့နောက်က လိုက်ခဲ့"

ဟယ်ရီမှာ ရုတ်တရက် ထူးဆန်းတဲ့ ခံစားချက်ဖြစ်လာတယ်၊ သူ့ခြေ

www.burmeseclassic.com

www.burmeseclassic.com



ထောက် ခဲပျစ်သွားသလိုပဲ။ သူဟာ ညိုဖျော့ဖျော့ဆံပင်ရှိတဲ့ ကောင်လေး နောက်မှာ ရပ်နေတယ်။ ရွှန်က သူ့ကျောဘက်မှာ ကပ်လိုက်တယ်။ အားလုံး တန်းစီပြီး အခန်းလေးထဲကထွက်၊ ဝင်ပေါက်ခန်းမကြီးထဲ ပြန်ရောက်တယ်။ ရာမတံခါးကြီးတစ်ခုကို ဖြတ်ပြီး ထွန်းလက်နေတဲ့ ထမင်းစားခန်းထဲ ဝင်ခဲ့ တယ်။

ကမ္ဘာပေါ်မှာ ဒီလောက်ထူးဆန်းပြီး ခမ်းနားကြီးကျယ်တဲ့နေရာ ရှိလိမ့်မယ်လို့ ဟယ်ရီ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး။ ဖယောင်းတိုင် ထောင်နဲ့ချီပြီး ထမင်းစားပွဲခုံရှည်လေးခု အပေါ်ဘက်မှာ ထွန်းညှိထားတယ်။ ကျောင်းသားတွေဟာ ထမင်းစာပွဲရှေ့မှာ ဝိုင်းထိုင်နေကြတယ်။ ထမင်းစားပွဲပေါ်မှာ အရောင်လက်နေတဲ့ ရွှေပန်းကန်နဲ့ ခြေတံရှည် ဖန်ခွက်တွေပြည့်နေတာပဲ။ ထမင်းစားခန်းရဲ့ စကားပြောစင်မြင့်ပေါ်မှာ နောက်ထမင်းစား စာပွဲရှည်တစ်လုံး ခင်းထားတယ်၊ အဲဒါက ဆရာတွေရဲ့ နေရာ။ ပါမောက္ခ မက်ဂေါ်နာဂေါက ပထမနှစ်ကျောင်းသားသစ်တွေကို ဦးဆောင်ပြီး စကားပြောစင်မြင့်ပေါ် တက်လာတယ်။ သူတို့ကို တစ်တန်းထဲစီပြီး တခြားကျောင်းသားတွေဘက် လှည့်ရပ်ခိုင်းထားတယ်။ ဆရာတွေကတော့ သူတို့ရဲ့ ကျောဘက်မှာရှိတယ်။ လှုပ်ခါနေတဲ့ ဖယောင်းတိုင်မီးအောက်မှာ သူတို့မျက်နှာကိုကြည့်နေတဲ့ မျက်နှာပေါင်း ရာအချို့ဟာ အဖြူရောင် မီးပုံးတွေနဲ့တူနေတယ်။ ဝိညာဉ်တွေဟာ ကျောင်းသားတွေကြားထဲမှာ ဟိုနှစ်ယောက်၊ ဒီနှစ်ယောက် ညှပ်ထိုင် နေတယ်။ သူတို့ဆီက နှင်းဖွေးဖွေးလို ငွေရောင်ထွက်နေတယ်၊ ဟယ်ရီက လူအများရဲ့ အကြည့်ကို ရှောင်ဖို့အတွက် ခေါင်းကိုမော့ပြီး အပေါ်ဘက်ကို ကြည့်နေတယ်။ ငန်းမွေးနုကဲ့သို့သော မှောင်မိုက်တဲ့ ညကောင်းကင်ပေါ်မှာ ကြယ်လေးတွေလဲ လင်းလက်နေတာကို သွားတွေ့ရတယ်။ ဟာမီး တိုးတိုး ပြောနေတာကို သူကြားရတယ်။ "ဒီမှာ မှော်ပညာသုံးထားတယ်။ ဒါကြောင့် တပြင်က မိုးကောင်းကင်ကို တွေ့ရသလိုပဲ။ ဒါကို (ဟော့ဂ်ဝပ်၊ သမိုင်းတစ်ကဏ္ဍ) ထဲမှာ ဖတ်ရတာ"

အပေါ်မှာ မျက်နှာကြက်တစ်ခုရှိတယ်။ ထမင်းစားခန်းဟာ လေဟာ ပြင် မဟုတ်ဖူးဆိုတာ ဘယ်လိုမှ မယုံနိုင်စရာပဲ၊

ပါမောက္ခ မက်ဂေါ်နာဂေါဟာ ခြေလေးချောင်းထိုင်ခုံတစ်လုံးကို ယူလာပြီး ပထမနှစ်ကျောင်းသားတွေရှေ့မှာ ချလိုက်တယ်။ ဟယ်ရီဟာ မျက်စိ



အောက်ချလိုက်တယ်။ သူမက ထိုင်ခုံပေါ်မှာ မှော်ဆရာ ဦးထုပ်ချွန်ချွန်တစ်လုံး တင်လိုက်တယ်။ အဲဒီဦးထုပ်ပေါ်မှာ အဖာအထေးချည်းပဲ။ အတော့်ကို စုတ်နေပြီး ညစ်လဲအလွန်ညစ်ပတ်တယ်။ အဒေါ်ဖီချူးနီယာဆိုရင် ဒီလိုပစ္စည်း မျိုး သူမအိမ်ထဲ မသွင်းဘူး။

သူတို့ မှော်ပညာအစမ်းပြတဲ့အနေနဲ့ ဦးထုပ်ထဲကနေ ယုန်တစ် ကောင်ထုတ်ပြချင်ပြရမှာ၊ ဟယ်ရီက အတွေးနယ်ချဲ့နေတယ်၊ ဒါမျိုးတွေပဲ ဖြစ်မှာပါ — ထမင်းစားခန်းထဲကလူတွေအားလုံး အဲဒီ ဦးထုပ်ကို ကြည့် နေကြတယ်၊ သူလဲဒီလိုပဲ။ စက္ကန့်အနည်းငယ်အတွင်းမှာ ထမင်းစားခန်း တိတ် ဆိတ်သွားတယ်။ ဒီနောက် အဲဒီဦးထုပ်ဟာ စတင်တုန်လှုပ်လာတယ်။ ဦးထုပ် အနားသားမှာရှိတဲ့ အကွဲတစ်နေရာဟာ ပါးစပ်ကြီးလိုပွင့်လာတယ်။ ဦးထုပ်က အကျယ်ကြီး သီချင်းဆိုလာတယ်။

အိုး၊ မင်းတို့က ကျုပ်ကို သိပ်မလှဘူး ထင်လိမ့်မယ်၊ အပေါ်ရံကြည့်
ပြီး အကုန်လုံး မှတ်ချက်မချပါနဲ့။ ကျုပ်ထက်ဉာဏ်ရှိတဲ့ ဦးထုပ်
ရှာလို့တွေ့ရင် ကျုပ်က ကိုယ့်ကိုကိုယ် မျိုချပစ်မှာ။ မင်းတို့ဟာ
မင်းတို့ရဲ့ မင်္ဂလာဦးထုပ်တိုင်းကို နက်မှောင်အောင်ထားပါစေ၊
ပိုးဦးထုပ်မြင့်မြင့်ကို တောင့်ပြီး လက်နေပါစေ။
ကျုပ်ကတော့ ဟော့ဂ်ဝပ်က အမျိုးအစားခွဲတဲ့ ဦးထုပ်။
ငင်းတို့ထက် ကြောတယ်၊ သာတယ်၊
မင်းတို့ခေါင်းထဲမှာ ဘာတွေတွေးနေသလဲ။
အမျိုးအစားခွဲ ဦးထုပ်ရဲ့ မှော်မျက်စိက လွတ်မှာ မဟုတ်ဖူး။
ဒါကြောင့် ကျုပ်ကိုဆောင်းပါ။ ကျုပ်က မင်းတို့ဘယ်ကျောင်းကို
သွားရမလဲဆိုတာ ပြောပြမယ်။
မင်းဟာ ဂရစ်ဖင်ဒေါ်နဲ့ ဆိုင်လိမ့်မယ်။
အဲဒီမှာ အတွင်းစိတ်ထဲ သိုဝှက်ထားတဲ့ သတ္တိရှိတယ်။
သူတို့ရဲ့ သတ္တိ၊ ရှင်သန်အားနဲ့ မြင်းစီးသူရဲစိတ်ဓာတ်ဟာ ဂရစ်
ဖင်းဒေါ်မှာသာရှိတဲ့ အစွမ်းထက် လက်နက်၊
မင်းဟာ ဟာ့ဖ်ဖတ်နဲ့ ဆိုင်လိမ့်မယ်။
အဲဒီက လူတွေဟာ ဖြောင့်မတ်ပြီး သစ္စာရှိတယ်။
ကိုယ်ခံအားကောင်းတဲ့ ဟာ့ဖ်ဖတ်ကျောင်းသားတွေဟာ ရိုးသားပြီး

www.burmeseclassic.com

www.burmeseclassic.com



အနိုင်မကျင့်ဘူး။
ဘယ်လိုပင်ပန်းဆင်းရဲမှုမျိုးဖြစ်ဖြစ် မကြောက်။
တကယ်လို့ မင်းစိတ်အတွေး ဖျတ်လတ်ရင်၊ ဉာဏ်အမြော်အမြင်ရှိတဲ့
ရာဗင်ခလောကိုသွား။
လျင်ပြီး ပညာကြွယ်တဲ့ လေ့လာချင်သူတွေဟာ၊ အဲဒီမှာ မိမိနဲ့တူတဲ့
သူကိုတွေ့ရှိလိမ့်မယ်။ သို့မဟုတ် မင်းဟာ စလေးသရင်းကို ရောက်
လာလိမ့်မယ်။ ဒီမှာ စိတ်တူသဘောတူ ညီအစ်ကိုများနဲ့ တွေ့လိမ့်
မယ်။ အဲဒီကောက်ကျစ်ပြီး အကြံများတဲ့သူတွေဟာ နည်းမျိုးစုံနဲ့
သူတို့ ရည်ရွယ်ချက်ရောက်အောင် လုပ်လိမ့်မယ်။
ဒါကြောင့်၊ ကျုပ်ကိုဆောင်းပါ။ မကြောက်နဲ့။
စိတ်ထဲမှာ ကြောက်လန့်မနေနဲ့။
ကျုပ်လက်ထဲမှာ (ကျုပ်မှာ လက်တစ်ချောင်းမှ မရှိဘူး)
သင်မှုချလုံခြုံပါတယ်။
ကျုပ်က တွေးခေါ်တတ်တဲ့ ဦးထုပ်ဖြစ်လို့ပဲ။

အမျိုးအစားခွဲဦးထုပ် သီချင်းဆိုပြီးတာနဲ့ ထမင်းစားခန်းထဲမှာ မိုးခြိမ်းသလို လက်ခုပ်သံ ပေါ်ထွက်လာတယ်။ အမျိုးအစားခွဲ ဦးထုပ်က စာပွဲလေးခုကို တစ်ခုချင်းအလေးပြုတယ်။ ဒီနောက် ငြိမ်သက်ပြီး မလှုပ်တော့ဘူး။

"ဒါကြောင့် တို့အဲဒီဦးထုပ်ဆောင်းလိုက်ရင် ပြီးတာပဲ" ရွန်က ဟယ်ရီနားနားကပ်ပြီး ပြောတယ်။ "ငါ့ဖရက်ကို သတ်မယ်၊ ရောမလူကြီးနဲ့ သတ်ရမယ်လို့ သူကပြောထားတာ" ဟယ်ရီက လျော့ရဲရဲပြုံးတယ်။ ဟုတ်တယ်၊ ဦးထုပ်ဆောင်းတာဟာ ပညာပြခိုင်းတာထက် ကောင်းတယ်။ ဒါပေမယ့် ဒီအခမ်းအနားကို လူရှေ့သူရှေ့မပြုလုပ်ရင် ကောင်းမယ်လို့ သူမျှော်လင့်တုန်းပဲ။ အဲဒီဦးထုပ်ရဲ့ စံထားချက်က မြင့်တယ်။ အခုသူဟာ သူ့ကိုယ်သူ ရဲဝံ့တယ်၊ ဉာဏ်လျင်တယ်၊ ဒါမှမဟုတ်ရင် တခြားသာလွန်ချက် တစ်ခုခုရှိတယ်လို့ နည်းနည်းမှ မထင်တော့ဘူး။ အဲဒီဦးထုပ်က လူတွေစိတ်ကို မတည်ငြိမ်အောင် ဖြစ်စေတဲ့လူ တက်ခဲ့တဲ့ ကျောင်းကိုဆိုလာရင်ကော။ သူကတော့ အဲဒီကျောင်းကို ပို့ခံရမှာ သေချာသလောက်ပဲ။

ဒီအချိန်မှာ ပါမောက္ခမက်ဂေါ်နာဂေါက ဆိတ်ရေစက္ကူလိပ် ရှည်ရှည်



ကြီးကို ကိုင်ပြီး ရှေ့ကို ရောက်လာတယ်။

"နာမည်ခေါ်ခံရတဲ့သူက ဦးထုပ်ကို သွားဆောင်းပါ။ ကုလားထိုင်ပေါ်ထိုင်ပြီး ကျောင်းခွဲဝေတာစောင့်ပါ" သူမက ပြောတယ်။ "ဟန်နာ-အေဘော့"

ပါးနှစ်ဖက် ပန်းရောင်သန်းနေတဲ့၊ ရွှေရောင်ဆံပင်ကို ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားတဲ့ ကောင်မလေး ဂယိမ်းဂယိုင်နဲ့ တန်းစီတဲ့နေရာက ထွက်လာပြီး ဦးထုပ်ကို ဆောင်းလိုက်တယ်။ ဦးထုပ်နှုတ်ခမ်းက သူမမျက်စိကို ဖုံးထားတယ်။ ဒီနောက် ထိုင်ပြီး ခနစောင့်နေတယ်။

"ဟပ္ပဖ်ဖတ်" ဦးထုပ်ကအော်တယ်။

ညာဘက် ထမင်းစားပွဲက လက်ခုပ်တွေတီးပြီး အော်ကြတယ်။ ဟန်နာကို ဟပ္ပဖ်ဖတ်စာပွဲသို့ ကြိုဆိုကြတယ်။ ဘရာသာဝဝကြီး ဝိညာဉ်က ဝမ်းသာစွာနဲ့ သူမကို လက်ယမ်းပြနေတာ ဟယ်ရီမြင်ရတယ်။

"စူဆန်-ဘွန်း"

"ဟပ္ပဖ်ဖတ်" ဦးထုပ်က အော်ပြန်တယ်။ စူဆန်က တချိုးထဲ ဟန်နာဘေး ပြေးသွားထိုင်တယ်။

"ထိုင်ရီ-ဘုထ်"

"ရာဗင်ခလော"

ဒီတချီတော့ ဝဲဘက် ဒုတိယထမင်းစားစာပွဲက လှိုက်လှဲစွာ လက်ခုပ်တီးတယ်။ ထိုင်ရီက စာပွဲဘေးကို လျှောက်သွားတယ်။ ရာဗင်ခလောက ကျောင်းသားတချို့ မတ်တတ်ရပ်ပြီး သူ့ကို လက်ဆွဲနှုတ်ဆက်တယ်။

"မန်ဒီ-ဘလော့" ရာဗင်ခလောပဲကျတယ်။ "ဗင်တာ-ဘရောင်း" ကတော့ ဂရစ်ဖင်းဒေါ်ရဲ့ ပထမဆုံး ကျောင်းသားသစ်ဖြစ်သွားတယ်။ ဝဲဘက်အဝေးဆုံး စာပွဲခုံကနေ အော်သံတွေ ထွက်လာတယ်။ ရွန်ရဲ့ အမြွှာညီအစ်ကိုတို့ဟာ နှုတ်ခမ်းစူပြီး တအားလေချွန်နေတာ ဟယ်ရီတွေ့ရတယ်။

ဒီနောက် "မီဆန်-ဖတ်စချ"ဟာ စလေးသရင်းရဲ့ ပထမဆုံး ကျောင်းသားသစ်ဖြစ်သွားတယ်။ ဒါလဲ ဟယ်ရီ့စိတ်ကူးကြောင့် ဖြစ်မယ်။ စလေးသရင်း မကောင်းကြောင်း ကြားဖန်များလို့ထင်တယ်။ သူ့အနေနဲ့ ဒီလူတွေကြည့်ရတာ မနှစ်သက်စရာပဲလို့ ခံစားရတယ်။

အခု သူနေလို့ ထိုင်လို့ မကောင်းသလို ဖြစ်နေတယ်။ သူ့လတန်း

www.burmeseclassic.com



ကုန်းက ဂိကယလေ့ကျင့်တဲ့အချိန်မှာ အုပ်စုခွဲတာကို စောင့်နေသလို ခံစားရတယ်။ သူဟာ အမြဲလို နောက်ဆုံး သူမှားမရွေးလို့ ကျန်နေတဲ့ သူပဲ။ သူ့မှာ ချို့ယွင်းနေလို့ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ ဟယ်ရီကို နှစ်သက်လို့ ရွေးတယ်လို့ ထင်မှာစိုးလို့။

"ဂျတ်စတင်-ဖင့်-ဖလက်ချ်လီ"

"ဟာ့ဖ်ပတ်"

ဟယ်ရီတွေ့ရှိတာကတော့ တစ်ခါတလေ ဦးထုပ်က ကျောင်းနာမည်ကို ချက်ချင်းခေါ်တယ်။ တခါတလေလဲ အချိန်နည်းနည်းကြာမှ ဆုံးဖြတ်နိုင်တယ်။ "ရှီးမတ်စ်" သူကတော့ ဟယ်ရီဘေးမှာရှိတဲ့ ဆံပင် ညိုဖျော့ဖျော့နဲ့ ကောင်လေး။ သူဟာ ထိုင်ခုံပေါ်မှာ တစ်မိနစ်လောက် ထိုင်နေရပြီးမှ ဦးထုပ်က သူ ဂရစ်ဖင်ဒေါ်ကို သွားရမယ်လို့ ကြေညာတယ်။

"ဟာမီး-ဂရန်ဂျာ"

ဟာမီးဟာ ပြေးလုနီးနီး ထိုင်ခုံနားကို တိုးသွားတယ်။ အလောတကြီးနဲ့ ဦးထုပ်ကို ကောက်စွပ်တယ်။

"ဂရစ်ဖင်ဒေါ်" ဦးထုပ်က အော်တယ်။ ရွန်က တချက်ညည်းလိုက်တယ်။

ရုံးဆိုတာ စိတ်လှုပ်ရှားတဲ့အခါမှာ ဆောင်တွေး မြောက်တွေး တွေးတတ်တယ်။ ဒီအချိန်မှာ ဟယ်ရီစိတ်ထဲမှာ ကြောက်စရာ အတွေးတစ်ခု ပေါ်လာတယ်။ သူ့ကို လုံးဝမရွေးရင် ဘယ်နှယ် လုပ်မလဲ။ တကယ်လို့များ အဲဒီ မျက်စိအုပ်ထားတဲ့ ဦးထုပ်ကိုဆောင်းပြီး ခုံပေါ်မှာ ရာစုနှစ် အချို့ ထိုင်နေလဲ ဦးထုပ်က အသံမထွက်ရင်ကော။ နောက်ဆုံး ပါမောက္ခမက်ဂေါ်နာဂေါ်က သူ့ခေါင်းပေါ်က ဦးထုပ်ကို ဆွဲချွတ်ပြီး ဒါမှားနေလို့ပဲ၊ သူ့ကို မြန်မြန်ရထားစီးပြီး အိမ်ပြန်လို့ ပြောရင် ဘယ်လိုလုပ်မလဲ။

အားပြွမ်ပျောက်ပျောက်နေတဲ့ ကောင်လေးနီဗီး-လွန်ဘော့တန် အလှည့်ရောက်တော့ သူက လောလောနဲ့ ထိုင်ခုံဆီပြေးသွားတယ်။ မတော်လို့ မှောက်ရက် လဲပါလေရော။ ဦးထုပ်က အချိန်အတော်ကြာကြာ နီဗီး ဘယ်သွားသင့်တယ်ဆိုတာ စဉ်းစားတယ်။ နောက်ဆုံးမှာ "ဂရစ်ဖင်ဒေါ်" လို့ အော်လိုက်တဲ့အခါမှာ သူဟာ ကြောင်တောင်တောင်နဲ့ ဦးထုပ်ဆောင်းပြီး အတန်းစီတဲ့ နေရာ ပြန်ပြေးတယ်။ အားလုံးဝိုင်းရယ်တော့မှ ထိုင်ခုံဆီ ပြန်ပြေးပြီး ဦးထုပ်ကို



ပါမောက္ခ မက်ဂေါ်နာဂေါ်ကို ပြန်အပ်လိုက်တယ်။

မာဖိုင်အလှည့်ရောက်တော့ သူက ထန်နဲ့ပန်နဲ့ ခြေလှမ်းတွဲတွဲ ရှေ့သို့တက်သွားတယ်။ သူ့ ရည်မှန်းချက်ကို ချက်ချင်းရလိုက်တယ်။ ဦးထုပ်က သူ့ခေါင်းနဲ့ ထိရုံရှိသေးတယ် "စလေးသရင်း" လို့ စူးရှွားအော်ပြောတယ်။

မာဖိုင်ဟာ ယမ်းယမ်း ယမ်းယမ်းနဲ့ သူ့သူငယ်ချင်း ခရပ်နဲ့ ဂိုးတို့ဆီ သွားဆုံတယ်။ မိမိဖော်ပြချက်ကို သိပ်ကျေနပ်ပုံရတယ်။

အခုတန်းစီကျန်ရစ်သူ ဘယ်နှစ်ယောက်မှ မရှိတော့ဘူး။

"မွန်း"....."နော့တ်"....."ပါ့ကင်ဆန်"..... ဒီနောက် အမြွာညီအစ်မ ဘတ်တီနဲ့ ဘတ်တီ..... ဒီနောက်တော့ "ရှရီ-အန်း-ဖိုဗ်".....ပြီးတော့

"ဟယ်ရီ-ပေါ်တာ"

ဟယ်ရီ ရှေ့တက်သွားတယ်။ ထမင်းစားခန်းကြီးထဲမှာ တိုးတိုးကောင်းပြောသံ တဖုန်းဖုန်း ပေါ်လာတယ်။

"သူကော ပေါ်တာလို့ ပြောတာလား"

"ဟို ဟယ်ရီ-ပေါ်တာလား"

ဦးထုပ်က ဟယ်ရီမျက်စိကို အုပ်မထားခင်မှာ သူနောက်ဆုံး မြင်ရတဲ့ မြင်ကွင်းကတော့ ထမင်းစားခန်းထဲက လူအားလုံး လည်ပင်းဆန့်ပြီး သူ့ရှိုကို ရှင်းရှင်းမြင်လိုတဲ့ ပုံပဲ။ နောက်တစ်စက္ကန့်မှာ သူဟာ ဦးထုပ်ရဲ့ အမှောင်ထဲ ကျရောက်သွားတယ်။ ချိုငြိမ်ငြိမ်လေး စောင့်နေတယ်။

"အင်း" သူ့နားထဲမှာ အသံသေးသေးလေး ကြားရတယ် "သိပ်ခက်တယ်။ အလွန်ခက်တယ်။ သတ္တိအလွန်ပြည့်တာ ကျွမ်တွေ့ရတယ်။ စိတ်ရင်းလဲ မဆိုးဘူး။ ပါရမီလဲ ရှိတယ်။ အိုး ဘုရားဘုရား ဟုတ်ပြီ — မိမိကိုယ်မိမိ သက်သေပြချင်တဲ့ ပြင်းထန်တဲ့ ဆန္ဒတစ်မျိုးလဲရှိသေးတယ်။ အခုကြားလေ စိတ်ဝင်စားစရာ ကောင်းလေလဲ..... ကျွန်မင်းကို ဘယ်ဝို့ ရမလဲ"

ဟယ်ရီလက်နှစ်ဖက်ဟာ ထိုင်ခုံအစွန်းကို တအားဆုပ်ကိုင်ထားတယ်။ စိတ်ထဲမှာ မပြတ်တွေးနေတာကတော့ "စလေးသရင်း မသွားဘူး စလေးသရင်း မသွားချင်ဘူး"

"စလေးသရင်း မသွားချင်ဘူး ဟုတ်လား" အသံသေးသေးလေးက ပြောတယ်။ "မင်း သေချာပြီလား။ မင်းအဖို့ အလွန်ကောင်းတဲ့ ကောင်းမြင့်မှု

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်တယ်။ မင်းသိပါတယ်၊ မင်းခေါင်းထဲမှာ ရှိသင့်တာအားလုံး ပြည့်စုံတယ်။ စလေးသရင်းက မင်းကို အထွတ်အထိပ်သို့ ပို့ပေးနိုင်တယ်။ ဒါကို သံသယရှိစရာ မလိုဘူး — ဒါလဲ မသွားချင်ဘူး ဟုတ်လား။ ကောင်းပြီလေ၊ မင်းဒီလောက် သေချာဆုံးဖြတ်နိုင်ရင် — ဒါဆို ဂရစ်ဖင်းဒေါသွားတာ အကောင်းဆုံးပဲ"

ဦးထုပ်က ကျောင်းအမည်ကို အကျယ်ကြီးအော်ပြောတာ ဟယ်ရီကြားရတယ်။ သူက ဦးထုပ်ကိုချွတ်ပစ်ပြီး အနည်းငယ်တုန်ယင်တဲ့ ခြေထောက်နဲ့ ဂရစ်ဖင်းဒေါ ထမင်းစားပွဲသို့ ချီတက်သွားတယ်။ သူအလွန် ပေါ့ပါးသွားတယ်။ မိမိ အရွေးခံရပါပြီ။ ပြီးတော့ စလေးသရင်းကို သွားရမှာ မဟုတ်ဖူး။ စိတ်လဲချသွားတယ်။ ဒါကြောင့်၊ အလှိုက်လှဲဆုံး ဩဘာပေးသံကို သတိမထားမိဘူး။ အတန်းမှူးဖတ်စီ မတ်တတ်ရပ်လိုက်ပြီး သူ့ကို လှိုက်လှဲစွာ လက်ဆွဲနှုတ်ဆက်တယ်။ ဝယ်စလီ အမြွှာညီနောင်ကတော့ အကျယ်ကြီးအော်နေတယ်၊ "ဒို့ပေါ်တာကိုရပြီ" တဲ့။ ဟယ်ရီဟာ သူစောစောက တွေ့ခဲ့ရတဲ့ ကော်လာအတွန့်ရှိတဲ့ ဝိညာဉ်ရဲ့ ရှေ့မှာထိုင်နေတယ်။

အခု စင်မြင့်ပေါ်က အဓိက ထမင်းစားပွဲကို ကြည့်ချိန်ရလာပြီ။ ဟက်ဂရစ်ဟာ သူနဲ့ အနီးဆုံးထောင့်မှာ ထိုင်နေတယ်။ အခု သူ့အကြည့်နဲ့ဆုံပြီး လက်မထောင်ပြနေတယ်။ ဟယ်ရီက ပါးစပ်ဖြဲပြီး ပြန်ရယ်ပြတယ်။ ဟိုမှာ အဓိက ထမင်းစားစားပွဲအလယ်က ရွှေကုလားထိုင်ကြီးပေါ်မှာ နာမည်ကျော်ကြားတဲ့ အောဘတ်စ်-ဒမ်ဘလီဒိုးထိုင်နေတယ်။ သူချော့ကလက်ဖားထုပ်ထဲ ကရတဲ့ မှော်ဆရာကဒ်ထဲက သူ့မျက်နှာကို ချက်ချင်းမှတ်မိတယ်။ ဒမ်ဘလီဒိုးရဲ့ ငွေရောင်ဆံပင်ဟာ ထမင်းစားခန်းထဲမှာ ဝိညာဉ်လို အရောင်လက်နေတဲ့ တစ်ခုတည်းသော အရာဖြစ်တယ်၊ ဟယ်ရီဟာ ပါမောက္ခ ခွေရဲ့ကိုလဲမြင်တယ်။ သူကတော့ ခွက်စုတ်ဘားထဲက စိတ်လှုပ်ရှားတတ်တဲ့ လူငယ်ပေါ့။ သူ့ခေါင်း ပေါ်မှာ ခရမ်းရောင်ခေါင်းပေါင်း အကြီးကြီးပေါင်းထားတယ်။ တမျိုးကြီး ဖြစ်နေတယ်။

အခု ခွဲဝေဖို့ သုံးယောက်ပဲ ကျန်တော့တယ်၊ "လီဆာ-ဒူးပင်း" က ရာဗင်ခလောက ကျောင်းသားသစ်ဖြစ်သွားတယ်။ ဒီနောက်က ရွန်။ အခု သူ့မျက်နှာ အရောင်ဟာ စိမ်းပြာလာပြီ။ ဟယ်ရီဟာ ထမင်းစားစားပွဲပေါ်မှာ လက်နှစ်ဖက် တင်းတင်းဆုပ်ထားတယ်။ တစ်စက္ကန့်ပဲရှိသေးတယ်၊ ဦးထုပ်က



"ဂရစ်ဖင်းဒေါ" လို့ ထအော်တယ်။ ရွန်ဟာ အားပျော့သွားသလို ဟယ်ရီဘေးဝင်ထိုင်လိုက်တဲ့အခါမှာ ဟယ်ရီဟာ တခြားသူတွေနဲ့အတူ ဩဘာပေးရင်းအော်မိတယ်။

"တယ်ဟုတ်ပါလား၊ ရွန်၊ သိပ်တော်တာပဲ" ဖတ်စီ-ဝယ်စလီဟာ ဟယ်ရီခေါင်းပေါ်က ကျော်ပြီး အသံကျယ်ကျယ်နဲ့ မိမိညီလေးကို ချီးကျူးတယ်၊ နောက်ဆုံး တစ်ယောက်ကျန်တာကတော့ "ချားပီ-ဘရေးစ်" ဒီအချိန်မှာပဲ စလေးသရင်းကို ခွဲဝေလိုက်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်က သိုးရေစာရွက်လိပ်ကို ပြန်လိပ်လိုက်တယ်။ အမျိုးအစားခွဲ ဦးထုပ်ကို ယူပြီး ထွက်သွားတယ်။

ဟယ်ရီက ဘာတစ်ခုမှမရှိတဲ့ ရွှေပန်းကန်ပြားကို ငုံ့ကြည့်နေတယ်။ အခုမှ မိမိဘယ်လောက် ဆာနေတယ်ဆိုတာ သတိပြုမိတယ်။ စားခဲ့တဲ့ ရွှေဖရုံသီး အဆာသွပ်မုန့်ဟာ လွန်ခဲ့တဲ့ အနှစ်ရာနဲ့ ချီကြာပြီလို့ ထင်ရတယ်။

အောဘတ်စ် - ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်တယ်။ သူဟာ ပြုံးရွှင်စွာနဲ့ သူ့တပည့်တွေကို ကြည့်နေတယ်။ လက်နှစ်ဖက်ကို အကျယ်ကြီး ဖြန့်ထားတယ်။ ကမ္ဘာပေါ်မှာ တပည့်တွေ အတူတကွ စုရုံးရောက်ရှိနေတာထက် ပိုပြီး ဝမ်းသာစရာ မရှိတော့သလိုပဲ။

"ကြိုဆိုပါတယ်" သူက ပြောတယ် "အားလုံးကို ဟော့ဂ်ဝပ်လာပြီး သစ်လွင်တဲ့ တစ်နှစ်အတူနေကြဖို့ ကြိုဆိုပါတယ်။ ညစာစားပွဲမစမီမှာ ကျွှဲအားလုံးကို စကားနည်းနည်း ပြောချင်တယ်။ အဲဒါကတော့ ငထိုင်း။ ငိုမှဲ။ အမှိုက်ဖတ်။ တွန့်လိမ်။

"အားလုံးကို ကျေးဇူးတင်ပါတယ်"

သူပြန်ထိုင်လိုက်တယ်။ ရှိသမျှလူတွေအားလုံး လက်ခုပ်တီးပြီး ဩဘာပေးတယ်။ ဟယ်ရီကတော့ ရတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

"သူက နည်းနည်းတော့ — ရူးကြောင်ကြောင်များလား" သူ မဆုံးဖြတ်ဝံ့ဘူး။

"ရူးကြောင်ကြောင် ဟုတ်လား" ဖတ်စီက ပေါ့ပါးပျော်ရွှင်စွာနဲ့ ပြောတယ်။ "သူက ပါရမီရှင်ဗျ၊ ကမ္ဘာပေါ်မှာ အကောင်းဆုံး မှော်ဆရာ ဒါပေမယ့် မင်းပြောတာ မှန်တယ်။ သူတကယ်ပဲ ရူးကြောင်ကြောင်နိုင်တယ်။ အာလူးနည်းနည်း ယူမလား၊ ဟယ်ရီ"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်နေတယ်။ အခု သူ့ရှေ့က ထမင်းစား ပန်းကန်ထဲမှာ အစားအစာမျိုးစုံနဲ့ ပြည့်နေပြီ။ ဒီလောက်များပြားတဲ့၊ သူနှစ်သက်တဲ့ အစားအစာတွေ စားပွဲတစ်ခုထဲပေါ်မှာ ရှိနေတာ သူဘယ်တုန်းကမှ မမြင်ဖူးဘူး။ အမဲကင်၊ ကြက်ကင်၊ ဝက်သားပြား၊ ဆိတ်ကလေးနံရိုး၊ ဝက်အူ၊ ဘေကွန်အမဲသား၊ အာလူးပြုတ်၊ အာလူးမီးဖုတ်၊ အာလူးကြော်၊ ရော့ပူတင်း၊ ပဲစေ့စိမ်း၊ စဗျစ်နီ၊ အသားပြုတ်ရည်၊ ခရမ်းချဉ်သီးအနှစ်၊ ဒီပြင် ထူးဆန်းတဲ့အကြောင်း တစ်ခုခုကြောင့် ပရုပ်သကြားလုံးတွေ တစ်လင်ပန်းကြီး ချထားသေးတယ်။

တိတိကျကျပြောရရင်၊ ဒါစလီ အိမ်သားတွေဟာ ဟယ်ရီကို ဘယ်တုန်းကမှ အငတ်မထားဘူး။ ဒါပေမယ့် ဟယ်ရီကလဲ ဘယ်တုန်းကမှ ဝအောင်မစားခဲ့ရဘူး။ ဒါလီဟာ ဟယ်ရီတကယ်စားချင်တဲ့ အစာတွေကို လုလုသွားတယ်။ သူ့အဖို့ အန့်ရတာနဲ့ အန်ချင်တဲ့ဟာပဲဖြစ်ဖြစ် ချမ်းသာမပေးဘူး။ ပရုပ်သကြားလုံးကလွဲရင်။ ဟယ်ရီက တစ်မျိုးနည်းနည်း ယူလိုက်တယ်။ ပြီးတော့ စိတ်တိုင်းကျ စားပါလေရော။ ဘယ်အစားအစာမဆို သိပ်အရသာရှိတာပဲ။

"အဲဒါကြည့်ရတာ သိပ်မဆိုးပါဘူး" ကော်လာအတွန့် ဝတ်ဆင်ထားတဲ့ ဝိညာဉ်က ဟယ်ရီဖျော်ရွှင်စွာ အမဲသားတုံး လှီးနေတာတွေ့တော့ စိတ်မကောင်းဖြစ်ပြီး ပြောတယ်။

"ခင်ဗျား မစား —"

"ကျုပ်အစား မစားတာ နှစ်ပေါင်း ၄၀၀-ရှိတော့မယ်" ဝိညာဉ်က ပြောတယ်။ "ဒါကတော့ ကျုပ်အဖို့ မလိုလို့။ ဒါပေမယ့် တစ်ခါတလေလဲ အဲဒီအရသာတွေကို ပြန်လည်သတိရမိတယ်။ကျုပ်ကိုယ်ကျုပ် မိတ်ဆက်မပေးရသေးဘူးနော်၊ မင်စီ-ဖော်ပင်တန်က ဆာ-နစ်ကိုလပ်စ်က နာခံနေပါတယ်။ ကျုပ်က ဂရစ်ဖင်းဒေါ ရဲတိုက်ရဲ့ အမြဲနေဝိညာဉ်ပါ"

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော်သိတယ်" ရွန်က ရုတ်တရက် ပြောလာတယ်။ "ကျွန်တော့် အစ်ကိုတွေက ခင်ဗျားအကြောင်း ပြောပြတယ်။ ခင်ဗျားက ဟိုခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ကို"

"ကျုပ်ကတော့ ကျုပ်ကို မင်စီက ဆာ-နစ်ကိုလပ်စ်လို့ပဲ ခေါ်စေချင်တယ်" ဝိညာဉ်ရဲ့ လေသံဟာ ချက်ချင်းတစ်မျိုးကြီး ဖြစ်သွားတယ်။ ညိုဖျော့



ဖျော့ဆံပင်ရှိတဲ့ စီးမတ်စ်-ဖင်နစ်ဂင် ကြားထဲကဝင်ပြောတယ်။

"ခေါင်းပျောက်ဖို့နည်းနည်းလိုတယ်။ ခင်ဗျား ဘယ်လိုဖြစ်လို့ ခေါင်းပျောက်ဖို့ နည်းနည်း လိုတာလဲ"

ဆာ-နစ်ကိုလပ်စ်ဟာ အလွန်မပျော်မရွှင်ဖြစ်သွားတယ်။ ဒီကိစ္စကို ပြောချင်ပုံမရဘူး။

"ဒီလိုပဲပေါ့" သူက မကျေမနပ်ပြောတယ်။ သူ့နားရွက်ကို အောက်ကို ဆွဲချတယ်။ ခေါင်းတစ်လုံးလုံး လည်ပင်းပေါ်ကနေ ပုခုံးပေါ် လဲကျလာတယ်။ ကော်ချိန်းကြိုးနဲ့ တွဲထားတဲ့ တံခါးလိုပဲ။ တစ်ယောက်ယောက်က သူ့ခေါင်းကို ခုတ်ဖြတ်ချင်တယ်။ ဒါပေမယ့် သိပ်သေသေချာချာ မလုပ်ခဲ့လို့နဲ့ တူတယ်။ ကျောင်းသားတွေ အံ့ဩတဲ့မျက်နှာကို မြင်တော့ "ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ကိုလပ်စ်" ဟာ တော်တော်လေး ကျေနပ်နေတယ်။ ဒါနဲ့ သူက လက်လွှတ်လိုက်ပြီး ခေါင်းကို နေရာသို့ ပြန်တွန်းပို့လိုက်တယ်။ ချောင်းဟန့်လိုက်ပြီး ပြောတယ်။ "ဒါကြောင့်လေ-ဂရစ်ဖင်းဒေါက ကျောင်းသားသစ်တို့၊ ကျုပ်တို့ ကျောင်းအတွက် ခုနှစ်ကျောင်းဒိုင်းဆုကြီးကို ရယူနိုင်ပါစေလို့ ကျုပ်မျှော်လင့်ပါတယ်။ မကောင်းဘူးလား။ ဂရစ်ဖင်းဒေါရဲ့ ပ်လွှင်ဟာ ခုလောက်ကြာကြာ ပျောက်ဆုံးသွားတာ တစ်ခါမှမရှိခဲ့ဘူး။ ခုချိန်ထိဆိုရင် စလေးသရင်းက ဒိုင်းဆုကို ထိန်းသိမ်းနိုင်ခဲ့တာ ခြောက်နှစ်တောင်ရှိပြီ။ သွေးဘာရွန် ဆောင့်ကြွားဆောင့်ကြွား လုပ်နေပုံကို ကြာလေကြည့်လို့မရလေပဲ။ သူကတော့ စလေးသရင်းက ဝိညာဉ်"

ဟယ်ရီက စလေးသရင်း ထမင်းစား စားပွဲဆီ မျက်စိနဲ့ လိုက်ရှာတယ်။ အဲဒီမှာ အဲဒီမှာ ကြက်သီးမွေးညင်းထလောက်အောင် ကြောက်စရာကောင်းတဲ့ ဝိညာဉ်ကို သူတွေ့ရတယ်။ ၎င်းမှာ ဦးတည်ချက်မရှိ ပြူးကြည့်နေတဲ့ အခေါင်းလို မျက်စိမျိုး။ ပိန်ခြောက်ညိုးနွမ်းတဲ့ မျက်နှာရှိတယ်။ ငွေရောင်သွေးတွေ ပေကျံနေတဲ့ ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ သူက မာဖိုင်ဘေးမှာ ထိုင်နေတယ်။ မာဖိုင်ဟာ သူ့ကို ဒီလိုနေရာချထားတာ မကျေနပ်ပုံပေါ်နေတာကို ဟယ်ရီက ဝမ်းသာစွာ တွေ့ရှိလိုက်တယ်။

"သူဘာဖြစ်လို့ တစ်ကိုယ်လုံး သွေးတွေပေနေအောင် လုပ်တာလဲ" စီးမတ်စ်က စိတ်ဝင်စားစွာနဲ့ မေးတယ်။

"သူ့ကို မေးမကြည့်ဖူးဘူး" ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ကို

www.burmeseclassic.com

www.burmeseclassic.com



လပ်စ်က အသံပျော့ပျော့နဲ့ ပြောတယ်။

ရှိသမျှလူတွေ စားလို့သောက်လို့ ကျေနပ်သွားပြီးနောက်၊ ကျန်တဲ့ အစားအစာတွေ ပန်းကန်ထဲကနေ ပျောက်သွားရော။ ပန်းကန်ဟာ အစကလို သန့်ရှင်းတောက်ပနေတယ်။ ခနနေတော့၊ ပန်းကန်ထဲမှာ ပူတင်းပေါ် လာတယ်။ ဒီနောက် ရေခဲမုန့်တွေ အပုံ အပုံနဲ့ ပေါ်လာတယ်။ သင်တွေး လို့ရတဲ့ အရသာအားလုံးရှိတယ်။ ပန်းသီးမုန့်၊ သကာအဆာသွတ်မုန့်၊ ချော့ကလက်မလိုင် အဆာသွတ်မုန့်နဲ့ ယိုဗိုးနတ်၊ နို့မာဖင်၊ စတော်ဘယ်ရီ၊ ဂျယ်ရီ၊ ဆန်ပူတင်း. . . . .

ဟယ်ရီ သကာအဆာသွပ်မုန့် တစ်ခုစားနေစဉ်မှာ၊ မိမိတို့ အိမ် ထောင်အကြောင်းဘက် စကားလှည့်သွားတယ်။

"ကျွန်တော်က တစ်ဝက်စီ" စီးမတ်စ်ကပြောတယ်။ "ကျွန်တော့် အဖေ က 'မတ်ဂေါ်'။ အမေက လက်ထပ်ပြီးမှ အဖေ့ကို သူမမှော်ဆရာမဖြစ်ကြောင်း ပြောပြတာ။ သူသိပ်ကို လန့်သွားတယ်"

ကျန်သူတွေ တဟားဟားရယ်ကြတယ်။

"ဒါဖြင့် မင်းရော၊ နီဗီး" ရွန်က မေးတယ်။

"ကျွန်တော်က အဖွားကမွေးလာတာ။ သူမက မှော်ဆရာမ" နီဗီးက ပြောတယ် "ဒါပေမယ့် ကျွန်တော့် အိမ်သားတွေက ကျွန်တော့်ကို 'မတ်ဂေါ်' လို့ပဲ ထင်ကြတာ။ ကျွန်တော့် ဘကြီးအာကြီဟာ ကျွန်တော့်ကို အိမ်ဖော် လက်ထဲကူညာယူချင်တာ။ နည်းအမျိုးမျိုးနဲ့ ကျွန်တော့်ကို မှော်ပညာ တစ်ခု သုံးနိုင်းတယ်။ တစ်ကြိမ်မှာ သူဟာ ကန်မဲဆိပ်မှာ ကျွန်တော့်ကို ပင်လယ်ထဲ တွန်းချတယ်။ သေမလို့ သီသီလေးရယ်-ဒါပေမယ့်၊ ကျွန်တော် ၈-နှစ် မတိုင် ခင်က ဘာမှမဖြစ်ခဲ့ဘူး။ ဒီနောက် တစ်နေ့မှာ ဘကြီးအာကြီ အိမ်ကိုလာပြီး လက်ဖက်ရည်သောက်တယ်။ ကျွန်တော့် ခြေထောက်ကို ကြိုးနဲ့ချည်ပြီး အပေါ်ထပ် ပြတင်းပေါက်ကနေ ဇောက်ထိုးချတဲ့အခါမှာ၊ ကျွန်တော့် အဖွား လေးက သူ့ကို မုန့်တစ်ချပ်ပေးလိုက်တယ်။ သူက မေ့ပြီး လက်လွှတ်လိုက်လို့၊ ကျွန်တော့်ဖာသာ ထခုန်ပြီး ခြံဝန်းတစ်ခုလုံးကို ပျံကျော်ပြီး ကောင်းကောင်း မွန်မွန်ပဲ လမ်းပေါ်ကျသွားတယ်။ သူတို့အားလုံး ဝမ်းသာလို့ ရူးတော့မယ်။ ကျွန်တော့် အဖွားက ဝမ်းသာလို့ ငိုပါလေရော။ သူမ တကယ်ပဲ သိပ်ဝမ်းသာ တယ်။ ကျွန်တော် ဒီကျောင်းက ကျောင်းနေခွင့်ရတဲ့ အကြောင်းကြားစာကို



ရတုန်းက အမူအရာကို မြင်စေချင်တယ်။ သူတို့က ကျွန်တော် မှော်ပါရမီ သိပ်မရှိဘူး၊ ဒီကျောင်းဝင်ရမှာ မဟုတ်ဖူးလို့ ထင်ကြတာ။ အဖိုးလေး အာကြီဟာ ဝမ်းသာလို့ ကျွန်တော့်ကို ဖားပြုပ်တစ်ကောင် ဝယ်ပေးတယ်"

ဟယ်ရီရဲ့ ကျန်တစ်ဖက်မှာ ဖတ်စီ-ဝယ်စလီနဲ့ ဟာမီးတို့ ပညာရေး အကြောင်း ဆွေးနွေးနေတယ်။ ("ကျွန်တော်က သူတို့မြန်မြန်စစေချင်တယ်။ သင်ယူစရာတွေ သိပ်ကိုများတယ်။ ကျွန်တော်က ရုပ်ပြောင်းတာကို သိပ်စိတ် ဝင်စားတယ်။ အဲဒါ တစ်ခုခုကို တခြားပစ္စည်းတစ်ခုခုဖြစ်အောင် လုပ်တာတို့ ဘာတို့ပေါ့။ အင်းလေ - ဒါလဲ အလွန်ခက်ခဲမယ်ထင်တယ် —" "နင်တို့ အသေးအဖွဲလေးတွေက စလေ့ကျင့်ရမှာ၊ ဥပမာ- မီးခြစ်ကိုအပ်ဖြစ်အောင်")

အခု ဟယ်ရီဟာ တစ်ကိုယ်လုံးနွေးထွေးပြီး အိပ်ချင်လာတယ်။ သူ ခေါင်းထောင်ပြီး အမိက ထမင်းစားပွဲကို ထပ်ကြည့်တယ်။ ဟက်ဂရစ်က အရက်ခွက်ကိုမြှောက်ပြီး တအားသောက်နေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ က ပါမောက္ခ ဒမ်ဘလီဒိုးနဲ့ စကားပြောနေတယ်။ ရယ်စရာခေါင်းပေါင်း ပေါင်း ထားတဲ့ ပါမောက္ခ ခွေးရှိုဟာ စီးထိုင်းတဲ့ ဆံပင်၊ ကွေးကောက်တဲ့ နှာတံနဲ့ ဝါကြင်ကြင် အသားအရေရှိတဲ့ လူတစ်ယောက်နဲ့ စကားပြောနေတယ်။

အဖြစ်က သိပ်ကို ရုတ်တရက်ဆန်လွန်းတယ်။ အဲဒီ နှာတံကောက် ကောက်နဲ့ ဆရာရဲ့ အကြည့်ဟာ ပါမောက္ခခွေးရှိုရဲ့ ခေါင်းပေါင်းကိုကျော်ပြီး ဟယ်ရီရဲ့ အကြည့်နဲ့ သွားဆုံတယ်။ ဟယ်ရီနဖူးပေါ်က အမာရွတ်ဟာ ချက်ချင်းပဲ မီးပူသလိုပူပြီး နာကျင်သွားတယ်။

"ဘာဖြစ်လဲ" ဖတ်စီက မေးတယ်။

"ဘာ-ဘာမှ မဖြစ်ဖူး"

နဖူးပေါ်က နာတာ အလာမြန်သလို သွားတာလဲမြန်တယ်။ ဖျောက် ဖျက်လို့မရတာက အဲဒီဆရာရဲ့ စိတ်အရောင် — သူဟာ ဟယ်ရီကို နည်း နည်းမှ နှစ်သက်ပုံမရဘူး။

"ပါမောက္ခ ခွေးရှိုနဲ့ စကားပြောနေတာ ဘယ်သူလဲ" သူက ဖတ်စီကို မေးတယ်။

"အော၊ မင်း ပါမောက္ခခွေးရှိုကို သိနေပြီပဲ၊ ဟုတ်လား။ ဒါကြောင့် သူဒီလောက် စိတ်လှုပ်ရှားနေတာကိုး။ ဟိုဟာ ပါမောက္ခစနိတ်ပ်။ သူက မှော်ဆေးပညာသင်တယ်။ သူက ဒီဘာသာရပ်ကို မသင်ချင်ဘူး။ အားလုံးက

www.burmeseclassic.com

www.burmeseclassic.com



သူ ခွေရှိအလုပ်ကို လိုချင်တာသိတယ်။ ရှင်းရှင်းပြောရရင် အဲဒီ စနိတ်ပ်ဟာ မှော်နက်ပညာဘက်မှာ တော်တော်နားလည်တာ"

ဟယ်ရီက စနိတ်ပ်ကို ခနအကဲခတ်နေတယ်၊ စနိတ်ပ်ကတော့ သူ့ကို ထပ်မကြည့်တော့ဘူး။

နောက်ဆုံး အချိုပွဲ ပူတင်းပါပျောက်ကွယ်သွားပြီးနောက် ပါမောက္ခ ဒမ်ဘလီဒိုး မတ်တတ်ရပ်လိုက်ပြန်တယ်။ ထမင်းစားခန်းတစ်ခုလုံး ငြိမ်သက်ပြီး အသံမထွက်တော့ဘူး။

"အင်းဟင်း-အခုအားလုံးစားလို့ဝ၊ သောက်လို့ဝပြီ၊ ကျုပ်နောက်ဆုံး စကားနည်းနည်း ပြောဦးမယ်။ ကျောင်းမဖွင့်ခင်မှာ၊ အရေးကြီးကိစ္စတချို့ အားလုံးကိုပြောစရာရှိတယ်။

"ပထမနှစ်ကျောင်းသားသစ် သတိပြုပါ၊ ကျောင်းဝန်းထဲက သစ်တော ကို ဘယ်ကျောင်းသားမှ ဝင်ခွင့်မရှိ။ ကျောင်းသားဟောင်း လူအနည်းငယ်လဲ ဒါကိုမမေ့ပါနဲ့"

ဒမ်ဘလီဒိုးရဲ့ စူးရှတဲ့ မျက်လုံးအစုံဟာ ဝယ်စလီ အမြွှာညီနောင်ကို တစ်ချက်ကြည့်လိုက်တယ်။

"ဒီပြင်၊ ထိန်းသိမ်းစောင့်ရှောက်သူ မစ္စတာဖစ်ချ်ကလဲ ကျုပ်ကို ကျောင်းဆင်းချိန် စင်္ကြံပေါ်မှာ မှော်ပညာမသုံးကြပါနဲ့လို့ အားလုံးကိုပြောပေးပါလို့ မြှော်တယ်။

"ခွေဒစ်အဖွဲ့ဝင် စစ်ဆေးရွေးချယ်မှုကို ဒီကျောင်းပတ်ရဲ့ ဒုတိယပတ် မှာ စတင်မယ်" ဟောက်စ်ကျောင်းကိုယ်စား ပြိုင်ပွဲဝင်လိုသူတို့၊ မဒမ်ဟုချ်နဲ့ အမြန်ဆုံး ဆက်သွယ်ပါ။

"နောက်ဆုံး အားလုံးကို ပြောပြရမှာက၊ ဒီတစ်နှစ်အတွင်း အုရပေါက် တွေ သွေးထွက်ပြီး ရက်ရက်စက်စက် မသေချင်ရင်၊ စတုတ္ထလွှာညာဘက်က စင်္ကြံကို မသွားမိအောင် သတိပြုပါ"

ဟယ်ရီက တဟားဟားရယ်တယ်။ ဒါပေမယ့် တဟားဟားရယ်တဲ့လူ ဘယ်နှစ်ယောက်မှ မရှိဘူး။

"သူ တကယ်ပြောတာလား" သူက ဖတ်စီကို မေးတယ်။

"အမှန်ဖြစ်မှာသေချာတယ်" ဖတ်စီက ပြောတယ်။ မျက်မှောင်ကြုတ်ပြီး ဒမ်ဘလီဒိုးကို ကြည့်နေတယ် "သိပ်အံ့ဩစရာကောင်းတယ်။ အများအား



ဖြင့် တို့ကို တနေရာရာမသွားရဘူးလို့ သတ်မှတ်တဲ့အခါမှာ၊ သူက အကျိုး အကြောင်းတစ်ခု ပြောပြတတ်တယ်။ သစ်တောထဲမှာ အန္တရာယ်ရှိတဲ့ တိရစ္ဆာန်အများကြီးရှိတယ်။ ဒါအားလုံးသိကြပါတယ်။ ငါတကယ်ပဲထင်တယ်။ အနည်းဆုံးတော့ ဒို့လိုအတန်းခေါင်းဆောင်တွေကို ရှင်းပြသင့်တယ်"

"အခု၊ အိပ်ရာမဝင်ခင်မှာ၊ အားလုံးအတူတကွ ကျောင်းသီချင်းဆိုကြ ရအောင်" ဒမ်ဘလီဒိုး အော်ပြောတယ်။ ကျန်ဆရာတွေရဲ့ အပြုံးဟာ သေနေပြီဆိုတာ ဟယ်ရီက သတိပြုမိတယ်။

ဒမ်ဘလီဒိုးဟာ ယင်ကောင်မောင်းသလို မိမိမှော်ကြိမ်လုံးကို အသာ တောက်လိုက်တယ်။ မှော်ကြိမ်လုံးထဲက ရွှေရောင်ကြိုးတစ်ကြိုးထွက်လာပြီး အမြင့်ကြီးတက်သွားတယ်။ ထမင်းစားစာပွဲ အပေါ်ဘက် ပျံတက်သွားတယ်။ မြွေက,နေသလို ကွေ့ကောက်ရစ်ပတ်လှုပ်ခါနေတယ်။ စာတွေ တန်းစီပေါ် ထွက်လာတယ်။

"အားလုံး မိမိကြိုက်နှစ်သက်တဲ့ တေးသံကိုရွေး" ဒမ်ဘလီဒိုးက ပြောတယ်။ "တစ်၊ နှစ်၊ သုံး ဆို"

ဆရာတပည့် အားလုံး ကုန်းအော်ကြတယ်။

ဟော့ဂ်ဝပ်၊ ဟော့ဂ်ဝပ်၊ ဟော့ဟော့ ဂက်ဂက် ဟော့ဂ်ဝပ်။
ကျွန်တော်တို့ကို ဗဟုသုတရအောင် သင်ပေးပါ။
ထိပ်ပြောင်လူအိုပဲ ဖြစ်ဖြစ်။
ခြေထောက်မှာ အနာရွတ်နဲ့ လူငယ်ပဲဖြစ်ဖြစ်။
ကျွန်ုပ်တို့ ခေါင်းထဲကို
စိတ်ဝင်စားဖွယ်တွေ သွတ်သွင်းလိုတယ်။
အခုအထဲမှာ ဗလာ၊ လေတွေချည်းပဲ။
ယင်သေနဲ့ ဖာဟီရတွေ။
ဒါကြောင့် ကျေးဇူးပြုပြီး လေ့လာသင့်တာတွေ သင်ပေးစေလိုပါတယ်။
မေ့နေတာကြာလှတဲ့ သတိကိုပြန်ခေါ်ပေးပါ။
သင်တို့ကြိုးစားဖို့ပဲလိုတယ်။ ကျန်တာအားလုံး ကျွန်ုပ်တို့အတွက် ထားပါ။

ကျွန်ုပ်တို့ တအား လေ့လာမယ်၊ ခေါင်းတွေ ပျက်တဲ့အထိ လေ့

www.burmeseclassic.com

www.burmeseclassic.com



လာမယ်။

လူတိုင်း သီချင်းဆိုပြီးတဲ့အချိန် မတူကြဘူး။ နောက်ဆုံး ထမင်းစားခန်းကြီးတစ်ခုလုံး ဝယ်စလီ အမြွာညီနောင်ဟာ နှေးကွေးတဲ့ အသုဘသီချင်းကို ဆက်ဆိုနေတုန်းပဲ။ ဒမ်ဘလီဒိုးက မှော်ကြိမ်လုံးနဲ့ နောက်ဆုံး သီချင်းစာသားတစ်ချို့ကို အချက်ပြနေတယ်။ သူတို့ဆိုလို့ ပြီးတဲ့အခါမှာ အဲဒီကျောင်းအုပ်ကြီးရဲ့ လက်ခုပ်သံဟာ တခြားသူတွေထက် လှိုက်လှဲတယ်။

"အား — ဂီတ" သူက မျက်စိကိုလက်နဲ့ သုတ်လိုက်တယ်။ "ကျုပ်တို့ ဒီမှာရှိတဲ့ ကချိကချောက် ပညာတွေထက်သာတဲ့ မြင့်မြတ်တဲ့ မှော်ပညာပဲ။ ကောင်းပြီ။ အခု အိပ်ရာဝင်ကြတော့။ အားလုံး မြန်မြန်ပြေး"

ဂရစ်ဖင်းဒေါက ပထမနှစ်ကျောင်းသားသစ်တွေဟာ ဖတ်စီနောက်က လိုက်ပြီး ဆူဆူညံညံပြောဆိုနေတဲ့ လူအုပ်ကိုဖြတ်ပြီး ထမင်းစားခန်းက ထွက်လာတယ်။ မာဘယ်ကျောက်လှေခါးကို တက်ကြတယ်။ ဟယ်ရီရဲ့ ခြေနှစ်ချောင်းဟာ ခဲဆွဲထားသလို လေးပင်နေပြန်တယ်။ ဒီတစ်ကြိမ်ကတော့ သူအင်မတန် ပင်ပန်းနေလို့၊ ဗိုက်ထဲမှာလဲ အစာတွေအများကြီး ထည့်ထားလို့။ သူသိပ်ကို အိပ်ချင်နေတယ်။ ဒါကြောင့် စင်္ကြံဘေးနှစ်ဖက်က အရုပ်ကားတွေ သူတို့ဖြတ်သွားစဉ်မှာ တစ်ရုပ်နှင့်တစ်ရုပ် နားနားကပ်ပြီး တိုးတိုးပြောနေတာတို့၊ သူတို့ကို လက်ညှိုးထိုးပြနေတာတို့၊ ဒါမှမဟုတ် ဖတ်စီက သူတို့ကို ဦးဆောင်ပြီး လျှောတတ်တဲ့ ပျဉ်ပြားနဲ့ ပန်းထိုးလိုက်ကာ နောက်မှာရှိတဲ့ လျှို့ဝှက်တံခါးကို ဖြတ်သွားတဲ့အခါမှာတောင် သူဘာမှ မအံ့ဩခဲ့ဘူး။ အားလုံးဟာ သမ်းဝေရင်း မဆုံးနိုင်တဲ့ လှေခါးထစ်တွေကို လေးပင်တဲ့ ခြေထောက်တွေဆွဲပြီး တက်ခဲ့ကြတယ်။ နောက်ထပ် ဘယ်လောက် သွားရဦးမလဲ မသိဘူးလို့ ဟယ်ရီ တွေးနေစဉ်မှာပဲ၊ ရှေ့ဘက်က ရပ်သွားတယ်။

သူတို့ရှေ့ဘက် မိုးပေါ်မှာ ကြိမ်လုံးတစ်စည်းဝဲပျံနေတယ်။ ဖတ်စီက သူတို့ထက် လှေခါးတစ်ထစ်အပေါ် ရောက်နေတယ်။ ဒါကြောင့် သူတို့အားလုံးဟာ ဒိုမီနိုဖဲချပ်လို သူရှိရာဘက်သို့ အလျင်အမြန် လှဲဝပ်လိုက်ကြတယ်။

"သရဲ ဖီးဖိစ်ပဲ" ပထမနှစ်ကျောင်းသားသစ်တွေကို ဖတ်စီက ပြောပြတယ်။ "ဆူဆူညံညံ လုပ်ချင်တဲ့ သရဲဖီးဖိစ်"သူက အသံကို မြှင့်ပြီး "သရဲဖီးဖိစ်-ကိုယ်ရောင်ပြတော့"



သူရရှိတဲ့ အဖြေကတော့ အသံကျယ်ကျယ်၊ ကြမ်းကြမ်း၊ ဖူးဖောင်းလေပေါက်တဲ့ ဖွတ်ဖွတ်ဆိုတဲ့ အသံမို့။

"မင်းက ငါ့ကို သွေးဘာရွန်ကို သွားခေါ်နိုင်းတယ် ဟုတ်လား"

ဖုတ်ဆိုတဲ့ အသံနဲ့အတူ မိုးပေါ်မှာ ရုတ်တရက် မျက်စိနက်နဲ့ နီရဲနေတဲ့ ပါးစပ်ကြီးရှိတဲ့ ယောကျ်ားသေးသေး ပေါ်လာတယ်။ မိုးပေါ်မှာ ဝဲနေတယ်။ လက်တစ်ဖက်က ကြိမ်လုံးတစ်စည်းကို တင်းတင်းဆုပ်ထားတယ်။

"ဟော့ဟော့ဟော့" သူက တစ်ဟော့ဟော့နဲ့ အမိပ္ပာယ်ပါပါရယ်တယ်။ "သောက်မြင်ကတ်စရာ ပထမနှစ်ကောင်လေးတွေ။ သိပ်ပျော်စရာ ကောင်းတယ်"

သူက ရုတ်တရက် ထိုးဆင်းလာတယ်။ သူတို့တတွေ ဟိုရှောင်ဒီရှောင် ရှောင်ကြတယ်။

"သွားတော့၊ သရဲဖီးဖိစ်၊ နို့မို့ရင် သွေးဘာရွန်နဲ့ တိုင်ပစ်မယ်။ အတည်ပြောတာ" ဖတ်စီက အော်တယ်။

သရဲဖီးဖိစ်က လျှာထုတ်ပြပြီး ချက်ချင်းပျောက်သွားတယ်။ ကြိမ်လုံးဟာ နီဗီးခေါင်းပေါ် တည့်တည့် လာမှန်တယ်။ အားလုံး တအုန်းအုန်းနဲ့ အဝေးကို ပျံသွားတာကြားရတယ်။ တလမ်းလုံး ချပ်ဝတ်တန်းဆာ အသံတွေ ဆူညံနေတယ်။

"သရဲဖီးဖိစ် နောက်မှာကို သတိထားကြ" ရှေ့သို့ ဆက်သွားတဲ့အခါမှာ ဖတ်စီက အများကို သတိပေးတယ်။ "သူ့ကိုနိုင်တာ သွေးဘာရွန်ပဲရှိတယ်။ တို့လို အတန်းခေါင်းဆောင်တွေကိုတောင် မျက်စိထဲမထားဘူး။ ရောက်ပြီ"

စင်္ကြံရဲ့အဆုံးမှာ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားတယ်။ အရုပ်က အထူးဝတဲ့ မိန်းမတစ်ယောက်။ ပန်းရောင်ပိုးထည်အင်္ကျီ ဝတ်ထားတယ်။

"လမ်းဖြတ်လျှို့ဝှက်စကား ပြောပါ" သူမကပြောတယ်။

"နဂါးအဖတ်" ဖတ်စီက ပြောတယ်။ အဲဒီပန်းချီဟာ တလှုပ်လှုပ်နဲ့ ရှေ့ကိုဖွင့်ပေးတယ်။ နံရံပေါ်က အပေါက်ဝိုင်းဝိုင်းတစ်ခုပေါ်လာတယ်။ သူတို့ဟာ တစ်ယောက်ပြီးတစ်ယောက် တွားဝင်ကြတယ်။ နီဗီးက သူများဆွဲမှ ဝင်နိုင်တယ်။ အပေါက်ဝိုင်းဝိုင်းကို ဖြတ်ပြီး သူတို့ဟာ ဂရစ်ဖင်းဒေါရဲ့ မိတ်ဆုံခန်းထဲရောက်နေတာ တွေ့ရတယ်။ အဲဒီမှာ ပျော့ပျောင်းတဲ့ လက်ရန်းပါတဲ့ ထိုင်ခုံတွေအပြည့် ချထားတယ်။ အလွန်ဇိမ်ကျတဲ့ အခန်းအဝိုင်းတစ်ခန်း။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်စီက အရင်ဆုံး မိန်းကလေးတွေကို တံခါးတစ်ချပ်ကနေ မိန်းကလေးအိပ်ခန်းသို့ လမ်းညွှန်လိုက်တယ်။ ဒီနောက် ကောင်လေးတွေကို ခေါ်ပြီး တခြားတံခါးတစ်ချပ်က ဝင်ခဲ့တယ်။ ခရုပတ်လှေခါးရဲ့ ထိပ်ဆုံးမှာ — အိမ်ချွန် ရဲတိုက်တစ်ခုခုထဲမှာ ဖြစ်မယ် — သူတို့ဟာ မိမိတို့ ကိုယ်စီရဲ့ အိပ်ရာကိုတွေ့ကြရတယ်။ ခရမ်းရင့်ရောင် ကတ္တီပါခြင်ထောင် ထောင်ထားတဲ့ ရှေးပုံစံ ခြေလေးချောင်း ခုတင်ကြီးငါးလုံး။

"ဒီနေ့ အစားအစာသိပ်ကောင်းတယ်၊ မဟုတ်ဖူးလား" ရွန်က ခြင်ထောင်ထဲကနေ ဟယ်ရီကို တိုးတိုးပြောတယ်။ "သွား၊ အစက်အပြောက်လေး၊ သူကျွန်တော့် ခုတင်ခင်းကို ကိုက်နေတယ်"

ဟယ်ရီက ရွန်ကို အရသာရှိတဲ့ သကာအဆာသွတ်မုန့် စားရလားလို့ မေးချင်တယ်။ ဒါပေမယ့် ပါးစပ်မဟရသေးခင်မှာပဲ အိပ်ပျော်သွားတယ်။

ညက ဟယ်ရီစားတာ သိပ်များသွားလို့လား မသိဘူး။ အလွန်ထူးဆန်းတဲ့ အိပ်မက်တစ်ခု သူမက်တယ်။ သူ့ခေါင်းပေါ်မှာ ပါမောက္ခခွေရဲ့ ခေါင်းပေါင်းပေါင်းထားတယ်။ အဲဒီခေါင်းပေါင်းဟာ တတွတ်တွတ်နဲ့ မနားတမ်း ပြောနေတယ်။ သူ့ကို စလေးသရင်း ပြောင်းဖို့နားချတယ်။ အကြောင်းက အဲဒါ သူ့ကံကြမ္မာမို့တဲ့။ ဟယ်ရီက ခေါင်းပေါင်းကို ပြောတယ်။ စလေးသရင်းကို နည်းနည်းမှ မသွားချင်ဘူး။ ခေါင်းပေါင်းက ကြာလေ၊ လေးလေ ဖြစ်လာတယ်။ သူက ခေါင်းပေါင်းကို ဆွဲချွတ်ချင်တယ်။ ခေါင်းပေါင်းက သူ့ခေါင်းကို တအားပတ်ထားတယ်။ သူသိပ်ကို နာကျင်တယ်။ မာဖိုင်လဲ သူ့အိပ်မက်ထဲမှာ ပေါ်လာတယ်။ သူက ခေါင်းပေါင်းကို ချွတ်ပစ်ဖို့ တအားရုန်းကန်တဲ့အခါမှာ မာဖိုင်က ဘေးကရပ်ပြီး သူ့ကိုကဲ့ရယ်နေတယ်။ ဒီနောက် မာဖိုင်ဟာ သိန်းငှက်နှာတံရှိတဲ့ စနိတ်ပ်အဖိုးကြီး ဖြစ်သွားတယ်။ သူ့ရယ်သံဟာ ကျယ်လောင်ပြီး အေးစက်နေတယ်။ ဟယ်ရီမျက်စိရှေ့မှာ အစိမ်းရောင်အလင်းရောင် ပေါ်ထွက်လာတယ်။ သူလန့်နိုးတယ်။ ကြောက်လို့ တုန်နေတယ်။ ချွေးတွေထွက်လာတယ်။

သူကိုယ်ကိုလှည့်လိုက်တယ်။ ပြန်အိပ်ပျော်သွားတယ်။ နံနက်နိုးလာတဲ့အခါမှာ ဒီအိပ်မက်ကို လုံးဝ သတိမရတော့ဘူး။



## ၈။ မှော်ဆေးပညာဆရာ

"ဒီမှာ၊ မြန်မြန်ကြည့်"

"ဘယ်မှာလဲ"

"ဟိုဆံပင်နီနီ အရပ်ရှည်ရှည်ကျောင်းသားဘေးမှာ"

"မျက်မှန်တပ်တဲ့ဟာလား"

"မင်းသူ့မျက်နှာကို မြင်ရသလား"

"မင်းသူ့အမာရွတ်ကို မြင်ရပြီလား"

နောက်နေ့ နံနက်မှာ၊ ဟယ်ရီ အိပ်ခန်းထဲက ထွက်လိုက်တာနဲ့ အဲဒီလို တိုးတိုးသံတွေ သူ့နောက်ကိုလိုက်နေတယ်။ လူတွေဟာ သူ့စာသင်ခန်းရှေ့မှာ တန်းစီနေတယ်။ ခြေဖျားထောက်ပြီး သူ့ကို ကြည့်ချင်လို့။ ဒါမှမဟုတ်ရင်၊ စင်္ကြံပေါ်မှာ သူ့ဘေးက ဖြတ်လျှောက်သွားတဲ့အခါမှာ တမင်ပြန်လှည့်လျှောက်လာပြီး သူ့ကိုစိုက်ကြည့်ကြတယ်။ ဟယ်ရီက သူတို့ ဒီလိုမလုပ်စေချင်ဘူး၊ သူ့ဒါတွေကြောင့် အာရုံမထွေပြားချင်ဘူး။ သူသေချာသတိထားသွားမှ စာသင်ခန်းကို ရှာလို့တွေ့မှာ။

www.burmeseclassic.com



ဟော့ဂ်ဝပ်မှာ လှေခါး တစ်ရာလေးဆယ့်နှစ်ခု ရှိတယ်။ တချို့က ကျယ်ပြီး ရှည်တယ်။ တချို့က ကျဉ်းကျဉ်းသေးသေး လှုပ်လီလှုပ်လဲ့။ တချို့ဟာ သောကြာနေ့ကျရင် မတူတဲ့ နေရာကို ပေါက်ရောက်သွားတတ်တယ်။ တချို့ကတော့ တက်ရင်းတက်ရင်းနဲ့ လှေခါးထစ်တစ်ထစ်ထစ် ရုတ်တရက် ပျောက်သွားတယ်။ ဒါကြောင့်၊ ဘယ်နေရာရောက်ရင် ခုန်လိုက်ရမယ်၊ ဒါမှ ခြေချော် မသွားမှာကို မှတ်ထားရမယ်။ နောက် ထူးဆန်းတဲ့ တံခါးရှိသေးတယ်။ အင်မတန် ရိုသေစွာ တောင်းပန်မှ ဒါမှမဟုတ် အထူးသတ်မှတ်ထားတဲ့ နေရာကို ကုတ်ပေးလိုက်မှ တံခါးကပွင့်မှာ။ နို့မို့ရင် ပွင့်ကိုမပွင့်ဘူး။ တချို့တံခါးတွေဟာ တံခါးအစစ်မဟုတ်ဖူး။ တံခါးလို ဟန်ဆောင်ထားတဲ့ နံရံမာမာကြီးတွေ။

အဲဒီနေရာတွေ ဘယ်မှာရှိတယ်ဆိုတာလဲ အလွန်ခက်ခဲတဲ့ ကိစ္စ။ နေရာအားလုံးဟာ အရပ်လေးမျက်နှာသို့ လှုပ်ရှားနေတယ်။ ပန်းချီကားထဲက လူတွေဟာလဲ ဟိုသွားဒီသွားနဲ့။ ချပ်ဝတ်တန်းဆာတွေဟာလဲ — ဟယ်ရီ အတိအကျမသိသေးဘူး — လမ်းသွားတတ်တယ်။

ဝိညာဉ်တွေရဲ့ အခြေအနေဟာလဲ ဒါထက်ပိုမကောင်းပါဘူး၊ ချွေးတစီးစီးနဲ့ တံခါးတစ်ခုကို ကြိုးစားဖွင့်နေချိန်မှာ ဝိညာဉ်တစ်ခုဟာ တံခါးနောက်က မထင်မှတ်ပဲ ပြေးထွက်လာလို့ နှလုံးတုန်သွားအောင် လန့်လိမ့်မယ်။ "ခေါင်းပျောက်ဖို့ နည်းနည်းလိုတဲ့ နစ်ကိုလပ်စ်" ဟာ ဂရစ်ဖင်းဒေါ ကျောင်းသားသစ်တွေကို လမ်းမှန်ပြပေးရတာ အလွန်ကျေနပ်တယ်။ ဒါပေမယ့် ကျောင်းနောက်ကျခဲ့လို့ ကံမကောင်းအကြောင်းမလှပဲ ဆူဆူညံညံလုပ်တတ်တဲ့ သရဲဖီးဗ်စ်နဲ့ တွေ့ရင်တော့ တင်းတင်းပိတ်ထားတဲ့ တံခါးနှစ်ခုနဲ့ အမျိုးမျိုးပြစ်တတ်တဲ့ လှေခါးတစ်ထောင်ထက် ရင်ဆိုင်ရခက်လိမ့်မယ်။ ၎င်းက စာရွက်ဖောင်းထည့်တဲ့ ခြင်းကို ခေါင်းပေါ် သွန်ချလိမ့်မယ်။ ခြေထောက်အောက်က ကော်ဇောကို ဆွဲယူသွားလိမ့်မယ်။ မြေဖြူခဲအစတွေနဲ့ ပေါက်လိမ့်မယ်။ ဒါမှမဟုတ်ရင် ကိုယ်ဖျောက်ပြီး သင့်နောက်က လိုက်လိမ့်မယ်။ ပြီးတော့မှ လှစ်ကနဲ ပြေးလာပြီး သင့်နှာခေါင်းကို ကိုင်ကာ "မင်းနှာခေါင်းကိုမိပြီ" လို့ ဗွတ်အော်လိမ့်မယ်။

ကမ္ဘာပေါ်မှာ သရဲဖီးဗ်စ်ထက်ပိုဆိုးတဲ့အရာ ရှိမယ်ဆိုရင် ထိန်းသိမ်းသူ အာဂတ်စ်-ဖစ်ချ်ပဲ။ ဟယ်ရီနဲ့ ရွန်ဟာ ကျောင်းစဖွင့်တဲ့ ပထမနေ့မှာပဲ သူ့ရဲ့



ရန်ငြိုး ဖြစ်သွားတယ်။ သူတို့ တံခါးတစ်ပေါက်ကို အတင်းဖြတ်ဖို့လုပ်တာ ဖစ်ချ်တွေ့သွားတယ်။ ခက်တာက ဒီတံခါးဟာ စတုတ္ထလွှာ စင်္ကြံကန့်သတ်နယ်မြေကိုသွားတဲ့ ဝင်ပေါက်ဖြစ်နေတယ်။ သူက ဒီကောင်လေးနှစ်ယောက်ဟာ လမ်းမှားတာဆိုတာ မယုံဘူး။ သူတို့ဟာ ကန့်သတ်နယ်မြေကို တမင်ဝင်ချင်လို့လို့ ပြောတယ်။ ပြီးတော့ သူတို့နှစ်ယောက်ကို မြေအောက်ထောင်မှာ အကျဉ်းချထားမယ်လို့ ခြိမ်းခြောက်တယ်။ တော်သေးတာက ပါမောက္ခခွေးရို ဖြတ်လာတာနဲ့ ကြုံလို့ အဆင်ပြေသွားတယ်။

ဖစ်ချ်မှာ မဒမ်နော်ရီးစ်လို့ခေါ်တဲ့ ကြောင်တစ်ကောင်ရှိတယ်။ အဲဒီ အနီးပေါ် အရေတင်ပြီး အရောင်မရှိတဲ့ အကောင်မှာ မီးသီးလို ပြူးထွက်နေတဲ့ မျှောင်းမျက်စိရှိတယ်၊ ဖစ်ချ်နဲ့ သိပ်တူတယ်။ ၎င်းက စင်္ကြံပေါ်မှာ ခေါက်တုန့်ခေါက်ပြန် ကင်းလှည့်တယ်။ ၎င်းရှေ့မှာ တစ်ယောက်ယောက် စည်းကမ်းချိုးဖောက်ခဲ့ရင် ခြေချောင်းလေးတစ်ချောင်းပဲ မျဉ်းကိုကျော်တယ်ထား၊ ၎င်းက လှစ်ကနဲ ပြေးပြီး ဖစ်ချ်ကိုသွားတိုင်တယ်။ နှစ်စက္ကန့်အတွင်းမှာ ၎င်းရဲ့ သခင်ဟာ ဒေါသနဲ့ သင့်ရှေ့ရောက်လာတယ်။ ဖစ်ချ်ဟာ ကျောင်းမှာရှိတဲ့ လျှို့ဝှက်လမ်းတွေကို ဘယ်သူထက်မဆို ကျွမ်းတယ်။ (ဝယ်စလီ အမြွှာညီနောင်ထက်တော့ နည်းနည်းလျော့နိုင်တယ်) ပြီးတော့ သူ့လှုပ်ရှားပုံဟာ ဝိညာဉ်လို လှစ်ခနဲပေါ်လိုက် ပျောက်လိုက်။ ကျောင်းသားတွေဟာ သူ့ကိုသေအောင် မုန်းတယ်။ လူတော်တော် များများရဲ့ ပြင်းထန်တဲ့ ဆန္ဒကတော့ မဒမ်နော်ရီးစ်ကို တအား ပိတ်ကန်ချင်တာပဲ။

ဒီနောက်၊ သင် စာသင်ခန်းကို ရှာလို့တွေ့ပြီထားဦး၊ ရင်ဆိုင်ရခက်ခဲတဲ့ စာသင်ချိန်တွေကို မျက်နှာမူရဦးမယ်၊ မှော်ကြိမ်လုံးကို ယမ်းတာ၊ ပျော်စရာကောင်းတဲ့ ဂါထာလေးရွတ်တာအပြင် မှော်ပညာမှာ အလွန်နက်ရှိုင်းတဲ့ ပညာတွေရှိနေသေးတယ်။ အဲဒါကို သူကြိုးစားလေ့လာ သင်ယူရမယ်ဆိုတာ မကြာခင်မှာပဲ ဟယ်ရီတွေ့ရှိသွားတယ်။

ဗုဒ္ဓဟူးနေ့တိုင်းရဲ့ ညမှာ သူဟာ အဝေးကြည့်မှန်ပြောင်းနဲ့ ညအချိန်ကြယ်တွေနဲ့ မိုးကောင်းကင်ကိုကြည့်ရတယ်။ ကြယ်တွေရဲ့ တစ်လုံးချင်း တမည်ကို လေ့လာရတယ်။ ပလန်းနက်ကြယ်တွေရဲ့ လှုပ်ရှားတဲ့ လမ်းကြောင်းကို လေ့လာရတယ်။ ရက်သတ္တပတ်တိုင်းမှာ သုံးရက်က ပါမောက္ခစပရောက်လို့ခေါ်တဲ့ ပုဝဝမှော်ဆရာမနဲ့အတူ ရဲတိုက်နောက်ဘက်မှာရှိတဲ့ အနွေးခန်း

www.burmeseclassic.com

www.burmeseclassic.com



ကိုသွားပြီး ဆေးရွက် ဆေးပင်ပညာသင်ရတယ်။ အဲဒီမှာ ထူးခြားတဲ့အပင်နဲ့ ပိုးမွှားတွေကို ဘယ်လိုပြုစုရတယ်ဆိုတာ လေ့လာရတယ်။ ၎င်းတို့ကို ဘယ်လို အသုံးပြုရတယ်ဆိုတာ ရှာဖွေရတယ်။

မှော်သမိုင်းဟာ အဓိပ္ပာယ်မရှိဆုံး ဘာသာရပ်ဖြစ်တယ်။ ဒါဟာလဲ ဝိညာဉ်က သင်ကြားတဲ့ တစ်ခုတည်းသော ဘာသာရပ်ဖြစ်တယ်။ ထိုနှစ်က အဲဒီပါမောက္ခ ဘင်းစ်ဟာ ဆရာများ နားနေခန်းရဲ့ မီးဖိုဘေးမှာ အိပ်ပျော်သွားတယ်။ နောက်နေ့နံနက် အိပ်ရာက နိုးလို့ စာသင်ဖို့သွားတဲ့အခါမှာ မိမိကိုယ်ခန္ဓာကို မေ့ကျန်ရစ်တယ်။ သူဘယ်လောက်အိုနေလဲဆိုတာ တွေးကြည့်နိုင်တယ်။ ဘင်းစ် စာသင်တဲ့အခါမှာ အသံတပြေးထဲ မရှင်းမလင်း ပွစိပွစိနဲ့ မဆုံးအောင်ပြောနေတယ်။ အားလုံးဟာ လူနာမည်နဲ့ နေ့စွဲအများ အပြားကို မနည်းလိုက်မှတ်ရတယ်။ လူဆိုးမက်ရေ့နဲ့ ပုံမှန်မရှိတဲ့ ယူရေ့ကို ရောရောနေသေးတယ်။

ဂါထာဆရာ ဖလစ်ဝစ်ဟာ အလုံးအထည်သေးတဲ့ မှော်ဆရာဖြစ်တယ်။ စာသင်တဲ့အခါမှာ စာအုပ်ပုံပေါ် တက်ရပ်ပါမှ သူ့ခေါင်းဟောပြောစားပွဲအပေါ်ကို ပေါ်ထွက်လာနိုင်တယ်။ ပထမ စာသင်ချိန်စတာနဲ့ သူက နာမည်စာအုပ်ယူပြီး လှစ်စစ်တယ်။ ဟယ်ရီ့နာမည်ခေါ်မိတော့ သူဟာ စိတ်လှုပ်ရှားစွာ အော်လိုက်ပြီး ဟောပြောစာပွဲနောက်ကို ထိုးလဲကျသွားပြီး ပျောက်သွားပါလေရော။

ပါမောက္ခ မက်ဂေါ်နာဂေါကတော့ သူတို့နဲ့မတူဘူး။ ဟယ်ရီ သူမပေါ် ပထမဆုံး မြင်ကတည်းက ခံစားရတာကတော့၊ ဘယ်သူကမှ ဆန့်ကျင်ကာ လွန်လို့မရတဲ့၊ အလွန့်အလွန်ပြောလို့ဆိုလို့ မကောင်းတဲ့ တင်းကြပ်တဲ့ ဆရာလို့ ခံစားရတယ်။ သူခံစားရတာ လုံးဝမှန်ကန်တယ်။ အဲဒီ စည်းကမ်းတင်းကြပ်ပြီး ဉာဏ်ကောင်းတဲ့ ဆရာမဟာ ပထမဆုံး သင်ခန်းစာစလို့ အားလုံး ထိုင်ရုံရှိသေးတယ်။ သူမဟာ ပွဲဦးထွက် သူတို့ကို ကောင်းကောင်းကြီး ဆူပစ်လိုက်တယ်။

"ကိုယ်ယောင်ပြောင်းတာဟာ မင်းတို့ဟော့ဂ်ဝပ်မှာ သင်ကြားရတဲ့ ဘာသာရပ်ထဲမှာ အရှုပ်ထွေးဆုံး၊ အန္တရာယ်လဲ အကြီးဆုံး မှော်ပညာဖြစ်တယ်" သူမကပြောတယ်။ "စာသင်နေစဉ် ပြဿနာရှာတဲ့၊ ရေလိုက် ငါးလိုက်လုပ်တဲ့ သူဆိုရင်၊ ချက်ချင်း ကျောင်းခန်းထဲက ထွက်သွားခိုင်းမယ်။ နောက်ထပ်



ဘယ်တော့မှ ဝင်မလာရတော့ဘူး။ မင်းတို့ကို သတိပေးပြီး ပြီနော်"

ဒီနောက် သူမက ပညာပြတယ်။ ဟောပြောစာပွဲကို ဝက်တစ်ကောင် ပြောင်းပစ်တယ်။ တခါပြန်ပြီး မူလအတိုင်းပြောင်းပေးတယ်။ အားလုံး အလွန် ဂယက်ရိုက်သွားတယ်။ အလောတကြီး စသင်ချင်ကြတယ်။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ သူတို့တွေ့ရှိကြတာကတော့၊ ပရိဘောဂကို တိရစ္ဆာန်ဖြစ်အောင် လုပ်ဖို့ဆိုတာ သူတို့အဖို့သိပ်ဝေးနေသေးတယ်ဆိုတာပဲ။ ရှုပ်ထွေးနက်နဲတဲ့ မှတ်စုတွေတပုံကြီး ရေးမှတ်ပြီးနောက်၊ လူတိုင်းမီးခြစ်ဆံ တစ်ဆံစီ ရကြတယ်။ ၎င်းကို အပ်တစ်ချောင်းဖြစ်အောင် ကြံဆရမယ်။ ကျောင်းဆင်းတဲ့ အခါမှာ၊ တစ်တန်းလုံး ဟာမီးတစ်ယောက်ထဲသာ သူမရဲ့ မီးခြစ်ဆံကို အောင်မြင်စွာနဲ့ တစ်စုံတရာပြောင်းလဲမှု ဖြစ်စေနိုင်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက မီးခြစ်ဆံကို မြှောက်ပြီး ကျောင်းသားအားလုံး ၎င်းမီးခြစ်ဆံကို ငွေစစ်စစ်၊ အဆုံးပိုင်းမှာ ချွန်သေးနေအောင် ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ မြင်အောင်ပြတယ်။ ဟာမီးကိုလဲ ရှားပါးတဲ့ အပြုံး တစ်ချက် ပေးလိုက်တယ်။

ကျောင်းသားအားလုံး တကယ်မျှော်လင့်တဲ့ သင်ခန်းစာကတော့ မှော်နက်ပညာ ကာကွယ်ရေးအတတ်ပဲ ဖြစ်တယ်။ နောက်ဆုံးမှာ ခွေရိုရဲ့ သင်ကြားမှုဟာ ရယ်စရာဖြစ်နေတယ်။ သူ့ကျောင်းခန်းထဲမှာ စူးရှတဲ့ ကြက်သွန်ဖြူအနံ့တွေ ချည်းပဲ။ အားလုံးကတော့ ဒါဟာ သူ ရိုမေးနီးယားမှာ တွေ့ခဲ့တဲ့ သွေးစုတ်ကောင်ကို မောင်းတာတဲ့။ အကြောင်းက သူဟာ သွေးစုတ်ကောင် ရောက်လာပြီး သူ့ကို ဖမ်းသွားမှာစိုးလို့လို့ ပြောကြတယ်။ သူက သူတို့ကို ပြောပြတယ်။ သူ့ခေါင်းပေါင်းဟာ အာဖရိက ဘုရင်တစ်ပါးကို ဖုတ်ကောင်တစ်ကောင်ဘေးက လွတ်ကင်းအောင်လုပ်ပေးလို့ရခဲ့တဲ့ လက်ဆောင်တဲ့။ ကျောင်းသားတွေက ဒီပုံပြင်ကို တယ်မယုံကြဘူး။ အရင်ဆုံး၊ စီးမတ်စ်က ဖုတ်ကောင်ကို ဘယ်လိုနှိမ်နင်းသလဲလို့ အတင်းမေးတဲ့အခါမှာ ခွေရိုရဲ့မျက်နှာ နီရဲသွားတယ်။ ဟိုလို ဒီလိုနဲ့ ရာသီဥတုအကြောင်း ပြောတယ်။ ဒီနောက် သူတို့သတိပြုမိတာကတော့ သူ့ခေါင်းပေါင်းမှာ အနံ့တစ်မျိုးကြီးရှိတယ်။ ဝယ်စလီ အမြွှာညီနောင်က အဲဒီအထဲမှာလဲ ကြက်သွန်ဖြူတွေ ပြည့်နေမှာပဲ။ ဒါမှ ခွေရို ဘယ်သွားသွား၊ သူ့အဖို့ သေချာ အကာအကွယ်ရမှာလို့ သေချာပေါက် ပြောတယ်။

www.burmeseclassic.com



ဟယ်ရီဟာ မိမိ ပညာရေးမှာ သူများထက် သိပ်ပြီးနောက်မကျဘူးလို့ တွေ့ရှိတယ်။ သူ့စိုးရိမ်စိတ်ဟာ သက်သာရာရသွားတယ်။ လူတော်တော်များများဟာ "မှော်" အိမ်ထောင်ကလာကြတာ။ ပြီးတော့ သူ့လိုပဲ မိမိကိုယ် မိမိမှော်ဆရာ၊ မှော်ဆရာမဆိုတာ မသိကြဘူး။ သူတို့မှာ သင်ယူရမှာ အများကြီးရှိနေတယ်။ ရွန်လို ရှေးကျတဲ့မှော်ဆရာအိမ်ထောင်ကလာတဲ့ သူတွေတောင် သူတို့ထက် အများကြီးသာတာ မတွေ့ရဘူး။

သောကြာနေ့ဟာ ဟယ်ရီနဲ့ ရွန်အဖို့ပြောရရင် အရေးကြီးတဲ့ မှတ်တိုင်တစ်ခုဖြစ်တယ်။ သူတို့ဟာ လုံးဝ လမ်းမမှားပဲ အိမ်ခန်းကနေ ထမင်း စားခန်းသို့ နံနက်စာသွားစားနိုင်ခဲ့တယ်။

"တို့ဒီနေ့ ဘာ ဘာသာ သင်မှာလဲ" ဟယ်ရီက ကွေကာအုတ်ထဲ သကြားထည့်နေစဉ် အလျဉ်းသင့်သလို မေးလိုက်တယ်။

"စလေးသရင်းနဲ့အတူ မှော်ဆေးပညာကို နှစ်ချိန်တက်ရမယ်" ရွန်က ပြောတယ်။ "စနိတ်ပ်ဟာ စလေးသရင်း ဟောက်စ်က ကျောင်းအုပ်ဆရာကြီး။ သူများကပြောတယ်၊ သူဟာ သူတို့ဘက်ကို သိပ်လိုက်တယ်လို့ ပြောတယ်။ တို့မကြာခင်မှာပဲ ဒါအမှန်ပဲလားဆိုတာ သိရလိမ့်မယ်"

"ပါမောက္ခ မက်ဂေါ်နာဂေါက တို့ဘက်လိုက်စေချင်လိုက်တာ" ဟယ်ရီက ပြောတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ဂရစ်ဖင်းဒေါ ဟောက်စ်က ကျောင်းအုပ်ဆရာမကြီး။ မနေ့က သူမဟာ နည်းနည်းမှ ဘက်လိုက်မှုမရှိပဲ သူတို့ကို အိမ်စာတွေ တပုံကြီးပေးတယ်။

အဲဒီအချိန်မှာပဲ၊ ထိုနေ့အဖို့ စာတွေထမင်းစားခန်းထဲလာပို့တယ်။ အခုတော့ ဟယ်ရီမှာ ဒီလိုမြင်ကွင်းနဲ့ ရိုးသွားပြီ။ ပထမနေ့ နံနက်မှာ သူတကယ့်ကို လန့်သွားတယ်။ ထိုစဉ်က အားလုံး နံနက်စာစားနေတယ်။ ရှတ်တရက် ဇီးကွက်အကောင်တစ်ရာလောက် ပျံဝင်လာပြီး ထမင်းစား စာပွဲပေါ်မှာ ဝဲနေတယ်။ မိမိတို့ သခင်ကိုရှာတာ၊ ပြီးတော့ စာနဲ့ အထုပ်ကို သူတို့ ပေါင်ပေါ် ပစ်ချခဲ့တယ်။

ခုချိန်ထိ ဟက်ဒဝပ်ဟာ ဟယ်ရီအတွက် ဘာမှယူမလာသေးဘူး။ ၎င်းဟာ တစ်ခါတလေ ပျံဝင်လာပြီး သူ့နားရွက်ကို အသာဆိတ်တယ်။ ပေါင်မုန့်မီးကင် နည်းနည်းစားပြီး ဇီးကွက်အိမ်ကို ပြန်သွားတယ်။ ကျောင်းကတခြားဇီးကွက်တွေနဲ့ အတူအိပ်တယ်။ ဒါပေမယ့် ဒီနေ့နံနက်မှာတော့ ၎င်းဟာ



တောင်ပံကိုရိုက်ခတ်ရင်း ယိုနဲ့သကြားဘူးကြားမှာ ဆင်းသက်လာပြီး စာတစ်စောင်ကို ဟယ်ရီရဲ့ ထမင်းစားပန်းကန်ပြားထဲ ထည့်ပေးတယ်။ ဟယ်ရီက စာကို ချက်ချင်းဖောက်လိုက်တယ်။

ချစ်လှစွာသော ဟယ်ရီ။ (စာပေါ်က လက်ရေးဟာ သော့လွန်းလို့ ကြောင်ခြစ်ထားသလိုပဲ)

မင်းသောကြာနေ့ညနေ ကျောင်းပိတ်တာ ကျုပ်သိတယ်။ ဒါကြောင့်ဒ်းနာရီလောက်မှာ ကျုပ်ဆီလာပြီး လက်ဖက်ရည် သောက်နိုင်မလား။ မင်းဒီမှာ ပထမရက်သတ္တပတ် ဘယ်လိုနေရသလဲဆိုတာ သိချင်တယ်။ ဟက်ဒဝပ်ကို စာတစ်စောင် ကျုပ်ဆီပြန်ထည့်ပေးလိုက်ပါ။

ဟက်ဂရစ်

ဟယ်ရီက ရွန်ဆီကနေ ငှက်မွေးကလောင် တစ်ချောင်းငှားပြီး စာရဲ့ကျောဘက်မှာ မြန်မြန်ရေးလိုက်တယ်။ "ကောင်းပြီ၊ သိပ်လာချင်တယ်၊ တော်ကြာတွေ့မယ်" ဟက်ဒဝပ် ပျံသွားတယ်။

တော်သေးတာက ဟယ်ရီမှာ ဟက်ဂရစ်နဲ့ လက်ဖက်ရည်သောက်ဖို့ မျှော်လင့်စောင့်စားစရာ ရှိသေးတယ်။ အကြောင်းက ဒီနောက်တက်ရမဲ့ မှော်ဆေးပညာ ဘာသာရပ်က သူ ဟော့ဂ်ဝပ်ရောက်ပြီးနောက် အဆိုးဆုံးကိစ္စဖြစ်လို့ပဲ။

ကျောင်းဖွင့်မိတ်ဆုံစားပွဲကပဲကတည်းက အဲဒီပါမောက္ခ စနိတ်ပ် သူ့ကို သိပ်မနှစ်သက်ဖူးလို့ ဟယ်ရီခံစားရတယ်။ ပထမ မှော်ဆေးပညာစာသင်ချိန်ပြီးဆုံးချိန်မှာ သူဟာ မိမိအတွေးမှားပြီလို့ သိတယ်။ စနိတ်ပ်ဟာ ဟယ်ရီကို မနှစ်သက်တာတင်မကဘူး။ သူက ဟယ်ရီကို အလွန့်အလွန် မုန်းတီးနေတာ။

မှော်ဆေးပညာကို မြေအောက်စာသင်ခန်းထဲမှာ သင်တယ်။ ဒီနေရာဟာ မြေပြင်ပေါ်က ရဲတိုက် အဓိကအဆောက်အဦထက် အေးစက်ပြီး ကြောက်စရာကောင်းတယ်။ နံရံဘေး ဖန်ဘူးကြီး တွေထဲမှာ ပေါလောပေါ်နေတဲ့ တိရစ္ဆာန်အလောင်းရာအချို့ဟာ ကြက်သီးထလောက်အောင် ကြောက်စရာကောင်းနေတယ်။ စနိတ်ပ်ဟာ ဖလစ်ဝစ်လိုပဲ နာမည်စာရင်းကို ယူပြီး နာမည်ခေါ် လူစစ်တယ်။ သူဟာလဲ ဖလစ်ဝစ်လိုပဲ ဟယ်ရီနာမည်ကိုခေါ်မိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ရပ်သွားတယ်။

"အား၊ ဟုတ်တယ်" သူက တိုးတိုးပြောတယ်။ "ဟယ်ရီ-ပေါ်တာ၊ ကျုပ်တို့ဆီက လူသစ် —"

ဂျာကို- မာဖိုင်နဲ့ သူ့သူငယ်ချင်း ခရပ်နဲ့ဂိုးတို့ဟာ ပါးစပ်ကို လက်နဲ့ အုပ်ပြီး တခစ်ခစ်ရယ်ကြတယ်။ စနိတ်ပ်ဟာ လူစစ်ပြီးနောက် ကျောင်းသား အားလုံးကို မော်ကြည့်တယ်။ သူ့မျက်စိဟာ ဟက်ဂရစ်လိုပဲ မှောင်နေတယ်။ ဒါပေမယ့် ဟက်ဂရစ်လို နွေးထွေးမှုမရှိဘူး။ ၎င်းတို့ဟာ ဟာပြီးအေးစက်နေတယ်။ အတိမ်အနက် မသိရတဲ့ မှောင်မဲမဲလိုဏ်ခေါင်း နှစ်ခုလိုပဲ။

"မင်းတို့ ဒီကိုလာတာ၊ မှော်ဆေးကို ဖော်စပ်တဲ့ အသေးစိတ်ကျတဲ့ သိပ္ပံပညာနဲ့ မှန်ကန်တဲ့ အတတ်ပညာကို လေ့လာဖို့ပဲ" သူ စတင်ပဟော ပြောတယ်။ သူ့အသံဟာ တိုးလွန်းလို့ နားနား ကပ် တိုးတိုးပြောနေသလိုပဲ။ ဒါပေမယ့် အားလုံးဟာ စကားလုံးတိုင်းကို ရှင်းရှင်းလင်းလင်း ကြားနိုင်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါလိုပဲ၊ စနိတ်ပ်ဟာလဲ တမင်တကာဆိုးချင်ယောင် မဆောင်ရပဲ တတန်းလုံးကျောင်းသားတွေ ကျောချမ်းစေတဲ့ ဩဇာရှိတယ်။

"ဒီမှာ မင်းတို့အတီးအတနဲ့ မှော်ကြိမ်လုံးယမ်းနေဖို့ အခွင့်ရေးမရှိဘူး။ ဒါကြောင့် လူတော်တော်များများ နားမလည် နိုင်ကြဘူး။ ဒါကို မှော်ပညာလို့ မထင်ကြဘူး။ မင်းတို့ တကယ်နားလည်ဖို့ မမျှော်လင့်ဘူး။ မီးသေးသေးနဲ့ ဖြည်းဖြည်းချက်တဲ့၊ ဆူပွက်မီးခိုးဖြူတက်နေတဲ့ အိုးနက်နက်ကပေးတဲ့ အလှ ခံစားချက် "သို့မဟုတ် လူသားတွေရဲ့သွေးကြောထဲဝင်၊ သူတို့အသိစိတ်ကို ရှုပ်ထွေးအောင်လုပ်၊ သူတို့အကြားအမြင် အထိအတွေ့ကို လှည့်စားတဲ့ အရည်တို့ဟာ ဘယ်လောက်ထူးခြား အံ့ဩဖွယ် မှော်အားရှိပါ သလဲ. . . . . ကျုပ်က မင်းတို့ကို နာမည်ကျော်ကြားမှုကို ဘယ်လိုထုံးချွန်စွာ ရယူမလဲ။ ဂုဏ်သတင်းကို ဘယ့်နှယ်ယူရမလဲ။ သေခြင်းကို တားဆီးနိုင်တဲ့အထိ — တစ်ခုတော့ရှိတယ်။ မင်းတို့ဟာ ကျုပ် အမြဲလိုသင်ခဲ့ရဘူးတဲ့ အဆင့်တန်းလွန် ငတုံးတွေလို မထိုင်းအဘို့ပဲ"

အဲဒီ ဟောပြောမှုလေး ပြီးတဲ့နောက်မှာ တစ်တန်းလုံး ဘာသံမှ မကြားရတော့ဘူး။ ဟယ်ရီနဲ့ ရွန်တို့ဟာ မျက်ခွံကို ပင့်ထားတယ်။ အပြန်အလှန် တစ်ချက်ကြည့်လိုက်ကြတယ်။ ဟာမီးဟာ ကိုယ်ကိုရှေ့သို့ ကိုင်းထားတယ်။



သူမဟာ အဆင့်တန်းလွန် ငတုံးမဟုတ်ကြောင်း အလောတကြီး ပြလိုဟန် တူနေတယ်။

"ပေါ်တာ" စနိတ်ပ်က ရုတ်တရက်အော်ခေါ်တယ်။ "တကယ်လို့ ကျုပ်က နှင်းပန်းဥ အမြစ်မှုန့်ကို မတ်ဝမ်းအခါးရည်ထဲ ထည့်လိုက်ရင် ဘာဖြစ်လာမလဲ"

ဘာမှုန့်ကို ဘာရည်ထဲထည့်ရမှာလဲ။ ဟယ်ရီက ရွန်ကို လှမ်းကြည့်တယ်။ သူ့ကိုကြည့်ရတာ မိမိလိုပဲ ဘာမှန်းမသိဖြစ်နေတယ်။ ဟာမီးက လက်ကို အမြင့်ကြီးမြှောက်တယ်။

"ကျွန်တော် မသိဘူး၊ ဆရာ"

စနိတ်ပ်ရဲ့ နှုတ်ခမ်းပါးပါးမှ သရော်ရယ် ရယ်လိုက်တယ်။

"ကျွတ်၊ ကျွတ် — နာမည်ကြီးတာဟာ အားလုံးကိုကိုယ်စားမပြုနိုင်ပါဘူး"

သူက ဟာမီး လက်ထောင်တာကို မမြင်ချင်ယောင်ဆောင်တယ်။

"နောက်တစ်ကြိမ်စမ်းကြည့်တာပေါ့၊ ပေါ်တာ ကျုပ်ကို ဘီးဇောကျောက်တုံးတစ်တုံး ယူပေးပါဆိုရင်၊ မင်းဘယ်မှာ သွားရှာမလဲ"

ဟာမီးဟာ ဖင်မကြွပဲ လက်ကို တတ်နိုင်သလောက် မြင့်မြင့်မြှောက်တယ်။ ဟယ်ရီက တော့ ဘီးဇောကျောက်ဆိုတာ ဘာမှန်းကို မသိဘူး။ သူဟာ မာဖိုင်တို့၊ ခရပ်နဲ့ဂိုးတို့ကို အရေးမလုပ်ပဲ နေတယ်။ သူတို့ သုံးယောက်ဟာ အခုဆိုရင် မျက်နှာကို လက်ထဲအပ်ပြီး တစ်ကိုယ်လုံးလှုပ် ခါနေအောင် ရယ်နေကြတယ်။

"ကျွန်တော် မသိဘူး၊ ဆရာ"

"ကျုပ်ထင်တယ်၊ မင်းဟာ ကျောင်းမဖွင့်ခင်မှာ ကျောင်းသုံး ဖတ်စာအုပ်ကို တစ်ကြိမ်မှ ဖွင့်မကြည့်ဘူးနဲ့တူတယ်။ ဟုတ်လား၊ ပေါ်တာ"

သူက အေးစက်ပြီး ရက်စက်တဲ့ မျက်စိကို တည့်တည့်ကြည့်ဖို့ မိမိကိုယ် မိမိ အတင်းခိုင်းတယ်။ စင်စစ် ဒါစလီအိမ်မှာတုန်းက ကျောင်းသုံးဖတ်စာအုပ်အားလုံးကို အစမှအဆုံး အကုန်လုံး လှန်ကြည့်ပြီးပြီ။ ဒါပေမယ့် စနိတ်ပ်က သူ့ကို "အမျိုးပေါင်းတစ်ထောင်ရှိတဲ့ ထူးဆန်းတဲ့ ဆေးပင်နဲ့ မှိုမွှား" ပါ အတွင်း သဘောအားလုံးကို အလွတ်ကျက်နိုင်တယ်များ ထင်နေသလားမသိဘူး။

စနိတ်ပ်ဟာ လက်ညောင်းလို့ နည်းနည်းတုန်နေတဲ့ ဟာမီးကို

www.burmeseclassic.com



ဂရုမစိုက်ဖူး။

"ဒါဖြင့်ရင် ကျုပ်ကိုပြောစမ်း၊ ပေါ်တာ။ မွန်ရွှတ်နဲ့လန်တူ ဘာကွာလဲ"

"ဒီမေးခွန်းကြားတာနဲ့ ဟာမီးက မအောင့်နိုင်ပဲ မတ်တတ်ရပ်လိုက်တယ်။ လက်တစ်ဖက်က မြေအောက် စာသင်ခန်းရဲ့ မျက်နှာကြက်ကို တန်းနေအောင် လက်ညှိုးထောင်ထားတယ်။

"ကျွန်တော် မသိဘူး" ဟယ်ရီက တည်ငြိမ်စွာဖြေတယ်။ "ဒါပေမယ့် ဟာမီး အဖြေသိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဘာဖြစ်လို့ သူမကို မမေးတာလဲ"

လူတချို့ ရယ်သံထွက်လာတယ်။ ဟယ်ရီက စီးမတ်စ်ရဲ့ အကြည့်ကို ပြန်ကြည့်တယ်။ စီးမတ်စ်က သူ့ကို ကျေနပ်တဲ့အနေနဲ့ မျက်တောင်ခတ်ပြတယ်။ စနိတ်ပ်က တော်တော်မကျေနပ်ဖူး။

"ထိုင်" သူက ဟာမီးကို ဟောက်တယ်။ "ကျုပ် မင်းအစားဖြေမယ်။ ပေါ်တာ၊ နှင်းပန်းနဲ့ မတ်ဝမ်းရောလိုက်ရင်၊ အားကောင်းတဲ့ အိပ်ဆေးရတယ်။ အရပ်စကားနဲ့ ရေသေရေရှင်လို့ ခေါ်တယ်။ ဘီးဇောက ဆိတ်အစာအိမ်ထဲကရတဲ့ ကျောက်တစ်မျိုး။ အဆိပ်ဖြေတဲ့နေရာမှာ အလွန်ကောင်းတယ်။ မွန်ရွှတ်နဲ့ လန်တူတို့ဟာ စင်စစ်မှာ အပင်တွေပဲ။ ၎င်းမှာ ခေါင်းမဲဆိုတဲ့ နာမည်ရှိသေးတယ်။ နားလည်ပြီလား၊ မင်းတို့အားလုံး ဒါတွေ ဘာလို့မြန်မြန် ရေးမှတ်မထားတာလဲ"

မြေအောက် စာသင်ခန်းထဲမှာ ငှက်တောင်ကလောင်နဲ့ သိုးရေစက္ကူကို စမ်းကြကိုင်ကြတဲ့အသံတွေ ချက်ချင်းထွက်ပေါ်လာတယ်။ ဆူညံသံတွေထဲမှာ စနိတ်ပ်ရဲ့ လေသံမျှင်မျှင် စကားသံကို အားလုံးကြားနေရတယ်။ "ခုနက မင်းဆရာကို ပြန်ခံပြောတဲ့အတွက် ဂရစ်ဖင်းဒေါ ဟောက်စ်ကို တစ်မှတ်လျှော့မယ်၊ ပေါ်တာ"

မှော်ဆေးပညာသင်ချိန် ဆက်တက်တယ်။ ဂရစ်ဖင်းဒေါ ကျောင်းသားတွေရဲ့ အခြေအနေ ကောင်းမလာဘူး။ စနိတ်ပ်က သူတို့ကို နှစ်ယောက်တစ်ဖွဲ့ ဖွဲ့ပြီး လွယ်ကူတဲ့ အနာစိမ်းကုတဲ့ ဆေးရည်ဖော်စပ်နည်းသင်ပေးတယ်။ သူဟာ ကျယ်ပြီးကြီးတဲ့ အနက်ရောင်ခြုံထည်ကြီး တဖားဖားနဲ့ စာသင်ခန်းထဲမှာ ဟိုဟိုဒီဒီသွားနေတယ်။ သူတို့တတွေ လျှော်တစ်မျိုးနဲ့ အမှုန့်ကြိတ်ထားတဲ့ အဆိပ်ရှိမြွေသွား ချိန်တာ ကြည့်ကြပ်တယ်။ လူတိုင်းလောက် ပြင်းပြင်းထန်ထန် ဝေဖန်ခံရတယ်။ မာဖိုင်တစ်ယောက်ထဲ လွတ်တယ်။ သူကဒီကျောင်းသားကို အထူးချစ်ပုံရတယ်။ မာဖိုင် ဝက်ကျိချက်တာ ဘယ်လောက်တော်ကြောင်း သူက ပြောနေစဉ်မှာပဲ မြေအောက်ခန်းထဲကနေ အချဉ်နံ့ရှိတဲ့ အစိမ်းရောင် အငွေ့တွေ ထွက်လာတယ်။ ရှီးရှီးသံတွေလဲ ဆူးရှူစွာပေါ်လာတယ်။ နီဗီး စီးမတ်စ်ရဲ့ အိုးကို ဝိန်ပြားနေတဲ့ သံပြားဖြစ်အောင် ဘယ်လိုလုပ်လိုက်တယ် မသိဘူး။ အိုးထဲက ဆေးရည်အားလုံး ကျောက်ပြားကြမ်းခင်းပေါ် ကျကုန်ပြီး တခြားကျောင်းသားတွေရဲ့ ဖိနပ်ကို အပေါက်ကလေးတွေ ပေါက်သွားစေတယ်။ စက္ကန့်အနည်းငယ်လေးအတွင်းမှာ ကျောင်းသားအားလုံး ထိုင်ခုံပေါ် တက်လိုက်ကြတယ်။ အိုးကြီးမှောက်စဉ် ဆေးရည်တွေ တစ်ကိုယ်လုံး စိုရွှဲသွားတဲ့ နီဗီးဟာ နာလွန်းလို့ အကျယ်ကြီးအော်နေတယ်။ လက်မောင်းနဲ့ ခြေထောက်ပေါ်မှာ အစက်အပြောက်တွေ နီနီရဲရဲ ပေါ်ထွက်လာတယ်။

"ငတုံး" စနိတ်ပ်က ဒေါသနဲ့ အော်တယ်။ သူကမှော်ကြိမ်လုံးကို အသာလေး ယမ်းလိုက်တာနဲ့ ဆေးရည်တွေ ပျောက်ကုန်ရော။ "အိုးကို မီးပေါ်ကမချခင်မှာ ဖြူရိုးကိုပစ်ထည့်လိုက်တယ် ထင်တယ်"

နီဗီးဟာ အခုဆိုရင် နှာခေါင်းပေါ်မှာတောင် အနီဖုတွေ ထွက်နေပြီ။ သူဟာ ခေါင်းငုံ့ပြီး တအီးအီးငိုနေတယ်။

"သူ့ကို အပေါ်က ဆေးရုံကို ပို့လိုက်" စနိတ်ပ်က စီးမတ်စ်ကို အော်တယ်။ ဒီနောက် ဟယ်ရီနဲ့ ရွန်ရေ့ကို ကွေ့သွားတယ်။ သူတို့နှစ်ယောက် ဆေးဖျော်တဲ့ နေရာဟာ နီဗီးရဲ့ ဘေးမှာ။

"မင်း-ပေါ်တာ-မင်းက ဘာဖြစ်လို့ သူ့ကို ဖြူရိုးမထည့်နဲ့လို့ မပြောတာလဲ။ ကျုပ်ထင်တယ်၊ သူအမှားဖြစ်ခဲ့ရင်၊ မင်းက ပိုတော်ကြောင်း ပြနိုင်တယ်လို့ မင်းထင်တယ် ဟုတ်လား။ အခု မင်းကြောင့် ဂရစ်ဖင်းဒေါ တစ်မှတ်လျှော့ပြန်ပြီ"

ဒါသိပ်ကို မတရားဘူး။ ဟယ်ရီက ပြန်ပြောမယ်လုပ်တုန်းမှာ ရွန်က အိုးကြီးနောက်ကနေ သူ့ကို ခြေထောက်နဲ့ ကန်လိုက်တယ်။

"လျှောက်မလုပ်နဲ့" သူကတိုးတိုးပြောတယ်။ "စနိတ်ပ်ဆိုတဲ့ လူဟာ အကျိုးအကြောင်း မရှိဘူးလို့ ကြားဘူးတယ်"

တစ်နာရီကြာပြီးနောက်၊ အားလုံး မြေအောက်စာသင်ခန်းက ထွက်ပြီး လှေခါးပေါ် တက်တယ်။ ဟယ်ရီရဲ့ ခေါင်းထဲမှာ သံသယတွေ အများကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ စိတ်ဓာတ်လဲ ကျနေတယ်။ ကျောင်းစဖွင့်တဲ့ ပထမအပတ်မှာပဲ သူ့ကြောင့် ဂရစ်ဖင်းဒေါ် အမှတ်နှစ်မှတ် နုတ်ခံရတယ်။ စနိုတ်ပ်ဟာ ဘာဖြစ်လို့ သူ့ကိုဒီလောက် မုန်းတီးတာလဲ။

"စိတ်အေးအေးထားပါ" ရွန်ကပြောတယ်။ "ဖရက်နဲ့ ဂျော့တို့လဲ စနိုတ်ပ် ထင်သလို အမှတ်လျှော့ခံရတယ်။ "ငါ မင်းနဲ့အတူ ဟက်ဂရစ်ဆီ လိုက်ရမလား"

သုံးနာရီထိုးဖို့ ငါးမိနစ်လိုသေးတယ်။ သူတို့ဟာ ရဲတိုက်ကထွက်ပြီး ကျောင်းဝန်းကို ဖြတ်ကျော်တဲ့ ခရီးရှည်ကို စခဲ့တယ်။ ဟက်ဂရစ်ဟာ တားမြစ်သစ်တောဘေးက သစ်သားအိမ်လေး တစ်လုံးမှာ နေတယ်။ သူ့တံခါးမကြီးရှေ့မှာ လေးတစ်စင်းနဲ့ ရော်ဘာဖိနပ်ရှိတယ်။

ဟယ်ရီ တံခါးခေါက်တဲ့အခါမှာ၊ အထဲက ပြင်းထန်စွာ ရှန်းကန်သံကြားရတယ်။ တိုးတိုးအော်သံလဲ ပါသေးတယ်။ ဒီနောက် ဟက်ဂရစ်က အသံမြှင့်ပြီး အော်တယ်၊ "နောက်ဆုတ်၊ ရားရား- နောက်ဆုတ်"

တံခါးအပေါက်လေး သေးသေးပဲဖွင့်တယ်။ "နောက်ဆုတ်၊ ရားရား"

သူက သူတို့ကို အထဲဝင်ခိုင်းတယ်။ လက်တစ်ဖက်က အနက်ရောင်ဝက်ဖမ်းခွေးအကြီးကြီးရဲ့ လည်ပတ်ကွင်းကို ဆွဲထားတယ်။

ဒီအိမ်မှာ စုစုပေါင်းမှ အခန်းတစ်ခန်းထဲရှိတယ်။ မျက်နှာကြက်ပေါ်မှာ ဝက်ပေါင်ခြောက်နဲ့တောကြက် ချိတ်ထားတယ်။ မီးလင်းဖို ထင်းပုံပေါ်မှာ အငွေ့ထွက်နေတဲ့ ကြေးခရားအိုး ရှိတယ်။ အိမ်ဒေါင့်မှာ ခုတင်ကြီးတစ်လုံး ရှိတယ်။ အပေါ်မှာ အဖာအထေးနဲ့ အခင်းတို့ စောင်တို့ရှိတယ်။

"အားမနာနဲ့" ဟက်ဂရစ်က ပြောရင်း ရားရားရဲ့လည်ပတ်ကို လွှတ်လိုက်တယ်။ ခွေးကြီးက ချက်ချင်း ရွန်ဆီကို ခုန်သွားတယ်။ သူ့နားရွက်ကို ရင်းနှီးစွာ လျက်တယ်။ ဟက်ဂရစ်လိုပဲ ရားရားဟာ သူ့အသွင်အပြင်လို မဆိုးပါဘူး။

"ဒါက ရွန်" ဟယ်ရီက ဟက်ဂရစ်ကို ပြောပြတယ်။ အိမ်ရှင်က ရေနွေးကို လက်ဖက်ရည် ခရားကြီးထဲ သွန်ထည့်နေတယ်။ ထမင်းပန်းကန်ထဲမှာ ကျောက်ခဲကိတ်တွေ ပြည့်နေတာပဲ။

"ဝယ်စလီ အိမ်က ညီတစ်ယောက်လာပြန်ပြီ၊ ရှပ်"

ဟက်ဂရစ်က ရွန်ရဲ့ မှည့်ခြောက်ကိုကြည့်တယ်။ "ကျုပ်ဘဝ အချိန်



တစ်ဝက်လောက်ဟာ မင်းအစ်ကို အမြွာညီနောင်ကို လိုက်မောင်းနေရတာ"

ကျောက်ခဲကိတ်မုန့်က မာလွန်းလို့ သူတို့သွားတောင် ကျိုးတော့မယ်။ ဟယ်ရီနဲ့ရွန်တို့ဟာ သိပ်စားလို့ကောင်းပုံ ဟန်ဆောင်ကြတယ်။ ဒီရက်တွေအတွင်း ကျောင်းတက်ရတဲ့အကြောင်း ဟက်ဂရစ်ကို နှစ်ယောက်သားဝိုင်းပြောပြတယ်။ ရားရားက ခေါင်းကို ဟယ်ရီပေါင်ပေါ် တင်ထားတယ်။ သွားရည်တွေကျလို့ ဟယ်ရီဝတ်ရုံရှည် တစ်ကွက်ကြီး စိုသွားတယ်။

ဟယ်ရီနဲ့ရွန်ဟာ ဟက်ဂရစ်က ဖစ်ချ်ကို 'လူယုတ်မာကြီး" လို့ ခေါ်တာကြားတော့ တအား ကျေနပ်သွားတယ်။

"ဟိုကြောင်ကျတော့၊ မဒမ်နော်ရီးဆိုလား ခေါ်တဲ့ကြောင်ဟာ တခါတလေ ငါက ၎င်းကို ရားရားနဲ့ မိတ်ဆက်ပေးလိုက်ချင်တယ်။ မင်းသိလား၊ ကျောင်းသွားတိုင်းသွားတိုင်း ငါသွားလေရာ ၎င်းကလိုက်နေတာပဲ။ ဘယ်လိုမှ ဖြတ်ထားခဲ့လို့မရဘူး — ဒါဖစ်ချ်က ၎င်းကိုခိုင်းထားလို့ ဖြစ်မယ်"

ဟယ်ရီက စနိုတ်ပ် ကျောင်းချိန်မှာ ဖြစ်ပွားတဲ့ ကိစ္စကို ဟက်ဂရစ်ပြောပြတယ်။ ဟက်ဂရစ်လဲ ရွန်လိုပဲ ဟယ်ရီကို မစိုးရိမ်ပါနဲ့၊ အဲဒီ စနိုတ်ပ်ဟာ ဘယ်တုန်းတမှ ဘယ်ကျောင်းသားကို နှစ်သက်ခဲ့တာ မရှိဘူးတဲ့။

"ဒါပေမယ့်၊ သူက ကျွန်တော့်ကို အထူးမုန်းသလိုပဲ"

"လျှောက်မပြောနဲ့" ဟက်ဂရစ်ကပြောတယ်။ "သူကမင်းကို ဘာဖြစ်လို့မုန်းရမှာလဲ"

ဒီလိုပြောပေမယ့် ဟယ်ရီဟာ ဟက်ဂရစ် ဒီစကားပြောနေစဉ်မှာ မျက်စိက မငြိမ်ဘူး။ သူ့ကိုလဲမကြည့်ဝံ့သလိုပဲလို့ ခံစားရတယ်။

"မင်းအစ်ကို ချာလီ ခုတလော ဘယ့်နှယ်နေလဲ" ဟက်ဂရစ်က ရွန်ကို မေးတယ်။ "ကျုပ် ဒီကလေးကို သိပ်ချစ်တယ် — သူက တိရစ္ဆာန်အကြောင်း နားလည်တယ်"

ဟက်ဂရစ် စကားကို တမင်ပြောင်းပစ်တာလားလို့ ဟယ်ရီကတွေးမြန်ကယ်။ ရွန်က ဟက်ဂရစ်ကို ချာလီ နဂါးသုတေသနပြုတဲ့ အကြောင်းပြောနေတယ်။ ဟယ်ရီက ဟက်ဂရစ်ရဲ့ လက်ဖက်ရည် ပန်းကန်ခုတဲ့ အခင်းအောက်မှာ စက္ကူတစ်ရွက်တွေ့တယ်။

(ဂရင်းဂေါ့စ်သို့ ခွင့်ပြုချက်မရှိပဲ ဝင်ရောက်မှုရဲ့ နောက်ဆုံးသတင်း)

ဇူလိုင်လ ၃၁ ရက်နေ့မှာ ဖြစ်ပွားတဲ့ ဂရင်းဂေါ့စ်သို့ ခွင့်ပြုချက်မရှိပဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တဲ့အမှုကို သက်ဆိုင်ရာက ဆက်လက်စုံစမ်းစစ်ဆေးနေဆဲ။ အများ အမြင်အရ ဒီကိစ္စဟာ မှော်နက်ဆရာ သို့မဟုတ် ဆရာမတစ်ဦးဦးက စီစဉ်တဲ့ ဆောင်ရွက်မှုဖြစ်မယ်လို့ ယူဆကြတယ်၊

ဂရင်းဂေါ့စ်တ သရဲတစ္ဆေတွေဟာ ဒီနေ့မှာ ခိုးဝင်သူတွေဆီ အာ ပစ္စည်းမှုပါမသွားဘူးလို့ အတိအကျပြောတယ်၊ ခိုးဖောက်ဝင်သူတွေ ဝင် ရောက်ရှာဖွေခဲ့တဲ့ မြေအောက်ရတနာခန်းဟာ စင်စစ် အဲဒီနေ့စောစော အချိန်မှာပဲ အားလုံးထုတ်ယူသွားပြီးပြီ၊

"ဒါပေမယ့်၊ ဒီအခန်းထဲ ဘာတွေထားတယ်ဆိုတာတော့၊ ကျွန်ုပ်တို့ ပြောပြမှာ မဟုတ်ဖူး၊ ဒါကြောင့် အကြောင်းသိရင်၊ ကောင်းကောင်းနေကြပါ။ ကျုပ်တို့တို ပြဿနာမရှာပါနဲ့" ဒါကတော့ ဂရင်းဂေါ့စ်က ပြောရေးဆိုခွင့်ရှိသူ သရဲတစ်ကောင်က ပြောဆိုခဲ့ခြင်း ဖြစ်ပါတယ်၊

ရွန်က ရထားပေါ်မှာတုန်းက ဂရင်းဂေါ့စ်ကို ဓားပြတိုက်တဲ့အကြောင်း ပြောပြတာ ဟယ်ရီ မှတ်မိတယ်။ ဒါပေမယ့် ရွန်က ထိုစဉ်တုန်းက ဖြစ်ပွားတဲ့ နေ့စွဲကိုမပြောခဲ့ဘူး။

"ဟက်ဂရစ်" ဟယ်ရီကပြောတယ်။ "ဟို ဂရင်းဂေါ့စ်ထဲ တရား မဝင်ဖောက်ဝင်တဲ့ ကိစ္စက ကျွန်တော့်မွေးနေ့မှာဖြစ်တာ။ ကျွန်တော်တို့ ငွေသွားယူတဲ့ အချိန်မှာ ဖြစ်တာလဲ ဖြစ်နိုင်တယ်"

ဒီတစ်ချိန်မှာတော့ ဟယ်ရီသေချာသိတာက ဟက်ဂရစ် သူ့မျက်စိကို မကြည့်ဝံ့တာပဲ။ ဟက်ဂရစ်က ဗလုံးဗထွေးပြောလိုက်ပြီး ဟယ်ရီကို ကျောက်ခဲ ကိတ်မုန့်တစ်တုံး ထည့်ပေးလိုက်တယ်။ ဟယ်ရီက ဟိုသတင်းကို တစ်ကြိမ် ပြန်ဖတ်တယ်။ "ခိုးဖောက်ဝင်သူတွေ ဝင်ရောက်ရှာဖွေတဲ့ မြေအောက် ရတနာ ခန်းဟာ၊ စင်စစ် အဲဒီနေ့ စောစောအချိန်မှာပဲ အားလုံးထုတ်ယူသွားပြီးပြီ" တကယ်လို့ ညစ်ညစ်ပတ်ပတ် အထုပ်ကလေး တစ်ထုပ်ကိုယူတာနဲ့ အားလုံး ထုတ်ယူသွားပြီးပြီလို့ ပြောလို့ရရင်၊ ဟက်ဂရစ်ဟာ ထိုနေ့မှာ အမှတ် ၇၁၃ မြေအောက် ရတနာခန်းကို အားလုံးထုတ်ယူတယ်လို့ပြောလို့ရတယ်။ အဲဒါဟာ ဓားပြတွေလိုချင်တဲ့ ပစ္စည်းများလား။

ဟယ်ရီနဲ့ ရွန်တို့ ညစာစားဖို့ ရဲတိုက်ပြန်ကြတဲ့အခါမှာ သူတို့ အိတ်ထဲမှာ အားနာလို့ မငြင်းဆန်ချင်တဲ့အတွက် ယူလာတဲ့ ကျောက်ခဲ




ကိတ်တွေနဲ့ ပြည့်နေတယ်။ ဟယ်ရီကတွေးတယ်။ ဟက်ဂရစ်နဲ့ နေ့ခင်း လက်ဖက်ရည်သောက်ရတာ သူ့အတွက်တွေးစရာ ပြဿနာတွေဟာ ဒီတစ် ပတ်လုံးလုံး ကျောင်းတက်ရတာထက် များနေတယ်။

ဟက်ဂရစ်ဟာ ဓားပြတွေဖောက်မဝင်ခင်မှာ အချိန်မီ ဟိုအထုပ်ကို ယူထုတ်ခဲ့တာလား။ အဲဒီအထုပ် အခု ဘယ်မှာလဲ။ ဟက်ဂရစ်ဟာ စနိတ်ပ်နဲ့ ပတ်သက်တာတွေသိနေပြီး သူ့ကို ပြောမပြချင်တာလား။

www.burmeseclassic.com

www.burmeseclassic.com



## ၉။ သန်းခေါင်တိုက်ပွဲ

ကမ္ဘာပေါ်မှာ ဒါလိထက်ပိုပြီး သူ့ကို ရွံ့မုန်းစေတဲ့ ကောင်လေးရှိလိမ့်မယ်လို့ ဟယ်ရီအလျင်က မယုံကြည်ခဲ့ဘူး။ ဒါပေမယ့်၊ အဲဒါက သူဗျာကို မာဖိုင်နဲ့ မတွေ့ခင်က။ တော်သေးတာက ဂရစ်ဖင်းဒေါ ပထမနှစ်ကျောင်းသားတွေဟာ မှော်ဆေးပညာ သင်တန်းကျမှ စလေးသရင်းက ကျောင်းသားသစ်တွေနဲ့အတူ သင်ကြားရတာ။ ဒါကြောင့် သူတို့ မာဖိုင်နဲ့ ဆုံတွေ့ရတဲ့အချိန် သိပ်မများဘူး။

ဒါပေမယ့်၊ ကောင်းတဲ့ အခြေအနေက သိပ်တော့ မကြာခဲ့ဘူး။ တစ်နေ့မှာ သူတို့ဟာ ဂရစ်ဖင်းဒေါ မိတ်ဆုံခန်းမ နံရံပေါ်မှာ လူတိုင်း အပြစ်တင်ခံရတဲ့ ကြော်ငြာစာတစ်ခုတွေ့ရတယ်။ ပျံသန်းတဲ့ သင်တန်းကို ကြာသပတေးနေ့မှာ စမယ်။ ဂရစ်ဖင်းဒေါက စလေးသရင်းနဲ့အတူ သင်တန်းတက်ရမယ်။

"သိပ်ကောင်းတာပဲ" ဟယ်ရီက မှုန်ကုပ်ကုပ်နဲ့ ပြောတယ်။ "ငါမျှော်လင့်သလိုပဲ၊ မာဖိုင်ရှေ့မှာ မိုးပျံတံမြက်စည်းစီးရင်း အရူးကွဲလိမ့်မယ်"



ပျံသန်းခြင်းဟာမှုလက သူသိပ်မျှော်လင့် စောင့်စားတဲ့ သင်ခန်းစာပဲ။

"မင်းမုချ အရူးကွဲလိမ့်မယ်လို့ ဘယ်လိုလုပ်သိတာလဲ" ရွန်က အသိရှိရှိနဲ့ မေးတယ်။ "ငါကတော့၊ မာဖိုင်ဟာ အမြဲတမ်း ဝေါင်းစဉ်ရေမရ ကြွားလုံးထုတ်တတ်တယ်။ ခွေဒစ်ကစားတာ ဘယ်လောက်တော်တယ်နဲ့ ပြောနေတယ်။ သူဟာ ကြွားတတ်တာပဲရှိတယ်ဆိုတာ ငါအာမခံရဲတယ်"

မာဖိုင်ဟာ တကယ်ပဲ ပျံသန်းတာကို ပါးစပ်ကမချဘူး။ သူက ပထမနှစ်ကျောင်းသား ခွေဒစ်အဖွဲ့ထဲ အရွေးမခံရတာဟာ သိပ်ကို မတရားဘူးလို့ အကျယ်ကြီး အပြစ်တင်လေ့ရှိတယ်။ တစ်ခါ ရှည်လျားပြီး ချဲ့ကားတဲ့ ပုံပြင်တွေလဲ ပြောတတ်တယ်။ ပုံပြင် အဆုံးတိုင်းမှာ သူဟာ ဘယ်လိုလုပ်ပြီး 'မတ်ဂေါ်'ရဲ့ ဟယ်လီကော်ပတာကို အောင်မြင်စွာ ရှောင်လိုက်နိုင်တာနဲ့ အဆုံးသတ်တယ်။ ကြွားချင်တာ သူတစ်ယောက်ထဲ မဟုတ်သေးဘူး။ စီးမတ်စ်ကလဲ အမြဲပြောတတ်တယ်။ သူ့ငယ်စဉ်ဘဝ အချိန်အများစုဟာ တံမြက်စည်းကို စီးပြီး တောတောင်တွေကြား ပျံသန်းခဲ့တယ်တဲ့။ ရွန်ကတောင် အခွင့်အရေးရတာနဲ့ သူက ချာလီရဲ့ တံမြက်စည်းအဟောင်းကို စီးပြီး ပျံသန်းရာမှာ လျှောစီးလေယာဉ်ကို စီးလာတဲ့ 'မတ်ဂေါ်'ကို တိုက်မိဖို့ နည်းနည်းလိုတယ် စသဖြင့် အကျယ်ချဲ့ ပြောတတ်တယ်။ မှော်ဆရာ အိမ်ထောင်ကလာတဲ့ လူတိုင်းဟာ ခွေဒစ်ကို စကားထဲထည့်ထည့်ပြောလေ့ ရှိတယ်။ ရွန်ဟာ ကန်ဘောကိစ္စနဲ့ သူ့နဲ့ တခန်းထဲနေ ဒင်း-သောမတ်နဲ့ ရန်ဖြစ်သေးတယ်။ ရွန်အနေနဲ့၊ တကွင်းလုံးဘောလုံးတစ်လုံးထဲနဲ့ ပါဝင်သူတွေကလဲ ပျံသန်းလို့မရပဲ ဘာများပျော်စရာကောင်း လဲဆိုတာ နားမလည်နိုင်ဘူး။ ဟယ်ရီဟာ တစ်ကြိမ်မှာ ရွန်က ဒင်းရဲ့ စီဟန်ကန်ဘောကြော်ငြာကို တိတ်တိတ်လက်နဲ့ထောက်ပြီး အဲဒီဘောသမားတွေ လှုပ်လာအောင် လုပ်တာတွေ့ရတယ်။

နီဗီးဟာ ဘဝမှာ တစ်ကြိမ်မှ တံမြက်စီးပျံကို မစီးဖူးဘူး။ အကြောင်းက အဖွားဖြစ်သူက သူ့ကိုဒီလို သွားလာရေးကိရိယာနား အကပ်မခံလို့။ ဟယ်ရီက သူမလုပ်ပုံကို ကြိတ်သဘောတူတယ်။ နီဗီးက ခြေနှစ်ချောင်းနဲ့ မြေကြီးပေါ် လမ်းလျှောက်တာတောင်၊ သူဖြစ်တဲ့ မတော်တဆမှုဟာ လန့်စရာကောင်းအောင် များတယ်။

ဟာမီးဟာ ပျံသန်းတဲ့ကိစ္စမှာ နီဗီးလိုပဲ ပျာနေတယ်။ ဒါက စာအုပ်လှန်ဖတ်၊ အခဲသမှတ်တာနဲ့ တတ်မြောက်နိုင်တာမျိုး မဟုတ်ဖူး။ သူမလဲ

www.burmeseclassic.com

www.burmeseclassic.com



စမ်းမကြည့်ဘူးတာ မဟုတ်ဖူး။ ကြာသပတေးနေ့ နံနက်စာ စားတဲ့အချိန်မှာ သူမဟာ စာကြည့်တိုက်က ငှားလာတဲ့ (သမိုင်းကို ကျော်ဖြတ်တဲ့ ခွေဒစ်) စာအုပ်ထဲမှာ တွေ့ရတဲ့ ပျံသန်းမှုသင်တန်းတွေကို တချိုးထဲ ပြောချလိုက်တယ်။ ဒါကြောင့် သူတို့က ငြီးငွေ့လို့ သေချင်လာတယ်။ နီဗီးက သေချာနားထောင်တယ်။ စကားတစ်လုံးတောင် မလွတ်အောင် နားထောင်တယ်။ တော်ကြာ သူ့တံမြက်စည်းကို ဖက်တွယ်ထားစဉ် အသုံးကျစေချင်တယ်။ ဒါပေမယ့် ကျန်သူတွေကတော့ စာလာပို့လို့ ဟာမီး စကားစ ပြတ်သွားတဲ့ အတွက် ဖလွှန်ဝမ်းသာကြတယ်။

ဟယ်ရီဟာ ဗာက်ဂရစ်ရဲ့ စာတိုလေးရပြီးကတည်းက နောက်ထပ် ဘာစာမှ မရဘူး။ မာဖိုင်ဟာ ဒါကို မကြာခင် သတိပြုမိသွားတယ်။ မာဖိုင်ရဲ့ ဇီးကွက်ကြီးဟာ အိမ်ကနေ သူ့အတွက် မုန့်တို့ သကြားလုံးတို့ သယ်သယ် လာတယ်။ သူကလဲ အထုပ်ကို ဖွင့်ပြီး စလေးသရင်း ထမင်းစား စားပွဲပေါ်မှာ ပြသထားတယ်။

မြက်ဇီးကွက်တစ်ကောင်ဟာ နီဗီးအတွက် အဖွားကပေးတဲ့ အထုပ် လေး လာပို့တယ်။ သူက ဝမ်းသာစွာနဲ့ ဖွင့်တယ်။ အထဲက ဂေါ်လီလုံးအကြီး ကြီးလောက်ရှိတဲ့ ဖန်လုံးတစ်လုံးရတယ်။ ဖန်လုံးထဲမှာ အဖြူရောင် အခိုးအငွေ့ တွေ ဝေနေတယ်။

"ဒါကတော့ မှတ်သားမှု ဖန်လုံးလေ" သူက အများကို ရှင်းပြတယ်၊ "အဖွားက ကျွန်တော့် ဟိုဟာမေ့၊ ဒီဟာမေ့ မေ့တတ်တာသိလို့-တကယ်လို့ အလုပ်တစ်ခုခု လုပ်ဖို့မေ့နေရင်၊ ဒီဖန်လုံးက သတိပေးတယ်။ ကြည့်ကြပါ၊ ဒီလို ၎င်းကို လက်ထဲတင်းတင်းဆုပ်ထား၊ ၎င်းနီသွားရင် — ဗိုး. . . ." သူ့ မျက်နှာတည်သွားတယ်။ မှတ်သားမှု ဖန်လုံးဟာ ရုတ်တရက် နီရွှေရွှေအရောင် ထွက်လာလို့ပဲ". . . . ဒါဆို တစ်ခုခုပျောက်နေတယ်လို့ ဆိုလိုတာ. . . . . ."

နီဗီးဟာ ဗိမိဘာပျောက်နေလဲဆိုတာ ပြန်စဉ်းစားနေချိန်မှာ ဂရစ် ဖင်းဒေါ ထမင်းစား စားပွဲနား ဖြတ်သွားတဲ့ မာဖိုင်ဟာ သူ့လက်ထဲက မှတ် သားမှု ဖန်လုံးကို ဆွဲလုယူသွားတယ်။

ဟယ်ရီနဲ့ ရွန်တို့ ခုန်ထလိုက်တယ်။ သူတို့ဟာ အစောကြီးကတည်းက အကျိုးအကြောင်း တစ်ခုခုပြပြီး မာဖိုင်နဲ့ ချချင်နေတာ၊ ကျောင်းသား အချင်းချင်း ရန်ဖြစ်တာကို ဆရာအားလုံးထဲမှာ သတိအရှိဆုံး ပါမောက္ခ



မက်ဂေါ်နာဂေါဟာ လျှပ်စီးလက်လိုက်သလို သူတို့ရှေ့ရောက်လာတယ်။

"ဘယ်လိုဖြစ်တာလဲ"

"မာဖိုင်က ကျွန်တော့်မှတ်သားမှုဖန်လုံး လုသွားတယ်၊ ပါမောက္ခ"

မာဖိုင်က မကျေမနပ်နဲ့ မှတ်သားမှု ဖန်လုံးကို စားပွဲပေါ် ပစ်ချလိုက် တယ်။ "ကြည့်ရုံလေးပါ" ပြောပြီးတာနဲ့ သူဟာ ခရပ်နဲ့ ဂိုးကိုခေါ်ပြီး ထွက်ပြေးသွားတယ်။

ထိုနေ့က ညနေ သုံးနာရီခွဲမှာ၊ ဟယ်ရီ၊ ရွန်နဲ့ တခြားဂရစ်ဖင်းဒေါ ကျောင်းသားသစ်တွေဟာ ရဲတိုက်ကြီး တံခါးမရှေ့က လှေခါးထစ်တွေဆီ အလုအယက် ပြေးဆင်းခဲ့ကြတယ်။ ကျောင်းခြံဝန်းထဲမှာ သူတို့ရဲ့ ပထမဆုံး ပျံသန်းမှုသင်တန်းတက်မှာ ဖြစ်တယ်။ ဒီနေ့ဟာ ကောင်းမွန်သာယာတဲ့ နေ့ တစ်နေ့။ လေကပြေပြေလေးရယ်။ သူတို့ဟာ မြက်စိမ်းစိမ်းစိုစို ပေါက်နေတဲ့ ကုန်းဆင်းလမ်းအတိုင်း ညီညာပျံ့ပျူးတဲ့ မြက်ခင်းဆီသို့ ဆင်းလာကြတယ်။ လေပြေလေးဟာ သူတို့ခြေထောက်အောက်က မြက်ခင်းကို လှိုင်းစိမ်းစိမ်း လေးတွေ ထထသွားစေတယ်။ ဒီပြင် တားမြစ်သစ်တောနဲ့လည်း ကျောင်းခြံဝန်း ရဲ့ တစ်ဖက်စီမှာ တည်ရှိနေတယ်။ သူတို့ဟာ အဲဟို အုပ်မှိုင်းမှိုင်းသစ်တောရဲ့ အရိပ်အယောင်ကို မသဲမကွဲတွေ့ရတယ်။

စလေးသရင်းက ကျောင်းသားတွေဟာ သူတို့ထက် နည်းနည်းစောပြီး ရောက်နှင့်နေပြီ။ ဒီပြင် မိုးပျံတံမြက်စည်းအချောင်း ၂၀ ဟာ မြေကြီးပေါ်မှာ ညီညီညာညာလဲလျောင်းနေတယ်။ ဟယ်ရီဟာ အရင်က ဖရက်နဲ့ဂျော့ ညီအစ် ကိုတို့ ကျောင်းကတံမြက်စည်းကို ပြောဘူးတာ ကြားဘူးတယ်။ ပျံတာသိပ်မြင့် ရင် တံမြက်စည်းတစ်ချို့ဟာ လှုပ်ခါနေတတ်တယ်။ ဒါမှ မဟုတ်ရင် ပျံတဲ့ အခါမှ ဘယ်ဘက်ကိုချည်း ယိမ်းစောင်းသွားတယ်တဲ့။

သူတို့ ဆရာမ မဒမ်ဟုခ်ျရောက်လာပြီ။ သူမမှာ မီးခိုးရောင်ဆံတိုနဲ့ သိန်းငှက်ကဲ့သို့ မျက်စိဝါဝါရှိတယ်။

"မင်းတို့ ဘာအီးရောအီးရောလုပ်နေတာလဲ" သူမက အော်တယ်။ "လူတိုင်း တံမြက်စည်း တစ်ချောင်းစီဘေးမှာ ရပ်။ မြန်မြန်လုပ်၊ ကိုယ်စီနေရာ ကိုယ်ယူ"

ဟယ်ရီက သူ့တံမြက်စည်းကို ခေါင်းငုံ့ကြည့်တယ်။ အလွန်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဖျားက အမှုန်တွေဟာ ဟိုထောင် ဒီထောင်နဲ့။

"ညာလက်ကို တံမြက်စည်းအပေါ်ဘက်မှာထား"၊ မဒမ်ဟုချ်က ရှေ့မှာရပ်ပြီးအော်တယ်။ "ပြော'တက်ခဲ့' "

"တက်ခဲ့" အားလုံးအတူတကွ အော်တယ်။

ဟယ်ရီရဲ့ တံမြက်စည်းဟာ သူ့လက်ထဲ ချက်ချင်းခုန်တက်လာတယ်။ အတန်းထဲက လူအနည်းငယ်ပဲ ဒီလိုအခြေအနေမျိုးရောက်တယ်၊ ဟာမီးရဲ့ တံမြက်စည်းဟာ မြေကြီးပေါ်မှာ လိမ့်သွားရုံပဲရှိတယ်။ နီဗီးရဲ့ တံမြက်စည်းဟာ လှုပ်တောင် မလှုပ်ဖူး။ တံမြက်စည်းဟာ မြင်းနဲ့ တူတယ်ထင်တယ်။

သူ့ရဲ့စိတ်ထဲမှာ ကြောက်လား၊ မကြောက်ဖူးလားဆိုတာ ခွဲခြားနိုင်တယ်နဲ့တူတယ်။ ဟယ်ရီက စိတ်ထဲတိတ်တိတ်တွက်တယ်။ နီဗီးရဲ့ အသံက နည်းနည်းတုန်နေတယ်၊ ကြားတာနဲ့ သူဟာ ခြေထောက်ကို မြေကြီးနဲ့ မခွာချင်ဘူးဆိုတာ သိနိုင်တယ်။

ဒီနောက် မဒမ်ဟုချ်က သူတို့ကို တံမြက်စည်း ဘယ်လိုစီးမှ အမြီးဘက်ကနေ လျှောမကျမှာဆိုတာ သင်ပေးတယ်။ သူမဟာ အတန်းစီထားတာကို အသွားအပြန်လိုက်ကြည့်တယ်။ သူတို့ ကိုင်ပုံကိုင်နည်းတွေကို တစ်ယောက်ချင်းလိုက်ပြင်ပေးတယ်။ သူမက ပြောတယ်။ မာဖိုင်ဟာ နှစ်မနည်းဘူး မှားယွင်းတဲ့ အနေအထားနဲ့ တံမြက်စည်းကို စီးနေတယ်တဲ့။ ဒါကြောင့် ဟယ်ရီနဲ့ ရွန်တို့ အလွန်ဝမ်းသာသွားတယ်။

"အခု၊ ငါဝီစီမှုတ်လိုက်တာနဲ့ မင်းတို့က အားနဲ့အထက်သို့ စခုန်ပါ" မဒမ်ဟုချ်က ပြောတယ်။ "တံမြက်စည်းကို ငြိမ်အောင်ထား၊ အထက်ကို ခပ်အနည်းငယ် ပျံတက်၊ ဒီနောက် ကိုယ်ကို ရှေ့သို့ နည်းနည်းကိုင်းပါ၊ မူလနေရာကို တိုက်ရိုက်ပျံခဲ့။ အခု ဝီစီသံနားထောင် — သုံး — နှစ် — "

နီဗီးဟာ သိပ်ပူပန်လွန်းလို့ အာရုံကြောဆွဲသလိုဖြစ်နေတယ်။ သူတစ်ယောက်ထဲ မြေကြီးပေါ် ကျန်ခဲ့မှာလဲ သိပ်ကြောက်တယ်။ ဒါကြောင့် ဝီစီနဲ့ မဒမ်ဟုချ် နှုတ်ခမ်းနဲ့ထိရုံရှိသေးတယ်။ သူဟာ လန့်သလို ထခုန်တယ်။

"ပြန်လာခဲ့၊ ခလေး" သူမက အော်တယ်။ ဒါပေမယ့် နီဗီးဟာ ပုလင်းက ကန်ထွက်သွားတဲ့ ပုလင်းဆို့လို မိုးပေါ်ပျံတက်သွားတယ်-၁၂ ပေ-ပေ ၂၀။ ကြောက်လို့ ဖြူဖပ်ဖြူယော်ဖြစ်နေတဲ့ မျက်နှာဟာ ကြာလေဝေးသွားလေဖြစ်တဲ့ မြေပြင်ကို ငုံ့ကြည့်နေတာ ဟယ်ရီတွေ့ရတယ်။ သူကိုယ် နည်း



နည်းစောင်းသွားတာနဲ့ တံမြက်စည်းပေါ်က လျှောကျလာတယ်။

ဘန်း — မိုးမြေရိုက်ခတ်သွားတဲ့အသံ၊ ဆိုးဝါးစွာ ကွဲအက်သံနဲ့အတူ နီဗီးဟာ မျက်နှာအောက် လှည့်ပြီး မြေကြီးပေါ်ကျလာတယ်။ ပျော့ခွေပြီး မထနိုင်တော့ဘူး။ သူ့မိုးပျံတံမြက်စည်းဟာလဲ မိုးပေါ်မှာ ပျံလေမြင့်တက်လေပဲ။ တားမြစ်သစ်တောဆီကို လွင့်သွားတယ်။ ဒီနောက် ပျောက်သွားတယ်။

မဒမ်ဟုချ်ဟာ ကုန်းပြီး နီဗီးရဲ့ ဒဏ်ရာကို ကြည့်တယ်။ သူမရဲ့ မျက်နှာဟာ သူ့လိုပဲ ဖြူဖပ်ဖြူယော်နဲ့။

"လက်ကောက်ဝတ်ကျိုးသွားတယ် " သူမတိုးတိုးပြောတာ ဟယ်ရီကြားရတယ်။ "ကောင်းပြီ၊ ခလေး -- ဘာမှမဖြစ်တော့ဘူး၊ ထတော့"

သူမဟာ ကိုယ်ကိုလှည့်လိုက်ပြီး ကျန်ကျောင်းသားတွေကို ကြည့်နေတယ်။

"ဒီခလေးကို ဆေးရုံခေါ်သွားပြတဲ့အခါမှာ မင်းတို့အားလုံး ဒီနေရာမှာ ကောင်းကောင်းရပ်နေ၊ လျှောက်မလုပ်နဲ့။ ဒီမိုးပျံတံမြက်စည်းတွေကို သွားမထိနဲ့။ နားမထောင်ရင် ခွေဒစ် မမြင်ရခင်မှာပဲ ဟော့ဂ်ဝပ်က မောင်းထုတ်ခံရမယ်၊ အချစ်တို့"

နီဗီး မျက်နှာပေါ်မှာ မျက်ရည်တွေစိုနေတယ်။ သူဟာ ဒဏ်ရာရတဲ့ လက်ကို တအားဆုပ်ထားတယ်။ ထော့နဲ့ထော့နဲ့နဲ့ မဒမ်ဟုချ်နောက် လိုက်သွားတယ်။ သူမက သူ့ကို နွေးထွေးစွာနဲ့ ပုခုံးဖက်ခေါ်သွားတယ်။

သူတို့နှစ်ယောက် ကြားနိုင်တဲ့နေရာက ထွက်သွားတာနဲ့ မာဖိုင်က စပြီး တဟားဟား အော်ရယ်တော့တယ်။

"မင်းတို့တွေ့ အဲဒီငတုံးကြီးရဲ့ အမူအရာကို တွေ့ကြတယ်နော်"

တခြား စလေးသရင်းက ကျောင်းသားတွေလဲ စရယ်ကြတယ်။

"ဟင်၊ မင်းက နီဗီးဘက်က ပါတယ်ပေါ့လေ"စွာပုံရတဲ့ စလေးသရင်းက ဖန့်ချ်-ကင်ဆန်ဆိုတဲ့ ကောင်မလေးက ပြောတယ်။ "နင်က ဒီလိုဝလဲဝ၊ တုံးလဲတုံးတဲ့ ငိုမဲ့ကို နှစ်သက်လိမ့်မယ်လို့ ငါဘယ်တုန်းကမှ မတွေးမိခဲ့ဘူး၊ ဘာတီ"

"ကြည့်ကြပါ" မာဖိုင်ကပြောတယ်။ သူကဖျပ်ခနဲ့ ရှေ့ထွက်လိုက်တယ်။ မြက်ခင်းပေါ်ကနေ ပစ္စည်းတစ်ခုကောက်ယူတယ်။ "ဒါနီဗီးရဲ့ အဖွားက သူ့ကိုပို့ပေးတဲ့ အသုံးမကျတဲ့ဟာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲက မှတ်သားမှု ဖန်လုံးဟာ နေရောင်အောက်မှာ လင်းလက်နေတယ်။

"ပြန်ထားလိုက်၊ မာဖိုင်" ဟယ်ရီက အသံမာမာပြောတယ်။ အားလုံးငြိမ်သွားတယ်။ သူတို့ နှစ်ယောက်ကို ကြည့်နေတယ်။

မာဖိုင်မှာ နောက်ပြောင်တဲ့အပြုံး ပေါ်လာတယ်။

"ငါက ဒင်းကို တနေရာရာမှာ ဝှက်ထားပြီး နီဗီးကိုရှာခိုင်းမှာ-မင်း ဘယ်မှာထားရင် ကောင်းမယ်ထင်လဲ-သစ်ပင်ပေါ်မှာ ကောင်းမလား"

"ပြန်ထားလိုက်" ဟယ်ရီက အော်တယ်။ ဒါပေမယ့် မာဖိုင်က သူ့မိုးပျံတံမြက်စည်းပေါ် ခုန်တက်သွားပြီး မိုးပေါ်သို့ အလျင်အမြန် တက်သွားတယ်။ သူညာမပြောဘူး။ သူပျံတာ အလွန်ကောင်းတယ်-သူက သစ်ပင်ကြီးတစ်ပင်ပေါ်မှာ ဝဲနေတယ်။ စိန်ခေါ်သလို အော်ပြောတယ်။ "တတ်နိုင်ရင် တက်လာယူလေ - ပေါ်တာ"

ဟယ်ရီက သူ့တံမြက်စည်းကို ဆွဲယူလိုက်တယ်။

"မဖြစ်ဖူး" ဟာမီး - ဂရန်ဂျာက အော်တယ်။ "မဒမ်ဟုချ်က မလှုပ်ရဘူးလို့ ပြောတယ်။ နင် ဒီလိုလုပ်ရင် အားလုံးဒုက္ခရောက်လိမ့်မယ်"

ဟယ်ရီက သူမကို ဂရုမစိုက်ဖူး။ သွေးနားထဲဉ်တိုးနေပြီ။ အခုသူဟာ မိမိနှလုံးခုန်သံပဲ ကြားရတယ်။ သူက တံမြက်စည်းကို စီးပြီး ခြေထောက်နဲ့ မြေကြီးကို ကန်လိုက်တာနဲ့ ပျံတက်သွားရော။ အလျင်အမြန် မိုးပေါ် ပျံတက်တယ်။ သူ့ဆံပင်တွေဟာ လေထဲမှာလွင့်နေတယ်။ ဝတ်ရုံကျယ် ကျယ်ကြီးဟာ သူ့နောက်ဖက်မှာ လေပင့်လို့ ဖောင်းကြွပြန့်လွင့်နေတယ်။ ပြင်းထန်တဲ့ ဝမ်းသာမှုနဲ့ အတူ တချို့ကိစ္စတွေဟာ မသင်ရပဲအလိုအလျောက် တတ်တယ်ဆိုတာ သူတွေ့ရှိသွားတယ် —'တယ်လဲလွယ်ပါလား၊ တယ်လဲလှပကောင်းမွန်ပါလား။ သူက တံမြက်စည်းကို အပေါ်ဘက် နည်းနည်းမြှင့် လိုက်တယ်။ ပိုပြီးမြင့်မြင့်ပျံတက်သွားတယ်။ မိန်းကလေးတွေ အောက်ကနေ စူးရှစွာ အော်ဟစ်သံကို ကြားရတယ်။ ရွန်ရဲ့ ကြည်ညိုစွာ သြဘာပေးမှုကိုလဲ ကြားရတယ်။

သူဟာ တံမြက်စည်းကို စီးပြီး ချိုးကွေ့လိုက်တာနဲ့ မိုးပေါ်မှာ မာဖိုင်နဲ့ မျက်နှာချင်းဆိုင် မိသွားတယ်။ မာဖိုင်က လန့်ပြီး အနည်းငယ်ငိုင်သွားတယ်။

"ငါ့ကိုပေး" ဟယ်ရီက အော်တယ်။ "မပေးရင် မင်းကိုတံမြက်စည်း



ပေါ်က ကန်ချမယ်"

"အော၊ ဟုတ်လား" မာဖိုင်ဟာ အရေးမလုပ်ဖူးဆိုတဲ့ သရော်ဟန်ပြချင်တယ်။ သူ့အမူအရာကတော့ ပူပင်နေပုံပေါ်နေတယ်။

ဘာကြောင့်မှန်းမသိဘူး။ ဟယ်ရီဟာ ရှေ့ဘာဆက်လုပ်ရမလဲဆိုတာ သိနေတယ်။ သူဟာ ကိုယ်ကိုရှေ့ကိုင်းလိုက်တယ်။ လက်နှစ်ဖက်က တံမြက်စည်းကို တင်းတင်းဆုပ်ထားတယ်။ လှံတံလို မာဖိုင်ဆီ တအားထိုးဝင်သွားတယ်။ မာဖိုင်ဟာ နောက်ဆုံးအချိန်ကျမှ အချိန်မီ ရှောင်သွားနိုင်တယ်။ ဟယ်ရီဟာ မိုးပေါ်မှာ သွက်လက်စွာ ကိုယ်ကိုလှည့်လိုက်တယ်။ သူ့လှုပ်ရှားမှုဟာ လှပပြီး တည်ငြိမ်တယ်။ အောက်က လူတစ်ချို့မအောင့်နိုင်ပဲ လက်ခုပ်လက်ဝါးတီးပြီး သြဘာပေးတယ်။

"အခု ခရပ်နဲ့ ဂိုး မင်းကိုလာကယ်လို့ မရတော့ဘူး မာဖိုင်" ဟယ်ရီက အော်တယ်။

"ကောင်းပြီ။ မိရင်ယူသွား" သူကတအားအော်ပြီး၊ ဖန်လုံးကို အမြင့်ကြီးပစ်ထည့်လိုက်တယ်။ နောက် မြေပြင်ကို ကမန်းကတန်း ပြန်ပြေးတယ်။

ဟယ်ရီဟာ ရုပ်ရှင်အနှေးပြတာ ကြည့်နေရသလိုပဲ။ ဖန်လုံးမိုးပေါ်တက်သွားတာ ကြည့်နေရင်း အောက်သို့ပြန်ကျလာတယ်။ သူဟာ ရှေ့သို့ ဝပ်ပြီး တံမြက်စည်းလက်ကိုင်ကို အောက်ဘက် လှည့်လိုက်တယ်။ နောက်စက္ကန့်မှာ သူဟာ ပိုပိုမြန်လာတဲ့အရှိန်နဲ့ အောက်ကိုထိုးဆင်းတယ်။ ဖန်လုံးနဲ့ အပြေးပြိုင်တယ် — လေသံဟာ သူ့နားရွက်ဘေးမှာ ဟစ်ကြွေးနေတယ်။ ကြည့်သူတွေရဲ့ အော်သံနဲ့ ရောနေတယ်။ သူက လက်တစ်ဘက်ထုတ်လိုက်တယ်။ မြေပြင်နဲ့ တစ်ပေအကွာမှာ ဖန်လုံးကို ဖမ်းမိသွားတယ်။ အတော်ပဲ၊ တံမြက်စည်းကို အချိန်မီဆွဲထားလိုက်တယ်။ လက်ထဲမှာ ပွန်းပဲ့ခြင်းမရှိတဲ့ မှတ်သားမှုဖန်လုံးကို ကိုင်ပြီး မြက်ခင်းပေါ်ကို အသာလေးလှိမ့်ဆင်းလိုက်တယ်။

"ဟယ်ရီ-ပေါ်တာ"

သူ့နှလုံးဟာ ခုနက ထိုးဆင်းစဉ်ကထက် လေးနေတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် သူတို့ဆီပြေးလာတယ်။ သူက တုန်ယင်စွာ ရပ်လိုက်တယ်။

"ဘယ်တုန်းကမှ မရှိခဲ့ဘူး — ငါဟော့ဂ်ဝပ်မှာနေတာကြာလှပြီ"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ အံ့သြလွန်းလို့ စကားတောင် မပြောနိုင်ဘူး။ သူမရဲ့ မျက်မှန်ဟာ မျက်စိပြာလောက်အောင် အရောင်တောက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ " — မင်းက — ဒီလိုဆိုရင် လည်ပင်းကျိုးလိမ့်မယ် — "

"ဒါ သူ့အမှားမဟုတ်ဘူး၊ ပါမောက္ခ မက်ဂေါ်နာဂေါ — "

"မပြောနဲ့တော့ ဘာထီ — "

"ဒါပေမယ့် မာဖိုင် — "

"တော်တော့ရွှန်။ ပေါ်တာ၊ ငါ့နောက်လိုက်ခဲ့"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ မြေလှမ်းကျဲကြီးနဲ့ ရဲတိုက်ဆီလျှောက်သွားတယ်။ ဟယ်ရီက ထုံကျင်နေတဲ့ ခြေအစုံကိုဆွဲခေါ်ရင်း သူမနဲ့ လိုက်သွားစဉ်၊ မာဖိုင်၊ ခရပ်နဲ့ဂွိုးတို့ ဝမ်းသာကျေနပ်တဲ့ အောင်မြင်မှုအပြုံးကို မြင်ရတယ်။ သူ့စိတ်ထဲမှာရှင်းနေတာက၊ မိမိကျောင်းထုတ် ခံရတော့မယ်ဆိုတာပဲ။ သူဟာ မိမိအတွက် စကားနည်းနည်းပြောချင်တယ်။ ဒါပေမယ့် အာခေါင်က ပြဿနာပေါ်နေတယ်။ ဘာသံမှ ထွက်မလာဘူး။ ပါမောက္ခ မက်ဂေါ်နာဂေါ်က သူ့ကိုကြည့်တောင် မကြည့်ဘူး။ သူမဝတ်ရုံရှည်ကြီးကို ဒရွတ်တိုက်ပြီး ရှေ့သို့အလျင်အမြန်သွားတယ်။ သူဟာ အပြေးလေးနဲ့ လိုက်မှ သူမကိုမီတယ်။ အခုသူ့အဖို့ သွားပါပြီ။ ရက်သတ္တနှစ်ပတ်တောင် မခံလိုက်ဖူး။ သူဟာ ဆယ်မိနစ်အတွင်းမှာ အိပ်ရာလိပ် လိပ်ရလိမ့်မယ်။ ဒါ့စလီတို့ဟာ သူ့ကို အိမ်ရှေ့မှာတွေ့တဲ့အခါ ဘယ်လိုဆိုးရွားတဲ့ စကားတွေပြောမလဲမသိဘူး။

တံခါးမကြီးရှေ့က လှေခါးထစ်ကိုတက်၊ ဒီနောက် အတွင်း မာဘယ်ကျောက်လှေခါးကို တက်တယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူ့ကိုစကား တစ်ခွန်းမှ မပြောဘူး။ သူမဟာ တံခါးရွက်တစ်ခုပြီးတစ်ခု ဆွဲဖွင့်တယ်။ စင်္ကြံရှည်တစ်ခုပြီး တစ်ခုဖြတ်ခဲ့တယ်။ ဟယ်ရီဟာ သနားစရာ သူမနောက်က အမီလိုက်တယ်။ သူမခြေလှမ်းကို မီအောင်ပြေးလိုက်တယ်။ သူမဟာ သူ့ကို ဒမ်ဘလီဒိုးဆီ ခေါ်သွားတာလဲဖြစ်မယ်။ သူက ဟက်ဂရစ်ကို သတိရလာတယ်။ အဲဒီ ရောမလူကြီးဟာ ကျောင်းထုတ်ခံရပြီးနောက် ကျောင်းမှာ အမဲလိုက်ကွင်း အစောင့်လုပ်ခွင့်ရသေးတယ်။ သူလဲ ဟက်ဂရစ်လက်ထောက် လုပ်လို့ရချင်ရမှာ။ ဒါပေမယ့် နောင်မှာ ရွှန်တို့တတွေ မှော်ဆရာဖြစ်ကုန်ပြီး မိမိကတော့ ဟက်ဂရစ်ရဲ့ အိတ်ကြီးကို ကျောပိုးပြီး ကျောင်းဝန်းထဲမှာ ဟိုသွားဒီသွားလုပ်ရမဲ့ အဖြစ်ကို တွေးမိတာနဲ့ သူ့ဗိုက် စနာလာတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ ကျောင်းခန်းတစ်ခန်းရှေ့မှာ ရပ်လိုက်တယ်။ သူမက တံခါး ကိုဖွင့်လိုက်တယ်။ ခေါင်းပြူပြီး ကြည့်တယ်။



"အားနာပါတယ်၊ ပါမောက္ခ ဖလစ်ဝစ်၊ 'သစ်တုံး'ကို ကျွန်မ မိနစ် အနည်းငယ် ခေါ်ပါရစေ"

သစ်တုံး။ ဟယ်ရီက ဘာမှန်းမသိပဲ တွေးတယ်။ အဲဒါ သူ့ကို ဒဏ်ခတ်မဲ့ကြိမ်လုံးလား။

ဒါပေမယ့် သူက ဝုဒ်လို့ခေါ်တဲ့လူ၊ သန်မာထွားကျိုင်းတဲ့ ပဉ္စမနှစ်ကျောင်းသား။ သူဟာ ဘာများလဲဆိုတဲ့ အမူအရာနဲ့ ဖလစ်ဝစ်ရဲ့ ကျောင်းခန်းထဲက ထွက်လာတယ်။

"မင်းတို့နှစ်ယောက် ငါနဲ့လိုက်ခဲ့" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ ဒါနဲ့ သူတို့ သုံးယောက်ဟာ စင်္ကြံအတိုင်း ရှေ့ဆက်သွားတယ်။ ဝုဒ်ဟာ ဘာမှန်းမသိတဲ့ အမူအရာနဲ့ ဟယ်ရီကို ကြည့်နေတယ်။

"ဝင်သွား"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ သူတို့ကို လူတစ်ယောက်မှ မရှိတဲ့ ကျောင်းခန်းတစ်ခန်းထဲ ဝင်ခိုင်းတယ်။ အထဲမှာ ဆူဆူညံညံလုပ်တတ်တဲ့ သရဲဖီးဖိစ်ဟာ ကျောက်သင်ပုံးပေါ်ကို ဆဲရေးတဲ့ စကားတွေ ရေးနေတယ်။

"ထွက်သွား၊ သရဲဖီးဖိစ်" သူမက ဟောက်ပြောတယ်။ သရဲဖီးဖိစ်က မြေဖြူခဲကို အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်တယ်။ ဒုန်းဆိုတဲ့ အသံအကျယ်ကြီး ထွက်လာတယ်။ ဒီနောက်မှာမှ ကျိန်ဆဲရင်း အမြန်ပျံထွက်သွားတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ် တံခါးကို ပိတ်လိုက်ပြီး ကောင်လေးနှစ်ယောက် ဖက်လှည့်လိုက်တယ်။

"ပေါ်တာ၊ သူက အော်လီဗာ-ဝုဒ်။ ငါမင်းအတွက် ရှာဖမ်းသမားတစ်ယောက်ရလာတယ်"

ဝုဒ် မျက်နှာပေါ်က အမူအရာဟာ ဘာဘာလိမ့်ကနေ ဝမ်းသာသွားတယ်။

"တကယ်ပြောတာလား၊ ပါမောက္ခ"

"ဒါပေါ့" ပါမောက္ခ မက်ဂေါ်နာဂေါက ပြတ်ပြတ်ပြောတယ်။ "ဒီခလေးက ပါရမီရှင်။ ငါဒီလို အဖြစ်မျိုး ဘယ်တုန်းကမှ မကြုံခဲ့ဖူးဘူး။ ဒါ မင်းပထမ အကြိမ် မိုးပျံတံမြက်စည်း စီးတာလား၊ ပေါ်တာ"

ဟယ်ရီက ငြိမ်ငြိမ်လေးခေါင်းညိတ်ပြတယ်။ ဒါတွေ ဘာဖြစ်နေတာလဲဆိုတာ သူလုံးဝ မသိဘူး။ ဒါပေမယ့် ကျောင်းတော့ ထုတ်ခံရမဲ့ပုံမပေါ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေထောက်နှစ်ချောင်းဟာ နည်းနည်း အသိရှိလာတယ်။

"သူဟာ မြေပြင်က ပေ-၅၀ အကွာကနေ ထိုးဆင်းလာတယ်။ လက်တစ်ဖက်က ဟိုပစ္စည်းကို ဖမ်းယူတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ဝုဒ်ကို ပြောပြတယ်။ "သူ့အရေခွံတောင် မပွန်းပဲ့ဘူး။ ဒါဟာ ထိုစဉ်က ချာလီ-ဝယ်စလီတောင် မလုပ်နိုင်ဘူး"

အခု ဝုဒ်ရဲ့ အမူအရာဟာ၊ အိပ်မက်ကောင်းတွေ အားလုံး အကောင်အထည် ပေါ်လာသလိုပဲ။

"မင်း ခွေဒစ် ဘောလုံးပြိုင်ပွဲကြည့်ဖူးလား၊ ပေါ်တာ" သူက အားရစွာ မေးတယ်။

"ဝုဒ်က ဂရစ်ဖင်းဒေါ ခွေဒစ်ဘောလုံးအသင်းရဲ့ ခေါင်းဆောင်" ပါမောက္ခ မက်ဂေါ် နာဂေါက ရှင်းပြတယ်။

"သူ့ကိုယ်ခန္ဓာကလဲ စံချိန်မီတဲ့ ရှာဖမ်းသူ အမျိုးအစား" ဝုဒ်ဟာ ဟယ်ရီကို ပတ်ကြည့်တယ်။ ဒီအသင်းသားသစ်ကို သေချာကြည့်ကြည့်တယ်။ "ဖျတ်လတ်တယ်။ လျင်မြန်တယ်။ ကျွန်တော်တို့ သူ့အတွက် တံမြက်စည်းကောင်းကောင်း တစ်ချောင်း ရှာပေးရမယ်။ ပါမောက္ခ-ကျွန်တော်တွေးတယ်။ အလင်းစကြာနှစ်ထောင် သို့မဟုတ် လေပြင်းအမှတ် ၇-နဲ့တော်မယ်"

"ငါ ဒမ်ဘာလီဒိုးကို သွားပြောမှာပါ။ တို့ကို အဆင်ပြေအောင် လုပ်ပေးဖို့။ ယာယီအားဖြင့် ပထမနှစ်ကျောင်းသား တံမြက်စည်းမရှိရဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို အသာထားလိုက်။ မတတ်နိုင်ဘူး။ တို့အဖို့ မနှစ်ကထက် သာတဲ့ အဖွဲ့တစ်ဖွဲ့ သိပ်လိုအပ်နေတယ်။ လွန်ခဲ့တဲ့ ပြိုင်ပွဲမှာ စလေးသရင်းကို ခွက်ခွက်လန်ရှုံးတယ်၊ ငါ နှစ်ပတ်လုံး စနိတ်ပ် ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်တဲ့ မျက်နှာကို မကြည့်ချင်ဘူး. . . . . ."

ပါမောက္ခ မက်ဂေါ်နာဂေါဟာ မျက်စိကို မှေးလိုက်တယ်၊ မျက်မှန်အပေါ်ကနေ ဟယ်ရီကို တင်းကြပ်စွာ စိုက်ကြည့်တယ်။

"မင်းတို့ ပြင်းထန်တိကျစွာ လေ့ကျင့်စေချင်တယ်၊ ပေါ်တာ။ ဒီလို မလုပ်ရင်၊ မင်းကို အရေးယူချင်ယူမှာ"

သူမဟာ ရုတ်တရက် အသာလေး ပြုံးလိုက်တယ်။

"မင်းအဖေဟာ မင်းအတွက် ဂုဏ်ယူမှာပါ" သူမကပြောတယ်။ "သူလဲပဲ အရင်က အလွန်တော်တဲ့ ခွေဒစ် ဘောသမားပဲ"



"ခင်ဗျား ကျီစားနေတာလား"

အခုညစာစားချိန်ရောက်ပြီ။ ဟယ်ရီဟာ ခုတွင်ပဲ သူပါမောက္ခ မက်ဂေါ်နာဂေါနဲ့အတူ ကျောင်းမြေဝန်းထဲက ထွက်သွားပြီးနောက် ဖြစ်ပွားတာကို ရွန်ကို အကုန်ပြောပြလိုက်တယ်။ ရွန် ဟာ အမဲကျောက်ကတ်တစ်တုံးကို ပါးစပ်ထဲ ထည့်မယ်လုပ်တုန်းမှာ အခုတော့ အဲဒီ အသားတုံးကို မေ့နေပြီ။

"ရှာဖမ်းသမား" သူက ပြောတယ်။ "ဒါပေမယ့် ပထမနှစ်ကျောင်းသားသစ် ဘယ်တုန်းကမှ မရှိ — မင်းဟာ နှစ်ပေါင်းများစွာအတွင်း ကျောင်းမှာ အသက်အငယ်ဆုံး ဘောသမားဖြစ်မှာ သေချာတယ်"

"အနှစ်တစ်ရာအတွင်း အသက်အငယ်ဆုံး လက်ရွေးစင်ဘောသမား" ဟယ်ရီကပြောရင်း အမဲသားမုန့်ကို အငမ်းမရ ပါးစပ်ထဲ ကော်သွင်းတယ်။ ညနေပိုင်း စိတ်လှုပ်ရှားစွာ တွေ့ကြုံရပြီးနောက်၊ သူဟာ သိပ်ကိုဆာလောင်နေပြီ။ "အဲဒါ ဝုဒ် ငါ့ကို ပြောပြတာ"

ရွန်ဟာ သိပ်ကို အံ့အားသင့်သွားတယ်။ သိပ်ကို စိတ်လှုပ်ရှားသွားတယ်။ သူဟာ ငိုင်ထိုင်နေတယ်။ ပါးစပ်အဟောင်းသားနဲ့ ဟယ်ရီကို ကြည့်နေတယ်၊

"လာမဲ့ အပတ်ကစပြီး လေ့ကျင့်ရမယ်" ဟယ်ရီက ပြောတယ်။ "ဒီကိစ္စကို ဘယ်သူ့မှ မပြောပါနဲ့။ ဝုဒ်က ယာယီလျှို့ဝှက်ထားစေချင်တယ်"

ဒီအချိန်မှာ ဖရက်နဲ့ ဂျော့ညီအစ်ကိုနှစ်ယောက် ထမင်းစားခန်းထဲ ဝင်လာတယ်။ ဟယ်ရီကိုမြင်တော့ ပြေးလာတယ်။

"သိပ်ကောင်းတယ်" ဂျော့က တိုးတိုးပြောတယ်။ "ဝုဒ်ကတို့ကို ပြောပြပြီးပြီ။ တို့နှစ်ယောက်လဲ အဖွဲ့ဝင်တွေ — တိုက်ခိုက်သူတွေ"

"ငါပြောပြမယ်။ တို့ ဒီနှစ် ခွေဒစ်ဖိုလ်စွဲမှာ သေချာတယ်" ဖရက်က ပြောတယ်။ "ချာလီ ကျောင်းအောင်သွားပြီးနောက်၊ တို့တစ်ခါမှ မနိုင်တော့ဘူး။ ဒါပေမယ့်၊ ဒီနှစ်တော့ တို့အသင်းက အကောင်းဆုံး အသင်းသားတွေရှိတယ်။ မင်းဟာ တကယ့်ကို အလွန်တော်မှာ၊ ဟယ်ရီ။ ဝုဒ်က တို့ကိုပြောပြတဲ့အခါမှာ ဝမ်းသာလွန်းလို့ ထခုန်မတတ်ပဲ"

"ကောင်းပြီ၊ တို့သွားရတော့မယ်။ လီ-ဂျော်ဒန်က ကျောင်းကနေ အပြင်ထွက်တဲ့ လျှို့ဝှက်လမ်းတစ်ခု တွေ့ထားတယ်"

"အဲဒါ ရောမကိုက်းချုပ် ရုပ်ထုနောက်မှာ ကွယ်ဝှက်ထားတဲ့လမ်းလို့

www.burmeseclassic.com



ငါပြောရဲတယ်။ တို့က ကျောင်းစဖွင့်တဲ့ ပထမအပတ်မှာ တွေ့ထားပြီ။ နောက်ပြန်တွေ့မယ်"

ဖရက်နဲ့ ဂျော့တို့ထွက်သွားရုံရှိသေးတယ်။ နောက်တစ်ယောက် မကြိုဆိုချင်တဲ့လူ ဝင်လာတယ်။ မာဖိုင်။ ၎င်းရဲ့ နောက်လိုက် ခရပ်နဲ့ဂိုးတို့က ဘေးနှစ်ဖက်က ရပ်နေတယ်။

"မင်းရဲ့ နောက်ဆုံးထမင်းစားနေတာလား၊ ပေါ်တာ။ မင်းဘယ်တော့ ရထားစီးပြီး 'မတ်ဂေါ်' တွေဆီပြန်မှာလဲ"

"မင်းက ခုနကထက်သတ္တိရှိလာပြီ။ အခုမြေပြင်ပြန်ရောက်တော့၊ ဘေးမှာလဲ ချာတိတ်နှစ်ယောက်က မင်းကို ကာကွယ်နေတာကိုး" ဟယ်ရီက အေးစက်စက်ပြောတယ်။ ခရပ်နဲ့ ဂိုးဟာ မိမိတို့ကို ချာတိတ်လို့ ပြောတာ မခံချင်ဘူး။ ဒါပေမယ့် အခုက ထမင်းစားစာပွဲမှာ ဆရာတွေ အပြည့်ထိုင်နေတယ်။ သူတို့ဟာ လက်ချင်းပွတ်သပ်ပြီး ဒေါသနဲ့ စိုက်ကြည့်နေတာကလွဲပြီး ဘယ်လိုမှ မလုပ်ဝံ့ဘူး။

"အချိန်မရွေး မင်းနဲ့တစ်ယောက်ချင်းချနိုင်တယ်" မာဖိုင်က ပြောတယ်။ "ဒီနေ့ညပဲ ချရအောင်။ မှော်ဆရာချင်းသတ်ပွဲ။ မှော်ကြိမ်လုံးပဲ သုံးရမယ် — ကိုယ်ချင်းမထိရဘူး။ ဘယ့်နှယ်လဲ။ မင်းအရင်က မှော်ဆရာချင်း သတ်ပွဲဆိုတာ မကြားဖူးဘူးထင်တယ်"

"သူကြားဘူးတာပေါ့" ရွန်က လှည့်ပြောတယ်။ "ငါက သူ့လက်ထောက်၊ မင်းက ဘယ်သူ့ကို လက်ထောက်ထားမလဲ"

မာဖိုင်က ခရပ်နဲ့ ဂိုးကို ကြည့်နေတယ်။ သေချာနှိုင်းယှဉ် တွက်ဆနေတယ်။

"ခရပ်" သူကပြောတယ်။ "ဒါဆိုညသန်းခေါင်မှာ လုပ်မယ်။ တို့ အထိမ်းအမှတ် ဒိုင်းခန်းမှာ တွေ့ကြမယ်။ အဲဒီနေရာက အမြဲဖွင့်ထားတယ်။ သော့မခတ်ဖူး"

မာဖိုင်ထွက်သွားပြီးနောက်၊ ရွန်နဲ့ ဟယ်ရီတို့ အပြန်အလှန် ကြည့်ကြတယ်။

"မှော်ဆရာချင်းသတ်ပွဲဆိုတာ ဘာလဲ" ဟယ်ရီက မေးတယ်။ "မင်းက ငါ့လက်ထောက်လုပ်မယ်လို့ ပြောတယ်။ အဲဒါ ဘာအဓိပ္ပာယ်လဲ"

"အင်း၊ လက်ထောက်ဆိုတာ မင်းသေသွားပြီးနောက်၊ မင်းနောက်ဆက်



တိုက်ပွဲဝင်တဲ့လူ" ရွန်က အရေးမကြီးသလိုဖြေတယ်။ အေးနေတဲ့ အမဲသားဟင်းတုံးကို ပါးစပ်ထဲထည့်လိုက်တယ်။ ဟယ်ရီ့ အမူအရာကို မြင်တော့ သူကဖြည့်ပြောတယ်။ "အတည်သတ်ပွဲမှာသာ မှော်ဆရာအစစ်နဲ့ တိုက်မှ လူသေတာ။ မင်းနဲ့ မာဖိုင်နဲ့ အခုတိုက်ရင် အပြန်အလှန် မီးပန်းပန်းတာလောက်ရှိမှာ။ မင်းတို့နှစ်ယောက် မှော်ပညာတတ်တာ သိပ်နည်းသေးတယ်။ တကယ့် အန္တရာယ်ဖြစ်မှာ မဟုတ်ဖူး။ ဒါပေမယ့် ငါပြောရဲတယ်။ သူအစက မင်းငြင်းမယ်ထင်တာ"

"တကယ်လို့ ငါမှော်ကြိမ်လုံးကို ယမ်းလို့ ဘာမှဖြစ်မလာရင်၊ ဘယ်လိုလုပ်ရမလဲ"

"မှော်ကြိမ်လုံးကို လွှင့်ပစ်လိုက်။ သူ့နှာခေါင်းကို လက်သီးနဲ့ထိုး" ရွန်က အကြံပေးတယ်။

"ခွင့်ပြုပါ"

သူတို့နှစ်ယောက် ခေါင်းမော့ကြည့်တယ်။ စကားပြောသူက ဟာမီးဂရန်ဂျာ။

"ဒီမှာ အေးအေး ထမင်းတနပ်စားလို့ မရဘူးလား" ရွန်က ပြောတယ်။

ဟာမီးက ဂရုမစိုက်ဖူး။ ဟယ်ရီကို ပြောလိုက်တယ်။

"ငါ ခုနက သတိမမူပဲ နင်နဲ့ မာဖိုင်စကားပြောတာ ကြားလိုက်တယ်"

"တမင် ခိုးနားထောင်တာ" ရွန်က တိုးတိုးပြောတယ်။

" — နင် ညအချိန်မှာ ကျောင်းထဲလျှောက်မသွားနဲ့။ တွေးကြည့်ပါ။ ဖမ်းမိသွားရင် — ဒါဒီအတိုင်း ဖြစ်မှာပဲ — ငါတို့ ဂရစ်ဖင်းဒေါ်အမှတ် ဘယ်လောက် နုတ်ခံရမလဲ။ နင်ဒီလိုလုပ်တာ သိပ်ကို တစ်ကိုယ်ကောင်း ဆန်တာပဲ"

"ဒါတကယ့်ကို နင်နဲ့ဘာမှမဆိုင်ဘူး"ဟယ်ရီက ပြောတယ်။

"တိုင်း-ဘိုင်" ရွန်က ပြောတယ်။

ဘာပဲဖြစ်ဖြစ်၊ ချိန်းသတ်တာနဲ့ တစ်နေ့တာ ကုန်ဆုံးရတာ ပျော်စရာတော့ မဟုတ်ဖူး။ ဟယ်ရီက တိတ်တိတ်တွေးတယ်။ သူဟာ ခုတင်ပေါ်မှာ မျက်စိဖွင့်ပြီး ဒင်းနဲ့ စီးမတ်စ်တို့ အိပ်မောကျတဲ့ ဟောက်သံ (နီဗီး ဆေးရုံက ပြန်မလာသေးဘူး။)ကို နားထောင်နေတယ်။ ရွန်ကတော့ တစ်ညလုံး အကြံ

www.burmeseclassic.com

www.burmeseclassic.com



ပေးနေတယ်။ ဥပမာ-"သူမင်းကို ကျိန်ဆဲရင် မင်းမြန်မြန်ရှောင်ပြေး။ ငါကလဲ ကျိန်စာကို ဘယ်လိုဖြေရမှန်း မသိဘူး" စသဖြင့် ပြောနေတယ်။ သူတို့ကို ဖစ်ချ် ဒါမှမဟုတ်ရင် ဟိုကြောင်ပိန်ကြီး မဒမ်နော်ရိုးစ်က ဖမ်းမိသွားနိုင်တယ်။ ဟယ်ရီအနေနဲ့လဲ ဒီနေ့ကျောင်းစည်းကမ်းနှစ်ခု တနေ့ထဲ ချိုးဖောက်တာ သိပ်ကိုလွန်လွန်းတယ်လို့ ထင်တယ်။ နောက်တစ်ဘက်မှာလဲ မာဖိုင်ရဲ့ သရော်မှုအပြည့်နဲ့မျက်နှာ သူ့မျက်စိထဲ ပေါ်ပေါ်လာတယ် — ဒါကတော့ မာဖိုင်ကို နာနာထိုးနှက်ရမဲ့ အခွင့်ကောင်း။ သူလက်လွှတ်လို့ မဖြစ်ဖူး။

"၁၁-နာရီခွဲပြီ" နောက်ဆုံး ရွန်ကတိုးတိုးပြောတယ်။ "သွားကြစို့"

သူတို့ဟာ ညဝတ်အင်္ကျီကြီးနဲ့ မှော်ကြိမ်လုံးကို ဆွဲပြီး ခြေဖွလက်ဖွနဲ့ အိမ်ချွန်ပေါ်က အိမ်ခန်းကနေ ခိုးထွက်လာတယ်။ ကြောင်လိမ်လှေခါးကိုဆင်း၊ ဂရစ်ဖင်းဒေါ်ရဲ့ မိတ်ဆုံခန်းမထဲ ရောက်လာတယ်။ မီးလင်းဖိုထဲ မီးကျန်လေး အနည်းငယ်လက်နေတယ်။ အခန်းထဲက လက်ရန်းပါတဲ့ ခုံတွေကို လေးကိုင်းပုံသဏ္ဍာန် အရိပ်မဲတွေထိုးနေစေတယ်။ သူတို့ မိန်းမဝဝကြီးရဲ့ ပန်းချီကား နောက်က ထွက်ပေါက်ရောက်ခါနီးမှာ ကျောဘက်ကထိုင်ခုံပေါ်ကနေ အသံတစ်ခုထွက်လာတယ်။ "ငါယုံတောင် မယုံဝံ့ဘူး၊ နင်တကယ်ပဲ ဒီလိုလုပ်မလို့လား၊ ဟယ်ရီ"

အမှောင်ထဲမှာ လှုပ်ယိုင်နေတဲ့မီး ပေါ်လာတယ်။ အဲဒါက ဟာမီး။ သူမကိုယ်ပေါ်မှာ ပန်းရောင်ညဝတ်အင်္ကျီကြီးခြုံထားတယ်။ မျက်နှာပေါ်မှာက မနှစ်သက်တဲ့ မျက်မှောင်ကြုတ်တဲ့ အမူအရာ။

"နင်" ရွန်က ဒေါသနဲ့ တိုးတိုးအော်ဟစ်တယ်။ "မြန်မြန်ပြန်အိပ်ချေ"

"ငါ နင့်အစ်ကိုကို သွားတိုင်တော့မလို့" ဟာမီးက ပြန်ချေတယ်၊ "ဖတ်စီ — သူကအတန်း ခေါင်းဆောင်နော်၊ သူမှချလာတားလိမ့်မယ်"

ကမ္ဘာပေါ်မှာ သူများကိစ္စ ဒီလောက်တောင်ဝင်ပါချင်တဲ့လူ ရှိသေးတယ်ဆိုတာ ဟယ်ရီ ယုံတောင်မယုံချင်ဘူး။

"ထားပါတော့၊ သွားစို့" သူက ရွန်ကိုပြောတယ်။ သူက မိန်းမဝဝရဲ့ ပန်းချီကားကို တွန်းပြီး ကျင်းဝထဲ တွားဝင်တယ်။

ဟာမီးဟာ ဒီလောက်လွယ်လွယ်နဲ့ လက်လျှော့မှာ မဟုတ်ဖူး။ သူမဟာ ရွန်နောက်က လိုက်ပြီး ပန်းချီကားနောက်က အပေါက်ထဲ ဝင်တယ်။ ကြက်ရိုး မကြီးလို သူတို့ကို အော်ဆူနေတယ်။



"နင်တို့ဟာ ဂရစ်ဖင်းဒေါ်ကို နည်းနည်းမှ ဂရုမစိုက်ဖူးလား။ နင်တို့ကိုယ်နင်တို့ပဲ ဂရုစိုက်တယ်ပေါ့။ ငါက စလေးသရင်းကို ခုနှစ်ဟောက်စ်ဒိုင်းဆုဗိုလ်မစွဲစေချင်တော့ဘူး။ နင်တို့ ဒီလို လုပ်တာဟာ ပါမောက္ခ မက်ဂေါ်နာဂေါ်ဆီက ငါကျိန်စာနဲ့ အနိုင်ရလာတဲ့ အမှတ်တွေ အကုန်အနုတ်ခံရလိမ့်မယ်"

"သွားစမ်း"

"ကောင်းပြီ ဒါပေမယ့် ငါနင်တို့ကို သတိပေးတယ်။ မနက်ဖန်ရထားနဲ့ အိမ်ပြန်ရတဲ့အခါမှာ၊ ငါအခုပြောတဲ့ စကားကို မမေ့နဲ့။ နင်တို့ဟာ သိပ်ပြီး"

ဆက်ပြောတာ ဘာပဲဖြစ်ဖြစ်၊ သူတို့မကြားတော့ဘူး။ ဟာမီးက မိန်းမဝဝရဲ့ အရုပ်ကားဘက် လှည့်လိုက်တယ်။ အိပ်ခန်းကိုပြန်ဖို့ လုပ်တယ်၊ သူမရှေ့က အရုပ်ကားဟာ ဘာမှမရှိတဲ့ ကားချပ်ဖြစ်နေတာ တွေ့ရတယ်။ မိန်းမဝဝဟာ တခြားသွားလည်နေတယ်။ ဟာမီးဟာ ဂရစ်ဖင်းဒေါ် ရဲတိုက် အပြင်ဘက် ပိတ်မိနေတယ်။

"အခု ငါဘယ်လိုလုပ်ရမလဲ" သူမက စူးရှစွာမေးတယ်။

"အဲဒါ နင့်ကိစ္စ" ရွန်ကပြောတယ်။ "ငါတို့သွားရတော့မယ်၊ နောက်ကျတော့မယ်"

သူတို့ စင်္ကြံအဆုံးတောင်မရောက်သေးဘူး၊ ဟာမီးလိုက်လာတယ်။

"ငါ နင်တို့နဲ့အတူသွားမယ်" သူမကပြောတယ်။

"နင်မသွားရဘူး"

"နင်က ငါအပြင်မှာ ငိုင်တီးငိုင်တနဲ့ ရပ်နေပြီး ဖစ်ချ်လာဖမ်းတာ ခံမယ်မှတ်လို့လား။ ငါတို့ သုံးယောက်ကို သူတွေ့သွားရင် ငါကအဖြစ်မှန်ကို ပြောပြမှာ။ ငါက နင်တို့ကို တားချင်တာ။ အချိန်ကျရင် နင်တို့ငါ့ကို သက်သေလုပ်ပါ"

"မင်းသတ္တိရှိရင် — " ရွန်ကအကျယ်ကြီးပြောတယ်။

"နင်တို့ နှစ်ယောက်စလုံး ပါးစပ်ပိတ်ထား" ဟယ်ရီက သတိရှိရှိနဲ့ ပြောတယ်။ "ငါအသံ နည်းနည်းကြားတယ်"

နှာရှုံ့သံလို ဂူးဂူးသံ။

"အဲဒါ မဒမ်နော်ရီးစ်လား" ရွန်က မျက်စိမှေးပြီး မှောင်နေတဲ့ ရှေ့ဘက်ကို ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မဒမ်နော်ရီစ် မဟုတ်ဖူး၊ နီဗီး။ သူဟာ မြေကြီးပေါ်မှာ ကွေးပြီး အိပ်မောကျနေတယ်။ သူတို့အနီးရောက်တာနဲ့ သူချက်ချင်းလန့်နိုးလာတယ်။

"ဘုရားသိကြားမလို့ နင်တို့ ငါ့ကိုရှာတွေ့ပြီ။ ငါဒီမှာ နာရီအတော်ကြာသွားပြီ။ ဘယ်လိုတွေးတွေး အိပ်ဆောင်ပြန်ဖို့ စကားဝှက်အသစ်ကို မေ့နေတယ်"

"အသံတိုးတိုးပြော၊ နီဗီး။ စကားဝှက်အသစ်က "ဝက်နှာခေါင်း"၊ ဒါပေမယ့် အဲဒါ အခု ဘာမှ အသုံးမကျဘူး။ ဟိုမိန်းမဝဝဟာ ဘယ်သွားနေမှန်း မသိဘူး"

"မင်းလက် သက်သာသွားပြီလား" ဟယ်ရီက မေးတယ်။

"လုံးဝ ကောင်းသွားပြီ" နီဗီးကပြောတယ်။ လက်ကို မြှောက်ပြတယ်။ "မဒမ်ဖွန်ဖရေက တစ်မိနစ်ထဲနဲ့ လုံးဝကောင်းအောင် ကုပေးတယ်"

"တယ်ဟုတ်ပါလား-အော၊ နီဗီး၊ ငါတို့အခုတစ်နေရာသွားမလို့၊ တော်ကြာမှတွေ့မယ်"

"ငါ့ကိုပစ်မထားခဲ့နဲ့" နီဗီးက အမြန်ထတယ်။ "ငါတစ်ယောက်ထဲ ဒီမှာမနေချင်ဘူး။ သွေးဘာရွန်လာတာ နှစ်ကြိမ်ရှိပြီ"

ရွန်က နာရီကို ငုံ့ကြည့်တယ်။ ဒီနောက် ဟာမီးနဲ့ နီဗီးကို ဒေါသနဲ့ ကြည့်နေတယ်။

"မင်းတို့ထဲက တစ်ယောက်ယောက်ကြောင့် တို့အဖမ်းခံရရင် ငါမောသေချင်သေပေ့စေ၊ ပါမောက္ခ ခွေရိုရဲ့ သရဲဆိုးကျိန်စာကို ရအောင်လုပ်ပြီး နင်တို့ကို ကျိန်ဆဲမယ်"

ဟာမီးက ပါးစပ်ဟတယ်။ ရွန်ကို သရဲဆိုးကို ကျိန်တဲ့ ကျိန်စာကို မှန်ကန်စွာ အသုံးပြုနည်း သင်မလို့လား မသိဘူး။ ဟယ်ရီက သူမကို ရှူးဆိုတားလိုက်တယ်။ အားလုံး ရှေ့ဆက်သွားဖို့ အမူအရာပြတယ်။

လေးယောက်သား ခြေဖွပြီး အသံမထွက်ပဲ ရှေ့ဆက်သွားတယ်။ လရောင်ဟာ ခေါင်မိုးတံခါး မြင့်မြင့်ကြီးကနေ စင်္ကြံပေါ်ကို ရှည်ပြီးကျဉ်းတဲ့ အလင်းရောင် ကျလာစေတယ်။ ကွေ့ချိုးတစ်ခု ကွေ့လိုက်တိုင်း ဟယ်ရီဟာ ဖစ်ချ် ဒါမှမဟုတ် မဒမ်နော်ရီးစ်နဲ့ တန်းတိုးနေမှာ စိုးရိမ်တယ်။ ဒါပေမယ့် သူတို့ တော်တော်ကံကောင်းတယ်။

တစ်လမ်းလုံး ဘယ်သူနဲ့မှ မတွေ့ဘူး။ သူတို့ဟာ တတိယလွှာကိုတက်



တဲ့ လှေခါးပေါ်တက်ခဲ့တယ်။ ခြေဖော့ပြီး ဆုဖလားပြခန်းထဲ ဝင်ခဲ့တယ်။

မာဖိုင်နဲ့ ခရပ် မရောက်သေးဘူး။ ဆုဖလားရဲ့ ခဲရစ်ဆယ်ဗူးဟာ လရောင်အောက်မှာ လက်နေတယ်။ ဆုဖလား၊ ဒိုင်း၊ ရွှေလင်ပန်းနဲ့ ရုပ်ထုတွေဟာ အမှောင်ထဲမှာ ရွှေရောင်ငွေရောင် တစိမ့်စိမ့်ထွက်နေတယ်။ သူတို့ဟာ နံရံအတိုင်း ရှေ့သို့တိုးသွားတယ်။ မျက်စိက အခန်းနှစ်ဖက်ရှိ တံခါးကို ကြည့်နေတယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို ဆွဲထုတ်လိုက်တယ်။ မာဖိုင်က ရုတ်တရက် ခုန်ဝင်လာပြီး တိုက်မှာ စိုးလို့။

"သူနောက်ကျနေပြီ၊ ကြောက်လို့မလာဝံ့တာလဲ ဖြစ်မယ်" ရွန်က တိုးတိုးပြောတယ်။

ဒီအချိန်မှာ ဘေးခန်းက အသံတစ်ခုထွက်လာတယ်။ အားလုံးလန့်ပြီး ထခုန်တယ်။ ဟယ်ရီက မှော်ကြိမ်လုံးကို မြှောက်ရုံရှိသေးတယ်။ လူတစ်ယောက် စကားသံကြားရတယ် — မာဖိုင် မဟုတ်ဖူး။

ဖစ်ချ်က မဒမ်နော်ရီးစ်ကို ပြောနေတာ။ လိပ်ပြာလွင့်မတတ် လန့်သွားတဲ့ ဟယ်ရီဟာ ကျန်သုံးယောက်ကို တအားလက်ယမ်းပြတယ်။ သူတို့ကို အမြန်ဆုံး သူ့နဲ့အတူ ထွက်ပြေးခိုင်းတယ်။ လေးယောက်သား အသံမထွက်ပဲ ဖစ်ချ်စကားပြောတဲ့ တံခါးရဲ့ ဆန့်ကျင်ဘက်က တံခါးဆီ အလျင်အမြန် ထွက်ပြေးကြတယ်။ နီဗီးရဲ့ ဝတ်ရုံရှည်ဟာ ကွေ့ချိုးကို ရိုက်ခတ်သွားတာနဲ့ ဖစ်ချ်ပြခန်းထဲဝင်လာတဲ့အသံ ကြားရတယ်။

"သူဒီမှာပဲ ရှိနေမှာ" သူတို့က သူတတွတ်တွတ်ပြောနေတာ ကြားတယ်။ "ပုန်းနေတယ်နဲ့ တူတယ်"

"ဒီကသွား" ဟယ်ရီက အသံမထွက်ပဲ နှုတ်ခမ်းနဲ့ ညွှန်ပြတယ်။ လန့်နေတဲ့ သူတို့ဟာ တိတ်တိတ်လေး ချပ်ဝတ်တန်းဆာတွေစီထားတဲ့ စင်္ကြံရှည်ကြီးထဲ ဝင်လိုက်တယ်။ သူတို့ဟာ ဖစ်ချ်ရဲ့ခြေသံ နီးနီးလာတာ ကြားရတယ်။ နီဗီးဟာ ရုတ်တရက်လန့်ပြီး ငိုတယ်။ တအားထပြေးတယ်။ သူခလုတ်တိုက်လိုက်တယ်။ အချိန်မီ ရွန့်လက်ကိုဖမ်းဆွဲလိုက်တယ်။ နှစ်ယောက်သား ထောင်ထားတဲ့ ချပ်ဝတ်တန်းဆာတွေပေါ် လဲကျသွားတယ်။

ကြီးမားတဲ့ တိုက်ခတ်သံကြီးဟာ ရဲတိုက်ကြီးတစ်ခုလုံးကို လန့်နိုးစေနိုင်တယ်။

"မြန်မြန်ပြေး" ဟယ်ရီက အော်တယ်။ လေးယောက်လုံး ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျဲကြီးနဲ့ တအားပြေးကြတယ်။ ဖစ်ချ်လိုက်လာသလားဆိုတာ ပြန်လှည့်မကြည့်ပံ့ဘူး။ သူတို့ဟာ တံခါးမကြီးက တိုင်ကြီးကို အလျင်အမြန် ကွေ့ဖြတ်ပြေးတယ်။ စင်္ကြံတွေ တစ်ခုပြီးတစ်ခုဖြတ်ခဲ့တယ်။ ခေါင်းဆောင်တဲ့ ဟယ်ရီကလဲ သူတို့ ဘယ်ရောက်နေတယ်ဆိုတာ လုံးဝမသိဘူး။ ဘယ်ကို ပြေးရမလဲဆိုတာလဲ မသိဘူး။ သူတို့ဟာ နံရံကပ်ကော်ဇောတစ်ချပ်ကို ဆွဲဖယ်တယ်။ နောက်ဖက်မှာ လျှို့ဝှက်လမ်းရှိတာ တွေ့ရတယ်။ လမ်းအတိုင်းလျှောက်ပြေးရင်း နောက်ဆုံးမှာ ကျိန်စာ စာသင်ခန်းအနီး ရောက်လာတယ်။ ဒီနေရာကို သူတို့အားလုံးသိတယ်။ ပြခန်းနဲ့ဆိုရင် မိုင်အတော်ကွာနေပြီ။

"ကြည့်ရတာ သူ့ကို ဖျောက်ထားခဲ့နိုင်ပြီ" ဟယ်ရီက ဟောဟဲဟောဟဲနဲ့ ပြောတယ်။ အေးစက်တဲ့ နံရံပေါ် ခေါင်းမှီထားပြီး လက်နဲ့ ချွေးသုတ်နေတယ်။ နီဗီးက ကုန်းပြီး ပန်းနာလို ကြောက်စရာ အသံကြီးထွက်လာတယ်။ ပွစိပွစိနဲ့ အပြစ်တင်နေတယ်။

"ငါ-အစောကြီးကတည်းက-နင့်ကို-ပြောတယ်" ဟာမီးက မောမောနဲ့ ပြောတယ်။ ရင်ပပ်ကို လက်နဲ့ဖိထားတယ်။ "ငါ-စောစောကတည်းက - နင့်ကို-ပြောတယ်"

"ငါတို့ ဂရစ်ဖင်းဒေါ အိမ်ချွန်ကို ပြန်မှ" ရွန်ကပြောတယ်။ "မြန်လေကောင်းလေပဲ"

"မာဖိုင်က နင့်ကိုတမင်ချောက်ချတာ" ဟာမီးက ဟယ်ရီကိုပြောတယ်။ "နင်နားလည်ပြီလား။ သူအစကတည်းက နင့်ကိုလာတွေ့ဖို့ မစဉ်းစားဘူး။ ဖစ်ချ်က ပြခန်းသွားမဲ့လူ ရှိတယ်ဆိုတာ သိနှင့်ပြီ။ မာဖိုင်သူ့ကို သတင်းပေးတာပဲ ဖြစ်မယ်"

ဟယ်ရီက သူမ ခန့်မှန်းတာ အလွန်မှန်တယ်လို့ ထင်တယ်။ ဒါပေမယ့် သူမကို မပြောချင်ဘူး။

"သွားကြရအောင်"

ကိစ္စက ဒီလောက်လွယ်လွယ်နဲ့ မပြီးဘူး။ သူတို့ ရှေ့ကို ဆယ်လှမ်းလောက်ပဲ လှမ်းရသေးတယ်။ ဘေးက တံခါးလက်ကိုင်က ဂတ်ဂတ်သံထွက်လာတယ်။ တစ်ခုခု ကျောင်းခန်းထဲက ထွက်လာပြီး သူတို့ရှေ့ကို ပျံလာတယ်။

အဲဒါ သရဲဖီးဖိစ်။ သူက သူတို့ကိုမြင်တာနဲ့ ဝမ်းသာတဲ့ ရယ်သံစူးစူးထွက်လာတယ်။



"ပါးစပ်ပိတ်၊ သရဲဖီးဖိစ်-တောင်းပန်ပါတယ်-ခင်ဗျားဒီလိုလုပ်ရင် ကျွန်တော်တို့ ကျောင်းက မောင်းထုတ်ခံရလိမ့်မယ်"

သရဲဖီးဖိစ်က တဟားဟားရယ်တယ်။

"ညကြီးသန်းခေါင် နေရာတကာလျှောက်သွားနေတယ်၊ ဟုတ်လား။ သောက်မြင်ကတ်စရာ ပထမနှစ်ကျောင်းသားတွေ။ ကျွတ်၊ ကျွတ်၊ ကျွတ်၊ သိပ်ဆိုးတယ်။ နင်တို့ မောင်းထုတ်ခံရမယ်။ ငိုပွဲဆင်ရလိမ့်မယ်"

"ခင်ဗျား ကျွန်တော်တို့ကို ဖွင့်မချရင် ဒီလိုမဖြစ်ပါဘူး။ တောင်းပန်ပါတယ် သရဲဖီးဖိစ်"

"ဖစ်ချ်ကို သွားပြောရမယ်၊ ဟုတ်ပြီ၊ ဒီလိုပဲ လုပ်ရမယ်" သရဲဖီးဖိစ်ဟာ လူကြီးလူကောင်းပုံပြတယ်။ မျက်စိထဲမှာတော့ လူရှုပ်လုပ်လိုတဲ့ အရောင်ပြနေတယ်။ "ဒါမင်းတို့ကောင်းဖို့နော်၊ သိကြရဲ့လား"

"လမ်းမပိတ်နဲ့" ရွန်က တအားအော်ပြောတယ်။ သရဲဖီးဖိစ်ကို တအားထုလိုက်တယ်။ အဲဒါအမှားကြီးမှားတာပဲ။

"ကျောင်းသားတချို့ အိပ်ရာက နိုးထွက်လာတယ်" သရဲဖီးဖိစ်က အာခြဲအော်တယ်။ "ကျောင်းသားတစ်ချို့ အိပ်ရာက နိုးထွက်လာတယ်။ ကျိန်စာကျောင်းခန်း စင်္ကြံပေါ် ရောက်နေတယ်"

သူတို့ဟာ ခေါင်းငုံ့ပြီး သရဲဖီးဖိစ် ခြေထောက်အောက်က ဖြတ်ပြီး ကြောက်အားလန့်အားနဲ့ ရှေ့ကိုပြေးတယ်။ စင်္ကြံအဆုံးအထိရောက်တော့ တံခါးတစ်ခုကို ဒိုင်းဆိုဝင်တိုက်တယ် — တံခါးက ပိတ်ထားတယ်။

"ဒုက္ခရောက်ပြီ" အားလုံး အားထုတ်ပြီးတွန်းပေမယ့် တံခါးကို တွန်းဖွင့်လို့မရဘူး။ ရွန်ကပြောတယ်။ "ဒီတစ်ချီတော့ တို့တကယ်ပဲ၊ သွားပါပြီ။ သွားဖို့လမ်းမရှိတော့ဘူး"

သူတို့ဟာ ကြာလေနီးလေ နီးလာတဲ့ခြေသံကို ကြားရတယ်။ ဖစ်ချ်ဟာ အမြန်ဆုံးနှုန်းနဲ့ သရဲဖီးဖိစ်အော်တဲ့ဘက်ကို ပြေးနေတယ်။

"အိုး၊ ဖယ်စမ်း" ဟာမီးက ဒေါသနဲ့ အော်တယ်။ သူမဟာ ဟယ်ရီရဲ့ မှော်ကြိမ်လုံးကို လုယူပြီ တံခါးသော့ကို အသာလေးခေါက်ရင်း "အလဲဟိုမိုရာ" လို့ တိုးတိုးရွတ်တယ်။

သော့ဟာ ဂတ်ဆိုပြီး ပွင့်ထွက်လာတယ်။ တံခါးကြီး အလျင်အမြန်ပွင့်လာတယ်။ လေးယောက်သား တိုးဝင်ကြတယ်။ တံခါးကို အမြန်ပြန်ပိတ်

www.burmeseclassic.com



လိုက်တယ်။ တံခါးပေါ်နားအပ်ပြီး အပြင်က လှုပ်ရှားမှုကို သေချာနားထောင်တယ်။

"သူတို့ ဘယ်ဘက်ကိုသွားလဲ၊ သရဲဖီးဖိစ်" ဖစ်ချ်ကပြောတယ်၊ ငါ့ကို မြန်မြန်ပြောပြ။

"ငါ့ကို မနောက်နဲ့၊ သရဲဖီးဖိစ်၊ အခု ငါ့ကိုပြောပြ။ သူတို့ ဘယ်သွားသလဲ"

"မင်းကျေးဇူးပြု၍လို့ မပြောရင်၊ ကျုပ်က မပြောရေးချမပြောပဲ" သရဲဖီးဖိစ်ဟာ သူ့ရဲ့ သီချင်းဆိုသလို ဒေါသထွက်စေတဲ့ အသံနဲ့ပြောတယ်။

"ကောင်းပြီလေ-ကျေးဇူးပြု၍"

"မပြောဘူး။ ဟား၊ ဟားဟား။ ကျုပ်ခုနက ပြောပြီးပြီပဲ။ မင်းအရင်ဆုံး ကျေးဇူးပြု၍ လို့မပြောရင်၊ ကျုပ်လဲ မပြောဘူး။ ဟား၊ ဟား။ ဟား ဟား ဟား" သူတို့လေးယောက်ဟာ သရဲဖီးဖိစ် အလျင်အမြန် ပျံပြေးတဲ့ လေသံ၊ တရှိုးရှိုးနဲ့ ဖစ်ချ်ဒေါသထွက်ပြီး ကျိန်ဆဲသံကို ကြားရတယ်။

"သူက ဒီတံခါးဟာ ပိတ်ထားတယ်လို့ ထင်နေတာ" ဟယ်ရီက တိုးတိုးပြောတယ်။ "ငါတို့ လွတ်ပြီလို့ထင်တယ် — လွှတ်စမ်း၊ နီဗီး" နီဗီးက ဟယ်ရီရဲ့ ညဝတ်အင်္ကျီလက်ကို တစ်အားဆွဲနေလို့ "ဘယ်လိုဖြစ်တာလဲ"

ဟယ်ရီလှည့်လိုက်တယ်။ ချက်ချင်းဘာဖြစ်တယ်ဆိုတာ သိသွားတယ်။ အဲဒီလျှပ်တစ်ပြက် အချိန်လေးမှာ မိမိဟာ အိပ်မက်ဆိုး အရှင်လတ်လတ်ထဲ ဝင်မိပြီဆိုတာ သေချာနေပြီ။ ဒါသိပ်ကို လွန်လွန်းတယ်။ မျက်မှောက်အချိန်ထိ ဖြစ်ပွားခဲ့တာ အားလုံးဟာ ခုမျက်စိရှေ့က မြင်ရတာနဲ့ စာရင် ဘာမှ မဟုတ်ဖူးလို့ ပြောနိုင်တယ်။

သူမှုလက ခန့်မှန်းထားသလို၊ သူတို့ဟာ အခန်းထဲမှာ မဟုတ်ဖူး။ စင်္ကြံတစ်ခုထဲမှာ။ တားမြစ်ထားတဲ့ စတုတ္ထလွှာစင်္ကြံထဲမှာ။ အခု သူတို့ဟာ ဒီထဲကိုဝင်ဖို့တားမြစ်ရတဲ့ အကြောင်းကို နားလည်သွားပြီ။

သူတို့ရှေ့မှာ မျက်စိအရောင်တောက်တောက်၊ တောင်ကြီးလိုကြီးတဲ့ ဧရာမခွေးကြီး တစ်ကောင်။ ၎င်းရဲ့ ဧရာမကိုယ်ခန္ဓာကြီးဟာ ကြမ်းပြင်ကနေ မျက်နှာကြက်ထိ ပြည့်နေတယ်။ ၎င်းမှာ ခေါင်းသုံးလုံးရှိတယ်။ ဒေါသနဲ့ လည်နေတဲ့ မျက်လုံးသုံးစုံ။ သူတို့ကို ရှုံ့ရှုံ့ပြနေတဲ့ နှာခေါင်းသုံးခု။ သွားရေတွေ စီးကျနေတဲ့ ပါးစပ်နီနီကြီး။ ဝါနေတဲ့ ဧရာမသွားကြီးတွေပေါ်မှာ ချွဲပျစ်နေတဲ့



သွားရည်တွေ တွဲကျနေတယ်။

၎င်းဟာ မလှုပ်မယှက် တောင်တစ်လုံးလို နေရာတွင်ရပ်နေတယ်။ မျက်လုံးခြောက်လုံးဟာ သူတို့ကို သေချာစိုက်ကြည့်နေတယ်။ ဟယ်ရီစိတ်ထဲမှာ သိတာက၊ သူတို့ချက်ချင်း အသေဆိုးနဲ့ မသေတာဟာ၊ သူတို့ ဝင်လာတာ သိပ်ကြီး ရုတ်တရက်ဖြစ်လွန်းလို့။ ချက်ချင်း ဘယ်လိုတုန့်ပြန်ရမှန်း မသိဖြစ်သွားတာ။ ဒါပေမယ့် ၎င်းဟာ ချက်ချင်း သတိပြန်ဝင်လာပြီး မိုးခြိမ်းသံလို ဟိန်းဟောက်ပါတော့တယ်။ အန္တရာယ်အချက်ပြနေပါပြီ။

ဟယ်ရီက တံခါးလက်ကိုင်ကို စမ်းတယ်။ ဖစ်ချ်နဲ့ သေခြင်းကြားမှာ သူဟာ ဖစ်ချ်ကိုပဲ ရွေးချယ်ချင်တယ်။

သူတို့ဟာ တံခါးအပြင်သို့ ဆုတ်လာတယ်။ ဟယ်ရီက တံခါးကို တအားဆောင့်ပိတ်လိုက်တယ်။ အားလုံး စင်္ကြံကနေ လာလမ်းအတိုင်း ပြန်ပြေးတယ်။ မြန်လိုက်တာမှ ထပ်ျတော့ မတတ်ပဲ။ ဖစ်ချ်ဟာ တခြားနေရာကို သွားပြီး သူတို့ကို လိုက်ရှာနေတယ် ထင်တယ်။ တစ်လမ်းလုံး သူနဲ့ မတိုးကြဘူး။ အခု သူတို့အနေနဲ့လဲ ဘာဖြစ်ဖြစ်လို့ သဘောထားတယ်။ အခုမျှော်လင့်တာ ကတော့ သူတို့နဲ့ ဟိုသတ္တဝါကြီးကြား အကွာအခြား ဝေးလေကောင်းလေပဲ။ လေးယောက်သား မနားတမ်း ခုနစ်လွှာက မိန်းမဝဝအရုပ်ရှေ့ ပြေးလာကြတယ်။

"မင်းတို့ ဘယ်သွားနေကြတာလဲ" သူမက မေးတယ်။ သူတို့ရဲ့ ပခုံးအောက် လျှောကျနေတဲ့ ညဝတ်အင်္ကျီနဲ့ ချွေးတွေစီးကျနေတဲ့ မျက်နှာနီရဲရဲကို သံသယနဲ့ ကြည့်နေတယ်။ "ဒါကို အသာထား — ဝက်နှာခေါင်း၊ ဝက်နှာခေါင်း" ဟယ်ရီက မောဟိုက်နေပြီး ပြောတယ်။ အရုပ်ကားဟာ ရှေ့သို့ ဖွင့်ပေးတယ်။ သူတို့ မိတ်ဆုံခန်းမထဲ အမြန်ဝုဝ်ခဲ့တယ်။ တစ်ကိုယ်လုံး တုန်ယင်ပြီး လက်ရန်းပါတဲ့ ကုလားထိုင်ပေါ် လဲကျသွားကြတယ်။

အတော်ကြာကြာ ဘယ်သူမှစကားမပြောဘူး။ နီဗီးကို ကြည့်ရတာ ဒီဘဝ နောက်ထပ် စကားပြောတတ်တော့မဲ့ပုံ မပေါ်ဘူး။

"သူတို့တွေဟာ ဘယ်လိုတွေးကြတာလဲ။ ဒီလိုဟာမျိုးကို ကျောင်းထဲ ပိတ်ထည့်ထားသေးတယ်" ရွန်က စပြောတယ်။ "အဲဒီ အကောင်ဟာ အပြင် ထွက်ပြီး လှုပ်ရှားသင့်တယ်"

ဟာမီးဟာ အတော်ကြာမှ အသက်ရှူမှန်လာတယ်။ သူမရဲ့ ညဉ်ဆိုးက

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြန်တယ်။

"နင်တို့ မျက်စိနဲ့ မကြည့်တတ်ဖူးလား။ နင်တို့တတွေဟာ တစ်ယောက်မှ မကြည့်တတ်ဖူးလား" သူမက ဒေါသနဲ့ ကျိန်ဆဲတယ်။ "သူဘယ်ပေါ်ရပ်နေတယ်ဆိုတာ နင်တို့မမြင်ကြဘူးတဲ့ လား"

"ကြမ်းပေါ်မှာလား"ဟယ်ရီက ခန့်မှန်းပြောတယ်။ "ငါသူ့ခြေထောက်ကို သတိမထားမိဘူး။ သူ့ခေါင်းသုံးလုံးနဲ့ကို ပြာနေပြီ"

"ဟင့်အင်း၊ ကြမ်းပြင်မှာ မဟုတ်ဖူး။ သူတံခါးရှင်တစ်ချပ်ပေါ်မှာ ရပ်နေတာ။ သူတစ်ခုခုကို စောင့်နေတာနဲ့ တူတယ်"

သူမက မတ်တတ်ရပ်လိုက်ပြီး၊ သူတို့ကို ဒေါသနဲ့ ကြည့်နေတယ်။

"အားလုံး မိမိတို့ဖော်ပြချက်ကို ကျေနပ်နေကြပြီပေါ့။ ငါတို့ အသက်တောင်ပျောက်တော့ မလို့ — ဒီထက်တောင်ဆိုးနိုင်သေးတယ်။ ကျောင်းကနေ မောင်းထုတ်ခံရမှာ။ အခု နင်တို့ဘာမှ မဖြစ်ဖူးဆိုရင် ငါပြန်အိပ်တော့မယ်"

ရွန်က ပါးစပ်ကြီးဟပြီး သူမရဲ့ ကျောဘက်ကို အံ့သြစွာ ကြည့်နေတယ်။

"မဖြစ်ပါဘူး၊ တို့ ဘာမှမဖြစ်ပါဘူး" သူက ပြောတယ်။ "သူမဒီလိုပြောတာဟာ၊ တို့က သူ့ကို အတင်းခေါ်သွားသလိုပဲ၊ မဟုတ်ဖူးလား"

ဟယ်ရီခုတင်ပေါ်တက်နားတဲ့အခါမှာ၊ ဟာမီးပြောတဲ့ စကားဟာ သူ့ခေါင်းထဲက မထွက်ဖူး။ အဲဒီခွေး တစ်ခုခုကို စောင့်နေတာ — ဟက်ဂရစ်ဟာ အစတာဘယ်လိုပြောလဲ၊ တကယ်လို့ မင်းတစ်ခုခုကို ဝှက်ထားချင်ရင်၊ ဂရင်းဂေါ့စ်ဟာ ကမ္ဘာပေါ်မှာ အလုံခြုံဆုံးပဲ — ဟော့ဂ်ဝပ်ကလွဲ ရင်။

အမှတ် ၇၁၃ မြေအောက် ရတနာခန်းက ယူထုတ်ခဲ့တဲ့ ညစ်ပတ်တဲ့ အထုပ်ကလေးကို အခုဘယ်မှာထားတယ်ဆိုတာ သူသိသွားပြီလို့ ဟယ်ရီခံစားရတယ်။



၁၀။ ဟောလိုးဝင်းထိတ်လန့်မှု

နောက်နေ့။ မာဖွိုင်ဟာ ဟယ်ရီနဲ့ ရွန်တို့ ဟော့ဂ်ဝပ်မှာ ကောင်းမွန်စွာ ရှိနေတာမြင်တော့ မိမိမျက်စိကိုတောင် မယုံနိုင်သလိုဖြစ်မိတယ်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ နည်းနည်းနွမ်းနယ်နေတယ်။ စိတ်ဓာတ်ကတော့ ပျော်ရွှင်နေတယ်။ စင်စစ်၊ နောက်နေ့နံနက်မှာ ဟယ်ရီနဲ့ ရွန်တို့ဟာ ခေါင်းသုံးခေါင်းခွေးနဲ့တွေ့တာ အလွန်ကောင်းတဲ့ ထူးဆန်းမှုပေးတဲ့ စွန့်စားခန်းလို့ ယူဆကြတယ်။ သူတို့ဟာ နောက်တစ်ကြိမ် စွန့်စားခန်းကိုတောင် မျှော်လင့်နေသေးတယ်။ တစ်ချိန်တည်းမှာ ဟယ်ရီကလဲ ဟိုအထုပ်ကို ဂရင်းဂေါ့စ်ကနေ ဟော့ဂ်ဝပ်ကို ပြောင်းထားတဲ့အကြောင်း ရွန်ကို အသေးစိတ်ပြောပြတယ်။ နှစ်ယောက်သား အချိန်တွေအများကြီး အကုန်ခံပြီး ဘယ်လိုပစ္စည်း မျိုးမို့ ဒီလောက်တောင် တင်းကြပ်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရတာလဲဆိုတာ ခန့်မှန်းကြတယ်။

"ဒီပစ္စည်းဟာ အလွန်တန်ဖိုးကြီးလို့ ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် သိပ်အန္တရာယ်ရှိလို့" ရွန်က ပြောတယ်။

www.burmeseclassic.com



"ဒါမှ မဟုတ်ရင် နှစ်မျိုးစလုံး ဖြစ်လို့" ဟယ်ရီက ပြောတယ်။

အဲဒီလို့ ဝှက်တဲ့ အရာကို သူတို့ပြောနိုင်တာ တစ်ခုထဲရှိတယ်။ အဲဒါ ကတော့ ဝင်းဟာ နှစ်လက်မရှည်တယ် ဆိုတာပဲ။ ဒီထက်ပိုပြီး ဘာအချက် အလက်မှ မရှိတော့ ဘာမှလဲ ခန့်မှန်းစရာ မရှိဘူးပေါ့။

နီဗီးနဲ့ ဟာမီးတို့ နှစ်ယောက်ကတော့ ခေါင်းသုံးခေါင်းခွေးကြီးနဲ့ တံခါးရှင်အောက်မှာ ဝှက်ထားတဲ့ ပစ္စည်းကို လုံးဝ စိတ်မဝင်စားဘူး။ နီဗီးစိတ် ဝင်စားဟာက အဲဒီခွေးအနား ဘယ်တော့မှာ မကပ်မိဖို့ပဲ။

ဟာမီးက ဟယ်ရီနဲ့ ရွန်တို့ကို စကားမပြောဘူး။ သူမဟာ သိပ်ကို ဗိုလ်ကျတယ်။ မိမိကိုယ်မိမိ ဘာမဆိုသိတယ်ထင်တဲ့ အမြင်ကတ်စရာ လူမျိုး။ ဒါကြောင့် သူတို့က ဒါကို မမျှော်လင့်ပဲရတဲ့ အကျိုးလို့ ယူဆတယ်။ အနည်း ဆုံးတော့ နောင်ကို နားသက်သာမယ်။ အခု သူတို့နှစ်ယောက် တကယ်လုပ် ချင်တာကတော့ အခွင့်ကောင်းရှာပြီး မာဖိုင်ကို ဂလဲ့စားချေဖို့ပဲ။ တစ်ပတ် ကြာပြီးနောက်၊ ဒီလိုအခွင့်အရေးဟာ နံနက်စာတွေနဲ့အတူ ရောက်လာပြီဆို တာ သူတို့အားရစွာ တွေ့ရှိတော့တယ်။

ခါတိုင်းလိုပဲ ဇီးကွက်တွေဟာ အရပ်လေးမျက်နှာကနေ ထမင်းစားခန်း ထဲ ဝင်လာတယ်။ လူအားလုံးဟာ ဇီးကွက်ကြီး ခြောက်ကောင်က သယ်ယူ လာတဲ့ သေးပြီးရှည်တဲ့ အထုပ်ကို စိတ်ဝင်စားနေကြတယ်။ ဟယ်ရီဟာလဲ သူများလိုပဲ ဒီအထုပ်ထဲမှာ ဘာလဲဆိုတာကြည့်ချင်တယ်။ ဇီးကွက်ခြောက် ကောင် ရှေ့ဆင်းလာပြီး သူ့ရှေ့မှာ အထုပ်ကို ပစ်ချတယ်။

အဲဒီဇီးကွက်ကြီးခြောက်ကောင်ပျံသွားရုံရှိသေးတယ်။ နောက် ဇီးကွက် တစ်ကောင်က တောင်ပံခတ်ပြီး ဆင်းလာတယ်။ စာတစ်စောင်ကို အထုပ်ပေါ် ပစ်ချခဲ့တယ်။

ဟယ်ရီက စာကိုအရင်ဖွင့်တယ်။ ဒါသူ့ကံပဲ။ စာထဲမှာ ရေးထားတာ ကတော့-

ထမင်းစားစားပွဲမှာ အထုပ်ကို မဖွင့်နဲ့။

အထဲမှာက သင့်အတွက် အလင်းစကြာနှစ်ထောင်။

မင်း မိုးပျံတံမြက်စည်းတစ်ချောင်းရတာ သူများ မသိစေချင်ဘူး။

နို့မို့ရင် သူတို့အားလုံးလဲ လိုချင်တယ်လို့ ဆူလိမ့်မယ်။

အော်လီဗာဝုဒ် ဒီနေ့ည (၇) နာရီ ခွေခစ် ဘောကွင်းမှာ မင်းနဲ့တွေ့



လိမ့်မယ်။

မင်းကို ပထမဆုံးအကြိမ် လေ့ကျင့်သင်ကြားမယ်။

ပါမောက္ခ မက်ဂေါ်နာဂေါ

ဟယ်ရီက စာကို ရွန့်ပေးလိုက်တယ်။ မျက်နှာပေါ်မှာ ပျော်တဲ့စိတ်ကို မဖုံးနိုင်ဘူး။

"အလင်းစကြာနှစ်ထောင်" ရွန်က အားကျလို့ အမေဒိုတ်သံထွက် လာတယ်။ "ဒီဟာကို ငါထိတောင် မထိဘူးသေးဘူး"

သူတို့ဟာ ချက်ချင်း ထမင်းစားခန်းက ထွက်လာတယ်။ ကျောင်းစ မတက်ခင်မှာ အိပ်ခန်းပြန်ပြီး ဒီအထုပ်ကို ဖွင့်ချင်တယ်။ ဒါပေမယ့်၊ တံခါးမ ကြီးကို ကျော်ဖြတ်လိုက်တာနဲ့ အပေါ်ထပ်တက်တဲ့ လမ်းဟာ ခရပ်နဲ့ဂိုးက ပိတ်ထားတာတွေ့ရတယ်။ မာဖိုင်က ဟယ်ရီရဲ့ အထုပ်ကို ဆွဲလုလိုက်တယ်။ လက်နဲ့စမ်းလိုက်တယ်။

"ဒါမိုးပျံတံမြက်စည်း" သူကပြောတယ်။ မုန်းလဲမုန်း၊ မနာလဲ မနာလိုတဲ့ ရှုပ်ထွေးတဲ့ စိတ်နဲ့ အထုပ်ကို ဟယ်ရီ့ပစ်ပေးလိုက်တယ်။ "မင်းဒီတစ်ခါတော့ တကယ်ပဲသွားပြီ၊ ဟယ်ရီ၊ ပထမနှစ် ကျောင်းသားသစ်မှာ မိုးပျံတံမြက်စည်း မရှိရဘူး"

ရွန် အောင့်မနေနိုင်တော့ဘူး။

"ဒါက ဖြစ်သလို အစုတ်အပြတ် တံမြက်စည်း မဟုတ်ဖူး" သူက ပြောတယ်။ "ဒါက အလင်းစကြာ နှစ်ထောင်။ မင်းက ပြောဘူးတယ်လေ။ မင်းအိမ်မှာ ဘာတံမြက်စည်းဆိုလား၊ ရှိတယ်ဆို။ မာဖိုင်၊ ကောမက် ၁၂၀ ဟုတ်လား။ ကောမက်ကကြည့်တော့ တယ်ဟုတ်သလိုနဲ့ အဆင့်ကျတော့ အလင်းစကြာထက် အများကြီးနိမ့်တယ်"

"မင်းဒါတွေ ဘယ်လိုသိတာလဲ၊ ဝယ်စလီ။ မင်းဟာ တံမြက်စည်း တစ်ပင်တောင် မဝယ်နိုင်ပဲနဲ့" မာဖိုင်က နှုတ်လှန်ထိုးတယ်။ "ငါထင်တယ် မင်းနဲ့ မင်းညီအစ်ကိုတွေဟာ ပိုက်ဆံ တဖြည်းဖြည်းစုပြီးမှ၊ တံမြက်စည်းတံ တစ်ပင်ချင်းဝယ်ပြီး တံမြက်စည်းတစ်ချောင်းဖြစ်အောင် လုပ်ရမှာ"

ရွန်က ပြန်မပြောရခင်မှာပဲ ပါမောက္ခ ဖလစ်ဝစ်ဟာ မာဖိုင်အေးကို

www.burmeseclassic.com



ရောက်လာတယ်။

"မင်းတို့ရန်ဖြစ်နေသလား" သူက အကျယ်ကြီး အော်တယ်။

"ဟယ်ရီ မိုးပျံတံမြက်စည်းတစ်ချောင်းရတယ်၊ ပါမောက္ခ" မာဖိုင်က ချက်ချင်းတိုင်တယ်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကိစ္စမရှိဘူး" ပါမောက္ခ ဖလစ်ဝစ်က တပြုံးပြုံးနဲ့ ဟယ်ရီကို ကြည့်တယ်။ "ပါမောက္ခ မက်ဂေါ်နာဂေါက ဒီလိုထူးခြားတဲ့ အခြေအနေကို ရှင်းပြထားပြီးပြီ။ ဟယ်ရီ၊ မင်းတံမြက်စည်းက ဘယ်အမျိုးအစားလဲ"

"အလင်းစကြာ နှစ်ထောင်ပါ၊ ပါမောက္ခ" ဟယ်ရီကပြောတယ်။ မာဖိုင်ရဲ့ လန့်နေတဲ့ မျက်နှာကို မကြည့်ဝံ့ဘူး။ မိမိတအားရယ်မိမှာ စိုးလို့။ "ဒီတံမြက်စည်းကိုရတာဟာ မာဖိုင်ကို ကျေးဇူးတင်ရမှာပါ" သူကဖြည့်ပြောတယ်။

ဟယ်ရီနဲ့ ရွန် အပေါ်ထပ်တက်သွားတယ်။ မာဖိုင်ဟာ ဒေါသလဲ ထွက်၊ ဘာမှန်းလဲမသိတဲ့ အမူအရာကြောင့် သူတို့နှစ်ယောက် ကြိတ်ရယ်ရ တာ ဗိုက်တောင်နာလာတယ်။

"အင်း၊ ငါပြောတာ အမှန်" လှေခါးထိပ်ရောက်တော့ ဟယ်ရီက တဟားဟားအော်ရယ်တယ်။ "သူသာ နီဗီးရဲ့ မှတ်သားမှုဖန်လုံးကို မခိုးဘူးဆိုရင်၊ ငါလဲ အခုလို ဘောသင်းထဲ ပါရမှာ မဟုတ်ဖူး. . . . ."

"ဒါ့ကြောင့် နင့်အနေနဲ့ ဒါနင်ကျောင်းစည်းကမ်း ချိုးဖောက်လို့ရတဲ့ ဆုလို့ထင်တယ် ဟုတ်လား" သူတို့ နောက်ဖက်ကနေ ဒေါသနဲ့ အသံတစ်ခု ထွက်လာတယ်။ ဟာမီးက လှေခါးကို ခြေနဲ့ဆောင့်နင်းရင်း ဟယ်ရီ့လက် ထဲက အထုပ်ကို အထင်မကြီးပုံ ဖော်ပြနေတယ်။

"ဟင်၊ နင့်က ငါတို့နဲ့ စကားမပြောတော့ဘူးဆို" ဟယ်ရီက ပြောတယ်။

"ဟုတ်တယ်လေ၊ ဒါဆိုဆက်ပြီး ဒီတိုင်းလုပ်ပါလို့ တောင်းပန်ပါတယ်" ရွန်က ပြောတယ်။ "ဒါငါတို့ကို ကျေးဇူးပြုတာပါပဲ"

ဟာမီးက နှာခေါင်းကို မိုးပေါ်ဆောင်ထားပြီး ဂရုမစိုက်ဖူးဆိုတဲ့ ပုံစံနဲ့ ထွက်သွားတယ်။

ဟယ်ရီဟာ အဲဒီနေ့မှာ စာသင်တာ စိတ်ဝင်စားလို့ မရဘူး။ သူ့အတွေးဟာ အိပ်ခန်းဆီချည်း ရောက်နေတယ်။ မိုးပျံတံမြက်စည်းအသစ် ခုတင်အောက်မှာ သူ့ကိုစောင့်နေတာကို တွေးနေတယ်။ ခွေ့ဒစ် ဘောကွင်းဆီလဲ အတွေးရောက်ရောက်နေတယ်။ ဒီညမှာ သူစတင်လေ့ကျင့်ရတော့မယ်။ ညစာစားချိန်မှာ သူဟာ အရသာမသိပဲနဲ့ အစားအစာကို မျိုချတာပဲ ရှိတယ်။ သူဘာစားနေတယ်ဆိုတာ သတိမပြုမိဘူး။ ဒီနောက် ရွန်နဲ့အတူ လှေခါးပေါ် ပြေးတက်တယ်။ အလင်းစကြာနှစ်ထောင် အထုပ်ကို ဖောက်လိုက်တယ်။

"ဝိုး" မိုးပျံတံမြက်စည်း ဟယ်ရီခုတင်ခင်းပေါ် လိမ့်ဆင်းသွားတော့ ရွန်က အမေ့ဒိတ်သံထွက်လာတယ်။

မိုးပျံတံမြက်စည်း အမျိုးအစားတွေကို ဘာမှမသိတဲ့ ဟယ်ရီတောင်၊ ဒီတံမြက်စည်းဟာ သိပ်ကို ကောင်းမှန်းသိတယ်။ ပြောင်ချောပြီး လက်နေတယ်။ ကိုင်ရတာ သိပ်ကောင်းတဲ့ မက်မုံ အနှစ်သား တံမြက်စည်းလက်ကိုင်ရှိတယ်။ ဖြောင့်လဲဖြောင့် ညီလဲညီညာတဲ့ တံမြက်စည်းတံတွေနဲ့ ဖွဲ့စည်းထားတဲ့ လှပတဲ့ အမြီးလဲရှိတယ်။ တံမြက်စည်းထိပ်နားမှာ ရွှေရောင်စာလုံးရိုက်နှိပ်ထားတယ်။ အလင်းစကြာနှစ်ထောင်။

ခုနစ်နာရီထိုးခါနီးမှာ ဟယ်ရီ ရဲတိုက်ကနေထွက်ခဲ့တယ်။ ညနေစောင်း မှောင်ရီပျိုးစမှာ ခွေ့ဒစ် ဘောကွင်းကို ချီတက်တယ်။ ဟယ်ရီဟာ အရင်က အားကစားကွင်းကို မသွားဖူးဘူး။ ဘောကွင်းဘေးပတ်လည်က ပရိသတ်စင် ပေါ်မှာ ထိုင်ခုံမြင့်မြင့်ကြီးတွေ ရာအချို့ရှိတယ်။ ပရိသတ်ကို အမြင့်မှာ ထိုင်ပြီး ဘောပွဲကို ရှင်းရှင်းကြည့်နိုင်အောင် စီစဉ်ထားတယ်။ ဘောကွင်းနှစ်ဖက်မှာ ထိပ်မှာ ဘောင်အဝိုင်းတပ်ထားတဲ့ ရွှေတိုင်သုံးတိုင်ရှိတယ်။ ဟယ်ရီက 'မတ်ဂေါ်' ကလေးတွေ ဆပ်ပြာဗူဖောင်းကစားတဲ့ ပလပ်စတစ်ချောင်းကို သွားသတိရတယ်။ ကွာခြားတာကတော့ အဲဒီတိုင်တွေဟာ ပေ ၅၀ မြင့်တာပဲ။

ဝုဒ်ကို စောင့်နေတဲ့ အချိန်အားမှာ ဟယ်ရီဟာ ပျံသန်းတဲ့ အရသာကို ထပ်စမ်းချင်စိတ် ကို မတားနိုင်ဖြစ်လာတယ်။ ဒါနဲ့ သူကတံမြက်စည်းကိုစီးပြီး ခြေနဲ့ကန်တက်လိုက်တယ်။ သိပ်ကို ဟန်ကျတာပဲ။ သူဟာ ဘောတိုင်ကြားမှာ ဖျတ်လတ်စွာ ကွေ့ချိုးပျံသန်းတယ်။ တစ်ခါဘောကွင်းထဲမှာ အလျင်အမြန် ထောင်တက်၊ ထိုးချလုပ်တယ်။ အသာလေးထိလိုက်တာနဲ့ အလင်းစကြာ နှစ်ထောင်ဟာ သူညွှန်တဲ့အတိုင်း ဦးတည်ချက်ပြောင်းသွားတယ်။

"ဟေး၊ ဟယ်ရီ၊ ဆင်းခဲ့တော့"

အော်လီဗာ ဝုဒ်ရောက်နေပြီ။ သူ့ချိုင်းအောက်မှာ သေတ္တာကြီးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ထားတယ်။ ဟယ်ရီက သူ့ဘေးမှာ ဆင်းလိုက်တယ်။

"အလွန်ကောင်းတယ်" ဝုဒ်က ပြောတယ်။ မျက်လုံးထဲမှာလဲ ဝမ်းသာတဲ့အရောင် တောက်နေတယ်။ "ငါအခု ပါမောက္ခမက်ဂေါ်နာဂေါ် ပြောတဲ့ အဓိပ္ပာယ်ကို နားလည်ပြီ. . . . မင်းဟာမွေးကတည်းက ပျံသန်းဖို့ ဖြစ်လာတဲ့လူ။ ဒီညမင်းကို ဘောပြိုင်ပွဲ စည်းကမ်း ပြောပြမယ်။ပြီးရင် ငါတို့ တစ်ပတ်ကို သုံးကြိမ်လေ့ကျင့်ရမယ်၊ ပုံမှန်လေ့ကျင့်မှုထဲ ပါဝင်ရမယ်"

သူက သစ်သားသေတ္တာကို ဖွင့်လိုက်တယ်။ အထဲမှာ ကြီးသေးမတူတဲ့ ဘောလုံးလေးလုံး ရှိတယ်။

"ကောင်းပြီ" ဝုဒ်ကပြောတယ်။ "အခုငါပြောတာနားထောင်။ ခွေဒစ် စည်းကမ်းက အလွန်လွယ်ပါတယ်။ ကောင်းအောင်ကစားဖို့ ကျတော့ မလွယ်ဘူး။ အသင်းတိုင်းမှာ အားကစားသမား ခုနစ်ယောက်ရှိတယ်။ အဲဒီ အထဲက သုံးယောက်က လိုက်သမား"

"လိုက်သမားသုံးယောက်" ဟယ်ရီက နောက်ကလိုက်ပြောတယ်။ ဝုဒ်က ကန်ဘောလောက် အရွယ်ရှိတဲ့ ဘောလုံးနီရဲရဲကြီးကို ထုတ်ပြတယ်။

"ဒီဘောလုံးက ခွပ်ဖော်လို့ခေါ်တယ်" ဝုဒ်က ပြောတယ်။ "လိုက်သမားက ခွပ်ဖော်ကို တစ်ဦးမှတစ်ဦး ပေးသွားတယ်။ ခွပ်ဖော်ကို ဘောကွင်းထဲ ပစ်ထည့်နိုင်ရင် အမှတ်ရတယ်။ တစ်လုံးဝင်ရင် ဆယ်မှတ်ရတယ်။ ငါပြောတာ သိပ်မြန်သလား"

"လိုက်သမားသုံးယောက်က ခွပ်ဖော်ကို တစ်ဦးကနေ တစ်ဦးပေး သွားတယ်။ ခွပ်ဖော်ကို ဘောကွင်းထဲပစ်ထည့်နိုင်ရင် အမှတ်ရတယ်" ဟယ်ရီက အလွတ်ရွတ်ပြတယ်။ "ဒါကြောင့်-ဒါက တံမြက်စည်းကို စီးပြီး ကစားတဲ့၊ ကွင်းခြောက်ကွင်းရှိတဲ့ ဘတ်စကက်ဘောမျိုးပေါ့၊ ဟုတ်လား"

"ဘတ်စကက်ဘောဆိုတာဘာလဲ" ဝုဒ်က အံ့ဩစွာမေးတယ်။

"ဘာမှမဖြစ်ဖူး" ဟယ်ရီ ကမန်းကတန်းပြောတယ်။

"ကောင်းပြီ၊ ဒီပြင် အဖွဲ့တိုင်းမှာ အစောင့်လို့ခေါ်တဲ့ ဘောသမား တစ်ယောက်ရှိတယ်။ ငါကတော့ ဂရစ်ဖင်းဒေါက အစောင့်ဘောသမား။ ငါကတို့ရဲ့ ဂိုးကွင်းအနားမှာ ပျံသန်းနေရတယ်။ တဖက်က ဘောသမားတွေ ဂိုးသွင်းမှာကို တားဆီးရတယ်"

"လိုက်သမားသုံးယောက်၊ အစောင့်တစ်ယောက်" ဟယ်ရီက ပြော



တယ်။ ဒါတွေကို သေချာမှတ်သားမယ်လို့ သူဆုံးဖြတ်တယ်။ "သူတို့ကစားတဲ့ ဘောလုံးက ခွပ်ဖော်လို့ခေါ်တယ်။ ကောင်း ပြီ။ ကျွန်တော်နားလည်ပြီ။ ဒါဖြင့်ရင် ဒီကျန်တာတွေက ဘာလုပ်ဖို့လဲ" သူကသေတ္တာထဲက ကျန်တဲ့ ဘောလုံးသုံးလုံးကိုညွှန်ပြတယ်။

"ငါအခု ပြောပြမယ်" ဝုဒ်ကပြောတယ်။ "ကိုင်ထား"

သူက ဟယ်ရီကို တုတ်ကလေးတစ်ချောင်းပေးလိုက်တယ်။ ပုံပန်းက ကလေးဘော့စ်ဘောမှာ သုံးတဲ့ တုတ်တိုလေးလိုပဲ။

"ဘလတ်ဂါ ဘယ်လိုသုံးရတယ်ဆိုတာ ပြောပြမယ်" ဝုဒ်က ပြောတယ်။ "ဒီနှစ်ခုက ဘလတ်ဂါပဲ"

သူက တပုံစံထဲရှိတဲ့ ဘောနှစ်လုံးကို ညွှန်ပြတယ်။ အရောင်က မည်းနက်ပြီး ခွပ်ဖော်ထက် အနည်းငယ်သေးတယ်။ ၎င်းတို့ဟာ အဆက်မပြတ် တွန့်လိမ်နေတယ်။ ၎င်းတို့ကို သစ်သားသေတ္တာထဲမှာ သေချာတုပ် ချည်ထားတဲ့ ကြိုးကို ရုန်းထွက်ချင်သလို ဖြစ်နေတယ်။

မဲနက်နေတဲ့ ဘောလုံးတစ်လုံးဟာ ချက်ချင်း မိုးပေါ်ခုန်တက်သွား တယ်။ ဟယ်ရီ မျက်နှာဆီကို ချိန်ပြီးထိုးဆင်းလာတယ်။ ဟယ်ရီက နှာခေါင်း ရိုးကျိုးသွားမှာ စိုးလို့ တုတ်ကိုကိုင်ပြီး ယမ်းလိုက်တယ်။ ဘောလုံးမည်းဟာ စောင်းခွေပြီး မိုးပေါ်ပျံသွားတယ်။ သူတို့ခေါင်းပေါ်မှာ အလျင်အမြန် တစ်ပတ် ပတ်လိုက်တယ်။ ဒီနောက် ဝုဒ်ကို တိုက်ခိုက်တယ်။ ဝုဒ်က ခုန်ပြီး ကိုယ်တစ်ခုလုံး ဘောလုံးမဲပေါ် အုပ်ချပြီး မြေပေါ်ကိုဖိထားတယ်။

"တွေ့ပြီနော်" ဝုဒ်က မောဟိုက်ရင်းပြောတယ်။ အဆက်မပြတ် ရုန်းကန်နေတဲ့ ဘလတ်ဂါကို သေတ္တာထဲပြန်ထည့်တယ်။ ကြိုးနဲ့ ပြန်ချည် ထားတယ်။ "ဘလတ်ဂါဟာ ကွင်းထဲမှာ တက်လိုက်ဆင်းလိုက်နဲ့ ဘောသမားကို — တံမြက်စည်း ပေါ်က လူကို တိုက်ချဖို့ ကြိုးစားတယ်။ ဒါကြောင့် အဖွဲ့တိုင်း မှာ တိုက်ခိုက်သူ နှစ်ယောက်ရှိရတယ်။ ဝယ်စလီအမြွှာညီနောင်ဟာ တို့အသင်းရဲ့ တိုက်ခိုက်သူ — သူတို့က တို့အသင်းက ဘောသမားတွေကို ဘလတ်ဂါမတိုက်မိအောင် ကာကွယ်ရတယ်။ ပြီးတော့ ၎င်းတို့ကို တဖက် အသင်းဆီ ရိုက်ပို့ရတယ်။ ဒါကြောင့် — ခုနကပြောတာ မင်းမှတ်မိပြီလား"

"လိုက်သမားသုံးယောက်က ခွပ်ဖော်ကို ဂိုးကွင်းထဲသွင်းပြီး အမှတ် ယူတယ်။ အစောင့်က ဂိုးကွင်းတိုင်ကို ကာကွယ်ရတယ်။ တိုက်ခိုက်သူက

www.burmeseclassic.com

www.burmeseclassic.com



ဘလတ်ဂါကို မိမိအသင်းဘောသမားတွေ မထိနိုက်အောင် လုပ်ရတယ်" ဟယ်ရီက တကြောထဲဆုံးအောင် ပြောချလိုက်တယ်။

"သိပ်ကောင်းတယ်" ဝုဒ်က ပြောတယ်။

"အော-အဲဒီဘလတ်ဂါဟာ အရင်က လူကို သေအောင်လုပ်ဖူးသလား" ဟယ်ရီက တမင် အလွတ်သဘော မေးတဲ့ဟန်နဲ့ မေးတယ်။

"ဟော့ဂ်ဝပ်မှာ မမြင်ဖူးဘူး။ အရင်ကတော့ ဘောသမားတစ်ယောက် နှစ်ယောက် မေးကျိုးဖူးတယ်။ ဒါ့အပြင် ပိုဆိုးဝါးတာ မဖြစ်ဖူးဘူး။ ကောင်းပြီ၊ နောက်ဆုံးဘောသမားတစ်ယောက်ကတော့ ရှာဖမ်းသမား။ အဲဒါမင်းပဲ။ မင်းက ခွပ်ဖော်နဲ့ ဘလတ်ဂါကို လုံးဝအရေးမလုပ်နဲ့. — သူတို့က မင်းခေါင်းကို ပေါက်အောင်လာဆောင့်မှ"

"စိတ်ချပါ။ ဘလတ်ဂါဟာ ဝယ်စလီညီနောင်ကို မနိုင်ပါဘူး။ ငါပြောတာက သူတို့နှစ်ယောက်ဟာ လူဘလတ်ဂါပဲလို့ ဆိုချင်တာ"

ဝုဒ်က လက်ကို သစ်သားသေတ္တာထဲ နှိုက်လိုက်တယ်။ စတုတ္ထဘောလဲ ဖြစ်၊ နောက်ဆုံး ဘောလဲဖြစ်တဲ့ ဘောလုံး။ ခွပ်ဖော်နဲ့ ဘလတ်ဂါတို့နဲ့ စာရင်၊ ဒီဘောလုံးဟာ အလွန့်ကို သေးငယ်နေတယ်။ မက်မုံသီး အရွယ်ကြီးကြီး လောက်ရှိတယ်။ ရွှေရောင်တောက်တောက် ဘောလုံးလေးမှာ အဆက်မပြတ် ခတ်နေတဲ့ ငွေတောင်ပံသေးသေးလေး ရှိတယ်။

"ဒါက" ဝုဒ်ကပြောတယ်။ "ရွှေဘောလုံးပျံလေးလို့ခေါ်တယ်။ ပြိုင်ပွဲတစ်ခုလုံးမှာ အရေးအကြီးဆုံး ဘောတစ်လုံးပဲ။ ၎င်းကို ဖမ်းမိဖို့ အလွန်ခက်ခဲတယ်။ ၎င်းက သိပ်ကိုမြန်လွန်းတယ်။ ငယ်လွန်းလို့လဲ ရှာဖို့ခက်တယ်။ ရှာဖမ်းသမားရဲ့ တာဝန်ကတော့ ရွှေဘောလုံးပျံလေးကို ရအောင်ဖမ်းဖို့ပဲ။ မင်းဟာ လိုက်သမား၊ တိုက်ခိုက်သူ၊ ဘလတ်ဂါနဲ့ ခွပ်ဖော်ကြားထဲမှာ ပျံသန်းသွားလာပြီး တဖက်အသင်းက ရှာဖမ်းသမား ရှေ့မှာ ၎င်းကို ဖမ်းမိဖို့ပဲ။ ရှာဖမ်းသမားဟာ ရွှေဘောလုံးပျံလေးကို ဖမ်းမိတာနဲ့ မိမိအသင်းအတွက် အမှတ် ၁၅၀ ရမယ်။ ဒါဆို နိုင်ဖို့သေချာပြီ။

"ဒါကြောင့် ရှာဖမ်းသမားဟာ ဖောင်းဖြစ်ဖို့လွယ်တယ်။ ခွေဒစ်ပြိုင်ပွဲဟာ ရွှေဘောလုံးပျံလေး ဖမ်းမိတော့မှ ပွဲပြီးတာ။ ဒါကြောင့် အမြဲလို အကြာကြီး ကစားလဲ အနိုင်အရှုံးမပေါ်ဘူး။ အကြာဆုံး ပြိုင်ပွဲဟာ သုံးလ တောင်ကြာတယ်။ ဘောသင်းက အရန်တွေရှာရှာထည့်ရတယ်။ ဘောသမား



တွေကို အိပ်ချိန်ရအောင် လုပ်ရတယ်။

"ကောင်းပြီ၊ အကြမ်းဖျင်းအားဖြင့် ဒါတွေပဲ-ဘာပြဿနာရှိသေးလဲ"

ဟယ်ရီက ခေါင်းခါတယ်။ ဘာလုပ်သင့်တယ်ဆိုတာ သူနားလည်သွားပြီ။ တကယ် သွားလုပ်တဲ့အခါမှသာ၊ ဘယ်မှာ ပြဿနာပေါ်မယ်ဆိုတာ သိရမှာ။

"အခုမင်း ရွှေဘောလုံးပျံလေးနဲ့ လေ့ကျင့်လို့ မရသေးဘူး" ဝုဒ်က ဘောလုံးလေးကို သေတ္တာထဲ သေချာထည့်ပြီး ပိတ်လိုက်တယ်။ "ဒီမှာ သိပ်မှောင်တယ်။ တော်ကြာ ဘောလေးပျောက်သွားလိမ့်မယ်။ ငါတို့ အခု ဒီဘောတွေနဲ့ မင်းကိုလေ့ကျင့်ပေးမယ်"

သူဟာ အိတ်ထဲကနေ ရိုးရိုးဂေါ့ဘောလုံး တစ်အိတ် ထုတ်လိုက်တယ်။ မိနစ် အနည်းငယ်ကြာတော့ သူနဲ့ ဟယ်ရီတို့ မိုးပေါ်ပျံတက်သွားတယ်။ ဝုဒ်က ဘောလုံးလေးတွေကို အရပ်လေးမျက်နှာသို့ ပစ်ပေါက်လိုက်တယ်။ ဟယ်ရီက လိုက်ဖမ်းတာ လေ့ကျင့်ရတယ်။

ဟယ်ရီက အစက အဆုံးထိ ဘောတစ်လုံးမှ မလွတ်ဖူး။ ဝုဒ်က သိပ်ကို ဝမ်းသာတယ်။ နာရီဝက်ကြာတော့ မိုးလဲလုံးဝချုပ်သွားပြီ။ သူတို့ ဆက်လေ့ကျင့်လို့ မရတော့ဘူး။

"ဒီနှစ် ခွေဒစ်ဆုဖလားမှာ တို့ဟောက်စ်နာမည်ထိုးရမှာ" နှစ်ယောက်သား ရဲတိုက်ဆီ လျှောက်ပြန်စဉ် ဝုဒ်က ဝမ်းသာစွာပြောတယ်။ "မင်းဟာ ချာလီ - ဝယ်စလီထက် သာတယ်ဆိုရင်လဲ ငါမအံ့ဩပါဘူး။ ထိုစဉ်က ချာလီ နဂါးနောက် လိုက်မသွားရင်လဲ သူဟာ အင်ဂလန်လက်ရွေးစင် အသင်းဝင်ရမှာ"

အလုပ်သိပ်များလို့ ထင်တယ်။ အခု ဟယ်ရီဟာ သူ့စာအားလုံးကို လုပ်ရတဲ့အပြင် တစ်ပတ်ကို သုံးညအချိန်ယူပြီး ခွေဒစ်လေ့ကျင့်ရတယ်။ ဒါကြောင့်၊ မိမိဟာ ဟော့ဂ်ဝပ်မှာ နှစ်လကြာသွားပြီဆိုတာကို သူမယုံနိုင်အောင် ဖြစ်မိတယ်။ ရဲတိုက်ဟာ ရေဖရေယောင်းပင်လမ်းက အိမ်ထက် အိမ်နဲ့တူတယ်။ အခြေခံ သင်တန်းတက်ပြီးနောက်၊ ကျောင်းတက်ရတာလဲ ကြာလေ စိတ်ဝင် စားစရာ ဖြစ်လာတယ်။

ဟောလိုးဝင်းပွဲတော် နံနက်မှာ၊ သူတို့နိုးလာတာနဲ့ ရွှေဖရုံသီးဖုတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အနံ့မွှေးနေတဲ့ အနံ့ရတယ်။ ပို့ပြီးဟန်ကျတာက၊ သင်တန်းတက်တဲ့အခါမှာ ပါမောက္ခ ဖလစ်ဝစ်က သူတို့တတွေ ပစ္စည်းတွေကို ပျံတက်အောင်လုပ်တဲ့ ဂါထာကို စတင်လေ့ကျင့်နိုင်ပြီလို့ ကြေညာတယ်။ ပါမောက္ခဖလစ်ဝစ်ဟာ နီဗီးရဲ့ ဖားပြုပ်ကို ကျောင်းခန်းထဲမှာ ထပျံတက်အောင် ပညာလေးပြလိုက်ပြီးနောက်၊ အားလုံး အလောတကြီး သင်ယူချင်လာကြတယ်။ ပါမောက္ခ ဖလစ်ဝစ်ဟာ တစ်တန်းလုံးကို နှစ်ယောက်တစ်စု လေ့ကျင့်ခိုင်းတယ်။ ဟယ်ရီရဲ့ အဖော်က စီးမတ်စ်-ဖင်နစ်ဂင် (ဒါကြောင့် သူသက်ပြင်း ချနိုင်သွားတယ်။ နီဗီးက မျှော်လင့်စွာနဲ့ သူ့ကိုစိုက်ကြည့်နေလို့) ဒါပေမယ့် ရွန်ကတော့ ကံမကောင်း အကြောင်းမလှပဲ ဟာမီး ဂရိန်ဂျာနဲ့ တစ်တွဲ့ကျတယ်။ ဒါကြောင့် သူတို့နှစ်ယောက်စလုံး စိတ်ဆိုးကြတယ်။ ဟယ်ရီ မိုးပျံတံမြက်စည်းရပြီးနောက်၊ ဟာမီးဟာ သူနဲ့ စကားမပြောတော့ဘူး။

"အခု အားလုံး တို့လေ့ကျင့်ဖူးတဲ့ လှပတဲ့ လက်ကောက်ဝတ် လှုပ်ရှားမှုကို မမေ့ကြနဲ့" ပါမောက္ခ ဖလစ်ဝစ်က စူးရှစွာအော်တယ်။ သူဟာ ခါတိုင်းလိုပဲ သူ့ပန်းချီကားပုံပေါ် ထိုင်နေတယ်။ "ယမ်းတာနဲ့တောက်တာ၊ မှတ်ထား၊ ယမ်းတာနဲ့ တောက်တာ။ ဒီနောက် ဘယ်လိုလုပ်ပြီး ဂါထာကို မှန်ကန်ပြီး ရှင်းအောင် ရွတ်မလဲဆိုတာပဲ။ ဒါလဲအလွန်အရေးကြီးတယ်။ မှော်ဆရာ ဘာလုပ်ဖ်ရဲ့ ကြေကွဲစရာ သင်ခန်းစာကို မမေ့ကြနဲ့။ သူက သတိလစ်ပြီး Z ကို S ရွတ်မိတယ်။ အဲတော့ မိမိဟာ ကြမ်းပြင်ပေါ် ပက်လက်လဲကျပြီး ရင်ပပ်ပေါ်မှာ ကျွဲတစ်ကောင် တက်ထိုင်နေတာနဲ့ ကြုံရတယ်"

ဒါသိပ်ကိုခက်ပါတယ်။ ဟယ်ရီနဲ့ စီးမတ်စ်ဟာ အဆက်မပြတ် ယမ်းလိုက် တောက်လိုက်လုပ်တယ်။ အဲဒီ ပျံတက်ရမဲ့ အမွေးဟာ စာပွဲခုံပေါ်မှာ မလှုပ်မယှက်ရှိနေတုန်းပဲ။ စီးမတ်စ်ဟာ စိတ်မရှည်တော့ဘူး။ မှော်ကြိမ်လုံးနဲ့ အမွေးကို ထိုးတယ်။ အမွေးမီးလောင်လာတယ်။ ဟယ်ရီက ဦးထုပ်ချွတ်ပြီး မီးသတ်ရတော့တယ်။

ဘေးခုံက ရွန်ဟာလဲ မထူးပါဘူး။

"ဝင်းဂျားရိုင်းလား ဝေအာဆာ့" ဟာမီး အသံအက်အက်နဲ့ ရွတ်နေတာ ဟယ်ရီကြားတယ်။ "ပြောရမှာက ဝင်း -j-i-a ရိုင်း၊ လား ဝေ-အား-ဆာ့။ ဂျားကို ရှည်ရှည်ဆွဲပြောရမယ်။ အသံတစ်လုံးချင်း ပီအောင်ရွတ်ရမယ်"

"နင် ဒီလောက်တော်နေရင်၊ နင့်ဟာနင်လုပ်တော့" ရွန်က ပြန်



ဟောက်တယ်။

ဟာမီးက ဝတ်ရုံရှည်လက်မောင်းကို ခေါက်လိုက်တယ်။ မှော်ကြိမ်လုံးကို အသာ တောက်လိုက်တယ်။ "ဝင်းဂျားရိုင်းလားဝေအာဆာ့" လို့ ရွတ်လိုက်တယ်။

အမွေးဟာ စာပွဲခုံပေါ်ကနေ ပျံတက်လာတယ်။ သူတို့ ခေါင်းပေါ် လေးပေအကွာမှာ ဝဲနေတယ်။

"အိုး၊ တယ်ဟုတ်ပါလား" ပါမောက္ခ ဖလစ်ဝစ်က လက်ခုပ်တီးပြီး အော်ပြောတယ်။ "အားလုံး ကြည့်ကြစမ်း။ မစ် ဟာမီး အောင်မြင်သွားပြီ"

ကျောင်းဆင်းတဲ့အခါမှာ၊ ရွန်အတော်စိတ်ဆိုးနေတယ်။

"သူမကို တတ်နိုင်တဲ့သူ မရှိတော့ဘူးလား" တခြားကျောင်းသားတွေနဲ့ အတူ စင်္ကြံသို့ တိုးထွက်စဉ်မှာ ရွန်က ဟယ်ရီ့ရှေ့မှာ မကျေမနပ်ပြောတယ်။ "တကယ့်ကိုပဲ၊ သူမဟာ အိပ်မက်ဆိုးပဲ"

လူရေစီးဟာ သူတို့ဘေးက အလျင်အမြန် ဖြတ်သွားတယ်။ တစ်ယောက်ယောက်က ဟယ်ရီကို ဝင်တိုက်သွားတယ်။ အဲဒါ ဟာမီး။ ဟယ်ရီက သူမမျက်နှာကို မြင်လိုက်ရတယ် — သူမ မျက်နှာမှာ မျက်ရည်တွေနဲ့ ဆိုတာ အံ့ဩစွာ မြင်တွေ့လိုက်ရတယ်။

"မင်းပြောတာ သူမ ကြားသွားတယ် ထင်တယ်"

"အဲတော့ ဘာဖြစ်လဲ" ရွန်က ပြောတယ်။ ဒါပေမယ့် သူ့အမူအရာဟာ နည်းနည်းစိုးရိမ်နေသလိုပဲ။ "သူမဟာလဲ အစောကြီးကတည်းက မိမိမှာ မိတ်ဆွေတစ်ယောက်မှ မရှိတာတွေ့မှာပေါ့"

နောက်တစ်ကြိမ် ကျောင်းတက်တော့၊ ဟာမီးပေါ်မလာဘူး။ ညနေပိုင်း တစ်ခုလုံးလဲ မတွေ့ရဘူး။ သူတို့ ထမင်းစားခန်းထဲကို ဟောလိုးဝင်းပွဲတော် ညစာစားပွဲသွားတက်တဲ့အခါမှာ ဟယ်ရီနဲ့ ရွန်တို့ မမျှော်လင့်ပဲ ဘာထီက သူမသူငယ်ချင်း ဗင်တာ-ဘရောင်းကို ပြောနေတာ ကြားလိုက်ရတယ်။ ဟာမီးဟာ အခုမိန်းကလေး သန့်စင်ခန်းထဲမှာ ငိုနေတယ်။ သူမက တစ်ယောက်ထဲ တိတ်တိတ်နေချင်တယ်လို့ ပြောတယ်တဲ့။ ရွန့်အမူအရာဟာ ခုနကထက်ပိုပြီး တမျိုးဖြစ်နေတယ်။ ဒါပေမယ့် မကြာလိုက်ပါဘူး။ အားလုံး ထမင်းစားခန်း ထဲဝင်လာပြီး အထဲက ဟောလိုးဝင်းပွဲတော် အပြင်အဆင်ကြောင့် ဟာမီးကိစ္စ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



လင်းနို့ အကောင်တစ်ထောင်ဟာ တောင်ပံရိုက်ခတ်ပြီး နံရံနဲ့ မျက်နှာကြက်ကနေ ပျံထွက်လာတယ်။ ဒီပြင် လင်းနို့အကောင်တစ်ထောင်ဟာ တိမ်မဲမဲတွေလို ထမင်းစားစာပွဲပေါ်မှာ ပျံသန်းနေတယ်။ ရွှေဖရုံသီးထဲ ထွန်းထားတဲ့ ဖယောင်းတိုင်ကို တဘတ်ဘတ်မြည်စေတယ်။ ညစာစားပွဲ အစားအစာတွေဟာ ကျောင်းဖွင့်ပွဲတုန်းကလို ရုတ်တရက် ပန်းကန်ပြားထဲကနေ ထွက်လာတယ်။

ဟယ်ရီဟာ အခွံပါပြုတ်ထားတဲ့ အာလူးကို မိမိပန်းကန်ထဲ ဆည်ထည့်နေချိန်မှာပဲ ပါမောက္ခ ခွေရဲလ် အလောတကြီးနဲ့ ထမင်းစားခန်းထဲ ပြေးဝင်လာတယ်။ သူ့ခေါင်းပေါင်းရွဲ့နေတယ်။ မျက်နှာပေါ်မှာ လန့်လို့သေတော့မဲ့ ပုံနဲ့။ ရှိသမျှလူတွေ ခေါင်းမော့ကြည့်တယ်။ သူဟာ ပါမောက္ခ ဒမ်ဘလီဒိုးရဲ့ ထိုင်ခုံဆီသို့ ပြေးသွားတယ်။ ထမင်းစားစာပွဲပေါ် မှောက်ပြီး ဟောဟဲဟောဟဲ ဖြစ်နေတယ်။ "တောင်ပြိတ္တာ-မြေအောက်အကျဉ်းခန်းထဲမှာ-ကျွန်တော်ခင်ဗျားကို သတင်းပို့တာ"

ဒီနောက် ကြမ်းပေါ်လဲကျပြီး မေ့သွားတယ်။

ထမင်းစားခန်းထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ ဒမ်ဘလီဒိုးရဲ့ မှော်ကြိမ်လုံးကနေ ခရမ်းရောင်ဖျောက်မီးပန်းတွေ ပွင့်ထွက်လာမှ အများလဲ ငြိမ်ကျသွားတယ်။

"အတန်းခေါင်းဆောင်တွေ" သူက အသံလေးလေးနဲ့ ပြောတယ်။ "မိမိဟောက်စ်တွာ ကျောင်းသားအားလုံးကို အိပ်ခန်းပြန်ခေါ်သွားကြ"

ဖတ်စီဟာ အမိန့်ရတာနဲ့ သူ့အခန်းကို ဖော်ပြတော့တာပဲ။

"ငါနဲ့လိုက်ခဲ့၊ အားလုံး အတူနေ၊ မခွဲကြနဲ့။ ပထမနှစ်ကျောင်းသားသစ်တွေ၊ မင်းတို့ ငါ့ညွှန်ကြားတာနာခံရင် တောင်ပြိတ္တာကို ကြောက်စရာ မလိုဘူး။ အခု ငါ့နောက်က ကပ်လိုက်ခဲ့။ ပထမနှစ်ကျောင်းသားတွေ ဒီကနေဖြတ်။ ငါက အတန်းခေါင်းဆောင်"

"တောင်ပြိတ္တာ ဘယ်လိုလုပ် ဝင်လာနိုင်တာလဲ" အများ လှေခါးပေါ်တက်ချိန်မှာ ဟယ်ရီက မေးတယ်။ "မင်းငါ့ကို မမေးနဲ့၊ တောင်ပြိတ္တာဆိုတာ အလွန်ထိုင်းတာ" ရွန်က ပြောတယ်။ "သရဲဖီးဗ်စ်က သူ့ကို တမင်လွှတ်လိုက်တာလဲ ဖြစ်မယ်။ ဟောလိုးဝင်းပွဲတော်မှာ တို့ကိုကျီစားဖို့ထင်တယ်"

လမ်းမှာ အဖွဲ့လိုက် မိမိတို့ ဦးတည်ချက်ကိုသွားနေတာနဲ့ ကြုံရတယ်။



ဘာမှန်းမသိဖြစ်နေတဲ့ ဟာ့ဖ်ဖတ်ကျောင်းသားတွေနဲ့ တိုးတော့၊ ဟယ်ရီက ရွန်လက်မောင်းကို ဆွဲလိုက်တယ်။

"ငါခုတွင်ပဲ — ဟာမီးကို သတိရတယ်"

"သူမ ဘာဖြစ်လို့လဲ"

"သူမ တောင်ပြိတ္တာအကြောင်း မသိသေးဘူး"

ရွန်က နှုတ်ခမ်းကိုကိုက်ထားတယ်။

"အိုး၊ ကောင်းပြီ" သူကပြောတယ်။ "အကောင်းဆုံးက ဖတ်စီ မသိစေနဲ့"

နှစ်ယောက်သား ဝပ်ပြီး ဆန့်ကျင်ဘက်သို့ သွားနေတဲ့ ဟာ့ဖ်ဖတ်ကျောင်းသားတွေထဲ ခိုးဝင်လိုက်တယ်။ ဒီနောက် လူမရှိတဲ့ စင်္ကြံရှည်တစ်ခုထဲ ဝင်လိုက်တယ်။ မိန်းကလေး သန့်စင်ခန်းသို့ ပြေးသွားကြတယ်။ ကွေ့ချိုးရောက်တာနဲ့ နောက်က ခြေသံခပ်သုတ်သုတ် ကြားရတယ်။

"အဲဒါဖတ်စီ" ရွန်က တိုးတိုးပြောတယ်။ ဟယ်ရီကို ဆွဲပြီး ခြင်္သေ့ကိုယ်နဲ့ သိန်းငှက်မျက်နှာရှိတဲ့ ရောမ သတ္တဝါဆန်းကြီး ကျောက်ရုပ်နောက် သွားပုန်းတယ်။

ဒါပေမယ့်၊ သူတို့ စိတ်အေးအေးနဲ့ ကြည့်လိုက်တော့ သူတို့ရှေ့ရောက်လာတာ ဖတ်စီမဟုတ်ဘူး။ စနိတ်ပ်ဖြစ်နေတယ်။ သူဟာ စင်္ကြံကို အလောတကြီးဖြတ်သွားပြီး ပျောက်သွားတယ်။

"သူဘာလုပ်နေတာလဲ" ဟယ်ရီက တိုးတိုးပြောတယ်။ "သူဘာဖြစ်လို့ ကျန်ဆရာတွေနဲ့အတူ မြေအောက် အကျဉ်းထောင်မှာ တောင်ပြိတ္တာကို သွားမဖမ်းတာလဲ"

"ဒါ ငါဘယ်သိမလဲ"

နှစ်ယောက်သား အသံမထွက်အောင် ခြေဖွလက်ဖွနဲ့ စနိတ်ပ် ခြေသံနောက်လိုက်ရင်း စင်္ကြံတစ်ခုထဲ ဝင်ခဲ့ကြတယ်။

"သူက တတိယထပ်ကို စင်္ကြံဘက် သွားနေတာ" ဟယ်ရီက ပြောတယ်။ ဒါပေမယ့် ရွန်ဟာ ရုတ်တရက် လက်မြှောက်လိုက်တယ်။ သူ့ကို ခနရပ်ဖို့ ပြောတယ်။

"မင်း အနံ့တစ်မျိုး မရဘူးလား"

ဟယ်ရီက ရှိုက်လိုက်တယ်။ အန်ချင်စရာ အနံ့ဆိုးကြီး နှာခေါင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတယ်။ ခြေအိတ်အနံ့နဲ့ အကြာကြီး မသုတ်သင်တဲ့ အများသုံး အိမ်သာရဲ့ ဆီးနံ့ရောထားတဲ့ အနံ့မျိုး။

ဒီနောက် သူတို့ လေးပင်တဲ့ ဟောက်သံနဲ့ ဧရာမခြေထောက်ကြီး မြေကိုဆောင့်တဲ့ ခြေသံကြားရတယ်။ ရွှန်က ဘယ်ဘက်က လမ်းအဆုံးမှာ ဧရာမအရိပ်ကြီး သူတို့ဆီလာနေတာ ညွှန်ပြတယ်။ နှစ်ယောက်သား အမှောင်ထောင့်ကို ဆုတ်လိုက်ကြတယ်။ အကောင်ကြီး လင်းနေတဲ့ လရောင်ထဲ ဝင်လာတာတွေ့ရတယ်။

အဲဒါဟာ ကြောက်လန့်စရာအကောင်းဆုံး အရုပ်ကားလိုပဲ။ ၎င်းဟာ ၁၃ ပေမြင့်တယ်။ အသားရောင်က မာဘယ်ကျောက်မွဲရင့်ရင့် ကျောက်တုံးကြီးလို ကြီးမားပြီး ကြွက်သားတွေ ဖုထစ်နေတဲ့ ကိုယ်ပေါ်မှာ၊ အုန်းသီးလို ခေါင်းပြောင်ပြောင် ပေါက်နေတယ်။ သစ်ပင် ပင်စည်လို တုတ်ခိုင်တဲ့ ခြေတိုတိုရှိတယ်။ ပြားပြီး တုတ်မာတဲ့ ခြေဖဝါးလဲရှိတယ်။ ကိုယ်ပေါ်က အနံ့ဟာ အလွန် ကြောက်စရာကောင်းတယ်။ သူ့လက်ထဲမှာ သစ်ချောင်းကြီး ကိုင်ထားတယ်။ လက်က သိပ်ရှည်လို့ သစ်ချောင်းက မြေကြီးနဲ့ထိနေတယ်။

တောင်ပြိတ္တာဟာ တံခါးတစ်ခုရှေ့မှာ ရပ်နေတယ်။ အတွင်းကို သေချာကြည့်တယ်။ ၎င်းက နားရွက်ရှည်ကြီးကို ခါတယ်။ သူ့ခေါင်းကလေးနဲ့ ခနစဉ်းစားတယ်။ ခေါင်းငုံ့ခါးကိုင်းပြီး အခန်းထဲဝင်သွားတယ်။

"သော့က တံခါးသော့ပေါက်ထဲမှာ ရှိတယ်" ဟယ်ရီက တိုးတိုးပြောတယ်။ "တို့ သူ့ကို အထဲ ပိတ်ထားလို့ရတယ်"

"အကြံကောင်းတယ်" ရွှန်က စိတ်လှုပ်ရှားစွာပြောတယ်။

သူတို့နံရံကို ကပ်ပြီး ပွင့်နေတဲ့တံခါးဆီ သွားနေစဉ် တောင်ပြိတ္တာ ဒီအချိန်မှာ ပေါ်မလာပါစေနဲ့လို့ အဆက်မပြတ်ဆုတောင်းနေတယ်။ ဟယ်ရီက ခုန်ထွက်ပြီး သော့ကိုကိုင်လိုက်တယ်။ ဒိုင်းဆို တံခါးကိုပိတ်ပြီး သော့ခတ်လိုက်တယ်။

"သိပ်ကောင်းတာပဲ"

အောင်မြင်လို့ လှုပ်ရှားတဲ့စိတ်နဲ့ နှစ်ယောက်သား လမ်းအတိုင်း ပြန်ပြေးလို့ ကွေ့ချိုး ရောက်သေးတယ်။ သူတို့ကို နှလုံးခုန်ရပ်စေတဲ့ အသံကြားရတယ် — အသံမြင့်ပြီး ကြောက်ရွံ့တဲ့အော်သံ။ အသံလာရာကတော့ သူတို့ ခုနက သော့ခတ်ခဲ့တဲ့ အခန်း



"အိုး၊ မဟန်ဘူး" ရွှန်မျက်နှာဟာ သွေးဘာရွှန်လို ဖြူဖပ်ဖြူယော် ဖြစ်နေတယ်။

"အဲဒါ မိန်းကလေး သန့်စင်ခန်း" ဟယ်ရီက အသက်အောင့်ပြောတယ်။

"ဟာမိုး" သူတို့တပြိုင်နက် အော်တယ်။

သူတို့ ဒီလိုမလုပ်ချင်ဘူး။ ဒါပေမယ့် ဒီ့အပြင် သူတို့မှာ ရွေးချယ်စရာ မရှိဘူး။ နှစ်ယောက်စလုံး ပြန်လှည့်ပြီး အဲဒီတံခါးဆီ တအားပြေးသွားတယ်။ လောလောပျာပျာနဲ့ သော့ကို လှည့်တယ်။ ဟယ်ရီက တံခါးကို ဆွဲဖွင့်တယ်။ ပြီးတော့ အတူတကွ ပြေးဝင်သွားတယ်။

ဟာမိုးဟာ တုန်ယင်စွာနဲ့ မျက်နှာချင်းဆိုင်နံရံကို ကပ်နေတယ်။ သူမ ကြည့်ရတာ မေ့လဲတော့မလိုပဲ။ တောင်ပြိတ္တာဟာ သူမဆီသွားနေတယ်။ သွားရင်း နံရံကပ်ရေဇလုံကို ရိုက်ချတယ်။

"သူ့အာရုံကိုပြောင်းအောင်လုပ်" ဟယ်ရီက အလောတကြီးနဲ့ ရွှန်ကို ပြောတယ်။ ပြုတ် ကျနေတဲ့ ရေပိုက်ခေါင်းကို ဖမ်းကိုင်လိုက်တယ်။ တောင်ပြိတ္တာ ကိုယ်ပေါ်ကို အားကုန်ထုတ် ပေါက်လိုက်တယ်။ တောင်ပြိတ္တာဟာ သူ့ပခုံးပေါ် ပေါက်လိုက်တဲ့ ရေပိုက်ခေါင်းကို လုံးဝမခံစားရဘူး။ ဒါပေမယ့် အော်သံကိုတော့ ကြားတယ်။ ၎င်းက ရပ်နေပြန်တယ်။ ၎င်းရဲ့ အရုပ်ဆိုးတဲ့ ဝက်နှာ ခေါင်းကြီးကို ရွှန်ဘက်လှည့်လိုက်တယ်။ ဟယ်ရီက ဒီအချိန်ကောင်းကို ယူပြီး ၎င်းနောက်သို့ ကွေ့ဝင်လိုက်တယ်။

"မြန်မြန်၊ ပြေး၊ မြန်မြန်ပြေး" ဟယ်ရီက ဟာမိုးကို အော်တယ်။ သူမကို ဆွဲပြီး တံခါးပေါက်ဆီ ပြေးတယ်။ ဒါပေမယ့် သူမဟာ မလှုပ်နိုင်တော့ဘူး။ နံရံကိုကပ်ပြီး ကြောက်လွန်းလို့ ပါးစပ်ကြီးဟနေတယ်။

ဆူညံစွာ အော်ဟစ်ခြင်းနဲ့ လိုက်သံကြောင့် တောင်ပြိတ္တာ ဒေါသထွက်လာတယ်။ အကျယ်ကြီး ဟိန်းတယ်။ ရွှန်ကိုတိုက်ဖို့ပြင်တယ်။ ရွှန်ဟာ အနီးဆုံးဖြစ်လို့ ပြေးစရာလမ်းမရှိဘူး။ ဒီနောက်၊ ဟယ်ရီဟာ ရဲဝံ့ပေမဲ့ အသိဉာဏ်မရှိတဲ့ အပြုအမူတစ်ခု လုပ်လိုက်တယ်။ သူဟာ ရှေ့သို့ ခုန်ထွက်ပြီး နောက်ကနေ တောင်ပြိတ္တာရဲ့လည်ပင်းကို ဖက်ထားတယ်။ တောင်ပြိတ္တာဟာ သူ့ကိုဖက်ထားတဲ့ ဟယ်ရီကို မခံစားရဘူး။ ဒါပေမယ့် အဆင့်လွန်သိုင်းအ,တဲ့ တောင်ပြိတ္တာပဲဖြစ်ဖြစ် မိမိနှာခေါင်းထဲ ထိုးသွင်းတဲ့ တုတ်ရှည်ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ပဲ မနေနိုင်ဘူး။ ဟယ်ရီဟာ ခုန်တက် လိုက်ချိန်မှာ သူ့မှော်ကြိမ်လုံးကို ကိုင်ထားတယ် — ခုအချိန်မှာ တောင်ပြိတ္တာရဲ့ နှာခေါင်းထဲကို တည့်တည့်စိုက် ဝင်သွားတယ်။

တောင်ပြိတ္တာဟာ နာလွန်းလို့ တအားဖျစ်အော်တယ်။ ကိုယ်ကို တွန့်လိမ်ပြီး လက်ထဲက တုတ်ကို ယမ်းနေတယ်။ သူ့ကျောပေါ်မှာ သူ့ကို အတင်းဖက်ထားတဲ့ ဟယ်ရီရှိနေသေးတယ်။ အခုတောင်ပြိတ္တာဟာ ဟယ်ရီကို အချိန်မရွေးခါချနိုင်တယ်၊ တုတ်နဲ့လဲ ခေါင်းကိုရိုက်ခွဲနိုင်တယ်။

ဟာမီးဟာ ကြောက်လို့မြေပေါ်လဲကျနေပြီ။ ရွန်က မိမိမှော်ကြိမ်လုံးကို ဆွဲထုတ်ပြီး- ဘယ်လိုလုပ်ရမှန်း မသိသေးချိန်မှာ မိမိဟာ ခေါင်းထဲဝင် လာတဲ့ ပထမဆုံး ဂါထာကို အကျယ်ကြီး ရွတ်ထုတ်လိုက်တာကြားရတယ်။ "ဝင်းဂျား ဒီယမ်လေဝီအိုဆာ"

တောင်ပြိတ္တာ လက်ထဲက သစ်တုတ်ဟာ ပျံထွက်သွားပြီး အထက်ကို ဆက်တိုက်တက်သွားတယ်။ မိုးပေါ်မှာ မျဉ်းကွေးသဏ္ဍာန်ပတ်ပြီး အောက်သို့ ကျလာတယ်။ ရွံစရာ အက်ကွဲသံနဲ့အတူ ၎င်းရဲ့ သခင့်ခေါင်းကိုလာမှန်တယ်။ တောင်ပြိတ္တာဟာ နေရာတွင် လှုပ်ယိုင်ပြီး ဒိုင်းဆိုလဲကျသွားတယ်။ အခန်း တစ်ခုလုံး တုန်လှုပ်သွားစေတယ်။

ဟယ်ရီမတ်တတ်ရပ်လိုက်တယ်။ သူ့တစ်ကိုယ်လုံးလဲ တုန်နေတယ်။ အသက်ရှူမမှန်ဘူး။ ရွန်ကတော့ မှော်ကြိမ်လုံးကို မြှောက်ပြီး နေရာတွင် ရပ်နေတုန်းပဲ။ မိမိကြောင့်ဖြစ်ပျက်သွားတာကို ငိုင်ကြည့်နေတယ်။

အရင်ဆုံး စကားစပြောတာက ဟာမီး။

"သူ — သေပြီလား"

"မသေဘူးထင်တယ်" ဟယ်ရီကပြောတယ်။ " သူမေ့လဲသွားတာပဲ ဖြစ်မှာပါ"

သူခါးကုန်းပြီး သူ့မှော်ကြိမ်လုံးကို တောင်ပြိတ္တာနှာခေါင်းထဲက ဆွဲထုတ်လိုက်တယ်။ မှော်ကြိမ်လုံးပေါ်မှာ မီးခိုးရောင်ပျစ်ချွဲချွဲ အခဲတွေ ကပ်နေတယ်။

"ဆိုးတဲ့ — တောင်ပြိတ္တာနှပ်ချေး"

သူက တောင်ပြိတ္တာရဲ့ ဘောင်းဘီနဲ့ မှော်ကြိမ်လုံးကို သန့်အောင်သုတ် လိုက်တယ်။



အပြင်ဘက်က ဗုန်းဗုန်းနဲ့ တံခါးသံ၊ ခြေသံတွေ ကြားရတယ်။ သူတို့ သုံးယောက်လန့်ပြီး ခေါင်းမော့ကြည့်လိုက်တယ်။ သူတို့ဟာ ခုနက သူတို့ ဘယ်လိုဆူညံတယ်ဆိုတာ သတိမထားမိဘူး။ ဒါပေမယ့် အောက်ထပ်က တစ်ယောက်ယောက်က တိုက်ခတ်သံနဲ့ တောင်ပြိတ္တာရဲ့ အော်သံကို ကြားရတယ်နဲ့ တူတယ်။ မကြာခင်မှာပဲ၊ ပါမောက္ခမက်ဂေါ်နာဂေါ် ပြေးဝင်လာတယ်။ သူမနောက်က စနိတ်ပ် ဆက်လိုက်လာတယ်။ နောက်ဆုံးက ခွေရို။ ခွေရိုက တောင်ပြိတ္တာကို ကြည့်လိုက်တယ်။ တိုးတိုးလေးရှိုက်သံထွက်လာပြီး ရင်ဝကို ဖိထားတယ်။ အားပျော့ကျသလို အိမ်သာထိုင်ခုံပေါ် ထိုင်ချလိုက်တယ်။

စနိတ်ပ်က တောင်ပြိတ္တာကို ငုံ့ကြည့်တယ်။ ပါမောက္ခ မက်ဂေါ် နာဂေါ်က ဟယ်ရီနဲ့ ရွန်ကို စိုက်ကြည့်နေတယ်။ သူမ ဒီလောက်ဒေါသထွက် တာ ဟယ်ရီ ဘယ်တုန်းကမှ မမြင်ဖူးဘူး၊ သူမရဲ့ နှုတ်ခမ်းဟာ ဒေါသကြောင့် ဖြူဖပ်ဖြူယော်ဖြစ်နေတယ်။ မူလက ဂရစ်ဖင်းဒေါအတွက် အမှတ် ၅၀ ရ အောင်ယူချင်တဲ့ မျှော်လင့်ချက်ဟာ ဒီအချိန်ကစပြီး ဟယ်ရီခေါင်းထဲက အလျင်အမြန် ပျောက်ဆုံးသွားတယ်။

"မင်းတို့က ဘယ်လိုတွေးတာလဲ" ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ အသံထဲမှာ အေးစက်စက် ဒေါသပါနေတယ်။ ဟယ်ရီက ရွန်ကိုကြည့်တယ်။ သူဟာ မှော်ကြိမ်လုံးကို မြှောက်ရင်း နေရာတွင်ငိုင်နေတုန်းပဲ။ "မင်းတို့ အသတ် မခံရတာ ကံကောင်းလို့ပဲ။ မင်းတို့ ဘာဖြစ်လို့ အိပ်ခန်းထဲမှာ မနေတာလဲ"

စနိတ်ပ်က စူးရှတဲ့ အကြည့်နဲ့ ဟယ်ရီကို ကြည့်လိုက်တယ်။ ဟယ်ရီက ခေါင်းငုံ့ပြီး ကြမ်းပြင်ကို ကြည့်နေတယ်။ ရွန် မှော်ကြိမ်လုံးကို အောက်ချစေချင် နေတယ်။

ဒီနောက် အမှောင်ထဲကနေ အသံသေးသေး ထွက်လာတယ်။

"ကျွန်မပြောတာ နားထောင်ပါ။ ပါမောက္ခ- မက်ဂေါ်နာဂေါ်။ သူတို့ က ဒီကို ကျွန်မ လာရှာတာပါ"

"မစ် ဟာမီး"

ဟာမီး မတ်တတ်ရပ်လိုက်ပြီ။

"ကျွန်မ ဒီကိုလာပြီး တောင်ပြိတ္တာလာရှာတာ၊ ကျွန်မ-ကျွန်မတစ် ယောက်ထဲ ၎င်းကို နိုင်မယ်ထင်လို့ — သိကြတဲ့အတိုင်းပါပဲ၊ ကျွန်မက တောင် ပြိတ္တာအကြောင်း စာအုပ်တွေ အများကြီးဖတ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



ရှန်ကသူ့မော်ကြိမ်လုံးကို ချလိုက်တယ်။ ဟာမီး-ဂရန်ဂျာဆိုတဲ့ လိမ်မာတဲ့ စံပြကျောင်းသူဟာ ဆရာသမားရှေ့မှာ လျှောက်ပြောနေတယ်။ တမင်လိမ်ပြောနေတယ် ဟုတ်လား။

"သူတို့သာ ကျွန်မကိုမတွေ့ရင် ကျွန်မသေတာကြာပြီ။ ဟယ်ရီက သူ့မော်ကြိမ်လုံးကို တောင်ပြိတ္တာရဲ့ နှာခေါင်းထဲထိုးထည့်တယ်။ ရှန်က ဂါထာနဲ့ တောင်ပြိတ္တာရဲ့ တုတ်ချောင်းကို သူ့ပြန်ရိုက်မိပြီး မေ့သွားစေတယ်။ သူတို့မှာ သူများသွားခေါ်ဖို့ အချိန်မရဘူး။ တောင်ပြိတ္တာက ကျွန်မကို သတ်တော့မယ်"

ဟယ်ရီနဲ့ ရှန်ဟာ သူတို့မျက်နှာပေါ်က အမူအရာကို တတ်နိုင်သလောက် ထိန်းတယ်။ သူတို့ ဒီ 'ပုံပြင်' ကို ပထမဆုံးအကြိမ် ကြားရတာ မဟုတ်သလိုပဲ။

"အင်း-ဒီလိုဆိုလို့ရှိရင်. . . ." ပါမောက္ခ မက်ဂေါ်နာဂေါက သူတို့သုံးယောက်ကိုကြည့်ပြီး ပြောတယ်။ "မစ် ဟာမီး၊ အဲ့တဲ့ကောင်မလေး။ မင်းဟာ တစ်ယောက်ထဲ တောင်ပြိတ္တာကြီးကို နှိမ်နင်းနိုင်မယ်လို့ ဘယ်ထင်လို့ရမလဲ"

ဟာမီး ခေါင်ငုံ့ထားတယ်။ ဟယ်ရီက အံ့သြလို့ စကားတောင် မပြောနိုင်ဘူး။ သူမဟာ ဒီမှာရပ်ပြီး သူတို့နှစ်ယောက်ကို ကာကွယ်နေတယ်။ ဒါဟာ စနိတ်ဝိက သကြားလုံးဝေတယ်ဆိုတာလို မဖြစ်နိုင်တာမျိုးပဲ။

"မစ် ဟာမီး၊ ဂရစ်ဖင်းဒေါ ဟောက်စ်ဟာ ဒီကိစ္စကြောင့် ငါးမှတ်လျှော့ခံရမယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်၊ "ငါ မင်းကို အတော် စိတ်ပျက်မိတယ်။ တကယ်လို့ မင်းဘာဒဏ်ရာမှ မရဘူးဆိုရင် ဂရစ်ဖင်းဒေါ အိမ်ချွန်ကို ပြန်တာအကောင်းဆုံးပဲ။ အခုကျောင်းသားတွေဟာ မိမိရဲ့ ဟောက်စ်မှာ ဟောလိုးဝင်း ညစာစားပွဲ တက်နေကြတယ်"

ဟာမီး ထွက်သွားတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါက ဟယ်ရီနဲ့ ရှန်ကိုကြည့်နေတယ်။

"အင်း၊ မင်းတို့နှစ်ယောက် တကယ့်ကို ကံကောင်းတယ်လို့ ငါထင်တယ်။ ဒါပေမယ့် အရွယ်ရောက်တဲ့ တောင်ပြိတ္တာကို အောင်နိုင်တဲ့ ပထမနှစ်ကျောင်းသားသိပ်မရှိဘူး။ မင်းတို့နှစ်ယောက်ဟာ ဂရစ်ဖင်းဒေါအတွက် ငါးမှတ်စီရယူပေးနိုင်ခဲ့တယ်။ ငါဒီကိစ္စကို ပါမောက္ခဒမ်ဘာလီဒိုးကို အစီရင်ခံလိုက်မယ်။ မင်းတို့သွားလို့ရပြီ"



သူတို့ဟာ အခန်းထဲက ပြေးထွက်သွားတယ်။ ရှေ့ကို တအား ပြေးတယ်။ နှစ်ထပ်လောက်တက်မိတဲ့ထိ ပြေးလာပြီးမှ စကားစပြောတယ်။ သူတို့အဖို့ပြောရရင် တောင်ပြိတ္တာရဲ့ အော့အန်ချင်လောက်တဲ့ အနံ့ဆိုးနဲ့ဝေးလေ၊ သူတို့လွတ်မြောက်လေပဲ။

"ငါတို့ ဆယ်မှတ်ထက်မက ရရမှာ" ရှန်က ရွတ်တယ်။

"ငါးမှတ်မဟုတ်ဖူးလား၊ ဟာမီးကို ငါးမှတ်နုတ်ထားတာ မမေ့နဲ့ဦး"

"သူမက ဒီလို ငါတို့ကို ဒုက္ခမရောက်အောင် ပြောပေးတာ မဆိုးပါဘူး" ရှန်ကဝန်ခံတယ်။ "ဒါပေမယ့်၊ တနည်းပြောရရင်လဲ တို့က သူမအသက်ကို ကယ်လိုက်တာ"

"ငါတို့ ဟိုဟာကြီးကို သူမနဲ့ အတူသော့ခတ်မထားရင်၊ ငါတို့သွားကယ်ဖို့ လိုချင်မှလိုမှာ" ဟယ်ရီက သတိပေးတယ်။

သူတို့ဟာ မိန်းမဝဝ အရုပ်ရှေ့ ရောက်လာတယ်။

"ဝက်နှာခေါင်း" နှစ်ယောက်စလုံး ဝှက်စာပြောပြီး တွားဝင်သွားကြတယ်။

မိတ်ဆုံခန်းမထဲမှာ လူတွေပြည့်နေတယ်။ အလွန်ဆူညံတယ်။ အားလုံး ထမင်းစားပွဲမှာ သုံးဆောင်နေကြတယ်။ ဟာမီးကတော့ ဝင်ပေါက်မှာရပ်ပြီး သူတို့ကို စောင့်နေတယ်။ သုံးယောက်ဆုံကြပြီးနောက်၊ ဘာလုပ်ရမှန်းမသိဘဲ ငြိမ်သက်နေကြတယ်။ တစ်ယောက်ကိုတစ်ယောက် မော်ကြည့်ဖို့ အားနာနေပြီးမှ သုံးယောက်စလုံး တပြိုင်နက် "ကျေးဇူးတင်ပါတယ်" လို့ ပြောပြီး၊ ထမင်းစား စားပွဲဆီပြေးသွား — ထမင်းစားပန်းကန်ဆွဲယူကြတယ်။

ဒါပေမယ့် အဲဒီအချိန်ကစပြီး ဟာမီး-ဂရန်ဂျာဟာ သူတို့ မိတ်ဆွေ ဖြစ်သွားတယ်။ ကမ္ဘာပေါ်က ကိစ္စတစ်ချို့ကို အတူတကွ ဖြတ်သန်းရပြီးနောက်၊ အပြန်အလှန်မနှစ်သက်ပဲ မနေနိုင်ပါဘူး။ ၁၂ ပေမြင့်တဲ့ ဧရာမ တောင်ပြိတ္တာကြီးကို အတူတကွ မှုးမေ့အောင်လုပ်နိုင်တာလဲ ဒါမျိုးပဲပေါ့။

www.burmeseclassic.com



## ၁၁။ ခွေ့ဒစ်ပြိုင်ပွဲ

နို့ဝင်ဘာလထဲရောက်ပြီးနောက်၊ ရာသီဥတုက အလွန်အေးလာတယ်။ ကျောင်းဘေးပတ်လည်မှာရှိတဲ့ တောတောင်တွေဟာ ခဲပ်မွဲမွဲရေခဲတွေ ခဲနေတယ်။ ရေကန်တွေကတော့ ခဲနေတဲ့ သံမဏိလိုပဲ။ နံနက်တိုင်းမှာ ကျောင်းဝန်းဟာ နှင်းဖြူဖွေးဖွေးတွေ ဖုံးနေတယ်။ အပေါ်ထပ် ပြတင်းကနေ ကြည့်လိုက်ရင် ဟက်ဂရစ်ကိုယ်ပေါ်မှာ သားမွေးအကျႌအရှည်ကြီးကိုခြုံပြီး မိုးပျံတံမြက်စည်းပေါ်က နှင်းခဲတွေကို သုတ်သင်နေတာ တွေ့နိုင်တယ်။

ခွေ့ဒစ်ရာသီ စပြီ။ ရက်သတ္တပတ်အချို့ လေ့ကျင့်ပြီးနောက် ဟယ်ရီဟာ ဒီအပတ် စနေနေ့မှာ ၎င်းရဲ့ပထမဆုံးပြိုင်ပွဲကို ဝင်ရတော့မယ်။ ဂရစ်ဖင်ဒေါနဲ့ စလေးသရင်း။ ဝုဒ်က အစကတော့ ဟယ်ရီကို သူတို့ရဲ့ လျှို့ဝှက်လက်နက်အဖြစ် ထားဖို့လုပ်တာ။ ဒါပေမယ့် မီးကိုစက္ကူနဲ့ ထုပ်လို့မရသလို ဟယ်ရီရှာဖမ်းသမားလုပ်မယ်ဆိုတဲ့သတင်း ပေါက်ကြားသွား တယ်။ အများက အမျိုးမျိုးထင်ကြေးပေးနေတာကြောင့် သူခေါင်းခဲရတယ်။ တချို့က သူပြိုင်ပွဲမှာ အစွမ်းပြလိမ့်မယ်လို့ ပြောတယ်။ တချို့ကလဲ မွေ့ရာကြီး ယူလာပြီး ဟယ်ရီ



အောက်က လိုက်ခံထားမှုလို့ပြောတယ်။ သူ့မှာ ဘယ်လိုပြောတာက သူ့အဖို့ ပိုအနေကြပ်မှန်းတောင် မသိတော့ဘူး။

ဟယ်ရီမှာ အခုဟာမီးလို မိတ်ဆွေရတာ အလွန်ကံကောင်းတယ်။ သူမသာမရှိရင် ဝုဒ်က သူ့ကို ပြင်းပြင်းထန်ထန်လေ့ကျင့်ခိုင်းနေတဲ့ အခြေအနေမှာ ကျောင်းစာတွေကို ဘယ်လို လိုက်ရမှန်းတောင် မသိတော့ဘူး။ ဒီပြင် သူမက (သမိုင်းကိုကျော်ဖြတ်တဲ့ ခွေ့ဒစ်)ကို ဟယ်ရီကြည့်ဖို့ ငှားပေးတယ်။ ဒီစာအုပ်ဟာ အလွန်စိတ်ဝင်စားစရာ စာအုပ်ဆိုတာ သူတွေ့ရတယ်။

ဟယ်ရီ စာအုပ်ထဲမှ လေ့လာရရှိတာကတော့ ခွေ့ဒစ်ဘောလုံးပြိုင်ပွဲထဲမှာ စည်းကမ်းနဲ့ မညီညွတ်ပဲ ပြုမူနည်းက ခုနစ်ရာကျော်ရှိတယ်။ ၁၄၇၃ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒီနည်းတွေ အကုန်ထုတ်သုံးကြတယ်။ ရှာဖမ်းသမားဟာ တစ်သင်းလုံး ကိုယ်ခန္ဓာ အသေးငယ်ဆုံး၊ အဖျတ်လတ်ဆုံး ဘောသမားဖြစ်တယ်။ အဆိုးရွားဆုံး ခွေ့ဒစ် မတော်တဆမှုဟာလဲ သူတို့ကိုယ်ပေါ်မှာပဲ ကျရောက်တယ်။ ခွေ့ဒစ်ကစားလို့ သေသူသိပ်နည်းပါတယ်။ ဒါပေမယ့် ဒိုင်လူကြီးဟာ ပြိုင်ပွဲထဲကနေ ရုတ်တရက် ပျောက်သွားပြီး လအချို့ကြာမှ ဆဟာရသဲကန္တာရထဲမှာ ပြန်တွေ့တဲ့ ထူးဆန်းတဲ့ အဖြစ်မျိုး တာကယ်ပဲ ဖြစ်ခဲ့တယ်။

ဟယ်ရီနဲ့ရွန်ဟာ တောင်ပြိတ္တာလက်ထဲက ဟာမီးကို ကယ်ခဲ့ပြီးနောက်၊ သူမဟာ အရင်ကလို ဘာမဆို အံ့သြဘနန်းမဖြစ်တော့ဘူး။ ဒါကြောင့် ပိုပြီး ချစ်စရာကောင်းလာတယ်။ ဟယ်ရီတို့ ပထမဆုံး ခွေ့ဒစ်ပြိုင်ပွဲ မစခင် ရှေ့တစ်ရက်မှာ သူတို့သုံးယောက်ဟာ နားချိန်မှာ အေးစက်တဲ့ ကျောင်းရှေ့ခြံဝန်းထဲ ထွက်နားတယ်။ ဟာမီးက အချမ်းကြောက် ဂါထာနဲ့ စည်သွတ်ဗူးခွံထဲထည့်ယူပြီး မီးလှုံလို့ရတဲ့ မီးလုံးပြာပြာလေးကို ဖန်ဆင်းယူလာတယ်။ သူတို့ မီးတောက်လုံးလေးကို ကျောပေးပြီး အနွေးဓာတ်ယူနေစဉ် စနိတ်ပ်ရောက်လာတယ်။ စနိတ်ပ် ခြေတစ်ချောင်းထော့နေတာ ဟယ်ရီကချက်ချင်းတွေ့တယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ပူးကပ်ပြီး မီးတောက်ကို ကွယ်ထားတယ်။ ဒါဟာ စည်းကမ်းချိုးဖောက်တဲ့ အပြုအမူဆိုတာ သူတို့သိတယ်။ ကံဆိုးတာကတော့ သူတို့ မျက်နှာပေါ်က အမူအရာကြောင့် စနိတ်ပ်သတိပြုမိသွားတယ်။ သူဟာ ထော့နဲ့ထော့နဲ့နဲ့ လျှောက်လာတယ်။ မီးကို မမြင်ရဘူး။ ဒါပေမယ့် သူဟာ သူတို့ကို ကောင်းကောင်း ဆူလိုက်ဦးမယ်လို့ ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လာသလိုပဲ။

"မင်းလက်ပေါ်ကဟာ ဘာလဲ၊ ဟယ်ရီ"

"သမိုင်းကို ကျော်ဖြတ်တဲ့ ခွေးခစ်" ဟယ်ရီက စာအုပ်ကို ကမ်းပေးလိုက်တယ်။

"စာကြည့်တိုက်က စာအုပ်ကို ကျောင်းအပြင် မယူရဘူး" စနိတ်ပ်က ပြောတယ်။ "စာအုပ်ကိုပေး၊ ဂရစ်ဖင်းဒေါ ငါးမှတ်လျှော့မယ်"

"အဲဒီသတ်မှတ်ချက်ဟာ သူ့ဖာသာ ခုမှ လျှောက်ပြောတာ" စနိတ်ပ်ထော့နဲ့ထော့နဲ့ ထွက်သွားပြီးနောက်၊ ဟယ်ရီက စိတ်ဆိုးစွာနဲ့ ပြောတယ်။ "သူ့ခြေထောက်က ဘယ်လိုဖြစ်တာလဲ"

"မသိဘူး၊ သူနာလေ ကောင်းလေပဲ" ရွန်က မကျေမနပ်ပြောတယ်။

ထိုနေ့ညမှာ၊ ဂရစ်ဖင်းဒေါ မိတ်ဆုံခန်းမထဲမှာ အလွန့်ကို ဆူညံနေတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ပြတင်းဘေးထိုင်နေကြတယ်။ ဟာမီးက ဟယ်ရီနဲ့ ရွန်တို့ရဲ့ ဂါထာသင်ခန်းစာ ကို စစ်ဆေးနေတယ်။ သူမဟာ သူတို့ကို ကူးချခွင့်မပြုဘူး။ ("ဒီလိုလုပ်ရင် နင်တို့ ဘယ်တတ်မှာလဲ") ဒါပေမယ့် သူမကို တစ်ခေါက်လောက် ဖတ်ခိုင်းတာနဲ့ သူတို့ဟာ အဖြေမှန်ကို ရရှိကြတယ်။

ဟယ်ရီဟာ ဂဏှာမငြိမ်ဖြစ်နေတယ်။ သူက (သမိုင်းကို ကျော်ဖြတ်တဲ့ ခွေးခစ်)ကို ပြန်ရချင်တယ်။ ဒါမှ သူပြိုင်ပွဲအတွက် စိတ်လှုပ်ရှားနေတာ နည်းနည်းသက်သာသွားမှာ။ ဘာဖြစ်လို့ စနိတ်ပ်ကို ဒီလောက်ကြောက်ရမှာလဲ။ သူမတ်တတ်ရပ်လိုက်ပြီး ရွန်နဲ့ ဟာမီးကို သူ စနိတ်ပ်ကို စာအုပ်ပြန်ပေးဖို့ ပြောမယ်လို့ပြောတယ်။

"မလိုက်ပါရစေနဲ့" သူတို့နှစ်ယောက်က တပြိုင်နက်ပြောတယ်။ ဟယ်ရီက သူတွေးထားတာရှိတယ်။ တခြားဆရာတွေ အနားမှာရှိနေရင် စနိတ်ပ်က သူ့ကို ငြင်းဆန်မှာ မဟုတ်ဘူး။

သူဟာ အောက်ထပ်ဆင်းပြီး ဆရာနားနေခန်းတံခါးကို သွားခေါက်တယ်။ ဘာသံမှ မကြားဘူး။ ထပ်ခေါက်တယ်။ ဘာမှ မကြားဘူး။

စနိတ်ပ်က စာအုပ်ကို စားပွဲပေါ်ထားခဲ့ချင် ထားခဲ့မှာ။ စမ်းကြည့်ဦးမှ။ သူက တံခါးကို အပေါက်ကလေးက တွန်းဖွင့်တယ်။ အတွင်းကိုကြည့်လိုက်တယ်။ သူ့မျက်စိရှေ့မှာ ကြောက်စရာ မြင်ကွင်းကို တွေ့ရတယ်။

စနိတ်ပ်နဲ့ ဖစ်ချ်တို့ ထိုင်နေကြတယ်။ အခန်းထဲမှာ သူတို့နှစ်



ယောက်ပဲရှိတယ်။ စနိတ်ပ်က ဝတ်ရုံရှည်ကို ဒူးပေါ်မ,တင်ထားတယ်။ သူ့ခြေတစ်ချောင်းပေါ်မှာ သွေးသံရဲရဲနဲ့ အနာတစ်ခုရှိတယ်။ ဖစ်ချ်က စနိတ်ပ်ကို ပတ်တီးကမ်းပေးတယ်။

"သေနာကောင်ကြီး" စနိတ်ပ်ကပြောတယ်။ "တချိန်ထဲ ခေါင်းသုံးခေါင်းကို ဘယ်လိုတတ်နိုင်မှာလဲ"

ဟယ်ရီက တံခါးကို အသာလေးပိတ်ဖို့လုပ်တယ်။ မထင်မှတ်ပဲ-

"ဟယ်ရီ"

စနိတ်ပ်က ဝတ်ရုံရှည်ကြီးကို ချပြီး ခြေထောက်ကို အုပ်လိုက်တယ်။ မျက်နှာဟာလဲ ဒေါသကြောင့် ရှုံ့မဲ့နေတယ်။ ဟယ်ရီက လန့်ပြီး အသက်ရှူတစ်ချက် ရပ်သွားတယ်။

"ကျွန်တော့်စာအုပ် ပြန်ယူလို့ရမလားလို့ လာမေးတာပါ"

"ထွက်သွား၊ မြန်မြန်ထွက်သွား"

ဟယ်ရီက အမြန်ထွက်လာတယ်။ တော်ကြာ စနိတ်ပ်က အခွင့်ကောင်းယူပြီး ဂရစ်ဖင်းဒေါ အမှတ်ကို နုတ်ဦးမှာ။ သူအပေါ်ထပ်သို့ ပြေးတက်ခဲ့တယ်။

"စာအုပ်ရပြီလား" ရွန်က ဟယ်ရီကို မြင်တာနဲ့ မေးတယ်။ "မင်းဘာဖြစ်တာလဲ"

ဟယ်ရီက တမင်အသံနှိမ့်ပြီး၊ ခုနက မြင်ခဲ့တာကို သူတို့နှစ်ယောက် ပြောပြတယ်။

"အဲဒါ ဘာကိုဖော်ပြတယ်ဆိုတာ နင်တို့ သိလား" သူက အသက်အောင့်ပြီး နောက်ဆုံး ကောက်ချက်ချလိုက်တယ်။ "ဟောလိုးဝင်းပွဲတော်မှာ ခေါင်းသုံးခေါင်းခွေးကြီး စောင့်နေတဲ့ တံခါးရှက်ရှင်ကို ဖြတ်ဝင်ချင်တာ။ တို့သူ့ကို တွေ့တဲ့အခါမှာ သူက စတုဏ္ဍလွှာပေါ်မှာ။ သူက ခေါင်းသုံး ခေါင်းခွေးကြီး စောင့်နေတဲ့ ပစ္စည်းကို ခိုးချင်တာ။ ငါ ငါ့မိုးပျံတံမြက်စည်းနဲ့ ကျိန်ဆိုတယ်။ အဲဟို တောင်ပြိုတ္တာကြီးဟာ သူပဲ တမင်တကာ လွှတ်လိုက်တာ။ ဒါမှ အများအာရုံ တခြားရောက်သွားမှာပေါ့"

ဟာမီးက မျက်လုံးကြီးပြူးထားတယ်။

"ဟင့်အင်း — သူဒီလို မလုပ်ဘူးထင်တယ်" သူမကပြောတယ်။ "ဒီလူ သိပ်မကောင်းဘူးဆိုတာ ငါသိတယ်၊ ဒါပေမယ့် ဒမ်ဘလီဒိုးသိမ်းဆည်းထားတဲ့ ပစ္စည်းကိုတော့ သူခိုးမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းပြောရရင်၊ ဟာမီး၊ နင်က ဆရာအားလုံး သူတော် မြတ်ကြီးတွေလို့ ထင်နေတာ" ရွန်ကအော်တယ်။ "ငါ ဟယ်ရီ့အမြင်ကို သဘောတူတယ်။ စနိတ်ပ်ဆိုတဲ့ လူဟာ ဘာမဆို လုပ်ဝံ့တယ်။ ဒါပေမယ့် သူ့ရည်ရွယ်ချက်က ဘာလဲ။ အဲဒီခေါင်းသုံးခေါင်းခွေး စောင့်နေတာက ဘာပစ္စည်းလဲ"

ဟယ်ရီ အိပ်ရာဝင်တဲ့အခါမှာ ဒီပြဿနာဟာ သူ့ခေါင်းထဲ တဝဲ လည်လည်ဖြစ်နေတယ်။ နီဗီးဟာ အသံကျယ်ကျယ်ဟောက်နေတယ်။ ဟယ်ရီကတော့ လုံးဝအိပ်မရဘူး။ သူက မိမိကိုယ်မိမိ လျှောက်တွေးမနေဖို့ သတိပေးတယ်။ သူအိပ်ရေးဝဝအိပ်ဖို့လိုတယ်။ မအိပ်လို့မဖြစ်ဖူး။ နောက်ထပ် နာရီအနည်းငယ်ကြာရင် သူ့ပထမဆုံး ခွေဒစ်ပြိုင်ပွဲစတော့မယ်။ ဒါပေမယ့် စနိတ်ပ်ဟာ ဟယ်ရီ သူ့ခြေထောက်ဒဏ်ရာကို မြင်တဲ့အခါ သူ့ကြောက်စရာ မျက်နှာထားကိုတော့ လွယ်လွယ်နဲ့ မေ့လို့မရဘူး။

နောက်နေ့နံနက် ရာသီဥတုက သာယာပြီး အေးစက်တယ်။ ထမင်းစား ခန်းထဲမှာ ဝက်အူချောင်းကြော်တဲ့ အမွှေးနံ့နဲ့ ပျော်ရွှင်စွာ စကားပြောသံ ကြားရတယ်။ လူတိုင်းဟာ ခွေဒစ်ပြိုင်ပွဲ ကောင်းကောင်းကြည့်ဖို့ စိတ်စော နေတယ်။

"မင်းနံနက်စာ စားမလား"

"ငါစားလို့မရဘူး"

"လာ၊ ပေါင်မုန့်မီးကင် တစ်ချပ်လောက် စားပါလား" ဟာမီးက ခနလေးကို ပြောသလို နားချနေတယ်။

"ငါမဆာဘူး"

ဟယ်ရီဟာ သိပ်နေလို့မကောင်းဘူးလို့ ခံစားရတယ်။ နောက်ထပ် တစ်နာရီဆိုရင် သူခွေဒစ် ပြိုင်ပွဲဝင်ရတော့မယ်။

"ဟယ်ရီ၊ မင်းတစ်ခုခုစားမှ အားရှိမှာပေါ့" စီးမတ်စ်-ဖင်နစ်ဂင်က ပြောတယ်။ "ရှာဖမ်းသမားဟာ တဖက်အသင်းက ကပ်ထားခံရတဲ့ ဘော သမား"

"ကျေးဇူးတင်ပါတယ်၊ စီးမတ်စ်" ဟယ်ရီက စီးမတ်စ်ဝက်အူချောင်း ပေါ်ကို ခရမ်းချဉ်သီးဆော့ ထူထူကြီး သုတ်နေတာကြည့်နေတယ်။



၁၁ နာရီထိုးပြီ။ တစ်ကျောင်းလုံးက ဆရာနဲ့ ကျောင်းသားတွေ ခွေဒစ် ဘောကွင်းထဲ ဘေးပတ်လည်က မြင့်မားတဲ့ ကြည့်စင်ပေါ် တက်ကြည့်ကြ တယ်။ ကျောင်းသားအတော်များများဟာ အဝေးကြည့်မှန်ပြောင်းပါ ယူလာ တယ်။ ဒီကထိုင်ခုံဟာ အလွန်မြင့်ပေမယ့် တခါတလေလဲ ကွင်းထဲက အခြေ အနေကို ရှင်းရှင်းမမြင်ရဘူး။

ရွန်နဲ့ ဟာမီးတို့ ပွဲကြည့်စင်ပေါ်တက်ကြတယ်။ နီဗီး၊ စီးမတ်စ်နဲ့ ဒီဟမ်အသင်း ဘောဝါသနာအိုး ဒင်းတို့နဲ့အတူ အထက်ကခုံတန်းမှာ ထိုင်ကြတယ်။ သူတို့ဟာ အစက်အပြောက်လေး ကိုက်လို့ပေါက်နေတဲ့ ခုတင် ခင်းကို အသုံးပြုပြီး "ဟယ်ရီအစွန့်ရှည်ပါစေ" လို့ ရေးထားတဲ့ အလံကြီး လုပ်ထားတာကို ဟယ်ရီအုံ့ဩစွာတွေ့ရှိတယ်။ ပန်းချီမှာတော်တဲ့ ဒင်းက အဲဒီ စာတန်း အောက်မှာ ဂရစ်ဖင်းဒေါ ခြင်္သေ့ပုံအကြီးကြီးဆွဲထားတယ်။ နောက်ဆုံး မှာ ဟာမီးက ပညာလေး နည်းနည်း ပြပြီး ဒီဇိုင်းကို ရောင်စုံလက်နေအောင် လုပ်ထားတယ်။

အဝတ်လဲခန်းထဲမှာ ဟယ်ရီနဲ့ တခြားဘောသမားတွေဟာ သူတို့ရဲ့ နီစွေးစွေး ခွေဒစ် ဘောလုံးဝတ်စုံကို ဝတ်ဆင်နေကြတယ်။ (စလေးသရင်း ဝတ်စုံက အစိမ်းရောင်။)

ဝုဒ် က ချောင်းဟန့်လိုက်ပြီး အားလုံးငြိမ်သက်ဖို့ အမူအရာပြတယ်။

"ကောင်းပြီ၊ အမျိုးသားတို့" သူကပြောတယ်။

"နဲ့ပြင် အမျိုးသမီးတို့" လိုက်သမား ရီနာ-ချန့်က ပြောတယ်။

"ဟုတ်တယ်၊ အမျိုးသမီးများ" ဝုဒ်က အဆင်ပြေစွာ လိုက်ပြောတယ်။ "ပွဲစပါတော့မယ်"

"ကြီးမြတ်တဲ့ ပြိုင်ပွဲကြီး" ဖရက်ကပြောတယ်။

"ကျွန်ုပ်တို့အားလုံး မျှော်လင့်စောင့်စားခဲ့ရတဲ့ ကြီးမြတ်တဲ့ ပြိုင်ပွဲ ကြီး" ဂျော့က ပြောတယ်။

"ဝုဒ် စကားပြောတာ တို့အလွတ်ရနေပြီ" ဖရက်က ဟယ်ရီကို ပြောပြ တယ်။ "တို့မနှစ်က ပြိုင်ပွဲဝင်သေးတယ်"

"မင်းတို့နှစ်ယောက် ပါးစပ်ပိတ်ထား" ဝုဒ်ကပြောတယ်။ "ဒါနှစ်ပေါင်း များစွာ အတွင်းမှာ ဂရစ်ဖင်းဒေါက အကောင်းဆုံး ဘောသင်းဖြစ်တယ်။ တို့မှုချနိုင်မယ်။ ကျွန်တော် သေချာပြောရဲတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ဘောသမားအားလုံးကို ခပ်တင်းတင်းစိုက်ကြည့်နေတယ်။ သူ့အမိပ္ပာယ်ကတော့ "မနိုင်ရင်တော့ မင်းတို့သတိသာထား"

"ကောင်းပြီ၊ အချိန်ရောက်ပြီ၊ အားလုံးကံကောင်းပါစေ"

ဟယ်ရီက ဖရက်နဲ့ဂျော့တို့နဲ့အတူ အဝတ်လဲခန်းက ထွက်လာတယ်။ မိမိဒူးမတုန်ပါစေနဲ့လို့ တိတ်တိတ်ဆုတောင်းမိတယ်။ ဒီနောက် နားကွဲမတတ် အားပေးသံတွေကြားကနေ ကွင်းထဲကို ဝင်ခဲ့တယ်။

ဒိုင်လူကြီး လုပ်သူက မဒမ်ဟုချ်။ သူမဟာ ဘောကွင်းအလယ်မှာ ရပ်နေတယ်။ လက်ထဲမှာ သူမရဲ့ မိုးပျံတံမြက်စည်းကို ကိုင်ထားရင်း ဘောသင်းနှစ်သင်း ကွင်းထဲဝင်လာတာကို စောင့်နေတယ်။

"အခု အားလုံး သေချာနားထောင်။ ဒီပြိုင်ပွဲဟာ ပွင့်လင်းရိုးဖြောင့်တဲ့ ပြိုင်ပွဲဖြစ်ပါစေလို့ မျှော်လင့်ပါတယ်" ဘောလုံးသမားအားလုံး သူမဘေး ရောက်လာတဲ့အခါမှာ၊ သူမက သတိပေးတယ်။ သူမရဲ့ စကားဟာ စလေးသရင်း အသင်းခေါင်းဆောင် မာခူးစ်-ဖရင်းကို ပြောတာလို့ ဟယ်ရီက တွေ့ရှိတယ်။ ဖရင်းဟာ ပဥ္စမနှစ်ကျောင်းသား။ ဒီကျောင်းသား ကြည့်ရတာ တောင်ပြိုတ္တာ သွေးပါသလိုပဲလို့ ဟယ်ရီက ထင်တယ်။ သူဟာ မျက်စိထောင့်ကနေ လွင့်ပျံနေတဲ့၊ ပရိသတ် ခေါင်းပေါ်မှာ တလက်လက်ဖြစ်နေတဲ့ "ဟယ်ရီအခွန့်ရှည်ပါစေ" ဆိုတဲ့ ရောင်စုံစာလုံးကို မြင်ရတယ်။ သူ့နှလုံးဟာ တဒိုင်းဒိုင်းခုန်လာတယ်။ အင်အားလဲ ဆထက်တံပိုး တိုးလာတယ်။

"အားလုံး တံမြက်စည်းကို စီးကြပါ"

ဟယ်ရီက ၎င်းရဲ့ အလင်းစကြာနှစ်ထောင်ကို စီးလိုက်တယ်။

မဒမ်ဟုချ်က သူမရဲ့ငွေရောင်ဝီစီကို မှုတ်လိုက်တယ်။

မိုးပျံတံမြက်စည်း ၁၅ စင်းဟာ မိုးပေါ်ပျံတက်သွားတယ်။ ပျံလေမြင့်လေ၊ မိုးထိုးတက်သွားတယ်။ ပြိုင်ပွဲ စပါပြီ။

"ခွပ်ဖော်ဟာ ဂရစ်ဖင်းဒေါက ရီနာလက်ထဲ ချက်ချင်းကျရောက်သွားတယ်။ ဒီမိန်းခလေးဟာ တကယ်တော်တဲ့ လိုက်သမား။ ရုပ်ရည်လဲ လှပတယ်။

"ဂျော်ဒန်"

"ခွင့်လွှတ်ပါ၊ ပါမောက္ခ"

အမြွှာညီနောင်ရဲ့ မိတ်ဆွေ၊ လီ-ဂျော်ဒန်ဟာ ပါမောက္ခ မက်ဂေါ်



နာဂေါ်ရဲ့ ကြီးကြပ်မှုအောက်မှာ ပြိုင်ပွဲကြေညာသူ အလုပ်ကို တာဝန်ယူရတယ်။

"သူမဟာ အခုဆိုရင် အရှိန်ပြင်းစွာ အထက်သို့ပျံတက်တယ်။ ဒီနောက် လှလှပပလေး ပစ်ပေးလိုက်တယ်။ ဘောလုံးက ဇက်ရာ လက်ထဲ ရောက်သွားတယ်။ သူမဟာ ဝုဒ်တွေ့ရှိတဲ့ ဘောသမား။ မနှစ်တုန်းက အရန်ဘောသမားပဲရှိသေးတယ်။ ဘောလုံးဟာ ရီနာလက်ထဲ ပြန်ရောက်တယ်။ ဒီနောက် — အိုး၊ မဟုတ်ဖူး၊ စလေးသရင်းက ဘောကို ဖြတ်ယူတယ်။ စလေးသရင်းအသင်း ခေါင်းဆောင် မာခူးစ်က ခွပ်ဖော်ကို ရသွားပြီ။ သူစတင်ထိုးဖောက်တယ်-သူဟာ သိန်းငှက်လို ဂိုးတိုင်သို့ တအားပျံသွားတယ်။ သူဂိုးသွင်းတော့မယ်။ အမှတ်မရဘူး၊ ဂရစ်ဖင်းဒေါက ဂိုးစောင့် ဝုဒ်ဟာ ဖျတ်လတ်စွာ ခုန်အုပ်တယ်။ အဲဒီဘောကို ပုတ်ထုတ်လို့ ခွပ်ဖော်ဟာ ဂရစ်ဖင်းဒေါ လက်ထဲကျရောက်သွားပြန်တယ်။ အခု ဘောကို ဖမ်းထားသူဟာ ဂရစ်ဖင်းဒေါက ဘောလိုက်သမား ခစ်ထီ။ သူမက အောက်သို့ထိုးဆင်းတယ်။ မာခူးစ်အောက်က သပ်သပ်ရပ်ရပ် ပတ်ကွေ့သွားပြီး အထက်သို့ ကွင်းထဲပြန်ဝင်တယ်။ ဒီနောက်-အမလေး-ဒါသိပ်ကို နာမယ်ထင်တယ်။ နောက်စိကို ဘလတ်ဂါက တစ်အားတိုက်သွားတယ်။ ခွပ်ဖော် စလေးသရင်းရသွားတယ်။ အာဂျုံး ဂိုးတိုင်ဆီ တစ်အားပြေးသွားတယ်။ နောက် ဘလတ်ဂါတစ်လုံးက သူ့ရှေ့ကတားထားတယ်။ ဒီဘောဟာ ဖရက်နဲ့ ဂျော့တို့ တမင်ပိတ်ဆို့ဖို့ လွှတ်လိုက်တာ။ သူတို့အမြွှာနှစ်ယောက်ကို ကျွန်တော် ဘယ်သူမှန်း ခွဲမရဘူး။ ဘာပဲဖြစ်ဖြစ်၊ ဂရစ်ဖင်းဒေါ တိုက်ခိုက်သူရဲ့ ဖော်ပြသွားပုံကတော့ မှတ်သားလောက် စရာပါပဲ။ အခုခွပ်ဖော် ရီနာလက်ထဲရောက်ပြန်ပြီ။ ရှေ့မှာလဲ လွတ်နေတယ်။ သူမအထက်ကို အလျှင်အမြန်တက်သွားတယ်။ ငှက်ကြီးတစ်ကောင်လိုပဲ။ သူမရှေ့တည့်တည့်ကလာတဲ့ ဘလတ်ဂါကို အချိန်မီ ရှောင်လိုက်နိုင်တယ်။ ဂိုးတိုင်နီးနေပြီ။ လာပြီ၊ ခုတင်ပဲဟေ့။ ဂိုးစောင့် ဘိုင်လီ ထိုးဆင်းလာတယ်။ မမိပါဘူးခင်ဗျား။ ဂရစ်ဖင်းဒေါ ဂိုးသွင်းအမှတ်ရပါပြီ"

"ဟက်ဂရစ်"

ရွန်နဲ့ ဟာမီး ကပ်ထိုင်ပြီး ဟက်ဂရစ်ထိုင်နိုင်အောင် နေရာဖယ်ပေးတယ်။

"ကျုပ်က သစ်သားအိမ်ကနေကြည့်နေတာ" ဟက်ဂရစ်က ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လည်ပင်းမှာ ချိတ်ထားတဲ့ အဝေးကြည့်မှန်ပြောင်းကို လက်နဲ့ပုတ်ပြတယ်။ ဒါပေမယ့် ဒီမှာ အများနဲ့ တိုးထိုင်ပြီး ပွဲကြည့်တာ ပိုအာသာပြေတယ်။ ရွှေဘောလုံးပျံလေး မပေါ်သေးဘူး ဟုတ်လား၊ ရှပ်"

"မပေါ်သေးဘူး" ရွှန်က ပြောတယ်။ "ဟယ်ရီဟာ ခုချိန်ထိ ဘာမှ အခန်းမဝင်သေးဘူး"

"အနည်းဆုံးတော့ ဘာပြဿနာမှ မဖြစ်ဖူး၊ ဟုတ်တယ်မှုတ်လား။ ဒါသိပ်ကို မဆိုးဘူးပေါ့" ဟက်ဂရစ်က ပြောတယ်။ သူက အဝေးကြည့် မှန်ပြောင်းကိုမြှောက်ပြီး မိုးပေါ်က အစက်ကလေးနဲ့တူတဲ့ ဟယ်ရီကို ကြည့်တယ်"

သူတို့ခေါင်းပေါ်မှာ ဟယ်ရီဟာ ဘောကွင်းထဲ ကစားနေသူတွေနဲ့ ကမင်ရှောင်ပြီး အမြင့်မှာ ဖြည်းဖြည်းဝဲပျံနေတယ်။ ရွှေဘောလုံးပျံလေးကို လိုက်ရှာနေတယ်။ ဒါ သူနဲ့ဝုဒ်တို့ တိုင်ပင်ထားတဲ့ နည်းဗျူဟာပဲ။

"မင်းရွှေဘောလုံးပျံလေးကို မမြင်ခင်မှာ အကောင်းဆုံး ခပ်ဝေးဝေးမှာ နေ" ဝုဒ်က ဟယ်ရီကို ပြောတယ် "မင်းဘာမှ မလုပ်ရခင်မှာ အတိုက်ခိုက်ခံ သွားရမှာ တို့မလိုလားဘူး"

ရီနာ အောင်အောင်မြင်မြင် ဂိုးသွင်းလို့ အမှတ်ရတဲ့အချိန်မှာ ဟယ်ရီက ဝမ်းသာလို့ မိုးပေါ်မှာ ကွမ်းနှစ်ပြန်တိုးလိုက်တယ်။ သူ့စိတ်ထဲက ဝမ်းသာမှုကို ဖွင့်ထုတ်လိုက်တယ်။ အခု သူပြန်လည်တည်ငြိမ်သွားပြီ။ တစ်ခါ တစ်ကွင်း လုံးကိုပတ်ကြည့်ပြီး ရွှေဘောလုံးပျံလေးကို သေချာရှာနေတယ်။ ရွှေရောင် လက်သွားတာ သူတွေ့လိုက်ရတယ်။ အဲဒါ ဝယ့်စလီ အမြွာညီနောင် တစ် ယောက်ရဲ့ လက်ပတ်နာရီက ရောင်ပြန်ဖြစ်နေတယ်။ ဘလတ်ဂါတစ်လုံးက သူ့ကိုတိုက်ခိုက်တယ်။ အမြောက်ဆံလို သူ့ဆီပြေးလာတယ်။ ဟယ်ရီက ကျင်လျင်စွာရှောင်လိုက်တယ်။ ဖရက် ဝယ်စလီက အမြန်ပြေးလာပြီး ဘောကို လိုက်တယ်။

"ဘာမှမဖြစ်ပါဘူးနော်၊ ဟယ်ရီ" ဖရက်က ရတဲ့အချိန်လေးမှာ အော် လိုက်တယ်။ တုတ်ကို တအားမြှောက်ပြီး ဘလတ်ဂါကို မာခူးစ်ရှေ့ ရိုက်ပို့လိုက် တယ်။

"စလေးသရင်း ဘောရသွားပြီ" ဂျော်ဒန်က ကြေညာတယ်။ "ဘော လိုက်သမား အာဂျူးဟာ ဘလတ်ဂါနှစ်လုံးကို ဆက်ရှောင်တယ်။ အမြွာညီ



နောင်နဲ့ ဘောလိုက်သမား ခစ်ထိတို့ တအား- နေဦး- ဟိုဟာ ရွှေဘောလုံးပျံ လေးလား"

အာဂျူးက ရုတ်တရက်ပြန်လှည့်ကြည့်တော့ သူ့ဘယ်ဘက် နားရွက် ဘေးက ဖြတ်သွားတဲ့ ရွှေရောင်အလင်းကို တွေ့ရတယ်။ လန့်ပြီး ခွပ်ဖော်ကို လွှင့်ပစ်လိုက်တယ်။ ပွဲကြည့်စင်ပေါ်က အသံတဗုန်းဗုန်း ထွက်လာတယ်။

ဟယ်ရီမြင်ပြီ။ ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုနဲ့ အမြန်ဆုံး အရှိန်ယူထိုး ဆင်းပြီး အဲဒီရွှေရောင် ကြိုးသေးသေးလေးနောက် လိုက်တယ်။ စလေးသရင်း က ရှာဖမ်းသမား ထရွှန်စ်-ဆီးဂတ်စ်လဲ ရွှေဘောလုံးပျံလေးကို တွေ့သွားပြီ။ သူတို့ နှစ်ယောက်ဟာ ယှဉ်ပြီး ရွှေဘောလုံးပျံလေးဆီ ပြေးသွားတယ်။ ဘောလိုက် သမားအားလုံး မိမိတို့ တာဝန်ကို မေ့နေကြသလိုပဲ။ မိုးပေါ်မှာ ဝိုင်တန့်ပြီး သူတို့ကို ကြည့်နေတယ်။

ဟယ်ရီက ဆီးဂတ်စ်ထက် နည်းနည်း ပိုမြန်တယ်။ သူဟာဟိုအလုံးလေး တောင်ပံကို တအားခတ်ပြီး မိုးပေါ်တက်သွားတာမြင်ရတယ်။ သူအရှိန်မြှင့် လိုက်တယ် —

ဖျန်း၊ ဂရစ်ဖင်းဒေါက ကျောင်းသားတွေ အောက်ကနေ ဒေါသနဲ့ အော်သံထွက်လာတယ်။ မာခူးစ်က ဟယ်ရီ့ရှေ့ကနေ တမင်ကာထားတယ်။ ဟယ်ရီ့တံမြက်စည်းကို ဝင်တိုက်လို့ လိမ့်နေတာပဲ။ မူလလမ်းကြောင်းကနေ လွဲချော်သွားတယ်။ ဟယ်ရီက အန္တရာယ်မှလွတ်အောင် တံမြက်စည်းကို တအားဖက်ထားတယ်။

"ဖောင်း" ဂရစ်ဖင်းဒေါ ကျောင်းသားတွေ အော်တယ်။

မဒမ်ဟုချ်က မာခူးစ်ကို စိတ်ဆိုးဆိုးနဲ့ ဆူတယ်။ ဒီနောက် ဂရစ်ဖင်း ဒေါကို ဖောင်းနေဘော သွင်းခိုင်းတယ်။ အဲဒီလို ရှုပ်ထွေးနေချိန်မှာ ရွှေဘောလုံးပျံ လေးလဲ တခြားပြေးသွားပြီ။ မတွေ့တော့ဘူး။

ပွဲကြည့်စင်ပေါ်မှာ ဒင်းကအော်တယ်။ "သူ့ကို ထုတ်ပစ်၊ ဒိုင်လူကြီး၊ အနီကဒ်"

"ဒါ ကန်ဘောမှ မဟုတ်တာ၊ ဒင်း" ရွှန်က သူ့ကို သတိပေးတယ်။ "ခွေဒစ်ပြိုင်ပွဲမှာ ဘောသမားကို ထုတ်လို့မရဘူး။ အနီကဒ်ဆိုတာဘာလဲ"

ဟက်ဂရစ်ကတော့ ဒင်းရဲ့အမြင်ကို ထောက်ခံတယ်။

"သူတို့ စည်းကမ်းပြင်သင့်တယ်။ မာခူးစ်က ဟယ်ရီကို တိုက်ချဖို့

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလိုတော့တာ"

ဂျော်ဒန်က မိမိကြားနေဖို့ ခက်လာပြီဆိုတာ တွေ့ရှိသွားတယ်။

"ဒါကြောင့် -ဒီလိုထင်ရှားတဲ့၊ ရွှံ့စရာကောင်းတဲ့ မသမာမှုပြီးတော့-"

"ဂျော်ဒန်" ပါမောက္ခ မက်ဂေါ်နာဂေါက ဆူတယ်။

"ကျွန်တော်က ဒီလိုထင်ရှားတဲ့၊ ရွံ့စရာကောင်းတဲ့၊ မသမာမှုပြီးတော့"

"ဂျော်ဒန်၊ မင်းကို သတိပေးတယ်နော်"

"မာခူးစ်က ဂရစ်ဖင်းဒေါက ရှာဖမ်းသမားကို သတ်ပစ်ဖို့ နည်းနည်းလိုတော့တယ်။ ကျွန်တော် သေချာပြောနိုင်ပါတယ်။ ဒီလို အမှုမျိုး ဘယ်သူမဆိုကြုံတွေ့နိုင်တယ်။ ဒါကြောင့်၊ အခု ဂရစ်ဖင်းဒေါက ဖော်ငီးဘော သွင်းရမယ်။ သွင်းမဲ့ သူက ရှီးယား၊ သူမ ဘောသွင်းတယ်။ အသာလေးဝင်သွားတယ်။ အမှတ်ရတယ်။ အခုပြိုင်ပွဲ ဆက်ပြီးကစားတယ်။ ဘောလုံးဟာ ဂရစ်ဖင်းဒေါ လက်ထဲမှာပဲ ရှိတယ်"

ဟယ်ရီဟာ အန္တရာယ်ကြားက သူ့ခေါင်းကိုလာတိုက်တဲ့ ဘလတ်ဂါကို ရှောင်လိုက်ပြီးတာနဲ့ ပြဿနာဖြစ်လာတယ်။ သူ့တံမြက်စည်းဟာ ဘာနိမိတ်မှ မပြပဲ ရုတ်တရက် တဖက်ကို စောင်းသွားတယ်။ အဲဒီ လျှပ်တစ်ပြက်အချိန်လေးမှာ၊ ဟယ်ရီဟာ မိမိလိမ့်ကျသွားတော့မယ်လို့ ထင်မိတယ်။ သူဟာ ခြေရော လက်ပါ တံမြက်စည်းကို ဖမ်းထားတယ်။ သူဒီလို အဖြစ်မျိုးနဲ့ ဘယ်တုန်းကမှ မကြုံခဲ့ဖူးဘူး။

ဒီလိုအဖြစ်မျိုး နောက်ထပ်ဖြစ်လာတယ်။ သူ့တံမြက်စည်းက သူ့ကို ခါပစ်ဖို့ စိတ်ဆုံးဖြတ်ချက် ချထားသလိုပဲ။ ဒါပေမယ့် သဘောအရ အလင်းစကြာနှစ်ထောင်ဟာ ဒီလိုကိစ္စမျိုး မဖြစ်သင့်ဘူး။ ဟယ်ရီက ခေါင်းပြန်လှည့်ပြီး ဂရစ်ဖင်းဒေါ ဂိုးတိုင်ဆီ ပျံသွားမယ်လို့ လုပ်တယ်။ ဝုဒ်ကို နားချိန် တောင်းခိုင်းမယ်။ အချိန်ကျမှ သူဟာ အလန့်တကြားတွေ့ရှိတာကတော့ တံမြက်စည်းဟာ လုံဝချုပ်ထိန်းလို့ မရတော့ဘူးဆိုတာပဲ။ သူက ၎င်းကိုလှည့်ခိုင်းလို့လဲ မရဘူး။ ၎င်းကို ချုပ်ထိန်းလို့လဲ လုံးဝမရတော့ဘူး။ ၎င်းဟာ စောင်းခွေပြီး မိုးပေါ်မှာထင်တိုင်းကြဲနေတယ်။ မကြာမကြာ ပြင်းပြင်းထန်ထန် တုန်ခါလိုက်သေးတယ်။ ဒါကြောင့် သူ အောက်ပြုတ်ကျတော့မလို့။

ဂျော်ဒန်က တာဝန်ကျေစွာ ပြိုင်ပွဲအခြေအနေကို အစီရင်ခံနေတယ်။

"ဘောဟာအခု စလေးသရင်းဘက်က ရထားတယ်။ မာခူးစ်က ခွပ်ဖော်



ကို ဖမ်းမိပြီ။ ရှီးယာကိုရှောင်ပြီး-ခစ်ထီကိုရှောင်ပြီး-ဘလတ်ဂါတစ်လုံး ရှေ့က ဝင်လာတယ်။ သူ့မျက်နှာကို တအားတိုက်လိုက်တယ်။ သူ့နှာခေါင်း ကျိုးပြီ ထင်တယ်။ ဒါ ရယ်စရာပြောတာပါ။ ပါမောက္ခ၊ စလေးသရင်း ဂိုးသွင်းအမှတ်ရတယ်။ အိုး၊ မဟုတ်သေးဘူး. . . . . ."

စလေးသရင်း ကျောင်းသားတွေ အကျယ်ကြီး အားပေးကြတယ်။ ဟယ်ရီတံမြက်စည်း ဘယ်လောက်ဆိုးနေတယ်ဆိုတာ မတွေ့ကြသလိုပဲ။ ၎င်းဟာ ဟယ်ရီကို အမြင့်သို့ခေါ်သွားတယ်။ တဖြည်းဖြည်း ဘောကွင်းနဲ့ ဝေးဝေးသွားတယ်။ မကြာခနလဲ တအားလှုပ်ခါတယ်။

"ဟယ်ရီ ဘာလုပ်နေမှန်း မသိဘူး" ဟက်ဂရစ်က သူ့ဖာသာပြောနေတယ်။ သူက အဝေးကြည့်မှန်ပြောင်းကို မြှောက်ပြီး သေချာစိုက်ကြည့်တယ်။ "ကျုပ် အခြေအနေမသိခဲ့ရင် သူ့တံမြက်စည်း ချုပ်ထိန်းလို့ မရတော့ဘူးလို့ ထင်မှာ. . . . . ဒါမဖြစ်နိုင်ဘူး. . . . . ."

ရုတ်တရက် ပွဲကြည့်စင်ပေါ်က ပရိသတ်တွေဟာ ဟယ်ရီကို လက်ညှိုးထိုးပြတယ်။ သူ့တံမြက်စည်းဟာ မိုးပေါ်မှာ အဆက်မပြတ် ဂွမ်းထိုးနေတယ်။ အန္တရာယ်များစွာ ဖြစ်ပေါ်နေတယ်။ ဒါပေမယ့် ဟယ်ရီက တံမြက်စည်းကို အတင်းဖက်တွယ်ထားတယ်။ ဒီနောက် အဖြစ်အပျက်ဟာ ပရိသတ်အားလုံး အသက်ကို ပင့်ထားစေတယ်။ ဟယ်ရီ့တံမြက်စည်းဟာ ပြင်းထန်စွာ တုန်ခါလိုက်လို့ ဟယ်ရီ ကျွတ်ထွက်သွားတယ်။ အခု သူလက်တစ်ဖက်ထဲနဲ့ တံမြက်စည်းကို ဖမ်းထားပြီး မိုးပေါ်မှာ ချိတ်ဆွဲထားသလိုပဲ။

"မာခူးစ် သူ့ကိုကာထားတုန်းက တစ်ခုခုလုပ်လိုက်လား မသိဘူး" စီးမတ်စ်က တိုးတိုးပြောတယ်။

"မဖြစ်နိုင်ဘူး" ဟက်ဂရစ်က ပြောတယ်။ သူ့အသံဟာ နည်းနည်း တုန်နေတယ်။ "မိုးပျံတံမြက်စည်းကို ဒီလိုဖြစ်အောင် လုပ်ဖို့ဆိုတာ အားအကောင်းဆုံး မှော်နက်ပညာကမှ တတ်နိုင်တာ —ကလေးဆိုတာ အလင်းစကြာနှစ်ထောင်ကို တစ်ခုခုလုပ်လို့မရဘူး"

ဒီစကားကြားတာနဲ့ ဟာမီးဟာ ဟက်ဂရစ်မှန်ပြောင်းကို ဆွဲယူလိုက်တယ်။ သူမဟာ ဟယ်ရီကို မော့မကြည့်ဘူး။ ပရိသတ်ထဲကို အိုဟိုဒီဒီ လိုက်ရှာကြည့်နေတယ်။

"မင်းဘာလုပ်နေတာလဲ" ရွှန်မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ငါသိတယ်" ဟာမီးက မောဟိုက်စွာပြောတယ်။ "စနိတ်ပ် — နင်ကြည့်စမ်း"

ရွန်က မှန်ပြောင်းကိုကိုင်ပြီး ကြည့်တယ်။ စနိတ်ပ်ဟာ သူတို့ရှေ့ဘက်က ပွဲကြည့်စင်အလယ်မှာ ထိုင်နေတယ်။ သူ့မျက်စိဟာ ဟယ်ရီကို မလွှတ်တမ်း ကြည့်နေတယ်။ ပါးစပ်ကလဲ တတွတ်တွတ်နဲ့ ရွတ်နေတယ်။

"သူတစ်ခုခု လုပ်နေတာ။ တံမြက်စည်းကို ကျိန်နေတာ" ဟာမီးက ပြောတယ်။

"တို့ ဘယ်လိုလုပ်ရမလဲ"

"ငါလုပ်တာကြည့်"

ရွန် ဘာမှ မပြောရသေးခင်မှာ၊ ဟာမီးဟာ လှစ်ကနဲ ထပြေးသွားတယ်။ ရွန်က မှန်ပြောင်းကို မိုးပေါ်က ဟယ်ရီဆီ ချိန်လိုက်တယ်။ သူ့တံမြက်စည်းဟာ တအားကို တုန်ခါနေတယ်။ သူတော့ သိပ်ကြာကြာခံနိုင်တော့မယ် မထင်ဘူး။ ပရိသတ်အားလုံး မတ်တတ်ရပ်လိုက်ကြတယ်။ ဝယ်စလီအမြွှာညီနောင် ကယ်ဖို့ပျံသွားတာကို ရင်တမမနဲ့ ကြည့်နေကြတယ်။ သူတို့ဟာ ဟယ်ရီ ကို သူတို့တစ်ယောက်ယောက်ရဲ့ တံမြက်စည်းပေါ် လုံခြုံစွာ ဆွဲခေါ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် နည်းနည်းမှ အသုံးမကျဘူး။ သူတို့ ဟယ်ရီအနား ကပ်သွားတိုင်း အဲဒီတံမြက်စည်းဟာ ဝူးဆိုပြီး အရင်ကထက် ပိုမြင့်မြင့် ခုန်တက်သွားတယ်။ သူတို့ဟာ ပေါ်လစီပြောင်းပြီး အောက်သို့ နည်းနည်းနိမ့်ဆင်းတယ်။ ဟယ်ရီ့ ခြေထောက်အောက်မှာ ဝဲနေတယ်။ သူပြုတ်ကျလာရင် သူ့ကို ဖမ်းထားဖို့ဆိုတာ သိသာတယ်။ မာခူးစ်က ခွပ်ဖော်ကို ဖမ်းပြီး ဂိုးဆက်ဆက်သွင်းလို့ ငါးမှတ်ရသွားတယ်။ ဒါပေမယ့်၊ ဘယ်သူမှ သူ့ကို သတိမထားမိဘူး။

"မြန်မြန်လုပ်ပါ၊ ဟာမီး" ရွန်က မျှော်လင့်ချက် ကင်းမဲ့စွာ တိုးတိုး အော်နေတယ်။

ဟာမီးဟာ စနိတ်ပ်ရှိတဲ့ ပွဲကြည့်စင်ကို ချောမောစွာ ရောက်သွားပြီ။ အခု သူ့ကျောဘက်က ခုံတန်းအတိုင်း သူ့ဆီပြေးသွားနေတယ်။ သူမဟာ မတော်တဆ ပါမောက္ခခွေရဲကို ဝင်တိုက်မိလို့ ခွေရဲရှေ့ကအတန်းဆီ ခိုက်ဆင်းသွားတာတောင် ကန်တော့လို့မပြောဖြစ်ဘူး။ စနိတ်ပ်ကျောဘက်ရောက်တော့ အမြန်ဝပ်ပြီး သူမရဲ့ မှော်ကြိမ်လုံးကို ဆွဲထုတ်တယ်။ သူမ သေချာရွေးချယ်ထားတဲ့ ဂါထာကို တိုးတိုးရွတ်တယ်။ အပြာရောင်တောက်တောက် မီးတောက်လုံးဟာ သူမမှော်ကြိမ်လုံးကနေ ပန်းထွက်လာပြီး စနိတ်ပ်ရဲ့ ဝတ်ရုံရှည်အောက်စပေါ် ကျသွားတယ်။



စက္ကန့်သုံးဆယ် ကြာပြီးနောက်၊ မိမိကိုယ်ပေါ်မှာ မီးလောင်နေတာ စနိတ်ပ်သိတော့တယ်။ ရုတ်တရက် ဒေါသနဲ့ အော်သံကြားရတာနဲ့ ဟာမီးဟာ မိမိအောင်မြင်သွားပြီဆိုတာ သိရတယ်။ သူမဟာ ဂျင်းအကျီပေါ်က မီးလုံးကို ကောက်ယူပြီး သူ့မ အိတ်ကပ်ထဲက ခွက်ကလေးထဲ ထည့်လိုက်တယ်။ ဒီနောက် ခုံတန်းအတိုင်းပြန်ပြေးတယ် — ဒီလိုဆိုရင် စနိတ်ပ်ဟာ ဘယ်လိုဖြစ်တာလဲဆိုတာ ဘယ်တော့မှ သိမှာ မဟုတ်တော့ဘူး။

ဒီလိုဆိုရင် လုံလောက်ပါပြီ။ မိုးပေါ်မှာ တွဲလောင်းကျနေတဲ့ ဟယ်ရီဟာ အခု သူ့တံမြက်စည်းပေါ် ပြန်တက်သွားပြီ။

"နီဗီး၊ နင် အခုကြည့်လို့ရပြီ" ရွန်က ပြောတယ်။ နီဗီးဟာ ခုနက ငါးမိနစ်အတွင်းမှာ သူ့ခေါင်းကို ဟက်ဂရစ် ဂျက်ကင်ထဲ မြှုပ်ပြီး ငိုနေတယ်။

ဟယ်ရီဟာ အခုဆိုရင် အမြန်ထိုးဆင်းနေတယ်။ အောက်ကို ဆင်းဖို့လုပ်တာ။ ပရိသတ်က သူဟာ လက်တစ်ဖက်က ပါးစပ်ကိုပိတ်ထားတာ တွေ့ရတယ်။ အော့အန်တော့မဲ့ ပုံနဲ့တူတယ်။ သူဟာ ခြေလက်လေးချောင်းထောက်ပြီး ဘောကွင်းထဲကျလာတယ် — မနားတမ်းချောင်းဆိုးတယ် — ရွှေရောင်ပစ္စည်းတစ်ခု သူ့လက်ထဲ ရောက်နေတယ်။

"ကျွန်တော် ရွှေဘောလုံးပျံလေးကို ရပြီ" သူက အော်တယ်။ ဘောလုံးလေးကို ခေါင်းပေါ် မြှောက်ပြီး လှုပ်ယမ်းပြနေတယ်။ ဘောလုံးပြိုင်ပွဲဟာလဲ အားလုံးဘာမှန်းမသိလိုက်ပဲ ပွဲပြီးဆုံးသွားတယ်။

"သူက ဖမ်းမိတာမှ မဟုတ်တာ။ သူက မျိုတောင်ချတော့မလို့" မိနစ်နှစ်ဆယ်ကြာပြီးနောက်မှာတောင် မာခူးစ်က မကျေမနပ်နဲ့ အော်နေတယ်။ ဒါဟာ ပြိုင်ပွဲရလဒ်ကို ဘာမှမထိခိုက်ပါဘူး။ ဟယ်ရီက ပြိုင်ပွဲစည်းကမ်းမှ မချိုးဖောက်တာ။ ဂျော်ဒန်ကတော့ ပြိုင်ပွဲရလဒ်ကို ကြေညာနေတုန်းပဲ။ ဂရစ်ဖင်းဒေါ က ၁၇၀ မှတ်၊ စလေးသရင်းက ၆၀ မှတ်။ ဂရစ်ဖင်းဒေါ က အပြတ်အသတ် အနိုင်ရရှိသွားပါပြီ။ ဒါတွေကို ဟယ်ရီဘာမှ မကြားဘူး။ အခုသူဟာ ရွန်၊ ဟာမီးတို့နဲ့အတူ ဟက်ဂရစ်ရဲ့ သစ်သားအိမ်လေးထဲမှာ ထိုင်နေတယ်။ အိမ်ရှင်က သူ့အတွက် ဖျော်ပေးတဲ့ လက်ဖက်ရည်ခါးခါးကို သောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ စနိတ်ပ် ငြိုဟ်မွေတာ" ရွှန်က ရှင်းပြနေတယ်။ "ဟာမီးရောငါရောမြင်ရတယ်။ သူပါးစပ်က တတွတ်တွတ်ရွတ်နေတာ။ မျက်စိက မင်းကို မလွှတ်တမ်းကြည့်နေတာ။ အဲဒါ မင်းရဲ့ မိုးပျံတံမြက်စည်းကို ကျိန်ဆဲနေတာ"

"ဘာတွေ လျှောက်ပြောနေတာလဲ" ဟက်ဂရစ်က ပြောတယ်။ ပြိုင်ပွဲတုန်းက ဘေးကလူတွေ ပြောနေတာ သူကြားပုံမပေါ်ဘူး။ "စနိတ်ပ်က ဘာဖြစ်လို့ ဒါမျိုးလုပ်ရမှာလဲ"

ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ကိစ္စကို သူ့ပြောပြရမလားလို့ စဉ်းစားတယ်။ ဟယ်ရီက အမှန်အတိုင်းပြောဖို့ ဆုံးဖြတ်တယ်။

"ကျွန်တော် သူ့အကြောင်းနည်းနည်းသိထားတယ်" သူက ဟက်ဂရစ်ကို ပြောပြတယ်။ "သူဟာ ဟောလိုးဝင်းပွဲတော်နေ့က ခေါင်းသုံးခေါင်း ခွေးခြေထောက်အောက်က တံခါးရှင်ကို ခိုးဝင်ဖို့ကြိုးစားတယ်။ နောက်ဆုံး ခွေးကိုက်ခံရတယ်။ ကျွန်တော်ထင်တယ်။ သူက ခေါင်းသုံးခေါင်း ခွေးစောင့်နေတဲ့ ပစ္စည်းကို ခိုးချင်တာ"

ဟက်ဂရစ်ကိုင်ထားတဲ့ လက်ဖက်ရည်အိုး ပြုတ်ကျသွားတယ်။

"မင်းတို့ အမွေးဖွားလေးအကြောင်းကို ဘယ်လိုသိတာလဲ" သူက ပြောတယ်။

"အမွေးဖွားလေး၊ ဟုတ်လား"

"ဟုတ်တယ်လေ — အဲဒါကျုပ်ခွေး — မနှစ်က ဘားထဲမှာ ဂရိတ်ကကောင်လေးဆီက ဝယ်လာတာ။ ကျုပ်က ဒမ်ဘလီဒိုးကို စောင့်ဖို့ — "

"ဘာကိုစောင့်တာလဲ" ဟယ်ရီက အလောတကြီး မေးတယ်။

"တော်ပြီ။ ကျုပ်ကိုထပ်မမေးနဲ့တော့" ဟက်ဂရစ်က အသံဩဩနဲ့ ပြောတယ်။ "အဲဒါ ထိပ်တန်းလျှို့ဝှက်ချက်၊ နားလည်ပြီလား"

"ဒါပေမယ့်၊ စနိတ်ပ်က အဲဒါခိုးမလို့"

"လျှောက်မပြောနဲ့" ဟက်ဂရစ်က ပြောတယ်။ "စနိတ်ပ်ဟာ ဟော့ဂ်ဝပ်က ဆရာ၊ ဒါမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဖူး"

"ဒါဖြင့်ရင် သူဘာဖြစ်လို့ ဟယ်ရီကို သတ်ဖို့လုပ်တာလဲ" ဟာမီးက အော်တယ်။

ဒီနေ့ညနေဖြစ်ပွားတာတွေကြောင့်၊ သူမ စနိတ်ပ်ပေါ် ထားတဲ့ အမြင်



တွေ ပြောင်းလဲသွားသလိုပဲ။

"ကျိန်စာရွတ်ဖတ်နေသလားဆိုတာ ကျွန်မမြင်တာနဲ့ သိပါတယ်။ ဟက်ဂရစ်၊ ကျိန်စာ စာအုပ်တွေ ကျွန်မ အကုန်ဖတ်ဖူးပါတယ်။ မျက်စိကို ပစ်မှတ်က မခွာပဲ စိုက်ကြည့်နေရတယ်။ တစ်ချက်မှ ပြတ်လို့ မရဘူး။ စနိတ်ပ် လုံးဝမျက်တောင်မခတ်ဘူး။ ကျွန်မသေချာမြင်ပါတယ်"


"ကျုပ်ပြောပြမယ်၊ မင်းသိပ်ကိုမှားနေပြီ" ဟက်ဂရစ်က စိတ်ဆိုးစွာ ပြောတယ်။ "ဟယ်ရီ တံမြက်စည်း ဘာဖြစ်လို့ ဒီလိုဖြစ်တယ်ဆိုတာ ကျုပ်မသိဘူး။ ဒါပေမယ့် စနိတ်ပ်ကတော့ ကျောင်းသားတစ်ယောက်ကို ဘယ်တော့မှ သတ်မှာ မဟုတ်ဖူး။ အခု၊ ကျုပ်ပြောတာ နားထောင်၊ မင်းတို့ သုံးယောက် — မင်းတို့တွေဟာ သိပ်ကိုမဆိုင်တာ ဝင်ပါချင်ကြတယ်။ မင်းတို့နဲ့ ဘာမှ မဆိုင်တဲ့ ကိစ္စတွေနဲ့ ပတ်သက်နေတယ်။ ဒါသိပ်ကို အန္တရာယ်ရှိတယ်။ မင်းတို့ အကောင်းဆုံးက ဟိုခွေးကို မေ့ထားလိုက်။ ၎င်းစောင့်နေတဲ့ ပစ္စည်းကိုလဲ မေ့လိုက်။ အဲဒါ ဒမ်ဘလီဒိုးနဲ့ နီခို-ရမေကြားက"

"အားဟား" ဟယ်ရီက ပြောတယ်။ "ဒါကြောင့် ဒီကိစ္စဟာ နီခို-ရမေဆိုတဲ့ လူနဲ့ဆိုင်နေတယ်၊ ဟုတ်လား"

ဟက်ဂရစ်ကို ကြည့်ရတာ၊ မိမိကိုယ်မိမိ သိပ်စိတ်ဆိုးနေသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ဩရစ်မှန်

ခရစ်စမတ်ပွဲတော် ရောက်တော့မယ်။ ဒီဇင်ဘာလ လလယ်ရဲ့ တစ်မနက်ခင်းမှာ၊ ဟော့ဂ်ဝပ်ဟာ နံနက်အရုဏ်လင်းချိန်မှာ နိုးလာတယ်။ မိုမိုတစ်ကိုယ်လုံး ဆီးနှင်းတွေ ပေအချို့ ဖုံးနေတာတွေ့ရတယ်။ ကန်ရေဟာ ရေခဲဖြစ်နေပြီ။ ဝယ်စလီ အမြွှာညီနောင်ဟာ နှင်းဘောလုံးလေးတွေ လုပ်ပြီး မှော်ပညာသွင်းကာ ခွေရိုနောက် လိုက်ခိုင်းထားတယ်။ မကြာမကြာ သူ့ခေါင်းပေါင်းကို အလစ်ဝင် တိုက်ခိုင်းတယ်။ ဒါကြောင့် ကျောင်းက အရေးယူတာ ခံရတယ်။ ဆီးနှင်းလေမုန်တိုင်းကို ကြံ့ကြံ့ခံဖြတ်ကျော်ပြီး အောင်မြင်စွာ စာပို့နိုင်တဲ့ ဇီးကွက်အနည်းငယ်ဟာလဲ ဟက်ဂရစ်က သေချာပြုစု အနားယူစေပြီးမှ ပြန်လည်ကျန်းမာလာပြီး နောက်ထပ်ပျံသန်းနိုင်တော့တယ်။

လူတိုင်း လူတိုင်းဟာ ကျောင်းပိတ်ရက် မြန်မြန်ရောက်ပါစေလို့ မျှော်လင့်တောင့်တနေကြတယ်။ ဂရစ်ဖင်းဒေါ မိတ်ဆုံခန်းနဲ့ ထမင်းစားခန်းတွေမှာ နွေးထွေးတဲ့ မီးဖိုရှိတယ်။ လေတိုက်တဲ့ စင်္ကြံကတော့ အရိုးခိုက်အောင် အေးတယ်။ စာသင်ခန်းက ပြတင်းပေါက်တွေဟာလဲ လေပြင်းဒဏ်ကြောင့်



တကြွကြွမြည်နေတယ်။ ဒါပေမယ့် အဆိုးဆုံးကတော့ မြေအောက်ခန်းထဲမှာ ကျောင်းတက်ရတဲ့ မှော်ဆေးပညာသင်တန်းပဲ။ အဲဒီမှာ ရှုရှိုက်ထုတ် လိုက်တဲ့ အနိုးအငွေ့တွေဟာ မျက်စိရှေ့မှာတင် အငွေ့ဖြူဖြူတွေလို ခဲသွားပြီး လူအားလုံးဟာလဲ ဆူပွက်နေတဲ့ ဆေးအိုးကြီးနားကပ်ပြီး မီးလှုံကြတယ်။

"ငါတကယ့်ကို လူတစ်ချို့အတွက် စိတ်မကောင်းဘူး" မာဖိုင်က မှော်ဆေးသင်တန်း တက်နေစဉ် ပြောတယ်။ "သူတို့ဟာ ခရစ်စမတ်ပွဲကို ဟော့ဂ်ဝပ်မှာနေခဲ့ရမှာ သူတို့ကို အိမ်ပြန်တာ လက်ခံချင်တဲ့သူ မရှိလို့"

သူစကားပြောတဲ့အခါမှာ မျက်စိက ဟယ်ရီကို စောင်းကြည့်နေတယ်။ ခရပ်နဲ့ ဂိုးက ဘေးမှာခိုးရယ်နေကြတယ်။ ဟယ်ရီကတော့ ခြင်္သေ့ငါးကျောရိုးအမှုန့်ရဲ့ မှန်ကန်တဲ့ပါဝင်မှုကို တွက်ချက်နေတယ်။ သူ့ကို အရေးမလုပ်ချင်ဘူး။ ခွေဒစ် ပြိုင်ပွဲပြီးနောက်၊ မာဖိုင်ဟာ အရင်ကထက် ပိုပြီး အမြင်ကတ်စရာကောင်းနေတယ်။ စလေးသရင်း ရှုံးသွားလို့ သူကျေကိုမကျေနပ်ဖူး။ သူက ပါးစပ်ပြဲပြဲ သစ်ပင်တက် ဖားတစ်ကောင်ကတောင် ဟယ်ရီအစား ရှာဖမ်းသမား လုပ်ရင် ပိုသာမယ်ဆိုတဲ့ စကားနဲ့ အများကိုရယ်အောင်လုပ်တယ်။ ဒါပေမယ့် သူချက်ချင်းတွေ့ရှိတာကတော့ ဘယ်သူကမှ ရယ်စရာ ကောင်းတယ်လို့ မထင်တာပဲ။ ပြိုင်ပွဲမှာ ဟယ်ရီက တံမြက်စည်းကို အတင်းဖက်တွယ်ထားတဲ့ ရဲရင့်တဲ့ ဖော်ပြချက်ဟာ လူအားလုံးကို စိတ်လှုပ်ရှားသွားစေလို့ပဲ။ ဒါကြောင့် မာဖိုင်ဟာ မနာလိုတာနဲ့ မုန်းတာရောနှောနေတဲ့ ရှုပ်ထွေးတဲ့ စိတ်နဲ့ အစက စကားကို ပြန်ကောက်ပြီး ဟယ်ရီရဲ့ အိမ်သားတွေဟာ ပုံမှန်မရှိတဲ့ အကြောင်းနဲ့ သရော် ပြန်တယ်။

ဟယ်ရီဟာ တကယ့်ကိုပဲ ရေဖယောင်းပင်လမ်းကို ပြန်ပြီး ခရစ်စမတ်ပွဲကျင်းပဖို့ မစဉ်းစားဘူး။ ပါမောက္ခ မက်ဂေါ်နာဂေါက လွန်ခဲ့တဲ့ အပတ်တုန်းက အိပ်ဆောင်ကိုလာပြီး ကျောင်းမှာ ခရစ်စမတ်ပွဲကျင်းပနေရစ်မဲ့သူ နာမည်စာရင်းကောက်တယ်။ ဟယ်ရီက လုံးဝ မစဉ်းစားပဲ မိမိနာမည် ရေးထိုးခဲ့တယ်။ သူဟာ မိမိအတွက် နည်းနည်းမှ စိတ်မကောင်းမဖြစ်ဖူး။ ဒါဟာ သူ့ဘဝမှာ အကောင်းဆုံး ခရစ်စမတ်ပွဲတော်လဲ ဖြစ်နိုင်တယ်။ ရွန်နဲ့ သူ့ညီအစ်ကိုတွေလဲ ကျောင်းမှာနေရစ် ခဲ့ကြလိမ့်မယ်။ ဝယ်စလီဇနီးမောင်နှံဟာ ရိုမေးနီးယားကိုသွားပြီး ချာလီနဲ့တွေ့ဆုံမှာမို့လို့။

မှော်ဆေးပညာ သင်တန်းတက်ပြီးနောက် အေးစက်တဲ့ မြေအောက်

www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းထဲက ထွက်လာတော့ သူတို့ရှေ့မှာ ဖီးသစ်ပင်တစ်ပင် စင်္ကြံ အလယ်မှာ တွေ့ရတယ်။ သစ်ပင်အမြစ် နေရာမှာ ခြေထောက်ကြီးနှစ်ချောင်း၊ ကျယ်ကျယ် အသက်ရှူနေသံက ဟက်ဂရစ် သစ်ပင်နောက်မှာ ရှိတယ်ဆိုတာ ပြောပြနေတယ်။

"ဟေး၊ ဟက်ဂရစ်၊ ကူညီဖို့လိုမလား" ရွန်က ခေါင်းကို အကိုင်းထဲထိုး ဝင်ပြီးမေးတယ်။

"မလိုဘူး၊ ကျုပ်ရပါတယ်၊ ကျေးဇူးပဲ ရွန်"

"လမ်းပိတ်မထားပါနဲ့နော်" သူတို့နောက်ကနေ မာဖိုင်ရဲ့ အေးစက် စက်အသံ ထွက်ပေါ်လာတယ်။ "မင်းမုန့်ဖိုးလေး ဘာလေးရချင်တယ် မဟုတ် လား၊ ဝယ်စလီ။ ငါထင်တယ်။ မင်းက ဟော့ဂ်ဝပ်က ထွက်သွားပြီးနောက် ဒီမှာ အမဲလိုက်ကွင်းအစောင့် လုပ်ချင်တယ်နဲ့တူတယ် — မင်းတို့ အိမ်က ခွေးသိုက် အစုတ်နဲ့စာရင် ဟက်ဂရစ်ရဲ့ အိမ်ကလေးက နန်းတော်လိုဖြစ် နေတယ်"

ရွန်က မာဖိုင်ဆီခုန်အုပ်လိုက်စဉ်မှာ စနိတ်ပ် လှေခါး၀ ရောက်လာ တယ်။

"ဝယ်စလီ"

ရွန်က မကျေမနပ်နဲ့ မာဖိုင်ရဲ့ ဝတ်ရုံရှေ့ ရင်ပတ်စကို လွှတ်လိုက် တယ်။

"မာဖိုင်က ရန်စတာ၊ ပါမောက္ခ စနိတ်ပ်" ဟက်ဂရစ်က သစ်ပင် နောက်ကနေ သူ့အမွေး အမျှင်တွေနဲ့ မျက်နှာကြီးကို ရှေ့ထုတ်လိုက်တယ်။ "သူက ရွန့် အိမ်သားတွေကို စော်ကားတယ်"

"ဘယ်လို အကြိုးအကြောင်းပဲရှိရှိ၊ ရန်ဖြစ်တာဟာ ဟော့ဂ်ဝပ်ရဲ့ ကျောင်းစည်းကမ်းကို ချိုးဖောက်တာပဲ၊ ဟယ်ဂရစ်" စနိတ်ပ်က အသာလေး ပြောတယ်။ "ဂရစ်ဖင်းဒေါကို ငါးမှတ်လျှော့မယ်။ ဝယ်စလီ၊ ကျုပ်သိပ်များများ မလျှော့တာ မင်းကျေးဇူးတင်။ မင်းတို့သွားတော့"

မာဖိုင်၊ ခရပ်နဲ့ ဂိုးတို့ မျက်နှာပေါ်မှာ ကျေနပ်တဲ့ အပြုံးတွေနဲ့ ဖီးပင်ဘေးကနေ အတင်းတိုးတိုက်သွားတယ်။ အပ်လိုအရွက်တွေ အများကြီး ကြွေကျကုန်တယ်။

"ငါတနေ့နေ့ သူ့ကို စာရင်းရှင်းမယ်" ရွန်က အံတကြိတ်ကြိတ်နဲ့



မာဖိုင်ကိုကြည့်ပြီး ပြောတယ်။ "တစ်နေ့နေ့မှာ၊ ငါသူ့ကိုရှာပြီး စာရင်းအားလုံး တခါထဲရှင်းမယ် — "

"တော်ပြီ၊ ပျော်ပျော်နေ။ ခရစ်စမတ်ပွဲတော် ရောက်တော့မယ်" ဟက်ဂရစ်ကပြောတယ်။ "ကျုပ်ပြောမယ်၊ အခုကျုပ်နဲ့အတူ ထမင်းစားခန်းထဲ သွားကြည့်ပါ၊ မင်းတို့ အံ့ဩသွားမယ်"

ဒါနဲ့ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့သုံးယောက် ဟက်ဂရစ်နဲ့ သူ့ဖီးပင် အားလုံး ထမင်းစားခန်းထဲ ဝင်ခဲ့ကြတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါ်နဲ့ ပါမောက္ခ ဖလစ်ဝစ်တို့ဟာ အဲဒီထဲမှာ ခရစ်စမတ် ပြင်ဆင်မှုတွေ လုပ်နေကြ တယ်။

"အား၊ ဟက်ဂရစ်၊ နောက်ဆုံး သစ်ပင်တစ်ပင် — ၎င်းကို အဝေးဆုံး ထောင့်မှာ သွားထား ပေးပါ"

ထမင်းစားခန်းဟာ သိပ်ကို ခမ်းနားနေတယ်။ နံရံပေါ်မှာ ဆယ့်နှစ် ရာသီစိမ်းလန်းတဲ့ ဝက်သစ်ချပင်တွေနဲ့ နွယ်ပင်တို့နဲ့ ခွေထားတဲ့ အလှဆင် မှုများ၊ ဘေးပတ်လည်မှာ အနည်းဆုံး ခရစ်စမတ်သစ်ပင်ဆယ့်နှစ်ပင် မြင့်မြင့် မားမား ရပ်တည်နေတယ်။ တချို့မှာ အရည်ကြည်နေတဲ့ ရေခဲတိုင်လေးတွေ အပင်ပေါ် ချိတ်ဆွဲထားတယ်။ တချို့ကျတော့ ဖယောင်းတိုင် ရာနဲ့ချီထွန်းညှိ ထားတယ်။

"မင်း အိမ်မပြန်ခင် ဒီမှာ ဘယ်လောက်ကြာကြာနေဦးမလဲ" ဟက်ဂရစ် ကမေးတယ်။

"ဒါနောက်ဆုံးရက်ပဲ" ဟာမီးက ပြောတယ်။ "အတော်ပဲ၊ ကျွန်မ သတိရပြီ — ဟယ်ရီ၊ ရွန် နေ့လယ်စာစားဖို့ နာရီဝက်အလိုမှာ တို့စာကြည့် တိုက်ကို မြန်မြန်သွားရမယ်"

"အေး၊ ဟုတ်တယ်၊ မင်းပြောတာမှန်တယ်" ရွန်ကပြောတယ်။ ပါမောက္ခ ဖလစ်ဝစ်ဆီကို ကြည့်နေရာက မနည်းလွှဲပစ်လိုက်တယ်။ ဖလစ်ဝစ်ဟာ မှော်ကြိမ်လုံးနဲ့ ရွှေရောင်ပူဖောင်းတွေ ဖန်ဆင်းပြီး နောက်ဆုံး ခရစ်စမတ်ပင် အကိုင်းအခက်ပေါ် ချိတ်နေတယ်။

"စာကြည့်တိုက်၊ ဟုတ်လား" ဟက်ဂရစ်က သူတို့နဲ့အတူ ထမင်းစား ခန်းက ထွက်ခဲ့တယ်။ "ပွဲတော်မစမီ စာကြည့်တိုက်သွားတယ်၊ မင်းတို့ တယ်လဲကြိုးစားပါလား၊ မဟုတ်ဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အိုး၊ ကျွန်တော်တို့ အဲဒီမှာ စာသွားဖတ်တာ မဟုတ်ဖူး" ဟယ်ရီက ပျော်ရွှင်စွာပြောတယ်။ "ခင်ဗျား နီကို-ရမေ အကြောင်းပြောပြီး နောက်မှာ ကျွန်တော်တို့ သူ့အကြောင်းကို ရှာနေတာ"

"မင်းဘာပြောတယ်" ဟက်ဂရစ်က သိပ်ထိတ်လန့်သွားတယ်။ "ကျုပ်ပြောတာ နားထောင် — ကျုပ်မင်းတို့ကိုပြောမယ် — ဒီကိစ္စကို မေ့လိုက်ကြ။ ဟိုခွေး ဘာပဲစောင့်နေနေ၊ မင်းတို့နဲ့ ဘာမှ မဆိုင်ဘူး"

"ကျွန်မတို့က နီကို - ရမေဆိုတာ ဘယ်သူလဲလို့ သိချင်တာပါ၊ ဒါလေးပါပဲ" ဟာမီးကပြောတယ်။

"ဒါမှ မဟုတ်ရင်၊ အဖြေကို ပြောပြရင်လဲ ပြီးတာပဲ။ ကျွန်တော်တို့ အလကား အချိန် ကုန်တယ်။ မကောင်းဘူးလား" ဟယ်ရီက ဖြည့်ပြောတယ်။ "ကျွန်တော်တို့ စာအုပ်ပေါင်း ရာနဲ့ချီပြီး ရှာပြီးပြီ။ သူနဲ့ပတ်သက်တာ ဘာမှ မတွေ့ဘူး — အနည်းဆုံးတော့ ကျွန်တော်တို့ကို အရိပ်အမြွက်လေး ဘာလေး ပေးပေါ့ — ကျွန်တော်တစ်နေရာရာမှာ ဒီနာမည်ကို မြင်ဖူးတယ်လို့ ကျွန်တော် သိနေတယ်"

"ကျုပ် ဘာမှပြောမှာ မဟုတ်ဘူး" ဟက်ဂရစ်က ပြတ်ပြတ်ငြင်းတယ်။

"ဒါဆို ကျွန်တော်တို့ဟာသာ သွားရှာမှာပေါ့" ရွန်ကပြောတယ်။ ဒီနောက်၊ မနှစ်မြို့တဲ့ အမူအရာနဲ့ ဟက်ဂရစ်ကို ထားရစ်ခဲ့ပြီး သူတို့ဟာ စာကြည့်တိုက်သို့ ပြေးသွားတယ်၊

ဟက်ဂရစ် မေ့ပြီး ပါးစပ်က ထွက်သွားပြီးကတည်းက၊ သူတို့ဟာ စာအုပ်တွေ လိုက်လှန်တယ်။ နီကို-ရမေဆိုတဲ့ နာမည်ကိုရှာတယ်။ ဒီသဲလွန်စက လွဲပြီး၊ (စနိတ်ပ် တစ်ခုခုခိုးချင်တာကို စုံစမ်းဖို့) တခြား ဘာနည်းနာမှ မစဉ်းစားတတ်လို့ပဲ၊ ပြဿနာက နီကို-ရမေဟာ သမိုင်း မှတ်တမ်းတင်ရလောက်အောင် ဘာဆောင်ရွက်ချက်များရှိခဲ့ပါသလဲ၊ ဘယ်ကနေစရှာရပါမလဲ။ သူ့နာမည်ဟာ (နှစ်ဆယ်ရာစုနှစ် ကြီးမြတ်တဲ့မှော်ဆရာများ) စာအုပ်မှာလဲမပါဘူး။ (ယနေ့ခေတ် နာမည်ကြီး မှော်ဆရာများ)၊ (မျက်မှောက်ခေတ် မှော်ပညာရဲ့ အရေးကြီးတဲ့ တွေ့ရှိချက်)နဲ့ (မှော်အတတ်ရဲ့ နောက်ဆုံးဖြစ်ပေါ်တိုးပွားမှု သုတေသန) စာအုပ်ထဲမှာလဲ သူ့နဲ့ပတ်သက်တဲ့ အချက်အလက်မတွေ့ဘူး။ ဒီ့ပြင် စာကြည့်တိုက်ရဲ့ ခမ်းနားကြီးကျယ်မှုကလဲ သူတို့ ခွန်အားနဲ့ မမျှဘူး။ ဒီမှာ စာအုပ်ပေါင်းသောင်းနဲ့ချီ ရှိတယ်။ စာအုပ်စင်ပေါင်း



ထောင်နဲ့ချီတယ်။ အမျိုးအစားခွဲထားတဲ့ စာအုပ်တန်းတွေဟာလဲ ရာနဲ့ချီ ရှိတယ်။

ဟာမီးက အဓိက အကွင်းသဘောနဲ့ စာအုပ်နာမည်ပါတဲ့ စာအုပ်စာရင်းစာရွက် ထုတ်ပြတယ်။ စာရင်းအရ စာအုပ်ရှာဖို့ လုပ်တယ်။ ရွန်က တော့ စာအုပ် အုပ်စုတစ်ခုဆီသို့ ခြေလှမ်းကျဲကျဲလျှောက်သွားပြီး ကြိုးကြား ကြိုးကြား စာအုပ်တွေ ဆွဲကြည့်တယ်။ ဟယ်ရီက ဟိုလိုလို ဒီလိုလိုနဲ့ တားမြစ်စာအုပ် အုပ်စုဆီ ရောက်သွားတယ်။ နီကို-ရမေရဲ့အကြောင်းပါတဲ့ စာအုပ်က အဲဒီမှာ ရှိလိမ့်မယ်လို့ သူအစောကြီးကတည်းက သံသယရှိနေတာ။ ဒါပေမယ့် ကံမကောင်းချင်တော့ ဆရာတစ်ဦးဦး ကိုယ်တိုင်လက်မှတ်ရေးထိုးထားတဲ့ ခွင့်ပြုလက်မှတ်ပါမှ။ နို့မို့ရင် ကျောင်းသားတွေဟာ တားမြစ်စာအုပ် အုပ်စုထဲက ဘယ်စာအုပ်ကိုမဆို ဖတ်ခွင့်မရှိဘူး။ ဟယ်ရီဟာ မိမိ ဒီလိုခွင့်ပြုလက်မှတ်ရနိုင်မှာ မဟုတ်ဖူးဆိုတာ စိတ်ထဲသိတယ်၊ ဒီစာအုပ်တွေထဲမှာ မှတ်တမ်းတင်ထားတာတွေကတော့ ဟော့ဂ်ဝပ်မှာ ဘယ်တုန်းကမှ မသင်ကြားချင်တဲ့ အဆင့်လွန်မှော်နက်ပညာတွေချည်းပဲ။ အဆင့်မြင့် မှော်နက်ပညာ ကာကွယ်တဲ့ အတတ်ပညာကိုယူတဲ့ နှစ်ကြီးကျောင်းသားတွေသာလျှင် ငှားဖတ်ခွင့်ရှိတယ်၊

"မင်းဘာရှာနေသလဲ၊ ခလေး"

"ဘာမှ မဟုတ်ပါဘူး" ဟယ်ရီက ပြောတယ်။

စာကြည့်တိုက် လုပ်သား မဒမ်ဖင့်စ်က သူ့ကိုကြက်မွေးမြှောက်ပြတယ်။

"ဒါဆို ထွက်သွားတာအကောင်းဆုံးပဲ။ သွားလေ — ထွက်သွား"

ဟယ်ရီဟာ မတတ်သာပဲ စာကြည့်တိုက်ကထွက်လာရတယ်။ မိမိကိုယ်မိမိ ဘာဖြစ်လို့ ယုံကြည်လောက်တဲ့ အကြောင်းပြချက်တစ်ခုခု ချက်ချင်း ရှာမပြနိုင်တဲ့အတွက် မကျေမနပ် ဖြစ်နေတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ သုံးယောက်ဟာ အစောကြီးကတည်းက နားလည်ထားတာကတော့ ရမေ အကြောင်းကို ဘယ်မှာရှာရမလဲလို့ မဒမ်ဖင့်စ်ကို သွားမမေးဖို့ပဲ၊ သူမဟာ ပြောပြလိမ့်မယ်လို့ သူတို့ ယုံကြည်တယ်။ ဒါပေမယ့်၊ ဒီအတွက်ကြောင့် စနိတ်ပ်ဟာ သူတို့လုပ်ချင်တာကို သိသွားလိမ့်မယ်။ ဒါကြောင့် သူတို့ ဒီအန္တရာယ်ကို ရှောင်ကြတယ်၊

ဟယ်ရီက အပြင်ဘက် စင်္ကြံမှာ စောင့်နေတယ်၊ ကျွန်နှစ်ယောက်

www.burmeseclassic.com

အသုံးဝင်မယ့်သဲလွန်စ တစ်ခုခုရမလားဆိုတာ သိပ်တော့ မျှော်လင့်ချက်မထားဘူး၊ သူတို့ဟာ ဒါကို ရှာနေတာ နှစ်ပတ်တိတိရှိပြီ။ သူတို့မှာလဲ ကျောင်းဆင်းချိန် အချိန်လေးတွေမှာသာ ရှာရတဲ့အတွက်၊ ရှာလို့မရတာလဲ မဆန်းပါဘူး။ သူတို့ဟာ လုံလောက်ပြည့်စုံတဲ့ အချိန်လိုတယ်။ မဒမ်ဖင့်စ်ရဲ့ စောင့်ကြည့်မှုမှ လွတ်ကင်းပြီး သေသေချာချာ စိတ်အေးအေးနဲ့ ရှာချင်တယ်။

ငါးမိနစ်ကြာပြီးနောက် ရွန်နဲ့ ဟာမီးတို့ ခေါင်းခါရင်း သူ့ဆီရောက်လာတယ်။ သုံးယောက်သား ထမင်းသွားစားကြတယ်။

"ငါအိမ်ပြန်သွားပြီး နင်တို့ ဆက်ရှာမယ် ဟုတ်လား" ဟာမီးက ပြောတယ်။ "သတင်း တစ်ခုခုရရင် ဇီးကွက်တစ်ကောင်နဲ့ ငါ့ဆီစာပို့ပါ"

"ဟုတ်ပြီ၊ နင့်အဖေနဲ့အမေကို မေးကြည့်ပါလား။ သူတို့ နီခို-ရမေ ဘယ်သူဆိုတာ သိလားလို့" ရွန်က ပြောတယ်။ "သူတို့ မေးတာ ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး"

"နည်းနည်းမှ အန္တရာယ်မရှိဘူး၊ သူတို့နှစ်ယောက်စလုံး သွားဆရာဝန်တွေ" ဟာမီးက ပြောတယ်။

ကျောင်းပိတ်ရက် စတင်ပြီးနောက်၊ ရွန်နဲ့ ဟယ်ရီတို့မှာ ပျော်စရာတွေ အများကြီးပဲ။ နီခို-ရမေ့ကိစ္စလုပ်ဖို့ အချိန်ပိုမရှိဘူး။ သူတို့နှစ်ယောက်ထဲ အိပ်ခန်းတစ်ခန်းလုံး ပိုင်နေတယ်။ မိတ်ဆုံခန်းမှာလဲ ခါတိုင်းလို လူမများဘူး။ ဒါကြောင့် သူတို့ဟာ မီးဖိုဘေးက ဇိမ်ကျတဲ့ခုံကို ထိုင်ကြရတယ်။ သူတို့ဟာ လက်တံရှည် ခက်ရင်းခွမှာ ထိုးချိတ်လို့ရတဲ့ — ပေါင်မုန့်၊ မုန့်ဝိုင်းလေး၊ သကြားလုံးအပျော့ — အားလုံးကို မီးကင်စားကြတယ်။ စားရင်း မာဖိုင်ကျောင်းထုတ်ခံရအောင် ဘယ်လိုလုပ်မလဲဆိုတာ တက်တက်ကြွကြွ ဆွေးနွေးတယ်။ အဲဒီ အကြံတွေဟာ တစ်ခုမှ အကောင်အထည်ဖော်လို့ရတာတွေ မဟုတ်ပေမယ့်၊ ပြောကြည့်ရုံနဲ့ ပျော်ရွှင်မှုရစေတယ်။

ရွန်ကလဲ ဟယ်ရီကို မှော်ဆရာကျားထိုးနည်းသင်ပေးတယ်။ ဒီလို ကျားမျိုးဟာ ဗင်ဆစ်မတ်ဂေါ်ရဲ့ အနောက်တိုင်းကျားနဲ့ အတူတူပဲ။ ကွာခြားမှု ရှိတာကတော့ မှော်ဆရာကျားရဲ့ ကျားစေ့တွေဟာ အရှင်တွေချည်းပဲ။ ဒါကြောင့် ကျားကစားတာဟာ စစ်တပ်ကို တိုက်ပွဲဝင်ရာမှာ ညွှန်ကြားနေသလိုပဲ။ ရွန်ကစားနေတဲ့ ကျားဟာ ဟောင်းလဲဟောင်း၊ စုတ်လဲစုတ်တယ်။



သူ့မှာရှိတဲ့ ကျန်ပစ္စည်းအားလုံးလိုပဲ၊ ဒီကျားဟာလဲ သူ့အိမ်သားတွေဆီက ငှားလာတာ — ပိုင်ရှင်ကတော့ သူ့အဖိုး။

ဗင်ဆစ်၊ ကျားအဟောင်းက အသစ်ထက် အသုံးပြုလို့ ကောင်းသေးတယ်။ ရွန်က သူတို့ရဲ့ စိတ်နေစိတ်ထားကို နားလည်နေပြီ။ ဒါကြောင့် သူညွှန်ကြားတဲ့ အခါတိုင်းမှာ ဘာမှ အခက်အခဲ မရှိဘူး။

ဟယ်ရီ အသုံးပြုတာက စီးမတ်စ်ဆီက ကျားစေ့။ ၎င်းတို့က သူ့ကို နည်းနည်းမှ မယုံကြည်ဘူး။ သူဟာ သိပ်မကစားတတ်တဲ့အပြင်၊ ဒီကျားစေ့တွေက သူ့ကို ဒုက္ခပေးကြသေးတယ်။ ဘာလုပ်ရမှန်း မသိအောင် အကြံဉာဏ်တွေထပေးနေကြတယ်။ "ကျုပ်ကို အဲဒီနေရာမပို့နဲ့။ အဲဒီမှာ မြင်းစီးသူရဲရှိနေတာ မင်းမမြင်ဘူးလား။ သူ့လွှတ်လိုက်၊ သူ့ကိုဆုံးရှုံးသွားလဲ ဘာမှ အရေးမကြီးဘူး"

ခရစ်စမတ်ညှ၊ ဟယ်ရီအိပ်ရာဝင်ချိန်မှာ မနက်ဖန် ကျင်းပမဲ့ ထမင်းစားပွဲကြီးနဲ့ စိတ်ဝင် စားစရာ အစီအစဉ်တွေကို မျှော်လင့်စောင့်စားနေတယ်။ ဒါပေမယ့် လက်ဆောင်တော့ ရဖို့မမျှော်လင့်ဘူး။ မမျှော်လင့်ပဲ နောက်နေ့ နံနက်နိုးလာတော့ ခုတင်ခြေရင်းမှာ လက်ဆောင်ပစ္စည်း အပုံလေးကို မြင်ရတယ်။

"ခရစ်စမတ်ပျော်ရွှင်ပါစေ" ရွန်က အိပ်ချင်မူးတူးနဲ့ ပြောတယ်။ ဟယ်ရီ ခုတင်ပေါ်က ဆင်းပြီး ညဝတ်အင်္ကျီရှည်ကို ခြုံလိုက်တာ ကြည့်နေတယ်။

"ခရစ်စမတ်ပျော်ပါစေ" ဟယ်ရီက ပြောတယ်။ "မင်းလာကြည့်ပါဦး။ ငါလက်ဆောင်ရတယ်"

"မင်းက ဘာများ ထင်နေလို့လဲ။ နိုက်ဥ ထင်လို့လား" ရွန်က ပြောတယ်။ လှည့်ပြီး မိမိရတဲ့ လက်ဆောင်ကိုကြည့်တယ်။ ဟယ်ရီထက် အများကြီးစုံတာ တွေ့ရတယ်။

ဟယ်ရီက အပေါ်ဆုံးက အထုပ်ကိုဆွဲယူတယ်။ အထုပ်ကို လေးပြီးထူတဲ့ အညိုရောင်စက္ကူနဲ့ ထုပ်ထားတယ်။ အပေါ်မှာ ကြောင်ခြစ်သလို ခြစ်ထားတဲ့ စာတစ်တန်းရှိတယ်။ 'ဟယ်ရီအတွက်၊ ဟက်ဂရစ်။' အတွင်းမှာက ခပ်ကြမ်းကြမ်း သစ်သားသေတ္တာတစ်လုံး။ ဟက်ဂရစ်ကိုယ်တိုင် ပြုလုပ်ထားတာ သိသာတယ်။ ဟယ်ရီက လေချွန်တယ်။ ဇီးကွက်အော်သံနဲ့တူတယ်။

www.burmeseclassic.com



ဒုတိယ အထုပ်က သေးသေးလေးရယ်။ အထဲမှာ စာတိုလေး တစ်ရွက်ပဲပါတယ်။ "မင်းစာကို ရတယ်။ မင်းအတွက် ခရစ်စမတ် လက်ဆောင်ပေးလိုက်တယ်" "ဦးလေး ဒါစလီနဲ့ အဒေါ်ဖီချူနီယာ" စာတိုလေးပေါ်မှာ တိတ်နဲ့ ငါးမူးစေ့တစ်စေ့ ကပ်ထားတယ်။

"တယ် မဆိုးပါဘူး" ဟယ်ရီက ပြောတယ်။

အဲဒီ ငါးမူးစေ့ကို ရွန်က အလွန်စိတ်ဝင်စားနေတယ်။

"ထူးဆန်းလိုက်တာ" သူက ပြောတယ်။ "ဘယ့်နှယ် ဒီလိုပုံသဏ္ဍာန်ရှိတာလဲ။ ဒါပိုက်ဆံ ဟုတ်တယ်နော်"

"မင်းကြိုက်ရင် ယူထား" ဟယ်ရီက ပြောတယ်။ ရွန်သိပ်ဝမ်းသာသွားတဲ့ အမူအရာကြောင့် လူတဟားဟားရယ်တယ်။ "ဟက်ဂရစ်နဲ့ ငါ့ဦးလေးအဒေါ် — ကျန်တာတွေက ဘယ်သူပေးတာလဲ"

"ဒါဘယ်သူပို့လိုက်တာလဲဆိုတာ ငါသိတယ်" ရွန်က ပြောတယ်။ ဖိတ်ဖောင်းဖောင်းကြီးကို ညွှန်ပြရင်း မျက်နှာနီလာတယ်။ "ငါ့အမေ၊ ငါက သူမကို 'မင်းက ဘာလက်ဆောင်မှ ရမယ်လို့ မထင်ဘူးလို့ ပြောတယ်လို့' ပြောဘူးတယ်။ အိုး — မကြိုက်ဖူး" သူက တိုးတိုးညည်းတယ်။

"သူမက မင်းအတွက် ဝယ်စလီမိသားစုရဲ့ ခေါင်းစွပ်ဆွယ်တာအင်္ကျီထိုးပေးတယ်"

ဟယ်ရီက အထုပ်ကို ဖောက်တယ်။ ခေါင်းမြီးစိမ်း လက်ထိုးသိုးမွေးအင်္ကျီထူထူတစ်ထည်ကို တွေ့ရတယ်။ ဒီ့ပြင် ကိုယ်တိုင်လုပ် နို့သကြားလုံးအပျော့တစ်ဗူးကြီးလဲ ပါတယ်။

"သူမဟာ နှစ်တိုင်း တို့အတွက် ခေါင်းစွပ်သိုးမွေး အင်္ကျီအသစ်တစ်ထည် ထိုးထိုးပေးတယ်" ရွန်က သူ့အထုပ်ကို ဖောက်တယ်။ "ငါ့ဟာက အမြဲတမ်း လက်ဖက်ခြောက်ရောင်"

"သူမ သိပ်ကောင်းတယ်" ဟယ်ရီက ပြောတယ်။ နို့သကြားလုံး နည်းနည်းမြည်းကြည့်တယ်။ အရသာအလွန်ကောင်းတယ်။

သူရရှိတဲ့ နောက်လက်ဆောင်ကလဲ အချိုစာပဲ — ဟာမီးပို့တဲ့ ချော့ကလက်ဖား တစ်ထုပ်ကြီး။

အခုနောက်ဆုံး အထုပ်ပဲ ကျန်တော့တယ်။ ဟယ်ရီက ယူပြီး စမ်းတယ်။ ပေါ့ပေါ့လေးရယ်။ သူက အထုပ်ကို ဖွင့်လိုက်တယ်။



ပေါ့လဲပေါ့ ပျော့လဲပျော့တဲ့ ငွေရောင်မှဲ့မှဲ့ ပစ္စည်းတစ်ခု ကြမ်းပေါ်ကျသွားတယ်။ အရောင်ဖျော့ဖျော့ အလင်းမှိန်မှိန်လေး ထွက်ပေါ်နေတယ်။ ရွန်က အသက်ရှူအောင့်ထားတယ်။

"ဒီပစ္စည်းအကြောင်း ငါကြားဘူးတယ်"သူက အိပ်မက်ဆန်တဲ့ အသံပျော့ပျော့နဲ့ ပြောတယ်။ ဟာမီး သူ့ကို ပို့ပေးတဲ့ ရသာစုံ ပဲတစ်ဗူးလုံး ကြမ်းပေါ်ကျသွားတယ်။ "ဒါ ငါတွေးမိတဲ့ ပစ္စည်းမျိုးဖြစ်မယ်ဆိုရင် — အဲဒါ အလွန့်ကို တွေ့ရခဲတယ်။ ပြီးတော့ တကယ့်ကို အလွန်တန်ဖိုးရှိတယ်"

"ဒါဘာလဲ"

ဟယ်ရီက အဲဒီလက်တဲ့ ငွေစိတ်စကို ကြမ်းပေါ်က ကောက်ယူလိုက်တယ်။ ထိတွေ့ရတဲ့ ခံစားချက်က ထူးဆန်းတယ်။ ရေစီးနဲ့ ရက်လုပ်ထားတဲ့ ပိတ်စလိုပဲ။

"အဲဒါ ကိုယ်ပျောက်ခြုံထည်ပဲ" ရွန်ရဲ့ မျက်နှာပေါ်မှာ ရိုသေကြောက်ရွံ့တဲ့ပုံ ပေါ်နေတယ်။ "ငါအသေအချာ ပြောနိုင်တယ် — ဝတ်ကြည့်ပါဦး"

ဟယ်ရီက ခြုံထည်ကို ပုခုံးပေါ်ခြုံလိုက်တယ်။ ရွန်က အော်တယ်။

"တကယ့်ကို ဟုတ်တယ်၊ မင်းဖာသာ ခေါင်းငုံ့ကြည့်ကြည့်စမ်း"

ဟယ်ရီက ခေါင်းငုံ့ပြီး မိမိခြေထောက်ကို ကြည့်တယ်။ ဒါပေမယ့် ဘာမှ မမြင်ဘူး။ သူက မှန်ရှေ့ကိုပြေးသွားတယ်။ ဒါဆို မလွဲတော့ဘူး။ မှန်ထဲမှာ သူ့အရိပ်ရှိတယ်။ ဒါပေမယ့် လေထဲလွင့် ပေါ်နေတဲ့ ခေါင်းပဲကျန်တယ်။ သူ့ကိုယ်တစ်ခုလုံး မမြင်ရတော့ဘူး။ သူက ခြုံထည်ကို ခေါင်းပေါ် အုပ်လိုက်တယ်။ မှန်ထဲကအရိပ် လုံးဝပျောက်သွားတယ်။

"ဒီမှာ စာတစ်စောင်ရှိတယ်" ရွန်က ရုတ်တရက်ပြောတယ်။ "အဟွင်းကနေ စာတစ်စောင် ထွက်ကျလာတယ်"

ဟယ်ရီက ခြုံထည်ကို ချွတ်ပစ်ပြီး စာကိုဆွဲယူတယ်။ စာက သူမမြင်ဖူးတဲ့ လက်ရေးနဲ့ သေးပြီး ဝိုင်းဝိုင်းလေး ရေးထားတယ်။

မင်းအဖေ မသေခင် ဒါကို ငါ့ပေးထားတယ်။
အခု မင်းကို ပြန်ပေးဖို့ အချိန်တန်ပြီ။
၎င်းကို ကောင်းကောင်းအသုံးပြုပါ။
မင်းအဖို့ အလွန်ထူးတဲ့ ခရစ်စမတ်ကျောင်းပိတ်ရက် ဖြစ်ပါစေလို့

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပါတယ်။

လက်မှတ်မထိုးဘူး။ ဟယ်ရီက စာကိုကြည့်နေတယ်။ ရွှန်က အားကျစွာ ခြုံထည်ကို ကြည့်ရှုနေတယ်။

"ငါ့မှာ ရှိတဲ့ အရာအားလုံးနဲ့ ကိုယ်ပျောက်ခြုံထည်နဲ့လဲချင်တယ်" သူက ပြောတယ်။ "ရှိသမျှ အားလုံးနဲ့။ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဖူး" ဟယ်ရီက ပြောတယ်။ သူ့အနေနဲ့ ဒါသိပ်ထူးဆန်းသလိုပဲ။ ဘယ်သူက သူ့ကို ဒီကိုယ်ပျောက်ခြုံထည် ပို့ပေးတာလဲ။ ဒါသူ့အဖေထားရစ်တဲ့ ပစ္စည်းဆိုတာ တကယ်ပဲလား။

သူတွေးချိန်မရခင်နဲ့ ဘာတစ်ခုမှ မပြောရသေးခင်မှာပဲ အိပ်ခန်းတံခါးရုတ်တရက်ပွင့်သွားပြီး ဖရက်နဲ့ ဂျော့ ခုန်ဝင်လာတယ်။ ဟယ်ရီက ခြုံထည်ကို အမြန် ဝှက်လိုက်တယ်။ သူအခု ဒီပစ္စည်းကို ဘယ်သူနဲ့မှ ခွဲဝေမခံစားချင်သေးဘူး။

"ခရစ်စမတ်ပျော်ရွှင်ပါစေ"

"ဟေး၊ ကြည့်စမ်း၊ ဟယ်ရီ့မှာလဲ ဝယ်စလီ မိသားစုရဲ့ ခေါင်းစွပ်ဆွယ်တာရှိတယ်"

ဖရက်နဲ့ ဂျော့တို့ဟာ အပြာရောင် ခေါင်းစွပ်ဆွယ်တာ ကိုယ်စီနဲ့။ တစ်ထည်ပေါ်မှာ အဝါရောင်နဲ့ "F"အကြီးကြီးထိုးထားတယ်။ ကျန်တစ်ထည်ပေါ်မှာ အဝါရောင် (G) စလုံးကြီး ထိုးထားတယ်။

"ဟယ်ရီ့ အင်္ကျီက တို့ထက်အများကြီး ကြည့်ကောင်းတယ်" ဖရက်က ဟယ်ရီ့ဆွယ်တာကို ယူလိုက်တယ်။ "ကိုယ့်အိမ်သားဖို့ မဟုတ်ရင်၊ သူမက ပိုကြိုးစားထိုးတယ်"

"မင်းက ဘာဖြစ်လို့ဆွယ်တာကို မဝတ်တာလဲ" ဂျော့က မေးတယ်။ "လာ၊ မြန်မြန်ဝတ်လိုက်။ ဒီဆွယ်တာက လှလဲလှတယ်၊ နွေးလဲနွေးတယ်"

"ငါလက်ဖက်ခြောက်ရောင် မုန်းတယ်" ရွှန်က စိတ်မပျော်သလို ပွစိပွစိလုပ်တယ်။ ဆွယ်တာကို ဝတ်လိုက်တယ်။

"မင်းအင်္ကျီပေါ်မှာ စာမပါဘူး" ဂျော့က ခေါင်းစောင်းပြီး ကြည့်နေတယ်။ "သူမက မင်း ကိုယ့်နာမည်ကို မေ့မှာမဟုတ်ဖူးလို့ ထင်တယ်နဲ့တူတယ်။ ဒါပေမယ့်၊ တို့လဲ မအ့ပါဘူး။ ငါတို့က 'ဖရက်'နဲ့ 'ဂျော့' လို့ခေါ်တာ သိပါတယ်"



"ဒီမှာ ဆူလှချည့်လား"

ဖတ်စီ-ဝယ်စလီက ဒါပါပဲဆိုတဲ့ အမူအရာနဲ့ ခေါင်းပြူကြည့်ပြီး ဝင်လာတယ်။ သူလဲ လက်ဆောင်ထုပ် ဖြည်နေတာ ထင်ရှားတယ်။ သူ့လက်ပေါ်မှာလဲ ခေါင်းစွပ်ဆွယ်တာ ထူထူပွပွကြီး တစ်ထည် ပါလာလို့။ ဖရက်က ဖတ်စီ့ဆွယ်တာကို ဆွဲယူတယ်။

"အတန်းခေါင်းဆောင်ကို ကိုယ်စားပြုတဲ့ P ပါတယ်ဟေ့။ ဝတ်လေ၊ ဖတ်စီ၊ မြန်မြန်၊ ငါတို့အားလုံး ဆွယ်တာ ကိုယ်စီ ဝတ်ကြပြီ၊ ဟယ်ရီတောင် တစ်ထည်ရတယ်"

"ငါ — မ — ဝတ်" ဖတ်စီ အသံဟာ ဝါးနေတယ်။ အကြောင်းက အမွှာညီနောင်က ဆွယ်တာကို သူ့ခေါင်းပေါ် အတင်းစွပ်ကြလို့။ ခေါင်းလဲ ထွက်လာ ရော သူ့မျက်မှန်ယွဲ့စောင်းနေတာ တွေ့ရတယ်။

"ဒီနေ့ မင်းတခြားအတန်းခေါင်းဆောင်တွေနဲ့အတူ မထိုင်ရဘူး" ဂျော့က ပြောတယ်။ "ခရစ်စမတ်ဆိုတာ အိမ်သားတွေ စုစည်းတဲ့ နေ့" ဖတ်စီ လက်နှစ်ဖက် သိုးမွေးအင်္ကျီထဲက ထွက် မလာသေးခင်မှာပဲ သူတို့က အကျဉ်းသားလို အခန်းထဲက ဆွဲထုတ်သွားတယ်။

ဟယ်ရီအဖို့ ဒီလောက်ကြွယ်ဝတဲ့ ခရစ်စမတ် ထမင်းစားပွဲကြီးမျိုး ဒီဘဝမှာ မစားဘူးခဲ့ဘူး။ ကြက်ဆင်ဝဝနုနုကြီး အကောင်တစ်ရာ ကင်ထားတယ်။ တောင်လေးလို ပုံနေတဲ့ အာလူး အပြုတ်၊ အဖုတ်၊ ဝက်အူချောင်းအစပ် လင်ဗန်းတွေ၊ ပဲစိမ်းမလိုင် ပန်းကန်တွေ၊ ငွေလှေနဲ့ ထည့်ထားတဲ့ အသားပြုတ်ပျစ်ပျစ်နဲ့ လိမ္မော်ယို — ဒီပြင် ထမင်းစားစာပွဲပေါ်မှာ ပေအနည်းငယ်ခြားခြားပြီး မှော်ဆရာပျောက်အိုးတွေ ပုံပုံထားတယ်။ အဲဒီ ထူးခြားဆန်းကြယ်တဲ့ ပျောက်အိုးတွေဟာ ဒါစလီတို့ အိမ်မှာတုန်းက ပလပ်စတစ် ကစားစရာနဲ့ စက္ကူဦးထုပ်ပျော့ပျော့ကလေးတွေ ဝယ်တဲ့အခါမှာ ရောဝယ်လာတဲ့ မတ်ဂေါ်ပျောက်ခပ်ညံ့ညံ့နဲ့ ဘာမှ မဆိုင်ဘူး။ ဟယ်ရီနဲ့ ဖရက်ဟာ မှော်ဆရာပျောက်အိုးတစ်ခုကို အတူတကွ ဖောက်လိုက်ကြတယ်။ ဗျန်းဆို ပြီးသွားတာ မဟုတ်ပဲ ဗုံးပေါက် ကွဲသလို တဝုန်းဝုန်း မြည်သွားတယ်။ သူတို့နှစ်ယောက်ကို ဖုံးလွှမ်းသွားတဲ့ အပြာရောင် မီးခိုးတွေ ထွက်လာတယ်။ ဒီ့ပြင် အဲထဲကနေ ရေတပ်ဗိုလ်ချုပ်ကြီး စစ်ဦးထုပ်နဲ့ ကြွက်ဖြူ အရှင်လတ်လတ်လေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတယ်။ စင်ပေါ်က အမိက ထမင်းစား စားပွဲဘေးမှာ ဒမ်ဘလီဒိုးဟာ မိမိ မှော်ဆရာဦးထုပ်ချွန်နဲ့ လဲလာတဲ့ ပန်းထိုးထားတဲ့ ဦးထုပ်ပျော့ကို ဆောင်းထားရင်း ပါမောက္ခ ဖလစ်ဝစ်ပြောတဲ့ ရယ်စရာ နားထောင်ပြီး တခစ်ခစ် ရယ်မောနေတယ်။

ကြက်ဆင်တွေ စားပြီးနောက် ရောက်လာတာက ခရစ်စမတ် ပူတင်းမီးဖုတ်။ ဖတ်စီရဲ့ ပူတင်းထဲမှာ စစ်ခိုင်ငွေဒင်္ဂါးတစ်စေ့ ပါလာတယ်။ ဒါကြောင့် သူသွားတောင်ကျိုးတော့မလို့။ ဟယ်ရီက ဟက်ဂရစ် အရက်ကို ခွက်ကြီးနဲ့ သောက်နေပြီး မျက်နှာလဲ နီရဲရဲ ဖြစ်လာတာတွေ့ရတယ်။ နောက်ဆုံးမှာ သူဘာရိတ်အုပ်လိုက်နိုင်တယ်။ သတ္တိ ဘယ်ကရလာမှန်းမသိပဲ ပါမောက္ခ မက်ဂေါ်နာဂေါ် ပါးပေါ်ကို တစ်ချက်နမ်းလိုက်တယ်။ အဲဒီ တင်းကြပ်တဲ့ ဆရာမကြီးဟာ မျက်နှာတွေ နီလာပြီး အိုးတိုးအန်းတန်း ရယ်နေလိုက်တာ ခေါင်းပေါ်က ပိုးဦးထုပ်ချွန်တောင် စောင်းသွားတာ ဟယ်ရီအံ့ဩစွာတွေ့ရှိရတယ်။

ဟယ်ရီ ထမင်းစားစားပွဲက ထသွားတဲ့ အခါမှာ သူ့လက်ထဲ မှော်ဆရာပျောက်အိုးထဲက ထွက်လာတဲ့ ဟာလေးတွေ တပွေ့တပိုက်ကြီး ပါလာတယ်။ အဲဒီထဲမှာ ဘယ်လိုမှတ်မှတ် မပေါက်တတ်တဲ့ ဗူဖောင်းလက်လက် ကလေးတွေနဲ့ မှော်ဆရာကျား အသစ်စက်စက်တို့ပါတယ်။ ကြွက်ဖြူတွေဟာ ထွက်ပြေးသွားကြတယ်။ ဟယ်ရီမှာတော့ သိပ်မကောင်းတဲ့ အတိတ်နိမိတ် ခံစားချက်ရှိအနေတယ်။ ကြွက်ကလေးတွေဟာ နောက်ဆုံးမှာ ကြောင်ဗိုန် မဒမ်နော်ရိုးစ်ရဲ့ ခရစ်စမတ်စားပွဲကြီး ဖြစ်သွားလိမ့်မယ်လို့ ထင်နေတယ်။

ဟယ်ရီနဲ့ ဝယ်စလီညီအစ်ကိုတွေဟာ ကျောင်းဝန်းထဲမှာ ဆီးနှင်းစစ်ပွဲ တစ်ပွဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကစားခဲ့တယ်။ ပျော်ရွှင်တဲ့ ညနေခင်းပါပဲ။ ဒီနောက် သူတို့တစ်ကိုယ်လုံး စိုရွှဲအေးစက်ပြီး မောလို့ အသက်တောင် မရှုနိုင်တဲ့ အခြေအနေကျမှ ဂရစ်ဖင်းဒေါ မိတ်ဆုံခန်းက မီးဖိုဘေး ပြန်လာကြတယ်။ ဟယ်ရီက သူရတဲ့ မှော်ဆရာကျားကို စကစားတယ်။ အဆုံးမှာ ရွန်က သတ်လို့ ခွက်ခွက်လန်အောင် ရှုံးသွားတယ်။ သူ့အနေနဲ့ ဖတ်စီက သူ့ကို လိုက်လိုက်လှဲလှဲ ဝင်မကူညီရင်၊ ခုလို ခွက်ခွက်လန်ရှုံးမှာ မဟုတ်ဖူးလို့ ထင်တယ်။

ကြက်ဆင်ဆင်းဒဝပ်၊ မုန့်ဝိုင်းလေး၊ ခရင်မာဖင်နဲ့ ခရစ်စမတ် ကိတ်ပါ



တဲ့ ကြွယ်ဝတဲ့ လက်ဖက်ရည်သောက်ပြီးနောက် အားလုံး ဗိုက်တင်းလွန်း လို့ အားကိုမရှိတော့ဘူး၊ ဒါကြောင့် သူအိပ်ရာမဝင်ခင်မှာ ကုလားထိုင်ပေါ် လှဲနေရင်း ဖတ်စီက သူ့အတန်းခေါင်းဆောင်တံဆိပ် ခိုးပြေးတဲ့ အမြွှာညီနောင်ကို လိုက်နေတာ ကြည့်နေတာမှအပ ဘာမှ မလုပ်ချင်တော့ဘူး။

ဒါဟာ ဟယ်ရီဘဝမှာ အကောင်းဆုံး ကြုံတွေ့ရတဲ့ ခရစ်စမတ်ပွဲတော်ပဲ။ သို့ပေမယ့် သူ့မှာ တနေကုန် စိတ်ထဲဘာလိုနေမှန်းမသိ ဖြစ်နေတယ်။ အိပ်ရာဝင် နားတော့မှ သူ့ကို အမြဲလို သတိပေးနေတဲ့ ပြဿနာတွေကို စဉ်းစားချိန်ရတော့တယ်။ ကိုယ်ပျောက်ခြုံထည်နဲ့ ခြုံထည်ပို့ပေးတဲ့ ဆန်းကြယ်တဲ့လူ။

ဗိုက်ထဲမှာ ကြက်ဆင်ကြက်ဥမုန့်တွေပြည့်နေပြီး တခြားဆန်းကြယ်တဲ့ ကိစ္စကြောင့် စိတ်မတည်မငြိမ်လဲ ဖြစ်စရာမရှိတဲ့ ရွန်ဟာ ခြင်ထောင်ဆွဲချလိုက်တာနဲ့ တခေါခေါအိပ်ပျော်သွားတယ်။ ဟယ်ရီက ကိုယ်ကို ခုတင်အပြင်ဘက် ထုတ်လိုက်ပြီး ခုတင်အောက်က ခြုံထည်ကို ဆွဲထုတ်လိုက်တယ်။

သူ့ဖခင် ထားရစ်တဲ့ ပစ္စည်း. . . . . ဒါ သူ့ဖခင်အသုံးပြုခဲ့တဲ့ ပစ္စည်း။ သူက ခြုံထည်ကို ကိုင်တယ်။ ပျော့ပျောင်းတဲ့ ပိတ်သားက သူ့ လက်ထဲကနေ တွဲကျနေတယ်။ ပိုးထည်ထက်ပိုပြီး ပြောင်ချောတယ်။ ပေါ့ပါးတာကတော့ လေနဲ့တူတယ်။ "ဒါကို ကောင်းကောင်း အသုံးပြုပါ" စာပေါ်မှာ အဲသလို ရေးထားတယ်။

သူဒါကို ဝတ်ရမယ်။ အခုတင် ဝတ်မယ်။ သူအသာလေး အောက်ဆင်းလိုက်တယ်၊ ခြုံထည်ကို ခြုံလိုက်တယ်။ သူက ခေါင်းငုံ့ပြီး မိမိခြေထောက်ကို ကြည့်တယ်။ လရောင်နဲ့ အရိပ်ပဲ တွေ့တယ်။ ဒါဟာ အလွန်ထူးဆန်းတဲ့ ခံစားချက်ပဲ။

ဒါကို ကောင်းကောင်း အသုံးပြုပါ။

ဟယ်ရီဟာ ရုတ်တရက် အသိနိုးကြားသွားတယ်။ ဒီခြုံထည်ကို ခြုံလိုက်တာနဲ့ ဟော့ဂ်ဝပ်တစ်ခုလုံး သူသွားချင်ရာ သွားလို့ရပြီ။ သူဟာ တိတ်ဆိတ်နေတဲ့ ညအမှောင်ထဲမှာ ရပ်နေတယ်။ ဝမ်းသာမှုဟာ သူ့တစ်ကိုယ်လုံး ပျံ့နှံ့သွားတယ်။ ဒါကို ဝတ်ပြီး သူသွားချင်တဲ့ နေရာသွား၊ ဖီးလ်ချ်က သူ့ကို ဘယ်လိုမှ ဖမ်းလို့မရဘူး။

ရွန်က အိပ်မက်စကားတွေ ဗလုံးဗထွေးပြောနေတယ်။ ဟယ်ရီ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



နိုးသင့်လား။ အတွေးတစ်ခုက သူ့ကိုတားဆီးလိုက်တယ်။ ဒါသူ့ဖခင်ရဲ့ ခြုံထည် — သူ့အနေနဲ့ အနည်းဆုံး ဒီတစ်ကြိမ်မှာတော့ — ပထမအကြိမ် — သူတစ်ဦးတည်းအသုံးပြုရမယ်။

သူဟာ ခြေဖွလက်ဖွနဲ့ အိပ်ခန်းက ခိုးထွက်ခဲ့တယ်။ လှေခါးကိုဆင်း၊ မိတ်ဆုံခန်းကိုဖြတ်၊ အရုပ်ကားအပေါက်ကနေ တွားထွက်ခဲ့တယ်။

"ဘယ်သူလဲ" မိန်းမဝဝကအော်မေးနေတယ်။ ဟယ်ရီက မဖြေဘူး။ သူစကြိုပေါ်တက်ပြီး အလျင်အမြန် ရှေ့သို့ သွားတယ်။

သူဘယ်ကို သွားသင့်လဲ။ သူရပ်လိုက်တယ်။ ခေါင်းထဲမှာ အလျင်အမြန်စဉ်းစားနေတယ်။ ဒီနောက် အကြံတစ်ခုရလိုက်တယ်။ စာကြည့်တိုက် တားမြစ်စာအုပ်အုပ်စု။ သူအဲဒီမှာ ကြည့်ချင်သလောက် ကြည့်လို့ရတယ်၊ နီခို-ရမေ အကြောင်းတွေ့တဲ့အထိ ရတယ်။ ဒါနဲ့ သူဆက်သွားတယ်။ မိမိရဲ့ ကိုယ်ပျောက်ခြုံထည်ကို တင်းတင်းပတ်ပြီး ခြေလှမ်းကျဲကျဲမျိုတက်သွားတယ်။

စာကြည့်တိုက်ထဲမှာ မည်းမှောင်နေတယ်။ အလွန်နက်ရှိုင်း ကြောက်စရာကောင်းတယ်။ ဟယ်ရီက မီးထွန်းလိုက်တယ်။ စာအုပ်စင်တွေအတိုင်း ရှေ့သို့ဝင်သွားတယ်။ ဟယ်ရီကိုယ်နှိုက်က မိမိလက်ထဲမှာ မီးအိမ်ကိုင်ထားတာ သေချာသိပေမယ့် တခြားလူကတော့ လေထဲလွင့်နေတဲ့ မီးရောင်အပြင် ဘာမှ မြင်တွေ့နိုင်မှာ မဟုတ်ဖူးဆိုတာ သူသိတယ်။ ဒီလိုရုပ်ပုံဟာ သူ့ကိုကြက်သီး မွေးညင်းထစေတယ်။

တားမြစ်စာအုပ် အုပ်စုဟာ စာကြည့်တိုက်ရဲ့ နောက်ဖက်ပိုင်းမှာ ရှိတယ်။ သူဟာ တားမြစ် စာအုပ်နဲ့ တခြားစာအုပ်တွေကို ခြားထားတဲ့ ကြိုးကို သတိနဲ့ကျော်တယ်။ မီးကို မြှောက်ပြီး အဲဒီ စာအုပ်နာမည်တွေကို ဖတ်တယ်။

ဒါပေမယ့် အဲဒီစာအုပ်တွေဟာ သူ့အဖို့ ဘာမှ အသုံးမကျဘူး။ ကြွေကျနေပြီ ဖြစ်တဲ့ ရွှေစာလုံးတွေနဲ့ ပေါင်းထားတဲ့ စာဟာ ဟယ်ရီ မဖတ်တတ်တဲ့ နိုင်ငံခြားစာတွေ။ တချို့ဆိုရင် စာအုပ်အမည်တောင် မပါဘူး။ စာအုပ်တစ်အုပ်အပေါ်မှာ အနက်ရောင် ညစ်ပေနေတာရှိတယ်။ ကြောက်စရာသွေးတွေ ပေနေသလိုပဲ။ ဟယ်ရီ့ ဂုတ်ပေါ်က အမွေးအမျှင်တွေ ထောင်ထလာသလိုပဲ။ ဒါဖြစ်ချင်လဲဖြစ်မယ်။ သူ့အာရုံခံစားချက်လဲ ဖြစ်မယ်။ ဒါပေမယ့် သူတကယ့်ကို ခံစားရတာက အဲဒီစာအုပ်တွေဟာ တိုးတိုးစကားပြောနေသလိုပဲ။ မလာသင့်တဲ့ သူတစ်ယောက် ခိုးဝင်လာတာ သိနေသလိုပဲ။



ဘာပဲဖြစ်ဖြစ်၊ သူရှာဖွေရတော့မယ်။ သူက မီးကို ကြမ်းပေါ် အသာချလိုက်တယ်။ ဆောင့်ကြောင့်ထိုင်ပြီး အောက်ဆုံးက စာအုပ်တန်းကို ကြည့်တယ်။ စိတ်ဝင်စားတဲ့ စာအုပ်တစ်အုပ်အုပ် ရမလားလို့။ အနက်ခံငွေစာလုံးနဲ့ စာအုပ်ကြီးတစ်အုပ်က သူ့အကြည့်ကို ဆွဲဆောင်နေတယ်။ ဒီစာအုပ်ဟာ အလွန်အရေးကြီးတယ်။ သူ တော်တော်အားထုတ်မှ ဒီစာအုပ်ကို အပြင်သို့ ဆွဲထုတ်လို့ ရတယ်။ ဒူးနဲ့ ထောက်ထားပြီး ပေါင်ပေါ် ဆွဲချတယ်။

သွေးခဲသွားမတတ် အော်သံတစ်ခုက ညရဲ့ငြိမ်သက်မှုကို ဖြိုခွဲလိုက်တယ် — အဲဒီစာအုပ်က စူးရှစွာအော်နေတယ်။ ဟယ်ရီက ၎င်းကို အမြန်ပိတ်လိုက်တယ်။ ဒါပေမယ့် အော်သံကမရပ်တဲ့အပြင် ပိုမြင့်တဲ့၊ အဆက်မပြတ်၊ နားကွဲမတတ် အသံကျဲကျဲကြီး ထွက်လာတယ်။ သူက သုတ်သီးသုတ်ပျာနဲ့ နောက်ဆုတ်တယ်။ မတော်လို့ မီးကို ကန်မိတယ်။ မီးငြိမ်းသွားတယ်။ လန့်ဖျပ်နေစဉ်မှာ အပြင်စကြိုပေါ်က နီးနီးလာတဲ့ ခြေသံကို ကြားရတယ်။ သူဟာ အော်နေသေးတဲ့ စာအုပ်ကို ကမန်းကတန်း စာအုပ်စင်ထဲ ပြန်သွတ်လိုက်ပြီး စကြိုသို့ ပြေးသွားလိုက်တယ်။ တံခါးဝမှာ ဖစ်ချ်နဲ့ မျက်နှာချင်းဆိုင်ဝင်တိုက်တော့မလို့။ ဖစ်ချ်ရဲ့ အရောင်မှိန်ပြီး ပျာလောင်တဲ့ အကြည့်က ဟယ်ရီကို ဖြတ်သွားပြီး ရှေ့သို့တည့်တည့် စိုက်ကြည့်နေတယ်။ ဟယ်ရီက ဖစ်ချ် ဒေါသနဲ့ ဆန့်ထားတဲ့ လက်မောင်းအောက်က လစ်ဝင်ပြီး စကြိုအတိုင်း ပြေးတော့တယ်။ နားထဲမှာ ဟိုစာအုပ် စူးရှတဲ့ အော်သံချည်း ကြားနေတယ်။

သူက မြင့်မားတဲ့ချပ်ဝတ်တန်းဆာရှေ့မှာ ခြေလှမ်းရပ်လိုက်တယ်။ ခုနက စာကြည့်တိုက်က ထွက်ပြေးဖို့ပဲ သိတာ။ မိမိဘယ်ကို ပြေးမှန်းမသိဘူး။ ပတ်ဝန်းကျင်က သိပ်မှောင်မည်းနေလို့လားတော့ မသိဘူး။ ဒီနေရာကို သူလုံးဝ မမှတ်မိဘူး။ မီးဖိုချောင်အနီးမှာတော့ ချပ်ဝတ်တန်းဆာတစ်စုံရှိတာ သူသိတယ်။ ဒါပေမယ့် သူအခုရောက်နေတဲ့ နေရာဟာ မီးဖိုချောင်ထက် အထပ်ငါးထပ်လောက် မြင့်နေတယ်။

"ခင်ဗျား ကျွန်တော့်ကို မှာထားတယ်နော်၊ ပါမောက္ခ။ ညအချိန်မှာ ဘယ်သူမဆို လျှောက်သွားရင် ချက်ချင်းသင့်ကို အစီရင်ခံရမယ်နော်။ ကျွန်တော်ခုနက စာကြည့်တိုက်ထဲ လူဝင်တာတွေ့တယ်။ ပြီးတော့ တားမြစ်စာအုပ် အုပ်စုနယ်မြေမှာ"

ဟယ်ရီဟာ မိမိမျက်နှာပေါ်မှာ သွေးရောင်မရှိတော့ဘူးလို့ ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု သူဘယ်ရောက် နေနေ၊ ဖစ်ချ်ကတော့ ဒီကိုလာဖို့ ဖြတ်လမ်းကို မှန်းချသိမှာပဲ။ သူ့ရဲ့ မျက်နှာလိုမျက်နှာရ အသံဟာ ကြာလေ နီးလာလေဖြစ်လို့ သူပိုပြီး ထိန်လန့်နေတယ်။ ပြန်ဖြေတဲ့ လူက စနိတ်ပ်ဖြစ်နေတယ်။

"တားမြစ် စာအုပ်နယ်မြေ ဟုတ်လား။ အင်း၊ ဒါဆို သူတို့ ဝေးဝေး မရောက်သေးဘူး။ တို့သူတို့ကို ဖမ်းမိမှာပဲ"

ဟယ်ရီက စိုးစဉ်းမျှမလှုပ်ပဲ မှုလနေရာမှာ ရပ်နေတယ်။ ဖစ်ချ်နဲ့ စနိတ်ပ်တို့ ရှေ့ကကွေ့ချိုးကို ချိုးလာပြီး သူ့ဘက် လျှောက်လာဟာ ကြည့်နေတယ်။ သူတို့ကတော့ သူ့ကို ဘယ်မြင်မလဲ။ ဒါပေမယ့် ဒါဟာ အလွန်ကျဉ်းတဲ့ စင်္ကြံဖြစ်နေလို့ သူတို့သာအနီးကပ်လာရင် သူ့ကိုယ်ပေါ် ဝင်တိုက်မှာ သေချာတယ် — ဒီခြုံထည်က သူ့ကို လေတော့ မဖြစ်စေနိုင်ဘူး။

သူက တဖြည်းဖြည်း နောက်ကိုဆုတ်တယ်။ ဘာသံမှ မထွက်အောင် ကြိုးစားတယ်။ သူ့ ဝဲဘက်မှာ ဟနေတဲ့ တံခါးတစ်ချပ်ရှိတယ်။ အဲဒါ သူ့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ပဲ။ သူဟာ အသက်တောင်မရှုဝံ့ပဲ မိမိကိုယ်နဲ့ တံခါးနဲ့မထိအောင် ဖြည်းဖြည်းတိုးဝင်သွားတယ်။ သူဟာ သူတို့ နည်းနည်းမှ သတိမပြုမိစေပဲ အောင်မြင်စွာ အထဲကို ရောက်သွားပြီး သက်ပြင်း ချနိုင်တော့တယ်။

သူတို့ဟာ တံခါးအပြင်ကဖြတ်ပြီး ရှေ့ကိုဆက်သွားတယ်။ ဟယ်ရီက နံရံကို မှီပြီး အသက်ပြင်းပြင်းရှုရင်း သူတို့ ခြေသံဝေးဝေးသွားတာ နားထောင်နေတယ်။ သူခုနက ကြုံတွေ့ရတာဟာ တကယ့်ကို ထိတ်လန့်စရာပဲ။ အလွန့်ကို ထိတ်လန့်တုန်လှုပ်စရာပဲ။ စက္ကန့်အနည်းငယ် ကြာပြီးနောက်မှ အခန်းထဲကို သူသတိပြုမိတော့တယ်။

ဒီနေရာဟာ စွန့်ပစ်ထားတဲ့ စာသင်ခန်းနဲ့တူတယ်။ နံရံဘေးမှာ မည်းညစ်ညစ် စာပွဲကုလားထိုင်တွေ စုပုံထားတဲ့အရိပ်ကို တွေ့ရတယ်။ ကြမ်းပေါ်မှာ စာရွက်ဟောင်းထည့်တဲ့ ခြင်းတစ်လုံး မှောက်နေတယ်။ သူ့ရှေ့တည့်တည့် နံရံဘေးမှာ ဒီအခန်းထဲရှိသင့်တဲ့ အရာမဟုတ်တဲ့ ပစ္စည်းတစ်ခု ရှိတယ်။ အခန်းရှင်းစဉ် လမ်းရှုပ်တယ်ဆိုပြီး ဒီကိုခနပို့ထားတဲ့ ပစ္စည်းလိုပဲ။

အဲဒါကတော့ မျက်နှာကြက်ထိမြင့်တဲ့ အလွန်ခမ်းနားကြီးကျယ်တဲ့ မှန်ကြီး။ ဘေးပတ်လည် မှာ အလွန်လှပတဲ့ ရွှေရောင်ဘောင်ကြီးနဲ့။ အောက်မှာ တိရစ္ဆာန်ခြေထောက်ပုံ မှန်အထိုင်နဲ့။ မှန်ရဲ့ နဖူးစီးဘောင်ပေါ်မှာ ဩရစ်၊



သက်ထလာ၊ အိုရူး၊ အော်တာ၊ အူပီ၊ ခါဖရူအော်ဟာ၊ အန်၊ အူဝီလို့ ရေးထားတယ်။

ဖစ်ချ်နဲ့ စနိတ်ပ်တို့ ထွက်သွားပြီးနောက် ဟယ်ရီစိတ်လဲ တဖြည်းဖြည်း တည်ငြိမ်လာတယ်။ ခုနတုန်းကလို အလန့်တကြား မရှိတော့ဘူး။ ဒါနဲ့သူဟာ မှန်ဆီလျှောက်သွားတယ်။ မှန်ကြည့်ပေမယ့် မိမိကိုယ်မိမိ မမြင်ရတဲ့ ခံစားချက်ကို နောက်ထပ်ခံစားကြည့်ချင်တယ်။ သူက မှန်ရှေ့ တည့်တည့်မှာ ရပ်လိုက်တယ်။

သူဟာ လက်နှစ်ဖက်နဲ့ မိမိပါးစပ်ကို ပိတ်ထားမှ ထမအော်မိမှာ။ သူကဖျပ်ခနဲ ကိုယ်ကို လှည့်လိုက်တယ်။ သူ့ရင်ဟာ ခုနက စာအုပ်ကြီး ထအော်တုန်းကထက် ပိုပြီးပြင်းထန်စွာ ခုန်နေတယ်။ သူမှန်ထဲမှာ မြင်ရတာက သူ့ရုပ်ပုံတင်မကဘူး။ သူ့နောက်မှာ လူတစ်အုပ်ကြီး ရပ်နေသေးတယ်။

ဒါပေမယ့် အခန်းထဲမှာ တခြားဘယ်သူမှ မရှိဘူး။ သူ့အသက်ရှုသံဟာ အလွန်လျင်မြန် နေတယ်။ စိတ်တင်းပြီး မှန်ကို ပြန်လှည့်ကြည့်တယ်။

မှန်ထဲမှာက မျက်နှာဖြူဖပ်ပြီး လန့်နေတဲ့သူ — အဲဒီမှာ၊ မှန်ထဲမှာ၊ သူ့ကျောဘက်မှာ အနည်းဆုံး လူဆယ်ယောက်ရှိနေတယ်။ ဟယ်ရီက နောက်ပြန်ကြည့်တယ် — ဒီအတိုင်းပဲ၊ ဘယ်သူမှ မရှိဘူး။ ဒါမှ မဟုတ်ရင် သူတို့လဲ ကိုယ်ပျောက်အင်္ကျီဝတ်ထားသလား။ သူက ကိုယ်ပျောက်လူတွေ ပြည့်နေတဲ့ အခန်းထဲ ဝင်လာမိတာလား။ ဒီမှန်ရဲ့ ထူးခြားချက်က ကိုယ်ပျောက်ပျောက်၊ မပျောက်ပျောက် အကုန်လုံးပေါ်တာပဲလား။

သူက မှန်ကို ပြန်ကြည့်တယ်။ မှန်ထဲက သူ့ညာဘက်နောက်ဖက်မှာ ရပ်နေတဲ့မိန်းမက ပြုံးပြီး သူ့ကို လက်ယမ်းပြနေတယ်။ သူက သူ့ညာဘက် နောက်ဖက်ကို အမြန်လက်နဲ့ လှမ်းယမ်း ကြည့်လိုက်တယ်။ ဘာမှမရှိဘူး။ သူမသာ အဲဒီနေရာမှာရပ်နေ ရင် သူစမ်းမိမှာပေါ့။ မှန်ထဲမှာ သူတို့ဟာ သူနဲ့ ကပ်ရပ်နေတာ။ သူကတော့ လေပဲ ထိတွေ့ခံစားရတယ်။ သူမနဲ့ တခြားလူတွေဟာ မှန်ထဲက ကမ္ဘာထဲမှာပဲ ရှိနေတယ်။

သူမဟာ အလွန်လှတဲ့ မိန်းမ။ သူမမှာ အနီရင့်ရောင် ဆံပင်ရှိတယ်။ သူမမျက်လုံး — သူမမျက်လုံးက ငါနဲ့သိပ်တူတာပဲ။ ဟယ်ရီကတွေးတယ်။ ရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။ မှန်နဲ့ ပိုကပ် သွားတယ်။ အစိမ်းရင့်ရောင်ပုံသဏ္ဌာန်တောင် တထေရာထဲ။ ဒါပေမယ့် ဆက်ပြီး သူမ မျက်ရည်ကျနေတာ

www.burmeseclassic.com

www.burmeseclassic.com



သူတွေ့ရတယ်။ မျက်နှာပေါ်မှာ အပြုံးနဲ့။ မျက်လုံးကတော့ မျက်ရည်တွေနဲ့။ သူဘေးက မြင့်မြင့်ပိန်ပိန် ဆံပင်အနက်ရောင် ယောကျ်ားက သူမကို လက်လှမ်းပြီး ဖက်ထားလိုက်တယ်။

သူက မျက်မှန်နဲ့။ ဆံပင်က ပွနေတာပဲ။ နောက်စိက ဆံပင်တွေ ထိုးထောင်နေတယ်။ ဟယ်ရီ့ ဆံပင်လိုပဲ။

ဟယ်ရီဟာ မှန်နဲ့ ကြာလေ ကပ်လေပဲ။ နှာခေါင်းနဲ့ မှန်ထဲက မိမိ နှာခေါင်းနဲ့ ထိတော့မယ်။

"အမေလား"သူက တိုးတိုးပြောတယ်။ "အဖေလား"

သူတို့က ပြုံးပြီး သူ့ကိုကြည့်နေတယ်။ ဟယ်ရီက သူတို့ဆီက အကြည့်ကို ခွာလိုက်တယ်။ တခြားမှန်ထဲက မျက်နှာတွေကို စူးစမ်းကြည့်တယ်။ သူဟာ သူလိုမျက်လုံးစိမ်းတွေ ပိုတွေ့လာတယ်။ သူနဲ့တူတဲ့ နှာခေါင်း။ အဖိုးကြီးလေးတစ်ယောက်ဆိုရင် ဟယ်ရီနဲ့တူတဲ့ အဖုတွေပေါက်နေတဲ့ ဒူးခေါင်းအရိုးရှိနေသေးတယ် — ဒါ ဟယ်ရီဘဝမှာ မိမိမိသားစုကို ပထမဆုံး အကြိမ် မြင်ဖူးတာပဲ။

ပေါ်တာ လူနီးမောင်နှံဟာ ပြုံးပြီး ဟယ်ရီ့ကို လက်ပြတယ်။ သူက လက်နှစ်ဖက်ကို မှန်ပေါ် ကပ်ထားတယ်။ သူတို့ကို အငမ်းမရ ကြည့်နေတယ်။ မှန်ကို ဖောက်ပြီး သူတို့ရင်ခွင်ထဲ ပြေးဝင်ချင်တယ်။ သူ့ရင်ထဲမှာ အလွမ်းနာ ကျင်နေတယ်။ ဝမ်းသာတစ်ဝက်၊ နက်ရှိုင်းတဲ့ ဝမ်းနည်းမှု တစ်ဝက်။

သူအဲဒီမှာ ဘယ်လောက်ကြာကြာ ရပ်နေမိမှန်းမသိဘူး။ မှန်ထဲက ရုပ်ပုံတွေပျောက်မသွားဘူး။ သူက စိုက်ကြည့်နေတယ်။ ဘယ်လောက်ကြာသွားမှန်းမှသိဘူး။ အဝေးကနေ အသံတစ်သံ ပေါ်ထွက်လာတယ်။ ဒီတော့မှ သူသတိပြန်ရလာတယ်။ သူဒီမှာ နေလို့ မဖြစ်ဘူး။ သူချက်ချင်း အပြန်လမ်း ရှာတွေ့အောင်လုပ်ပြီး အိပ်ခန်းပြန်အိပ်ရမယ်။ သူဟာ မခွဲချင်ပဲ အကြည့်ကို သူ့အမေမျက်နှာပေါ်က ခွာလိုက်တယ်။ "ကျွန်တော် ထပ်လာခဲ့ဦးမယ်" လို့ အသာလေး ပြောပြီး အခန်းထဲက အမြန်ထွက်လာခဲ့တယ်။

"မင်းငါ့ကိုနှိုးပေါ့" ရွန်က စိတ်ဆိုးစွာပြောတယ်။

"မင်းဒီနေ့သွားလို့ရတယ်၊ ငါနောက်ထပ် သွားကြည့်ဦးမယ်။ မင်းကို ဟိုမှန်ဆီ ခေါ်သွားပြချင်တယ်"



"မင်းအဖေနဲ့ အမေကို ငါကြည့်ချင်တယ်" ရွန်က မျှော်လင့်စွာနဲ့ ပြောတယ်။

"ငါလဲ မင်းမိသားစုကို ကြည့်ချင်တယ်။ ဝယ်စလီမိသားစု အားလုံးကို ကြည့်ချင်တယ်။ မင်းက မင်းရဲ့ညီအစ်ကိုတွေနဲ့ ဆွေမျိုးတွေကို ငါ့ညွှန်ပြနိုင်တယ်"

"မင်းသူတို့ကို ကြည့်ချင်ရင် လွယ်လွယ်လေးရယ်" ရွန်ကပြောတယ်။ "နွေရာသီ ကျောင်းပိတ်ရက်မှာ ငါတို့အိမ် လာလည်ရင် ပြီးတာပဲ။ ပြီးတော့ အဲဒီမှန်က သေသူမှ ပေါ်တာဖြစ်ချင်ဖြစ်မှာ။ ဒါပေမယ့် မင်း နီခို-ရမေကို ရှာမတွေ့တာ နည်းနည်းတော့ နှမြောစရာပဲ။ တကွန်နည်းနည်း စားပါလား။ မင်းက ဘာလို့ နည်းနည်းမှ မစားတာလဲ"

ဟယ်ရီ စားလို့ မဝင်ဘူး။ သူ သူ့မိဘကို မြင်ရပြီ။ ဒီနေ့ည သူ့တို့ကို ပြန်တွေ့ဦးမှာ။ သူဟာ နီခို-ရမေ့ကိစ္စကို လုံးဝမေ့နေပြီ။ အခု ဒါတွေအားလုံး အရေးမကြီးတော့သလိုပဲ။ ဟိုခေါင်းသုံးခေါင်းခွေး စောင့်နေတဲ့ ဘာပစ္စည်းကိုမှ အရေးမထားချင်ပါဘူး။ စနိတ်ပ်က ရင်းကိုခိုးသွားတယ် ထားဦး။ ဒါဘာဖြစ်သေးလဲ။

"မင်းဘာမှ မဖြစ်ပါဘူးနော်" ရွန်က ပြောတယ်။ "မင်းကြည့်ရတာ တမျိုးကြီးပဲ"

ဟယ်ရီအကြောက်ဆုံးကတော့ မှန်ထားတဲ့အခန်းကို နောက်ထပ်ရှာ မတွေ့မှာပဲ။ အခုခြုံထည်ထဲမှာ ရွန်တစ်ယောက်ထပ်ထည့်ထားရတော့ မနေ့ ညကလို မြန်မြန်သွားလို့ မရဘူး။ သူတို့ဟာ စာကြည့်တိုက်ကနေ စထွက် တယ်။ ဟယ်ရီ မနေ့က သွားခဲ့တဲ့ လမ်းကြောင်းကို ပြန်ကောက်ကြည့်တယ်။ သူတို့ဟာ မှောင်မည်းတဲ့ လမ်းမှာ တစ်နာရီလောက် အချိန်ကြာသွားပြီး ဘာမှ ရှာလို့ မတွေ့ဘူး။

"ငါအေးလို့ သေတော့မယ်" ရွန်က ပြောတယ်။ "အဲဒါ မေ့ပစ်လိုက်။ ပြန်အိပ်ကြမယ်"

"ဟင့်အင်း" ဟယ်ရီက တိုးတိုးအော်တယ်။ "ဒီနားမှာပဲ ဆိုတာ ငါသိတယ်"

လမ်းမှာ သူတို့ဟာ ဆန့်ကျင်ဘက်သို့ ပျံသန်းလာတဲ့ မြင့်မြင့်ပိန်ပိန် မှော်ဆရာမ ဝိညာဉ်နဲ့ တွေ့တယ်။ ဒီပြင် ဘယ်သူနဲ့မှ မတွေ့ဘူး။ ရွန်က

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်အေးလို့ တောင့်နေပြီလို့ ညည်းနေစဉ်မှာပဲ ဟယ်ရီက ဟိုချပ်ဝတ်တန်းဆာကို သွားတွေ့တယ်။

"ဒီမှာ-ဒီမှာပဲ — ဟုတ်တယ်"

သူတို့ တံခါးတွန်းဖွင့်တယ်။ ဟယ်ရီက ခြုံထည်ကို ချွတ်လိုက်တယ်။ မှန်ရှေ့ ပြေးသွားတယ်။ သူတို့ ဟိုမှာ — သူ့မိဘဟာ သူ့ကို ပြုံးပြုံးကြီး ကြည့်နေတယ်။

"တွေ့ပြီလား" ဟယ်ရီက တိုးတိုးပြောတယ်။

"ငါ ဘာမှ မမြင်ရဘူး"

"မင်းကြည့်။ သူတို့ကိုကြည့် . . . . . လူတွေအများကြီးပဲ . . . . . ."

"ငါမင်းကိုပဲ မြင်တယ်"

"မင်းဒီလိုကြည့်တာ မဟုတ်သေးဘူး။ လာခဲ့။ ဒီနေရာမှာ ရပ်ကြည့်"

ဟယ်ရီက ဘေးဖယ်ပေးတယ်။ ဒါပေမယ့် ရွန်က မှန်ရှေ့ရပ်လိုက်တာနဲ့ ဟယ်ရီက သူ့အိမ်သားတွေကို လုံးဝမတွေ့ရတော့ဘူး။ မှန်ထဲမှာ ခရုပုံအဆင်နဲ့ ညဝတ်အင်္ကျီဝတ်ထားတဲ့ ရွန်ကိုပဲ တွေ့ရတယ်။

ရွန်က ကြက်သေသေနေသလို မှန်ထဲက မိမိကို ကြည့်နေတယ်။

"မင်း ငါ့ကိုကြည့်စမ်း" သူက ပြောတယ်။

"မင်း အိမ်သားတွေ မင်းဘေးမှာ ဝိုင်းနေတာတွေ့လား"

"ဟင့်အင်း — ငါတစ်ယောက်ထဲရယ် — ဒါပေမယ့် ငါအခုနဲ့ မတူဘူး အသက်ကြီးသလိုပဲ — ပြီးတော့ ငါကကျောင်းသားအသင်း ဥက္ကဋ္ဌ"

"ဘာ"

"ငါက — ငါ့ကိုယ်ပေါ်မှာ ဗီးအရင်ကတပ်တဲ့ တံဆိပ်တပ်ထားတယ်။ ပြီးတော့ ငါ့လက်ထဲမှာ ကျောင်းဒိုင်းနဲ့ ခွေဒစ်ဒိုင်းကိုင်ထားတယ် — ငါက ခွေဒစ်အဖွဲ့မှူးဟ"

ရွန်က ဒီလိုကြောင်တဲ့ ရုပ်ပုံရှေ့ကနေ မျက်စိကို မနည်းခွာလိုက်ပြီး ဟယ်ရီကို ဝမ်းသာအားရ ကြည့်နေတယ်။

"ဒီမှန်က အနာဂတ်ကို ဖော်ပြနိုင်တယ်လို့ မင်းထင်သလား"

"ဒါ ဘယ်ဖြစ်နိုင်မလဲ။ ငါ့အိမ်သားတွေအကုန် သေဆုံးသွားပြီ။ အခု ငါကြည့်ဦးမယ် —"

"မင်းမနေ့က တစ်ညလုံးကြည့်ပြီးပြီ၊ ငါနည်းနည်း ပိုကြည့်ပါရစေ"



"မင်းက ခွေဒစ်ဒိုင်းရတာပါ။ ဘာများ ကြည့်စရာရှိလို့လဲ။ ငါ ငါ့အဖေနဲ့ - ငါ့အမေကို ကြည့်ချင်တယ်"

"ငါ့ကို မတွန်းနဲ့ — "

တံခါးအပြင်ဘက် စင်္ကြံပေါ်ကနေ အသံတစ်ခုပေါ်လာလို့ လုယက်မှုလေး ရပ်သွားတယ်။ သူတို့ ခုနက အသံဘယ်လောက် ကျယ်တယ်ဆိုတာ မသိကြဘူး။

"မြန်မြန်"

ရွန်က ကိုယ်ပျောက်ခြုံထည်ကို သူတို့နှစ်ယောက်ကိုယ်ပေါ် ခြုံလိုက်ရုံရှိသေးတယ်၊ ကြောင်ပိန် မဒမ်နော်ရီးစ်ရဲ့ လင်းနေတဲ့မျက်စိ တံခါးဝမှာ ပေါ်လာတယ်။ ရွန်နဲ့ ဟယ်ရီဟာ လန့်လို့ အသက်တောင် ပြင်းပြင်းမရှူဝံ့ဘူး။ မတုန်မလှုပ် နေရာတွင်ရပ်နေတယ်။ နှစ်ယောက်စလုံး တစ်ခုတည်း တွေးနေတယ် — ကိုယ်ပျောက်ခြုံထည်က ကြောင်ရှေ့မှာကော ပျောက်နိုင်သလားဆိုတာပဲ။ ရာစုနှစ်များစွာ ကြာသွားတယ်ထင်ရပြီးမှ ကြောင်ဟာ လှည့်ထွက်သွားတယ်။

"ငါတို့ အန္တရာယ် မကင်းသေးဘူး။ ကြောင်က ဖစ်ချ်ဆီ သတင်းပို့သွားတာလဲ ဖြစ်နိုင်တယ်။ သူမ ငါတို့ အသံကြားတယ်ဆိုတာ ငါပြောရဲတယ်။ သွားကြစို့"

ရွန်က ဟယ်ရီကို ဆွဲပြီး အခန်းထဲက ထွက်လာတယ်။

နောက်နေ့ နံနက်မှာလဲ ဆီးနှင်းမပျော်သေးဘူး။

"ကျားထိုးမလား၊ ဟယ်ရီ" ရွန်က ပြောတယ်။

"မထိုးဘူး"

"တို့ ဟက်ဂရစ်ဆီသွားမလား"

"ဟင့်အင်း . . . . . . မင်းဖာသာ သွား . . . . . ."

"မင်းစိတ်ထဲက ဘာကြံနေတယ်ဆိုတာ ငါသိတယ်၊ ဟယ်ရီ။ ဟိုမှန်ပဲ မဟုတ်ဘူးလား။ ဒီည မသွားနဲ့"

"ဘာဖြစ်လို့လဲ"

"မသိဘူး။ ငါ့စိတ်ထဲ တစ်မျိုးကြီးမို့ — ဘာပဲဖြစ်ဖြစ်၊ မင်းအကြိမ်ပေါင်းများစွာ စွန့်စားပြီးပြီ။ ဖစ်ချ်၊ စနိတ်ပ်နဲ့ ဟိုကြောင်ပိန် မဒမ်နော်ရီးစ်တို့

www.burmeseclassic.com



နေရာတကာ လိုက်စောင့်ကြည့်နေတယ်။ သူတို့ မင်းကို မမြင်ဘူးပဲထား၊ ဒါ ဘာဖြစ်သေးလဲ။ သူတို့ မင်းကို ဝင်တိုက်မိရင် ဘယ်လို လုပ်မလဲ။ မင်း သတိမထားဘဲ တစ်ခုခု မှောက်ကျရင်ကော"

"မင်းလေသံက ဟာမီးနဲ့ တစ်လေသံထဲရယ်"

"ငါက တကယ်ပြောတာ၊ ဟယ်ရီ၊ မသွားနဲ့"

ဒါပေမယ့် ဟယ်ရီ့ခေါင်းထဲမှာ တစ်ခုတည်းရှိတယ်။ အဲဒါကတော့ မှန်ရှေ့ မြန်မြန်သွားပြီး မိမိအိမ်သားတွေကို ကြည့်ဖို့။ ရွန်က သူ့ကို ဘယ်လို ကားတား၊ မရဘူး။

တတိယနေ့ည။ သူဟာ အချိန်သိပ်မကုန်ပဲ လိုရာကို ရောက်သွားတယ်။ သူသွားတာ အလွန်မြန်တယ်။ သူက မိမိခြေသံမသေးဘူးဆိုတာ သိတယ်။ ကံကောင်းတာက ဘယ်သူနဲ့မှ မတွေ့ဘူး။

သူ့မိဘတွေဟာ အဲဒီမှာပဲ သူ့ကိုကြည့်ပြီး ပြုံးနေတယ်။ သူ့အဖိုး တစ်ယောက်ဟာ ဝမ်းသာလို့ သူ့ကို ခေါင်းညိတ်ပြတယ်။ ဟယ်ရီက မှန်ရှေ့ ထိုင်နေတယ်။ ဘယ်ကိစ္စမှ သူ့ကို တစ်ညလုံး အိမ်သားတွေနဲ့ အတူနေတာကို တားလို့မရဘူး။ ဘယ်ကိစ္စမှ တားလို့မရနိုင်ပါဘူး။

"ဒါကြောင့် — မင်းပြန်လာတယ်ပေါ့။ ဟယ်ရီ"

ဟယ်ရီက သူ့ကိုယ်တွင်း ကလီစာတွေ လျှပ်တစ်ပြက်အတွင်း ရေခဲလို ခဲသွားတယ်လို့ ခံစားရတယ်။ သူလှည့်ကြည့်တယ်။ နံရံဘေးက စာပွဲခုံ တစ်ခုပေါ်မှာ ကျောင်းအုပ် အောဘတ်စ် - ဒမ်ဘလီဒိုး ထိုင်နေတယ်။ ခုနက ဟယ်ရီဟာ ဂမူးရှူးထိုးနဲ့ ဖြတ်သွားတာပဲ ဖြစ်ရမယ်။ မှန်ရှေ့ သွားချင်ဇောနဲ့ သူ့ကို လုံးဝ သတိမပြုမိဘူး။

"ကျွန်တော် — ကျွန်တော် ခုနက ခင်ဗျားကို မမြင်ဘူး မစ္စတာ"

"ထူးဆန်းတယ်၊ ကိုယ်ပျောက်ပြီးနောက် မင်းမျက်စိ အဝေးမှုန်တာ ပိုဆိုးလာပါလား" ဒမ်ဘလီဒိုးက ပြောတယ်။ ဟယ်ရီက သူပြုံးနေတာ တွေ့လို့ စိတ်တော်တော် အေးသွားတယ်။

"ဒါကြောင့်" ဒမ်ဘလီဒိုးက စာပွဲပေါ်က လျှောဆင်းလိုက်တယ်။ ဟယ်ရီနဲ့ အတူ ကြမ်းပေါ်ထိုင်လိုက်တယ်။

"မင်းဟာလဲ၊ မင်းရှေ့က လူရာအချို့လိုပဲ ဩရစ်မှန်ရဲ့ စိတ်ဝင်စား



မှုကို တွေ့သွားပြီပေါ့"

"ဩရစ်မှန်လို့ ခေါ်တာ ကျွန်တော်မသိဘူး၊ မစ္စတာ"

"ငါထင်တယ်၊ မင်း အခု သူ့အစွမ်းကို သိရပြီလို့ ထင်တယ်"

"အဲဒါ — အင်း — ဒီမှန်က ကျွန်တော့်ကို အိမ်သားတွေကို မြင်အောင်ပြပါတယ် — "

"ရင်းက မင်းသူငယ်ချင်း ရွန်ကို မိမိကျောင်းသား အသင်းဥက္ကဋ္ဌ ဖြစ်တာကို မြင်စေတယ်"

"သင်ဘယ်လိုလုပ် သိတာလဲ — "

"ကျုပ်က ခြုံထည်မလိုပဲ ကိုယ်ဖျောက်နိုင်တယ်" ဒမ်ဘလီဒိုးက ညင်ညင် သာသာ ပြောတယ်။ "အခု မင်းစဉ်းစားကြည့်စမ်း၊ ဒီဩရစ်မှန်က တို့ကို ဘာတွေ မြင်တွေ့စေနိုင်သလဲ"

ဟယ်ရီက ခေါင်းခါတယ်။

"ကျုပ်ပြောပြမယ်။ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူကမှ ဒီဩရစ်မှန်ကို မှန်ရိုးရိုးလို အသုံးပြု နိုင်မှာ။ ဆိုလိုတာကတော့ သူမှန်ကို ကြည့်နေတဲ့ အချိန်မှာ သူမြင်ရတာက မိမိရဲ့ စစ်မှန်တဲ့ အသွင်သဏ္ဌာန်ဖြစ်မယ်။ ဒါက မင်းကို ဘာတွေးမိစေသလဲ"

ဟယ်ရီက ခနတွေးလိုက်ပြီး ဖြည်းဖြည်းပြောတယ်။ "ရင်းက ကျွန်တော့် ကို မြင်စေတာကတော့ ကျွန်တော်တို့ လိုအပ်တဲ့ အရာပဲ။ ကျွန်တော်လိုအပ်တဲ့ အရာမှန်သမျှကို . . . . . "

"မှန်တယ်။ မှန်လဲ မမှန်ဘူး" ဒမ်ဘလီဒိုးက အေးအေးပြောတယ်။ "ရင်းက ကျုပ်တို့ကို မြင်စေတာက များလဲ မများဘူး။ နည်းလဲ မနည်းဘူး။ ကျုပ်တို့ စိတ်ထဲက အနက်ရှိုင်းဆုံး၊ အလိုအပ်ဆုံး ဆန္ဒကို မြင်စေတယ်။ မင်းဆိုရင် မင်အိမ်သားတွေကို ဘယ်တုန်းကမှ မမြင်ဖူးဘူး။ ဒါကြောင့် မင်းမြင် ရတာက သူတို့ မင်းအနားမှာ ဝန်းရံနေတဲ့ ပုံပဲ။ ရွန်ကျတော့ သူဟာ သူ့အစ်ကို တွေရဲ့ အရိပ်အောက်မှာ အသက်ရှင်နေရတာ။ ဒါကြောင့် သူမြင်ရတာက သူဟာ သူတို့ထက်သာတဲ့ အသွင်နဲ့ တည်ရှိနေတာကို မြင်ရတယ်။ ဒါကြောင့် မို့ ဒီမှန်ဟာ တို့ကို ဗဟုသုတလဲ မပေးနိုင်ဘူး။ အဖြစ်မှန်ကိုလဲ မတွေ့စေနိုင် ဘူး။ လူတွေဟာ ရင်းရှေ့မှောက်မှာ အချိန်အလဟဿကုန်ပြီး သူတွေ့ရတဲ့ ရုပ်ပုံက ဖမ်းစားတာကို ခံနေရတယ်။ ဒါမှ မဟုတ်ရင် ရူးမတတ်ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက သူတို့ မိမိမြင်ရတဲ့ ရုပ်ပုံဟာ အဖြစ်မှန်ပဲလား၊ ဒါမှ မဟုတ်ရင် ဘယ်တော့မှ လက်တွေ့ဖြစ်မလာနိုင်တဲ့ စိတ်ကူးယဉ် အိပ်မက်လားဆိုတာ မခွဲခြားနိုင်လို့ပဲ။

"ဒီမှန်ကို မနက်ဖြန်ကျရင် တစ်ခြားတစ်နေရာ ပို့ထားမယ်၊ ဟယ်ရီ။ မင်း ဒီမှန်ကို နောက်ထပ် လိုက်မရှာပါနဲ့တော့။ နောင်မှာ မင်း မထင်မှတ်တဲ့ နေရာမှာ ပြန်တွေ့ချင်တွေ့လိမ့်မယ်။ ဒါကြောင့် အခုကတည်းက စိတ်ခါတ် ပြင်ဆင်မှု လုပ်ထားရမယ်။ စိတ်ကူးယဉ် အိပ်မက်ထဲမှာ အသက်ရှင်နေပြီး လက်တွေ့ဘဝကို မေ့နေရင် ဘာမှ အဆင်ပြေမှာ မဟုတ်ဘူး။ ဒါကို မြဲမြဲ မှတ်ထားပါ။ ကောင်းပြီ။ အခု မင်းရဲ့ လူတကာ အားကျလောက်တဲ့ ခြုံထည်ကို ခြုံလိုက်ပြီး ပြန် အိပ်ပါတော့"

ဟယ်ရီ မတ်တတ်ထလိုက်တယ်။

"ဆရာ — ပါမောက္ခ ဒမ်ဘယ်လီဒိုး။ ကျွန်တော် မေးချင်တာလေး ရှိပါတယ်"

"မင်း မေးပြီးပြီ မဟုတ်လား" ဒမ်ဘယ်လီဒိုးက ပြုံးပြီး ပြောတယ်။ "ဒါပေမယ့် မင်း ကျုပ်ကို နောက်ထပ် မေးခွန်းတစ်ခု မေးနိုင်တယ်"

"သင် ဒီမှန်ကို ကြည့်တဲ့အခါမှာ ဘာကို မြင်တွေ့ပါသလဲ"

"ကျုပ် မြင်တာက ကျုပ်လက်ထဲမှာ သိုးမွေးခြေစွပ် ထူထူတစ်ဖက် ကိုင်ထားတာတွေ့တယ်"

ဟယ်ရီ မျက်လုံးကြီး ပြူးနေတယ်။

"လူတစ်ယောက်ဟာ ခြေစွပ်များလွန်းတယ်လို့ ဘယ်တော့မှ မထင်ဘူး" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ခရစ်စမတ်ပွဲ တစ်ပွဲရောက်လာပြီး ပြန်ထွက် သွားပြီ၊ ကျုပ်မှာတော့ ခြေစွပ်တစ်ရံတောင် မရဘူး။ အားလုံးက ကျုပ်ကို စာအုပ်ပဲ လက်ဆောင်ပေးကြတယ်"

ဟယ်ရီဟာ ခုတင်ပေါ် တက်အိပ်တော့မှ ဒမ်ဘယ်လီဒိုး အမှန်အတိုင်း ပြောချင်မှ ပြောမှာလို့ ရုတ်တရက် တွေးမိတယ်။ ဒါပေမယ့် ခုနနေတော့ သူက အစက်အပြောက်လေးကို ခုတင်ပေါ်က မောင်းချတဲ့အခါမှာ အဲဒါ တွေဟာ တစ်ဦးတစ်ယောက်နဲ့ဆိုင်တဲ့ ပြဿနာမျှသာ ဖြစ်တယ်လို့ သူတွေးမိပြန်တယ်။



## ၁၃။ နီခို – ရမေ ကို ရှာဖွေခြင်း

ဟယ်ရီက ဒမ်ဘယ်လီဒိုးမှာတဲ့အတိုင်း လိုက်နာပြီး ဩရစ်မှန်ကို နောက်ထပ်မရှာတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ရောက်ရှိလာတဲ့ ခရစ်စမတ် ကျောင်းပိတ်ရက်အတွင်းမှာ ကိုယ်ပျောက်ခြုံထည်ကို မိမိသေတ္တာရဲ့ အောက်ဆုံးမှာ သိမ်းထားလိုက်တယ်။ ဟယ်ရီက မိမိမှန်ထဲမှာ မြင်တဲ့ ရုပ်ပုံတွေ ကို မေ့ပစ်ချင်တယ်။ ဒါပေမယ့် မရဘူး။ ညည အိပ်မက်ဆိုးတွေ မက်တယ်။ စူးစူးရှရှ ရယ်သံကြီးကို ကြားရတယ်။ သူ့မိဘနှစ်ပါး အလင်းရောင် စိမ်းစိမ်း ကြီးထဲမှာ ပျောက်ကွယ်သွားတာ မြင်ရတယ်။

"မင်း ကြည့်လေ။ ဒမ်ဘယ်လီဒိုး ပြောတာ မှန်တယ်။ အဲဒီမှန်က မင်းကို ရူးသွပ်သွားစေနိုင်တယ်" ရွန်က ဟယ်ရီ အိပ်မက်အကြောင်း ပြောပြတာ နားထောင်ပြီး ပြောတယ်။

ဟာမီးဟာ ကျောင်းမဖွင့်ခင် တစ်ရက်မှာ ကျောင်းပြန်ရောက်လာ တယ်။ သူမဟာ ဗိုက်စွနဲ့ ပတ်သက်ပြီး အမြင်မတူဘူး။ သူမဟာ ဟယ်ရီ သုံးညလုံးလုံး အိပ်ရာက တိတ်တိတ်ခိုးဆင်းပြီး ကျောင်းပရဝုဏ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားနေတာကြောင့် သေအောင်စိုးရိမ်တယ်။ ("နင့်ကို ဖစ်ခ်ျ ဖမ်းမိသွားရင် ဘယ်လိုလုပ်မလဲ") တစ်ဖက်မှာလဲ သူမဟာ ဒီအခွင့်အရေးကို အသုံးချပြီး နီခို - ရမေ့ အချက်အလက် မရှာနိုင်တဲ့အတွက် စိတ်မကောင်းဘူး။

သူတို့ဟာ စာကြည့်တိုက်ထဲမှာ နီခို-ရမေ ပဟေဠိကို အဖြေရှာဖို့ မျှော်လင့်ချက်ကို စွန့်လွှတ်မထားတော့ဖြစ်နေပြီ။ ဟယ်ရီကတော့ သူ ဒီနာမည်ကို တစ်နေရာရာမှာ တွေ့ဖူးတယ်လို့ သေချာပေါက် ပြောနေတယ်။ ကျောင်းစဖွင့်တာနဲ့ သူတို့ သုံးယောက်ဟာ ကျောင်းဆင်းချိန် ဆယ်မိနစ်ကို အသုံးပြုပြီး စာကြည့်တိုက်မှာ စာအုပ်တွေ လှန်လှော ကြည့်တယ်။ ဟယ်ရီ အားလပ်ချိန်ဟာ သူတို့ နှစ်ယောက်ထက် ပိုနည်း သလိုပဲ။ အကြောင်းက ခွေဒစ်လေ့ကျင့်မှု နောက်ထပ် စတင်လို့ပဲ။

ဝုဒ်ဟာ ဘောလုံးသမားတွေကို အရင်ထက် ပိုပြီး တင်းတင်းကြပ်ကြပ် လေ့ကျင့်တယ်။ ဆီးနှင်းပျော်ပြီးနောက် နွေဦး မိုးဖွဲဖွဲထဲမှာတောင် ဂုဏ်းရဲ့ တိုက်ခိုက်တဲ့ စိတ်ဓာတ်ကို လျှော့ပြီမ်း မသွားစေနိုင်ဘူး။ ဝယ်စလီ အမြွာညီနောင်ဟာ ဝုဒ်လေ့ကျင့်မှု ပြင်းထန်လို့ ညည်းညူမဆုံးဘူး။ သူရူးနေပြီလို့ ပြောတယ်။ ဟယ်ရီကတော့ ဝုဒ်လုပ်တာကို အလွန်ထောက်ခံတယ်။ လာမဲ့ ဟာ့ဖ်ဖတ်နဲ့ ပြိုင်ပွဲမှာ အနိုင်ရခဲ့ရင် သူတို့ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်အတွင်း ခံထားရတာတွေ ချေနိုင်လိမ့်မယ်။ စလေးသရင်းကို အနိုင်တိုက်ပြီး ခွေဒစ် ဖလားဆုကို ရယူနိုင်မယ်။ ဘောနိုင်ချင်တာအပြင် သူဘောလေ့ကျင့်တာ ပင်ပန်းလေ ညည အိပ်မက်ဆိုးမက်တာ နည်းလေဆိုတာ ဟယ်ရီတွေ့ရှိလာတယ်။

ဒီနောက်၊ အလွန်ပင်ပန်းခဲ လေ့ကျင့်တဲ့အတွက် အားလုံးရွှံ့တွေ ပေကျံကုန်တဲ့ လေ့ကျင့်ခန်းပြီးဆုံးတဲ့ တစ်ကြိမ်မှာ ဝုဒ်က ဘောသမားအားလုံးကို သတင်းဆိုးတစ်ခု ပြောပြတယ်။ ထိုစဉ်က သူဟာ ဝယ်စလီ အမြွာညီနောင်ကြောင့် ဒေါသထွက်နေတယ်။ ဒီညီအစ်ကိုဟာ ကောင်းကောင်း မလေ့ကျင့်ဘူး။ မိမိတို့ဖာသာ ကိုယ့်ကိုကိုယ် သတ်သေတဲ့ လေယာဉ်ဆိုပြီး အချင်းချင်းတိုက်ကစားနေတယ်။ တံမြက်စည်းပေါ်က ပြုတ်ကျတော့မဲ့ပုံနဲ့ ရယ်စရာလုပ်ပြနေတယ်။

"မင်းတို့ မရှုပ်ကြနဲ့တော့" ဝုဒ်သည်းမခံနိုင်တော့လို့ တအားဟော်တယ်။ "ဒီလို အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်က တို့ပြိုင်ပွဲမှာ ရှုံးသွားနိုင်တယ်။ ဒီတစ်ခါ ဒိုင်လူကြီးက စနိတ်ပ်။ သူက တို့ ဂရစ်ဖင်းဒေါကို အကြောင်းရှာပြီး



အမှတ်များများ လျှော့ချင်နေတာ"

ဒီစကားကြားတော့ ဂျော့ - ဝယ်စလီဟာ လန့်ပြီး တံမြက်စည်းပေါ်ကနေ တကယ်ပြုတ်ကျလာတယ်။

"စနိတ်ပ် ဒိုင်လူကြီး လုပ်မယ်ဟုတ်လား" သူက ရွှံ့ပေနေတဲ့ ပါးစပ်ကို မသုတ်နိုင်ဘဲ အတင်းမေးတယ်။ "သူ ဘယ်တုန်းကမှ ခွေဒစ်ဒိုင်လူကြီး မလုပ်ဖူးဘူး မဟုတ်လား။ သူတရားမျှတမှာ မဟုတ်ဘူး။ သူက ငါတို့ စလေးသရင်းကို နိုင်မှာကြောက်တာ"

ကျန်ဘောသမားတွေဟာ ဂျော့ဘေးမှာ သက်ဆင်းလာကြပြီး မကျေနပ်ကြောင်း ဝင်ပြောကြတယ်။

"ဒါ ငါ့အမှားမှ မဟုတ်တာ" ဝုဒ်က ပြောတယ်။ "ငါတို့အမှား မပြုမိဘဲ ပြိုင်ပွဲစည်းကမ်းအတိုင်း ကောင်းကောင်းလုပ်ရင် စနိတ်ပ်က တို့ကို အပြစ်ရှာလို့ ဘယ်ရမလဲ"

ဒါသိပ်ကို "ပြောင်မြောက်" ပေတယ်။ ဟယ်ရီကတွေးတယ်။ ဒါပေမယ့် သူ ခွေဒစ်ပြိုင်ပွဲဝင်တဲ့အခါ စနိတ်ပ် ဒိုင်လူကြီးလုပ်တာ မလိုလားတဲ့ တခြား အကြောင်းတစ်ခု ရှိသေးတယ်. . . . . .

စုပေါင်းလေ့ကျင့်ကြပြီးနောက်၊ ကျန်ဘောသမားတွေဟာ ကွင်းထဲမှာ စကားစမြည် ပြောကျန်ရစ်ကြတယ်။ ဟယ်ရီက ဂရစ်ဖင်းဒေါ မိတ်ဆုံခန်းကို တန်းပြန်ခဲ့တယ်။ အဲဒီမှာ ကျားထိုးနေတဲ့ ရွန်နဲ့ ဟာမီးကိုတွေ့တယ်။ ဟာမီးဟာ ကျားထိုးတဲ့အခါကျမှသာ သူများကိုရှုံးတာ ဝန်ခံတယ်။ ဒါကြောင့် ဟယ်ရီနဲ့ ရွန်က ဒီကစားနည်းက သူမအဖို့ အလွန်အကျိုးရှိ တယ်လို့ ယူဆတယ်။

"အခု ငါနဲ့ အရင်စကားမပြောနဲ့" ဟယ်ရီ ထိုင်ရုံရှိသေးတယ်။ ရွန်က လက်ဦးမှု ယူလိုက်တယ်။ "ငါနည်းနည်း စဉ်းစားရဦးမယ် — " သူက ဟယ်ရီရဲ့ အမူအရာကို မြင်လိုက်တယ်။ "မင်း ဘာဖြစ်လဲ။ မင်းမျက်နှာ မကောင်းပါလား"

တခြားသူတွေ သူ့တို့စကားပြောတာ ကြားမှာစိုးလို့ ဟယ်ရီက တင်းအသံနှိမ့်ပြီး စနိတ်ပ် ဟာ ရုတ်တရက် ခွေဒစ်ဒိုင်လူကြီး လုပ်ဖို့ လုပ်ဆောင်တာ သဘောရိုးတော့ မဟုတ်ကြောင်း ပြောပြတယ်။

"ဒါဆို နင်ဝင်မကစားနဲ့" ဟာမီးက မစဉ်းစားဘဲ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း နေမကောင်းဘူးလို့ ပြော" ရွန်က ပြောတယ်။

"ငါ ဒီလိုလုပ်လို့ မဖြစ်ဖူး" ဟယ်ရီက ပြောတယ်။ "ငါတို့မှာ အရန် ရှာဖမ်းသမားမရှိဘူး။ ငါထွက်လိုက်ရင် ဂရစ်ဖင်းဒေါ ပြိုင်ပွဲတောင် ဝင်နိုင်မှာ မဟုတ်ဖူး"

အဲဒီအချိန်မှာပဲ နီဗီးဟာ မိတ်ဆုံခန်းထဲကို ပစ်သွင်းလိုက်သလို ဝင်လာတယ်။ အခန်းထဲက လူတွေဟာ သူဘယ်နည်းနဲ့ မိန်းမဝတုတ် အရုပ်ကား ကျင်းပေါက်ဝကို ကျော်ဝင်လာတယ်ဆိုတာ နားမလည်ကြဘူး။ အကြောင်းက သူ့ခြေနှစ်ချောင်းဟာ ပူးလိမ်ထားသလို ညပ်နေတယ်။ သူတို့ဟာ ခြေချုပ်ကျိန်စာ မိထားပြီဆိုတာ သိကြတယ်။ သူ ခုနက ယုန်တစ်ကောင်လို အကြာကြီး ခုန်ပြီးမှ ဂရစ်ဖင်းဒေါ အိမ်ခွန်ကို တက်လာနိုင်တာ ဖြစ်မယ်။

အားလုံး ခွက်ထိုး ခွက်လန် ရယ်ကြတယ်။ ဟာမီးကတော့ မျက်နှာထားကြီးနဲ့ ခုန်ထပြီး ကျိန်စာပြေအောင် လုပ်ပါတော့တယ်။ နီဗီးရဲ့ ခြေနှစ်ချောင်း ဗိုင်းဆိုပြေထွက်သွားတယ်။ သူမတ်တတ်ရပ်လိုက်ပြီး တဆတ်ဆတ် တုန်နေတယ်။

"ဘာဖြစ်လာတာလဲ" ဟာမီးက မေးရင်း နီဗီးကို ဟယ်ရီနဲ့ ရွန်ဘေး ခေါ်ထိုင်ခိုင်းတယ်။

"မာဖိုင်ပေါ့" နီဗီးက တုန်ယင်တဲ့ အသံနဲ့ ပြောတယ်။ "ငါစာကြည့်တိုက်အပြင်ဘက်မှာ သူနဲ့တွေ့တာ။ သူက လူတစ်ယောက်ယောက်ကို ခြေချုပ်ကျိန်စာ လေ့ကျင့်ချင်နေတာလို့ ပြောတယ်"

"ပါမောက္ခ မက်ဂေါ်နာဂေါကို သွားပြော" ဟာမီးက နီဗီးကို တိုက်တွန်းတယ်။ "မာဖိုင်ကို သွားတိုင်ချေ"

"ငါ နောက်ထပ် ဒုက္ခမရှာချင်တော့ဘူး" သူက အသံမထွက် တထွက် ပြောတယ်။

"မင်း သူ့ကို ထပြီး ခုခံရမယ်၊ နီဗီး" ရွန်က ပြောတယ်။ "သူက လူအားလုံးကို ခြေနဲ့ နင်းချင်တာ။ ဒါပေမယ့် မင်းအနေနဲ့လဲ မြေကြီးပေါ် လှဲချပြီး သူအဆင်ပြေအောင် လုပ်စရာမလိုဘူး"

"မင်းက ငါ့ကို သတ္တိမရှိဘူး၊ ဂရစ်ဖင်းဒေါမှာ မနေသင့်ဘူးလို့ ပြောမလို့လား။ အဲဒါ မာဖိုင်က ခုတင်ပဲ ငါ့ကို ပြောပြီးပြီ" နီဗီးက မျက်ရည်ကျမှာကို ထိန်းရင်း ပြောတယ်။



ဟယ်ရီက လက်ကို ဝတ်ရုံရှည်အိတ်ကပ်ထဲ နှိုက်တယ်။ ချောကလက်ဖားတစ်ချောင်း ယူထုတ်တယ်။ အဲဒါ ဟာမီးက သူ့ကိုပေးတဲ့ ခရစ်စမတ်လက်ဆောင်။ အခုဒီတစ်ချောင်းပဲ ကျန်တော့တယ်။ ဟယ်ရီက အဲဒါကို နီဗီးပေးလိုက်တယ်။ သူ့ကြည့်ရတာ ငိုချတော့မလိုပဲ။

"မာဖိုင် ၁၂ ယောက်ပေါင်းတာတောင် မင်းတစ်ယောက်ကို မမှီဘူး" ဟယ်ရီက ပြောတယ်။ "အမျိုးအစားခွဲ ဦးထုပ်က မင်းကို ဂရစ်ဖင်းဒေါကို ပို့တာမှတ်လား။ မာဖိုင်က ဘယ်မှာလဲ၊ ပုပ်စော်နံတဲ့ စလေးသရင်းမှာလေ"

နီဗီးက ချောကလက်ဖားကို ဖြေလိုက်တယ်။ ပါးစပ်ကနေ အားလျော့လျော့ အပြုံးပေါ်လာတယ်။

"ကျေးဇူး၊ ဟယ်ရီ ..... ငါ အိပ်တော့မယ် ..... မင်း ဒီကဒ်ယူမလား။ မင်းစုနေတယ် မဟုတ်လား"

နီဗီးသွားပြီးနောက်၊ ဟယ်ရီ လက်ထဲက နာမည်ကြီး မှော်ဆရာကဒ်ကို ကြည့်တယ်။

"ဒမ်ဘယ်လီဒိုး လာပြန်ပြီ" သူက ပြောတယ်။ "ငါစစုတဲ့ ကဒ်ကလဲ ဒမ်ဘယ်လီဒိုးပဲ — "

သူဟာ အသက်အောင့်ပြီး ကဒ်ကျောဘက်ကို ကြည့်တယ်။ ပြီးနောက် မော့ပြီး ရွန်နဲ့ ဟာမီးကို ကြည့်နေတယ်။

"ငါ သူ့ကို ရှာတွေ့ပြီ" သူက တိုးတိုးပြောတယ်။ "ငါ နီခို - ရမေကို တွေ့ပြီ။ ငါ တနေရာရာမှာ ဒီနာမည်ကို မြင်ဖူးတယ်လို့ မင်းတို့ကို ပြောဘူးတယ်။ အခုမှ သတိရတယ်။ ငါက မီးရထား စီးပြီး ဒီကိုလာတုန်းကတွေ့တာ။ ဒါကို နားထောင်ကြည့်စမ်း။ 'ပါမောက္ခ ဒမ်ဘယ်လီဒိုးကို လူသိများတဲ့ အကြောင်းကတော့၊ ၁၉၄၅ ခုနှစ်မှာ မှော်နက်ဆရာ ဂရင်းဒဝပ်ကို အောင်မြင်စွာ အနိုင်တိုက်နိုင်ခြင်း၊ နဂါးသွေးကို အသုံးပြုနည်း ၁၂ မျိုး တွေ့ရှိခြင်း၊ ဒီပြင် ၎င်းနဲ့ ၎င်းရဲ့ သုတေသနတွဲဘက် နီခို - ရမေတို့ ဖိုပညာဘက်မှာ ရရှိတဲ့ ထူးချွန်တဲ့ရလဒ်များဖြစ်တယ်' "

ဟာမီးက ထခုန်တယ်။ သူတို့ ပထမဦးဆုံး အိမ်စာ ရမှတ်ကို တွေ့ရတဲ့ အချိန်ကစပြီး ခုလောက် စိတ်လှုပ်ရှားတာ မဖြစ်ခဲ့ဖူးဘူး။

"ငြိမ်ငြိမ် ထိုင်နေ" သူမက မှာပြီးတာနဲ့ အပေါ်ထပ် မိန်းကလေး အိပ်ဆောင်ဆီ ပြေးတက်သွားတယ်။ ဟယ်ရီနဲ့ ရွန်တို့ ဘာမှမသိသေးခင်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ သူမက ပြန်ပြေးဝင်လာတယ်။ ကြီးမားတဲ့ စာအုပ်ဟောင်းတစ်အုပ်ကို ပိုက်လာတယ်။

"ဘယ်တုန်းကမှ ဒီစာအုပ်ကို ရှာကြည့်ဖို့ မတွေးမိခဲ့ဘူး" သူမက စိတ်လှုပ်ရှားစွာ တိုးတိုး ပြောတယ်။ "လွန်ခဲ့တဲ့ ရက်သတ္တပတ် အချို့ကတဲက စာကြည့်တိုက်က ငှားခဲ့တာ။ အပျင်းပြေ ဖတ်ဖို့"

"အပျင်းပြေ ဟုတ်လား" ရွန်က ပြောတယ်။ ဟာမီးက သူ့ကို တိတ်တိတ်နေဖို့ ပြောတယ်။ သူမ အချက်အလက် သေချာရှာချင်တယ်။ ဒီနောက် သူမက စာအုပ်ကို လှန်လှောရင်း ပါးစပ်ကလဲ တတွတ်တွတ် ရွတ်နေတယ်။

နောက်ဆုံးမှာ၊ သူမ လိုချင်တာ တွေ့ပြီ။

"ငါသိပါတယ်၊ ငါသိပါတယ်"

"အခု ငါတို့ စကားပြောလို့ရပြီ ထင်တယ်" ရွန်က မကျေမနပ် ပြောတယ်။ ဟာမီးက သူ့ကို ဂရုမစိုက်ဖူး။

"နီခို - ရမေ" သူမက ပြဇာတ်ဆန်တဲ့ အသံနဲ့ တိုးတိုးဖတ်တယ်။ "မျက်မှောက် သိရှိထားတဲ့ မှော်ကျောက်တုံးကို ဖန်တီးတဲ့ တစ်ဦးတည်းသောသူ ဖြစ်တယ်"

ဒါပေမယ့် ဒီစကားဟာ သူမ မျှော်လင့်ထားသလို အကျိုးသက်ရောက် မလာဘူး။

"ဘာကို ဖန်တီးသူလဲ" ဟယ်ရီနဲ့ ရွန်တို့ တပြိုင်နက် မေးတယ်။

"အိုး ၊ တကယ်ပါပဲ။ နင်တို့ စာမဖတ်တတ်ဖူးလား။ ရော့ - ကိုယ့်ဟာကိုယ် ဖတ်ကြ။ ဒီမှာ"

သူမက စာအုပ်ကို သူတို့ရှေ့ ထိုးပေးလိုက်တယ်။ ဟယ်ရီနဲ့ ရွန်တို့ ဖတ်ကြတယ်။

ရှေးဖိုပညာဟာ မှော်ကျောက်တုံးရရှိရေးကို အားပြုတယ်။ အဲဒီ အရာဟာ အံ့မခန်း ခွန်အားရှိတဲ့၊ ပုံပြင်ဆန်တဲ့ အရာဖြစ်တယ်။ အဲဒီ ကျောက်တုံးမျိုးဟာ ရှိသမျှ သတ္တု အားလုံးကို ရွှေအစစ် ဖြစ်စေနိုင်တယ်။ ဒီ့ပြင် ဓငိးကို မသေဆေးဖော်ရာမှာလဲ အသုံးပြုနိုင်တယ်။ ဒီဆေးကို သောက်တဲ့သူဟာ မသေဘဲ အသက်ရှင်သွားနိုင်တဲ့ ဆေးစွမ်းဖြစ်တယ်။



ရာစုနှစ် အချို့အတွင်း မှော်ကျောက်တုံးနှင့် ပတ်သက်တဲ့ သုတေသန အစီရင် ခံစာများ ပေါ်ထွက်ခဲ့တယ်။ ဒါပေမယ့် အခု ရှိနေတဲ့ တစ်ခုတည်းသော မှော်ကျောက်တုံးဟာ မစ္စတာ နီခို - ရမေ ပိုင်တယ်။ သူဟာ နာမည်ကျော်ကြား တဲ့ ဖိုပညာရှင် ဖြစ်တယ်။ အော်ပရာ ပြဇာတ်ကို ကြိုက်နှစ်သက်သူလဲ ဖြစ်တယ်။ မစ္စတာ ရမေဟာ လွန်ခဲ့တဲ့နှစ်မှာပဲ ဓငိးရဲ့ အသက် ၆၆၅ နှစ် မွေးနေ့ပွဲကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့တယ်။ ယခု သူနဲ့ သူ့ဇနီးသည် အမြဲ စိမ်းလန်း (၆၅၈ နှစ်) တို့ဟာ ဒီဗင် ပြည်နယ်မှာ အေးချမ်းပျော်ရွှင်စွာ နေထိုင် လျက်ရှိတယ်။

"တွေ့ပြီ မှတ်လား" ဟယ်ရီနဲ့ ရွန်တို့ ဖတ်ပြီးတာနဲ့ ဟာမီးက ပြောတယ်။ "ဖိုခွေး စောင့်နေတာ ရမေရဲ့ မှော်ကျောက်တုံးပဲ ဖြစ်မယ်။ ငါ လောင်းဝံ့တယ်။ အဲဒါ သူက ဒမ်ဘလီဒိုးကို စောင့်ရှောက်ခိုင်းထားတာ ဖြစ်မယ်။ သူတို့က မိတ်ဆွေတွေလေ။ ပြီးတော့ ဒီကျောက်တုံးကို ချောင်းနေတဲ့ လူရှိတယ်ဆိုတာလဲ သူသိတယ်။ အဲဒါ သူ့အဖြစ်လို့ ကျောက်တုံးကို ဂရင်းဂေါ့စ်ကနေ ထုတ်လာရတယ်ဆိုတဲ့ အကြောင်းရင်းပဲ"

"သတ္တုကို ရွှေအစစ်ဖြစ်စေနိုင်တဲ့အပြင် ဘယ်တော့မှ မသေဘဲ အသက်ရှင်နိုင်စေတဲ့ ကျောက်တုံး" ဟယ်ရီက ပြောတယ်။ "ဒါကြောင့် စနိတ်ပ်က ဒါကို ချောင်းနေတာကိုး။ ဘယ်သူမဆို ဒီလို အရာမျိုးကို ရချင်ကြမှာပဲ"

"ဒါကြောင့် (အနီးခေတ် မှော်ပညာ ဖြစ်ပေါ်တိုးပွားမှု သုတေသန) ထဲမှာ ရမေအကြောင်း မတွေ့တာကိုး" ရွန်က ပြောတယ်။ "သူ့အခု ၆၆၅ နှစ် ရှိပြီဆိုတော့ သူဟာ အနီးခေတ်ကလူ ဘယ်ဟုတ်မလဲ။ မဟုတ်ဖူးလား"

နောက်တစ်နေ့ နံနက် မှော်နက်ပညာ ကာကွယ်ရေးအတတ်ပညာ သင်တန်းမှာ အားလုံးက ဝံပုလွေလူ ကိုက်ခံရတဲ့ ဒဏ်ရာကုနည်းကို ကူးနေကြ စဉ်မှာ ဟယ်ရီနဲ့ ရွန်တို့ဟာ သူတို့ မှော်ကျောက်တုံးတစ်တုံးသာ ရရှိခဲ့ရင် ဘာလုပ်ကြမလဲဆိုတာ ပြောဆိုနေကြတယ်။ ရွန်က ခွေဒစ်ဘောသင်းကို ဝယ်မယ်လို့ ပြောတော့မှ လာမယ့်ပြိုင်ပွဲမှာ စနိတ်ပ် ဒိုင်လုပ်မယ့်အကြောင်းကို ဟယ်ရီ ပြန်သတိရလာတော့တယ်။

"ငါ ပြိုင်ပွဲထဲ ပါကိုပါမယ်" သူက ရွန်နဲ့ ဟာမီးကို ပြောတယ်။ "ငါသာ

www.burmeseclassic.com

www.burmeseclassic.com



မပါပဲ နေခဲ့ရင် စလေးသရင်း ကျောင်းသားတွေက ငါ့စနိုက်ပ်ကို ကြောက်လို့ မပါတာလို့ ထင်ကြမှာ။ ငါက သူတို့ကို အကြောင်းပြချင်တယ်။ ငါတို့ နိုင်ခဲ့ရင် သူတို့ ဘယ်ရယ်နိုင်တော့မှာလဲ"

"နင်သာ ဝင်ကစားရင်၊ သူတို့ ရယ်နိုင်မှာ မဟုတ်ဖူး" ဟာမီးက ပြောတယ်။

သို့ပေမယ့် ဟယ်ရီက ရွန်နဲ့ ဟာမီးကို စကားကြီး စကားကျယ် ပြောထားပေမယ့်၊ ပြိုင်ပွဲ နီးနီးလာလေ၊ သူ့စိတ်ဟာလဲ ကြာလေ လှုပ်ရှားလာလေပဲ။ တခြား ဘောသမားတွေဟာလဲ သူ့ထက် မထူးကြပါဘူး။ စလေးသရင်းကို အနိုင်တိုက်၊ ခွေဒစ် ဗိုလ်စွဲအောင်လုပ်ဆိုတဲ့ မျှော်လင့်ချက်က တကယ့်ကို ကောင်းပါတယ်။ ဒါဟာလဲ ခုနစ်နှစ်လုံးလုံး ဘယ်သူမှ မအောင်မြင်သေးတဲ့ ဧရာမ တာဝန်ကြီးကိုး။ ဒါပေမယ့် ဒီလို ဘက်လိုက်တတ်တဲ့ ဒိုင်လူကြီးနဲ့ ရင်ဆိုင်ရာမှာ သူတို့ ရည်မှန်းချက်ကို ချောချောမောမောရောက်မှ ရောက်နိုင်ပါ့မလား။

ဒါ မိမိ စိတ်ကူးကြောင့်လားဆိုတာ ဟယ်ရီ မပြောတတ်ဖူး။ သူ့အနေနဲ့ ဘယ်သွားသွား၊ စနိတ်ပ်ကိုချည်း တိုးနေတယ်လို့ ထင်နေတယ်။ တခါတလေ စနိတ်ပ်က တမင် နောက်ယောင်ခံ လိုက်နေတာလား။ သူ့ကို တစ်ခုခု လုပ်ဖို့ အခွင့်ကောင်းရှာနေတာလားလို့တောင် သံသယရှိမိတယ်။ မှော်ဆေးပညာ သင်္ချိုင်းတန်းဟာ အပတ်စဉ် တစ်ကြိမ်ကျရောက်တဲ့ ပုံမှန်ညှဉ်းပန်းခံရမှုဖြစ်လာတယ်။ အခု စနိတ်ပ်ဟာ ဟယ်ရီအပေါ်မှာ သိပ်ကို ကြောက်စရာကောင်းအောင် သဘောထားဆိုးတယ်။ သူတို့ မှော်ကျောက်တုံး လျှို့ဝှက်ချက်ကို သိနေတာ စနိတ်ပ်သိသွားပလား မပြောတတ်ဖူး။ သူ ဒီသတင်းကို ဘယ်လို ရနိုင်သလဲဆိုတာ ဟယ်ရီ မတွေးတတ်ဖူး။ ဒါပေမယ့် တခါတလေ ဟယ်ရီမှာ ထိတ်လန့်တဲ့ ခံစားမှုရှိတယ်။ အဲဒါကတော့ စနိတ်ပ်က စိတ်ကို ဖတ်တတ်တဲ့ အတတ်ရှိတယ်လို့ ထင်တာ။

နောက်တစ်နေ့ညနေမှာ ရွန်နဲ့ ဟာမီးတို့ အဝတ်လဲခန်း အပြင်ဘက်မှာ ဟယ်ရီကို ကံကောင်းပါစေလို့ ဆုတောင်းပေးနေချိန် ဟယ်ရီစိတ်ထဲမှာ နားလည်တာက သူအသက်ရှင်ပြီး ဘောကွင်းထဲက ထွက်လာနိုင်ပါ့မလား



ဆိုတာပဲ။ ဒါဟာ လူကို နှစ်သိမ့်နိုင်တဲ့ နည်းတော့ မဟုတ်ဖူး။ ဟယ်ရီက ရီဝေစွာနဲ့ ခွေဒစ်အားကစားဝတ်စုံကို ဝတ်လိုက်တယ်။ မိမိရဲ့ အလင်းစကြာနှစ်ထောင်ကို ဆွဲယူလိုက်တယ်။ ပြိုင်ပွဲမဝင်ခင် ဝုဒ် စိတ်ဓာတ်မြှင့်တင်ရေး ပြောကြားနေတာ လုံးဝမကြားဖူး။

တစ်ချိန်ထဲမှာ ရွန်နဲ့ ဟာမီးတို့ဟာ နီဗီးအနားမှာ နေရာယူထိုင်လိုက်ကြတယ်။ သူတို့ နှစ်ယောက် ပူပင်သောက ရောက်နေပုံကို ကြည့်ပြီး နီဗီးက နားမလည်နိုင်ဖြစ်နေတယ်။ သူတို့ ဘောပွဲထဲကို မှော်ကြိမ်လုံး ယူလာတာကိုလဲ ဘာကြောင့်မှန်းမသိ ဖြစ်နေတယ်။ ဒီအတိုင်းပဲ၊ ဟယ်ရီတောင် မသိဘူး။ ရွန်နဲ့ ဟာမီးတို့ဟာ ခြေချုပ် ဂါထာကို တိတ်တိတ်လေ့ကျင့်နေကြတယ်။ ဒါကတော့ မာဖိုင်က နီဗီးကို အနိုင်ကျင့်တဲ့ ဖြစ်ရပ်ကနေ ရရှိတဲ့ အကြံ။ သူတို့နှစ်ယောက် တိုင်ပင်ထားတာက စနိတ်ပ်က ဟယ်ရီကို တစ်ခုခု ဒုက္ခပေးတာနဲ့ ဒီဂါထာနဲ့ သူ့ကို တုံ့ပြန်ဖို့ပဲ။

"အခု၊ လုံးဝ မေ့မပစ်ပါနဲ့။ ဂါထာကတော့ 'လျှာထိုး - စရွေး မကိုက်ဘူး'" ဟာမီးက ရွန် မှော်ကြိမ်လုံးကို အကျီလက်ထဲ ထိုးသွင်းချိန်မှာ အသံနိမ့်ပြောတယ်။

"ငါသိပါတယ်" ရွန်က အော်တယ်။ "လျှာမရှည်နဲ့တော့"

ဒီအချိန်မှာ၊ အဝတ်လဲခန်းထဲမှာ ဝုဒ်က ဟယ်ရီကို တစ်ဖတ်ဆွဲခေါ်ပြီး "ငါ မင်းကို ဖိအားပေးတာ မဟုတ်ဖူး ဟယ်ရီ။ ဒါပေမယ့် လက်ရှိ အခြေအနေအရ ငါတို့ ရွှေဘောလုံးပျံလေးကို စောစောမိမှ ဖြစ်မယ်။ စနိတ်ပ်က ဟပ်ဖဲဖတ်ကို သိပ်ကြီး ဘက်မ လိုက်ခင်မှာ ဒီပြိုင်ပွဲကို အပြီးသတ်မှ ဖြစ်မယ်"

ကျောင်းရှိ လူတွေအားလုံး ရောက်နေပြီ။ ဖရက် - ဝယ်စလီက အပြင်ကို စိုက်ကြည့်နေတယ်။ "အမလေး။ ဘုရားရေ — ဒမ်ဘလီဒိုးတောင် ရောက်နေပြီ"

ဟယ်ရီ့စိတ်ဟာ ပျော်လွန်းလို့ ကွမ်းထိုးလိုက်သလိုပဲ။

"ဒမ်ဘလီဒိုးလား" သူတံခါးဘေး ပြေးသွားတယ်။ ဒီသတင်း အမှန်လားဆိုတာ သေချာချင်လို့။ ဖရက် ပြောတဲ့အတိုင်း မှန်တယ်။ ငွေရောင် တောက်နေတဲ့ သူ့အမှတ်တံဆိပ် မုတ်ဆိတ်မွေးမှ အစစ်ပဲ။

သူ့ရင်ထဲက အလုံးကြီးကျသွားတယ်။ ဝမ်းသာလို့ ခေါင်းမော့ပြီး တအားရယ်ချင်တယ်။ အခု လုံခြုံသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒမ်ဘာလီဒိုးရှိနေရင် စနိတ်ပ်ဟာ သူ့ကို ကြံဖန်ဒုက္ခပေးလို့ မရတော့ဘူး။

ဒါဟာလဲ ဓောသင်းနှစ်သင်း ကွင်းထဲဝင်လာတဲ့အခါမှာ စနိတ်ပ် သိပ်စိတ်ဆိုးနေပုံပေါ်နေတဲ့ အကြောင်းရင်းဖြစ်လိမ့်မယ်။ ဒါကို ရွှန်က သေချာမြင်ပြီးသား။

"စနိတ်ပ်မျက်နှာ ခုလောက် မကောင်းတာ ငါမတွေ့ဖူးဘူး" သူက ဟာမီးကို ပြောတယ်။ "သူတို့ စပြိုင်ကြပြီ။ အမလေး"

ရွှန့်နောက်စေ့ကို တစ်ယောက်ယောက်က တွန်းထဲ့လိုက်တယ်။ အဲဒါ မာဖိုင်။

"အိုး၊ အားနာလိုက်တာ၊ ရွှန်။ မင်းမှန်း သတိမထားမိလို့"

မာဖိုင်က ကျေနပ်စွာ ခရပ်နဲ့ ဂိုးကို သွားဖြုပြတယ်။

"ဒီတစ်ခါ ဟယ်ရီ-ပေါ်တာ တံမြက်စည်းပေါ်မှာ ဘယ်လောက်ကြာကြာ နေနိုင်မယ် မသိဘူးနော်။ ငါနဲ့ လောင်းတဲ့လူ ရှိတယ်။ မင်းကော ပါဦးမလား၊ ရွှန်"

ရွှန်က ပြန်မဖြေဘူး။ ခုတွင်ပဲ စနိတ်ပ်က ဟာ့ဖ်ဖတ်ကို ဖောင်းဘော သွင်းဖို့ ချမှတ်တယ်။ အကြောင်းပြချက်က ဂျော့ - ဝယ်စလီဟာ ဘလတ်ဂါကို သူ့ရှေ့ရိုက်ဗို့တယ်ဆိုပြီး ဖောင်းပေးတာ။ ဟာမီးက လက်ကို ပေါင်ပေါ်တင်ပြီး လက်ချောင်းဆယ်ချောင်းဟာ အမိပ္ပာယ်မရှိ ဆုပ်ကိုင်ထားတယ်။ မိုးပေါ်က ဟယ်ရီကို မျက်စိမှေးပြီး စိုက်ကြည့်နေတယ်။ ဟယ်ရီဟာ ဘောကွင်းအပေါ်ဘက်မှာ လှည့်ပတ်နေတယ်။ ရွှေဘောလုံးပျံလေးရဲ့ အရိပ်အယောင်ကို လိုက်ရှာနေတယ်။

"မင်းတို့သိလား၊ သူတို့က ဘယ်စံနဲ့ ဂရစ်ဖင်းဒေါ် ဘောသမားရွေးတာလဲ သိလား" မိနစ်အနည်းငယ်ကြာတော့ မာဖိုင်က အကျယ်ကြီးပြောတယ်။ ဒီအချိန်မှာ စနိတ်ပ်က အကျိုးအကြောင်းမရှိပဲ ဟာ့ဖ်ဖတ်ကို ဖောင်းမှုတ်လိုက်တယ်။ "ငါ့အထင်တော့ သူတို့က သနားစရာကောင်းတွေချည်း ရွေးထည့်ထားတာ။ နားလည်ပြီးလား။ ပထမ ဟယ်ရီ-ပေါ်တာ။ သူက မိဘမဲ့။ ဒီနောက် ဝယ်စလီ ညီအစ်ကို၊ သူတို့က ငွေမရှိဘူး — ဒီတိုင်းဆိုရင် မင်းလဲ အရွေးခံရဖို့ သင့်တယ်။ နီဗီး၊ မင်းက ခေါင်းမှ မရှိတာ"

နီဗီးမျက်နှာကြီး နီရဲလာတယ်။ သူက အရဲစွန့်ပြီး မာဖိုင်နဲ့ မျက်နှာ



ချင်းဆိုင်လိုက်တယ်။

"မင်းလိုကောင် ၁၂ ယောက်ကတောင် ငါ့လိုကောင်ကို မမီပါဘူး၊ မာဖိုင်" သူက အထစ်စွာ ပြောတယ်။

မာဖိုင်၊ ခရပ်နဲ့ ဂိုးတို့ ဆူဆူရူရူ အော်ရယ်တယ်။ ရွှန်က မျက်စိကို ဘောကွင်းက မခွာပေမယ့် နီဗီးကို အားပေးဖို့ မမေ့ဘူး။ "မင်းပြောတာ ကောင်းတယ် နီဗီး"

"နီဗီး။ ခေါင်းဟာ ရွှေဆိုရင် မင်းက ရွှန်ထက် ဆင်းရဲတာ သေချာတယ်။ ဒီစကား အဓိပ္ပာယ်ကို မင်းနားလည်ပါတယ်နော်" ရွှန့်စိတ်ဟာ ဟယ်ရီကို စိုးရိမ်ရလွန်းလို့ အလွန်တင်းကြပ်နေပြီ။ အခု ပေါက်ကွဲလုဆဲဆဲ ဖြစ်နေပြီ။

"ငါမင်းကို သတိပေးတယ်၊ မာဖိုင် — မင်းထပ်ပြောရဲ ပြောကြည့်စမ်း"

"ရွှန်" ဟာမီး ရုတ်တရက်ပြောတယ်။ "ဟယ်ရီ — "

"ဘာဖြစ်လဲ။ ဘယ်မှာလဲ"

ဟယ်ရီက ရုတ်တရက် ပြောင်မြောက်စွာ ထိုးဆင်းလိုက်တယ်။ ပရိသတ်က အသက်အောင့်သွားပြီး လိုက်လှဲ့စွာ ဩဘာပေးတယ်။ ဟယ်ရီက အရှိန်မြှင့်ပြီး ကျည်ဆံတစ်တောင့်လို အရှိန်ပြင်းပြင်း မြေပြင်သို့ ထိုးချတဲ့ အခါမှာ ဟာမီး မတ်တတ်ရပ်လိုက်တယ်။ လက်နှစ်ဖက် ထပ်ပြီး ပါးစပ်ကို တေ့ထားတယ်။

"မင်း သူဌေးဖြစ်တော့မှာ ရွှန်။ ဟယ်ရီ့ကြည့်ရတာ မြေကြီးပေါ်က ကြေးပြားတစ်ပြား တွေ့သွားပုံရတယ်" မာဖိုင်က ပြောတယ်။

ရွှန်က တအားအော်ပြီး မာဖိုင် ဘာမှန်းမသိလိုက်ချိန်မှာ သူ့ကိုယ်ပေါ် ခုန်အုပ်ပြီးသား ဖြစ်သွားတယ်။ သူ့ကို မြေကြီးပေါ်လှဲချလိုက်တယ်။ နီဗီးဟာ ခန တွန့်ဆုတ်နေပြီးနောက် ထိုင်ခုံကိုကျော်ပြီး သွားကူတယ်။

"မြန်မြန်လုပ်၊ ဟယ်ရီ" ဟာမီးက တအားအော်ပြီး ထိုင်ခုံပေါ် ခုန်တက်လိုက်တယ်။ ဟယ်ရီ စနိတ်ပ်ရှိတဲ့ ဘက်သို့ ထိုးဝင်သွားတာ ကြည့်နေတယ်။ သူမဟာ ထိုင်ခုံအောက်မှာ ပြင်းပြင်းထန်ထန် လိမ့်နေတဲ့ မာဖိုင်နဲ့ ရွှန်ကို သတိမထားမိဘူး။ သူမ နောက်ဖက်က နီဗီး၊ ခရပ်နှင့် ဂိုးတို့ ထိုးဦးရဲ့ လက်သီးပွဲ အော်သံကိုလဲ မကြားဘူး။

မိုးပေါ်မှာ စနိတ်ပ်က တံမြက်စည်းကို ကန့်လန့်ထားပြီး ဦးလှည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဒီအချိန်မှာ နီးစွေးစွေး အရိပ်တစ်ခု သူ့ဘေးက ဖြတ်သွားတာ တွေ့လိုက်ရတယ်။ လက်မ အနည်းငယ်လောက် တပ်မိရင် သူ့ကိုတောင် ဝင်တိုက်မိတော့မယ် — ဒီနောက် တစ်စက္ကန့်မှာပဲ ဟယ်ရီက တံမြက်စည်းကို ဆွဲတင်လိုက်ပြီး အောင်မြင်တဲ့ ပုံသဏ္ဍာန်နဲ့ လက်ကို မြှောက်ပြတယ်။ ရွှေဘောလုံးပျံလေး သူ့လက်ထဲ ရောက်နေပြီ။

ပွဲကြည့်စင်ပေါ်ကနေ မိုးမြေ တုန်လှုပ်မတတ် အားပေးသံကြီး ပေါ်ထွက်လာတယ်။ ဒါဟာ စံချိန်သစ်တစ်ခုကို အကြွင်းမဲ့ တင်လိုက်တာပဲ။ အလျင်က ကျင်းပခဲ့တဲ့ ခွေဒစ်ပြိုင်ပွဲတွေမှာ ဒီလောက် အချိန်တိုတိုနဲ့ အနိုင်အရှုံး ခွဲခြားနိုင်တာ မရှိခဲ့ဘူး။

"ရွှန်၊ ရွှန်။ နင်ဘယ်မှာလဲ။ ပြိုင်ပွဲပြီးဆုံးသွားပြီ။ ဟယ်ရီနိုင်ပြီ။ ငါတို့နိုင်ပြီ။ ဂရစ်ဖင်းဒေါ် အသာစီးရပြီ" ဟာမီးက တအားအော်ပြီး ထိုင်ခုံပေါ်ကနေ ခုန်ချလိုက်၊ ခုန်တက်လိုက် လုပ်နေတယ်။ စိတ်လှုပ်ရှားလွန်းလို့ ဘာထီကို သွားဖက်တယ်။

ဟယ်ရီဟာ မြေနဲ့ တစ်ပေအကွာမှာ တံမြက်စည်းပေါ်က ခုန်ချတယ်။ ဒါ တကယ့်ဖြစ်ရပ်ဆိုတာ သူယုံတောင်မယုံဝံ့ဘူး။ အခု သူအောင်မြင်ပြီ — ပြိုင်ပွဲလဲ ပြီးဆုံးပြီ။ စတင်တဲ့အချိန်ကနေပြီး ဆုံးတဲ့အချိန်ထိ ငါးမိနစ်တောင် မကြာလိုက်ဘူး။ ဂရစ်ဖင်းဒေါ် ကျောင်းသားတွေ ဘောကွင်းထဲ ဝင်လာတဲ့အခါမှာ စနိတ်ပ်ဟာ သူတို့အနား သက်ဆင်းရောက်ရှိလာတာ ဟယ်ရီတွေ့ရတယ်။ သူ့မျက်နှာ ဖြူဖပ်ဖြူယော်ဖြစ်ပြီး ပါးစပ်တင်းတင်းစေ့ထားတယ်။ ဒီအချိန်မှာ ဟယ်ရီ ပခုံးကို တစ်ယောက်ယောက် ပုတ်လိုက်တဲ့အတွက် ခေါင်းမော့ကြည့်လိုက်တော့ ဒမ်ဘလီဒိုးရဲ့ အပြုံးမျက်နှာနဲ့ သွားတိုးတယ်။

"ကောင်းတယ်" ဒမ်ဘလီဒိုးက အသံနိမ့်ပြီး ပြောတဲ့အတွက် ဟယ်ရီသာ ကြားရတယ်။ မင်း ဟိုမှန်ကိုချည်း တွေးမနေတာ တမ်းသာတယ်။ မင်း အလုပ်များနေအောင်နေ. . . . . . အလွန် ကောင်းတယ်. . . . . . "

စနိတ်ပ်က ဒေါသနဲ့ တံတွေးတစ်ချက် ထွေးချလိုက်တယ်။

မကြာခင်မှာပဲ ဟယ်ရီတစ်ယောက်ထဲ အဝတ်လဲခန်းက ထွက်လာတယ်။ မိမိရဲ့ အလင်းစကြာ နှစ်ထောင်ကို တံမြက်စည်း ဂိုဒေါင် ပြန်ပို့ဖို့ သွားတယ်။ သူ့ဘဝမှာ ဒီလိုတစ်ခါမှ မပျော်ခဲ့ဖူးဘူး။ သူ အခု ဂုဏ်ယူစရာ



အလုပ်ကြီးတစ်ခုကို လုပ်ခဲ့ပြီလို့ သူထင်တယ် — ဘယ်သူကမှ သူ့ကို နာမည်ကြီးပြီး အသုံးမကျဘူးလို့ ပြောလို့ မရတော့ဘူး။ ညနေခင်း အငွေ့အသက်ဟာ ဘယ်တုန်းကမှ ဒီလောက် မချိုမြိန်ခဲ့ဘူး။ သူဟာ မြက်ခင်းစိုစိုကို ဖြတ်ရင်း ခုနက ဖြစ်ပျက်ခဲ့တာတို ပြန်စဉ်းစားနေတယ်၊ ပျော်ရွှင်စရာ ဝေဝါးတဲ့ မှတ်သားချက်တွေ၊ ဂရစ်ဖင်းဒေါ် ကျောင်းသားတွေဟာ ကွင်းထဲ ပြေးဝင်လာပြီး သူ့ကို ဝိုင်းထမ်းကြတယ်။ ရွှန်နဲ့ ဟာမီးတို့ဟာ အဝေးမှာ ဝမ်းသာလို့ ခုန်တက်၊ ခုန်ဆင်းဖြစ်နေတယ်။ နှာခေါင်းသွေး ပေနေတဲ့ ရွှန်က သူ့ကို ဩဘာပေးနေတယ်။

ဟယ်ရီ တံမြက်စည်းထားတဲ့အခန်း ရောက်လာတယ်။ သူ သစ်သားတံခါးပေါ် မှီပြီး ဟော့ဂ်ဝပ်ကို မော့ကြည့်တယ်။ ပြတင်းပေါက်တွေဟာ ညနေခင်း နေရောင်အောက်မှာ နီရဲစွာ လင်းလက်နေတယ်။ ဂရစ်ဖင်းဒေါ် အသင်းနိုင်ပြီ။ သူအောင်မြင်ခဲ့ပြီ။ ဒါကို စနိတ်ပ် မြင်ရပြီ. . . . .

စနိတ်ပ် အကြောင်းရောက်တော့. . . . . .

ခေါင်းစွပ်ဦးထုပ်ဆောင်းထားတဲ့ အရိပ်တစ်ခု ရဲတိုက်ရဲ့ ရှေ့တံခါးမကြီး လှေခါးကနေ အလျင်အမြန်ဆင်းသွားတယ်။ သူများ တွေ့မှာစိုးလို့ ထင်ပါရဲ့၊ တားမြစ်သစ်တောဆီသို့ အပြေး ထွက်သွားတယ်။ ဟယ်ရီ ဒါကို ကြည့်နေရင်းရင်ထဲက ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားတယ်။ အဲဒီ အရိပ်ရဲ့ ခိုးကြောင်ခိုးဝှက် ခြေလှမ်းကို သူမှတ်မိသွားတယ်။ ဒါ စနိတ်ပ်ပဲ။ သူများတွေ ညစာ စားနေချိန်ကို အခွင့်ကောင်းယူပြီး တားမြစ်သစ်တောထဲ ဝင်သွားတယ် — သူ ဘာများလုပ်မလို့လဲ။

ဟယ်ရီဟာ မိုးပျံတံမြက်စည်းပေါ် ပြန်ခုန်တက်ပြီး မိုးပေါ်ပျံတက်ခဲ့တယ်။ သူဟာ ရဲတိုက်အပေါ်ကနေ တိတ်တိတ်ပျံသန်းတယ်။ စနိတ်ပ် တားမြစ်သစ်တောထဲ ပြေးဝင်သွားတာ မြင်ရတယ်။ သူ နောက်ကနေ လိုက်သွားတယ်။

သစ်ပင်တွေ သိပ်ထူထပ်ခိုင်းနေတဲ့အတွက် စနိတ်ပ် ဘယ်သွားတယ်ဆိုတာ သူမမြင်ရဘူး။ သူဝဲပျံရင်း နိမ့်ဆင်းတယ်။ သစ်ပင်ဖျား ကပ်ပြီး ပျံတယ်။ နောက်ဆုံး စကားပြောသံ ကြားရတယ်။ သူဟာ သူတို့ ရှိရာသို့ ပေါ်ငြိမ်စွာ ပျံသွားပြီး မြင့်မားတဲ့ ဘီးချပ်ပင်ကြီးပေါ် အသာဆင်းလိုက်တယ်။ သူဟာ သစ်ကိုင်းတစ်ကိုင်းပေါ်ကနေ သတိနဲ့ ရှေ့သို့ တွားသွားတယ်။ မိုးပျံတံမြက်

www.burmeseclassic.com

www.burmeseclassic.com



စည်းကို လက်နဲ့ တင်းတင်းဆုပ်ထားတယ်။ သစ်ရွက်တွေ ကြားကနေ အောက်ကို မြင်ရအောင် ကြိုးစားတယ်။

အောက်ဘက်ရှိ အရိပ်တွေ ထိုးနေတဲ့ ကွက်လပ်မှာ စနိတ်ပ် ရပ်နေတယ်။ ဒါပေမယ့် သူတစ်ယောက်ထဲတော့ မဟုတ်ဖူး။ ခွေရိုလဲ အဲဒီမှာ ရှိတယ်။ သူ့မျက်နှာပေါ်က အမူအရာကို ဟယ်ရီ မမြင်ရဘူး။ ဒါပေမယ့် သူဟာ ခါတိုင်းထက် ထစ်ငေါ့နေတယ်။ သူတို့ ဘာပြောသလဲဆိုတာ ဟယ်ရီ အာရုံစိုက် နားထောင်တယ်။

". . . . ဟင့်အင်း — ခင်ဗျားဘာဖြစ်လို့ - လို့ - ဒီနေရာမှာ လာတွေ့ရတာလဲ၊ ဆီးဗရတ် . . . ."

"အော၊ ဒီကိစ္စ လူသိခံလို့ မရဘူး ထင်လို့" စနိတ်ပ်က ပြောတယ်။ သူ့အသံက အေးစက်စက်ကြီး။ "ဘာပဲဖြစ်ဖြစ် ကျောင်းသားတွေ မှော်ကျောက်တုံး ရှိတယ်ဆိုတာ မသိသင့်ဘူး"

ဟယ်ရီက ကိုယ်ကို ကိုင်းလိုက်တယ်။ ခွေရိုက ပွစိပွစိ ဘာပြောနေမှန်း မသိဘူး။ စနိတ်ပ်က ဖြတ်ပြောတယ်။

"ဟက်ဂရစ်ရဲ့ တိရစ္ဆာန်ဆိုးကို ဘယ်လို လုပ်ရမယ်ဆိုတာ ခင်ဗျား သိလို့လား"

"ဒါ - ဒါ - ဒါပေမယ့်၊ စစ်ဖလစ်၊ ကျွန်တော် — "

"ကျုပ်နဲ့ ခင်ဗျား ရန်သူဖြစ်မှာ ခင်ဗျား မလိုလားပါဘူးနော်၊ ခွေရို" စနိတ်ပ်က ပြောရင်း သူ့နား တစ်လှမ်းတိုးလိုက်တယ်။

"ကျွန်တော် - ကျွန်တော် ခင်ဗျား - ခင်ဗျား ဘာ — "

"ကျုပ် အဓိပ္ပာယ်ကို ခင်ဗျား ရှင်းရှင်း သိပါတယ်"

ဇီးကွက်တစ်ကောင် အကျယ်ကြီး ထအော်တယ်။ ဟယ်ရီဟာ သစ်ပင်ပေါ်က လိမ့်ကျမလို့ နည်းနည်းလိုတယ်။ သူ မိမိကိုယ်မိမိ ထိန်းလိုက်တယ်။ ထိုစဉ်မှာ " — မင်းရဲ့ - လျှို့ဝှက်တဲ့ မျက်လှည့်လေး၊ ကျုပ် စောင့်နေမယ်" လို့ စနိတ်ပ်ပြောတာ ကြားရတယ်။

"ဒါ - ဒါပေမယ့်၊ ကျွန်တော် မ - မ - မဲ — "

"သိပ်ကောင်းတယ်" စနိတ်ပ်က ဖြတ်ပြောတယ်။ "သိပ်မကြာခင်မှာ မင်း ဘယ်သူ့ကို သစ္စာခံမယ်ဆိုတာ သေချာစဉ်းစားပြီးရင် ကျုပ်တို့ နောက်ထပ် တွေ့ကြသေးတာပေါ့"



သူဟာ ခြုံထည်နဲ့ ခေါင်းကို ဖုံးပြီး ခြေလှမ်းကျဲကြီးနဲ့ ကွက်လပ်ကနေ ထွက်ခွာသွားတယ်။ မိုးလဲ လုံးဝချုပ်တော့မယ်၊ ဒါပေမယ့် ခွေရို သစ်တုံးလို မလှုပ်မယှက် ရပ်ကျန်ရစ်ခဲ့တာကို ဟယ်ရီမြင်နိုင်သေးတယ်။

"ဟယ်ရီ နင်ဘယ်သွားနေတာလဲ" ဟာမီးက အော်ပြောတယ်။

"တို့နိုင်ပြီ၊ နင်နိုင်ပြီ၊ တို့နိုင်ပြီ" ရွန်က ဟယ်ရီ့ကျောကို တအား ပုတ်ပြီး အကျယ်ကြီး အော်ပြောတယ်။ "ငါ မာဖိုင်ရဲ့ မျက်စိကို ညိုသွားအောင် ထိုးပစ်လိုက်တယ်။ နီဗီးတစ်ယောက်ထဲ ခရပ်နဲ့ ဂိုးကို ချတာ။ သူ အခု မေ့နေသေးတယ်။ ဒါပေမယ့် မဒမ်ဖွန်ဖရေက ပြောတယ်။ သူနေကောင်းလာမှာပါတဲ့ — စလေးသရင်းကို ဆုံးမတဲ့ အကြောင်း ပြောပြပါဦး။ အားလုံး နားနေခန်းထဲမှာ မင်းကို စောင့်နေကြတယ်။ တို့ ဂုဏ်ပြုပွဲတစ်ခု လုပ်နေတယ်။ ဖရက်နဲ့ ဂျော့တို့က စားဖိုချောင်ကနေ ကိတ်တချို့ ခိုးယူလာတယ်"

"အဲဒါတွေ ထားလိုက်ဦး" ဟယ်ရီ ဟောဟဲ ဟောဟဲနဲ့ ပြောတယ်။ "တို့ အခန်းလွတ် တစ်ခုခုရှာပြီး ငါပြောတာ နားထောင်ကြပါဦး. . . . ."

သရဲဖီးဗ်စ် အခန်းထဲ မရှိတာ သေချာတော့မှ ဟယ်ရီက အခန်းတံခါးကို ပိတ်လိုက်တယ်။ ပြီးတော့မှ သူ ခုနက မြင်တာ ကြားတာတွေကို သူတို့ ပြောပြတယ်။

"ဒါဆိုရင် တို့ ခန့်မှန်းတာ မှန်တာပေါ့။ အဲဒီအရာဟာ မှော်ကျောက်တုံးပဲ။ စနိတ်ပ်က ခွေရိုကို သူ့ကို ကူပြီး အဲဒီ ကျောက်တုံးယူဖို့ ဖိအားပေးနေတာ။ သူက ခွေရိုကို ခေါင်းသုံးခေါင်း ခွေးကို ဘယ်လိုနှိမ်နင်းရမလဲလို့ မေးနေတယ်။ ပြီးပြင် ခွေရိုရဲ့ 'လျှို့ဝှက်တဲ့ မျက်လှည့်လေး' ဆိုတာလဲ ပြောသေးတယ်။ ငါ့အထင်တော့ အဲဒီခွေးအပြင် တခြားအတားအဆီးတွေနဲ့ အဲဒီကျောက်တုံးကို အကာအကွယ်ပေးထားတယ်နဲ့ တူတယ်။ မှော်နည်း မှော်ပညာနဲ့ စီရင်ထားတယ် ထင်တယ်။ ခွေရိုက မှော်နက်ပညာကို ဆန့်ကျင်တဲ့ ဂါထာနဲ့ စီမံထားလို့ စနိတ်ပ် မဖြတ်နိုင်ဘဲ အဲဒါတွေကို ဖြည်ဖို့ လိုချင်တာလဲ ဖြစ်မယ်"

"နင် ပြောလိုတာက ခွေရိုက စနိတ်ပ်ကို ခုခံနိုင်မှသာ မှော်ကျောက်တုံး လုံခြုံမှာ ဟုတ်လား" ဟာမီးက ထိတ်ထိတ်ပျာပျာနဲ့ မေးတယ်။

"အဲဒီ ကျောက်တုံး လာမယ့်အပတ် အင်္ဂါနေ့ဆို မရှိတော့ဘူး" ရွန်က ပြောတယ်။

www.burmeseclassic.com



## ၁၄။ နော်ဝေ တံစဉ်နေပါ။ – နိုဘာ

သို့ပေမယ့်၊ ခွေးရိုဟာ သူတို့အစက ခန့်မှန်းတာထက် အများကြီး ရဲရှင့်တယ်။ ဆက်တိုက် ရက်သတ္တပတ် အနည်းငယ်မှာ သူဟာ ကြာလေ၊ ဖြူဖပ်ပိန်ချောက်လာပေမဲ့ ပြုလဲတော့မှ လက္ခဏာ မတွေ့ရဘူး။

တတိယလ္လာ စကြီရေ့ဖြတ်သွားတိုင်း ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ချိန်းထားသလိုပဲ တံခါးရွက်ပေါ် နားကပ်ပြီး နားထောင်ကြည့်တယ်။ အတွင်းမှာ အမွေးပွားလေး ဟစ်အော်နေသလား သိချင်ကြတယ်။ ဖနိတ်ပ်ဟာ ခါတိုင်းလိုပဲ သဘောဆိုးဆိုးနဲ့ မျက်နှာကြီးမည်းပြီး ကျောင်းထဲမှာ အလျင်အမြန် သွားလာနေတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် မှော်ကျောက်တုံးဟာ လက်ရှိ အချိန်မှာ တော်တော်လုံခြုံနေသေးတယ်လို့ ဖော်ပြတယ်။ ဒီရက်တွေမှာ ဘယ်အခါမဆို ခွေးရိုကို တွေ့တိုင်း ဟယ်ရီဟာ အားပေးတဲ့ သဘောဆောင်တဲ့ အပြုံးကို ဖော်ပြတယ်။ ရွန်ကတော့ ခွေးရို အထစ်တာကို ကဲ့ရယ်သူတွေကို တစ်အားအပြစ်တင် ပြောဆိုတယ်။

ဒါပေမယ့် ဟာမီးစိတ်ထဲမှာ မှော်ကျောက်တုံးထက် အရေးကြီးတဲ့



ကိစ္စရှိတယ်။ သူမဟာ စာကျက်ဖို့ အချိန်နဲ့ နှုန်းဇယားချထားပြီးပြီ။ ဒီပြင် သူမ မှတ်စုအားလုံးကို အရောင်ထားရမဲ့ နေရာတွေကို ရောင်စုံခဲတံနဲ့ အမှတ်အသား လုပ်ထားတယ်။ ဟယ်ရီနဲ့ ရွန်ဟာ အစမှာတော့ ဒါကို အလေးမထားဘူး။ ဒါပေမယ့် သူမက သူတို့ကို သူမလုပ်သလိုလုပ်ဖို့ နားညည်းအောင် ပြောပြောနေတယ်။

"ဟာမီး၊ စာမေးပွဲရောက်ဖို့ နှစ်ရာနဲ့ချီ လိုသေးတယ်"

"တနင်္ဂနွေ ဆယ်ပတ်" ဟာမီးက ဟောက်တယ်။ "အဲဒါ နှစ်ရာနဲ့ချီတာ မထင်နဲ့၊ နီခို - ရမေအဖို့ဆိုရင် တစ်စက္ကန့်လောက်ရှိတာ"

"တို့က အသက် ၆၀၀ မှ မရှိတာ" ရွန်က သူမကို သတိပေးတယ်။ "ပြီးတော့၊ မင်းက ဘာဖြစ်လို့ အလုပ်ပိုခံပြီး စာပြန်ကျက်ရတာလဲ။ မင်းအကုန်လုံး တတ်နေပြီ မဟုတ်လား"

"ငါ ဘာလို့ စာပြန်ကျက်ရလဲ ဟုတ်လား။ နင် ရူးနေပြီလား။ ငါတို့ စာမေးပွဲစစ်တာ အောင်မှ ချောချောမွေ့မွေ့ အတန်းတက်နိုင်မှာ။ ဒါ အလွန်အရေးကြီးတဲ့ ကိစ္စ။ လွန်ခဲ့တဲ့ တစ်လကတည်းက စ,စာကျက်ရမှာ။ ငါ ဘာကြောင့် ကြောင်ပြီး ဒီလိုနေနေတာလဲ. . . . . ."

ကံမကောင်း အကြောင်းမလှစွာပဲ၊ ဆရာတွေရဲ့ သဘောကလဲ ဟာမီးသဘောနဲ့ အလွန်နီးစပ်တယ်၊ ဆရာတွေဟာ ကျောင်းသားတွေကို အိမ်စာတွေ တပုံကြီးပေးကြတယ်။ ဒါကြောင့် ရောက်လာတဲ့ အီစတာပွဲတော် ကျောင်းပိတ်ရက်ဟာ ခရစ်စမတ်ပွဲတော်လို ပေျပါးပျော်ရွှင်မှု သိပ်မရှိဘူး။ ပြီးတော့ ဟာမီးတစ်ယောက်ဟာ အနားလာပြီး နဂါးသွေး အသုံးပြုနည်း ၁၂ မျိုးရွတ်ဆိုနေတာ ဒါမှမဟုတ်ရင် မှော်ကြိမ်လုံး ညွှန်ပြတဲ့ စည်းချက်ကို လေ့ကျင့်တာ ယှပ်နေရင်၊ ဘယ်လိုလုပ်ပြီး ပေါ့ပေါ့ပါးပါး ရှိနိုင်မှာလဲ။

ဟယ်ရီနဲ့ ရွန်တို့ဟာ တညည်းညည်း တညူညူ တသမ်းသမ်း တဝေဝေဖြစ်နေပေမယ့်၊ သူတို့ ကျောင်းအားချိန် အများစုဟာ ဟာမီးနဲ့အတူ စာကြည့်တိုက်ထဲမှာရှိနေတယ်။ ကျက်ရမဲ့ စာအားလုံးကို ကြိုးစားကျက်တယ်။

"ဒါကို ငါဘယ်တော့မှ ကျက်လို့ ရမှာမဟုတ်ဖူး" တစ်ညနေမှာ ရွန်က အောင့်မနေနိုင်တော့ပဲ သူ့ငှက်မွေးကလောင်ကို ပစ်ချပြီး၊ စာကြည့်တိုက် ပြတင်းပေါက်အပြင်က ရှုခင်းကို တပ်မက်စွာ ငေးကြည့်နေတယ်။ ဒီနေ့ဟာ လအနည်းငယ်အတွင်း ပထမဆုံးကြုံရတဲ့ သာယာတဲ့နေ့ ဖြစ်တယ်။ မိုးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်က ကြည်ပြာရောင်၊ တိမ်ကင်းစင်နေတယ်။ လေထုထဲမှာလဲ နွေရက်မပေးတော့ဘူးဆိုတဲ့ အနံ့အသက်လေးတွေ ဆောင်နေပြီ။

ဟယ်ရီဟာ (ထူးဆန်းအံ့သြဖွယ် ဆေးပင်တစ်ထောင်နဲ့ ပိုးမွှားများ) စာအုပ်ထဲမှာ "ယှက်ဂျီ" အကြောင်း ရှာဖွေနေတယ်။ ရွန်က အံ့သြစွာနဲ့ "ဟက်ဂရစ်၊ စာကြည့်တိုက် ဘာလာလုပ်တာလဲ" လို့ မေးသံကြားတော့မှ အံ့သြစွာ ခေါင်းမော့ကြည့်တယ်။

ဟက်ဂရစ်ဟာ ဖြည်းဖြည်းအေးအေး လျှောက်လာတယ်။ သူတို့ကို မြင်တာနဲ့ လက်ထဲက အရာကို နောက်ဖွက်ထားလိုက်တယ်။ သူဝတ်ထားတဲ့ ပွေးသားရေ အပေါ်ဖုံးအင်္ကျီဟာ ဒီနေရာနဲ့ တခြားစီ ဖြစ်နေတယ်။

"အလကားလာလည်တာပါ" သူကပြောတယ်။ သူ့လေသံဟာ ဖုံးပေမဲ့ ပေါ်နေတာကြောင့် သူတို့ စိတ်ဝင်စားသွားတယ်။ "မင်းတို့ ဒီမှာ ဘာလုပ်နေပြန်တာလဲ" သူက ရုတ်တရက် သံသယနဲ့ "နီခို - ရမေ အကြောင်း ရှာနေတာမျှားလား"

"အော၊ အဲဒါ ကျွန်တော်တို့ လွန်ခဲ့တဲ့ နှစ်ရာအချို့ကတည်းက တွေ့ပြီးပြီ" ရွန်က ခပ်တည် တည်ပြောတယ်။ "ပြီးတော့ ဟိုခွေးစောင့်နေတာ ဘာလဲဆိုတာလဲ သိတယ်။ အဲဒါ ဖမ်ကျောက်တုံး — "

"ရှူး" ဟက်ဂရစ်က ကမန်းကတန်း အရပ်လေးမျက်နှာကို ကြည့်လိုက်တယ်။ သူတို့ စကားပြောနေတာကို ချောင်းနားထောင်သူ မရှိတာ သေချာမှ "ဒီလိုကိစ္စကို ဒီနေရာမှာ အော်ပြောလို့ ဘယ်ဖြစ်မလဲ။ မင်းတို့ ဘာလုပ်ချင်တာလဲ ပြောစမ်း"

"အမှန်ပြောရရင် ကျွန်တော်တို့ ခင်ဗျားကို မေးစရာရှိတယ်" ဟယ်ရီက ပြောတယ်။ "အဲဒါကတော့ ကျောက်တုံးကို အစောင့်ချထားတဲ့ကိစ္စ။ အမွေးဖွားလေးအပြင် — "

"ရှူး" ဟက်ဂရစ်က ရှူးလုပ်ပြန်တယ်။ "နားထောင် — ခနနေရင် ကျုပ်ဆီလာခဲ့ကြ။ မင်းတို့ကို ဘာပြောပြမယ်လို့ ကတိမပေးဘူးနော်။ အခု ဒီအကြောင်း ထပ်မပြောဖို့ တောင်းပန်ပါတယ်။ ကျောင်းသားဆိုတာ လုံးဝ မသိသင့်ဘူးလေ" သူတို့က မင်းတို့ကို ကျုပ်ပြောပြတာလို့ထင်မှာ — "

"ဒါဆို တော်ကြာတွေ့မယ်" ဟယ်ရီက ပြောတယ်။

ဟက်ဂရစ်က လေးတွဲ့တွဲ့ ထွက်သွားတယ်။



"သူ ခုနက ဖွက်လိုက်တာ ဘာလဲ" ဟာမီးက တွေးရင်း မေးတယ်။

"ကျောက်တုံးနဲ့များ ဆိုင်မလား"

"သူခုနက စာအုပ်ရှာနေတဲ့ နေရာကို ငါသွားကြည့်လိုက်မယ်" ရွန်က ပြောတယ်။သူက အစောကြီးကတည်းက စာကိုပစ်ပြီး လှုပ်ရှားချင်နေတာ။ တစ်မိနစ်ကြာပြီးနောက် သူစာအုပ်တစ်ပွေ့တစ်ပိုက်ကြီး သယ်လာပြီး စားပွဲပေါ် ပစ်ချလိုက်တယ်။

"နဂါး" သူက တိုးတိုးပြောတယ်။ "ဟက်ဂရစ်က နဂါးအကြောင်း အချက်အလက်ရှာနေတာ။ ဒါတွေကို ကြည့်။ (ဂရိတ် ဗြိတိန်နဲ့ အိုင်ယာလန် နဂါးမျိုးများ)၊ (ဥမှ မွေးဖွားခြင်းမှ မီးမှုတ်ထုတ်ခြင်း)၊ (နဂါးမွေးလက်စွဲ)"

"ဟက်ဂရစ်ဟာ နဂါးတစ်ကောင် မွေးချင်နေတာ ကြာပြီ။ ငါ သူနဲ့ စသိတုန်းကတည်းက သူငါ့ကို ပြောပြတာ" ဟယ်ရီက ပြောတယ်။

"ငါတို့ ဥပဒေကမ်းက နဂါးမွေးခွင့် ပိတ်ပင်ထားတယ် မဟုတ်လား" ရွန်က ပြောတယ်။ "၁၇၀၉ ခုနှစ် မှော်ဆရာ အစည်းအဝေးကြီးမှာ နဂါးမွေးမြူရေးကို ပိတ်ပင်တဲ့ တရားဥပဒေကို တရားဝင် အတည်ပြုခဲ့တယ်။ အားလုံး မိမိအိမ်ခြံဝန်း နောက်ထဲမှာ နဂါးမွေးခဲ့ရင် မတ်ဂေါ်တွေက တို့ကို ချက်ချင်းသိသွားမှာ။ ပြီးတော့လဲ၊ နဂါးကို အချစ်တော် တိရစ္ဆာန်အဖြစ် မွေးလို့လဲ မရပါဘူး။ အလွန် အန္တရာယ်ရှိတယ်။ ချာလီကိုယ်ပေါ်က ကြောက်စရာ မီးလောင်ဒဏ်ရာတွေကိုသာ ကြည့်။ အဲဒါ ရိုမေးနီးယား နဂါးရိုင်းကြောင့် ဖြစ်တာ"

"ဗြိတိန်မှာကော နဂါးရိုင်း မရှိဘူးလား"

"ဘယ်မရှိပဲနေမလဲ" ရွန်က ပြောတယ်။ "ဒါပေမယ့် ရိုးရိုးဝီအားစ် စုပေါင်းဒေသက နဂါးစိမ်းနဲ့ ဘရစ် နဂါးနက်။ မှော်ပညာဌာနကြီးဟာ ၎င်းတို့ ရှိနေတဲ့ အဖြစ်မှန်ကို နည်းပေါင်းစုံနဲ့ ဖုံးကွယ်သေးတယ်။ ငါတို့လို မှော်ပညာ တတ်တဲ့ သူတွေဟာ နဂါးကို မြင်တွေ့တဲ့ မတ်ဂေါ်တွေကို မှော်ပညာနဲ့ ဒီကိစ္စ မေ့အောင် လုပ်ရတယ်"

"ဒါဖြင့်ရင် ဟက်ဂရစ်က ဘာလုပ်ချင်တာလဲ" ဟာမီးက မေးတယ်။

နောက်တစ်နာရီ ကြာတော့ သူတို့ဟာ တောလိုက်ကွင်း အစောင့်ရဲ့ အိမ်တံခါးကို သွားခေါက်ကြတဲ့ အခါမှာ ပြတင်းပေါက်အားလုံး ပိတ်ပြီး

www.burmeseclassic.com



လိုက်ကာ ဆွဲချထားတာ အံ့ဩစွာ တွေ့ကြရတယ်။ ဟက်ဂရစ်က အရင်မေး လိုက်တယ်။ "ဘယ်သူလဲ" ပြီးမှ သူတို့ကို တံခါးဖွင့်ပေးတယ်။ ချက်ချင်း ပျာယီးပျာယာ တံခါးပြန်ပိတ်တယ်။

အခန်းထဲမှာ ပူလဲပူ၊ အိုက်လဲအိုက်စပ် အလုံပိတ်နေတယ်။ ရာသီဥတုက အလွန်နွေးတယ်။ မီးလင်းဖိုထဲမှာ မီးတောက်ကောင်းကောင်းနဲ့ မီးဖိုထားတယ်။ ဟက်ဂရစ်က သူတို့ကို လက်ဖက်ရည် ဖျော်ပေးတယ်။ သူတို့ကို မြွေပါ အသားညှပ်ပေါင်မုန့် လုပ်ကျွေးမယ်လို့ ပြောလို့ သူတို့ လန့်ပြီး မကျွေးဖို့ ပြောရတယ်။

"ဒါကြောင့် — မင်းတို့ ကျုပ်ကို မေးစရာရှိတယ် မဟုတ်လား"

"ဟုတ်တယ်" ဟယ်ရီက ပြောတယ်။ အခု လှည့်ပတ်ပြောစရာ မလိုဘူး။ "ကျွန်တော်တို့ သိချင်တာက ခင်ဗျား ကျွန်တော်တို့ကို အမွေးဖွား လေးအပြင် မှော်ကျောက်တုံးကို ဘယ်လို အတားအဆီးတွေနဲ့ စောင့်ရှောက် ထားတယ်ဆိုတာ ပြောပြစေချင်တယ်"

ဟက်ဂရစ် မျက်ခုံးတွန့်လိုက်တယ်။

"မရဘူး" သူက ပြောတယ်။ "တစ် - ကျုပ် လုံးဝမသိဘူး။ နှစ် - မင်းတို့ သိတာ သိပ်များနေပြီ၊ ဒါကြောင့် ကျုပ်သိတယ်ပဲ ထားဦး၊ မင်းတို့ကို ပြောပြမှာ မဟုတ်ဘူး။ ကျောက်တုံးကို ဒီမှာထားတာ အရေးကြီးတဲ့ အကြောင်းရှိတာပေါ့။ ဂရင်းဂေါ့စ်မှာ အခိုးခံရဖို့ နည်းနည်း လိုတယ် — ကိစ္စလဲ မင်းတို့ အတော်ကြီးကတည်းက သိပြီးရောမယ်။ ဟုတ်တယ် မှုတ်လား။ မင်းတို့ အမွေးဖွားလေးအကြောင်း ဘယ်လိုသိတယ်ဆိုတာ ငါ့ကို သတ်ပစ်တောင် ငါအတွေးမပေါက်ဖူး ဟေ့"

"အိုး - ကျေးဇူးပြုပြီး ဟက်ဂရစ်။ ရှင် တကယ်ပြော မပြချင်တာလဲ ဖြစ်မယ်။ ဒါပေမယ့် ရှင်သိပါတယ်။ ဟုတ်လား။ ကျွန်မတို့ ဒီမှာ ဖြစ်ပွားတဲ့ ကိစ္စကြီးငယ်ဟူသမျှ ရှင် မသိတာ ဘယ်ရှိမှာလဲ" ဟာမီးက ချိုသာသိမ်မွေ့တဲ့ လေသံနဲ့ မြှောက်ပင့်ပြောတယ်။ ကျွန်မတို့က ကျောက်တုံးကို ဘယ်သူတွေ စောင့်ရှောက်ဖို့ တာဝန်ယူတယ်ဆိုတာသာ သိချင်တာပါ။ တကယ်ပါ" ဟာမီးက နောက်ဆုံးလက်သီး ပစ်သွင်းလိုက်တယ်။ "ပြီးတော့ ရှင်ကလွဲရင် ဒမ်ဘာလီဒိုး ဒီလောက်ယုံကြည်ရမယ့်သူ ရှိမှာ မဟုတ်ဖူး။ ဒီလောက် အရေးကြီးတဲ့ကိစ္စကို ရှင့် ပါဝင်ခိုင်းလောက်အောင် ယုံကြည်တာ"



နောက်ဆုံးစကား ကြားပြီးတာနဲ့ ဟက်ဂရစ် ရင်ကော့လာတယ်။ ဟယ်ရီနဲ့ ရွန်က ဟာမီးကို ချီးကျူးတဲ့အပြုံး ပြုံးပြကြတယ်။

"ကောင်းပြီလေ၊ မင်းတို့ ပြောပြလို့ ဆိုးကျိုးတော့ ဖြစ်မယ်မထင်ပါဘူး။ ဒီလိုကွ . . . သူက ကျုပ်ဆီကနေ အမွေးဖွားလေး ငှားတယ် . . . . . . ပြီး ရတော့ လူတချို့ခေါ်ပြီး မှော်ပညာနဲ့ စီရင်တယ် . . . ပါမောက္ခ စပရောက်စ်။ ပြီးတော့ ဒမ်ဘာလီဒိုး ကိုယ်တိုင်လဲ စီရင်တယ်။ ခနနေဦး၊ ကျုပ် လူတစ် ယောက်မေ့နေတယ်။ အော၊ ဟုတ်ပြီ။ အဲဒါ စနိတ်ပ်"

"စနိတ်ပ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းတို့ သူ့ကို သံသယမဖြစ်တော့ပါဘူးနော်။ နားထောင်၊ စနိတ်ပ်ဟာ ကျောက်တုံးကို ကူညီစောင့်ရှောက်တဲ့လူ။ သူက ကျောက်တုံးကို ဘယ်ခိုးမလဲ"

ရွန်နဲ့ ဟာမီးတို့ စိတ်ထဲမှာ သူ့လိုပဲ အတွေးပေါ်နေမယ်ဆိုတာ ဟယ်ရီသိတယ်။ တကယ်လို့ စနိတ်ပ်သာ ကျောက်တုံးကို ကာကွယ် စောင့်ရှောက်တဲ့ လျှို့ဝှက်လှုပ်ရှားမှုထဲ ပါခဲ့ရင် သူဟာ ကျန်ဆရာသမားတွေ ကျောက်တုံးကို အကာအကွယ် လုပ်တဲ့နည်းကို လွယ်လွယ်နဲ့ စုံစမ်းသိရှိနိုင်တယ်။ သူ အားလုံးသိပြီးနေတာလဲ ဖြစ်ချင်ဖြစ်မယ်။ အခု မပေါက်ကြားရသေး တာက တော့ ခွေးရိုရဲ့ ဂါထာနဲ့ အမွေးဖွားလေးကို ဖြတ်ကျော်ရမယ့် နည်းနာပဲ ကျန်မယ်"

"အမွေးဖွားလေးကို ဖြတ်ကျော်တဲ့နည်းဟာ ခင်ဗျားတစ်ယောက်ထဲ သိမယ်ထင်တယ် ဟက်ဂရစ်" ဟယ်ရီက စိုးရိမ်စွာနဲ့ မေးတယ်။ "ခင်ဗျား ဘယ်သူ့မှ ပြောမှာ မဟုတ်ဖူးနော်၊ ဟုတ်တယ် မှုတ်လား။ ဒီထဲက ဘယ်ဆရာ လာမေးမေး၊ မပြောဘူး မှုတ်လား"

"ကျုပ်နဲ့ ဒမ်ဘာလီဒိုးအပြင် ဘယ်သူမှ မသိဘူး" ဟက်ဂရစ်က ဂုဏ်ယူစွာပြောတယ်။

"အင်း - အဲဒါ သိပ်ကို အရေးကြီးတယ်" ဟယ်ရီက အဖော်နှစ် ယောက်ကို တိုးတိုးပြောတယ်။ "ဟက်ဂရစ်၊ ကျွန်တော်တို့ ပြတင်းပေါက် တစ်ပေါက် ဖွင့်လို့ရမလား။ ကျွန်တော် ပူအိုက်လို့ သေတော့မယ်"

"ဒါ ဘယ်ဖြစ်မလဲ ဟယ်ရီ။ ဆောရီးပဲ" ဟက်ဂရစ်က ပြောတယ်၊ သူ မီးဖိုရှိရာကို တိတ်တိတ် လှမ်းကြည့်လိုက်တာ ဟယ်ရီ သတိပြုမိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီကလဲ လှည့်ပြီး အဲဒီနေရာကို ကြည့်နေတယ်။

"ဟက်ဂရစ်၊ အဲဒါ ဘာကြီးလဲ"

ဒါပေမယ့် အဲဒါ ဘာလဲဆိုတာ သူသိသွားပြီ။ မီးဖိုရဲ့ အလယ်ဗဟိုမှာ ရေနွေးအိုးကြီးရဲ့ အောက်တည့်တည့်မှာ ကြီးမားတဲ့ ဥမည်းမည်းတစ်လုံး ရှိတယ်။

"အား" ဟက်ဂရစ်က စိုးရိမ်စွာနဲ့ မုတ်ဆိတ်မွေးကို ပွတ်သပ်နေတယ်။ "ဟိုဟာလေ — အိုး. . . . . ."

"ခင်ဗျား ဒါကို ဘယ်က ယူလာတာလဲ ဟက်ဂရစ်" ရွန်က မီးဖိုရှေ့ ဆောင့်ကြောင့်ထိုင်ပြီး အဲဒီ ဇရာမဥကြီးကို လေ့လာနေတယ်။ "ဒါအတွက် ခင်ဗျား ငွေအများကြီး ကုန်တယ် ထင်တယ်"

"ဒါ နိုင်လို့ရတာ" ဟက်ဂရစ်က ပြောတယ်။ "မနေ့ညက ကျုပ် ရွာထဲ အရက်သွားသောက်တယ်။ အဲဒီမှာ သူစိမ်းတစ်ယောက်နဲ့ ဖဲကစားတယ်။ အမှန်အတိုင်းပြောရရင် သူကတမင်ရှုံးအောင်လုပ်ပြီး ကျုပ်ကို ပေးခဲ့တာလို့ ကျုပ်ထင်နေတယ်"

"အကောင်ပေါက်လာပြီး ဘယ်လိုလုပ်မလဲ" ဟာမီးက မေးတယ်။

"အင်း၊ ကျုပ် စာအုပ်တွေ ဖတ်တယ်" ဟက်ဂရစ်က ခေါင်းအုံး အောက်က စာအုပ်ကြီးတစ်အုပ် ထုတ်လိုက်တယ်။ "ဒါ ကျုပ် စာကြည့်တိုက်က ငှားခဲ့တာ။ (နဂါးမွေးမြူခြင်းနဲ့ ပျော်ရွှင်မှု) — ဒီ စာအုပ် ခေတ်မမီသွားဆိုတာ အမှန်ပဲ။ ဒါပေမယ့် အထဲမှာ ဘာမဆို ရေးထားတယ်။ ဥကို မီးထဲ ထည့်ဖုတ်ရတယ်။ အကြောင်းက ၎င်းတို့ မိခင်ဟာ ဥကို မီးမှုတ်မှုတ်ပေးတယ်။ အဲဒါ နားလည်ပြီလား။ ဥပေါက်လာပြီးရင် နာရီဝက် ခြားခြားပြီး ကြက်သွေးနဲ့ ရောစပ်ထားတဲ့ ဘရန်ဒီတစ်ပုံး တိုက်ရမယ်။ ပြီးတော့ ဒီမှာ — ဥအမျိုးအစားကို ဘယ်လို ခွဲခြားရမလဲ - ကျုပ်ဟာက နော်ဝေတော်စဉ်းနဂါး။ ဒီလို နဂါးမျိုးဟာ အလွန်တွေ့ရခဲတယ်"

သူ့ကြည့်ရတာ မိမိကိုယ်မိမိ အလွန်ကျေနပ်နေပုံရတယ်။ ဟာမီးကတော့ ဒီလို မထင်ဘူး။

"ဟက်ဂရစ်၊ ရှင့်အိမ်က သစ်တုံးနဲ့ ဆောက်ထားတာနော်" သူမက ပြောတယ်။

ဒါပေမယ့် ဟက်ဂရစ်က လုံးဝ နားထောင်မနေပဲ မီးကို ဆွပေးနေ



တယ်။ ပါးစပ်ကလဲ ပျော်ရွှင်စွာ သီချင်းညည်းနေတယ်။

ဒီလိုဆိုတော့ အခု သူတို့မှာ စိတ်ပူရမဲ့ ကိစ္စတစ်ခု တိုးလာပြန်တယ်။ တစ်ယောက်ယောက်က ဟက်ဂရစ် အိမ်ထဲမှာ တရားမဝင် နဂါးပေါက်စ တစ်ကောင် မွေးထားတာ တွေ့ရှိသွားခဲ့ရင်၊ အဲဒီ တောလိုက်ကွင်းစောင့် ဘာဖြစ်သွားမယ် မပြောတတ်ဖူး။

"ငြိမ်းချမ်းစွာနေထိုင်ရတဲ့ အရသာကို ငါမသိတော့ဘူး" ရွန်က သက်ပြင်းချရင်း ပြောတယ်။ သူတို့ဟာ ညစဉ်ညတိုင်း စာကြည့်တိုက်ထဲ ထိုင်ပြီး များပြားတဲ့ စာတွေကို ပြီးအောင် လုပ်ရတယ်။ ဟာမီးဟာ အခု ဟယ်ရီနဲ့ ရွန်အတွက် စာကျက်ဖို့ အချိန်ဇယား ရေးဆွဲပေးတယ်။ ဒါကြောင့် သူတို့ နှစ်ယောက် ရူးချင်လာတယ်။

အဲဒီ နောက်တစ်ရက်မှာ နံနက်စောစောစာ စားတဲ့အချိန်မှာ ဟက်ဒဝစ်က ဟယ်ရီအတွက် တခြားစာတစ်စောင်လာပို့တယ်။ စာထဲမှာ ၃-၄လုံးပဲ ရေးထားတယ် — ပေါက်တော့မယ်။

ရွန်က ဆေးပင်သင်တန်းကို ကျောင်းပြေးပြီး ဟက်ဂရစ် သစ်တုံးအိမ်ကို သွားချင်တယ်။ ဟာမီးက သဘောမတူဘူး။

"ဟာမီး၊ ငါတို့ ဘဝမှာ နဂါးတစ်ကောင် ဥကပေါက်လာတာ ကိုယ်တိုင် မြင်တွေ့ဖို့ ဘယ်နှစ်ကြိမ် အခွင့်အရေးရှိလို့လဲ "

"ငါတို့ ကျောင်းတက်ရဦးမယ်။ ငါတို့ တစ်ခုခု ဒုက္ခဖြစ်နိုင်တယ်။ ပြီးတော့ ဟက်ဂရစ် လုပ်နေတာ လူတွေ့သွားရင် သူ့အဖို့ တို့ထက်အများကြီး အခြေအနေ ဆိုးသွားလိမ့်မယ်"

"တိတ်တိတ်စမ်း" ဟယ်ရီက တိုးတိုးပြောတယ်။

မာဖိုင်ဟာ မဝေးတဲ့နေရာမှာ ရပ်နေတယ်။ သူတို့ စကားပြောတာ နားထောင်ဖို့ တမင်တကာ ရပ်နေပုံပဲ။ သူ ဘာတွေ ကြားသွားသလဲ။ မာဖိုင့် အမူအရာက ဟယ်ရီကို တစ်မျိုးကြီးဖြစ်စေတယ်။

ရွန်နဲ့ ဟာမီးဟာ ဆေးပင်သင်တန်းစတဲ့အထိ ငြင်းခုံနေတော့တယ်။ နောက်ဆုံးမှာ ဟာမီးက နံနက်နားချိန်မှာ သူတို့နဲ့အတူ ဟက်ဂရစ်ဆီ သွားကြည့်ဖို့ သဘောတူလိုက်တယ်။ ရဲတိုက်ရဲ့ ကျောင်းဆင်း ခေါင်းလောင်းသံ မြည်ထွက်လာပါပြီ။ သူတို့ သုံးဦးဟာ လက်ထဲက ဂေါ်ပြားလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချပြီး ကျောင်းဝန်းအစွန်ရှိ သစ်တောဘေးဆီ ပြေးသွားတယ်။ ဟက်ဂရစ်က တံခါးဖွင့်ပြီး ကြိုဆိုတယ်၊ သူတို့ မျက်နှာလေးတွေ နီရဲနေတယ်။ သိပ်ကို စိတ်လှုပ်ရှားပုံ ပေါ်နေတယ်။

"ပေါက်တော့မယ်" သူက သူတို့ကို အထဲခေါ်တယ်။

ဧရာမ ဥကြီးကို ထမင်းစားစားပွဲပေါ် တင်ထားတယ်။ ဥပေါ်မှာ အက်ကြောင်းကြီးတွေ ပေါ်ထွက်လာပြီ။ တစ်ခုခု အထဲကနေ လှုပ်နေတယ်။ ထူးဆန်းတဲ့ ဂရတ်ဆိုတဲ့အသံလဲ ကြားရတယ်။

သူတို့ အားလုံး ထိုင်ခုံကို ထမင်းစားစားပွဲအနား ဆွဲထိုင်ပြီး အသက်ရှူ ပင့်ပြီး ကြည့်နေတယ်။

ဥအတွင်းကနေ ရုတ်တရက် ပွတ်ခြစ်သံပေါ်လာတယ်၊ ဥခွံအသံ ထွက်ပြီး ကွဲသွားတယ်။ နဂါးပေါက်စလေးဟာ ဒုန်းဆို စားပွဲပေါ် ခုန်ချလိုက်တယ်။ ရုပ်လှတယ်လို့တော့ ပြောလို့မရဘူး။ ၎င်းကို ကြည့်ရတာ တွန့်ရှုံ့နေတဲ့ ထီးနက်အစုတ်နဲ့တူတယ်လို့ ဟယ်ရီ ခံစားရတယ်။ ဆောင့်အများပါတဲ့ တောင်ပံဟာ ၎င်းရဲ့ ပါးခြမ်းပြားလို ပိန်လှိုတဲ့ ကိုယ်နဲ့စာရင် အချိုးမကျစွာ ကြီးလွန်းနေတယ်။ ဒို့ပြင် ၎င်းမှာ ဝက်နှာခေါင်းရှည်လို ဧရာမနှာခေါင်းကြီးလဲ ရှိတယ်။ အဖုအထစ်တွေနဲ့တူတဲ့ ခေါင်းချွန်ချွန်လဲ ရှိတယ်။ ထိုးထွက်နေတဲ့ လိမ္မော်ရောင်မျက်စိလဲ ရှိတယ်။

၎င်းက ချေလိုက်တယ်။ နှာခေါင်းထဲကနေ မီးတစ်စက်နှစ်စက် ပွင့်သွားတယ်။

"ပြောစမ်း၊ သူမလှဘူးလား" ဟက်ဂရစ်က ညင်သာစွာပြောတယ်။ သူက နဂါးပေါက်စ ခေါင်းကို လက်နဲ့ပွတ်သပ်တယ်။ ၎င်းက သူ့လက်ကို ဒေါသနဲ့ ကြည့်ပြီး ဟောက်တယ်။ သွားနှစ်တန်း ပေါ်လာတယ်၊

"သိပ်တော်တာပဲ။ ကြည့်စမ်း၊ သူက သူ့မာမီကို သိတယ်ဟေ့" ဟက်ဂရစ်က ပြောတယ်။

"ဟက်ဂရစ်" ဟာမီးက ပြောတယ်။ "နော်ဝေ တံစဉ်းနဂါး ဘယ်လောက် အကြီးမြန်ပါသလဲ"

ဟက်ဂရစ် ပြန်ဖြေမယ် လုပ်တုန်းမှာ သူ့မျက်နှာဟာ ဖြူဖပ်ဖြူယော် ဖြစ်သွားပြီး ပြတင်းပေါက်ဆီ ခုန်ထသွားတယ်။

"ဘာဖြစ်တာလဲ"



"ခုနက လိုက်ကာကြားကနေ ခိုးကြည့်တဲ့လူ ရှိတယ် — ကလေးပဲ၊ သူအခု ကျောင်းဘက် ပြန်ပြေးသွားပြီ"

ဟယ်ရီက တံခါးအပြင်ဘက် ပြေးထွက်သွားကြည့်တယ်။ သိပ်ဝေးပေမယ့် အဲဒီအရိပ်အယောင်ကို သူမှတ်မိတယ်၊ မာဖိုင် နဂါးပေါက်စကို တွေ့သွားပြီ။

ဆက်တိုက်ရောက်လာတဲ့ ရက်သတ္တပတ်အတွင်းမှာ မာဖိုင်မျက်နှာပေါ်မှာ အမိဖွာယ်ပါပါ ပုံမှန်မဟုတ်တဲ့အပြုံးမျိုး ပေါ်ပေါ်လာတယ်၊ ဒါကြောင့် ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ သိပ်ကို စိတ်လှုပ်ရှားနေတယ်။ သူတို့ အားလပ်ချိန်အများပိုင်းမှာ ဟက်ဂရစ် သစ်တုံးအိမ်မှာ ထိုင်ပြီး သူစိတ်ပြောင်းသွားအောင် ကြိုးစားကြတယ်။

"လွှတ်ပစ်လိုက်" ဟယ်ရီက တိုက်တွန်းတယ်။ "သူ့ကို လွှတ်လိုက်ပါ"

"မဖြစ်ဖူး" ဟက်ဂရစ်က ပြောတယ်။ "သူသိပ်ငယ်သေးတယ်။ သေသွားလိမ့်မယ်"

သူတို့ဟာ အဲဒီနဂါးကို ကြည့်နေတယ်။ တနင်္ဂနွေတစ်ပတ် အချိန်တိုတိုလေးအတွင်းမှာ သူ့ကိုယ်ဟာ သုံးဆကြီးလာတယ်။ သူ့နှာခေါင်းထဲကနေ မီးခိုးဖြူဖြူတွေ မှုတ်ထုတ်နေတယ်။ ဟက်ဂရစ်ဟာ ခုတလော နဂါးလေးကို ပြုစုနေရလို့ တောလိုက်ကွင်းစောင့် အလုပ်ကို ပစ်ထားတယ်၊ မြေကြီးပေါ်မှာလဲ ဘရန်ဒီ ပုလင်းခွံနဲ့ ကြက်မွေးချည်းပဲ။

"ကျုပ် သူ့ကို နိုဘာလို့ ခေါ်မယ်" ဟက်ဂရစ်က မျက်စိမှေးပြီး သူ့နဂါးလေးကို ကြည့်နေတယ်။ "သူအခု ကျုပ်ကို တကယ်မှတ်မိနေပြီ။ မင်းတို့ ကြည့်စမ်း၊ နိုဘာ၊ နိုဘာ၊ မာမီ ဘယ်မှာလဲ ပြော"

"ဒီလူ ရူးနေပြီ" ရွန်က ဟယ်ရီ နားနားကပ်ပြောတယ်။

"ဟက်ဂရစ်" ဟယ်ရီ အကျယ်ကြီးပြောတယ်၊ "နောက်ထပ် တနင်္ဂနွေ နှစ်ပတ်ကြာရင်၊ နိုဘာဟာ ဒီအိမ်လောက် ဖြစ်လာလိမ့်မယ်။ မာဖိုင်ကလဲ ဒမ်ဘယ်ဒိုးဆီ အချိန်မရွေး သွားတိုင်နိုင်တယ်"

ဟက်ဂရစ်က နှုတ်ခမ်းကို ကိုက်ထားတယ်။

"ကျုပ် - ကျုပ် သူ့ကို ထာဝရ အနားမှာထားလို့ မဖြစ်ဖူးဆိုတာ သိပါတယ်။ ဒါပေမယ့် ကျုပ် ဒီအတိုင်း သူ့ကို ပစ်လိုက်လို့လဲ မဖြစ်သေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရက်ဖူး"

ဟယ်ရီက ချက်ချင်း ရွှန်ဘက်လှည့်လိုက်တယ်။

"ချာလီ" သူက ပြောတယ်။

"သွားပါပြီ။ မင်းတောင် ကြောင်နေပြီ" ရွှန်က ပြောတယ်။ "ငါက ရွှန်ပါ၊ မမှတ်မိဘူးလား"

"မှတ်ဖူး — ငါက ချာလီကို ပြောတာ — မင်းအစ်ကို ချာလီ။ သူ ရိုမေးနီးယားမှာ နဂါးအကြောင်း သုတေသနပြုနေတယ်။ ငါတို့ နိုဘာကို သူ့အပ်လို့ရတယ်။ ချာလီက သူ့ကို စောင့်ရှောက်နိုင်တယ်။ သူ ကြီးလာတော့မှ လွှတ်လိုက်လို့ရတယ်"

"ဒီအကြံကောင်းတယ်" ရွှန်က ပြောတယ်။ "ဘယ်လို သဘောရလဲ ဟက်ဂရစ်"

နောက်ဆုံးမှာတော့ ဟက်ဂရစ် မတတ်သာပဲ သဘောတူလိုက်ရတယ်။ သူတို့ကို ဇီးကွက်တစ်ကောင်လွှတ်ပြီး ချာလီသဘောကို မေးခိုင်းတယ်။

ဒီနောက် ရက်သတ္တပတ်ဟာ နှစ်နဲ့ချီကြာတယ်လို့ ထင်ရတယ်။ ဗုဒ္ဓဟူးနေ့ည အားလုံးအိပ်ရာဝင်ကြပြီ။ ဟာမီးနဲ့ ဟယ်ရီတို့ဟာ နှစ်ယောက်ထဲ မိတ်ဆုံခန်းထဲမှာ စောင့်နေကြတယ်။ နံရံကပ်နာရီ ညသန်းခေါင် ထိုးသံပေါ်လာပြီးနောက် အရုပ်ကားကျင်းဝ ရုတ်တရက် ပွင့်လာတယ်။ ဒီနောက် ရွှန်တစ်ယောက် ဘွားခနဲ ပေါ်လာတယ်။ သူက ဟယ်ရီရဲ့ ကိုယ်ပျောက်ခြုံထည်ကို ချွတ်လိုက်လို့ ဘွားခနဲ ပေါ်သလို ဖြစ်တာ။ ရွှန်က ဟက်ဂရစ်ဆီသွားတာ။ နိုဘာကို ကျွေးမွေးတဲ့ နေရာမှာ ဟက်ဂရစ်ကို သွားကူတာ။ အခု သူ တစ်နေ့ကို ကြွက်သေသေတ္တာနဲ့ချီပြီး စားပစ်တယ်။

"သူက ငါ့ကို ကိုက်တယ်" ရွှန်ကပြောတယ်။ လက်မြှောက်ပြတယ်။ သူ့လက်မှာ သွေးစွန်းနေတဲ့ လက်ကိုင်ပဝါတစ်ထည် ပတ်ထားတယ်။ "တနင်္ဂနွေတစ်ပတ်လောက် ကလောင်ကိုင်နိုင်မှာ မဟုတ်တော့ဘူး။ ဒီနဂါးဟာ ငါတွေ့ဖူးတဲ့ ကြောက်စရာအကောင်းဆုံး သတ္တဝါလို့ ငါပြောဝံ့တယ်။ ဒါပေမယ့် ဟက်ဂရစ်က သူ့ကို အရူးလို ချစ်နေပုံ နင်တို့တွေ့ရင် ဝင်းကို ချစ်စရာ ယုန်မွေးပွလေးလို့တောင် ထင်နိုင်တယ်။ ဝင်းက ငါ့ကို ကိုက်တုန်းက ဟက်ဂရစ်က သူ့နဂါးလေး လန့်သွားတယ်လို့ ငါ့ကို အပြစ်တင်သေးတယ်။



ငါထွက်လာတော့ သူက တေးဆိုပြီး သိပ်ကျန်ရစ်တယ်"

မှောင်မည်းတဲ့ ပြတင်းကနေ အသာခေါက်တဲ့အသံ ပေါ်လာတယ်။

"ဟက်ဒဝစ်" ဟယ်ရီက ပြတင်းကို ကမန်းကတန်း ဖွင့်ပေးလိုက်တယ်။ "ဟက်ဒဝစ်က ချာလီ့စာယူလာတယ်" သုံးယောက်သား စာကိုတိုးကြိတ်ပြီး ဖတ်ကြတယ်။

ချစ်လှစွာသော ရွှန်၊

ခုတလော နေကောင်းတယ်နော်။ မင်း စာပေးတာ ကျေးဇူးတင်တယ်။ အဲဒီ နော်ဝေ တံစဉ်းနဂါးကို ငါလက်ခံချင်ပါတယ်။ ဒါပေမယ့် ဒီကို ရောက်အောင် ပို့ဖို့ဆိုတာ သိပ်တော့ မလွယ်ဘူး။ အကောင်းဆုံးက ငါ့မိတ်ဆွေတွေနဲ့ ထည့်ပေးတာပဲ။ သူတို့လာမယ့် အပတ်မှာ ငါ့ဆီလာကြလိမ့်မယ်။ အရေးကြီးတာက သူတို့တတွေ တရားမဝင် မွေးမြူထားတဲ့ နဂါးတစ်ကောင် သယ်ဆောင် သွားတဲ့အကြောင်း ဘယ်သူမှ မသိစေဖို့ပဲ။

စနေနေ့ည သန်းခေါင်မှာ နော်ဝေတံစဉ်းနဂါးကို ကျောင်းက အမြင့်ဆုံး အိမ်မျှော်စင်ပေါ် သယ်ဆောင်သွားပါ။ သူတို့ အဲဒီမှာ မင်းတို့နဲ့ လာတွေ့လိမ့်မယ်။ ညအမှောင်မှာ နဂါးကို သယ်သွားလိမ့်မယ်။

ငါ့ဆီ အမြန်ဆုံး စာပြန်ပါ။

မင်းကို ချစ်တဲ့

ချာလီ

သုံးယောက်သား အပြန်အလှန် ငိုင်ကြည့်နေကြတယ်။

"ငါတို့မှာ ကိုယ်ပျောက်ခြုံထည်ရှိတယ်" ဟယ်ရီက ပြောတယ်။ "ဒါ လုပ်ဖို့ သိပ်တော့ ခက်မယ်မထင်ဘူး။ ခြုံထည်က ငါတို့နှစ်ယောက်နဲ့ နိုဘာကို ခြုံနိုင်လောက်အောင် ကြီးတယ်လို့ ငါထင်တယ်"

အဲဒီ ရှည်လျားတဲ့ ရက်သတ္တပတ်ဟာ သူတို့ကို ခြေကုန်လက်ပန်းကျနေစေပြီ။ ဒါကြောင့် ကျန်နှစ်ယောက်ဟာ ဟယ်ရီ့အဆိုကို ဘာမှ ချေပပြောဆိုခြင်းမရှိပဲ သဘောတူလိုက်တယ်။ နိုဘာကိစ္စ လွတ်သွားရင် — မာဖိုင်ရှိသေးတယ် — သူတို့ ဘာလုပ်ရလုပ်ရ ဖြစ်တယ်။

သူတို့ အခက်တစ်ခု ကြုံရပြန်တယ်။ နောက်နေ့နံနက်မှာ ရွှန့်လက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆလောက် ရောင်လာတယ်။ မဒမ်ဖွန်ဖရေကို သွားပြရင် သူတို့လုံခြုံမှု ရှိပါ့မလားဆိုတာ ရွှန်မသိဘူး။ သူမဟာ ဝါ နဂါးကိုက်ခံရတဲ့ ဒဏ်ရာဆိုတာ သိများသွားမလား။ ညနေပိုင်းရောက်တော့ သူ့ တခြားရွှေချယ်စရာ လမ်းမရှိတော့ဘူး။ ဒဏ်ရာဟာ ရွံစရာစိမ်းပုပ်မုပ်ဖြစ်လာတယ်။ နိုဘာရဲ့ သွားမှာ အဆိပ်ရှိပုံပေါ်တယ်။

ထိုနေ့ ကျောင်းဆင်းပြီးနောက် ဟယ်ရီနဲ့ ဟာမီးဟာ ဆေးရုံကို ချက်ချင်းပြေးသွားတယ်။ ရွှန် ခုတင်ပေါ် လှဲနေတယ်။ မျက်နှာလဲ မကောင်းဘူး။

"ငါ့လက်ကြောင့်ချည်းမဟုတ်ဖူး" သူက အသာပြောတယ်။ "ငါ့လက် ပြုတ်ကျတော့မလောက် နာနေပေမဲ့ ငါ ပိုစိုးရိမ်တာက မာဖိုင်၊ သူ ခုနက မဒမ်ဖွန်ပရေကို ပြောတယ်။ ငါ့ဆီက စာအုပ်တစ်အုပ် ငှားချင်တယ်တဲ့။ ဒီလိုပြောဝင်လာပြီး ငါ့ကို ကဲ့ရဲ့စော်ကားသွားတယ်။ သူက သူမကို ငါ ဘာကိုက်ခံရတယ်ဆိုတာ တိုင်ပြောမယ်လို့ ငါ့ကို ခြိမ်းခြောက်တယ်။ ငါက သူမကို ခွေးကိုက်ခံရတာလို့ ပြောထားတယ်။ သူမ လုံးဝမယုံဘူးလို့ ငါထင်တယ်။ ခွေဒစ်ပြိုင်ပွဲမှာ ဒီကောင်ကို တီးလိုက်မိတာ ဝါ နောင်တရနေတယ်။ သူ အခု ဒီလိုလုပ်တာ ငါ့ကို ကလဲ့စားချေတာပဲ"

ဟယ်ရီနဲ့ ဟာမီးက ရွှန်ကို စိတ်အေးအေးထားဖို့ ပြောတယ်။

"စနေနေ့ည သန်းခေါင်ရောက်ရင် ပြီးသွားမှာပါ" ဟာမီးက ပြောတယ်။ ဒါပေမယ့် ဒီစကားဟာ ရွှန့်ကို အားပေးရာ မကျဘူး။ ရွှန် ဖြုန်းဆို ထထိုင်တယ်။ နဖူးပေါ်မှာ ချွေးပေါက်တွေ သီးလာတယ်။

"စနေနေ့ည သန်းခေါင်" သူ့အသံ ပြာနေတယ်။ "အိုး - ဟင့်အင်း အိုး ။ ဟင့်အင်း-ငါအခုမှ သတိရတယ် — ချာလီစာ မာဖိုင်ယူသွားတဲ့ စာအုပ်ထဲ ညှပ်ထားတာ။ သူအခု ငါတို့ နိုဘာကို ဘယ်လိုဖို့မယ်ဆိုတာ သိသွားရောပေါ့"

ဟယ်ရီနဲ့ ဟာမီးဟာ ဘာမှ မတုံ့ပြန်လိုက်ရသေးခင်မှာပဲ မဒမ်ဖွန်ဖရေ ရောက်လာပြီး သူတို့ကို မောင်းနှင်တယ်၊ ရွှန့်ကို အနားပေးရမယ်လို့ ပြောတယ်။

အခုမှ စီမံထားတာတွေ ဖျက်ဖို့ မမီတော့ဘူး၊ ဟယ်ရီက ဟာမီးကို ပြောတယ်၊ "ငါတို့ ချာလီဆီ ဇီးကွက်လွှတ် သတင်းပို့ဖို့ အချိန်မရတော့ဘူး။ ပြီးတော့ ဒါဟာ နိုဘာကို ပို့ပစ်ရမယ့် တစ်ခုတည်းသော အခွင့်အရေးလဲ



ဖြစ်မယ်။ ငါတို့ စွန့်စားရမှာပဲ၊ ငါတို့မှာ ကိုယ်ပျောက်ခြုံထည်လဲ ရှိနေတာပဲ။ ဒါကိုတော့ မာဖိုင်မသိဘူး။

သူတို့ဟာ ဟက်ဂရစ်ဆီ သတင်းသွားပို့ကြတယ်။ ဝက်လိုက်ခွေးရားရား သစ်တုံးအိမ်ရှေ့မှာ ထိုင်နေတာတွေ့တယ်။ သူ့အမြီးပေါ်မှာ ပတ်တည်းပတ်ထားတယ်။ ဟက်ဂရစ်ဟာလဲ အခါတိုင်းလို တံခါးဖွင့် ကြိုဆိုတာ မလုပ်ဖူး။ ပြတင်းပေါက်ကနေ သူတို့နဲ့ စကားပြောတယ်။

"မင်းတို့ အိမ်ထဲ မခေါ်တော့ဘူး" သူက အမောတကောပြောတယ်။ "နိုဘာ စိတ်ကောက်နေတယ် — ကျုပ် သူ့ကို ချော့လို့မရဘူး"

သူတို့ဟာ ချာလီပြန်စာထဲက သဘောကို သူ့ပြောပြတယ်။ သူ့မျက်စိထဲမှာ မျက်ရည်တွေပြည့်လာတယ်။ ဒါလဲ နိုဘာက သူ့ခြေထောက်ကို ခုတွင်ပဲ ကိုက်လိုက်လို့လဲ ဖြစ်နိုင်တယ်။

"အမလေး၊ ကိစ္စ မရှိဘူး။ သူက ကျုပ် ဖိနပ်ကိုပဲ ကိုက်တာ။ ကျီစားတာလေ၊ ဘာပဲဖြစ်ဖြစ် သူက ကလေးလေးပဲ ရှိသေးတာ"

အဲဒီ ကလေးလေးရဲ့ အမြီးဟာ ဖျန်းဆို ထရံကို ဝင်ဆောင့်တယ်။ ပြတင်းပေါက် တကျွီကျွီ မြည်သွားတယ်။ ဟယ်ရီနဲ့ ဟာမီး ရဲတိုက်ဆီ ပြန်ခဲ့တယ်။ စနေနေ့ထိ စောင့်ရမှာ သိပ်ကို ကြာလှတယ်လို့ ထင်ကြတယ်။

မိမိတို့မှာ ကြီးလေးတဲ့ တာဝန်ကြီး ရှိနေတယ်လို့ နားလည်လို့သာ။ နို့မို့ရင် ဟက်ဂရစ်နဲ့ နိုဘာ ခွဲခွာချိန်မှာ ဟက်ဂရစ်အတွက် သူတို့ဝမ်းနည်းကြမှာ။ အဲဒီနေ့ညဟာ အလွန်မှောင်မည်း တိမ်ထူထပ်တဲ့ညဖြစ်တယ်။ သူတို့ ဟက်ဂရစ် သစ်တုံးအိမ်ရောက်တဲ့အခါ အချိန်နည်းနည်း နောက်ကျနေပြီ။ သူတို့ အဝင်ခန်းမကြီးမှာ နံရံနဲ့ ဘောလုံးကစားနေတဲ့ သရဲဖီးဗ်စ်နဲ့ တွေ့လို့ အချိန်ကုန်သွားတာ။

ဟက်ဂရစ်က နိုဘာကို ထင်းရှူးသေတ္တာကြီးတစ်လုံးထဲ သေချာထည့်ထားပြီးပြီ။

"ကျုပ် သူ့အတွက် ကြွက်တစ်ပုံကြီးနဲ့ ဘရန်ဒီ လမ်းစားဖို့ ထည့်ပေးလိုက်တယ်" ဟက်ဂရစ်က စိတ်အားပျော့တဲ့ အသံနဲ့ ပြောတယ်။ "ကျုပ် သူ့ ထိုက်ဒီဝက်ဝံလဲ ထည့်ပေးလိုက်တယ်။ သူ ပျင်းမှာစိုးလို့"

ထင်းရှူးသေတ္တာထဲက ဖြဲဆုတ်သံ ထွက်လာတယ်။ ဟယ်ရီ့အနေနဲ့ အသံကြားရတာ ထိုက်ဒီဝက်ဝံ ခေါင်းဆွဲဖြုတ်ခံရတဲ့ အသံလို့ ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုင်းဘိုင်း နီဘာ" ဟယ်ရီနဲ့ ဟာမီးဟာ ကိုယ်ပျောက်ခြုံထည်နဲ့ သေတ္တာကို အရင်ခြုံလိုက်တယ်။ ဒီနောက် သူတို့နှစ်ယောက်လဲ တိုးဝင်လိုက်တယ်၊ ဒီအချိန်မှာ ဟက်ဂရစ်က မအောင့်နိုင်ပဲ ငိုချတယ်၊ "မာမီက မင်းကို ဘယ်တော့မှ မမေ့ပါဘူး"

သူတို့ ထင်းရှူးသေတ္တာကို ရဲတိုက်ရောက်အောင် ဘယ်လိုလုပ် ယူလာတယ်ဆိုတာ သူတို့ ဖာသာတောင် သိပ်နားမလည်ဘူး။ သူတို့ လေးပင်တဲ့ နီဘာကိုထမ်းပြီး ရဲတိုက်အဝင် မာဘယ် ကျောက်လှေခါးကိုတက်၊ မည်းမှောင်တဲ့စင်္ကြံရှည် တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာချိန်မှာ ညသန်းခေါင် ရောက်ချိန်ဟာလဲ တစ်မိနစ် တစ်စက္ကန့် နီးနီးလာပြီ။ လှေခါးထစ်ထပ် တက်ပြီးတော့ နောက်ထပ် လှေခါးထစ်တွေ — ဟယ်ရီက လမ်းတိုကို သိပေမယ့် သူတို့အဖို့ တယ်ပြီး မသက်သာပါဘူး။

"ရောက်တော့မယ်" ဟယ်ရီက ဟောဟဲ ဟောဟဲနဲ့ ပြောတယ်။ သူတို့ နောက်ဆုံးလှေခါးကို တက်လိုက်ရင် အမြင့်ဆုံးအိမ်ချွန်ကို ရောက်ပြီ၊

ရှေ့ဘက်မှာ ရုတ်တရက် လှုပ်လှုပ်ယှက်ယှက်ဖြစ်တာ တွေ့ရတယ်၊ သူတို့ လန့်လို့ သေတ္တာလွတ်ကျဖို့ နည်းနည်းလိုတော့တယ်။ သူတို့ ကိုယ်ပျောက်ခြုံထည် ခြုံထားတယ်ဆိုတာလဲ မေ့နေတယ်။ အလန့်တကြား မှောင်မည်းတဲ့ ထောင့်တစ်ခုဆီ ဝင်ပုန်းကြတယ်။ ရှေ့ဘက် ဆယ်ပေလောက် အကွာမှာ တွန်းထိုးနေတဲ့ အရိပ်နှစ်ခုကို တွေ့ရလို့ ငိုင်ကြည့်နေကြတယ်။ မီးအိမ်တစ်ခု လင်းလာတယ်။

ပါမောက္ခ မက်ဂေါ်နာဂေါဟာ ညဝတ်အင်္ကျီအကွက်ကို ဝတ်ထားတယ်၊ ခေါင်းပေါ်မှာလဲ ညအိပ် ပိုက်ဦးထုပ်ဆောင်းထားတယ်။ လက်တစ်ဖက်က မာဖိုင်ရဲ့ နားရွက်ကို ဆွဲထားတယ်။

"မင်းကို ကျောင်းပိတ်ထားမယ်" သူမက အော်တယ်။ "စလေးသံရင်းကို အမှတ် ၂၀ လျှော့မယ်၊ ညသန်းခေါင်ကြီး လျှောက်သွားနေတယ်။ မင်းတယ်အတင့်ရဲပါလား —"

"ပါမောက္ခ မသိပါဘူး။ ဟယ်ရီ-ပေါ်တာ ဒီကိုလာတော့မှာ — သူ နဂါးတစ်ကောင် ယူလာမှာ"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီလို စကားမျိုးနဲ့ လိမ်ပြောလို့ ရမလား။ လာခဲ့စမ်း — ငါ မင်းကို ဒီကိစ္စကို ပါမောက္ခ စနိတ်ပ်အပ်မယ်၊ မာဖိုင်"



ဒီအဖြစ်အပျက်လေး တွေ့ရပြီးနောက်၊ နောက်ဆုံး ကြောင်လိမ် လှေခါးကို တက်ရတဲ့ ဓရာမတာဝန်ကြီးဟာ ကမ္ဘာပေါ်မှာ အပေ့ါပါး အပျော်ရွှင်ဆုံး ကိစ္စဖြစ်သွားတယ်။ ညလေအေး သုတ်ဖြူးနေတဲ့ အပြင်ဘက် လေဟာပြင်ရောက်တာနဲ့ ခြုံထည်ကို အမြန်ဖယ်ပစ်လိုက်တယ်။ အသက်ကို တစ်ဝရှူရင်း ဟာမီးတ ဝမ်းသာအားရ ခြေမြှောက် လက်မြှောက် ဖြစ်နေတယ်၊

"မာဖိုင် ကျောင်းပိတ်ခံရတော့မယ်၊ ငါပျော်လို့ သီချင်းဆိုချင်တယ်"

"မလုပ်ပါနဲ့" ဟယ်ရီက သတိပေးတယ်။

သူတို့ဟာ မာဖိုင်ကိစ္စကြောင့် တခစ်ခစ် တိုးတိုးရယ်တယ်။ တဖက်က လဲ စောင့်နေတယ်။ နီဘာဟာ သေတ္တာထဲမှာ လှိမ့်နေတယ်။ ဆယ်မိနစ်ကြာတော့ တံမြက်စည်းလေးချောင်းဟာ မှောင်မိုက်တဲ့ ညကောင်းကင်ထဲက တိုးထွက်လာပြီး သူတို့ဆီသို့ တဝီးဝီးပျံသန်းလာတယ်။

ချာလီရဲ့ မိတ်ဆွေတွေဟာ ပေါ့ပါးပွင့်လင်းတဲ့ လူကောင်းတွေ။ သူတို့က အသင့်ပြင်ဆင်လာတဲ့ ကြိုးကွင်းတွေကို ပြတယ်။ ဒီလိုဆိုတော့ နီဘာကို သူတို့လေးယောက်ကြားမှာ ကြိုးနဲ့ဆွဲပြီး အတူပျံသွားနိုင်တာပေါ့လို့ပြောတယ်။ သူတို့ဟာ ဝိုင်းပြီး နီဘာကို လုံခြုံစွာ ကြိုးနဲ့ဆိုင်းကြတယ်။ဒီနောက် ဟယ်ရီနဲ့ ဟာမီးတို့က သူတို့ကို လက်ဆွဲနှုတ်ဆက်တယ်။ သူတို့ကို ကျေးဇူးတင်ကြောင်း အများကြီး ပြောတယ်။

နောက်ဆုံး၊ နီဘာသွားလိုက်ပြီ. . . . သွားပြီ. . . . မမြင်ရတော့ဘူး။

သူတို့ဟာ ကြောင်လိမ်လှေခါးကို အသာလေး ဆင်းခဲ့ကြတယ်။ နီဘာဆိုတဲ့ ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဖြေရှင်းနိုင်ခဲ့ပြီ။ သူတို့ စိတ်ဟာ သူတို့လက်လိုပဲ ပေါ့ပါးသွက်လက်နေတယ်။ နဂါးသွားပြီ — မာဖိုင် ကျောင်းပိတ်ခံရမယ်။ သူတို့ ပျော်မြူးတဲ့ စိတ်ကို ဘယ်လို ဖျက်ဆီးလို့ရမှာလဲ။

အဖြေက လှေခါးအောက်ခြေမှာ စောင့်နေတယ်။ သူတို့ စင်္ကြံထဲ လှမ်းဝင်လိုက်တာနဲ့ အမှောင်ထဲကနေ ဖစ်ချ်မျက်နှာကြီး ပေါ်ထွက်လာတယ်။

"သွားပြီ၊ သွားပြီ၊ သွားပါပြီ" ဟယ်ရီက တိုးတိုးပြောတယ်။ "ငါတို့ ဒုက္ခရောက်ပြီ"

သူတို့ဟာ ကိုယ်ပျောက်ခြုံထည်ကို ရဲတိုက်အပေါ်မှာ မေ့ကျန်ရစ်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ တားမြစ်သစ်တော

အခြေအနေက ဒီ့ထက်ဆိုးစရာမရှိအောင် ဆိုးတယ်။

ဖစ်ချ်က သူတို့ကို ဒုတိယလွှာ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ စာကြည့်ခန်းထဲ ခေါ်သွားတယ်။ သူတို့ အဲဒီမှာ ထိုင်နေတယ်။ စကားတစ်ခွန်းမှ မပြောဘူး။ ဟာမီးဟာ တစ်ကိုယ်လုံး တုန်နေတယ်။ ဟယ်ရီ့ခေါင်းထဲမှာ မြို့မိအတွက် ဆင်ခြေပေးဖို့ အကြံထုတ်နေတယ်။ လိမ်ညာပြောဖို့စကားလဲ ရှာတွေးတယ်။ ဒါပေမယ့် အဲဒါတွေ တစ်ခုမှ အသုံးမကျဘူးဆိုတာ သိတယ်။ ဒီတစ်ချီ ဘယ်လိုအကြပ်တဲထဲက ရုန်းထွက်ရမယ်ဆိုတာ သူမသိဘူး။ သူတို့ ပြေးစရာလမ်း မရှိတော့ဘူး။ အင်း၊ သူတို့ ဘာဖြစ်လို့ ဒီလောက် အသုံးမကျတာလဲ။ ကိုယ်ပျောက်ခြုံထည်ကို မေ့ကျန်ရစ်ခဲ့ရတာလဲ။ သူတို့ ဘယ်လို အကျိုးအကြောင်းပြပြ၊ ပါမောက္ခ မက်ဂေါ်နာဂေါ်ကတော့ ညကြီးသန်းခေါင် မအိပ်ပဲ ကျောင်းဝန်းထဲမှာ ခိုးချောင်ခိုးဝှက် လျှောက်သွားတာကို ခွင့်လွှတ်မှာ မဟုတ်ဖူး။ ပြီးတော့ အမြင့်ဆုံး နက္ခတ္တဆောင်ပေါ် တက်တာ၊ အဲဒီနေရာဟာ သင်တန်းတက်ချိန်ကလွဲပြီး တက်ခွင့် မရှိဘူး။ နိုဘာနဲ့ ကိုယ်ပျောက်ခြုံထည်



ကလဲ ရှိသေးတယ်။ သူတို့ အိပ်ရာလိပ်ပြီး အိမ်ပြန်သင့်တာ ကြာလှပြီ။

ဟယ်ရီအထင်မှာ အခြေအနေက ဒီ့ထက်ဆိုးစရာ မရှိအောင် ဆိုးတယ်လို့ တွက်တယ်။ သူမှားနေပြီ။ ပါမောက္ခ မက်ဂေါ်နာဂေါ် ပြန်လာတဲ့ အခါမှာ သူ့နောက်က နီဗီးပါလာတယ်။

"ဟယ်ရီ" နီဗီးက သူတို့နှစ်ယောက်ကို မြင်တာနဲ့ ပါးစပ်က ထွက်သွားတယ်။ "ငါမင်းတို့ကို လိုက်ရှာနေတာ။ မင်းတို့ကို သတိပေးမလို့။ မာဖွိုင်က မင်းတို့ကို ဖမ်းမယ်၊ မင်းတို့မှာ နဂါးတစ်ကောင်ရှိတယ်လို့ —"

ဟယ်ရီက လက်တအားယမ်းပြတယ်။ နီဗီးကို ဆက်မပြောစေချင် ဘူး။ ဒါပေမယ့် ပါမောက္ခ မက်ဂေါ်နာဂေါ်တွေ့သွားတယ်။ သူမဟာ သူတို့ သုံးယောက် ရှေ့မှာ မားမားမတ်မတ်ကြီး ရပ်နေတယ်။ နိုဘာထက်တောင် ပိုပြီး မီးပန်းမယ့် ပုံပဲ။

"မင်းတို့တတွေဆိုတာ ငါယုံတောင် မယုံနိုင်ဘူး။ ဖစ်ချ်က မင်းတို့ နက္ခတ္တဆောင်ပေါ် တက်တယ်လို့ ပြောတယ်။ အခု နံနက်တစ်ချက်တီးဆိုတာ မမေ့နဲ့။ ကိုယ့်ဖာသာ ရှင်းပြကြစမ်း"

ဒါဟာ ဟာမီးအဖို့ ဆရာ့အမေးကို ပထမဆုံးအကြိမ် ပြန်မဖြေနိုင်တာပဲ။ သူမဟာ ခေါင်းငုံ့ပြီး မိမိဖိနပ်ကို စိုက်ကြည့်နေတယ်။ ကျောက်ရုပ်လို မလှုပ်မယှက်ကြီး။

"ဘာတွေ ဖြစ်တယ်ဆိုတာ ငါအကုန်သိတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "ဒီကိစ္စကို သိဖို့ သိပ်ဉာဏ်သုံးစရာ မလိုဘူး။ မင်းက မာဖွိုင်ကို နဂါးနဲ့ပတ်သက်တဲ့ မဖြစ်နိုင်တဲ့ ပုံပြင်ပြောပြီး သူ့ကို ညဥ့်နက်သန်းခေါင် အိပ်ရာက ခိုးထွက်ပြီး ကျောင်းစည်းကမ်း ချိုးဖောက်အောင် ဂျောက်ချတာ မဟုတ်လား။ ငါ သူ့ကို ဖမ်းမိထားပြီ။ နီဗီးကလဲ မထင်မှတ်ပဲ ဒီပုံပြင်ကို ကြားပြီး ယုံနေတယ်။ ဒီလိုဆိုတော့ မင်းက ပိုအူမြူးမှာပေါ့လေ"

ဟယ်ရီက နီဗီးနဲ့ အကြည့်ချင်းဆုံလိုက်တယ်။ မျက်လုံးနဲ့ ဒါ အမှန် မဟုတ်ကြောင်း ပြောတယ်။ နီဗီးက နေရာမှာမှင်တက်မိနေတယ်။ သူ့အနေနဲ့ နာခံရသလို ဖြစ်နေတယ်။ သနားစရာ ရိုးအတဲ့ နီဗီး — ညဥ့်နက်သန်းခေါင် ခိုးထွက်လာပြီး သူတို့ကို လိုက်ရှာတာ ဘယ်လောက်သတ္တိ မွေးရသလဲဆိုတာ ဟယ်ရီသိတယ်။ သူဒီလိုလုပ်တာဟာ သူတို့ကို သတိထားဖို့ လာပြောဖို့သာ ဖြစ်တယ်။

www.burmeseclassic.com



"ဒါမျိုး ငါသိပ်မုန်းတယ်" ပါမောက္ခ မက်ဂေါ်နာဂေါက ပြောတယ်။ "တစ်ညထဲမှ ကျောင်းသားလေးယောက် အိပ်ရာက ခိုးထွက်တယ်၊ အရင်တုန်း ဒါမျိုးဖြစ်တာ တစ်ခါမှ မကြားဖူးဘူး။ မင်း၊ မစ် ဟာမီး - ဂရန်ဂျာ။ အစက မင်းကို အသိရှိတဲ့ ကလေးလို့ထင်တယ်။ မင်းကတော့၊ မစ္စတာ ဟယ်ရီ-ပေါ်တာ။ အစက မင်းကို ဂရစ်ဖင်းဒေါရဲ့ ဂုဏ်သိက္ခာကို အထူးအလေး ထားမယ်ထင်တာ။ မင်းတို့အားလုံး ကျောင်းပိတ်ခံရမယ် — ဟုတ်တယ်။ မင်းလဲ တူတူပဲ။ မစ္စတာ နီဗီး - လွန်ဘော့တန်။ ညကြီးသန်းခေါင် ကျောင်းထဲ လျှောက်သွားနေရဖို့ ဘာဆင်ခြေမှ မပေးနဲ့။ ခုတလောမှာ ဒီလိုလုပ်တာ ပိုပြီး အန္တရာယ်ရှိတယ် — ဒါကြောင့် ဂရစ်ဖင်းဒေါအမှတ် ၅၀ အနုတ်ခံရမယ်"

"အမှတ် ၅၀ ဟုတ်လား" ဟယ်ရီ လန့်သွားတယ်။ ဒီလိုဆိုရင် သူတို့ ဟောက်စ် ပထမရဖို့ အမှတ်လျော့သွားလိမ့်မယ်။ ခု ရှေ့တန်းရောက်နေ တာလဲ သူ့ခွေဒစ်ပြိုင်ပွဲမှာ မနည်းနိုင်အောင် လုပ်လို့ရတဲ့ အမှတ်။

"တစ်ယောက်ကို အမှတ် ၅၀ လျှော့မှာ" ပါမောက္ခ မက်ကပြောတယ်။ ဒီနောက် သူမရဲ့ ရှည်ရှည် ချွန်ချွန်နှာခေါင်းကြီးနဲ့ ဟင်းလို့ လုပ်လိုက်သေး တယ်။

"ပါမောက္ခ — တောင်းပန်ပါတယ် — "

"ဒီလိုမလုပ်ပါနဲ့ — "

"မင်းကနေ ငါ့ကို ဟိုဟာ မလုပ်ပါနဲ့၊ ဒါလုပ်ပါလို့ ပြောစရာမလိုဘူး ဟယ်ရီ။ အခု အားလုံးပြန်သွားအိပ်ကြ။ ဂရစ်ဖင်းဒေါ ကျောင်းသားထဲမှာ ငါ့ကို ဒီလောက်မျက်နှာပျက်အောင် လုပ်တာ အရင်က မရှိခဲ့ဘူး"

အမှတ် ၁၅၀ ကြီးများတောင် အလျှော့ခံရပြီ။ ဒါကြောင့် ဂရစ်ဖင်းဒေါ ဘိတ်ချေးရောက်သွားတယ်။ တိုတောင်းတဲ့ ညတစ်ည အချိန်လေးမှာပဲ သူတို့ ဟာ ဂရစ်ဖင်းဒေါကျောင်း ပထမဆုဒိုင်းဆိုကြီးနဲ့ လွဲခဲ့ရပြီ။ ဟယ်ရီဟာ မိမိဗိုက်ထဲမှာ ဟာလာဟင်းလင်းကြီးလို့ ခံစားရတယ်။ သူတို့ ဘယ်လို လုပ်မှ ဒီဆုံးရှုံးမှုကို ဖာထေးနိုင်မလဲ။

ဟယ်ရီ တစ်ညလုံး မအိပ်ဖူး။ နီဗီးက ခေါင်းအုံးနဲ့ မျက်နှာအပ်ပြီး တအီးအီးငိုနေတယ်။ နာရီအချို့ဆက်တိုက် ငိုတာတောင် မရပ်သေးဘူး။ ဟယ်ရီလဲ ဘာပြောပြီး သူ့ကို နှစ်သိမ့်ရမှန်း မသိဘူး။ နီဗီးလဲ သူ့လိုပဲ မိုး လင်းမှာကြောက်နေမှန်း သူသိတယ်။ ဂရစ်ဖင်းဒေါက တခြား ကျောင်းသား



တွေ သူတို့ အပြစ်ကို သိသွားရင် သူတို့ကို ဘယ်လိုသဘောထားမလဲဆိုတာ သူမတွေးဝံ့ဘူး။

နောက်နေ့နံနက်မှာ ဂရစ်ဖင်းဒေါကျောင်းသားတွေ ဟောက်စ်ရမှတ် ဖော်ပြတဲ့ ကြီးမားတဲ့ သဲကတော့ကြီးရှေ့က ဖြတ်သွားတဲ့အခါမှာ မှတ်တမ်းတင် မှားနေပြီထင်ကြတယ်။ အမှတ်က ဘာကြောင့်မနေ့ကထက် ရုတ်တရက်ကြီး ၁၅၀ လျော့သွားရတာလဲ။ ဒါပေမယ့် မကြာလိုက်ပါဘူး။ သတင်းပြန့် သွားတယ်။ ဟယ်ရီ-ပေါ်တာပေါ့။ အဲဒီအလွန်နာမည်ကျော်တဲ့ ဟယ်ရီ-ပေါ်တာ။ သူတို့ကျောင်း ခွေဒစ်ပြိုင်ပွဲ နှစ်ကြိမ်စလုံးမှာ သူရဲကောင်းဖြစ်တဲ့ သူလေ။ တစ်ချီထဲနဲ့ သူတို့အမှတ်တွေ ဒီလောက်အလျှော့ခံရတယ်။ ဒီလို ဆိုးဝါးတဲ့ဟာ သူနဲ့ တခြားပထမနှစ် ငထိုင်း ကျောင်းသားတစ်ချို့ကြောင့် ဖြစ်တာ။

ဟယ်ရီဟာ တစ်ညအတွင်းမှာ ကျောင်းမှာ နာမည်အကြီးဆုံး၊ လူချစ် လူခင်အများဆုံး ရေပန်းစားသူကနေ လူတိုင်း အပြစ်တင်ခံရတဲ့ လမ်းဖြတ် ကူးတဲ့ ကြွက်ဖြစ်သွားတယ်။ အခုဆိုရင် ရာဗင်ခလောနဲ့ ဟတ်ဖ်ဖတ်ကျောင်း သားတွေတောင် သူ့တွေ့ရင် မျက်နှာထားကြီးနဲ့။ အကြောင်းက စလေး သရင်းကို ကျောင်းဒိုင်းဆုကြီး လက်လွှတ်စေချင်နေကြလို့ပဲ။ ဟယ်ရီသွား လေရာမှာ လူတွေက သူ့ကို လက်ညှိုးထိုး ပြောဆိုကြတယ်။ သူ့ကို စော်ကားတဲ့ စကားပြောတာတောင် အသံနှိမ့်မပြောဘူး။ တခြားတစ်ဘက်ကျတော့ သူစလေးသရင်း ကျောင်းသားတွေ အနားက ဖြတ်သွားတဲ့အခါမှာ သူတို့က လက်ခုပ်တီးကြ၊ လေချွန်ကြ၊ ပျော်ရွှင်စွာ ဩဘာပေးကြ လုပ်နေတယ်။ "ကျေးဇူးတင်တယ်၊ ပေါ်တာ။ မင်းက တို့ကို အများကြီး ကူညီတယ်ဟေ့"

ရွန်တစ်ယောက်သာ သူ့ဘက်မှာရှိတယ်။

"ရက်သတ္တပတ်အနည်းငယ်ကြာရင် သူတို့ ဒါတွေ အကုန်လုံးမေ့ကုန် မှာပါ။ ဖရက်နဲ့ ဂျော့တို့ဟာ ကျောင်းစဝင်ကတည်းက အမှတ်လျှော့ခံနေရ တာ။ သူတို့ကို အားလုံးက ချစ်ခင်တာပါပဲ"

"ဒါပေမယ့် သူတို့က တစ်ချီထဲနဲ့ အမှတ် ၁၅၀ အလျှော့မခံရဘူး။ မဟုတ်ဖူးလား" ဟယ်ရီက စိတ်ဆင်းရဲစွာ ပြောတယ်။

"အင်း — ဒီလိုတော့ မရှိဘူး" ရွန်က ဝန်ခံတယ်။

ဆုံးရှုံးမှုက ဖြစ်ခဲ့ပြီ။ နောင်တရလို့လဲ အကြောင်းမထူးတော့ဘူး။ ဟယ်ရီက မိမိဖာသာ သန္နိဋ္ဌာန်ချတယ်။ နောင်ကို မဆိုင်တာ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



ဝင်မပါတော့ဘူး၊ နောင်တို့ ခိုးကြောင်းခိုးဝှက်၊ ဟိုသွားဒီသွားနဲ့ တစ်ခုခုကို ချောင်းကြည့်၊ စောင့်ကြည့်တာ မလုပ်တော့ဘူး။ မိမိကိုယ်မိမိ စိတ်မကောင်း ဖြစ်မိတယ်။ ဝုဒ်ကို သွားတွေ့ပြီး ခွေးဒစ်အဖွဲ့က ထွက်မယ်ပြောတယ်။

"ထွက်မယ်" ဝုဒ်က အကျယ်ကြီး ဟောက်တယ်။ "ဒါ ဘာအသုံးကျ လဲ။ ငါတို့ ခွေးဒစ်မနိုင်ရင် ဘယ်လိုလုပ်ပြီး အမှတ်ပြန်ရမှာလဲ"

ဒါပေမယ့် ဟယ်ရီအဖို့မှာ ခွေးဒစ်တောင် သူ့ကို ပျော်ရွှင်မှု မပေးနိုင် တော့ဘူး၊ လေ့ကျင့်တဲ့အခါမှာ ကျန်တော်သမားတွေက သူ့ကို စကားမပြော ဘူး။ သူ့ကို စကားထဲထည့်ပြောမှ ဖြစ်တဲ့အခါမှာတော့ သူ့ကို "ဘောရှာ သမား"လို့ ပြောတယ်၊

ဟာမီးနဲ့ နီဗီးလဲ အလွန်စိတ်ဆင်းရဲကြတယ်၊ သူတို့ဟာ ဟယ်ရီ လောက်တော့ အနေရခက်ဖူး။ သူတို့က ဟယ်ရီလောက်မှ နာမည်မကြီးတာ။ ဒါပေမယ့်လဲ၊ သူတို့နဲ့ စကားပြောချင်ကဲ့သူ မရှိဘူး။ ဟာမီးဟာ အတန်း ထဲမှာ အရင်ကလို မစွာတော့ဘူး။ အမြဲတမ်း ခေါင်းငုံ့ပြီး တိတ်တိတ် စာကျက် နေတယ်။

စာမေးပွဲ ရောက်ခါနီးတာကို ဟယ်ရီ အထူးဝမ်းသာတယ်။ သူ ကြိုးစား စာကျက်ရမယ်။ ဒါကြောင့် စိတ်ညစ်တာတွေ ယာယီမေ့ပစ်တယ်။ သူရယ်၊ ရွန်ရယ်၊ ဟာမီးရယ် အမြဲတမ်း အထီးတည်း အတူရှိနေကြတယ်။ ညစဉ် ညတိုင်း ညဉ့်နက်တဲ့ထိ စာကျက်တယ်။ ရှုပ်ထွေးတဲ့ မှော်ဆေးစပ်နည်းတွေကို ကြိုးစားမှတ်သွားတယ်။ မှော်အတတ်ပညာနဲ့ ဂါထာတွေ မှတ်သားရတယ်၊ ကြိုးမြွက်လေးနက်တဲ့ မှော်ပညာတီထွင်မှုနဲ့ မှော်သရဲများ ပုန်ကန်တဲ့ နေ့စွဲ တွေ . . . ကို မှတ်သားရတယ်၊

သို့ပေမယ့် စာမေးပွဲ စစ်မယ့် ရှေ့တစ်ပတ်မှာ ဟယ်ရီ သူများကိစ္စ မစပ်စုတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ဟာ စိမ်ခေါ်ခံနေရတယ်။ ထိုနေ့ညနေပိုင်း မှာ၊ သူတစ်ယောက်ထဲ စာကြည့်တိုက်က ထွက်လာတယ်။ ရှေ့ဘက်က စာသင်ခန်းထဲမှာ လူတစ်ယောက် တရှိုက်ရှိုက် ငိုနေတာ ကြားရတယ်၊ သူ့ အနီး ကပ်သွားတယ်။ အသံက ခွေးရိုး အသံ။

"မဖြစ်ဘူး — မဖြစ်ဘူး — နောက်ထပ် လုပ်လို့ မဖြစ်တော့ဘူး။ ခွင့်လွှတ်ပါ"

တစ်ယောက်ယောက်က သူ့ကို ခြိမ်းခြောက်နေသလိုပဲ။ ဟယ်ရီက



နောက်ထပ် ရှေ့တိုးသွားတယ်။

"ကောင်းပါပြီ - ကောင်းပါပြီ - " ခွေးရိုး ငိုရှိုက်နေတာ ကြားရတယ်။ ဒီနောက် ခွေးရိုက စာသင်ခန်းထဲကနေ သုတ်သုတ်ထွက်လာတယ်။ သူ့ခေါင်း ပေါင်းကို ပြင်ပတ်တယ်။ သူ့မျက်နှာတွေ ဖြူဖပ်ပြီး ငိုချတော့မလိုပဲ။ ဟယ်ရီ့ မြင်ကွင်းကနေ ခြေလှမ်းကျဲကျဲ ထွက်သွားတယ်။ ခွေးရိုးဟာ မိမိကို သတိမထား မိဘူးလို့ ဟယ်ရီခံစားရတယ်။ ခွေးရိုးခြေသံ ပျောက်သွားမှ စာသင်ခန်းကို ကြည့် လိုက်တယ်။ အတွင်းမှာ လူတစ်ယောက်မှ မရှိဘူး။ ဒါပေမယ့် မျက်နှာချင်း ဆိုင်က တံခါးဟာ နည်းနည်းဟနေတယ်။ ဟယ်ရီ တံခါးဆီသွားဖို့ လုပ်နေတုန်း မှာ မိမိဆုံးဖြတ်ချက်ကို သတိရလာတယ်၊ မဆိုင်တာ မပါသင့်တော့ဘူး။

ဒါပေမယ့် သူမှော်ကျောက်တုံး တစ်ဒါဇင်နဲ့ လောင်းရဲတယ်၊ အခုနက စာသင်ခန်းထဲက ထွက်သွားတာ စနိတ်ပ်ပဲ ဖြစ်မယ်။ ခြေသံကို နားထောင်ရင် စနိတ်ပ်ခြေသံဟာ အလွန်ပေါ့တယ် — ကြည့်ရတာ ခွေးရိုး လက်မြှောက်လိုက် ပြီ။

ဟယ်ရီ စာကြည့်တိုက်ကို ပြန်ခဲ့တယ်၊ ဟာမီးက အဲဒီမှာ ရွန်ကို နက္ခတ္တဗေဒ သင်ခန်းစာ စစ်ဆေးပေးနေတယ်။ ဟယ်ရီက သူခုနက ကြား တာ သူတို့ကို ပြောပြတယ်။

"ဒီလိုဆိုတော့ စနိတ်ပ် အောင်မြင်သွားတာပေါ့" ရွန်က ပြောတယ်။ "တကယ်လို့ ခွေးရိုက သူ့ကို မှော်နက်ဂါထာကို ဖြေတဲ့နည်းပြောပြခဲ့ ရင်— "

"အမွေးဖွားလေ၊ ရှိသေးတာ မမေ့နဲ့ဦး" ဟာမီးက ပြောတယ်။

"စနိတ်ပ်လဲ အမွေးဖွားလေးကို ဘယ်လိုဖြတ်ရမယ်ဆိုတာ သိချင် သိနေမှာပေါ့။ ဟက်ဂရစ်ကို သွားမေးဖို့တောင် လိုမှာ မဟုတ်ဖူး" ရွန်က ပြောတယ်။ သူတို့ဘေးမှာ ရှိနေတဲ့ စာအုပ်ပေါင်းများစွာကို မော့်ကြည့်တယ်။ "ဒီမှာ ခေါင်းသုံးခေါင်း ခွေးကြီးကို ဘယ်လို ဖြတ်ရမလဲလို့ ပြောပြတဲ့ စာအုပ် တစ်အုပ် ရှိမှာသေချာတယ်၊ ဒီလိုဆိုရင် တို့ ဘယ်လို လုပ်ရမလဲ၊ ဟယ်ရီ"

စွန့်စားလိုတဲ့ အရောင်ဟာ ရွန့် မျက်စိထဲမှာ လင်းလက်နေတယ်။ ဒါပေမယ့် ဟာမီးက ဟယ်ရီရှေ့က ကြိုပြီး ဖြေတယ်။

"ဒမ်ဘယ်လိဒိုးဆီသွား၊ တို့ စောစောကတည်းက ဒီလို လုပ်ရမှာ။ တို့ ကိုယ့်ဘာသာ လုပ်ရှားရင် ကျောင်းထုတ်ခံရမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ သက်သေခံဖို့ ဘာမှ မရှိတာ" ဟယ်ရီက ပြောတယ်။ "ခွေးရှိ သေအောင် ကြောက်နေတယ်။ တို့ဘက်က သက်သေထွက်မှာ မဟုတ်ဘူး။ စနိတ်ပ်က သူဟောလိုးဝင်း ပွဲတော်မတိုင်မီညက အကောင်ကြီး ဘယ်လို ဝင်လာတယ်ဆိုတာ မသိဘူး။ သူ လေးလွှာအနီးမှာ မရှိဘူးလို့ ပြောမှာ — သူတို့က ဘယ်သူ့ကို ယုံမလဲ မပြောစမ်း။ စနိတ်ပ်လား၊ ငါတို့လား။ ငါတို့ စနိတ်ပ်ကို မုန်းတယ်ဆိုတာ လျှို့ဝှက်ချက် မဟုတ်တော့ဘူး။ ဒမ်ဘလီဒိုးက ငါတို့ တမင် စနိတ်ပ်ကို ထုတ်ပစ်အောင် ကြံဖန်ပြောဆိုတာလို့ ထင်မှာ။ ဖစ်ချ်ဟာလဲ သူ့အသက် အန္တရာယ်ရှိရင် တို့ကို ကူညီမှာ မဟုတ်ဘူး။ သူနဲ့ စနိတ်ပ်တို့က သိပ်ရင်းနှီးတာ။ ပြီးတော့ ကျောင်းထုတ်ခံရတဲ့ ကျောင်းသားများလေ၊ ကောင်းလေပဲလို့ သူက ယူဆမှာ။ ပြီးတော့ မမေ့ဖို့က တို့ မှော်ကျောက်တုံးနဲ့ အမွေးဖွားလေးကို မသိသင့်ဘူးဆိုတာပဲ။ အဲဒါကို ရှင်းအောင်ပြောဖို့ သိပ်ခက်ပါတယ်"

ဟာမီးဟာ ဟယ်ရီပြောတာကြောင့် လက်ခံသွားသလိုပဲ။ ရွန်က တော့ မရဘူး။

"ငါတို့ ဟိုဟိုဒီဒီ လိုက်ထောက်လှမ်းရင် — "

"မဖြစ်ဘူး" ဟယ်ရီက ဖြတ်ပြောတယ်။

"ငါတို့ ထောက်လှမ်းတာ သိပ်များနေပြီ"

သူက ဂျူပီတာ နက္ခတ္တပုံကို ရှေ့သို့ ဆွဲယူလိုက်တယ်။ ဂျူပီတာရဲ့ ဆီရံဂြိုဟ်များ နာမည်ကို စကျက်တယ်။

နောက်နေ့ နံနက်မှာ ဟယ်ရီ၊ ဟာမီးနဲ့ နီဗီးတို့ဟာ ထမင်းစားစားပွဲပေါ်မှာ စာတိုလေးတစ်စောင်စီ ရကြတယ်။ သုံးစောင်စလုံး အတူတူပဲ။

သင့်ကို ကျောင်းပိတ် အရေးယူချိန်ဟာ ည ၁၁ နာရီမှာ စမယ်။ အဝင်ခန်းမထဲမှာ မစ္စတာ ဖစ်ချ်ကို သွားတွေ့ပါ။

**ပါမောက္ခ မက်ဂေါ်နာဂေါ**

ဟယ်ရီဟာ အမှတ်လျှော့ခံရပြီးကတည်းက လူတွေအထင်သေးပစ် ပယ်ခံရတယ်။ သူတို့ကို ကျောင်းပိတ် အရေးယူမယ့်ကိစ္စကို မေ့တောင်နေ တယ်။ ဟာမီးက ညစာကျတ်ချိန် ထိခိုက်လိမ့်မယ်လို့ အပြစ်တင်ပြောဆို



လိမ့်မယ်လို့ သူ အစက ထင်ထားတာ။ ဒါပေမယ့် သူမက ဘာမှ မပြောဘူး။ သူမဟာ ဟယ်ရီလိုပဲ ဒီလို ဒဏ်ခတ်တာ တရားတယ်လို့ ထင်ပြီးသား။

အဲဒီနေ့ ည ၁၁ နာရီမှာ သူတို့ဟာ နားနေခန်းထဲမှာ ရွန်ကို နှုတ်ဆက်ခဲ့ပြီး နီဗီးနဲ့အတူ အောက်ထပ် အဝင်ခန်းမဆီ ဆင်းလာတယ်။ ဖစ်ချ် ရောက်နှင့်နေပြီ — မာဖိုင်လဲ ရှိတယ်။ ဟယ်ရီဟာ မာဖိုင်လဲ ကျောင်းပိတ်အပြစ်ပေးခံရမယ်ဆိုတာ မေ့နေပြီ။

"ငါနဲ့ လိုက်ခဲ့ကြ" ဖစ်ချ်က ပြောတယ်။ မီးအိမ်ကို ထွန်းလိုက်ပြီး သူတို့ကို ခေါ်သွားတယ်။ "မင်းတို့ နောင်ကို ကျောင်းစည်းကမ်း ချိုးဖောက်မယ် ဆိုရင်၊ အကြိမ်ကြိမ် စဉ်းစားပေတော့။ မဟုတ်ဖူးလား၊ အင်း" သူက သူတို့ကို မျက်စိထောင့်ကပ်ကြည့်တယ်။ ဆက်ပြောပြန်တယ်။ "အော - ဟုတ်တာပေါ့. . . . မင်းတို့က ငါ့ကို မေးရင် ငါက အလုပ်လုပ်တာနဲ့ ဒုက္ခခံတာဟာ အကောင်းဆုံး ဆရာပဲလို့ ပြောမှာ. . . . သူတို့က အရင်တုန်းက ဒဏ်ခတ်တဲ့ ပုံစံဟောင်းကို ပယ်ဖျက်လိုက်တာ နှမြောမိတယ်. . . . မင်းတို့ လက်ကောက်ဝတ်ကို ချည်ပြီး မျက်နှာကြက်မှာ ချိတ်ဆွဲထားမှာ။ တစ်ကြိမ်ကို ရက်အနည်းငယ် ချိတ်ဆွဲထားတယ်။ ငါ့ ရုံးခန်းထဲမှာ အဲဒီသံချိန်းကြိုးတွေ ရှိသေးတယ်။ အမြဲဆီထည့်ပေးထားတယ်။ တစ်နေ့နေ့ အသုံးကျချင်ကျမှာ. . . . ကောင်းပြီ။ သွားကြစို့။ ထွက်ပြေးဖို့တော့ မတွေးနဲ့။ ထွက်ပြေးရင်တော့ မင်းတို့ ဒီ့ထက်ဆိုးသွားမယ်"

သူတို့ဟာ မှောင်မိုက်နေတဲ့ ကွက်လပ်ကို ဖြေလှမ်းကျဲကျဲဖြတ်ခဲ့တယ်။ နီဗီးဟာ အဆက်မပြတ် နှာခေါင်း ရှုံ့နေတယ်။ ဟယ်ရီက သူတို့ ဘယ်လို ဒဏ်ခတ်ခံရမယ်ဆိုတာ မသိဘူး။ သိပ်ကို ကြောက်စရာ ကောင်းမှာ သေချာတယ်။ နို့မို့ရင် ဖစ်ချ်စကားပြောတာ ဒီလောက် ပေါ့ပါးပျော်ရွှင်မှာ မဟုတ်ဘူး။

လရောင်က လင်းနေတယ်။ ဒါပေမယ့် တိမ်တွေလွင့်လာပြီး လကို ကွယ်ကွယ်သွားတယ်။ ဒါကြောင့် သူတို့ အမှောင်ထဲ ရောက်ရောက်သွားတယ်။ ဟက်ဂရစ်အိမ်ကလေး ပြတင်းပေါက်က မီးရောင်ကို ဟယ်ရီ မြင်ရတယ်။ ဒီနောက် အဝေးကနေ အော်လိုက်သံကို သူတို့ ကြားရတယ်။

"ခင်ဗျားလား၊ ဖစ်ချ်။ မြန်မြန်လုပ်။ ကျုပ် စထွက်တော့မယ်"

ဟယ်ရီ့စိတ်ဟာ ပျော်မြူးသွားတယ်။ သူတို့ ဟက်ဂရစ်နဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြမ်း လုပ်ရမယ်ဆိုရင် သိပ်တော့ အခြေအနေဆိုးမှာ မဟုတ်ဘူး။ ဟယ်ရီ့မျက်နှာပေါ်မှာ ပျော်ရွှင်တဲ့ အမူအရာပေါ်လာလို့ ထင်တယ်။ ဖစ်ချ်ပြောသံကြားလိုက်တယ်။ "မင်းက ဟိုဒအနဲ့ ပျော်ပျော်ကြီး ကစားရမယ်လို့များ ထင်နေသလား။ သေချာလဲ စဉ်းစားပါဦး။ ငချွတ်ရဲ့ — မင်းက တားမြစ်သစ်တောထဲ ဝင်ရမှာ။ မင်း ဘေးမသီ ရန်မခ ပြန်ထွက်လာနိုင်ရင်၊ ငါ့ခေါင်းမှန်း မှားတာပဲထား"

ဒီစကားကို ကြားတာနဲ့ နီဗီးက ဟင်းသံထွက်လာတယ်။ မာဖိုင်က ရုတ်တရက် ခြေလှမ်းတုံ့သွားတယ်။

"တားမြစ်သစ်တော" သူက တစ်ဆက်တည်း စကားတစ်ခွန်း ပြောလိုက်တယ်။ ခါတိုင်းလို အသံမမှန်ဘူး။ "ကျွန်တော်တို့ ညကြီးသန်းခေါင်မှာ ဝင်သွားလို့ ဘယ်ဖြစ်မလဲ — အဲဒီထဲမှာ ဘာမဆိုရှိတယ် — ဝံပုလွေလူသားလဲ ရှိတယ်လို့ ကြားတယ်"

နီဗီးက ဟယ်ရီ့ အင်္ကျီလက်မောင်းကို တစ်အားဆွဲထားတယ်၊ ရှိုက်သံပေါ်ထွက်လာတယ်။

"ဒါတော့ မင်းဟာသာ အပြစ်တင်ပေတော့။ မဟုတ်ဘူးလား၊" ဖစ်ချ်က ပြောတယ်။ အသံက ပျော်ရွှင်နေတယ်။ "မင်း ပြဿနာမရှာခင်မှာကတည်းက ဒီဝံပုလွေလူသားကို သတိရ ရမှာ၊ မဟုတ်ဘူးလား"

ဟက်ဂရစ်ဟာ အမှောင်ထဲကနေ သူတို့ဆီ ခြေလှမ်းကျဲကျဲ လျှောက်လာတယ်။ ဖန်းရားက သူ့နောက်က လိုက်လာတယ်။ ဟက်ဂရစ်မှာ ကျောက်လေးကြီးလဲ ပါတယ်။ ပခုံးပေါ်မှာ မြားတွေ ပြည့်နေတဲ့ မြားဘူးကြီး လွယ်ထားတယ်။

"အချိန်ရောက်ပြီ" သူက ပြောတယ်။ "ကျုပ် နာရီဝက်လောက် စောင့်နေတာ။ ဘယ်လိုလဲ၊ ဟယ်ရီ၊ ဟာမီး"

"သူတို့ကို ဒီလို မဆက်ဆံနဲ့ ဟက်ဂရစ်" ဖစ်ချ်က အေးစက်စက်ပြော တယ်။ "သူတို့က အပြစ်ဒဏ်ခံဖို့ ဒီကိုလာတာ"

"ဒါကြောင့် ခင်ဗျား နောက်ကျတာပေါ့လေ။ ဟုတ်လား" ဟက်ဂရစ်က ဖစ်ချ်ကို မျက်ခုန်းတွန့်ပြတယ်။ သူက "သူတို့ကို ဆုံးမနေတယ်ပေါ့လေ၊ ဒီနေရာက ခင်ဗျား ဆုံးမရမယ့်နေရာ မဟုတ်ဘူး။ ခင်ဗျားတာဝန် ပြီးဆုံးပြီ၊ အခုက စပြီး ကျုပ်တာဝန်"



"မိုးလင်းတော့ ကျုပ်ပြန်လာမယ်" ဖစ်ချ်က ပြောတယ်။ "သူတို့ အရိုးကောက်ဖို့" သူက အမုန်းနဲ့ ပြောတယ်။ ပြီးတော့ ရဲတိုက်ဆီ လှည့်ထွက်သွားတယ်။ သူ့မီးအိမ်ဟာ လှုပ်ယမ်းရင်း အမှောင်ထဲမှာ ပျောက်ကွယ်သွားတယ်။

ဒီအချိန်မှာ မာဖိုင်က ဟက်ဂရစ်ဖက် လှည့်လိုက်တယ်။

"ကျွန်တော် အဲဒီတားမြစ်သစ်တောထဲ မဝင်ဘူး" သူက ပြောတယ်။ သူ့စကားထဲမှာ တုန်လှုပ်ချောက်ချားမှု အနည်းငယ်ကို ဟယ်ရီ ဝမ်းသာစွာ နားလည်လိုက်တယ်။

"မင်း ဟော့ဂ်ဝပ်မှာ ဆက်နေချင်သေးတယ်ဆိုရင်၊ သွားကို သွားရမယ်" ဟက်ဂရစ်က ညှာမနေဘဲ ပြောတယ်။ "မင်း အမှားပြုမိလို့ အခု တန်ဖိုးပေးရမှာပဲ"

"ဒီထဲဝင်ပြီး အလုပ်လုပ်တာ အခိုင်းအစေတွေရဲ့ အလုပ်ပဲ။ ကျောင်းသားအလုပ် မဟုတ်ဘူး။ ကျွန်တော်တို့ အမှားဝန်ခံချက်လေး ဘာလေး ရေးရင်ပြီးရောထင်တာ။ ကျွန်တော့် အဖေသာ ကျွန်တော် ဒီမှာ အလုပ်လာလုပ်တာသိရင်၊ သူက —"

" — မင်းသိဖို့က ဟော့ဂ်ဝပ်ဆိုတာ ဒီအတိုင်းပဲ" ဟက်ဂရစ်က ခပ်ကြမ်းကြမ်းပဲ ပြောလိုက်တယ်။ "စမ်းစစ်စာ ရေးတာ မင်းအဖို့ ဘာများ အကျိုးထူးမှာလဲ။ မင်းအသုံးကျတဲ့ အလုပ်ကလေး လုပ်ဦးမှပေါ့။ နို့မို့ရင် မင်းညော်င်းပေတော့။ မင်းအဖေက မင်းကို ကျောင်းထုတ်ခံရရင် ခံရပစေလို့ တွေးမယ်ထင်ရင်၊ မင်းအခု ရဲတိုက်ပြန်ပြီး အထုပ်အပိုး ထုပ်ပေတော့။ သွားကြစို့"

မာဖိုင်က မလှုပ်ဖူး။ သူက ဒေါသနဲ့ ဟက်ဂရစ်ကို ကြည့်နေတယ်။ ဒီနောက် မျက်လွှာချလိုက်တယ်။

"ကောင်းပြီ" ဟက်ဂရစ်က ပြောတယ်။ "အခု သေချာနားထောင်။ ကျုပ်တို့ ဒီည လုပ်ရမယ့် ကိစ္စက အလွန်အန္တရာယ်ကြီးတယ်။ ဘယ်သူမှ အန္တရာယ် မကျရောက်စေချင်ဘူး။ ကျုပ်နဲ့အတူ ဒီဘက်ကိုလာ"

သူက သူတို့ကို တားမြစ်သစ်တောအနား ခေါ်လာတယ်။ မီးအိမ်ကို အမြင့်ကြီးမြှောက်ထားတယ်။ အနက်ရောင် သစ်တောထဲ တဖြည်းဖြည်းဝင်သွားတဲ့ လမ်းငယ်လေးကို ညွှန်ပြတယ်။ သူတို့ တားမြစ်သစ်တောထဲကို ကြည့်တယ်။ လေပြည်လေး တိုက်ခတ်လာပြီး သူတို့ ဆံပင်တွေလွင့်နေတယ်။

"မင်းတို့ ဟိုဘက်ကို ကြည့်" ဟက်ဂရစ်က ပြောတယ်။ "မြေကြီးပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်နေတဲ့ဟာ တွေ့လား။ ငွေရောင်လေ။ အဲဒါ ဂျိုတစ်ဂျို တိရစ္ဆာန်ရဲ့ သွေးပဲ။ တားမြစ်သစ်တောထဲက ဂျိုတစ်ဂျို တိရစ္ဆာန် ဒဏ်ရာရနေတယ်။ ဒဏ်ရာအလွန်ပြင်းတယ်။ အဲဒါ တစ်ပတ်အတွင်း ဒုတိယအကြိမ် ဖြစ်တာ။ လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က တစ်ကောင်သေတာ ကျုပ်တွေ့တယ်။ ကျုပ်တို့ အဲဒီ ဂျိုတစ်ဂျို တိရစ္ဆာန်ကို တွေ့အောင်ရှာပြီး သူ့ကို ကယ်တင်ရမယ်"

"တကယ်လို့ ဂျိုတစ်ဂျို တိရစ္ဆာန်ကို အန္တရာယ်ပြုတဲ့အရာက ကျွန်တော်တို့ကို အရင်တွေ့သွားရင် ဘယ်လို လုပ်မလဲ" မာဖိုင်က မေးတယ်။ သူ့အသံထဲမှာ ချုပ်တည်းလို့မရတဲ့ ကြောက်လန့်မှုတွေ ပေါ်လွင်နေတယ်။

"မင်း ငါနဲ့ ဒါမှမဟုတ်ရင် ဖာ့ဖာ့နဲ့အတူရှိနေရင်၊ တားမြစ်သစ်တောထဲက ဘယ်သတ္တဝါကမှ၊ မင်းကို ဒုက္ခ မပေးနိုင်ဘူး" ဟက်ဂရစ်က ပြောတယ်။ "လမ်းကလေးက ခွဲမသွားနဲ့။ ကောင်းပြီ။ အခု တို့ အုပ်စုနှစ်စု ခွဲမယ်။ သွေးစက်အတိုင်း လိုက်ပြီး ရှာမယ်။ နေရာတကာမှာ သွေးစက်တွေ။ မနေ့ညတုန်းကတည်းက ဂယိမ်းဂယိုင် သွားနေတယ်ဆိုတာ သိသာတယ်"

"ကျွန်တော် ဖာ့ဖာ့ယူမယ်" မာဖိုင်က ဖာ့ဖာ့ရဲ့ သွားရှည်ရှည်ကို ကြည့်ပြီး မြန်မြန်ပြောတယ်။

"ကောင်းပြီ၊ ဒါပေမယ့် သတိတော့ ပေးမယ်။ မင်းက သူ့ရဲ့ဘော ကြောင်တဲ့လူ" ဟက်ဂရစ်က ပြောတယ်။ "ဒါဆိုရင်၊ ကျုပ်၊ ဟယ်ရီနဲ့ ဟာမီး ကွ-တစ်လမ်းသွားမယ်။ မာဖိုင်၊ နီဗီးနဲ့ ဖာ့ဖာ့က တစ်လမ်းသွား။ ဂျိုတစ်ဂျို တိရစ္ဆာန်ကို တွေ့ခဲ့ရင်၊ အစိမ်းရောင် မီးပန်းလွှတ်။ နားလည်ပြီလား။ မင်းတို့ မှော်ကြိမ်လုံး ဆွဲထုတ်ကြစမ်း။ လေ့ကျင့်ကြည့်စမ်း — ဟုတ်ပြီ · တစ်ယောက်ယောက် ဒုက္ခရောက်ရင်၊ မီးပန်းအနီကို လွှတ်။ တို့ မင်းတို့ရှိရာ လိုက်လာမယ်။ ရပြီ။ အားလုံး သတိရှိ — သွားကြစို့"

တားမြစ်သစ်တောထဲမှာ မည်းသည်းနေတာပဲ။ ငြိမ်သက်နေတာပဲ။ သူတို့ အတွင်းသို့ အတန်ငယ်လျှောက်ခဲ့တာနဲ့ လမ်းခွဲကို ရောက်လာတယ်။ ဟယ်ရီ၊ ဟာမီးနဲ့ ဟက်ဂရစ်တို့က ဘယ်ဘက်ကလမ်းကို သွားတယ်။ မာဖိုင်၊ နီဗီးနဲ့ ဖာ့ဖာ့က ညာဘက်ကလမ်းကို သွားတယ်။

သူတို့ တိတ်တိတ်ကလေးသွားနေတယ်။ မျက်စိက မြေကြီးကို စိုက်ကြည့်နေတယ်။ မကြာမကြာ လရောင်ဟာ အပေါ်က သစ်ကိုင်းကြားကနေ ဝင်လာပြီး ရွက်ကြွေတွေပေါ်က ငွေရောင်ပြာပြာ သွေးစက်တွေကို ထိုးပြ



နေတယ်။

ဟက်ဂရစ် သိပ်စိတ်ပူနေတာ ဟယ်ရီသိတယ်။

"ဝံပုလွေလူသားက ဂျိုတစ်ဂျို တိရစ္ဆာန်ကို သတ်တာဖြစ်မလား" ဟယ်ရီက မေးတယ်။

"ဒီလောက် မမြန်ဘူး" ဟက်ဂရစ်က ပြောတယ်။ "ဂျိုတစ်ဂျို တိရစ္ဆာန်ကို ဖမ်းမိဖို့ မလွယ်ဘူး။ ဒီသတ္တဝါဟာ အလွန်အားကောင်းတဲ့ မှော်ပညာရှိတယ်။ အရင်က ဂျိုတစ်ဂျို တိရစ္ဆာန်အန္တရာယ် ကျရောက်တာ တစ်ခါမှ မကြားဖူးဘူး"

ရေညှိတွေ ဖုံးနေတဲ့ သစ်ငုတ်တိုတစ်ခုကို ဖြတ်လာခဲ့တယ်။ တရှဲရှဲ ရေစီးသံကို ဟယ်ရီကြားရတယ်။ အနီးမှာ ချောင်းလေးရှိနေတာ သေချာတယ်။ ကွေ့ကောက်ရှည်လျားတဲ့ လမ်းကလေးပေါ်မှာ ဂျိုတစ်ဂျို တိရစ္ဆာန်ရဲ့ သွေးစက်တွေ ပြန့်ကျဲနေတာ တွေ့ရတယ်။

"ဘာမှ မဖြစ်ပါဘူးနော်၊ ဟာမီး" ဟက်ဂရစ်က တိုးတိုးမေးတယ်။ "စိတ်မပူပါနဲ့။ သူဒီလောက် ဒဏ်ရာပြင်းထန်နေတာ သိပ်တော့ ဝေးဝေး သွားနိုင်မှာ မဟုတ်ဖူး။ ကျုပ်တို့ မကြာခင်မှာပဲ — မကောင်းဘူး။ ဟိုသစ်ပင်နောက် ပုန်းနေလိုက်"

ဟက်ဂရစ်က ဟယ်ရီနဲ့ ဟာမီးကို လှမ်းဆွဲယူလိုက်တယ်။ လမ်းကလေးကခွာပြီး မြင့်မားတဲ့ သစ်ပင်ကြီးတစ်ပင်နောက် ပုန်းလိုက်တယ်။ သူက မြားတစ်စင်းဆွဲထုတ်တယ်။ ကျောက်လေးမှာ တပ်လိုက်တယ်။ မြှောက်ပြီး ပစ်ဖို့ ပြင်တယ်။ သုံးယောက်စလုံး နားစွင့်ပြီး နားထောင်တယ်။ တစ်ခုခု အနီးရှိ သစ်ရွက်ပေါ်မှာ ရှပ်ရှပ်နဲ့ သွားနေတယ်။ အသံဟာ ခြုံထည် မြေပေါ် ခတ်သွားသလိုပဲ။ ဟက်ဂရစ်ဟာ မျက်စိမှေးပြီး လမ်းကလေးကို ကြည့်နေတယ်။ စက္ကန့်အနည်းငယ်ကြာတော့ အသံဖြည်းဖြည်း ပျောက်သွားတယ်။

"ကျုပ်သိပြီ" သူက ပွစိပွစိပြောတယ်။

"အရာတစ်ခု၊ ၎င်းဟာ မူလတုန်းက ဒီက မဟုတ်ဖူး"

"ဝံပုလွေလူသားလား" ဟယ်ရီက မေးတယ်။

"ဝံပုလွေလူသား မဟုတ်ဘူး" ဟက်ဂရစ်က တိကျစွာပြောတယ်။ "ကောင်းပြီ၊ ကျုပ်နောက်က လိုက်ခဲ့၊ အခု သတိထားရတော့မယ်"

သူတို့ဟာ ခုနကထက် ပိုပြီး နှေးနှေးသွားတယ်။ နားစွင့်ပြီး အသံသေး

www.burmeseclassic.com

www.burmeseclassic.com



သေးလေးကစ မလွတ်အောင် သတိပြုတယ်။ ရုတ်တရက် ရှေ့ဘက်က ကွက်လပ်ပေါ်မှာ တစ်ခုခုလှုပ်နေတာကို သူတို့ရှင်းလင်းစွာ မြင်တွေ့ရတယ်။

"ဘယ်သူလဲ" ဟက်ဂရစ်က အော်တယ်။ "မြန်မြန်ထွက်ခဲ့ — ကျုပ်မှာ လက်နက်ပါတယ်"

အဲဒီအရာဟာ ပြန်ထူးပြီး ကွက်လပ်ထဲ ဝင်လာတယ် — ၎င်းဟာ လူလား၊ မြင်းလား။ ခါးပိုင်းအပေါ်က လူ၊ ဆံပင်နီနီ၊ မုတ်ဆိတ်နီနီ။ ဒါပေမယ့် ခါးအောက်ပိုင်းက နီညိုရောင်လက်နေတဲ့ မြင်းကိုယ်လုံး။ နောက်ဘက်မှာ အမြီးနီရှည်ရှည်ကြီးပါတယ်။ ဟယ်ရီနဲ့ ဟာမီးဟာ အံ့သြလို့ ပါးစပ်ကြီး ဟနေတယ်။

"အော၊ မင်းပါလား။ ရိုနင်" ဟက်ဂရစ်က ပြောတယ်။ တစ်တက်ကလဲ သူ့မြားဗူးကို လက်နဲ့ ပုတ်ပြတယ်။ "ဒီသစ်တောထဲမှာ ဆိုးဝါးတဲ့ နေ့တစ်ကောင် လှုပ်ရှားနေတယ်။ အိုး၊ ဟုတ်ပြီ။ ဒါက ဟယ်ရီ - ပေါ်တာနဲ့ ဟာမီး -ဂရန်ဂျာ။ အပေါ်က ကျောင်းက ကျောင်းသားတွေ။ မင်းတို့ကို မိတ်ဆက်ပေးမယ်။ သူက ရိုနင်။ မြင်းလူသားတစ်ယောက်ဖြစ်တယ်"

"မင်္ဂလာညခင်းပါ" ရိုနင်က ပြောတယ်။ "မင်းတို့က ကျောင်းသားတွေလား။ ကျောင်းမှာ အများကြီးလေ့လာရသလား"

"အင်း — "

"နည်းနည်းသင်ရပါတယ်" ဟာမီးက ရှက်ကိုးရှက်ကန်းနဲ့ ပြောတယ်။

"နည်းနည်းသင်ရတယ်။ ကောင်းတယ်။ ဒါဆို မဆိုးပါဘူး" ရိုနင်က သက်ပြင်းချလိုက်တယ်။ သူက ခေါင်းမော့ပြီး ကောင်းကင်ကို ကြည့်တယ်။ "ဒီည အင်္ဂါဂြိုဟ် သိပ်လင်းတယ်"

"ဟုတ်တယ်" ဟက်ဂရစ်က ပြောတယ်။ သူလဲ ခေါင်းမော့ပြီး ကောင်းကင်ကို ကြည့်လိုက်တယ်။ "ကျုပ်မေးပြောမယ်၊ ရိုနင်။ ကျုပ်တို့က ခင်ဗျားနဲ့တွေ့ရတာ သိပ်ဝမ်းသာတယ်။ ဂျိုတစ်ဂျို တိရစ္ဆာန် ဒဏ်ရာရသွားလို့ — ခင်ဗျားဘာမြင်သလဲ"

ရိုနင်က ချက်ချင်းမဖြေသေးဘူး။ သူဟာ မျက်တောင်တခတ်ခတ်နဲ့ အပေါ်ကို ငေးကြည့်နေတယ်။ ဒီနောက် သက်ပြင်းချတယ်။

"အပြစ်မရှိသူ အရင်ခံရတာချည်းပဲ" သူကပြောတယ်။ "လွန်ခဲ့တဲ့ နှစ်ရာအချို့တုန်းကလဲ ဒီလိုပဲ။ အခုလဲ ဒီလိုပဲ"



"ဟုတ်တယ်လေ" ဟက်ဂရစ်က ပြောတယ်။ "ဒါပေမယ့် ခင်ဗျား ဘာများမြင်သလဲ ရိုနင်။ ပုံမှန်မဟုတ်တာများ မြင်တွေ့ပါသလား"

"ဒီည အင်္ဂါဂြိုဟ် သိပ်လင်းလက်နေတယ်" ရိုနင်က ထပ်ပြောပြန်တယ်။ ဟက်ဂရစ်က စိတ်မရှည်စွာ သူ့ကိုကြည့်နေတယ်။ "အလွန့်ကို လင်းလက်နေတယ်" ရိုနင်က ပြောတယ်။

"ဟုတ်တယ်၊ ကျုပ်ပြောချင်တာက၊ ကျုပ်တို့ အိမ်နဲ့နီးတဲ့ နေရာမှာ ခါတိုင်းနဲ့ မတူတာ ဘာများထူးတာရှိလဲလို့" ဟက်ဂရစ်က ပြောတယ်။ "ထူးဆန်းတဲ့ အခြေအနေကို သတိမပြုမိဘူးလား"

ရိုနင်က အကြာကြီး ပြန်မဖြေဘူး။ နောက်ဆုံး သူကပြောတယ်။ "သစ်တောထဲမှာ လျှို့ဝှက်ချက်တွေ အများကြီးရှိတယ်"

ရိုနင်ကျောဘက်က ခြုံထဲကနေ အသံကြားတယ်။ ဟက်ဂရစ်က သူ့လေးကို မြှောက်လိုက်တယ်။ အဲဒါက ဒုတိယမြင်းလူသား။ ဆံပင်နက်၊ ကိုယ်လုံး အနက်။ ရိုနင်ထက် ပိုထွားကျိုင်းပုံပေါ်တယ်။

"ဟိုင်း၊ ဘေးဖွန်" ဟက်ဂရစ်က ပြောတယ်။ "ခုတလော နေကောင်းတယ်နော်"

"မင်္ဂလာညနေခင်းပါ။ ဟက်ဂရစ်။ ခင်ဗျားအားလုံး အဆင်ပြေပါစေလို့ မျှော်လင့်တယ်"

"သိပ်မဆိုးပါဘူး။ ကြည့်ပါဦး၊ ကျုပ် ခုတင်ပဲ ရိုနင်ကို မေးနေတယ်။ ခင်ဗျား ခုတလော ထူးထူးဆန်းဆန်းများ တွေ့တာရှိလား။ ဂျိုတစ်ဂျို တိရစ္ဆာန် ဒဏ်ရာရတယ် — အခြေအနေတစ်ခုခု မသိဘူးလား"

ဘေးဖွန်က လျှောက်လာပြီး ရိုနင်ဘေးမှာ ရပ်နေတယ်။ ခေါင်းမော့ပြီး မိုးကောင်းကင်ကို ကြည့်တယ်။

"ဒီည အင်္ဂါဂြိုဟ်သိပ်လင်းတယ်" သူက ဒီတစ်ခွန်းပဲ ပြောတယ်။

"ဒီစကားကြားရပြီးပြီ" ဟက်ဂရစ်က မငြိမ်မသက်ပြောတယ်။ "ကောင်းပြီလေ။ ခင်ဗျားတို့ တွေ့တာရှိရင် ကျုပ်ကို မြန်မြန်လာပြော။ မကောင်းဘူးလား။ ဒါဆို ကျုပ်တို့ သွားမယ်"

ဟယ်ရီနဲ့ ဟာမီးဟာ သူ့နောက်က လိုက်ပြီး ကွက်လပ်က ထွက်ခဲ့တယ်။ ရိုနင်နဲ့ ဘေးဖွန်ကိုလဲ လှည့်လှည့်ကြည့်တယ်။ သစ်ပင်တွေက အကြည့်ကို ကွယ်သွားတဲ့အထိပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ မြင်းလှည်းသားတွေဆီက ဘယ်တော့မှ ဒုံးဒိုးအဖြေမရဘူး" ဟက်ကရစ်က စိတ်ဆိုးစွာ ပြောတယ်၊ "ဘယ်တော့မဆို ကြယ်ကို မော့ကြည့်တယ်၊ စိတ်ပျက်စရာ၊ သူတို့က လမ်းဘေးကအရာကလွဲရင် ဘယ်ဟာကိုမှ စိတ်မဝင်စားဘူး"

"ဒီမှာ မြင်းလှည်းသားများသလား"

"ဓာတ်အား သိပ်မများပါဘူး . . . . . . သူတို့က သူတို့ချင်းချင်း အတူနေတယ်၊ ဒါပေမယ့် သူတို့ စိတ်ကောင်းရှိကြတယ်၊ ကျွပ် သူတို့နဲ့ စကားပြောချင်တဲ့ အခါတိုင်း အချိန်မီ ထွက်ထွက်လာတယ်၊ အဲဒီမြင်းလှည်းသားတွေဟာ သိပ်ခန့် မှန်းရခက်တယ် . . . သူတို့သိတာအများကြီးပဲ . . . . . . ဒါပေမယ့် ဘယ်တော့မှ ဖွင့်မပြောဘူး"

"ကျွန်တော်တို့ စောစောက ကြားတဲ့ အသံဟာ မြင်းလှည်းသားတစ်ယောက်များ ဖြစ်မလား" ဟယ်ရီက မေးတယ်၊

"အဲ ဒါ မြင်းမွှာသံလို့ မင်းထင်သလား၊ မင်းက ငါ့ကို မေးနိုင်းရင်၊ ငါကတော့ မဟုတ်ဘူးလို့ ထင်တယ်၊ အဲဒါ ကိုယ်တစ်ကိုယ်ရဲ့ ကိုယ်ကျွန်ကို သတ်ပစ်တဲ့ ငနဲပဲ — အဲဒီ အသံမျိုးကို ကျုပ် အရင်က မကြားဖူးဘူး"

သူတို့ဟာ ဆက်လက်ပြီး အုပ်ဆိုင်း မည်းမှောင်တဲ့ သစ်တောထဲမှာ မြတ်သွားကြတယ်၊ ဟယ်ရီက စိတ်လှုပ်ရှားစွာ လှည့်လှည့်ကြည့်တယ်၊ သူ့မှာ နေလို့မကောင်းသလို ခံစားရတယ်၊ တစ်ယောက်ယောက်က စောင့်ကြည့်နေလို့ပဲ၊ သူဟာ ဟက်ကရစ်နဲ့ ၎င်းရဲ့ ကျောက်လေးကြီး အနော်ပြနေတာကို သိပ်ဝမ်းသာတယ်၊ ဒါပေမယ့် လမ်းကလေးရဲ့ တွေ့တစ်ခုကိုရှိလိုက်တာနဲ့ ဟာမီးက ဟက်ကရစ်ရဲ့ လက်မောင်းကို ရုတ်တရက်ဆွဲဖမ်းလိုက်တယ်၊

"ဟက်ကရစ်၊ မြန်မြန်ကြည့်၊ မီးပန်းအနီ၊ ကျန်လူတွေ အန္တရာယ်တွေ့ပြီ"

"မင်းတို့ ဒီမှာစောင့်နေ" ဟက်ကရစ်က အော်တယ်၊ "လမ်းကလေးပေါ်မှာနေ၊ ပျောက်မသွားနဲ့၊ ကျုပ် ခုတင်ပြန်ခဲ့မယ်"

သူ ချုတ်ချုတ်နဲ့ ခြုံတွေကျော်သွားတာကို သူတို့ကြားရတယ်၊ ဟယ်ရီနဲ့ ဟာမီးဟာ နေရာတွင် ရပ်ပြီး အပြန်အလှန် ကြည့်နေကြတယ်၊ စိတ်ထဲမှာ အလွန်ကြောက်နေတယ်၊ တဖြည်းဖြည်း ဟက်ကရစ်ပျောသွားတယ်၊ ပတ်ဝန်းကျင်က သစ်ရွက်တွေ ခေတ်တိုက်လို့ တရှဲရှဲမြည်သံကိုပဲ ကြားရ



တော့တယ်၊

"သူတို့ ဒဏ်ရာမရပါဘူးနော်" ဟာမီးက မေးတယ်၊

"မာဖိုင် ဒဏ်ရာရတာတော့ အရေးမလုပ်ပါဘူး၊ နီဗီးသာတစ်ခုခုဖြစ်ရင် . . . . . . ဒါ ငါတို့ကြောင့် သူခုကျွေရောက်တာ၊ ဒါကြောင့် ဒီမှာ ဒဏ်လာခံရတာ"

အချိန်ဟာ တစ်မိနစ် တစ်ကြွန်နဲ့ သိပ်ကို နှေးကွေးတယ်၊ သူတို့နားဟာလဲ ခါတိုင်းထက်ပိုပြီး ကောင်းနေသလိုပဲ၊ ဟယ်ရီဟာ လေရဲ့ သက်ပြင်းချသံတိုင်းကိုတောင် ကြားရသလိုပဲ၊ သစ်ကိုင်းကျိုးသံတိုင်းလဲ ကြားရသလိုပဲ၊ ဘာများဖြစ်ပါလိမ့်၊ ကျန်လူတွေ ဘယ်မှာလဲ၊

နောက်ဆုံး ကြွိကြွိအသံကြီးနဲ့အတူ ဟက်ကရစ်ပြန်လာပြီဆိုတာ သူတို့သိတယ်၊ မာဖိုင်၊ နီဗီးနဲ့ ဖန်းဖန်းလဲ နောက်ကပါလာတယ်၊ ဟက်ကရစ်ဒေါသထွက်နေတယ်၊ အဖြေအနေကတော့ မာဖိုင်က တမင်တကာ နီဗီးနောက်ကိုသွားပြီး ရုတ်တရက် နီဗီးကို ဖက်ချလိုက်တယ်၊ နီဗီးက သိပ်လန့်သွားပြီး အနီရောင် မီးပန်းလွှတ်လိုက်တာ၊

"မင်းတို့နှစ်ယောက် ဆူလိုပေါ်အောင် လုပ်လိုက်တော့၊ အခု တို့ဟာ အရာကို ဖမ်းမိဖို့ဆိုတာ ကံသိုလ်ကံပဲ အားကိုးရတော့မယ်၊ ကောင်းပြီ၊ ကျုပ်တို့ အုပ်စုလဲရအောင် — နီဗီး မင်းက ကျုပ်နဲ့ ဟာမီးနဲ့အတူလိုက်၊ ဟယ်ရီ မင်းက ဖန်းဖန်းနဲ့၊ ပြီးတော့ ဒီ ငတိုင်းနဲ့ တစ်ဖွဲ့သွား၊ "ဆောရီးပဲ" ဟက်ကရစ်က ဟယ်ရီကို တိုးတိုးပြောတယ်၊ "ဒါပေမယ့် သူမင်းကို ခြောက်လှန့်ဖို့ သိပ်တော့ မလွယ်ပါဘူး၊ ကျုပ်တို့ အလုပ်ပြီးအောင် မြန်မြန်လုပ်မှ ဖြစ်မယ်"

ဒါနဲ့ ဟယ်ရီ မာဖိုင်နဲ့ ဖန်းဖန်းတို့ တောမြစ်သစ်တော အလယ်ဆီသို့ အတူသွားကြတယ်၊ သူတို့ နာရီဝက်လောက်သွားမိပြီး သစ်တောအတွင်းပိုင်းကို ရောက်လာတယ်၊ သစ်ပင်တွေဟာလဲ ကြားလေ အုပ်ဆိုင်းလေပဲ၊ လမ်းကလေးလဲ ဆက်လျှောက်စရာမရှိတော့ဘူး၊ မြေပေါ်က သွေးစတွေဟာလဲ ကြာလေ စိပ်လေလို့ ဟယ်ရီခံစားရတယ်၊ သစ်ပင်တစ်ပင်ရဲ့ အမြစ်ပေါ်မှာ သွေးတွေအများကြီးကျနေတယ်၊ အဲဒီ သနားစရာ သတ္တဝါဟာ ဒီနားမှာ တွန့်လိမ်ရုန်းကန်ခဲ့သလိုပဲ၊ ဟယ်ရီက ရှေ့သစ်ပင်ကြီးတစ်ပင်ရဲ့ ရှုပ်ယှက်နေတဲ့ သစ်ကိုင်းကနေ ရှေ့ဘက်က ကွက်လပ်တစ်ခုကို မြင်တွေ့ရတယ်၊

"ကြည့်စမ်း —" သူက အသံနိမ့်ပြောတယ်၊ လက်ရွေးလိုက်ပြီး မာဖိုင်

www.burmeseclassic.com

www.burmeseclassic.com



ကို တားထားတယ်။

ဖြူဖွေးတဲ့ အရာတစ်ခု မြေပေါ်မှာ လင်းလက်နေတယ်။ သူတို့ဟာ ၎င်းဆီသို့ နည်းနည်းချင်း ကပ်သွားတယ်။

ဟုတ်ပြီ။ အဲဒါ ဂျိုတစ်ဂျို တိရစ္ဆာန်ပဲ။ ၎င်းသေဆုံးသွားပြီ။ ဟယ်ရီဟာ ဒီလောက်လှပတဲ့၊ ဒီလောက် ရက်စက်တဲ့ မြင်ကွင်းကို ဘယ်တုန်းကမှ မမြင်ဖူးဘူး။ ၎င်းရဲ့ သွယ်လျတဲ့ ပေါင်တံဟာ ၎င်းလဲကျစဉ်က ပုံသဏ္ဌာန်အတိုင်း သဘာဝမကျစွာ ဆန့်တန်းနေတယ်။ ၎င်းရဲ့ လည်ဆံမွေးဟာ နက်မှောင်တဲ့ သစ်ရွက်ပေါ် ဖြာကျနေတယ်။ ဖြူတာမှ ပုလဲလိုပဲ။

ဟယ်ရီက ရှေ့တစ်လှမ်းလှမ်းရုံ ရှိသေးတယ်။ ရှပ်ရှပ်လျှောသွားနေတဲ့ အသံကြောင့် ခြေလှမ်းရပ်လိုက်တယ်။ နေရာတွင် ငိုင်ရပ်နေမိတယ်။ ကွက်လပ်ဘေးက ခြုံပုပ်တစ်ခု လှုပ်ခါနေတယ်။ အမှောင်ရိပ်ထဲကနေ ခေါင်းစွပ်ဦးထုပ်ဆောင်းထားတဲ့ အရိပ်တစ်ခု လှစ်ကနဲ ထွက်လာတယ်။ ၎င်းဟာ မြေကြီးပေါ်မှာ ဖြည်းနှေးစွာ တွားသွားနေတယ်။ ရှေ့တိုးလာတဲ့ တောရိုင်းတိရစ္ဆာန်လိုပဲ။ ဟယ်ရီ၊ မာဖိုင်နဲ့ ဖားဖားတို့ဟာ အရုပ်လို ရပ်နေတယ်။ ခြုံထည်ခြုံထားတဲ့ အရိပ်ဟာ ဂျိုတစ်ဂျိုတိရစ္ဆာန်ဘေး ရောက်လာတယ်။ ခေါင်းငုံ့လိုက်တယ်။ အဲဒီ အသေကောင်ဘေးတစ်ဖက်က ဒဏ်ရာကို ကပ်ပြီး သွေးစုတ်တယ်။

"အား အား အား အား —"

မာဖိုင်ဟာ ကြောက်စရာ စူးရှစွာအော်ပြီး ထွက်ပြေးပါတော့တယ်။ ဖားဖားကလဲ အသေအလဲ ထွက်ပြေးတယ်။ ခေါင်းစွပ်ဦးထုပ် ဆောင်းထားတဲ့ အရိပ်ဟာ ခေါင်းမော့လိုက်တယ်။ ချက်ချင်း ဟယ်ရီကို မြင်သွားတယ်။ ဂျိုတစ်ချို တိရစ္ဆာန်ရဲ့ သွေးဟာ သူ့ရင်ပပ်ပေါ် စက်စက်ကျတယ်။ ၎င်းဟာ မတ်တတ်ရပ်လိုက်တယ်။ ဟယ်ရီဆီသို့ အလျင်အမြန်လျှောက်လာတယ် — ဟယ်ရီက ကြောက်လို့ မလှုပ်နိုင်တော့ဘူး။

အဲဒီအချိန်မှာပဲ ပြင်းထန်တဲ့ နာကျင်မှုဟာ ဟယ်ရီ့ခေါင်းကို တိုးဝင်လာတယ်။ ဒါ အရင်က သူမခံစားဖူးတဲ့ ခံစားမှုပဲ။ သူ့ကျောဘက်မှာ မြင်းပြေးလာတဲ့ ခွာသံကြားတယ်။ တစ်ခုခု သူ့ခေါင်းပေါ်က ဖြတ်ကျော်ပြီး ဟိုအရိပ်ဆီ ခုန်အုပ်တယ်။

ဟယ်ရီ့ခေါင်းဟာ သိပ်ကို နာကျင်လွန်းတယ်။ သူက ဘုန်းဆိုမြေပေါ် ဒူးထောက်လဲသွားတယ်။ တစ်မိနစ် နှစ်မိနစ်နေမှ သက်သာလာတယ်။ သူခေါင်းမော့ကြည့်တဲ့အခါမှာ ခေါင်းစွပ် ဦးထုပ်ဆောင်းထားတဲ့ ကိုယ်ယောင်ကို မတွေ့ရတော့ဘူး။ မြင်းလူသားတစ်ယောက် သူ့ဘေးမှာ ရပ်နေတယ်။ ရိုနင်လဲ မဟုတ်ဖူး။ ဘေအွန်လဲ မဟုတ်ဖူး။ ဒီမြင်းလူက ပိုပြီး ငယ်ရွယ်တယ်။ သူ့ဆံ ပင်က ရွှေဖြူအရောင်၊ ငွေရောင်လည်ဆံမွှားနဲ့ မြင်းကိုယ်လုံး။

"ဘာမှ မဖြစ်ပါဘူးနော်" မြင်းလူသားက ဟယ်ရီကို ဆွဲထူပြီး မေးတယ်။

"မဖြစ်ပါဘူး — ကျေးဇူးတင်ပါတယ် — ခုနက ဟာက ဘာလဲ"

မြင်းလူသားက မဖြေဘူး။ သူ့မျက်စိဟာ အံ့ဩစရာကောင်းအောင် ပြာလဲ့နေတယ်။ နီလာဖျော့ဖျော့လိုပဲ။ သူက ဟယ်ရီကို သေချာအကဲခတ်တယ်။ သူ့အကြည့်ဟာ ဟယ်ရီနဖူးပေါ်က ပေါ်လွင်တဲ့ အနာရွတ်ပေါ်မှာ ရပ်နေတယ်။

"မင်းက ပေါ်တာမိသားစုက ဟိုကောင်လေးပဲပေါ့" သူက ပြောတယ်။ မင်းမြင်းစီးတတ်လား။ ဒါဆို နည်းနည်းပို မြန်မယ်။

"ကျွန်တော့် နာမည်က ဖလွန်ဇာ" သူက တစ်ခွန်း ဖြည့်ပြောတယ်။ ရှေ့ခြေကိုကွေး၊ ကိုယ်ကို နှိမ့်ပေးပြီး ဟယ်ရီကို သူ့ကျောပေါ် တက်ခိုင်းတယ်။

ရုတ်တရက် ကွက်လပ်ရဲ့ မျက်နှာချင်းဆိုင်ဘက်ကနေ မြင်းခွာသံ ပိုများများပေါ် ထွက်လာတယ်။ ရိုနင်နဲ့ ဘေအွန်တို့ ခြုံပုပ်ထဲက ပြေးထွက်လာတယ်။ ဗိုက်ဟာ ပြင်းထန်စွာ ဖောင်းလိုက် ပိန်လိုက်ဖြစ်နေတယ်။ ချွေးတွေ ရွှဲနေတာပဲ။

"ဖလွန်ဇာ" ဘေအွန်က ဒေါသနဲ့ ဟောက်တယ်။ "မင်း ဘာလုပ်နေတာလဲ၊ လူတစ်ယောက်ကို မင်းကျောပေါ် တက်စီးခိုင်းတယ်။ မင်း မရှက်ဘူးလား။ မင်းက ရိုးရိုးမြင်းတစ်ကောင်မို့လား"

"ဒါ ဘယ်သူလဲဆိုတာ ခင်ဗျားတို့ သေချာ မမြင်ဘူးလား" ဖလွန်ဇာက ပြောတယ်။ "ဒါက ပေါ်တာတို့ မိသားစုထဲက ဟိုကောင်လေးပါ။ သူ ဒီသစ်တောက အမြန်ထွက်ခွာသွားမှ ဖြစ်မယ်။ မြန်လေ ကောင်းလေပဲ"

"မင်း သူ့ကို ဘာတွေပြောထားလဲ" ဘေအွန်က စိတ်ဆိုးဆိုးနဲ့ ပြောတယ်။ "မှတ်ထား၊ ဖလွန်ဇာ၊ ကျုပ်တို့က အဓိဋ္ဌာန်ပြုထားပြီးသား ဘုရားသခင်ရဲ့ သဘောကို ဘယ်နည်းနဲ့မှ မဆန့်ကျင်ရဘူး။ ကြယ်တာရာတွေရဲ့ လှုပ်ရှားမှုက ဖော်ပြတဲ့ နိမိတ်ကို တို့မတွေ့ကြလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ရှိနင်က စိတ်လှုပ်ရှားလို့ ခွာနဲ့ မြေကြီးကို ပေါက်နေတယ်။

"ဖလွန်ဇာ ဒီလိုလုပ်တာ စိတ်ကောင်း စေတနာနဲ့ဆိုတာ ကျွန်တော် ယုံတယ်" ရှိနင်က ဝမ်းနည်းတဲ့အသံနဲ့ ပြောတယ်။

"စိတ်ကောင်းစေတနာလား။ အဲဒီ ကိစ္စနဲ့ ဘာဆိုင်လို့လဲ။ မြင်းလူသားတွေ စိတ်ဝင်စားတာက ကြယ်တာရာတွေရဲ့ ပဟေဠိ။ ကျုပ်တို့ဟာ လားတွေလို ကျုပ်တို့ သစ်တောထဲမှာ လမ်းရှာမရတဲ့ လူတွေနောက်က လိုက်ပြေးနေစရာ မလိုဘူး"

ဖလွန်ဇာဟာ စိတ်ဆိုးလွန်းလို့ နောက်ခြေနဲ့ မတ်တတ်ရပ်တယ်။ ဟယ်ရီက သူ့ပခုံးကို အတင်းဖက်ထားရတယ်။ ဒီတော့မှ လိမ့်မကျတာ။

"ဟို ဂျူတစ်ဂျူ တိရစ္ဆာန်ကို ခင်ဗျား မမြင်ဘူးလား" ဖလွန်ဇာက ဘေအွန်ကို အော်ဟစ်ပြောတယ်၊ "သူဘာကြောင့် အသတ်ခံရတယ်ဆိုတာ ခင်ဗျားတို့ မသိဘူးလား။ ပလန်းနစ်ကြယ်က ဒီလျှို့ဝှက်ချက်ကို ခင်ဗျားတို့ကို မပြောဘူးလား။ ကျုပ်တို့ သစ်တောထဲမှာ ပုန်းလျှိုးနေတဲ့ ငနဲကို ကျုပ်ခုခံမယ်။ ဘေအွန်၊ ဟုတ်တယ်။ လိုအပ်လို့ ရှိရင် ကျုပ်လူသားတွေနဲ့ တစ်ဖက်ထဲမှာ ရပ်မယ်"

ဖလွန်ဇာ ပြောပြီးတာနဲ့ ပေါပါးစွာ ကိုယ်ကိုလှည့်လိုက်တယ်။ ဟယ်ရီက သူ့ကိုယ်ပေါ် ပူးကပ်ထားတယ်။ သူတို့ဟာ သစ်တောအတွင်း ပြေးဝင်သွားတယ်။ ရှိနင်နဲ့ ဘေအွန်ကို ထားရစ်ခဲ့တယ်။

ဒါ ဘာဖြစ်တာလဲဆိုတာ ဟယ်ရီ လုံးဝနားမလည်ဘူး။

"ဘေအွန်က ဘာဖြစ်လို့ ဒီလောက် စိတ်ဆိုးတာလဲ" သူက မေးတယ်။ "ပြီးတော့ ခုနက ဟာက ဘာကြီးလဲ၊ ခင်ဗျား ကျွန်တော့်ကို သူ့လက်ထဲက ကယ်တယ်"

ဖလွန်ဇာက ခြေလှမ်းကို နှေးလိုက်တယ်။ ဟယ်ရီကို ခေါင်းငုံ့ပြီး သစ်ကိုင်းနိမ့်နိမ့်တွေကို ရှောင်ဖို့ သတိပေးတယ်။ ဒါပေမယ့် ဟယ်ရီ့မေးခွန်းကိုတော့ မဖြေဘဲ ရှောင်နေတယ်။ သူဟာ သစ်တောထဲမှာ တိတ်တိတ်ဖြတ်သွားတယ်။ အကြာကြီး စကားမပြောဘူး။ ဟယ်ရီက ဖလွန်ဇာ သူ့ကို စကားမပြောချင်တော့ဘူးလို့ ထင်တယ်။ အထူး အုပ်ဆိုင်း ထူထပ်တဲ့ သစ်တောကို ဖြတ်သွားတဲ့အခါမှာ ဖလွန်ဇာက ရုတ်တရက် ရပ်လိုက်တယ်။

"ဟယ်ရီ - ပေါ်တာ။ ဂျူတစ်ဂျူ တိရစ္ဆာန်ရဲ့သွေး ဘာအသုံးဝင်တယ်ဆိုတာ သိလား"



"မသိဘူး" ဟယ်ရီဟာ ဒီလို ထူးဆန်းတဲ့ မေးခွန်းကို ကြားတော့ လန့်သွားတယ်။ "ကျွန်တော် မှော်ဆေးပညာသင်တန်းမှာ သူ့ဂျိုနဲ့ အမြီးပဲ အသုံးပြုဖူးတယ်" လို့ ပြောလိုက်တယ်။

"ဒါကတော့ ဂျူတစ်ဂျူတိရစ္ဆာန်ကို သတ်တာဟာ သိပ်ကို ရက်စက်တဲ့ အမှုမို့ပဲ" ဖလွန်ဇာက ပြောတယ်။ "မိမိမှာ ဘာမှမရှိတဲ့အပြင် အားလုံးကို လိုချင်နေတဲ့ လူမှသာ ဒီလိုရက်စက်တဲ့ အမှုကို ကျူးလွန်တာ။ ဂျူတစ်ဂျူ တိရစ္ဆာန်ရဲ့သွေးဟာ သင့်အသက်ကို ဆက်နိုင်တယ်၊ သေလုမြောပါးဖြစ်နေပါစေ၊ အသက်ဆက်နိုင်တယ်။ ဒါပေမယ့် သင်ဟာ ဒီအတွက် ကြီးလေးတဲ့ တန်ဖိုးပေးရမယ်။ သင်ဟာ မိမိအသက်ကို ကယ်ဖို့အတွက် သန့်စင်တဲ့၊ အားနွဲ့ပြီး အကူအညီမဲ့တဲ့ အသက်ကို သတ်ဖြတ်တဲ့အတွက် ၎င်းရဲ့သွေးနဲ့ သင့်နှုတ်ခမ်း ထိတွေ့တဲ့အချိန်ကစပြီး သင့်မှာ မသေမရှင် အသက်တစ်ဝက်သာ ရမယ်။ ကျိန်စာသင့်ထားတဲ့ အသက်သာရမယ်"

ဟယ်ရီက ဖလွန်ဇာရဲ့ နောက်စေ့ကို ကြည့်တယ်။ ၎င်းဟာ လရောင်အောက်မှာ ငွေရောင်အစက်တွေ လက်နေတယ်။

"ဒါပေမယ့် အဲဒီ တရားခံ လက်သည်ဟာ ဘယ်သူလဲ" ဟယ်ရီက မိမိ သိလိုတာကို အကျယ်ကြီးပြောတယ်။ "တစ်သက်လုံး ကျိန်စာသင့်မယ်ဆိုရင် သေတာကမှ ကောင်းသေးတယ်၊ မဟုတ်ဘူးလား"

"ဟုတ်တယ်" ဖလွန်ဇာက သဘောတူတယ်၊ "အဲဒါကို အသက်ဆက်ဖို့ လုပ်ပြီး၊ အခြားအရာတစ်ခုကို သောက်နိုင်ဖို့ — လုံးဝ ခွန်အားနဲ့ မှော်ပညာ ပြန်ရနိုင်တဲ့အရာ — အသက်မှသေ မအိုတဲ့အရာ။ မစ္စတာ ပေါ်တာ။ အခု ကျောင်းထဲမှာ ဘာပစ္စည်း ဝှက်ထားတယ်ဆိုတာ သင်သိလား"

"မှော်ကျောက်တုံး။ ဒါပေါ့လေ - မအိုမသေတဲ့ ဆေး။ ဒါပေမယ့် ဘယ်သူ့ဆိုတာ ကျွန်တော် နားမလည်ဘူး — "

"မင်း မတွေးမိဘူးလား။ ဒီလို နှစ်ပေါင်းများစွာ စောင့်စားနေပြီး၊ တစ်ဖန်ပြန်ထောင်ချင်တာ ဘယ်သူလဲ။ ဘယ်သူက အသက်ကို လက်မလွှတ်နိုင်ဘဲ အတင်းဆုပ်ကိုင်ထားပြီး အခါအခွင့်ကို စောင့်နေတာလဲ"

ဒီအချိန်မှာ သံလက်သည်း တစ်ခု ဟယ်ရီနှလုံးကို ဖမ်းညှစ်လိုက်သလို ခံစားရတယ်။ သစ်ရွက်တွေ လေတိုက်လို့ ထွက်ပေါ်လာတဲ့ တရှပ်ရှပ်

www.burmeseclassic.com

www.burmeseclassic.com



အသံထဲမှာ သူဟာ ဟက်ဂရစ်နဲ့ ပထမဆုံး တွေ့တဲ့ညမှာ ပြောတဲ့စကား ကြားယောင်နေတယ်။ "တစ်ချို့က သူသေပြီလို့ ပြောတယ်။ ကျုပ်ကတော့ အဓိပ္ပာယ်မရှိ လျှောက်ပြောနေတယ်လို့ ထင်တယ်။ သူ့ကိုယ်ပေါ်မှာ လူ့စိတ် သိပ်မရှိတော့ပါဘူး။ ဒါကြောင့် သေတယ်ဆိုတာလဲ မဖြစ်နိုင်ဘူး"

"ခင်ဗျားပြောတာက" ဟယ်ရီက နှိမ့်ပြီးပြောတဲ့အသံနဲ့ ပြောတယ်။ "အဲဒါ ဗိုလ်ဒီ — "

"ဟယ်ရီ၊ ဟယ်ရီ၊ နင် ဘာမှ မဖြစ်ပါဘူးနော်"

ဟာမီးဟာ လမ်းကလေးကနေ သူတို့ရှိရာ ပြေးလာတယ်။ ဟက်ဂရစ်က တရှုးရှုးနဲ့ နောက်က ပါလာတယ်။

"ငါ ဘာမှ မဖြစ်ဘူး" ဟယ်ရီက ပြောတယ်။ သူဟာ မိမိ ဘာပြောနေမှန်းတောင် မသိဘူး။ "ဂျိုတစ်ဂျို တိရစ္ဆာန်သေပြီ။ ဟက်ဂရစ်။ ဟိုဘက်က ကွက်လပ်ထဲမှာ"

"မင်းကို ဒီမှာပဲ ထားခဲ့မယ်" ဖလွန်ဇာက ဟက်ဂရစ် ဂျိုတစ်ဂျို တိရစ္ဆာန်အလောင်း သွားကြည့်တဲ့အခါမှာ အသံနိမ့်ပြီး ပြောတယ်။ "မင်း အခု အန္တရာယ်မရှိတော့ဘူး"

ဟယ်ရီက သူ့ကျောပေါ်ကနေ လျှောဆင်းလိုက်တယ်။

"ကံကောင်းပါစေ။ ဟယ်ရီ - ပေါ်တာ" ဖလွန်ဇာက ပြောတယ်။ "အရင်က ကံကြမ္မာ ကြယ်တာရာကို မှားယွင်းစွာ အဓိပ္ပာယ် ဖွင့်ခဲ့ဖူးတယ်။ မြင်းလူလဲ အမှားကို မရှောင်လွှဲနိုင်ပါဘူး။ ဒီတစ်ကြိမ်လဲ ဒီအတိုင်းဖြစ်ပါစေလို့ ကျွန်တော် မျှော်လင့်ပါတယ်"

သူ ကိုယ်ကို လှည့်လိုက်တယ်။ တစ်ကိုယ်လုံး တုန်ယင်နေတဲ့ ဟယ်ရီကို ထားခဲ့ပြီး သစ်တောနက်ရှိုင်းရာဆီသို့ ဖြည်းဖြည်းပြေးဝင်သွားတယ်။

ရွန်ဟာ မှောင်မည်းတဲ့ နားနေခန်းထဲမှာ သူတို့အပြန်ကို စောင့်နေတယ်။ သူအိပ်ပျော်သွားတယ်။ ဟယ်ရီက သူ့ကို ခပ်ကြမ်းကြမ်း လှုပ်နှိုးတဲ့အခါမှာ သူက ခွေဒစ်ပြိုင်ပွဲ ဖောင်းဖြစ်တဲ့ စကားမျိုးတွေ ပြောနေကုန်းပဲ။ ဒါပေမယ့် စက္ကန့်အနည်းငယ်ကြာတော့ သူ့လုံးဝ နိုးလာတယ်။ မျက်လုံးကြီး ပြူးပြီး ဟယ်ရီနဲ့ ဟာမီးတို့ တားမြစ်သစ်တောထဲ ဝင်ခဲ့တဲ့အကြောင်း ပြောပြတာ အာရုံစိုက် နားထောင်တယ်။



ဟယ်ရီဟာ စိတ်လှုပ်ရှားလွန်းလို့ မထိုင်နိုင်ဘူး။ သူဟာ မီးဖို ရှေ့မှာ ဟိုဟိုဒီဒီ လျှောက်နေတယ်၊ သူ့ကိုယ်ကတော့ တုန်နေတုန်းပဲ။

"စနိတ်ပ်က ဗိုလ်ဒီမွန့်အတွက် မှော်ကျောက်တုံး ရှာပေးနေတယ်. . . . . ဗိုလ်ဒီမွန့်က သစ်တောထဲမှာ စောင့်နေတယ်. . . . ငါတို့က စနိတ်ပ်ဟာ မှော်ကျောက်တုံးကို သူဌေးဖြစ်ဖို့ လိုချင်တာလို့ ထင်နေတာ. . . . . "

"အဲဒီ နာမည်ကို ထပ်မပြောပါနဲ့တော့" ရွန်က ထိတ်လန့်စွာ တိုးတိုး ပြောတယ်။ ဗိုလ်ဒီမွန့် ကြားသွားမှာ ကြောက်နေသလိုပဲ။

ဟယ်ရီက သူ့ကို ဂရုမစိုက်ဘူး။

"ဖလွန်ဇာက ငါ့ကို ကယ်လိုက်တယ်၊ သူဒီလို မလုပ်သင့်ဘူး. . . . ဘေးအွန်က သိပ်ကို စိတ်ဆိုးတာ. . . . . ဒီလို လုပ်တာဟာ ကံကြမ္မာ ကြယ်တာရာ နိမိတ်ပြတာကို အနှောင့်အယှက်ပေးရာ ကျမယ်လို့ပြောနေတယ်. . . . ကြယ်တာရာက ဗိုလ်ဒီမွန့် ပြန်ထလာမယ်လို့ ဖော်ပြမှာ သေချာတယ်. . . . ဘေးအွန်က ဗိုလ်ဒီမွန့် ငါ့ကို သတ်ပစ်တာကို ဖလွန်ဇာ ခွင့်ပြုရမယ်လို့ ထင်တယ်. . . . အဲဒါလဲ ကြယ်တာရာတွေက ပြနေတာလို့ ငါ ခန့်မှန်းတယ်"

"မင်း ဟိုနာမည်ကို ထပ်မပြောပြလို့ ရမလား" ရွန်က အသံနှိမ့်ပြောတယ်။

"ဒါကြောင့် အခု ငါ စနိတ်ပ် မှော်ကျောက်တုံး သွားခိုးတာကိုပဲ စောင့်ရတော့မယ်" ဟယ်ရီက စိတ်အလွန်လှုပ်ရှားစွာ ဆက်ပြောတယ်။ "ဒီနောက် ဗိုလ်ဒီမွန့်က ဒီကိုလာမယ်။ ငါ့ကို သတ်ပစ်မယ်. . . . ကောင်းတယ်။ ဒီလိုဆိုရင် ဘေးအွန် ဝမ်းသာရပြီပေါ့"

ဟာမီးကို ကြည့်ရတာ အလွန်ကြောက်နေတယ်။ ဒါပေမယ့် ဟယ်ရီကို စကားရှာပြီး နှစ်သိမ့်တယ်။

"ဟယ်ရီ၊ အားလုံးက ပြောတယ်၊ လျှို့ဝှက်တဲ့လူ အကြောက်ဆုံးက ဒမ်ဘာလီဒိုးပဲ၊ ဒမ်ဘာလီဒိုး ဒီမှာ ရှိနေရင်၊ လျှို့ဝှက်တဲ့လူက နင့်ကို ဘယ်လိုမှ မလုပ်နိုင်ဘူး။ ပြီးတော့၊ မြင်းလူသားပြောတာ အကုန်မှန်တယ်လို့ ပြောလို့ ရမလား။ ဒါတွေ ကြားရတာ ဗေဒင်လိုပဲ။ ပါမောက္ခ မက်ဂေါ်နာဂေါ်က ပြောတယ်၊ အဲဒါတွေဟာ အလွန်မတိကျတဲ့ မှော်ပညာတဲ့"

www.burmeseclassic.com



မိုးလဲလင်းလာပြီ။ သူတို့ စကားရပ်လိုက်ကြပြီ။ အာခေါင်ခြောက်ပြီး နာနေတယ်။ အားအင်ကုန်ခန်းစွာ သွားအိပ်ကြတယ်။ သို့ပေမယ့် ဒီနေ့ညမှာ မမျှော်လင့်စရာ တစ်ခုက သူတို့ကို စောင့်နေသေးတယ်။ ဟယ်ရီ ခုတင်ဖုံးကို ဆွဲဖယ်လိုက်တဲ့အခါမှာ သူ့ကိုယ်ပျောက်ခြုံထည် သပ်သပ်ရပ်ရပ် ခေါက်ပြီး ခုတင်ဖုံးအောက်မှာ ထားတာတွေ့ရတယ်။ ကိုယ်ပျောက်အကျီပေါ်မှာ စာရွက်ကလေးတစ်ရွက် ညပ်ထားတယ်။ စာရွက်ပေါ်မှာ —

လိုအပ်လို လိုအပ်ငြား။



## ၁၆။ တံခါးရှုက်ရှင်တို ဖြတ်ကျော်ခြင်း

သူဘယ်လို စာမေးပွဲတွေ အောင်မဲ့တယ်ဆိုတာ ဟယ်ရီမှတ်မိမှာ မဟုတ်တော့ဘူး။ ထိုစဉ်က သူဟာ အမြဲလို စိုးရိမ်ကြောက်လန့်နေတယ်။ အချိန်မရွေး ဗိုလ်ဒီမွန့် တံခါးဖွင့်ဝင်လာမှာကို သတိထားနေရတယ်။ သို့ပေမယ့် အချိန်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားတာနဲ့အတူ အမွေးဖွားလေးဟာ စေ့စေ့ပိတ်ထားတဲ့ တံခါးရှုက်နောက်မှာ ဘေးမသီ ရန်မခ အသက်ရှင်နေတုန်းပဲ။

ရာသီဥတု အလွန်ပူပြင်းတယ်။ သူတို့ စာမေးပွဲဖြေရတဲ့ ကျောင်းခန်းကြီးထဲမှာ ပိုပြီး ပူအိုက် - အနေရခက်တယ်။ ဆရာတွေက သူတို့စာမေးပွဲ ဖြေရာမှာ သုံးဖို့ထုတ်ပေးတဲ့ ငှက်မွေးကလောင်ဟာ ခိုးချလို့ မရအောင် ဂါထာနဲ့ စီမံထားပြီးသား။

ဒီပြင် လက်တွေ့ စာမေးပွဲလဲရှိသေးတယ်။ ပါမောက္ခ ဖလစ်ဝစ်က သူတို့ကို တစ်ယောက်ပြီး တစ်ယောက် ကျောင်းခန်းထဲ ဝင်ခိုင်းတယ်။ နာနတ်သီးတစ်လုံးကို ခြေထောက် ကစေပြီး စာရေးစာပွဲတစ်လုံးဆို ဖြတ်သွား

www.burmeseclassic.com



နိုင်အောင် လုပ်ပြနိုင်သလားဆိုတာ စစ်ဆေးတယ်။ ပါမောက္ခ မက်ဂေါ်နာဂေါက သူတို့ ကြွက်တစ်ကောင်ကို နွားချေးဆေးဗူးအဖြစ် ပြောင်းပစ်တာ ကြည့်နေတယ်။ ဗူးလှလှလေ အမှတ်များလေပဲ။ ဗူးပေါ်မှာ ကြွက်နွားခေါင်းမွေး ကျန်နေရင် အမှတ်လျှော့တယ်။ မှော်ဆေးပညာ စာမေးပွဲ စစ်တဲ့အခါမှာ သူတို့ဟာ မေ့တတ်တဲ့ ဆေးကို ဖော်စပ်တဲ့ အဆင့်တွေ မနည်းပြန်စဉ်းစားရတယ်။

စနိတ်ပ်က ကျောဘက်မှာ ရပ်နေပြီး တင်းတင်းကြပ်ကြပ် ဂရုစိုက်ကြည့်နေတယ်။ သူတို့ဟာ သူတို့ လည်ပင်းအနားမှာ သူအသက်ရှူနေတာကို ခံစားရတယ်။ ဒါကြောင့် သူတို့ သိပ်ကို စိတ်လှုပ်ရှားသွားကြတယ်။

ဟယ်ရီဟာ စာမေးပွဲထဲ လုံးဝ စိတ်ဝင်စားစွာ ဖြေဆိုတယ်။ နဖူးပေါ်မှာ ပြင်းထန်စွာ နာကျင်နေတာကို တတ်နိုင်သလောက် မေ့ပစ်တယ်။ သူ သစ်တောထဲက ပြန်လာကတည်းက ဒီလို နာကျင်တဲ့ ခံစားချက်က သူ့ကို ဒုက္ခ ပေးနေတယ်။ နီဗီးဟာ ဟယ်ရီ ညည အိပ်မပျော်တာကို ကြည့်ပြီး သူစာမေးပွဲ ကြောက်တဲ့ ရောဂါရနေတယ်လို့ ထင်တယ်။ စင်စစ် ဟယ်ရီဟာ အရင်က အိပ်မက်ဆိုးကြောင့် လန့်လန့်နိုးနေတာ။ အခု အရင်ကထက် ပို ဆိုးတယ်။ အကြောင်းက အိပ်မက်ဆိုးထဲမှာ ခေါင်းစွပ်ဦးထုပ်ဆောင်းထားတဲ့ ပါးစပ်က သွေးယိုကျနေတဲ့ အရိပ်တစ်ခု တိုးလာလို့ပဲ။

ရွန်နဲ့ ဟာမီးကတော့ ဟယ်ရီလို တစ်နေကုန် မှော်ကျောက်တုံး အတွက် စိတ်မပူကြဘူး။ ဒါလဲ သူတို့က ဟယ်ရီ သစ်တောထဲမှာ တွေ့ကြုံရတာကို မမြင်ရလို့လဲ ဖြစ်မယ်။ သူတို့ နဖူးပေါ်မှာ မီးလောင်ခံရသလို နာကျင်တဲ့ အမာရွတ် မရှိလို့လဲ ဖြစ်ချင်ဖြစ်မယ်။ ဗိုလဒီမွန့်ဟာ သူတို့ကို ကြောက်ရွံ့စေတာ အမှန်ပဲ။ ဒါပေမယ့် ၎င်းဟာ အကောင်အထည်မဲ့တဲ့ အသိသာဖြစ်တယ်။ သူတို့ အိပ်မက်ကိုလည်း လာမနှောင့်ယှက်ဘူး။ ပြီးတော့ သူတို့ဟာ တစ်နေကုန် စာကျက်နေရလို့ စနိတ်ပ် သို့မဟုတ် တခြားတစ်ယောက်ယောက် ဘာလုပ်မယ်ဆိုတာကို စိတ်ပူမနေနိုင်ဘူး။

နောက်ဆုံး စာမေးပွဲကတော့ မှော်သမိုင်း စာမေးပွဲ။ နောက်ထပ် တစ်နာရီ အောင့်ထားလိုက်ရင် ဘယ်ထူးဆန်းတဲ့ မှော်ဆရာအိုကြီးက အလိုအလျောက် မွှေတတ်တဲ့ ဆေးကျိုအိုးကို တီထွင်တယ်ဆိုတာ ဖြေဆိုနိုင်ရင် သူတို့ လွတ်လပ်သွားပြီ။ ကိုယ်လက်ပေါ့ပါးစွာ တနင်္ဂနွေတစ်ပတ်လုံးလုံး ကစားလို့ ရပြီ။ စာမေးပွဲ အောင်စာရင်း ကြေညာတဲ့အထိ အားပြီ။ ပါမောက္ခ



ဘင်းစ်ရဲ့ ဝိညာဉ်က သူတို့ကို ကလောင်တွေ ချထားပြီး အဖြေလွှာ သိမ်းရေစာရွက်ကို လိပ်ထားခိုင်းတဲ့အခါမှာ ဟယ်ရီဟာ အခြားသူငယ်ချင်း တွေနဲ့အတူ ဝမ်းသာအားရ ထအော်ကြတယ်။

"ငါထင်ထားတာထက် အများကြီး လွယ်တယ်" သူတို့ဟာ လူအုပ်နဲ့အတူ အပြင်ဘက် နေရောင်ခြည်ဖြာနေတဲ့ ကွင်းထဲရောက်တဲ့အခါမှာ ဟာမီးက ပြောတယ်။ "တကယ်တော့ '၁၆၃၇ ခုနှစ်က ဝံပုလွေလူသားရဲ့ စံ' နဲ့ မှင်စာလေးတွေ ပုန်ကန်တဲ့ ဖြစ်စဉ်ကို သွားမှတ်စရာမလိုဘူး"

ဟာမီးဟာ စာမေးပွဲပြီးမှ စာမေးပွဲအတွင်းသဘောကို ပြန်နွှေးတတ်တယ်။ ဒါပေမယ့် ရွန်ကတော့ ဒီလိုလုပ်တာ သူ မသတီဘူးလို့ ပြောတယ်။ ဒီလိုနဲ့ သူတို့ ကုန်းဆင်းကို တဖြည်းဖြည်း လျှောက်လာကြတယ်။ ကန်နဘေးရောက်တော့ သစ်ပင်အောက်မှာ ပစ်ထိုင်ချလိုက်တယ်။ ဟိုဘက်မှာ ပြည်ကြီးငါးကြီးတစ်ကောင် နွေးထွေးတဲ့ ရေတိမ်မှာ အိပ်ပြီး နေပူစာလှုံနေတယ်။ ဝယ်စလီ အမြွှာညီနောင်နဲ့ လီ ‑ ဂျော်ဒန်တို့ဟာ ၎င်းရဲ့ အမွေးအမျှင်တွေကို အသာတို့ကစားနေတယ်။

"ကောင်းလိုက်တာ။ စာမကျက်ရတော့ဘူး" ရွန်က ပျော်ရွှင်စွာ လေမှုတ်ထုတ်ပြီး ခြေဆန့်လက်ဆန့် မြက်ခင်းပေါ် လှဲအိပ်တယ်။ "ဟယ်ရီ၊ ပျော်ပျော်နေလေ။ တစ်ပတ်ကြာမှ တို့ စာမေးပွဲမှာ ဘယ်လောက် ညံ့တယ်ဆိုတာ သိရမှာ။ ခုကတဲက စိတ်ပူနေစရာမလိုဘူး"

ဟယ်ရီက သူ့နဖူးကို ပွတ်သပ်နေတယ်။

"ဒါ ဘာအဓိပ္ပာယ်လဲဆိုတာ ငါ သိပ်သိချင်တယ်" သူက ရုတ်တရက် မကျေမနပ်ပြောတယ်။ "ငါ့ အနာရွတ်က နာချည်းနာနေတယ် —— အရင်က နာဖူးတယ်။ ဒါပေမယ့် ခုလောက် ခနခန မနာဘူး"

"မဒမ်ဖွန်ဖရေကို သွားပြလေ" ဟာမီးက အကြံပေးတယ်။

"ငါ ဖျားတာမဟုတ်ဘူး" ဟယ်ရီက ပြောတယ်။ "ဒါ သတိပေးတာလို့ ထင်တယ်. . . . အန္တရာယ်ကျရောက်တော့မယ်လို့ အဓိပ္ပာယ်ရတယ်. . . ."

ရွန် ထိုင်းမှိုင်းနေတယ်။ ရာသီကလဲ သိပ်ပူတယ်။

"ဟယ်ရီ၊ စိတ်လျှော့ထား။ ဟာမီးပြောတာ မှန်တယ်။ ဒမ်ဘယ်လ်ဒိုရှိနေရင် မှော်ကျောက်တုံး အန္တရာယ်မရှိဘူး။ ဘာဘဲဖြစ်ဖြစ် စနိတ်ပ်က အမွှာဖွားလေးကို နှိမ်နင်းတဲ့နည်း ရသွားပြီးဆိုတာ ငါတို့မှာ ဘာသက်သေမှ မရှိဘူး။

www.burmeseclassic.com



အရင်တစ်ခါက သူ့ခြေထောက်တောင် အကိုက်ခံရလို့ ကျိုးခါနီးပြီ။ အလောတကြီး နောက်ထပ် စွန့်စားမှာ မဟုတ်ဘူး။ ဟက်ဂရစ်ကတောင် ဒမ်ဘာလီဒိုးကို သစ္စာဖောက်ခဲ့ရင် နိဗ်ဗီးလဲ အင်္ဂလန် ခွေဒစ် ဘောသင်းထဲပါလို့ ရပြီ"

ဟယ်ရီက ခေါင်းညိတ်တယ်။ ဒါပေမယ့် သူ့မှာ ဘာလိုလို ခံစားနေရတယ်။ သူတစ်ခုခုလုပ်ဖို့ မေ့နေသလိုပဲ။ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခု။ ဒီလိုခံစားရတာကို သူငယ်ချင်း နှစ်ယောက်ကို ပြောပြမယ်လုပ်တုန်းမှာ ဟာမီးက ပြောတယ်။ "ဒါ စာမေးပွဲကြောင့် ဖြစ်တာ။ ငါ မနေ့ညတုန်းက နိုးလာတော့ ရုပ်ပြောင်းသင်ခန်းစာ မှတ်စုတွေ ကျက်ဖို့ လုပ်တယ်။ ပြီးတော့မှ ဒီစာမေးပွဲ စစ်ပြီးပြီလို့ သတိရတယ်"

ဒါပေမယ့် ဟယ်ရီဟာ သူ့မှာ ဖြစ်နေတဲ့ မတည်ငြိမ်တဲ့ ခံစားချက်ဟာ စာမေးပွဲနဲ့ ဘာမှ မဆိုင်ဘူးလို့ သိတယ်။ ဇီးကွက်တစ်ကောင် တောင်ပံခတ်ပြီး ကြည်ပြာပြာ မိုးကောင်းကင်မှာ ဖြတ်သွားပြီး ကျောင်းဆီ ပျံသွားတာ တွေ့ရတယ်။ နှုတ်သီးမှာ စာရွက်တစ်ရွက် ကိုက်ထားတယ်။ ဟက်ဂရစ်တစ်ယောက်တည်းသာ သူ့ကို စာရေးပေးဖူးတယ်။ ဟက်ဂရစ်ဟာ ဒမ်ဘာလီဒိုးကို ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဖူး။ ဟက်ဂရစ်ဟာ အမွေးဖွားလေးကို နှိမ်နင်းတဲ့နည်းကို ဘယ်သူ့မှ ပြောပြမှာ မဟုတ်ဘူး. . . . ပြောပြမှာ မဟုတ်တာသေချာတယ်. . . . ဒါပေမယ့် —

ဟယ်ရီဟာ ရုတ်တရက် ခုန်ထလိုက်တယ်။

"မင်း ဘယ်သွားမလို့လဲ" ရွန်က အိပ်ချင်မူးတူးနဲ့ မေးတယ်။

"ငါ ရုတ်တရက် တစ်ခု သတိရလို့" ဟယ်ရီက ပြောတယ်။ သူ့မျက်နှာ ဖြူဖပ်နေတယ်။ "ငါတို့ ဟက်ဂရစ်တို့ ချက်ချင်းသွားတွေ့ရမယ်"

"ဘာဖြစ်လို့လဲ" ဟာမီးက အမောတကော မေးတယ်။ မီအောင် ပြေးလိုက်တယ်။

"နင်တို့ ထူးဆန်းတယ်လို့ မခံစားရဘူးလား" ဟယ်ရီက လောလော ပြေးဆင်းရင်း ပြောတယ်။ "ဟက်ဂရစ် အရချင်ဆုံးက နဂါးတစ်ကောင်။ သူစိမ်းတစ်ယောက်ကလဲ နဂါးဥတစ်လုံး ယူလာတယ် မှတ်လား။ ဘယ်သူတွေကများ နဂါးဥကို ယူပြီး လျှောက်သွားနေမှာလဲ။ အဲဒါ မှော်ဆရာ တရားဥပဒေနဲ့ မလွတ်ကင်းဘူး။ နင်တို့ စဉ်းစား။ သူတို့ ဟက်ဂရစ်ကို တွေ့တာ သိပ်ကို ကံကောင်းမနေဘူးလား။ အရင်က ငါ ဒါကို ဘာလို့ မတွေးမိတာလဲ"



"မင်း ဘာလုပ်မလို့လဲ" ရွန်က မေးတယ်။ ဒါပေမယ့် ဟယ်ရီက တအားပြေးရင်း ကွင်းထဲကို ဖြတ်ပြီး သစ်တောဘက်သို့ ပြေးသွားတယ်။ သူ့ကို ပြန်မဖြေဘူး။

ဟက်ဂရစ်ဟာ အိမ်ကလေးအပြင်ဘက်က ထိုင်ခုံပေါ်မှာ ထိုင်နေတယ်။ အင်္ကျီလက်မောင်းကို အပေါ်အထိ လိပ်ထားတယ်။ ပန်းကန်ကြီးတစ်လုံးထဲ ပဲလိပ်ပြာရွက်တွေ ခြွေချနေတယ်။

"မင်္ဂလာပါ" သူက ရယ်ပြီး ပြောတယ်။ "စာမေးပွဲ ပြီးဆုံးသွားပြီလား။ လက်ဖက်ရည်သောက်ဖို့ အချိန်ရလား"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်" ရွန်က ပြောတယ်။ ဒါပေမယ့် ဟယ်ရီက စကား ဖြတ်ပြောတယ်။

"မသောက်တော့ဘူး။ ကျွန်တော်တို့ အရေးကြီးကိစ္စ ရှိတယ်။ ဟက်ဂရစ်၊ ကျွန်တော် အရေးကြီးကိစ္စတစ်ခု မေးချင်တယ်။ ခင်ဗျား ဖဲနိုင်လို့ နိဗ်ဘာကိုရခဲ့တဲ့ ညကို သတိရသေးလား။ ခင်ဗျားနဲ့ ဖဲကစားတဲ့ သူစိမ်းက ဘယ်လို ပုံပန်းရှိလဲ"

"မသိဘူး" ဟက်ဂရစ်က အရေးမကြီးသလို ပြောတယ်။ "သူက သူ့ခေါင်းစွပ်ကို မချွတ်ဖူး"

ကလေးသုံးယောက် အံ့အားသင့်ပြီး ငိုင်သွားတဲ့ပုံကို မြင်တော့ လန့်ပြီး မျက်ခုံးပင့်လိုက်တယ်။

"ဒါ ဘာများ အံ့ဩစရာရှိလို့လဲ။ ဝက်ခေါင်းဘား — ရွာထဲက အရက်ဘားလေ။ အဲဒီမှာ ထူးဆန်းတဲ့ ငနဲတွေ လာတတ်တယ်။ အဲဒီ ငနဲက နဂါးရောင်းတဲ့ ဈေးသည်လေးနဲ့တူတယ်။ သူ့မျက်နှာကို ကျုပ်သေချာ မမြင်ရဘူး။ သူက ခေါင်းစွပ်ဦးထုပ်ဆောင်းထားတာ"

ဟယ်ရီဟာ ပဲလိပ်ပြာ ပန်းကန်ဘေးကို ဖင်ထိုင်ကျသွားတယ်။

"ခင်ဗျား သူ့ကို ဘာတွေ ပြောသလဲ၊ ဟက်ဂရစ်။ ခင်ဗျား ဟော့ဂ်ဝပ် အကြောင်းပြောသလား"

"ပြောမိချင် ပြောမိမယ်" ဟက်ဂရစ်က မျက်မှောင်ကြုတ်ပြီ တအား ပြန်တွေးနေတယ်။ "ဟုတ်ပြီ. . . . သူက ကျုပ်ကို ဘာအလုပ် လုပ်သလဲလို့ မေးတယ်။ ကျုပ်က သူ့ကို ဒီတောလိုက်ကွင်း အစောင့်လုပ်တယ်လို့ပြောပြတယ်. . . . သူက ကျုပ် ဘယ်တိရစ္ဆာန်တွေ ပြုစုရလဲလို့ နည်းနည်းမေး

www.burmeseclassic.com

www.burmeseclassic.com



တယ်. . . . . . ကျုပ်က ပြောပြလိုက်တယ်. . . . ဒီနောက် ကျုပ်က နဂါးတစ်ကောင် သိပ်လိုချင်တယ်လို့ ပြောတယ်. . . . နောက်တော့ . . . . ကျုပ် သိပ်မမှတ်မိတော့ဘူး။ သူက ကျုပ်ကို အရက်တွေ ဝယ်ဝယ်တိုက်တယ်. . . . ကျုပ်ကို ထပ်တွေးနိုင်းတယ်. . . . . . ဟုတ်ပြီ။ နောက်တော့ သူက သူ့မှာ နဂါးဥတစ်လုံး ရှိတယ်။ ကျုပ်လိုချင်တယ်ဆိုရင် ဖဲကစားပြီး လောင်းကြရအောင်တဲ့. . . . . . ဒါပေမယ့် ဒီနဂါးကို ကျုပ်ထိန်းနိုင်မလားဆိုတာ သိချင်တယ်တဲ့။ နဂါးကို မနိုင်လို့ ပြဿနာပေါ်မှာ စိုးတယ်တဲ့. . . . ဒါနဲ့ ကျုပ်က သူ့ကိုပြောတယ်၊ ကျုပ်က အမွေးဖွားလေးကိုတောင် ဝပ်နေအောင် ထိန်းတယ်။ နဂါးတစ်ကောင်များ ဘာ မထိန်းနိုင်ရမှာလဲလို့. . . . . ."

"သူက အမွေးဖွားလေးကို သိပ်စိတ်ဝင်စားပုံပေါ်လား" ဟယ်ရီက မေးတယ်။ မိမိ လေသံကို တည်ငြိမ်အောင် ကြိုးစားပြောတယ်။

"ဟုတ်တယ် — သိပ်စိတ်ဝင်စားတယ် — ဟော့ဂ်ဝပ်အနီးမှာတောင် ခေါင်းသုံးခေါင်းခွေး ဘယ်နှစ်ကောင်များ ရှိမှာမို့လဲ။ ဒါကြောင့် ကျုပ်က သူ့ကို ပြောပြတယ်။ အမွေးဖွားလေးကို ထိန်းဖို့မခက်ပါဘူး။ သူ့ကို ငြိမ်အောင် ဂီတလေး ဘာလေး နားထောင်ခိုင်းလိုက်ရင် ချက်ချင်းအိပ်ပျော်သွားတယ်လို့ — "

ဟက်ဂရစ်ဟာ ကြောက်လန့်တဲ့ အမူအရာပေါ်လာတယ်။

"ကျုပ် ဒါတွေ မင်းတို့ကို ပြောမပြသင့်ဘူး" သူက စကားလွှတ်သွားတယ်။ "ငါပြောတဲ့ စကားကို မေ့ပစ်။ ဟေး - မင်းတို့ ဘယ်သွားမှာလဲ"

ဟယ်ရီ ရွန်နဲ့ ဟာမီးတို့ဟာ တစ်လမ်းလုံး စကားတစ်ခွန်းမှ မပြောဘူး။ ကျောင်းဝင်ခန်းမကြီးထဲ ရောက်မှ ရပ်လိုက်ကြတယ်။ အပြင်က ဝင်လာခါစမို့ အခန်းထဲမှာ အေးစက်မည်းမှောင်နေသလိုပဲ။

"ငါတို့ ဒမ်ဘယ်လ်ဒိုး သွားတွေ့မှ ဖြစ်မယ်" ဟယ်ရီက ပြောတယ်။ "ဟက်ဂရစ်က အမွေးဖွားလေးကို နိုင်တဲ့နည်းကို သူစိမ်းတစ်ယောက်ကို ပြောပြလိုက်တယ်။ အဲဒီ ခြုံထည်ဦးထုပ်ဝတ်ဆင်သူဟာ စနိတ်ပ် မဟုတ်ရင် ဗိုလ်ဒီမွန့်ပဲ — သူက ဟက်ဂရစ်ကို မူးအောင်တိုက်လိုက်ရင် သူ့ဆီက စကားနှိုက်ထုတ်ဖို့ မခက်ဖူး။ ဒမ်ဘယ်လ်ဒိုး တို့ကို ယုံဖို့ပဲ မျှော်လင့်တယ်။ ဘေးအွန်က လာမတားရင် ဖလွန်ဇာက တို့ကို သက်သေခံမှာ။ ဒမ်ဘယ်လ်ဒိုးရဲ့ ရုံးခန်း ဘယ်မှာလဲ"



သူတို့ အရပ်လေးမျက်နှာကို ကြည့်တယ်။ လမ်းညွှန်စာ ဆိုင်းဘုတ်လေးများရှိမလား ရှာတယ်။ ဒမ်ဘယ်လ်ဒိုး ဘယ်မှာနေတယ်ဆိုတာ ဘယ်သူကမှ ပြောမပြဖူးဘူး။ ကျောင်းအုပ်ဆီကို ဘယ်သူခေါ်သွားခံရဖူးတယ်ဆိုတာလဲ မသိဘူး။

"ငါတို့ ဒီလို — " ဟယ်ရီ စကားမဆုံးခင်မှာပဲ အဝင်ခန်းရဲ့ တစ်ဖက်ကနေ အသံတစ်ခု ပေါ်လာတယ်။

"မင်းတို့ သုံးယောက် အခန်းထဲမှာ ဘာလုပ်နေသလဲ"

ပါမောက္ခ မက်ဂေါ်နာဂေါ၊ စာအုပ်တစ်ထပ်ကြီး ပိုက်လို့။

"ကျွန်မတို့ ပါမောက္ခ ဒမ်ဘယ်လ်ဒိုးနဲ့ တွေ့ချင်ပါတယ်" ဟာမီးက ပြောတယ်။ ဟယ်ရီနဲ့ ရွန်က သူမ အလွန် သတ္တိရှိတယ်လို့ ယူဆတယ်။

"ပါမောက္ခ ဒမ်ဘယ်လ်ဒိုးနဲ့ တွေ့ချင်တယ်လား" ပါမောက္ခ မက်ဂေါ်နာဂေါက စကားကိုထပ်ပြောတယ်။ သူတို့ ဒီလို တွေးတာ သိပ်ကို သံသယရှိစရာကောင်းနေသလိုပဲ။ "ဘာဖြစ်လို့လဲ"

ဟယ်ရီက တံတွေးမျိုချတယ် — ဘယ်လို ပြောရမလဲ။

"ဒါ လျှို့ဝှက်ချက်ပါ" စကားပြောထွက်သွားတာနဲ့ သူ ဒီစကားမပြောဖြစ်ဖို့ မျှော်လင့်တယ်။ အကြောင်းက ပါမောက္ခ မက်ဂေါ်နာဂေါ စိတ်ဆိုးသွားပြီ။ သူမ နှာခေါင်း ပွစိပွစိ ဖြစ်နေတယ်။

"ပါမောက္ခ ဒမ်ဘယ်လ်ဒိုး လွန်ခဲ့တဲ့ ဆယ်မိနစ်ကပဲ ထွက်ခွာသွားပြီ" သူမက အေးစက်စက်ပြောတယ်။ "ဇီးကွက်က မှော်ပညာဌာနက အရေးကြီး အမြန်စာကို ယူလာလို့ ချက်ချင်းပဲ လန်ဒန်ကို ပြန်သွားပြီ"

"သူ သွားပြီ ဟုတ်လား" ဟယ်ရီက အလွန်တရာ စိတ်ပူစွာ မေးတယ်။ "အခုအချိန်မှာ သွားတယ်"

"ပါမောက္ခ ဒမ်ဘယ်လ်ဒိုးဟာ အလွန်ချီးကျူးစရာကောင်းတဲ့ မှော်ဆရာကြီး။ နေ့စဉ်ကိစ္စ အမြောက်အမြားကို ဖြေရှင်းရတယ်။ သူ့အချိန် အလွန်တန်ဖိုးရှိတယ် — "

"ဒါပေမယ့် ဒီကိစ္စ အလွန်အရေးကြီးတယ်"

"မင်းတို့ ပြောမယ့်ကိစ္စက မှော်ပညာဌာနကြီးထက်များ အရေးကြီးနေလို့လား။ ဟယ်ရီ"

"ဒီလိုပါ" ဟယ်ရီက ပြောတယ်။ သူဟာ သတိနဲ့ ဆင်ခြင်မှုကို စွန့်

www.burmeseclassic.com



ပစ်လိုက်ပြီ။ "ပါမောက္ခ ခင်ဗျား — မှော်ကျောက်တုံးနဲ့ သက်ဆိုင်ပါတယ်"

ဒီကိစ္စဖြစ်လိမ့်မယ်လို့ ပါမောက္ခ မက်ဂေါ်နာဂေါ် ဘယ်လိုမှ မထင်မိဘူး။ သူမ ပိုက်ထားတဲ့ စာအုပ်တွေ အောက်ပြုတ်ကျသွားတယ်။ ကောက်လဲ မကောက်ဘူး။

"မင်းတို့ ဘယ်လိုလုပ် သိတာလဲ —" သူမက အံ့ထစ်စွာမေးတယ်။

"ပါမောက္ခ။ ကျွန်တော်ထင်တယ် — ကျွန်တော်သိတာက — စနိတ်ပ်။ — မှော်ကျောက်တုံးကို ခိုးဖို့လုပ်တဲ့လူ ရှိတယ်။ ကျွန်တော် ပါမောက္ခ ဒမ်ဘယ်လီဒိုးနဲ့ ပြောမှ ဖြစ်မယ်"

ပါမောက္ခ မက်ဂေါ်နာဂေါ်ဟာ အံ့သြခြင်းနဲ့ သံသယဖြစ်ခြင်း အကြည့် ရောနှောပြီး သူ့ကိုကြည့်တယ်။

"ပါမောက္ခ ဒမ်ဘယ်လီဒိုး မနက်ဖြန် ပြန်လာမယ်" သူမက နောက်ဆုံးမှာ ပြောတယ်။ "မင်း မှော်ကျောက်တုံးအကြောင်း ဘယ်လို သိတာလဲ ငါမသိဘူး။ ဒါပေမယ့် စိတ်ချနေပါ။ ဘယ်သူမှ ၎င်းကို ခိုးယူလို့ မရဘူး။ ၎င်းကို သေချာစောင့်ရှောက်ထားတယ်။ လွဲချော်စရာ အကြောင်းမရှိဘူး"

"ဒါပေမယ့်၊ ပါမောက္ခ —"

"ပေါ်တာ၊ ငါ ဘာပြောနေတယ်ဆိုတာ ကိုယ့်ဖာသာ သိပါတယ်" သူမက စိတ်မရှည်တော့ဘူး။ ဒီနောက် ခါးကုန်းပြီး ကြမ်းပြင်ပေါ်ကျနေတဲ့ စာအုပ်တွေကို ကောက်နေတယ်။ "မင်းတို့ အပြင်ဘက်မှာ နေပူစာလှုံဖို့ အကြံပြုပါတယ်"

ဒါပေမယ့် သူတို့ နေပူစာမလှုံဘူး။

"ဒီနေ့ညပဲ" ပါမောက္ခ မက်ဂေါ်နာဂေါ် မကြားနိုင်အောင် ဝေးသွားတဲ့ သေချာတော့မှ ဟယ်ရီက အမြန်ပြောတယ်။ "ဒီညမှာပဲ စနိတ်ပ် တံခါးရှင်ကို ဖြတ်ကျော်တော့မှာ။ သူလိုအပ်တာ အားလုံးရသွားပြီ။ အခုလဲ ဒမ်ဘယ်လီဒိုးကို ညာပြီး ကျောင်းကထွက်သွားအောင် လုပ်တယ်။ အဲဒီစာဟာ သူပဲ ပို့တာဖြစ်ရမယ်။ မှော်ပညာဌာနကြီးက ဒမ်ဘယ်လီဒိုး ရုတ်တရက် ရောက်လာတာ တွေ့ရရင် အံ့သြသွားမယ်ဆိုတာ ငါ ပြောရဲတယ်"

"ဒါပေမယ့် တို့က ဘာများ —"

ဟာမိုင်း ရုတ်တရက် မှင်တက်မိသွားတယ်။ ဟယ်ရီနဲ့ ရွန် ကိုယ်ကိုလှည့်လိုက်တယ်။



စနိတ်ပ် ရပ်နေတယ်။

"မင်္ဂလာ ညနေခင်းပါ" သူက အသံချိုချို ပြောတယ်။

သူတို့က ငိုင်ပြီး သူ့ကို စိုက်ကြည့်နေတယ်။

"ဒီလိုသာယာတဲ့ နေ့မှာ မင်းတို့ အိမ်ထဲမှာ မနေသင့်ဖူး" သူက ပြောတယ်။ မျက်နှာပေါ်မှာ ကွက်သားတွေ တွန့်လိမ်နေတယ်။ ထူးဆန်းတဲ့ အပြုံးပေါ်နေတယ်။

"ကျွန်တော်တို့ ခုနက —" ဟယ်ရီကပြောတယ်။ စင်စစ် သူလဲ ဘာပြောရမှန်း မသိဘူး။

"မင်းတို့ သတိနည်းနည်းထားရမယ်" စနိတ်ပ်ကပြောတယ်။ "ခုလို နေရာတကာ လျှောက်သွားနေရင် မင်းတို့ မဟုတ်တာ လုပ်ချင်လို့လို့ အထင်ခံရလိမ့်မယ်။ ဂရစ်ဖင်းဒေါက နောက်ထပ် အမှတ်အလျှော့ မခံနိုင်တော့ဘူး နော်။ ဟုတ်တယ် မှုတ်လား"

ဟယ်ရီ မျက်နှာနီသွားတယ်။ သူတို့က အပြင်ဘက်သို့ လှည့်ထွက်တယ်။ ဒါပေမယ့် စနိတ်ပ်က သူတို့ကို ခေါ်ပြန်တယ်။

"မင်းကို သတိပေးရမယ်၊ ပေါ်တာ — ညဥ့်နက်သန်းခေါင်မှာ လျှောက်သွားနေဦးမယ်ဆိုရင် ကျုပ်ကိုယ်တိုင် မင်းကို ကျောင်းထုတ်ပစ်မယ်။ ပျော်ရွှင်ပါစေ"

သူဟာ ဆရာများ နားနေခန်းကို ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားတယ်။

သုံးယောက်သား အပြင်ဘက်က ကျောက်လှေခါးထစ်ပေါ် ရောက်တာနဲ့ ဟယ်ရီက ရွန်နဲ့ ဟာမိုင်းကိုပြောတယ်။

"ကောင်းပြီ။ တို့ ဒီလိုလုပ်မှ ဖြစ်မယ်" သူဟာ စိတ်ဆန္ဒပြင်းပြစွာနဲ့ တိုးတိုးပြောတယ်။ "တစ်ယောက်က စနိတ်ပ်ကို စောင့်ကြည့် — ဆရာများ နားနေခန်း အပြင်ဘက်မှာစောင့်နေ။ သူထွက်လာရင် သူ့နောက်က လိုက်။ ဟာမိုင်း၊ ဒီကိစ္စ နင်သွားလုပ်ရင် ကောင်းမယ်"

"ဘာဖြစ်လို့ ငါလုပ်ရမှာလဲ"

"ဒါ ဘာမေးစရာလိုလဲ" ရွန်က ပြောတယ်။ "နင် ပါမောက္ခ ဖလစ်ဝစ်ကို စောင့်နေချင်ယောင် ဆောင်ပေါ့" သူက မိန်းမသံ စူးစူးလုပ်ပြောတယ်။ "အော၊ ပါမောက္ခ ဖလစ်ဝစ်၊ ကျွန်မ စိတ်ပူလိုက်တာ၊ ကျွန်မ ပုစ္ဆာ (၁၄) ကို မရွေးလိုက်တာ မှားပြီထင်တယ်. . . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ထွီ၊ တော်စမ်း" ဟာမီးက ပြောတယ်၊ ဒါပေမယ့် သူမဟာ စနိတ်ပ်ကို စောင့်ကြည့်ဖို့ သဘောတူပါတယ်။

"တို့ နှစ်ယောက် လေးလွှာ စကြီအပြင်ဘက်မှာ နေတာ အကောင်းဆုံးပဲ" ဟယ်ရီက ရွန်ကို ပြောတယ်။ "သွားကြစို့"

ဒါပေမယ့် အဲဒီ အစီအစဉ် မအောင်မြင်ဘူး။ သူတို့ အမွေးဖွားလေးနဲ့ ကျောင်းက တခြားနေရာတွေကို ခွဲထားတဲ့ တံခါးဝရောက်ရုံရှိသေးတယ်၊ ပါမောက္ခ မက်ဂေါ်နာဂေါ် ရုတ်တရက် ထွက်ပေါ်လာတယ်။ ဒီတစ်ခါတော့ သူမဟာ ပြင်းပြင်းထန်ထန် ဒေါသထွက်တယ်။

"မင်းတို့က မင်းတို့ကိုယ် မင်းတို့ မှော်ဂါထာ တပုံကြီးထက် အစွမ်းထက်တယ်လို့များ ထင်နေသလား" သူမက ဟိန်းဟောက်ပြောတယ်။ "တော်ပြီ၊ နောက်ထပ် မရှုပ်နဲ့တော့။ နောက်တစ်ခါ မင်းတို့ ဒီကိုလာတယ်လို့ ကြားရရင် ဂရစ်ဖင်းဒေါကို အမှတ် (၅၀) ပိုလျှော့မယ်။ ဟုတ်တယ်။ ဝယ်စလီ၊ ကိုယ့်ဟောက်စ်ကို အမှတ် (၅၀) လျှော့မှာ"

ဟယ်ရီနဲ့ ရွန်ဟာ ခပ်ကုပ်ကုပ်ပဲ နားနေခန်းကို ပြန်ခဲ့တယ်။ ဟယ်ရီက "အနည်းဆုံးတော့ စနိတ်ပ်ကို ဟာမီး စောင့်ကြည့်နေတယ်" လို့ ပြောရုံရှိသေးတယ်၊ မိန်းမဝတုတ် အရုပ်ကားကြီး ရုတ်တရက်ပွင့်သွားပြီး ဟာမီးတိုးထွက်လာတယ်။

"ဆော်ရီးပဲ၊ ဟယ်ရီ" သူမက ရှိုက်ဖိုရင်း ပြောတယ်။ "စနိတ်ပ်ထွက်လာတယ်။ သူက ငါ့ကို အဲဒီမှာ ဘာလုပ်နေလဲလို့ မေးတယ်။ ငါက ဖလစ်ဝစ်ကို စောင့်နေတယ်လို့ ပြောတယ်။ ဒါနဲ့ စနိတ်ပ်က သူ့ကို သွားခေါ်တယ်။ ငါလဲ မြန်မြန်ထွက်ပြေးလာခဲ့တယ်။ အခု စနိတ်ပ် ဘယ်ရောက်နေမှန်း မသိတော့ဘူး"

"ကောင်းပြီ။ ဒီအတိုင်းပဲ ဖြစ်တော့မှာပဲ၊ ဟုတ်တယ် မဟုတ်လား" ဟယ်ရီက ပြောတယ်။

ဟာမီးနဲ့ ရွန်က သူ့ကို စိုက်ကြည့်တယ်။ သူ့မျက်နှာမှာ သွေးမရှိဘူး၊ မျက်စိက တောက်လောင်နေတယ်။

"ငါ ဒီည ဒီကနေ ခိုးထွက်မယ်။ မှော်ကျောက်တုံးကို ငါအရင်ရအောင် ယူမယ်"

"မင်း ရူးနေလား" ရွန်က ပြောတယ်။



"နင် ဒီလိုလုပ်လို့ မဖြစ်ဘူး" ဟာမီးက ပြောတယ်။ "နင် မက်ဂေါ်နာဂေါ်နဲ့ စနိတ်ပ်ပြောတာ မကြားဘူးလား။ နင်ကျောင်းထုတ်ခံရလိမ့်မယ်"

"အဲဒါ ဘာဖြစ်လဲ" ဟယ်ရီက အကျယ်ကြီး ပြောတယ် "နင်တို့ နားမလည်ကြဘူးလား။ စနိတ်ပ်သာ မှော်ကျောက်တုံး ရသွားရင် ဗိုလ်ဒီမွှန့် ပြန်လာလိမ့်မယ်။ သူတစ်ယောက်ထဲ ကြိုးစိုးချင်တဲ့အခါတုန်းက ဒီမှာ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ နင်တို့ မကြားမိဘူးလား။ သူသာ အကြံအောင်မြင်သွားရင် ဟော့ဂ်ဝပ်ရှိမှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကျောင်းထုတ်တာလဲ အကြောင်းမထူးတော့ဘူး။ သူက ကျောင်းကိုဖြိုပစ်မှာ၊ ဒါမှ မဟုတ်ရင် မှော်နက်ပညာ ချည်းသင်ကြားတဲ့ ကျောင်းအဖြစ် ပြောင်းချင်ပြောင်းလိုက်မှာ။ အခု အမှတ်လျှော့ ခံရရ၊ မခံရရ အကြောင်းမထူးတော့ဘူးဆိုတာ နင်တို့ နားမလည်ဘူးလား။ ဂရစ်ဖင်းဒေါ ဟောက်စ်ဗိုင်းရတာနဲ့ သူက နင်တို့ မိသားစုကို ချမ်းသာခွင့် ပေးမယ်တဲ့လား။ တကယ်လို့ ငါ မှော်ကျောက်တုံးမရခင် အဖမ်းခံရရင် ငါ ဒါစလီတို့ အိမ်ပြန်ပြီး ဗိုလ်ဒီမွှန့်အလာကို စောင့်နေရုံရှိတယ်၊ ဒါလဲ အခုထက် နည်းနည်းနောက်ကျမှ သေရုံရှိတယ်။ ငါက မှော်နက်အင် အားကို ဘယ်တော့မှ ဒူးထောက်မှာ မဟုတ်လို့ဘဲ။ ဒီညကို ငါ အဲဒီ တံခါးရွက် ရှင်ကို ဖြတ်ကို ဖြတ်သွားမယ်။ နင်တို့နှစ်ယောက် ဘယ်လိုပဲ ဖြစ်ဖြစ် ငါ့ကို မတားနဲ့။ ဗိုလ်ဒီမွှန့်က ငါ့မိဘကို သတ်ခဲ့တာ။ မှတ်မိတယ် မှုတ်လား"

သူက ဒေါသနဲ့ သူတို့ကို ကြည့်နေတယ်။

"နင် မှန်ပါတယ်၊ ဟယ်ရီ" ဟာမီးက အသံသေးသေးလေးနဲ့ ပြောတယ်။

"ငါ ကိုယ်ပျောက်အင်္ကျီသုံးမယ်" ဟယ်ရီက ပြောတယ်။ "ငါ့ အင်္ကျီ ပြန်ရလို့ တော်သေးတယ်"

"ဒါပေမယ့် တို့ သုံးယောက်စလုံးကို အုပ်နိုင်ပါ့မလား"

"ငါတို့ — ငါတို့ သုံးယောက်။ ဟုတ်လား"

"အို၊ မအ,ပါနဲ့။ မင်းက ငါတို့ မင်းတစ်ယောက်ထဲ လွှတ်မယ် ထင်လို့လား"

"ဘယ်လွှတ်မလဲ" ဟာမီးက ခပ်စွာစွာ ပြောတယ်။ "နင်က ဘာဖြစ်လို့ ငါတို့ကို ထားပြီး တစ်ယောက်ထဲ မှော်ကျောက်တုံး သွားရှာဖို့ စွဲရတာလဲ။ ငါ ဟိုစာအုပ်တွေ သွားလှန်ဦးမှ။ အသုံးကျတာ တွေ့ချင် တွေ့မှာ . . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အဖမ်းခံရရင်၊ နင်တို့ နှစ်ယောက်လဲ ကျောင်းထုတ်ခံရမှာ"

"ခံချင်မှ ခံရမှာ" ဟာမီးက ပြတ်ပြတ်သားသား ပြောတယ်။ "ဖလစ်ဝစ်က ငါ့ကို တိတ်တိတ်ကလေး ပြောပြတယ်။ သူ့ဘာသာရပ် စာမေးပွဲမှာ ငါအမှတ် ၁၂၀ ရတယ်တဲ့။ အမှတ် ဒီလောက်ကောင်းတော့ သူတို့က ငါ့ကို ကျောင်းက မောင်းပစ်မှာ မဟုတ်ဘူး"

ညစာစားပြီးနောက်၊ သူတို့ သုံးယောက်ဟာ လူတွေနဲ့ ရှောင်ပြီး နားနေခန်းမှာ ထိုင်နေတယ်။ ဘယ်သူမှ သူတို့ကို ဂရုမစိုက်ဖူး။ စင်စစ်မှာ ဂရစ်ဖင်းဒေါ ကျောင်းသားတွေဟာ အခု ဟယ်ရီနဲ့ စကားပြောစရာ မရှိတော့ဘူး။ ရက်တွေ အများကြီးကတည်းက ဒီတစ်ကြိမ်ပဲ ဟယ်ရီဟာ ဒီအတွက် စိတ်မဆင်းရဲတော့တာ။ ဟာမီးက သူမမှာရှိတဲ့ မှတ်စုအားလုံးကို လှန်လှော ကြည့်နေတယ်။ တော်ကြာရင် သူတို့ အသုံးပြုနိုင်တဲ့ ဂါထာလေးများ တိုက်ဆိုင်လို့ တွေ့လို တွေ့ငြား မျှော်လင့်နေတယ်။ ဟယ်ရီနဲ့ ရွန်က စကားသိပ်မပြောဖူး။ စိတ်ထဲမှာ သူတို့ လုပ်မဲ့ ကိစ္စကို တွေးတောနေတယ်။

ကျောင်းသားတွေ တစ်ယောက်ပြီး တစ်ယောက် အိပ်ရာဝင်ကြပြီ။ နားနေခန်းထဲမှာ လူကြဲသွားပြီ။

"ကိုယ်ပျောက်အင်္ကျီ သွားယူလို့ရပြီ" ရွန်က ပြောတယ်။ ဒီအချိန်မှာ လီဂျော်ဒန်လဲ အပျင်းဆန့်နေပြီ။ သမ်းဝေရင်း ထွက်ခွာသွားပြီ။ ဟယ်ရီက အိပ်ပေါ် ထပ်တက်တယ်။ မိမိရဲ့ မှောင်မည်းနေတဲ့ အိပ်ခန်းထဲ ပြေးဝင်ပြီး ကိုယ်ပျောက်ဝတ်ရုံကို ဆွဲထုတ်တယ်။ အဲဒီ အချိန်မှာပဲ၊ ခရစ်စမတ်တုန်းက ဟာဂရစ် သူ့ကို လက်ဆောင်ပေးတဲ့ ပုလွေကို သွားမြင်တယ်။ သူက ပုလွေကို အင်္ကျီအိတ်ကပ်ထဲ ထိုးထည့်တယ်။ အမွေးဖွားလေးကို နှိမ်နင်းဖို့ — သူ့အနေနဲ့ အဲဒီ ခွေးကြီးကို သီချင်းဆိုပြဖို့ စိတ်မရှိဘူး။

သူဟာ နားနေခန်းထဲ အမြန်ပြေးလာတယ်။

"ကိုယ်ပျောက်ဝတ်ရုံကို ခြုံကြည့်ရအောင် ငါတို့ သုံးယောက်စလုံး အုပ်နိုင်လားလို့ — ခြေထောက်ချည်း လမ်းလျှောက်လာနေတာ ဖစ်ချ်သာ တွေ့ခဲ့ရင် —"

"နင်တို့ ဘာလုပ်နေတာလဲ" အခန်းတစ်ထောင့်က လူသံထွက်လာတယ်။ နီဗီးဟာ လက်ရန်း ကုလားထိုင်တစ်လုံးနောက်က ထွက်လာတယ်။



လက်ထဲမှာ သူ့ဖားပြုပ်ကိုင်ထားတယ်။ ကြည့်ရတာ ဖားပြုပ်လေးက လွတ်လပ်ရေးရဖို့ ရုန်းကန်မဲ့သလိုပဲ။

"ဘာမှ မဟုတ်ပါဘူး၊ နီဗီး" ဟယ်ရီက ပြောတယ်။ "ကိုယ်ပျောက်အင်္ကျီကို ကျောဘက်ကို ကမန်းကတန်း ဝှက်လိုက်တယ်"

နီဗီးက သူတို့ မလုံမလဲ မျက်နှာတွေကို ကြည့်နေတယ်။

"မင်းတို့ အပြင်ထွက်ကြဦးမယ်ပေါ့" သူက ပြောတယ်။

"မထွက်ပါဘူး၊ မထွက်ပါဘူး" ဟာမီးက ပြောတယ်။ "ငါတို့ မထွက်ချင်ပါဘူး။ နီဗီး၊ နင် ဘာလို့ သွားမအိပ်သေးတာလဲ"

ဟယ်ရီက တံခါးနားက နာရီအဟောင်းကြီးကို ကြည့်လိုက်တယ်။ သူတို့ အချိန်ကြာ့ကြာလို့ မဖြစ်တော့ဘူး။ စနိတ်ပ် သီချင်းတီးနေပြီ ထင်တယ်။ အမွေးဖွားလေး အိပ်အောင် လုပ်နေပြီ ထင်တယ်။

"မင်းတို့ မထွက်ရဘူး" နီဗီးက ပြောတယ်။ "မင်းတို့ အဖမ်းခံရလိမ့်ဦးမယ်။ ဒီလိုဖြစ်ရင် ဂရစ်ဖင်းဒေါ ပိုဒုက္ခရောက်လိမ့်မယ်"

"မင်းမသိပါဘူး" ဟယ်ရီက ပြောတယ်။ "ဒီကိစ္စ အလွန့်ကို အရေးကြီးတယ်"

ဒါပေမယ့် ဒီတစ်ချီမှာ နီဗီးဟာ စိတ်ဆုံးဖြတ်ထားသလိုပဲ။ ဘာပဲဖြစ်ဖြစ် သူတို့ကို တားဖို့ပဲ။

"မင်းတို့ ဒီလိုလုပ်တာ ငါ ခွင့်မပြုနိုင်ဘူး" သူက ပြောရင်းဆိုရင်း အရုပ်ကား ကျင်းဝမှာ သွားရပ်နေတယ်။ "ငါ - ငါ မင်းတို့နဲ့ ချမယ်"

"နီဗီး" ရွန် ဒေါသထလာတယ်။ "ကျင်းဝက မြန်မြန်ရှောင်၊ အရူးမလုပ်နဲ့ —"

"ငါ့ကို အသုံးမကျတဲ့ အရူးလို့ မပြောနဲ့" နီဗီးက ပြောတယ်။ "မင်းတို့ ကျောင်းစည်းကမ်း နောက်ထပ် မချိုးဖောက်သင့်တော့ဘူး။ ပြီးတော့ အစက မင်းတို့ပဲ ငါ့ကို သတ္တိရှိရှိ သူတစ်ပါးကို ခုခံနိုင်းတာပဲ"

"မှန်တယ်။ ဒါပေမယ့် ငါတို့ကို ခုခံဖို့ မဟုတ်ဖူး" ရွန်က ဒေါသနဲ့ ပြောတယ်။ "နီဗီး၊ မင်း ဘာလုပ်နေတယ်ဆိုတာ မင်းမသိဘူးနော်"

သူက ရှေ့တစ်လှမ်းတိုး လိုက်တယ်။ နီဗီးက လက်ထဲက ဖားပြုပ်ကို လွှင့်ပစ်လိုက်တယ်။ အဲဒီ အကောင်လေးဟာ ခုန်ဆွ ခုန်ဆွနဲ့ ပျောက်ကွယ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လာလေ၊ ငါ့ကို လာချ" နီဗီးက လက်သီး နှစ်လုံးကို မြှောက်ရင်း ပြောတယ်။ "ငါ အသင့်ပဲ"

ဟယ်ရီက ဟာမီးဘက် လှည့်လိုက်တယ်။

"ကြံပါဦး" သူက စိတ်ပူပင်စွာ ပြောတယ်။

"နီဗီး" သူမက ပြောတယ်။ "ဒီလိုလုပ်ရတာ ငါ သိပ်သိပ်ကိုစိတ်မကောင်းပါဘူး"

သူမက မှော်ကြိမ်လုံးကို မြှောက်လိုက်တယ်။

"အားလုံး - ကျောက်ဖြစ်" သူမက မှော်ကြိမ်လုံးကို နီဗီးတည့်တည့် ချိန်ပြီး တအားအော်လိုက်တယ်။

နီဗီးလက်တွေဟာ ကိုယ်ဘေးကို သွားကပ်တယ်။ ခြေစုံ မတ်မတ်ရပ်သွားတယ်။ သူ့ကိုယ် တစ်ကိုယ်လုံး မာတောင့်နေတယ်။ နေရာမှာ လှုပ်ယမ်းပြီး ဗိုင်းဆို ပစ်လဲသွားတယ်။ သစ်သားလို မာခေါက်ခေါက်ဖြစ်နေတယ်။

ဟာမီးက ပြေးသွားပြီး သူ့ကို ပက်လက်လှန်ပေးလိုက်တယ်။ နီဗီးရဲ့ အပေါ်သွား အောက်သွား ကပ်နေလို့ စကားပြောမရဘူး။ သူ့မျက်စိပဲ လည်နေတယ်။ အလန့်တကြား သူတို့ကို ကြည့်နေတယ်။

"နင် သူ့ကို ဘယ်လိုလုပ်လိုက်တာလဲ" ဟယ်ရီက တိုးတိုးမေးတယ်။

"ဩ၊ တစ်ကိုယ်လုံး ချုပ်နှောင်တဲ့ ဂါထာသင့်တာ" ဟာမီးက စိတ်မကောင်းစွာပြောတယ်။ "အော၊ နီဗီး၊ ငါ တကယ်ကို စိတ်မကောင်းဘူး"

"မင်း နောင်သိမှာပါ။ နီဗီး" ရွန်က ပြောတယ်။ ဒီနောက် သူတို့ဟာ နီဗီးကို ကျော်ပြီး ကိုယ်ပျောက်ဝတ်ရုံ ခြုံလိုက်ကြတယ်။

ဒါပေမယ့် နီဗီးကို မလှုပ်နိုင်အောင်လုပ်ပြီး ကြမ်းပေါ်ပစ်ထားခဲ့ရတာ ကောင်းတဲ့နိမိတ် မဟုတ်ဖူးလို့ သူတို့ ခံစားနေရတယ်။ စိတ်သိပ်ပြီး လှုပ်ရှားနေတဲ့အတွက် အမှောင်ရိပ်ထဲက ရုပ်ထုတွေဟာ ဖစ်ချ်နဲ့ တူနေတယ်။ အဝေးက လေတိုက်သံတိုင်းကိုလဲ သရဲဖီးဖိစ် ပြေးလာနေတယ်လို့ ထင်တယ်။

သူတို့ ပထမလှေခါးကို တက်စဉ်မှာပဲ ရုတ်တရက် မဒမ်နော်ရီးစ် လှေခါးထိပ်ဆုံးမှာ ပုန်းနေတာ တွေ့လိုက်ရတယ်။

"အော၊ တစ်ချက်လောက် ကန်ချလိုက်ရအောင်။ ဒီတစ်ကြိမ်ပဲ ကန်မယ်" ရွန်က ဟယ်ရီ့ နားနားကပ်ပြောတယ်။ ဒါပေမယ့် ဟယ်ရီက ခေါင်းခါပြတယ်။ သူတို့ဟာ ကြောင်ကို အသာလေး ကွေ့သွားတယ်။ မဒမ်နော်ရီးစ်ရဲ့



လင်းနေတဲ့ မျက်စိက သူတို့ရှိရာကို စိုက်ကြည့်တယ်။ ဒါပေမယ့် ဘာမှ မမြင်ဘူး။

သူတို့ဟာ တစ်လမ်းလုံး ဘယ်သူနဲ့မှ မတွေ့ဘူး။ လေးလွှာကို တက်မဲ့ လှေခါးဆီ အဆင်ပြေပြေ ရောက်လာတယ်။ သရဲဖီးဖိစ် ခုန်ဆွခုန်ဆွနဲ့ လှေခါးပေါ်တက်နေတာ တွေ့ရတယ်။ သူများ ခလုတ်တိုက်လဲအောင် လှေခါးပေါ်မှာ ခင်းထားတဲ့ ကော်ဇောကို ဆွဲဖွနေတယ်။

"ဟိုဘက်က ဘယ်သူလဲ" သူတို့ လှေခါးပေါ်တက်တယ်။ သူရှိရာဘက် လျှောက်သွားစဉ်မှာ သရဲဖီးဖိစ်က ရုတ်တရက် အမြဲလိုနောက်တတ်တဲ့ သူ့ မျက်စိကို မှေးပြီး ပြောတယ်။ "မင်း အဲဒီမှာ ရှိတာ ငါသိတယ်။ ငါမမြင်ရပေမယ့် မင်းက အလောင်းစား သရဲ၊ ဒါမှ မဟုတ်ရင် ဝိညာဉ်သရဲပေါ့။ ဒါမှ မဟုတ်ရင် သောက်မြင်ကတ်စရာ ကျောင်းသားငတိလေးလား"

သူဟာ မိုးပေါ်တက်ပြီး ရပ်နေတယ်။ မျက်စိမှေးပြီး သူတို့ရှိရာကို ကြည့်တယ်။

"မမြင်ရတဲ့ အရာတစ်ခု ခိုးချောင်ခိုးဝှက် လျှောက်တိုးနေတယ်။ ဖစ်ချ်ကို သွားတိုင်မှပဲ"

ဟယ်ရီ အကြံရလိုက်တယ်။

"သရဲဖီးဖိစ်" သူက အသံကွဲကွဲနဲ့ သာသာပြောတယ်။ "သွေးဘာရွန် သူများအမြင်မခံချင်တာ အကြောင်းရှိတယ်"

သရဲဖီးဖိစ် လန့်သွားတယ်။ မိုးပေါ်က လိမ့်ကျတော့မလို ဖြစ်သွားတယ်။ သူက အချိန်မီ ကိုယ်ကို ဟန်လိုက်တယ်။ လှေခါးအထက် တစ်ပေ အကွာမှာ ဝဲနေတယ်။

"စိတ်မကောင်းပါဘူး၊ မစ္စတာ ဘာရွန်" သူက မျက်နှာလို မျက်နှာရ ပြောတယ်။ "ကျွန်တော့် အပြစ်ပါ၊ ကျွန်တော့် အပြစ်ပါ — ကျွန်တော် မမြင်လို့ပါ။ ခင်ဗျား ကိုယ်ဖျောက်ထားလို့ — ကျွန်တော်မျိုး သရဲလေး ဖီးဖိစ်ကိုစားတာ ခွင့်လွှတ်ပါ၊ ဆာ"

"ကျုပ် ဒီမှာ အရေးကြီး ကိစ္စရှိတယ်၊ သရဲဖီးဖိစ်" ဟယ်ရီက [illegible] ပြောတယ်။ "ဒီည ဒီကို နောက်ထပ်မလာနဲ့"

"အမိန့်တော်အတိုင်းပါပဲ၊ ဆာ၊ ကျွန်တော် အမိန့်တော်အတိုင်းလုပ်ပါ့မယ်" သရဲဖီးဖိစ်က ပြောရင်း မိုးပေါ်ပျံတက်သွားတယ်။ "လုပ်ငန်းအောင်မြင်ပါစေ။

www.burmeseclassic.com



လူကြီးမင်း ဘာရွှန်။ ကျွန်တော် သွားတော့မယ်"

ပြောပြီးတာနဲ့ အပြင်းထွက်ပြေးတယ်။

"တယ်ဟုတ်ပါလား၊ ဟယ်ရီ" ရွှန်က တိုးတိုးပြောတယ်။

စက္ကန့် အနည်းငယ်ကြာတော့ သူတို့ဟာ လေးလှာက စကြီအပြင်ဘက် ရောက်လာတယ် — အဲဒီ တံခါးဟာ နည်းနည်းလေး ဟနေတယ်။

"ဘယ့်နှယ်လဲ၊ တွေ့ပြီ မဟုတ်လား" ဟယ်ရီက တိုးတိုးပြောတယ်။ "စနိတ်ပ် အမွေးဖွားလေးကို ရှောရှောရှူရှူ ဖြတ်သွားပြီ"

ဟနေတဲ့ တံခါးကို မြင်တော့ သူတို့ ရင်ဆိုင်ရမှာကို ပိုပြီးသိလာသလိုပဲ။ ဟယ်ရီက ကိုယ်ပျောက် ခြုံထည်အောက်ကနေ ရွှန်နဲ့ ဟာမီးကို ပြောတယ်။

"မင်းတို့ အခုနောက်ဆုတ်ချင်ရင် ငါ မင်းတို့ကို အပြစ်မတင်ဘူး" သူက ပြောတယ်။ "မင်းတို့ ကိုယ်ပျောက်ခြုံထည်ယူသွားကြ။ ငါမလိုတော့ဘူး"

"မဟုတ်တာတွေ မပြောစမ်းနဲ့" ရွှန်က ပြောတယ်။

"ငါတို့ အတူသွားကြမယ်" ဟာမီးက ပြောတယ်။

ဟယ်ရီက တံခါးကို တွန်းဖွင့်လိုက်တယ်။

တကျိုကျိုတံခါးသံနဲ့အတူ ခွေးဟောင်သံလေးလေးကြီးကို ကြားကြရတယ်။ ခွေးကြီးက သူတို့ကို မမြင်ရပေမယ့်၊ သူ့နှာခေါင်းကြီး သုံးခုက သူတို့ ရှိရာဘက်ကို တွန့်ရှုံ့အနံ့ခံနေတယ်။

"သူ့ခြေထောက် ဘေးကဟာ ဘာလဲ" ဟာမီးက တိုးတိုးမေးတယ်။

"ဗျပ်စောင်းနဲ့ တူတယ်" ရွှန်က ပြောတယ်။ "စနိတ်ပ် ထားခဲ့တာ ဖြစ်မယ်"

"ဂီတရပ်လိုက်တာနဲ့ သူချက်ချင်းနိုးလာတာ သေချာတယ်" ဟယ်ရီက ပြောတယ်၊ "ကောင်းပြီ၊ မင်းနားထောင်ကွာ. . . . . ."

သူက ဟက်ဂရစ်ရဲ့ ပုလွေကို ပါးစပ်နဲ့ တေ့ပြီး မှုတ်တယ်။ သူမှုတ်တာ သီချင်း မဖြစ်ဖူး။ ဒါပေမယ့် ပထမသံစဉ် ပေါ်ထွက်လာတာနဲ့ ခွေးကြီးရဲ့ မျက်စိ စတင်မှိတ်လာတယ်။ ဟယ်ရီဟာ အသက်မရှူသလောက် မရပ်မနား မှုတ်တယ်။ တဖြည်းဖြည်းနဲ့ ခွေးကြီးရဲ့ ဟောင်သံရပ်သွားတယ် — ၎င်းဟာ ယိုင်ပြီး ဒူးထောက်ကျသွားတယ်။ ဒီနောက် ဝုန်းဆို ကြမ်းပြင်ပေါ် လဲပြီး အိပ်မောကျသွားတယ်။

"ဆက်မှုတ်၊ မရပ်နဲ့" ရွှန်က ဟယ်ရီကို သတိပေးတယ်၊ တချိန်ထဲမှာ



သူတို့ ကိုယ်ပျောက် အင်္ကျီကို ချွတ်လိုက်တယ်။ တံခါးရွက်ရှင်ဆီ ခြေဖော့ လက်ဖော့ လျှောက်သွားတယ်။ ကြီးမားတဲ့ ခေါင်းကြီးသုံးလုံး အနားရောက်တော့ ခွေးကြီးရဲ့ ပူနွေးပြီး နံစော်တဲ့ အနံ့ကို ခံစားရတယ်။

"ငါတို့ တံခါးရွက်ရှင်ကို ဆွဲဖွင့်လို့ ရပြီးထင်တယ်" ရွှန်က ခွေးကြီး ကျောဘက်ကို ကြည့်ရင်းပြောတယ်။ "ဟာမီး၊ နင် အရင်ဆုံး ဆင်းမလား"

"ဟင့်အင်း၊ မဆင်းချင်ဘူး"

"ကောင်းပြီ" ရွှန်က အံကြိတ်တယ်။ ခွေးကြီးခြေထောက်ပေါ်ကနေ အသာလေး ကျော်ဖြတ်သွားတယ်။ သူခါးကုန်းပြီး တံခါးရွက်ရှင်ပေါ်က လက်ဆွဲကွင်းကို ဆွဲလိုက်တယ်၊ တံခါးချက်ချင်း ပွင့်သွားတယ်။

"နင် ဘာတွေ့ရသလဲ" ဟာမီးက အလောတကြီး မေးတယ်။

"ဘာမှ မတွေ့ရဘူး — မည်းမှောင်နေတာပဲ ဆင်းဖို့ လှေခါးလဲ မရှိဘူး။ ခုန်ချရမှာပဲ"

ဟယ်ရီဟာ ပုလွေမှုတ်တာ တစ်ဖက်နဲ့ ရွှန်ကို လက်ယမ်းပြတယ်။ သူတို့ သတိပြုမိတာနဲ့ မိမိကိုယ်မိမိ လက်ညှိုးထိုးပြတယ်။

"မင်း ပထမဆုံး ဆင်းချင်တယ် ဟုတ်လား။ တကယ်လား" ရွှန်က ပြောတယ်။ "ဒီကျင်း ဘယ်လောက်နက်တယ်ဆိုတာ ငါမသိဘူး။ ပုလွေကို ဟာမီးပေးလိုက်။ ခွေးကြီးအိပ်နေအောင် သူမကို ဆက်မှုတ်ထားခိုင်း"

ဟယ်ရီက ပုလွေကို ပေးလိုက်တယ်။ ဂီတရပ်သွားတဲ့ စက္ကန့်ပိုင်း အတွင်းမှာ ခွေးကြီးဟောင်ပြန်တယ်၊ ကိုယ်ကိုလဲ တွန့်လိမ်တယ်။ ဒါပေမယ့် ဟာမီးက ပုလွေဆက်မှုတ်လိုက်တာနဲ့ ၎င်းဟာ ဆက်ပြီး အိပ်မောကျသွားတယ်။

ဟယ်ရီက ခွေးကြီးကိုယ်ပေါ်ကနေ ကျော်သွားတယ်၊ အပေါက်ကနေ အောက်ကိုကြည့်တယ်။ အောက်မှာ ကြမ်းခင်းကို မမြင်ရဘူး။

သူဟာ အပေါက်ကနေ ဖြည်းဖြည်း လျှောဆင်းတယ်။ နောက်ဆုံး လက်ဆယ်ချောင်းနဲ့ ကျင်းဝကို ဆွဲထားတယ်။ သူက ရွှန်ကို မော့ကြည့်ပြီး ပြောတယ်။ "ငါ တစ်ခုခုဖြစ်ခဲ့ရင် နင်တို့ လိုက်မဆင်းနဲ့။ ဇီးကွက်နေတဲ့အိမ်ကို တိုက်ရိုက်သွား၊ ဟက်ဒဝစ်ကို ဒမ်ဘယ်လီဒိုးဆီ စာပို့လွှတ်လိုက်။ ရလား"

"ကောင်းပြီ" ရွှန်က ပြောတယ်။

"တော်ကြာ တွေ့မယ်။ ငါမျှော်လင့်. . . . . ."

www.burmeseclassic.com



ဟယ်ရီ လက်လွှတ်လိုက်တယ်။ အေးစက်စွတ်စိုတဲ့ လေဟာ သူ့နားနားမှာ တဟူးဟူးတိုက်နေတယ်။ သူအောက်သို့ ကျသွားတယ်၊ ကျသွားတယ်၊ ကျသွားတယ်၊ ဒီနောက် —

ဝုန်း။ ထူးဆန်းလေးပင်တဲ့ တိုက်ခိုက်သံနဲ့အတူ ဟယ်ရီဟာ ပျော့ပျောင်းတဲ့အရာပေါ် ကျသွားတယ်။ သူထိုင်လိုက်တယ်။ ဟိုဟိုဒီဒီ စမ်းတယ်။ ဒီက မှုန်ဝါးတဲ့ အလင်းရောင်ကို သူ့မျက်စိက အကျွင့်မရသေးဘူး။ သူဟာ မိမိ အပင်တစ်မျိုးပေါ်မှာ ထိုင်နေတယ်လို့ ခံစားရတယ်။

"ပြဿနာမရှိဘူး" သူက ကျင်းဝဆီလှမ်းအော်တယ်။ အခု ကျင်းဝဟာ တံဆိပ်ခေါင်းအရွယ် အလင်းစက်နဲ့တူနေတယ်။ "အပျော့ပေါ် ကျတာ၊ နင်တို့ ခုန်ဆင်းလို့ ရပြီ"

ဒီနောက် ရွန်ခုန်ချတယ်။ သူ လေးဘက်ထောက်ကျလာပြီး ဟယ်ရီဘေး ရောက်လာတယ်။

"ဒါ ဘာကြီးလဲ" သူက မေးတယ်။

"မသိဘူး၊ အပင်တစ်မျိုးလိုပဲ။ ဒီမှာ ကျလာရင် မနာအောင် ခင်းထားတာနဲ့ တူတယ်။ လာဟေ့၊ ဟာမီး"

အဝေးက ပုလွေသံရပ်သွားတယ်။ ခွေးကြီးလဲ ဟောင်သံထွက်လာတယ်။ ဒါပေမယ့် ဟာမီး ခုန်ချလိုက်ပြီ။ သူမဟာ ဟယ်ရီရဲ့ တခြားတစ်ဖက်မှာ ကျလာတယ်။

"ငါတို့ ကျောင်းနဲ့ အဝေးကြီးမှာ ရောက်နေတာသေချာတယ်" သူမက ပြောတယ်။

"အမှန်ပြောရရင် ဒီသစ်ပင်တွေရှိနေလို့သာ" ရွန်က ပြောတယ်။

"ဘာတော်သေးတာလဲ"ဟာမီးက ထအော်တယ်။ "နင်တို့ နှစ်ယောက်ကို ကြည့်ပါဦး"

သူမဟာ ဒိုင်းဆို ခုန်ထပြီး စွတ်စိုတဲ့ နံရံဆီ ရုန်းကန် ရွေ့လျားသွားတယ်။ သူမ ဒီလို ရုန်းထွက်တာဟာ သူမကျလာတာနဲ့ အဲဒီအပင်ဟာ မြွေလို လက်တံနဲ့ သူ့ခြေမျက်စိကို ရစ်ပတ်ထားလို့ပဲ။ ဟယ်ရီနဲ့ ရွန်တို့ကျတော့ ဘာမှန်းမသိခင်မှာ နွယ်ရှည်ရှည်ကြီးတွေက သူတို့ ခြေနှစ်ချောင်းကို ရစ်ပတ်ထားနှင့်ပြီ။

ဟာမီးဟာ နွယ်တွေက သူမကို ခိုင်ခိုင်ရစ်ပတ်မထားခင်မှာ ရုန်းထွက်နိုင်ခဲ့တယ်။ အခု သူမဟာ ကောင်လေးနှစ်ယောက် နွယ်တွေကို ဖယ်ပစ်တာကို တုန်လှုပ်စွာ ကြည့်နေတယ်။ ဒါပေမယ့် သူတို့ ရုန်းလေ၊ နွယ်က ပိုမြန်မြန် ရစ်ပတ်လေပဲ။ ပိုတင်းကြပ်လေပဲ။

"မလှုပ်နဲ့တော့" ဟာမီးက သူတို့ကို ပြောတယ်။ "ဒါဘာလဲဆိုတာ ငါသိတယ် — ဒါဘီလူးပိုက်ကွန်"

"အော၊ ငါ ဝမ်းသာလိုက်တာ။ ၎င်းကို ဘာခေါ်တယ်ဆိုတာ သိရပြီ။ ဒါ တို့ကို အထောက်အကူအများကြီး ရတယ်" ရွန်က ဒေါနဲ့ ပြောတယ်။ နောက်ကို ရှောင်တယ်။ နွယ်က သူ့လည်ပင်းမပတ်အောင် ရှောင်တယ်။

"တိတ်တိတ်နေစမ်း။ ၎င်းကို ဘယ်လို သတ်ရမလဲဆိုတာ ငါစဉ်းစားနေတယ်" ဟာမီးက ပြောတယ်။

"မြန်မြန်လေး သတ်စမ်းပါ။ ငါ အသက်ရှူလို့ မရတော့ဘူး" ဟယ်ရီက အသက်ကို မနည်းရှူရင်း ပြောတယ်။ သူ့ရင်ပပ်ကို ရစ်ပတ်မဲ့ နွယ်ကို အတင်းဆွဲဖယ်တယ်။

"ဘီလူးပိုက်ကွန်၊ ဘီလူးပိုက်ကွန် . . . . . ပါမောက္ခ စပရောက်စ် ဘယ်လိုပြောပါလိမ့်။ ၎င်းက အမှောင်နဲ့ စွတ်စိုခြင်းကို နှစ်သက်တယ်တဲ့-"

"ဒါဆို မီးရှို့ကွာ" ဟယ်ရီ အသက်ရှူ ရပ်တော့မယ်။

"ဟုတ်တယ် — ဒါရတာပေါ့ — ဒါပေမယ့် ဒီမှာ ထင်းမှ မရှိတာ" ဟာမီးက အော်တယ်။ စိတ်ပူလို့ လက်တွေ လိမ်ချိုးနေတယ်။

"နင် အရူးလား" ရွန်က အော်တယ်။ "နင် မှော်ဆရာမမှ ဟုတ်ရဲ့လား"

"အော၊ ဟုတ်ပြီ" ဟာမီးက ပြောတယ်။ မှော်ကြိမ်လုံးကို တစ်ခါထဲ ဆွဲထုတ်လိုက်တယ်။ ဝှေ့ယမ်းရင်း ပါးစပ်က တတွတ်တွတ် ရွတ်ဆိုတယ်။ ဒီနောက် ဟိုတစ်ခါ စနိတ်ပ်ကို လုပ်သလို မှော်ကြိမ်လုံးကနေ အပြာရောင် မီးတောက်ပေါ် ထွက်လာတယ်။ စက္ကန့်အနည်းငယ်အတွင်းမှာပဲ နွယ်ပင်တွေဟာ အလင်းရောင်နဲ့ နွေးထွေးမှုကို နောက်ဆုတ်ရှောင်တိမ်းနေတယ်လို့ ကောင်လေးနှစ်ယောက် ခံစားရတယ်။ သူတို့ကို ရစ်ပတ်တာတွေ ပြေသွားတယ်။ အပင်က လိမ်တွန့်ပြီး ဆန့်ငင် ဆန့်ငင်ဖြစ်နေတယ်။ သူတို့ ကိုယ်ပေါ် ရစ်ပတ်ထားတဲ့ နွယ်ခွေတွေကို အလိုအလျောက် ဖြည်သွားကြတယ်။ ဟယ်ရီနဲ့ ရွန်ဟာ လုံးဝ လွတ်ကျွတ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆေးပင် သင်ခန်းစာမှာ သေချာ မှတ်သားလို့ တော်သေးတယ် ဟာမီး" ဟယ်ရီ-ဟာမီးနဲ့အတူ နံရံဘေး ဆုတ်သွားတယ်။ မျက်နှာပေါ်က ချွေးကို သုတ်ရင်း ပြောတယ်။

"ဟုတ်တာပေါ့" ရွန်က ပြောတယ်၊ "အရေးကြီး ချိန်မှာ ဟယ်ရီက နင့်လို မပြောလို့ တော်သေးတယ် — 'ဒါပေမယ့်၊ ဒီမှာ ထင်းမှ မရှိတာ' နင်ဘာပြောလဲ ကြည့်စမ်း"

"ဒီဘက်ကို သွား" ဟယ်ရီက ကျောက်စကြံကို ညွှန်ပြပြီး ပြောတယ်။ ဒီတစ်လမ်းပဲ သွားလို့ရတယ်။ သူတို့ ခြေသံအပြင် ရေစက်တွေ နံရံအတိုင်း ဖြည်းဖြည်း စက်ကျတဲ့ အသံကို ကြားရတယ်၊ ဒီစကြံဟာ ကုန်းအတိုင်၊ ဆင်း သွားတယ်။ ဒါက ဟယ်ရီကို ဂရင်းဂေါ့စ်ကို သတိရစေတယ်။ သူ့နှလုံးဟာ တအားခုန်သွားတယ်။ ကြားဖူးတဲ့ မှော်ဆရာဘဏ်အခန်းကို စောင့်တဲ့ နဂါးကြီးကို သွားသတိရလို့ — နိုဘာတင် အတော်ခက်နေပြီ. . . . . .'

"မင်း ဘာသံကြားလဲ" ရွန်က တိုးတိုးမေးတယ်။

ဟယ်ရီက နားစွင့်နားထောင်တယ်။ ရှေ့ဘက်မှာ တရွှပ်ရွှပ် အသံနဲ့ တင်းတောင် အသံကြားရသလိုပဲ။

"ဝိညာဉ်တစ်ကောင် ဖြစ်မလား"

"ငါမသိဘူး. . . . . . တောင်ပံခတ်တဲ့ အသံလိုပဲ"

"ရှေ့မှာ အလင်းရောင်ရှိတယ် — တစ်ခုခုလှုပ်နေတာ ငါတွေ့တယ်"

သူတို့ စကြံအဆုံး ရောက်လာတယ်။ ရှေ့မှာက မီးထိန်ထိန်လင်းနေတဲ့ အခန်း။ အပေါ်မှာက မျက်နှာကြက်အခုံး။ မရေမတွက်နိုင်တဲ့ ရတနာကျောက်လို လက်နေတဲ့ ငှက်ကလေးတွေဟာ တောင်ပံရိုက်ခတ်ပြီး ပျံသန်းနေတယ်။ အခန်းရဲ့ မျက်နှာချင်းဆိုင်ဘက်မှာ သစ်သားတံခါး ထုထုလေးလေးကြီး ရှိတယ်။

"ငါတို့ အခန်းကို ဖြတ်သွားရင်၊ သူတို့က ငါတို့ကို တိုက်ခိုက်မလား" ရွန်က မေးတယ်။

"ဖြစ်နိုင်တယ်" ဟယ်ရီက ပြောတယ်။ "သူတို့ ကြည့်ရတာ ဆိုးမဲ့ပုံမပေါ်ဘူး။ ဒါပေမယ့် အားလုံး တပြိုင်နက် တိုက်ခိုက်လာရင်တော့. . . . ဘာဖြစ်ဖြစ်ကွာ၊ တခြားနည်းလဲ မရှိတော့ဘူး. . . . . ငါပြေး ဖြတ်သွားတော့မယ်"



သူဟာ အသက်ပြင်းပြင်းရှူလိုက်တယ်။ လက်နဲ့ မျက်နှာကို အုပ်ပြီး အခန်းတစ်ဘက်ဆီသို့ အပြေးဖြတ်သွားတယ်။ သူက နှုတ်သီးချွန် လက်သည်းချွန်တွေ သူ့ကို ထိုးဆွဲမယ်ထင်တာ။ တကယ်တော့ ဘာမှ မဖြစ်ဖူး။ သူဟာ မပွန်းမပဲ့ပဲ ဟိုတံခါးဘေး ရောက်သွားတယ်။ ဆွဲကြည့်တယ်။ တံခါးသော့ခတ်ထားတယ်။

ရွန်နဲ့ ဟာမီးလဲ လိုက်လာတယ်။ သူတို့ အတူတကွ တံခါးကို ဆွဲလိုက်တွန်းလိုက် လုပ်တယ်၊ ဒါပေမယ့် သစ်သားတံခါးက လှုပ်တောင်မလှုပ်ဖူး။ ဟာမီးက သူမရဲ့ အလာဟို အပေါက်ပွင့် ဂါထာနဲ့ စမ်းတယ်၊ အလကားပဲ။

"ဘယ်လို လုပ်မလဲ" ရွန်က မေးတယ်။

"ဒီငှက်တွေ. . . . . . သူတို့ကို အလှထားတာတော့ မဖြစ်နိုင်ဘူး" ဟာမီးက ပြောတယ်။

သုံးယောက်သား ခေါင်းပေါ်ပျံသန်းနေတဲ့ ငှက်ကလေးတွေကို ကြည့်ကြတယ်။ လင်းလက်နေတယ် — လင်းလက်နေတာပဲ။

"အဲဒါတွေ ငှက်မှ မဟုတ်တာ" ဟယ်ရီက ရုတ်တရက်ပြောလိုက်တယ်။ "အဲဒါ သော့တွေ။ တောင်ပံပါတဲ့ သော့တွေ — နင်တို့ သေချာကြည့်ပါဦး။ ဒါ ဘာဖော်ပြသလဲဆိုတော့. . . . . ." ဟယ်ရီက အခန်းရဲ့ ထောင့်တိုင်းကို ကြည့်တယ်။ ရွန်နဲ့ ဟာမီးကတော့ ခေါင်းမော့ပြီး ပျံသန်းနေတဲ့ သော့အုပ်လိုက်ကြီးကို ကြည့်နေတယ်။ ". . . . . . ရပြီ။ နင်တို့ ကြည့်စမ်း။ မိုးပျံတံမြက်စည်း။ ငါတို့ ပျံတက်ပြီး ဒီတံခါးကို ဖွင့်ဖို့ သော့ကို ဖမ်းယူရမယ်"

"အပေါ်မှာက သော့ ရာနဲ့ချီ ရှိနေတယ်လေ"

ရွန်က တံခါးမှာ ခတ်ထားတဲ့ သော့ခလောက်ကို သေချာစစ်ဆေးကြည့်ရှုတယ်။

"ငါတို့ ရှေးပုံစံ သော့ကြီးတစ်ချောင်းကို ရှာရမယ်၊ ငွေရောင်ဖြစ်နိုင်တယ်။ တံခါးလက်ကိုင်ဂွင်းနဲ့ တူလိမ့်မယ်"

သူတို့ဟာ တံမြက်စည်းတစ်ချောင်းစီ ဆွဲယူပြီး ခြေနဲ့ မြေကို ကန်လိုက်တာနဲ့ အပေါ်ပျံတက်သွားရော။ ပြည့်ကြပ်နေတဲ့ သော့အုပ်တွေထဲ ဟိုးဝင်သွားတယ်။ သူတို့ဟာ သော့ကို ဖမ်းဆွဲကြတယ်။ ဒါပေမယ့် ဂါထာနဲ့ စီရင်ထားတဲ့ သော့တွေဟာ အရှောင်အတိမ်း သိပ်ကို မြန်တယ်၊ ဖမ်းမိဖို့

www.burmeseclassic.com



သိပ်ကို မလွယ်ဘူး။

ဒါပေမယ့် ရာစုနှစ်တစ်ခုအတွင်းမှာ အသက်အငယ်ဆုံး ခွေးဒစ် ရှာဖမ်းသမားဖြစ်တဲ့ ဟယ်ရီဟာ ပေါ့ပေါ့တန်တန် လူမျိုးတော့ မဟုတ်ဖူး။ ပျံသန်းနေတဲ့ ပစ်မှတ် ရှာဖွေတဲ့ နေရာမှာ သူမတူတဲ့ အစွမ်းရှိတယ်။ သူဟာ ရောင်စုံတောင်ပံ ဝဲဂယက်ထဲမှာ တစ်မိနစ်ခန့် ဖြတ်သန်းသွားလာပြီးနောက် ငွေရောင်သော့ကြီး တစ်ချောင်းရဲ့ တောင်ပံဟာ ပျော့ကျနေတာ တွေ့တယ်။ တစ်ယောက်ယောက်က ၎င်းကို ဖမ်းယူပြီး ကြမ်းတမ်းစွာ သော့ပေါက်ထဲ ထိုးသွင်းခံထားရသလိုပဲ။

"အဲဒါပဲ" သူက ရွန်နဲ့ ဟာမီးကို အော်ပြောတယ်။ "ဟိုသော့ကြီး ဟိုမှာ — မဟုတ်ဘူး၊ ဒီကဟာ မဟုတ်ဘူး၊ ဟိုမှာ — ဖြည်ပြာရောင်တောင်ပံနဲ့ဟာ — အမွေးတွေတစ်ဖက်ကို လဲနေတယ်"

ရွန်က ဟယ်ရီညွှန်တဲ့ ဘက်ကို အလျင်အမြန်ထိုးဝင်သွားတယ်။ သူမျက်နှာကြက်နဲ့ ဝင်ဆောင့်မိတယ်။ မိုးပျံတံမြက်စည်းပေါ်က လိမ့်ကျဖို့ နည်းနည်းလိုတယ်။

"တို့ သူ့ကို ဝိုင်းထားမှ" ဟယ်ရီက အော်တယ်။ မျက်လုံးကတော့ တောင်ပံကျိုးနေတဲ့ သော့ကြီးကိုပဲ ကြည့်နေတယ်။ "ရွန်၊ မင်းအပေါ်ကနေ ပိတ်ထား။ ဟာမီး၊ မင်းအောက်မှာ စောင့်နေ။ အောက်ကို အဆင်းမခံနဲ့။ ငါဖမ်းမယ်။ ကောင်းပြီ။ စတော့"

ရွန်က နှအောက်ကို ထိုးချတယ်။ ဟာမီးက အထက်သို့ ခုန်တက်တယ်။ သော့ဟာ သူတို့ အထက်အောက်ညှပ်ပိတ်တာကို ပုန်းရှောင်တယ်။ ဟယ်ရီက ၎င်းနောက်က ကပ်လိုက်တယ်။ သော့ဟာ နံရံပေါ် ပျံသွားတယ်။ ဟယ်ရီက ခုန်အုပ်လိုက်တယ်။ နားစူးတဲ့ ကြွိကြွိသံကြားရပြီး ဟယ်ရီလက်တစ်ဖက်နဲ့ သော့ကို နံရံမှာ ဖိကပ်ထားလိုက်နိုင်တယ်။ ရွန်နဲ့ ဟာမီးတို့ အောင်ပွဲခံတဲ့ အသံဟာ အခန်းမြင့်မြင့်ကြီးထဲမှာ လည်ပတ်နေတယ်။

သူတို့ အမြန်အောက်ဆင်းလာတယ်။ ဟယ်ရီက ဟိုတံခါးဆီ ပြေးသွားတယ်။ သော့က သူ့လက်ထဲမှာ ရုန်းကန်နေတုန်းပဲ၊ အားနဲ့ သော့ကို လှည့်ဖွင့်လိုက်တယ် — ဒါပဲ၊ ဒီသော့ပဲ။ ဂတ်ဆိုတဲ့ အသံနဲ့အတူ သော့ပွင့်သွားတာနဲ့ သော့ချောင်းဟာ ချက်ချင်းပျံသွားရော။ နှစ်ကြိမ်တောင် အဖမ်းခံရတဲ့အတွက် သော့ဟာ ညိုးရော်နေတယ်။



"အသင့်ဖြစ်ပြီးပြီလား" ဟယ်ရီက တံခါးလက်ကိုင်ကို ကိုင်ထားရင်း ရွန်နဲ့ ဟာမီးကို မေးတယ်။ သူတို့နှစ်ယောက်က ခေါင်းညိတ်ပြတယ်။ ဒါနဲ့ သူတို့ တံခါးကို တွန်းဖွင့်လိုက်တယ်။

ဒုတိယ အခန်းထဲမှာ မှောင်မည်းနေတယ်။ ဘာမှ မမြင်ရဘူး၊ ဒါပေမယ့် သူတို့အထဲ လှမ်းဝင်လိုက်တာနဲ့ မီးတွေထိန်ထိန်လင်းလာတယ်။ တုန်လှုပ်စရာ မြင်ကွင်းကို မြင်ရတယ်။

သူတို့ဟာ ကြီးမားတဲ့ ကျားကွက်ဘေးမှာ ရပ်မိနေတယ်။ ရှေ့မှာက အနက်ရောင် ကျားစေ့တွေ။ အဲဒီ ကျားစေ့တွေဟာ သူတို့ထက်တောင် ကြီးတယ်။ ကျောက်အနက်နဲ့ ပြုလုပ်ထားသလိုပဲ။ အခန်းရဲ့ မျက်နှာချင်းဆိုင်ဘက်မှာ သူတို့နဲ့ မျက်နှာချင်းဆိုင်နေတာက အဖြူရောင် ကျားစေ့တွေ။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ ကြောက်လို့ တုန်နေတယ်။ အဲဒီကျားစေ့ အဖြူမြင့်မြင့်ကြီးတွေရဲ့ မျက်နှာပေါ်မှာ ဒွာရပေါက်တွေ မရှိဘူး။

"အခု ဘယ်လိုလုပ်ရမလဲ" ဟယ်ရီက တိုးတိုးပြောတယ်။

"ဂါ ရှင်းနေတာပဲ မဟုတ်လား" ရွန်က ပြောတယ်။ "ငါတို့ ကျားထိုးမှ ဟိုဘက်က အခန်းကို ရောက်မှာ"

ကျားစေ့အဖြူတွေ နောက်မှာ တံခါးရွက်တစ်ခုရှိတာ သူတို့ မြင်ကြွေတယ်။

"ဘယ်လို ထိုးရမလဲ" ဟာမီးက စိတ်ပူစွာ မေးတယ်။

"ငါ့အထင်တော့" ရွန်က ပြောတယ်။ "ငါတို့ ကျားစေ့ဝင်လုပ်မှ ဖြစ်မယ်"

သူဟာ အနက်ရောင် မြင်းစီးသူရဲဘေး သွားပြီး မြင်းကို လက်နဲ့ သပ်တယ်။ ချက်ချင်းပဲ ကျောက်တုံးက အရှင်ဖြစ်လာတယ်။ မြင်းက မြေကြီးကို ခွာနဲ့ ပေါက်တယ်။ မြင်းစီးသူရဲက သံခမောက် ဆောင်းထားတဲ့ ခေါင်းကို လှည့်ပြီး ရွန်ကို ကြည့်နေတယ်။

"ကျွန်တော်တို့က — တင်း — ခင်ဗျားတို့နဲ့အတူမှ ဖြတ်သွားလို့ ရမှာလား"

မြင်းစီးသူရဲ အနက်ရောင်က ခေါင်းညိတ်ပြတယ်။ ရွန်က ဟယ်ရီနဲ့ ဟာမီးကို လှည့်ပြီး ပြောတယ်။

"သေချာချင့်ချိန် စဉ်းစားရမယ် . . . . ."သူက ပြောတယ်။ "ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ဒီက အနက်ရောင်ကျားစေ့ သုံးစေ့နေရာ ဝင်ယူရလိမ့်မယ်. . .... "

ဟယ်ရီနဲ့ ဟာမီး စကားမပြောဘူး။ ရွှန်စဉ်းစားနေတာကို ကြည့်နေတယ်။ နောက်ဆုံး ရွှန်က ပြောတယ်။ "ဒီလို။ နင်တို့ စိတ်တော့ မဆိုးနဲ့။ ငါစကားပြောတာ အားနာရမှန်း မသိဘူးလို့ အပြစ်မတင်ကြနဲ့။ အမှန်ပြောရရင်၊ နင်တို့ နှစ်ယောက်ကျားထိုးတာ သိပ်မတော်ဘူး — "

"ငါတို့ စိတ်မဆိုးပါဘူး" ဟယ်ရီက အမြန်ဝင်ပြောတယ်။ "ငါတို့ကို ဘယ်လိုလုပ်ရမယ်ဆိုတာ မြန်မြန်ပြော"

"ကောင်းပြီ၊ ဟယ်ရီ။ မင်း၊ ဟိုဂိုဏ်းချုပ်နေရာဝင်ယူ။ သူ့ဘေးမှာ ရပ်လိုက်။ ဟာမီး၊ နင်က သူ့ဘေးရပ်၊ ရဲတိုက်နေရာ ယူ"

"ဒါဖြင့်ရင်၊ နင်ကကော"

"ငါက မြင်းစီးသူရဲလုပ်မယ်" ရွှန်က ပြောတယ်။

ကျားစေ့တွေဟာ သူတို့ပြောတာ နားလည်သလိုပဲ။ ပြောပြီးတာနဲ့ မြင်းစီးသူရဲတစ်ရုပ်၊ ဂိုဏ်းချုပ်တစ်ရုပ်၊ ရဲတိုက်တစ်ရုပ်တို့ဟာ နောက်လှည့်လိုက်တယ်။ ကျားစေ့အဖြူတွေကို ကျောပေးပြီး ကျားအကွက်ထဲက ထွက်သွားတယ်။ ဟယ်ရီ၊ ရွှန်နဲ့ ဟာမီးတို့ဖို့ ကွက်လပ်သုံးခု ထားခဲ့တယ်။

"ကျားစည်းကမ်းအရ အဖြူဘက်က အရင်လျှောက်ရမယ်" ရွှန်က ပြောတယ်။ ကျားကွက် မျက်နှာချင်းဆိုင်ဘက်ကို ကြည့်လိုက်တယ်။ "ဟုတ်ပြီ . . နင်တို့ကြည့် . . . . . . "

တပ်သားတစ်ရုပ် ရှေ့သို့နှစ်ကွက်တက်လိုက်တယ်။

ရွှန်က အနက်ရောင်ကျားတွေကို ညွှန်ကြားတယ်။ ဟယ်ရီနဲ့ ဟာမီးတို့ဟာ သူရွှေ့ခိုင်းတာကို တိတ်တိတ်လိုက်နာတယ်။ ဟယ်ရီ ဒူးတုန်နေ တယ်။ သူတို့ ရှုံးခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဟယ်ရီ - ညာရှေ့ဘက်ကို လေးကွက်တိုးလိုက်"

သူတို့ရဲ့ မြင်းတစ်ကောင် နောက်ထပ် အစားခံလိုက်ရတော့မှ သူတို့ဟာ တကယ်ကြောက်လန့်သွားတယ်။ မိဖုရားအဖြူဟာ မြင်းစီးသူရဲကို ရက်ရက်စက်စက် မြေကြီးပေါ် ရိုက်ချလိုက်ပြီး ကျားကွက်ထဲကနေ ဆွဲထုတ်သွားတယ်။ ၎င်းဟာ မှောက်ရက်ကြီးလဲနေတယ်။ နည်းနည်းမှ မလှုပ်ဖူး။

"မတတ်နိုင်ဘူး၊ ဒီလိုပဲ လုပ်ရမှာပဲ" ရွှန်က ပြောတယ်။ သူ့ကြည့်ရတာ အလွန်တုန်လှုပ်နေတယ်။ "ဒါမှ မင်း ဟိုဂိုဏ်းချုပ်ကို စားလို့ရမှာ။ ဟာမီး



သွားလိုက်"။

သူတို့ ကျားတွေ အစားခံရတဲ့ အခါတိုင်းမှာ ကျားဖြူတွေဟာ အလွန်ရက်စက်တယ်။ နည်းနည်းမှ မသက်ညှာဘူး။ မကြာခင်မှာပဲ နံရံဘေးမှာ ကျားနက်တွေ အတုံးအရုံးနဲ့ တစ်ပုံကြီး ဖြစ်လာတယ်။ နှစ်ကြိမ်တောင်ပဲ ဟယ်ရီနဲ့ ဟာမီးတို့ အန္တရာယ်ကျရောက်မှာကို ရွှန်အချိန်မီ တွေ့ရှိသွားပြီး ကယ်လိုက်နိုင်တယ်။ ရွှန်ဟာ ကျားကွက်ထဲမှာ ထွက်ထွက်တိုက်ပြီး ကျားဖြူတွေ စားစားပစ်တာ၊ သူတို့ ဆုံးရှုံးသွားတာနဲ့ အတူတူလောက်များတယ်။

"ရောက်တော့မယ်" သူက ရုတ်တရက် တိုးတိုးပြောတယ်။ "ငါစဉ်းစားဦးမယ် — ငါစဉ်းစားဦးမယ်. . . . . . "

မိဖုရား အဖြူက မိမိရဲ့ ဗွာရမပါတဲ့ မျက်နှာကို ရွှန့်ဘက်လှည့်လိုက်တယ်။

"ဟုတ်တယ်. . . . . . " ရွှန်က တိုးတိုးပြောတယ်။ "ဒီနည်းပဲ ရှိတော့တယ်. . . . . . ငါအစားခံမှ ဖြစ်မယ်"

"မဖြစ်ဘူး" ဟယ်ရီနဲ့ ဟာမီး တစ်ချိန်ထဲ အော်ကြတယ်။

"ဒါ ကျားထိုးတာ" ရွှန်က ဟောက်တယ်။ "စွန့်လွှတ်မှုတစ်ခုခုတော့ လုပ်ရမှာပဲ။ ငါရှေ့တစ်ကွက်တိုးရင် သူမက ငါ့ကို စားမှာ — နင်က ဘုရင်ကို ချက်လိုက်ရုံပဲ။ ဟယ်ရီ"

"ဒါပေမယ့် — "

"မင်း စနိတ်ပ်ကို သွားမတားချင်တော့ဘူးလား"

"ရွှန် — "

"မြန်မြန်၊ အချိန်မီ မလုပ်ရင်၊ သူ မှော်ကျောက်တုံး ရသွားလိမ့်မယ်"

ဟယ်ရီ တွေဝေမနေတော့ဘူး။

"အသင့်ဖြစ်ပြီလား" ရွှန်က အော်တယ်။ မျက်နှာမှာ သွေးမရှိဘူး။ ဒါပေမယ့် စိတ်ဓာတ် အလွန်ကြံ့ခိုင်တယ်။ "ငါသွားပြီ — သတိထား။ နိုင်တာနဲ့ ချက်ချင်းလှုပ်ရှား၊ ဒီမှာ အချိန်ကုန်မခံနဲ့"

သူရှေ့တစ်လှမ်းလှမ်းလိုက်တယ်။ မိဖုရား အဖြူဟာ ချက်ချင်း ခုန်ထွက်ပြီး ကျောက်လက်သီးနဲ့ ရွှန်ခေါင်းကို တအားထိုးလိုက်တယ်။ ရွှန် ချက်ချင်းလဲကျသွားတယ် — ဟာမီး လန့်အော်တယ်။ ဒါပေမယ့် သူမရဲ့ ကျားကွက်က မခွာဘူး — မိဖုရားအဖြူက ရွှန်ကို ဆွဲထုတ်လိုက်တယ်။ ရွှန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ မေ့နေသလိုပဲ၊

တစ်ကိုယ်လုံး တုန်ယင်နေတဲ့ ဟယ်ရီဟာ ဝဲဘက်ကို သုံးကွက်သွားလိုက်တယ်။

ဘုရင်အဖြူက ခေါင်းပေါ်က သရဖူကို ဖြုတ်ပြီး ဟယ်ရီ့ခြေထောက်အောက် ပစ်ချတယ်။ ဟယ်ရီနဲ့ ဟာမီးဟာ ဝမ်းနည်းစွာနဲ့ ရွန်ကို နောက်ဆုံးလှည့်ကြည့်လိုက်ပြီး တံခါးကို ဖြတ်ကျော် - ရှေ့က စင်္ကြံအတိုင်း ရှေ့သို့ ချီတက်တယ်။

"သူဘာဖြစ် — "

"သူ ဘာမှမဖြစ်ပါဘူး" ဟယ်ရီက ပြောတယ်။ တစ်ချိန်ထဲမှာ မိမိကိုယ်မိမိ ဒါကို ယုံကြည်ဖို့ ကြိုးစားတယ်။ "ရှေ့မှာ ဘာတွေ့ရမယ်ထင်သလဲ"

"ငါတို့ စပရောက်စ်ရဲ့ အတားအဆီးကို ကျော်ခဲ့ပြီ။ အဲဒါ ဘီလူးပိုက်ကွန်ပဲ — ဟိုသော့တွေကို စီမံထားတာ ဖလစ်ဝစ်ပဲ ဖြစ်မယ် — ပါမောက္ခမက်ဂေါ်နာဂေါက ကျားစေ့တွေကို သဏ္ဍာန်ပြောင်းထားတယ်။ သူတို့ကို အသက်သွင်းထားတယ် — ရှေ့မှာက ခွေ့ရဲ့ မှော်ပညာ၊ ပြီးတော့ စနိတ်ပ် . . . . . "

"သူတို့ တံခါးပေါက်တစ်ခု ရောက်လာပြန်တယ်။

"ရမလား" ဟယ်ရီက တိုးတိုးမေးတယ်။

"ဝင်မယ်"

ဟယ်ရီက တံခါးကို တွန်းဖွင့်တယ်။

အော့အန်ချင်လောက်တဲ့ အနံ့ဆိုးကြီး ထွက်လာတယ်။ သူတို့ဟာ အင်္ကျီမပြီး နှာခေါင်းပိတ်ထားရတယ်။ အနံ့ကြောင့် သူတို့ မျက်စိတွေလဲ မျက်ရည်တွေ ထွက်လာတယ်။ သူတို့ဟာ မျက်ရည်ကြောင့် ဝေဝါးတဲ့ မျက်စိနဲ့ လှမ်းကြည့်လိုက်တော့ သတ္တဝါဆန်းကြီးတစ်ကောင်ကို တွေ့ရတယ်။ သူတို့ အရင်တစ်ခါ ရင်ဆိုင်ခဲ့ရတာထက် ကြီးသေးတယ်။ သူတို့ ရှေ့က ကြမ်းပေါ်မှာ မလှုပ်မယှက် လဲနေတယ်။ သတိမေ့နေတယ်၊ ခေါင်းပေါ်မှာ သွေးပေနေတဲ့ ရောင်ဖုကြီးနဲ့။

"သိပ်ကောင်းတာပဲ။ ငါတို့ ဒီအကောင်ကြီးနဲ့ တိုက်ဖို့မလိုတော့ဘူး" ဟယ်ရီက အသံနှိမ့်ပြောတယ်။ သူတို့ဟာ သတိဝီရိယနဲ့ ဒီအကောင်ကြီးရဲ့ ကြီးမားတုတ်ခိုင်တဲ့ ခြေနှစ်ချောင်းကို ကျော်ဖြတ်တယ်။ "မြန်မြန်သွား။



အသက်ရှူ ကြပ်လှပြီ"

သူက နောက်ထပ် တံခါးတစ်ခုကို ဆွဲဖွင့်တယ်။ ချက်ချင်းဆိုသလို အတွင်းမှာ ဘာဆိုတာ မကြည့်ဝံ့ကြဘူး — ဒါပေမယ့် ဒီမှာ ဘာကြောက်စရာမှ မရှိဘူး။ စားပွဲခုံတစ်လုံးပဲ ရှိတယ်။ အပေါ်မှာ ပုံသဏ္ဍာန်မတူတဲ့ ပုလင်းခုနစ်လုံး ရှိတယ်။

"စနိတ်ပ်ရဲ့ မှော်ပညာ" ဟယ်ရီက ပြောတယ်။ "ငါတို့ ဘယ်လိုလုပ်ရမလဲ"

သူတို့နှစ်ယောက် တံခါးထဲ ဝင်လိုက်တာနဲ့ နောက်မှာ မီးတောက်ပေါ်လာပြီး တံခါးဝကို ပိတ်ထားတယ်။ ဒါ ရိုးရိုး မီးတောက် မဟုတ်ဖူး။ ခရမ်းရောင် မီးတောက်။ တစ်ချိန်ထဲမှာ ရှေ့ဆက်ရမဲ့ တံခါးပေါက်မှာလဲ အနက်ရောင်မီးတောက် ပေါ်လာတယ်။ သူတို့ အလယ်မှာ ပိတ်မိနေပြီ။

"ကြည့်" ဟာမီးက ပုလင်းတွေ ဘေးမှာရှိတဲ့ သိုးရေစက္ကူကို ဆွဲယူလိုက်တယ်။ ဟယ်ရီက သူမနောက်ကနေ သူမနဲ့အတူ ဖတ်တယ်။

ရှေ့မှာ အန္တရာယ်။ နောက်က လုံခြုံတယ်။
ကျုပ်တို့ထဲမှာ မင်းတို့ကို ကူညီနိုင်တာ နှစ်ခုရှိတယ်၊
ငင်းတို့ကို သောက်ပါ။ တစ်ခုက ရှေ့ကို ခေါ်သွားမယ်။
ကျန်တစ်ခုက သင့်ကို မူလနေရာ ပြန်ပို့မယ်။
နှစ်ခုထဲမှာ ဖက်ယားပင်အရက် ထည့်ထားတယ်။
သုံးခုက လူသတ်သမား၊ တန်းစီပြီး သင့်ကို စောင့်နေတယ်၊
ရွေးချယ်ပါ။ သင်ဒီမှာ ထာဝရအချိန်ကုန် မခံချင်ရင်ပေါ့။
သင်ရွေးချယ်ဖို့ သဲလွန်စလေးခု ပေးမယ်။
တစ်။ အဆိပ် ဘယ်လိုကောက်ကျစ် ပုန်းကွယ်ကွယ်၊
သူတို့ဟာ ဖက်ယားပင်အရက်ရဲ့ ဝဲဘက်မှာရှိတယ်။
နှစ်။ ဝဲယာ အစွန်းက ပုလင်းယဲမှာ ရှိတာမတူဘူး။
သင်ရှေ့ဆက်သွားချင်ရင်၊ ငင်းတို့ သင့်အတွက် မလိုဘူး။
သုံး။ ပုလင်းတွေ ကြီးသေးမတူဘူး။
ဧရာမလူနဲ့ လူပုလေးထဲမှာ မရဏာမင်းပရှိပါ။
လေး၊ ဝဲနှစ်နဲ့ ယာနှစ်။
အနံ့ မတူပေမယ့် အရသာတူတူပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဟာမီး သက်ပြင်းရှည်ရှည်ကြီး ချလိုက်တယ်၊ ဟယ်ရီဟာ သူမပြုံးလာတာကို အံ့အားသင့်စွာ မြင်တွေ့ရတယ်။ သူကတော့ ဘယ်လိုမှ မပြုံးနိုင်ဘူး။

"ဟန်ကျလိုက်တာ" ဟာမီးက ပြောတယ်။ "ဒါ မှော်ပညာ မဟုတ်ဘူး — ဒါ ကျိုးကြောင်းဆင်ခြင် ခန့်မှန်းခြင်း — ဒါ စကားလိမ်တစ်ခုပဲ။ အလွန်ကြီးမြတ်တဲ့ မှော်ဆရာတွေမှာတောင် လောဂျစ် ကျိုးကြောင်းဆင်ခြင်တတ်တဲ့ ပညာမရှိကြဘူး။ ဒါကြောင့် သူတို့ဟာ ဒီမှာ အကြာကြီး အပိတ်ခံကြရတယ်"

"ငါတို့ကတော့၊ ငါတို့လဲ ထွက်လို့မရဘူး၊ ဟုတ်လား"

"မဖြစ်ပါဘူး" ဟာမီးက ပြောတယ်။ "ငါတို့ သိလိုတာတွေ ဒီစက္ကူပေါ်မှာ ရေးထားတယ်လေ။ ပုလင်း ခုနစ်လုံး။ သုံးလုံးက အဆိပ်။ နှစ်လုံးက အရက်၊ တစ်လုံးက တို့ကို မီးတောက်နက်ကို လုံခြုံစွာ ဖြတ်ကျော်စေနိုင်တယ်၊ ကျန်တစ်လုံးက ငါတို့ကို ခရမ်းရောင် မီးတောက်ဖြတ်ပြီး ပြန်သွားစေနိုင်တယ်"

"ဒါပေမယ့် ဘယ်ဟာသောက်ရမလဲလို့ ဘယ်လိုလုပ်သိမလဲ"

"ငါ့ကို အချိန်တစ်မိနစ်ပေး"

ဟာမီးက အဲဒီ စက္ကူကို အကြိမ်အချို့ ပြန်ဖတ်တယ်။ သူမဟာ စီတန်းထားတဲ့ ပုလင်းတွေရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။ ပါးစပ်ကလဲ တတွတ်တွတ်လုပ်နေတယ်။ လက်ကလဲ ဟိုပုလင်း ဒီပုလင်း လက်ညှိုးထိုးနေတယ်။ နောက်ဆုံးမှာ သူမဟာ ဝမ်းသာစွာနဲ့ လက်ခုပ်တီးတယ်။

"သိပြီ" သူမက ပြောတယ်။ "ဒီအငယ်ဆုံး ပုလင်းက တို့ကို မီးတောက်အနက်ဖြတ်ဖို့ ကူညီလိမ့်မယ် — မှော်ကျောက်တုံးရမယ်"

ဟယ်ရီက အဲဒီ ရိုးရိုးပုလင်းလေးကို ကြည့်နေတယ်။

"အထဲမှာက တစ်ယောက်စာသာရှိတာ" သူကပြောတယ်။ "တစ်ငုံစာတောင် မရှိဘူး"

သူတို့ အပြန်အလှန် ကြည့်နေကြတယ်။

"ဘယ်ပုလင်းက နင့်ကို ခရမ်းရောင် မီးတောက်ဖြတ်ပြီး ပြန်သွားစေနိုင်လဲ"

ဟာမီးက ယာဘက်အစွန်ရှိ ပုလင်းလုံးလုံးလေးကို လက်ညှိုးထိုးပြတယ်။



"နင် အဲဒါသောက်" ဟယ်ရီက ပြောတယ်။ "နင် ဖြတ်မပြောနဲ့။ ငါပြောတာ နားထောင် — နင် ရွန်ကို ပြန်ရှာ။ သော့ပျံအခန်းထဲကနေ တံမြက်စည်း နှစ်ချောင်းယူသွား။ နင်တို့ အဲဒါ စီးပြီး တံခါးရွက်ရှင်ကို ဖြတ်။ အမွေးဖွားလေးဘေးက ကျော်ဖြတ်။ ဇီးကွက်တဲကို တန်းသွား။ ဟက်ဒဝစ်ကို ဒမ်ဘလီဒိုးဆီ စာပို့လွှတ်လိုက်။ သူ့အကူအညီလိုတယ်။ ငါလဲ ယာယီတော့ စနိတ်ပ်ကို တားထားနိုင်ချင် တားထားနိုင်မယ်။ ဒါပေမယ့် သူတို့ကိုတော့ မယှဉ်နိုင်ဘူး"

"ဒါပေမယ့်၊ ဟယ်ရီ - တကယ်လို့ လျှို့ဝှက်တဲ့ လူ သူနဲ့အတူရှိနေရင် ဘယ်လိုလုပ်မလဲ"

"အင်း — ငါအရင်က ကံကောင်းလို့ တစ်ခါလွတ်ခဲ့ဖူးတယ်။ မှတ်မိတယ်မဟုတ်လား" ဟယ်ရီက သူ့နဖူးပေါ်က အမာရွတ်ကို ညွှန်ပြပြီး ပြောတယ်။ "ငါ အန္တရာယ်ကို လှည့်ပြောင်းချင် လှည့်ပြောင်းနိုင်မှာ"

ဟာမီးရဲ့နှုတ်ခမ်း တုန်နေတယ်။ သူမဟာ ရုတ်တရက် ဟယ်ရီ့ဆီ ပြေးသွားပြီး သူ့ကို ဖက်ထားလိုက်တယ်။

"ဟာမီး"

"ဟယ်ရီ - နင်သိလား၊ နင်ဟာ ကြီးမြတ်တဲ့ မှော်ဆရာပဲ"

"ငါနင့်လောက် မတော်ပါဘူး" ဟယ်ရီက အလွန်ရှက်ကိုးရှက်ကန်းနဲ့ ပြောတယ်၊ ဟာမီးက လက်ကို ဖြေလိုက်တယ်။

"ငါလား" ဟာမီးက ပြောတယ်။ "စာအသေကျက်တာလောက် ပါပဲ။ ပြီးတော့ ဉာဏ်လေးနည်းနည်းရှိတာပါပဲ။ ဒီ့အပြင် အရေးကြီးတာတွေ အများကြီး ရှိသေးတယ် — ချစ်ခင်မှုနဲ့ သတ္တိ။ အော၊ ဟယ်ရီ - သတိတော့ ထားနော်"

"နင် အရင်သောက်" ဟယ်ရီက ပြောတယ်။ "ဒီပုလင်း နှစ်လုံးဆိုတာ သေချာလား၊ မမှားပါဘူးနော်"

"မမှားဘူး" ဟာမီးက ပြောတယ်။ သူမဟာ ယာဘက်က ပုလင်းဝိုင်းဝိုင်းထဲကနေ တစ်ငုံကြီး သောက်လိုက်တယ်။ တစ်ကိုယ်လုံး ကြက်သီးထသွားတယ်။

"အဆိပ် မဟုတ်ပါဘူးနော်" ဟယ်ရီက စိုးရိမ်စွာ မေးတယ်။

"မဟုတ်ဘူး — ဒါပေမယ့် ရေခဲလိုပဲ၊ အရိုးထိအေးတယ်"

"မြန်မြန်၊ သွားတော့။ ကြာရင် အာနိသင် ပြယ်ကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းပါစေ — သတိထားပါနော် — "

"မြန်မြန်သွား"

ဟာမီးက နောက်ဘက်လှည့်ပြီး ခရမ်းရောင် မီးတောက်ကို ဖြတ်သွားတယ်။

ဟယ်ရီက အသက်တစ်ဝကြီး ရှူလိုက်တယ်။ အငယ်ဆုံး ပုလင်းလေးကို ဆွဲယူလိုက်တယ်။ သူဟာ မီးတောက်အနက်ဖက် လှည့်လိုက်တယ်။

"ငါလာပြီ" သူက ပြောပြီး ပုလင်းကလေးထဲက အရည်ကို တစ်ချက်ထဲ သောက်ပစ်လိုက်တယ်။

ရေခဲလိုပဲ သူ့တစ်ကိုယ်လုံး ပျံ့နှံ့သွားတယ်။ သူ ပုလင်းကို ချပြီး ရှေ့သို့ လျှောက်သွားတယ်။ သူသတ္တိမွေးပြီး မီးတောက်အနက်က သူ့ကိုယ်ကို တို့ထိနေတာ ကြည့်နေတယ်။ ဒါပေမယ့် သူဘာမှ မခံစားရဘူး — အဲဒီ လျှပ်တစ်ပြက် အချိန်လေးမှာ သူဘာမှ မမြင်ရဘူး။ မျက်စိရှေ့မှာ မီးတောက် အနက်ပဲရှိတယ် — ပြီးနောက် သူဟာ ချောရှူ့ရွှာ တစ်ဘက်ကို ရောက်လာတယ်။ နောက်ဆုံး အခန်းထဲ ဝင်လိုက်တယ်။

အခန်းထဲမှာ လူတစ်ယောက် ရောက်နှင့်နေပြီ — စနိတ်ပ် မဟုတ်ဘူး။ ဗိုလဒီမွန့်လဲ မဟုတ်ဘူး။



## ၁၇။ မျက်နှာနှစ်ခုနဲ့လူ

အဲဒါ ခွေရဲ။

"ခင်ဗျားကိုး" ဟယ်ရီက အံ့ဩလွန်းလို့ အသက်ရှူကြပ်သွားတယ်။

ခွေရဲက ရယ်တယ်။ အခုသူ့မျက်နှာဟာ နည်းနည်းမှ အကြောမဆွဲတော့ဘူး။

"ငါပေါ့" သူက တည်ငြိမ်စွာ ပြောတယ်။ "ငါ ခုနက စဉ်းစားနေသေးတယ်။ ငါဒီမှာ မင်းနဲ့ တွေ့မလားလို့ ပေါ့တာ"

"ဒါပေမယ့် ကျွန်တော်က — စနိတ်ပ်လို့ — "

"စနိတ်ပ်၊ ဟုတ်လား" ခွေရဲက တအားရယ်ချလိုက်တယ်။ ဒီရယ်သံဟာလဲ သူခါတိုင်းရယ်သလို စူးရှတဲ့ တုန်ခါသံ မဟုတ်ဖူး။ ကြက်သီးထစေတဲ့ အေးစက်စက်ရယ်သံ။ "ဟုတ်တယ်လေ။ စနိတ်ပ်ကို ကြည့်ရတာ လူကောင်းနဲ့ မှမတူတာ။ မဟုတ်ဘူးလား။ သူက လင်းနို့ အကြီးစားကြီးလို နေရာတကာ လျှောက်ပျံနေတာ။ ငါတို့အတွက်တော့ အလွန်အသောက်တကူရတယ်။ သူရှိနေတော့ တယ်သူကများ သနား - သနားစရာ၊ အ - အ - အထစ်တဲ့

www.burmeseclassic.com



ပါမောက္ခ ခွေရိုကို သံသယရှိတော့မှာလဲ"

ဟယ်ရီဟာ ဒါတွေကို မယုံကြည်နိုင် ဖြစ်နေတယ်။ ဒါ အမှန်မဟုတ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။

"ဒါပေမယ့်၊ စနိတ်ပ်က ကျွန်တော့်ကို သေအောင်လုပ်ချင်တာ"

"မှုတ်ဘူးမှုတ်ဘူး၊ မှုတ်ဘူး။ မင်းကို သေစေချင်တာက ငါ။ ဟိုတစ်ချိန် ခွေဒစ်ပြိုင်ပွဲမှာ မင်းသူငယ်ချင်းမ ဂရန်ဂျာ ပြေးလာပြီး စနိတ်ပ်ကို ဂါထာစီရင်တာ၊ မတော်တဆ ငါ့ကို တိုက်မိပြီးလဲသွားလို့။ သူမက ငါမင်းကို စိုက်ကြည့်တာကို ပျက်စီးစေတာ။ စင်စစ်မှာ နောက်ထပ် စက္ကန့်အနည်းငယ်ကြာရင် မင်းကို မိုးပျံတံမြက်စည်းပေါ်က ပြုတ်ကျအောင် လုပ်နိုင်တယ်။ စနိတ်ပ်ကသာ ဘေးကနေ ဆန့်ကျင်ဘက် ဂါထာရွတ်ပြီး မင်းအသက်ကို ကာကွယ်မပေးရင်၊ ငါမင်းကို အစောကြီးကတည်းက ပြုတ်ကျသေအောင် လုပ်လို့ရပြီ"

"စနိတ်ပ်က ကျွန်တော့်ကို ကယ်ချင်တယ် ဟုတ်လား"

"ဒါပေါ့" ခွေရိုက အေးစက်စက်ပြောတယ်။ "သူက မင်းတို့ ဒုတိယအကြိမ် ပြိုင်ပွဲမှာ ဘာဖြစ်လို့ ဒိုင်လူကြီး လာလုပ်တာလဲ ပြောစမ်း။ သူက ငါမင်းကို နောက်ထပ် ဒုက္ခမပေးနိုင်အောင်လို့။ တကယ့်ကို ရယ်စရာ ကောင်းတယ်. . . . . တကယ်တော့ သူဒီလောက် ဒုက္ခရှာစရာ မလိုပါဘူး။ ဒမ်ဘယ်ဒိုး ရှိနေမှတော့ ငါ ဘာမျှ လုပ်နိုင်မှာမို့လဲ။ ကျန်ဆရာတွေကလဲ စနိတ်ပ်က ဂရစ်ဖင်းဒေါအသင်း မနိုင် နိုင်အောင် လုပ်မယ်ထင်တာ။ သူတကယ်ပဲ အများမကြိုက်အောင် ဖြစ်နေတာ. . . . . ဒါပေမယ့်လဲ၊ ဒါတွေ အားလုံး အချိန်ကုန်တာပဲ ရှိတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ ငါ ဒီည မင်းကို သတ်ပစ်မှာပဲ"

ခွေရိုက ဖျစ်တနဲ့ လက်ဖျစ်တီးလိုက်တယ်။ ပြောရင်းဆိုရင်း ကြိုးတွေ ထွက်လာပြီး ဟယ်ရီကို မလှုပ်နိုင်အောင် တုပ်ချည်တယ်။

"မင်းက တယ်လဲ မဆိုင်တာ ပါချင်တာကိုး။ မင်းကို အသက်ချမ်းသာပေးလို့ မဖြစ်ဘူး ပေါ်တာ။ ဟောလိုးဝင်းညက မင်းကျောင်းဝန်းထဲမှာ လျှောက်သွားတယ်။ ထိုစဉ်ကတည်းက မှော်ကျောက်တုံးကို စီမံထားတာတွေ ငါသွားကြည့်တယ်ဆိုတာ မင်းမြင်သွားပြီလို့ ငါသိတယ်"

"ဟို အတောင်ကြီးကို ခင်ဗျား လွှတ်လိုက်တာ မှုတ်လား"

"ဒါပေါ့။ ဧရာမ အကောင်ကြီးကို ထိန်းတဲ့နည်း ငါ့မှာရှိတယ် — ဟိုဘက်က သတ္တဝါကြီးကို ဘယ်လို အကြောင်းပြလိုက်တယ်ဆိုတာ မင်းမြင်ခဲ့



ရောပေါ့။ ကံမကောင်းတာက အားလုံး အကောင်ကြီးကို လိုက်ရှာနေချိန်မှာ အစောကြီးကတည်းက ငါ့ကိုသံသယဝင်နေတဲ့ စနိတ်ပ်က လေးလွှာကိုလာပြီး ငါ့ကို တားဖို့လုပ်တယ်။ ငါ့အကောင်ကြီးက မင်းကို သေအောင် မသတ်နိုင်တဲ့အပြင် ခေါင်းသုံးခေါင်း ခွေးကြီးကလဲ စနိတ်ပ်ခြေထောက်ကို ကိုက်မဖြတ်နိုင်လိုက်ဖူး။

"ကောင်းပြီ၊ အေးအေးသာ စောင့်နေ ပေါ်တာ။ ဒီစိတ်ဝင်စားစရာ မှန်ကို ငါသေချာကြည့်ရဦးမယ်"

ခုကျမှပဲ ခွေရိုနောက်မှာ ထောင်ထားတဲ့အရာကို ဟယ်ရီတွေ့တော့တယ်။ ဩရစ်မှန်မှ အစစ်။

"ဒီမှန်ကတော့ မှော်ကျောက်တုံးကို ရှာတွေ့ဖို့ သော့ပဲ" ခွေရိုက ပွစိပွစိပြောတယ်။ မှန်ဘောင်လေးဘက်လေးတန်ကို လက်နဲ့ လျှောက်ခေါက်တယ်။ "ဒမ်ဘလီဒိုးမှသာ ဒါမျိုးကို ထုတ်လုပ်နိုင်တာ. . . . ဒါပေမယ့် သူအခု လန်ဒန်ရောက်နေတယ်. . . . သူပြန်လာတဲ့အခါမှာ ငါလဲ လွတ်ရာကျွတ်ရာ ရောက်နေပြီ. . . ."

ဟယ်ရီ တွေးလို့ရတဲ့ နည်းက ခွေရိုကို အဆက်မပြတ်စကားပြောနေစေခြင်းအားဖြင့် သူ့ကို မှော်မှန်အပေါ် အာရုံမစိုက်နိုင်စေဖို့ပဲ။

"ခင်ဗျားနဲ့ စနိတ်ပ်တို့ကို တားမြစ်သစ်တောထဲမှာ ကျွန်တော်မြင်တယ် —" သူက ပြောချလိုက်တယ်။

"မှန်တယ်" ခွေရိုက ပျင်းဖိဖိနဲ့ ပြောရင်း မှော်မှန်နောက်ဖက် သွားကြည့်ရှုတယ်။ "သူ ထိုစဉ်ကတည်းက ငါ့ကို စောင့်ကြည့်နေပြီ။ ငါဘယ်အခြေအနေ ရောက်နေပလဲဆိုတာ သိချင်တယ်။ သူက ငါ့ကို သံသယဖြစ်နေတာ။ သူက ငါ့ကို ခြောက်လှန့်ချင်တယ် — တကယ်တမ်း သူဘယ်ငါ့ကို ခြောက်လှန့်လို့ရမှာလဲ။ ဗိုလ်ဒီမွန့် ငါ့ကျောထောက်နောက်ခံရှိနေတာပဲ. . . ."

ခွေရိုက မှော်မှန်နောက်က ပတ်ထွက်လာတယ်။ မှန်ထဲကို အငမ်းမရ ကြည့်နေတယ်။

"ငါ မှော်ကျောက်တုံးကို မြင်တွေ့ရပြီ. . . . ငါက ရှင်းကို ငါ့သခင်ကို ဆက်သနေတယ်. . . . ဒါပေမယ့်၊ ရှင်းဘယ်မှာ ရှိသလဲ"

ဟယ်ရီဟာ သူ့ကို ချည်နှောင်ထားတဲ့ ကြိုးတွေကို ရုန်းထွက်ချင်တယ်၊ ရုန်းလေ၊ တင်းတင်းပတ်မိလေပဲ။ သူ ခွေရို မှော်မှန်ထဲ အာရုံစိုက်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



တားဆီးမှ ဖြစ်မယ်။

"ဒါပေမယ့် စနိတ်ပ်က ကျွန်တော့်ကို သိပ်မုန်းသလိုပဲ"

"အော၊ သူတကယ်ပဲ မင်းကို မုန်းတယ်" ခွေရှိုက စိတ်မပါ့တပါနဲ့ ပြောတယ်။ "ဘုရားရေ၊ သူမင်းကို မုန်းတာပေါ့။ ဟိုတုန်းက သူနဲ့ မင်းအဖေနဲ့ ဟော့ဂ်ဝပ်မှာ အတူကျောင်းနေကြတာ။ ဒါ မင်းမသိဘူး မှတ်လား။ သူတို့နှစ်ယောက် အပြန်အလှန် မုန်းကြတယ်။ သူသေသေ၊ ကိုယ်သေသေပဲ။ ဒါပေမယ့် သူက မင်းသေမှာကိုတော့ မလိုလားဘူး"

"လွန်ခဲ့တဲ့ ရက်အချို့က ခင်ဗျားငိုနေတာ ကျွန်တော်ကြားတာပဲ။ ကျွန်တော်က စနိတ်ပ် ခင်ဗျားကို ခြိမ်းခြောက်နေတယ် ထင်တာ. . . . ."

ခွေရှိုရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်တဲ့ တုန်ခါမှု ပထမဆုံး အကြိမ် ပေါ်လာတယ်။

"တခါတလေ" သူက ပြောတယ်။ "ငါ့သခင် ညွှန်ကြားတာကို လိုက်နာဖို့ ခက်တာရှိတယ် — သူဟာ ကြီးမြတ်တဲ့ မှော်ဆရာကြီးပါ။ ငါ့အင်အားကလဲ သိပ်ကို သေးငယ်. . . . ."

"ခင်ဗျား ပြောချင်တာက၊ ထိုစဉ်က ခင်ဗျားနဲ့အတူ ကျောင်းခန်းထဲမှာ ရှိတာ သူလား" ဟယ်ရီက အံ့ဩစွာမေးတယ်။

"ငါ ဘယ်သွားသွား၊ သူ ငါနဲ့အတူရှိတယ်" ခွေရှို ငြိမ်သက်စွာ ပြောတယ်။ "ငါကမ္ဘာပတ်တုန်းက သူနဲ့တွေ့တာ။ ထိုစဉ်က ငါဟာ ရူးကြောင်ကြောင် ကောင်မလေးတစ်ယောက်ပဲ ဖြစ်တယ်။ အကောင်းအဆိုး အမှားအမှန်နဲ့ ပတ်သက်ပြီး အဓိပ္ပာယ်မရှိတဲ့ တွေးတောမှုရှိတယ်။ ဗိုလဒီမွန့်က ငါ့အမှားကို ထောက်ပြတယ်။ ကမ္ဘာပေါ်မှာ အကောင်းအဆိုး အမှားအမှန်ဆိုတာ မရှိဘူး။ အာဏာပဲ ရှိတယ်။ အာဏာကို မရယူနိုင်တဲ့ အသုံးမကျတဲ့ သူတွေပဲရှိတယ်။ အဲဒီ နောက်ပိုင်းမှာ၊ ငါက သူ့ကို သစ္စာရှိရှိ အလုပ်အကျွေး ပြုတယ်။ ဒါပေမယ့်၊ ငါလဲ သူစိတ်ပျက်အောင် လုပ်ခဲ့တာတွေ ရှိတယ်။ သူက ငါ့ကို အလွန်တင်းကြပ်တယ်" ခွေရှိုဟာ ရုတ်တရက် တုန်ခါသွားတယ်။ "သူက ငါ့အမှားကို ဘယ်တော့မှ လွယ်လွယ်ခွင့်မလွှတ်ဖူး။ ငါမှော်ကျောက်တုံးကို ဂရင်းဂေါ့စ်ကနေ ခိုးမထုတ်နိုင်တဲ့အတွက် သူအလွန်မကျေနပ်ဖူး။ သူ ငါ့ကို ဒဏ်ခတ်တယ်. . . . ဒီနောက်ပိုင်းမှာ ငါ့ကို ပိုပြီး နီးနီးကပ်ကပ် ကြီးကြပ်ဖို့ ဆုံးဖြတ်ခဲ့တယ်. . . . . ."



ခွေရှိုရဲ့ အသံဟာ တဖြည်းဖြည်း နိမ့်ဆင်းသွားတာ မကြားရတော့ဘူး။ ဟယ်ရီဟာ သူဟိုတုန်းက ဒေါင့်ဖြတ်လမ်းကို သွားတဲ့အကြောင်း သတိရလာတယ် — ထိုစဉ်က သူ ဘာဖြစ်လို့ မတွေးမိတာလဲ။ ဟိုနေ့က သူခွေရှိုကို တွေ့ရဲ့သားနဲ့။ သူနဲ့ ခွက်စုတ်ဘားထဲမှာ လက်ဆွဲနှုတ်ဆက်ခဲ့သေးတာပဲ။

ခွေရှိုက အသံနှိမ့်ပြီး ကျိန်ဆဲနေတယ်။

"ငါ နားမလည်ဘူး. . . . မှော်ကျောက်တုံးကို မှန်ထဲမှာ ဝှက်ထားတာလား။ ငါမှန်ကို ခွဲပစ်ရမှာလား"

ဟယ်ရီ ခေါင်းထဲမှာ အလျှင်အမြန် အကြံထုတ်နေတယ်။

ဒီအချိန် ဒီကာလမှာ ငါ့အကြီးမားဆုံး မျှော်လင့်ချက်ကတော့၊ ခွေရှို အလျင် မှော်ကျောက်တုံးကို ရှာတွေ့ဖို့ပဲလို့ သူတွေးတယ်။ ဒါကြောင့် ငါမှော်မှန်ကို ကြည့်ရရင် ငါမှော်ကျောက်တုံးကို တွေ့ရှိတာ မြင်ရမှာ — ဒါမှ ကျောက်တုံး ဘယ်မှာဝှက်ထားတယ်ဆိုတာ ငါမြင်နိုင်တယ်။ ဒါပေမယ့်၊ ခွေရှို မသိဘဲ မှော်မှန်ကို ဘယ်လို သွားကြည့်နိုင်မလဲ။

သူက ဝဲဘက်ကို တိတ်တိတ်ရွေ့လျား ကြည့်တယ်။ ခွေရှို သတိမထားမိခင်မှာ မှန်ရှေ့ရွေ့သွားချင်တယ်။ ဒါပေမယ့် သူ့ခြေမျက်စိကို တုပ်နှောင်ထားတဲ့ ကြိုးတ သိပ်ကိုတင်းလို့ သူခလုတ်တိုက်ပြီး လဲကျသွားတယ်။ ခွေရှိုက သူ့ကို အရေးမလုပ်ဖူး။ ကိုယ့်ဖာသာ တတွတ်တွတ် ပြောနေတယ်။

"ဒီမှန် ဘာဖြစ်တာလဲ။ ၎င်းမှာ ဘာအစွမ်းရှိလဲ။ ကျွန်တော့်ကို ကူညီပါဦး၊ သခင်"

ဟယ်ရီဟာ ကြောက်လန့်အံ့ဩစွာနဲ့ အသံတစ်ခု ပြန်ပြောတာ ကြားရတယ်။ အဲဒီအသံဟာ ခွေရှို့ကိုယ်ထဲက ထွက်လာသလိုပဲ။

"ဟိုကောင်လေးကို အသုံးချ. . . . ဟိုကောင်လေးကို အသုံးချ. . . ."

ခွေရှိုက ဟယ်ရီဘက် လှည့်လိုက်တယ်။

"ကောင်းပြီ — ပေါ်တာ — ဒီဘက်ကိုလာ"

သူဟာ လက်ခုပ် တီးလိုက်ပြန်တယ်။ ဟယ်ရီကို တုပ်နှောင်ထားတဲ့ ကြိုးတွေ အလိုအလျောက် လျော့ပြေသွားတယ်။ ဟယ်ရီက ဖြည်းဖြည်းမတ် တတ်ရပ်လိုက်တယ်။

"ဒီဘက်ကိုလာ" ခွေရှိုက ထပ်ပြောတယ်။ "မှန်ကြည့်ကြည့်စမ်း။ မင်းမြင်တာ ပြောပြ"

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက သူရှိရာသို့ သွားတယ်။

ငါ သူ့ကို လိမ်ပြောမှ ဖြစ်မယ်။ သူက ဘာပဲ ဖြစ်ဖြစ်ဆိုတဲ့ စိတ်နဲ့ တွေးတယ်။ ငါမှန်ကို အရင်ကြည့်ရမယ်။ ဒီနောက် လုပ်ကြံလိမ်ပြောမယ်၊ ဒီတိုင်းလုပ်မယ်။

ခွေရိုက သူ့နောက်နားတိုးလာတယ်။ ထူးဆန်းတဲ့ အနံ့ကြီးကို ဟယ်ရီ ရှူရှိုက်မိတယ်။ ခွေရို့ ခေါင်းပေါ်က ခေါင်းပေါင်းထဲက ထွက်လာသလိုပဲ။ သူမျက်စိမှိတ်ပြီး မှော်မှန်ရှေ့ရပ်တယ်။ ဒီနောက် မျက်စိဖွင့်လိုက်တယ်။

မှန်ထဲမှာ မိမိကိုယ်မိမိ မြင်တွေ့တယ်။ စစချင်း ဖြူဖပ်ဖြူယော်နဲ့။ စိတ်မတည်မငြိမ်ဖြစ်နေတယ်။ ခနကြာတော့ ပြုံးရိပ်ပေါ်လာတယ်။ မှန်ထဲက ဟယ်ရီဟာ လက်ကို အိတ်ကပ်ထဲ နှိုက်တယ်။ နီရဲတဲ့ ကျောက်တုံးတစ်တုံး ဆွဲထုတ်တယ်။ ဒီနောက် မျက်တောင်ခတ်တယ်။ တစ်ခါ ကျောက်တုံးကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်တယ် — အဲဒီအချိန်မှာပဲ လေးပင်တဲ့အရာတစ်ခု သူ့အိတ်ကပ်ထဲကို တကယ်ကျလာတယ်လို့ သူခံစားရတယ်။ မတွေးဝံ့စရာပဲ။ သူဟာ ဒီနည်းနဲ့ မှော်ကျောက်တုံးကို ရလိုက်တယ်။

"ဘယ်လိုလဲ" ခွေရိုက စိတ်မရှည်ဘဲ မေးတယ်။ "မင်း ဘာမြင်သလဲ"

ဟယ်ရီက သတ္တိမွေးလိုက်တယ်။

"ကျွန်တော် ကိုယ်တိုင် ဒမ်ဘလီဒိုးနဲ့ လက်ဆွဲနှုတ်ဆက်နေတာ တွေ့တယ်" သူက လုပ်ကြံပြောတယ်။ "ကျွန်တော် - ကျွန်တော် ဂရစ်ဖင်းဒေါ အတွက် ကျောင်းဗိုင်းပထမဆုကြီး ရအောင်လုပ်ပေးနိုင်တယ်"

ခွေရိုက စတင်ဆူဆဲလာတယ်။

"မင်း ဖယ်စမ်း" သူက ပြောတယ်။ ဟယ်ရီက တစ်ဘက်သို့ ဆုတ်လိုက်တယ်။ မှော်ကျောက်တုံး သူ့ပေါင်နဲ့ထိနေတာ ခံစားရတယ်။ သူ အခု ချက်ချင်း ကျောက်တုံးကိုယူပြီး ထွက်ပြေးဝံ့မလား။

သူခြေလှမ်း ငါးလှမ်းတောင် မလျှောက်ရသေးဘူး။ စူးရှတဲ့ အသံတစ်ခု စကားပြောတာကြားရတယ်။ ခွေရို့ပါးစပ်ကတော့ နည်းနည်းမှ မလှုပ်ဘူး။

"သူလိမ်ပြောနေတယ်. . . . . သူလိမ်ပြောနေတယ်. . . . ."

"ပေါ်တာ၊ ဒီကို ပြန်လာခဲ့" ခွေရိုက အော်တယ်။ "အမှန်အတိုင်း ပြောပြစမ်း။ မင်း ခုနက ဘာမြင်သလဲ"

အဲဒီ စူးရှတဲ့ အသံက ပြောပြန်တယ်။



"ကျုပ် သူနဲ့ ပြောမယ်. . . . . မျက်နှာချင်းဆိုင် ပြောမယ်. . . . ."

"သခင်၊ သခင့် ခွန်အား ပြန်မရသေးဘူးလေ"

"ဒီခွန်အားလောက်တော့. . . . . ကျုပ်မှာ ရှိပါသေးတယ်. . . . ."

ဟယ်ရီဟာ မိမိဘီလူးဖမ်းခံထားရတယ်လို့ ထင်တယ်။ တစ်ကိုယ်လုံး လှုပ်လို့မရတော့ဘူး။ သူဟာ နေရာမှာ ငိုင်ရပ်နေတယ်။ ခွေရို လက်မြှောက်ပြီး ခေါင်းပေါ်က ခေါင်းပေါင်းကို ဖြေချတာ ကြည့်နေတယ်။ ဒါ ဘယ်လိုဖြစ်တာလဲ။ ခေါင်းပေါင်းစကြီးကျလာတော့ ခွေရိုရဲ့ ပေါ်လွင်လာတဲ့ ခေါင်းဟာ အလွန်သေးတယ်လို့ ထင်ရတယ်။ ဒီနောက် သူဟာ နေရာတွင် ဖြည်းဖြည်း လှည့်လိုက်တယ်။

ဟယ်ရီ အသံကုန် အော်လိုက်ချင်တယ်။ ဒါပေမယ့် အသံမထွက်ဖူး။ မူလက ခွေရိုရဲ့ နောက်စိနေရာမှာ မျက်နှာတစ်ခုရှိနေကယ်။ ဒီလို ကြမ်းတမ်း ကြောက်စရာ ကောင်းတဲ့ မျက်နှာမျိုး ဟယ်ရီမတွေ့ခဲ့ရဖူးဘူး။ အဲဒီ မျက်နှာရဲ့ အရောင်ဟာ မြေဖြူခဲလို အသေဖြူနေတယ်။ နီရဲနေတဲ့ မျက်စိက အရောင် ထွက်နေတယ်။ အောက်မှာက မြွေလို သေးသေးရှည်ရှည် နှာခေါင်းပေါက် နှစ်ပေါက်။

"ဟယ်ရီ - ပေါ်တာ. . . . ." သူက နားနားကပ်ပြောသလို ပြောတယ်။

ဟယ်ရီ နောက်ဆုတ်ချင်တယ်။ ဒါပေမယ့် သူ့ခြေနှစ်ချောင်းက နား မထောင်ဘူး။

"ငါ ဘယ်လို ဖြစ်နေတယ်ဆိုတာ မင်းကြည့်စမ်း" အဲဒီ မျက်နှာက ပြောတယ်။ "အရိပ်နဲ့ အငွေ့ပဲ ကျန်တယ်. . . . . ကျုပ် သူများနဲ့ ကိုယ်ခန္ဓာ တစ်ခု အတူအသုံးပြုမှ ကိုယ်ရှိနိုင်တော့တယ်. . . . ဒါပေမယ့်၊ ကျုပ်ကို သူတို့ စိတ်နှလုံးနဲ့ ကိုယ်ထဲဝင်စေချင်တဲ့ လူတွေရှိပါတယ်. . . . လွန်ခဲ့တဲ့ ရက်သတ္တပတ်အချို့မှာ ဂျိုတစ်ဂျိုတိရဲ့သွေးကြောင့် ကျုပ်ခွန်အား နည်းနည်းပြန်ရတယ်. . . . ဟိုနေ့က မင်း သစ်တောထဲမှာ ခွေရို ကျုပ် အတွက် သွေးသောက်တာ မင်းမြင်တယ် မှတ်လား. . . ကျုပ်မသေခဲ့ရင် ကျုပ်ကိုယ်ခန္ဓာ တစ်ခု ပြန်ရမယ်. . . . ကောင်းပြီ. . . . မင်း ဘာဖြစ်လို့ မင်းအိတ်ထဲက မှော်ကျောက်တုံးကို ကျုပ်မပေးတာလဲ"

သူသိတာကိုး။ ဟယ်ရီ့ခြေထောက်ဟာ အသိပြန်ရလာတယ်။

www.burmeseclassic.com



သူဂယိမ်းဂယိုင် နောက်သို့ ဆုတ်လိုက်တယ်။

"အတွေးမခေါင်စမ်းပါနဲ့" အဲဒီ မျက်နှာက ဒေါသနဲ့ ပြောတယ်။ "မင်းအသက်ကလေး မပျောက်အောင် ကျုပ်ကိုအားကိုး. . . . နို့မို့ရင် မင်းလဲ မင်းမိဘလိုပဲ နိဂုံးချုပ်ရမယ်. . . . . သူတို့ မသေခင်မှာ ကျုပ်ကို ချမ်းသာပေးဖို့ တအားတောင်းပန်ကြတယ်. . . . ."

"လိမ်ပြောတာ" ဟယ်ရီက ထအော်တယ်။

ခွေရှိုက နောက်ဆုတ်လျှောက်ရင်း သူ့ဆီတိုးလာတယ်၊ ဒါကြောင့် ဗိုလဒီမွှန့်က သူ့ကို ပြုံးကြည့်နေနိုင်တုန်းပဲ။ အခု အဲဒီဆိုးဝါးတဲ့ မျက်နှာပေါ်မှာ ရက်စက်တဲ့ အပြုံးပေါ်လာတယ်။

"စိတ်လှုပ်ရှားစရာပဲ. . ." သူက ကွဲအက်တဲ့ အသံနဲ့ ပြောတယ်။ "ကျုပ်က သတ္တိကို တလျှောက်လုံး ချီးကျူးတယ်. . . . ဟုတ်တယ်၊ ခလေး။ မင်းမိဘဟာ သတ္တိရှိတယ်. . . . . ကျုပ်က မင်းအဖေကို အရင် သတ်တယ်။ သူက သေတဲ့ထိ အညံ့မခံဘူး။ ကျုပ်ကို ရဲရင့်စွာ ပြန်တိုက်တယ်. . . မင်း အမေဟာ တကယ်တော့ သေစရာမလိုဘူး. . . . သူက အသေခံပြီး မင်းကို ကာကွယ်တယ်. . . . ကောင်းပြီ၊ မှော်ကျောက်တုံးကို ကျုပ်ပေး။ မင်းအမေ အလကား မင်းအတွက် သေတာ ဖြစ်မသွားစေနဲ့"

"ရမယ် မထင်နဲ့"

ဟယ်ရီက အနက်ရောင် မီးတောက်လောင်နေတဲ့ တံခါးဆီပြေးသွားတယ်။ ဗိုလဒီမွှန့်က တစ်အားအော်တယ်။ "သူ့ကို ဖမ်းထား" ဒီနောက် ဟယ်ရီဟာ ခွေရှိုက သူ့လက်မောင်းကို တစ်အားဆွဲထားတယ်လို့ ခံစားရတယ်။ ချက်ချင်းပဲ ဟယ်ရီ့နဖူးပေါ်က အမာရွတ်ဟာ အသဲခိုက်အောင် နာလာတယ်။ သူ့ခေါင်းနှစ်ခြမ်း ကွဲတော့မလို နာကျင်မှုကို သူခံစားရတယ်။ သူတစ်အား အော်တယ်။ အတင်းရုန်းကန်တယ်။ ဒီနောက် ခွေရှိုလက်လွှတ်လိုက်တာကို သူအံ့သြစွာ တွေ့ရှိရတယ်။ သူ့နဖူးပေါ်က နာကျင်မှုလဲ လျော့သွားတယ်။ ဟယ်ရီက ပတ်ဝန်းကျင်ကို ကြည့်တယ်။ ခွေရှိုကို ရှာတယ်။ ခွေရှိုဟာ နာကျင်စွာ ကိုယ်ကို ကိုင်းပြီး မိမိလက်ချောင်းကို ကြည့်နေတာ တွေ့ရတယ် — သူဟာ လက်ချောင်းတွေ တစ်ခုပြီး တစ်ခု ရေဖုတွေ တက်လာတာ ကြည့်နေတယ်။

"သူ့ကို ဖမ်းထား၊ သူ့ကို ဖမ်းထား" ဗိုလဒီမွှန့်က စူးရှစွာ အော်ပြန်



တယ်၊ ခွေရှိုက ရှေ့သို့ ခုန်အုပ်ပြီး ဟယ်ရီကို မြေကြီးပေါ် လှဲချတယ်။ သူ့ကိုယ်ပေါ် တက်ခွစီးတယ်။ ဟယ်ရီရဲ့ လည်ပင်းကို လက်နှစ်ဖက်နဲ့ ညှစ်ထားတယ် — ဟယ်ရီရဲ့ အနာရွတ်ဟာ တစ်အားနာကျင်လာတယ်။ သူ့မျက်စိတွေ မည်းပြာသွားတယ်။ ဒါပေမယ့် ခွေရှို နာကျင်စွာ အော်ဟစ်နေတာ မြင်ရသေးတယ်။

"သခင်၊ ကျွန်တော် သူ့ကို ဖမ်းလို့မရဘူး — ကျွန်တော့်လက် — ကျွန်တော့်လက်"

ခွေရှိုက ဟယ်ရီကို ဒူးနဲ့ မြေပေါ်ဖိထားပေမဲ့ သူ့လက်ကတော့ ဟယ်ရီ့လည်ပင်းကို လွှတ်လိုက်ပြီ။ အခု သူဟာ သူ့လက်ဝါးကို အံ့သြစွာ ကြည့်နေတယ် — ၎င်းတို့ဟာ မီးလောင်ခံရသလို ဖြစ်နေပြီး နီရဲနေတာ ဟယ်ရီမြင်ရတယ်။

"ဒါဆို သူ့ကို သတ်ပစ်လိုက်၊ ငတုံး၊ မြန်မြန်လုပ်" ဗိုလဒီမွှန့်က နားစူးအောင် အော်ပြောတယ်။

ခွေရှိုက လက်ကို မြှောက်တယ်၊ သေစေတဲ့ ကျိန်စာရွတ်ဖို့ လုပ်တယ်၊ ဒါပေမယ့် ဟယ်ရီက တတ်နိုင်သလောက် ခွေရှိုရဲ့ မျက်နှာကို တစ်အား ဆွဲကုတ်တယ် —

"အား၊ အား၊ အား —"

ခွေရှို ဟယ်ရီ့ ကိုယ်ပေါ်က လိမ့်ကျသွားတယ်၊ သူ့မျက်နှာပေါ်မှာ ရေဖုတွေ ထလာတယ်။ ဒီအချိန်မှာ ဟယ်ရီ နားလည်သွားတယ်။ ခွေရှိုရဲ့ ပေါ်နေတဲ့ အသားကို ထိတာနဲ့ သူဟာ အလွန်နာကျင်သွားတယ် — ဟယ်ရီ လွတ်ရာပြေးတော့မယ်၊ မျှော်လင့်ချက် တစ်ခုတည်းရှိတယ်။ အဲဒါကတော့ ခွေရှိုကို အသေဖမ်းကိုင်ထားဖို့ပဲ။ ခွေရှို နာလို့ မိမိကို ကျိန်စာမရွတ်နိုင်အောင် လုပ်ဖို့ပဲ။

ဟယ်ရီ ခုန်ထတယ်။ ခွေရှိုရဲ့ လက်မောင်းကို ဖမ်းကိုင်လိုက်တယ်။ ဘယ်လိုမှ လက်မလွှတ်ဖူး။ ခွေရှိုက နာကျင်လို့ အော်တယ်။ ဟယ်ရီကို ခါယမ်းပစ်ချင်တယ် — ဟယ်ရီ့ခေါင်းလဲ ပိုပိုကိုက်လာတယ် — သူ့မျက်စိမှာ မည်းမှောင်နေတယ် — ခွေရှိုရဲ့ ကြောက်စရာ အော်သံနဲ့ ဗိုလဒီမွှန့်ရဲ့ စိတ်ဆိုးဆိုး ဟောက်သံကိုပဲ ကြားရတယ်၊ "သူ့ကို သတ်ပစ်။ သူ့ကို သတ်ပစ်" ဒီပြင် တခြားအသံတချို့က အော်နေတယ်။ "ဟယ်ရီ၊ ဟယ်ရီ" ဒါလဲ သူ့ခေါင်း

www.burmeseclassic.com



ထဲက ထင်ယောင်ထင်မှား ဖြစ်တာလဲ ဖြစ်နိုင်တယ်။

ခွေးရှိရဲ့လက်မောင်း ရုန်းထွက်သွားတယ်လို့ ခံစားရတယ်။ အားလုံး ဆုံးရှုံးသွားပြီလို့ သူသိတယ်။ ဒီနောက် သူအမှောင်ထဲ ကျရောက်သွားတယ်။ အောက်သို့ ပြုတ်ကျသွားတယ်. . . . ကျသွားတယ်. . . . ကျသွားတယ်. . . .

ရွှေရောင် ပစ္စည်းတစ်ခု သူ့ခေါင်းပေါ်မှာ ဝဲနေတယ်။ ရွှေဘောလုံး ပျံလေးပဲ။ သူက ၎င်းကို ဖမ်းထားချင်တယ်။ ဒါပေမယ့် လက်မောင်းက လေးပင်လွန်းလို့ မ,မရဘူး။

သူမျက်တောင်ခတ်လိုက်တယ်။ အဲဒါရွှေဘောလုံးပျံလေးမှ မဟုတ်တာ။ မျက်မှန်ဖြစ်နေတယ်။ ထူးဆန်းလိုက်တာ။

သူဟာ နောက်ထပ် မျက်တောင် တအားခတ်တယ်။ သူ့ရှေ့မှာ အောဘတ်စ် - ဒမ်ဘယ်လီဒိုးရဲ့ ပြုံးနေတဲ့ မျက်နှာပေါ်လာတယ်။

"မင်္ဂလာညနေခင်းပါ၊ ဟယ်ရီ" ဒမ်ဘယ်လီဒိုးက ပြောတယ်။

အစမှာတော့ ဟယ်ရီက ငိုင်ပြီး သူ့ကို ကြည့်နေတယ်။ ဒီနောက် ရုတ် တရက် သတိရလာတယ်။ "မစ္စတာ၊ မှော်ကျောက်တုံး။ ခွေးရှိလေ၊ သူမှော် ကျောက်တုံးရသွားပြီ။ မစ္စတာ၊ မြန်မြန် — "

"စိတ်မလှုပ်ရှားနဲ့။ ချစ်လှစွာသော ခလေး။ မင်းပြောတဲ့ စကားတွေ ခေတ်မမီတော့ဘူး" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ခွေးရှိ မှော်ကျောက်တုံး ရမသွားဘူး"

"ဒါဖြင့်ရင် ဘယ်သူရလဲ။ မစ္စတာ၊ ကျွန်တော် — "

"ဟယ်ရီ။ နည်းနည်းတည်ငြိမ်ပါ။ နို့မို့ရင် မဒမ်ဖွန်ဖရေက ကျုပ်ကို မောင်းထုတ်မှာ"

ဟယ်ရီ တံတွေး မျိုချတယ်။ အရပ်လေးမျက်နှာကို ကြည့်တယ်။ သူဆေးရုံရောက်နေတာ သိသွားတယ်။ သူဟာ ဖြူဖွေးနေတဲ့ လျှော်ထည်ခုတင် ခင်း ခင်းထားတဲ့ လူနာခုတင်ပေါ်မှာ လှဲနေတယ်။ ဘေးရှိ စားပွဲပေါ်မှာ တောင် ကလေးလို ပုံနေတာ သကြားလုံးတွေ။ သကြားလုံးဆိုင်က တစ်ဝက်လောက် ဒီကို သယ်လာသလိုပဲ။

"မင်း သူငယ်ချင်းတွေနဲ့ မင်းကို ကြည်ညိုသူတွေ ပေးတဲ့ လက်ဆောင်" ဒမ်ဘယ်လီဒိုးက ရယ်ကျဲကျဲနဲ့ ပြောတယ်။ "မင်းနဲ့ ပါမောက္ခခွေးရှိ မြေအောက်



ထောင်ထဲမှာ ဖြစ်ပွားခဲ့တာတွေဟာ လုံးဝလျှို့ဝှက်ချက်ပဲ။ လျှို့ဝှက်ချက်ဆိုတာ လဲ ပေါက်ကြားတာပဲ။ ဒါကြောင့် ကျောင်းရှိ ဆရာ ကျောင်းသားအားလုံး သိကုန်ပြီ။ ကျုပ်သိသလောက်က မင်း သူငယ်ချင်း ဖရက်နဲ့ ဂျော့-ဝယ်စလီ တို့က မင်းကို အိမ်သာထိုင်ခုံကွင်းတစ်ခု လက်ဆောင်ပေးတာ။ သူတို့က မင်းကို ပျော်အောင်လုပ်ချင်တာ။ ဒါပေမယ့် မဒမ်ဖွန်ဖရေက မသန့်ရှင်းဘူး ဆိုပြီး သိမ်းသွားတယ်"

"ကျွန်တော် ဒီမှာ ဘယ်လောက် ကြာပြီလဲ"

"သုံးရက်။ မစ္စတာ ရွန်-ဝယ်စလီနဲ့ မစ် ဂရန်ဂျာတို့ မင်း နိုး လာတာသိရင် စိတ်သက်သာရာ ရသွားကြမှာ။ သူတို့ သိပ်စိတ်ပူနေတာ"

"ဒါပေမယ့် မစ္စတာ၊ မှော်ကျောက်တုံး — "

"ကြည့်ရတာ မင်းစိတ် တခြားရောက်အောင် လုပ်လို့ မရတော့ဘူးထင် တယ်။ ကောင်းပြီ၊ ဒို့ မှော်ကျောက်တုံးအကြောင်း ပြောမယ်။ ပါမောက္ခ ခွေးရှိက ၎င်းကို မင်းလက်ထဲက လုလို့မရသွားဘူး၊ ကျုပ်အချိန်မီ ရောက်သွား ပြီး သူ့ကို တားဆီးလိုက်တယ်။ ဒါပေမယ့် တစ်ခုတော့ ပြောရမယ်။ မင်းဟာ စင်စစ်မှာ တစ်ယောက်ထဲနဲ့ ဖြေရှင်းလို့ ရပါတယ်"

"ခင်ဗျား ဟိုကိုလိုက်လာတယ် ဟုတ်လား။ "ဟာမီး ဇီးကွက်လွှတ် ပြီး ပေးတဲ့စာ ရတယ် ဟုတ်လား"

"ကျုပ်နဲ့ ဇီးကွက် မိုးပေါ်မှာ လွဲသွားကြတယ်နဲ့ တူတယ်။ ကျုပ်လန် ဒန်ရောက်တာနဲ့ ခုနက ထွက်ခွာလာတဲ့ နေရာကို ပြန်သင့်တယ်လို့ တွေ့ရှိ တယ်။ ကျုပ်ရောက်တာ အတော်ပဲ။ ခွေးရှိကို မင်းကိုယ်ပေါ်က ဆွဲပစ်လိုက် တယ် — "

"အဲဒါ သင်ကို"

"ကျုပ်က သိပ်နောက်ကျနေပြီလို့ စိုးရိမ်သေးတယ်"

"နည်းနည်းပဲ လိုတော့တာ။ ကျွန်တော် နောက်ထပ်ကြာကြာ တောင့် မခံနိုင်တော့ဘူး။ မှော်ကျောက်တုံးလဲ သူအလုခံရတော့မှာ — "

"မှော်ကျောက်တုံး မဟုတ်ဘူး။ ခလေး၊ ကျုပ်ပြောတာ မင်းကို — မင်းဟာ မှော်ကျောက်တုံးကို ကာကွယ်ဖို့အအတွက် အသက်တောင် ပါတော့မလို့။ အဲဒီ ကြောက်စရာ အချိန်လေးမှာ ကျုပ်သိပ်ကို လန့်သွား တယ်။ မင်း တကယ်သေပြီ ထင်တာ၊ မှော်ကျောက်တုံးကတော့ ဖျက်ဆီးပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီ"

"ဖျက်ဆီးပစ်ပြီ ?" ဟယ်ရီက နားမလည်ဘဲ မေးတယ်။ "ဒါပေမယ့် သင့်မိတ်ဆွေ — နီခို - ရမေ — "

"အော၊ မင်းက နီခိုကို သိတယ်နော်" ဒမ်ဘာလီဒိုးက မေးတယ်၊ သူ့အသံက သိပ်ပျော်တဲ့အသံ။ "မင်းက ဒီကိစ္စကို ရှင်းရှင်းကြီး သိနေတာကိုး နော်။ ဒီလိုလေ၊ နီခိုက ကျုပ်နဲ့ နည်းနည်းဆွေးနွေးလိုက်တယ်။ ဒါအကောင်း ဆုံး နည်းလမ်းပဲလို့ ကျုပ်တို့ နားလည်ကြတယ်"

"ဒါပေမယ့် ဒီလိုဆိုတော့ သူနဲ့ သူ့ဇနီး သေရတော့မှာပေါ့။ ဟုတ် လား"

"သူတို့မှာ မသေဆေး တစ်ချို့ ယူထားတယ်။ လုပ်စရာ ကိုင်စရာ တွေ လုပ်ပြီးတဲ့ထိ နေနိုင်ပါတယ်။ ဒီနောက်တော့၊ ဟုတ်တယ်လေ။ သူတို့ သေသွားမှာ"

ဟယ်ရီ့ မျက်နှာပေါ်မှာ အံ့ဩတဲ့ အမူအရာကို မြင်တော့ ဒမ်ဘာလီဒိုး က ပြုံးလာတယ်။

"ကျုပ်သိပါတယ်။ မင်းလို အသက်ငယ်ရွယ်တဲ့ သူအဖို့ ဒါဟာ မတွေး တတ်စရာပဲပေါ့။ ဒါပေမယ့် နီခိုနဲ့ ဖေးလေနာအဖို့ ပြောရရင်၊ သေခြင်းဟာ ရှည်လျားတဲ့ နေ့တစ်နေ့ကို ဖြတ်သန်းပြီး၊ နောက်ဆုံးမှာ ခုတင်ပေါ်တက် အနားယူရသလိုပါပဲ။ ပြီးတော့ စဉ်းစားမှု အလွန်ရှင်းလင်းတဲ့ လူအဖို့ဆိုရင်လဲ သေခြင်းဟာ နောက်ထပ်စွန့်စားမှု တစ်ခုပါပဲ။ မင်းသိပါတယ်၊ မှော်ကျောက် တုံးဟာ စင်စစ်မှာတော့ သိပ်ကြီး ကောင်းမွန်တဲ့ အံ့ဩစရာ ပစ္စည်းတော့ မဟုတ်ပါဘူး။ ၎င်းကို ရရင် မင်းဥစ္စာနေ ဘယ်လောက်လိုချင်လိုချင်၊ အသက် ဘယ်လောက် ရှည်ချင်ရှည်ချင် လိုတိုင်းရနိုင်ပါတယ်။ အဲဒီ အရာနှစ်ခုဟာ လူသားတွေ အလိုချင်ဆုံး အရာနှစ်ခုပဲ — ပြဿနာက လူသားတွေဟာ သူတို့အတွက် ကောင်းကျိုးမရှိတဲ့ အရာတွေကိုပဲ လိုချင်နေကြတယ်"

ဟယ်ရီဟာ လှဲနေရင်းက ဘာပြောရမှန်းမသိ ဖြစ်နေတယ်။ ဒမ် ဘာလီဒိုးဟာ ပျော်ရွှင်စွာနဲ့ သီချင်းလေးညည်းနေတယ်။ ပြုံးရယ်စွာနဲ့ မျက်နှာ ကြက်ကို ကြည့်နေတယ်။

"မစ္စတာ" ဟယ်ရီက ပြောတယ်။ "ကျွန်တော်တွေးနေတယ်. . . . . . မစ္စတာ — မှော်ကျောက်တုံးမရှိတော့ပေမဲ့ ဗိုလ်ဒီ. . . . ကျွန်တော်ပြောချင်



တာ လွှမ်းဒ့်လူ — "

"သူ့ကို ဗိုလ်ဒီမွန့်လို့ပဲ ခေါ်ပါ ဟယ်ရီ။ အရာဝတ္ထုအားလုံးကို မှန်ကန်တဲ့ အခေါ်အဝေါ်နဲ့ပဲ အမြဲခေါ်ပါ။ နာမည်တစ်ခုကို ကြောက်လန့် တာဟာ ဒီအရာကို ကြောက်လန့်တာ ပိုလာစေတယ်"

"ဟုတ်ကဲ့၊ မစ္စတာ၊ ဒီလိုပါ။ ဗိုလ်ဒီမွန့်ဟာ တခြားနည်းနဲ့ ပြန်ထူ ထောင်လာအောင် လုပ်ဦးမှာပဲ။ ဟုတ်လား။ ကျွန်တော် ပြောချင်တာက သူပျောက် ဆုံးမသွားသေးဘူး။ ဟုတ်လား"

"မှန်တယ်၊ ဟယ်ရီ။ သူပျောက်ဆုံးမသွားသေးဘူး။ သူတစ်နေ နေရာမှာ ပုန်းအောင်းနေသေးတယ်။ သူနဲ့အတူ ခွဲဝေသုံးစွဲဖို့ ကိုယ်ခန္ဓာတစ်ခုကို ရှာနေ တာလဲ ဖြစ်မယ်. . . . . သူဟာ တကယ် အသက်ရှင်နေတယ်လို့ ပြောလို့ မရဘူး။ ဒါကြောင့် သူ့ကို သေအောင်လဲ သတ်လို့မရဘူး။ သူဟာ သူ့ဖာသာ ထွက်ပြေးဖို့ပဲ ကြိုးစားတာ၊ ခွေရှိသေတာ၊ ရှင်တာ လုံးဝဂရုမစိုက်ဖူး။ သူဟာ သူ့ရန်သူကို အလွန်ရက်စက်တယ်။ သူ့နောက်လိုက်တွေကိုတော့ စိမ်းကားစွာ မေတ္တာမထားဘူး။ ဒါပေမယ့် ဟယ်ရီ၊ မင်းက သူ့ကို အချိန်ကြံ့ကြာအောင် လုပ်လိုက်တာပဲ ဖြစ်မယ်။ သူ့ကို ချက်ချင်း ခွန်အားပြန်မရအောင် လုပ်လိုက် တာပဲ၊ နောင်မှာ သူနဲ့ အပြတ်တိုက်ဖို့ လူတစ်ယောက်က အသင့်ပြင်ထားရ လိမ့်မယ် — ဒါပေမယ့် သူဟာ တစ်ကြိမ်ပြီးတစ်ကြိမ် ကြံ့ကြာနေရင် ခွန်အား ပြန်ရ နိုင်ချင်မှ ရနိုင်တော့မှာ"

ဟယ်ရီ ခေါင်းညိတ်ပြတယ်။ ဒါပေမယ့် ချက်ချင်းရပ်လိုက်တယ်။ အကြောင်းက ဒီလို လုပ်တာ သူခေါင်းကိုက်လာလို့။ ဒီနောက် သူက ပြော တယ်။ "မစ္စတာ၊ ကျွန်တော် နားမလည်တာတွေ ရှိသေးတယ်။ ကျွန်တော့်ကို ပြောပြနိုင်မလား မသိဘူး. . . . ကျွန်တော် အဲဒါတွေရဲ့ အဖြစ်မှန်ကို သိချင်တယ်. . . . . "

"အဖြစ်မှန်" ဒမ်ဘာလီဒိုးက သက်ပြင်းချရင်း ပြောတယ်။ "အဲဒါဟာ လှပပြီး ကြောက်စရာကောင်းတဲ့ အရာပဲ။ အထူးသတိရှိရှိနဲ့ လုပ်ရမှာ။ ဒါပေ မယ့် ကျုပ် မင်းမေးတာကို တတ်နိုင်သလောက် ဖြေပါ့မယ်။ ကျုပ်မှာ ပါးစပ် ပိတ်ထားဖို့ အကျိုးအကြောင်းခိုင်လုံစွာ ရှိလို့ မဖြေနိုင်ခဲ့ရင် ခွင့်လွှတ်စေချင် တယ်။ ကျုပ်ကလဲ မင်းကို ညာပြောပြီး နှစ်သိမ့်လို့ မဖြစ်ဘူး"

"ဒီလိုပါ. . . . ဗိုလ်ဒီမွန့်က ပြောတယ်။ ထိုစဉ်က သူ့ကိုမွေးတဲ့ အမေ

www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ရတာဟာ အမေက သူကျွန်တော့်ကို သတ်မှာကို အသေခုခံလို့လို့ ပြောတယ်။ ဒါပေမယ့် တစ်နည်းပြောရရင် သူဘာဖြစ်လို့ ကျွန်တော့်ကို သတ်ချင်ရတာလဲ"

ဒီတစ်ချီမှာတော့ ဒမ်ဘလီဒိုးက သက်ပြင်းကြီး တစ်ချက်ချလိုက်တယ်။

"အမလေး၊ မင်းမေးတဲ့ ပထမ ကိစ္စကို ကျုပ်ပြောမပြနိုင်ဘူး။ ဒီနေ့ မပြောနိုင်ဘူး။ အခု မပြောနိုင်ဘူး။ တစ်နေ့နေ့ကျရင် မင်းသိမှာပါ. . . . . ယာယီအားဖြင့် ဒီကိစ္စကို မတွေးနဲ့ ဟယ်ရီ။ မင်းနည်းနည်းကြီးလာမှ . . . . . မင်းဒီလိုပြောတာ မကြားချင်ဘူးဆိုတာ ကျုပ်သိပါတယ်. . . . မင်း အဆင်သင့် ဖြစ်လာတော့ မင်းအလိုအလျောက် သိလာမှာပါ"

ထပ်ပြောလဲ အသုံးမကျဘူးဆိုတာ ဟယ်ရီသိတယ်။

"ဒါဖြင့်ရင် ဘာဖြစ်လို့ ခွေရိုက ကျွန်တော့်ကို ထိလို့မရတာလဲ"

"မင်းအမေဟာ မင်းကို ကယ်ဖို့အတွက် သေရတာ။ ဗိုလဒီမွန့် အနေနဲ့ နားမလည်တာရှိခဲ့ရင်၊ အဲဒါ ချစ်မေတ္တာပဲ။ သူ့အနေနဲ့ မင်းအမေ မင်းအပေါ်မှာ ထားတဲ့ ပြင်းထန်ကြီးမားတဲ့ မေတ္တာဟာ မင်းကိုယ်ပေါ်မှာ မိမိအမှတ်အသား ကျန်ရစ်ခဲ့မှာပဲဆိုတာ နားမလည်တာပဲ။ အမာရွတ် မဟုတ်ဘူး၊ မြင်နိုင်တဲ့ အမှတ်အသား မဟုတ်ဘူး. . . . လူတစ်ယောက်က ဒီလိုနက်နက်ရှိုင်းရှိုင်း ချစ်ခံခဲ့ရတဲ့သူဟာ၊ သူ့ကို ချစ်တဲ့သူ သေဆုံးသွားသည့်တိုင်အောင် သူ့အတွက် ထာဝရ အစောင့်အရှောက် ကျန်ရစ်ခဲ့ပါတယ်။ အဲဒါ မင်းရဲ့ အရေပြားထဲမှာ ရှိတယ်။ ဒါကြောင့်ပဲ ခွေရို မင်းကို ထိလို့မရဘူး။ ခွေရိုရဲ့ ရင်ထဲမှာ ရှန်ငြိုးတွေနဲ့ ပြည့်နေတယ်။ လောဘ ရမ္မက်တွေနဲ့ ပြည့်နေတယ်။ သူ့ဝိညာဉ်ကို ဗိုလဒီမွန့်ဆီ ရောင်းစားခဲ့တယ်။ သူဟာ မင်းလို ကိုယ်ပေါ်မှာ လိုပကောင်းမွန်တဲ့ အမှတ်အသား ကျန်ရှိနေတဲ့ လူကို ထိတာနဲ့ နာကျင်ပြီး မခံနိုင်အောင် ဖြစ်ရတယ်"

စကားပြောရင်း ဒမ်ဘလီဒိုးဟာ ပြတင်းပေါက် အပြင်က ငှက်ကလေးကို စိတ်ဝင်စားယောင်ဆောင် နေတယ်။ ဒီအချိန်မှပဲ ဟယ်ရီက ခုတင်ခင်းဆွဲပြီး မျက်ရည်သုတ်ပစ်လိုက်တယ်။ သူ့အသံ ပုံမှန် ပြန်ဖြစ်လာတဲ့အခါမှာ ဟယ်ရီက ပြောတယ်။ "ဟို ကိုယ်ဖျောက်အင်္ကျီရှိသေးတယ် — ကျွန်တော့်ကို ဘယ်သူပေးတာလဲ သိလား"

"အော - မင်းအဖေက အဲဒါကို အတော်ပဲ ကျုပ်ကို ပေးထားခဲ့တယ်။



ကျုပ်ကလဲ ဒါကို မင်းနှစ်သက်လိမ့်မယ်လို့ ထင်လို့" ဒမ်ဘလီဒိုးရဲ့ မျက်စိထဲမှာ ကောက်ကျစ်တဲ့ ပြုံးရောင်ပေါ်နေတယ်။ "သိပ်အသုံးကျတဲ့ ပစ္စည်း. . . . . ထိုနှစ်များက မင်းအဖေ ဒီကျောင်းမှာ နေတုန်းက အဲဒါကို အသုံးပြုပြီး မီးဖိုချောင်ထဲက ပစ္စည်းခိုးစားတာ"

"နောက်ထပ် ကိစ္စတစ်ခု ရှိသေးတယ်. . . . . ."

"မေးသာမေးပါ"

"ခွေရိုက ပြောတယ်၊ စနိတ်ပ်က — "

"ပါမောက္ခ စနိတ်ပ်လို့ခေါ်၊ ဟယ်ရီ"

"ဟုတ်ကဲ့၊ သူက — ခွေရိုက ပြောတယ်။ ပါမောက္ခ စနိတ်ပ် ကျွန်တော့်ကို မုန်းတဲ့အကြောင်းက ထိုစဉ်တုန်းက ကျွန်တော့်အဖေကို မုန်းလို့တဲ့။ ဒါ အမှန်ပဲလား"

"ဟုတ်တယ်၊ သူတို့ဟာ အပြန်အလှန် ကြည့်လို့ မရကြဘူး။ မင်းနဲ့ မစ္စတာ မာဖိုင်လိုပဲ။ နောက်တော့ မင်းအဖေက စနိတ်ပ် ဘယ်တော့မှ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စတစ်ခု ပြုလုပ်လိုက်တယ်"

"ဘာ ကိစ္စလဲ"

"သူက စနိတ်ပ် အသက်ကို ကယ်လိုက်တယ်"

"ဘာ"

"ဟုတ်တယ်. . . . . ." ဒမ်ဘလီဒိုးက ဟာသ ဆန်ဆန်ပြောတယ်။ "လူတွေရဲ့ အတွေးဟာ အလွန့်ကို ထူးဆန်းအံ့ဩဖွယ် ကောင်းတယ်၊ ဟုတ်လား။ ပါမောက္ခ စနိတ်ပ်ဟာ မင်းအဖေကို ကျေးဇူးတင်စရာ ရှိနေတာကို မခံစားနိုင်ဘူး. . . . ကျုပ်ယုံကြည်တယ်။ သူဒီနှစ်အတွင်း မင်းကို ကြံဖန်ကူညီတာဟာ ဒီလိုလုပ်ရင် မင်းအဖေနဲ့ သူ့အကြား ရှိနေတဲ့ ကျေးဇူးတွေ ဆပ်ပြီးသွားမယ်၊ ဘယ်သူကမှ ဘယ်သူ့ကို ကျေးဇူးတင်စရာမလိုတော့ဘူးလို့ သူထင်လို့ပဲ။ ပြီးရင် သူဟာ သူနဲ့ မင်းအဖေကြားက ရန်ငြိုးကို ပြန်ပြီး အစကအတိုင်း သဘောထားနိုင်မယ်. . . . ."

ဟယ်ရီက ဒီစကားကို ကြိုးစားတွေတောနေတယ်။ ဒါကြောင့် သူ့ခေါင်း တအားနာကျင်လာတယ်။ ဒါကြောင့် ဆက်မစဉ်းစားတော့ဘူး။

"ဟုတ်ပြီ၊ မစ္စတာ။ နောက်ဆုံး မေးခွန်းတစ်ခု ရှိသေးတယ်. . ."

"နောက်ဆုံး မေးခွန်းနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မှော်ကျောက်တုံးကို ဘယ်လိုလုပ်ပြီး မှော်မှန်ထဲက ယူထုတ်တာလဲ"

"အဲ၊ မင်းဒီမေးခွန်း ရောက်လာတာ ကျုပ်သိပ်ဝမ်းသာတယ်၊ ဒါကတော့ ကျုပ်ရဲ့ အကြံကောင်းတစ်ခုပေါ့၊ မင်းနဲ့ ကျုပ်ကြား မပြောဘဲ နားလည်မှုနဲ့ ဆိုင်တယ်၊ ဒါသိပ်ကို ကောင်းတာ၊ မင်းသိလား၊ မှော်ကျောက်တုံးကို ရှာတွေ့ချင်တယ် — တွေ့တော့လဲ ဂုဏ်ကို အသုံးမချ ချင်တဲ့ - လူမှသာ ၎င်းကို ရနိုင်တယ်၊ တခြားလူတွေကတော့ မှန်ထဲမှာပဲ သူတို့ကိုယ် သူတို့ ရွှေတွေချပြီး သူဌေးဖြစ်တာ၊ ဒါမှ မဟုတ်ရင် မသေဆေးသောက်လို့ အသက်ရှည်တာပဲ တွေ့ရမယ်၊ ကျုပ် ခေါင်းက သိပ်ကို ကောင်းတယ်နော်၊ တခါတလေ ကိုယ့်ဟာ ကိုယ်တောင် အံ့ဩမိတယ်. . . . ကောင်းပြီ မေးခွန်းတွေ မေးတာ များလှပြီ၊ ဒီသကြားလုံးတွေကို စတင်စားပါလို့ ကျုပ် အကြံပြုပါတယ်၊ အား၊ ဘီဘီရသာစုံပဲ၊ ကျုပ် ငယ်စဉ်က သိပ်ကို ကံမကောင်းဘူး၊ ပုပ်စော်နံတဲ့ ပဲတစ်စေ့စားမိတယ်၊ အဲဒီ အချိန်ကစပြီး ကျုပ် ပဲကို သိပ်မစား ချင်တော့ဘူး၊ ဒါပေမယ့် ကျုပ်ထင်တယ် နို့သကြားလုံး အရသာကို ရွေးစားရင်တော့ မှားမယ်မထင်ဘူး၊ ဘယ့်နှယ်လဲ"

သူက ရှယ်ရင်း ရွှေရောင်ညိုညိုပဲစေ့ကို ပါးစပ်ထဲ ပစ်ထည့်လိုက်တယ်၊ ဒီနောက် သူသီးနေတယ်၊ "ဟွီး၊ ဝူကျူပြန်ပြီ နားဖာချေးတွေ" လို့ ပြောတယ်၊

ဆေးရုံက သူနာပြုချုပ် မဒမ်ပွန်ဖရေဟာ စိတ်ကောင်းရှိတဲ့ အမျိုးသမီးဖြစ်တယ်၊ ဒါပေမယ့် သိပ်စည်းကမ်းတင်းကြပ်တယ်၊

"ငါးမိနစ်ပဲ တွေ့မှာပါ" ဟယ်ရီက တောင်းပန်တယ်၊

"မဖြစ်ကို မဖြစ်ဘူး"

"ပါမောက္ခ ဒမ်ဘယ်ဒိုးကိုတော့ ဝင်ခွင့်ပေးတာပဲ. . . ."

"ဟုတ်တယ်လေ၊ ဒါကတော့ သူက ကျောင်းအုပ်ပဲဟာ၊ ဘယ်တူမှာလဲ၊ မင်းအနားယူဖို့ လိုတယ်"

"ကျွန်တော် အနားယူနေတာပဲ၊ ကြည့်လေ၊ ခုတင်ပေါ် အိပ်နေတာပဲဟာ၊ ဘာမှ မှ မလုပ်တာ၊ အော၊ ခွင့်ပြုပါနော်၊ မဒမ်ပွန်ဖရေ. . . ."

"အော၊ ကောင်းပြီ" သူမက ပြောတယ်၊ "ဒါပေမယ့် ငါးမိနစ်ပဲ ခွင့်ပြုမယ်"



ဒါနဲ့ သူမဟာ ရွန်နဲ့ ဟာမီးကို ဝင်ခွင့် ပြုလိုက်တယ်၊

"ဟယ်ရီ"

ဟာမီးဟာ လက်ဆန့်ပြီး သူ့ကို ဖက်ဖို့ပြင်တယ်၊ ဒါပေမယ့် အချိန်မီ ရပ်လိုက်တယ်၊ ဒါကြောင့် ဟယ်ရီ သက်သာသွားတယ်၊ သူ့ခေါင်းက သိပ်ကိုနာကျင်နေတုန်းပဲ၊

"အော၊ ဟယ်ရီ၊ ငါတို့က နင် — ဒမ်ဘယ်ဒိုးက သိပ်ကိုစိတ်ပူနေတာ"

"ကျောင်းတစ်ကျောင်းလုံးက ဒီအကြောင်းပဲ ပြောနေတယ်" ရွန်က ပြောတယ်၊ "တိုစဉ်က အခြေအနေ ဘယ်လိုလဲ"

အဖြစ်မှန်က အယောက်အထားမရှိတဲ့ ပြောစကားတွေထက် ပိုပြီး ဆန်းကြယ်တယ်၊ ပိုပြီး ထိတ်လန့်တုန်လှုပ်မှုယ် ကောင်းတယ်၊ ဒီလို အဖြစ်မျိုး အလွန်ရှားပါတယ်၊ အစုဒီလိုပဲ ဖြစ်ခဲ့ပြီ၊ ဟယ်ရီက ဖြစ်သမျှကို မှုရင်းအတိုင်း သူတို့ကို ပြောပြတယ်၊ ခွေးရိုး မှော်မှန်၊ မှော်ကျောက်တုံးနဲ့ ဗိုလ်ဒီမော့၊ ရွန်နဲ့ ဟာမီးက စိတ်ဝင်တစားနားထောင်တယ်၊ အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့ နေရာ ရောက်တိုင်း သူတို့ မှင်တက်မိမိသွားတယ်၊ ဟယ်ရီက ခွေးရိုး ခေါင်းပေါင်း အောက်ကမျက်နှာကို ပြောပြတော့ ဟာမီးက ထအော်တယ်၊

"ဒီလိုဆိုတော့ မှော်ကျောက်တုံး မရှိတော့ဘူးပေါ့" နောက်ဆုံး ရွန်က မေးတယ်၊ "ရှမ မသေရတော့မယ်ပေါ့"

"ငါလဲ ဒီတိုင်းပြောတာပဲ၊ ဒါပေမယ့် ဒမ်ဘယ်ဒိုးက — သူဘာပြောပါလိမ့်၊ 'စဉ်းစားမှု အလွန်ရှင်းလင်းတဲ့ လူအဖို့ ပြောရရင် သေခြင်းဟာ ကြီးမြတ်တဲ့ စွန့်စားခြင်း နောက်တစ်ခုပဲတဲ့"

"သူ နည်းနည်းတော့ ကြောင်တယ်လို့ ငါအစောကြီးကတည်းက ပြောတာပဲ" ရွန်က ပြောတယ်၊ သူ့စိတ်ထဲက သူရဲကောင်းဟာ နားမလည်နိုင်လောက်အောင် ဖြစ်ရတဲ့အတွက် သူအလွန်တုန်လှုပ်နေတယ်၊

"နောက်တော့ နင်တို့နှစ်ယောက် အခြေအနေ ဘယ်လိုလဲ" ဟယ်ရီက မေးတယ်၊

"အော၊ ငါချောချောမောမောပဲ ပြန်ရောက်တယ်" ဟာမီးက ပြောတယ်၊ "ငါ ရွန်ကို နိုးတယ် — တော်တော်နိုးယူရတယ် — ဒီနောက် ငါတို့ ဇီးကွက်တဲကို အမြန်ဆုံးပြေးတာ၊ ဒမ်ဘယ်ဒိုးနဲ့ ဆက်သွယ်မှ ရမှာ မထင်မှတ်ပဲ တံခါးဝမှာ သူနဲ့ သွားတိုးတယ်၊ သူသိနှင့်နေပြီ၊ သူက 'ဟယ်ရီ

www.burmeseclassic.com



သူ့ကို စောင့်ကြည့်ထားတယ် ဟုတ်လား' လို့ ပြောပြီး လေးလွှာကို ပြောတာပဲ"

"ဒမ်ဘယ်ဒိုးက မင်းကို ဘာမင်းဒီလိုလုပ်စေချင်တာလဲ မေးခြင်း" ရွန်က ပြောတယ်။ "မင်း အဖေရဲ့ ကိုယ်ပျောက်ခြုံထည်ကို မင်းကိုပေးတယ်။ မင်းကို ထဲဒီကိစ္စ လုပ်ဖြစ်အောင် လမ်းပြတယ်"

"အမလေး" ဟာမီး မထောင့်နိုင်ဘဲ ပြောတယ်။ "သူတကယ်ပဲ ဒီလိုလုပ်ရင် — ငါ့အမိပြောယ်က — ဒါဆို သိပ်ကြောက်ဖို့ ကောင်းတယ် — နင် အသက်ခံရနိုင်စရာရှိတယ်"

"မဟုတ်ဘူး၊ ဒီလို မဟုတ်ဘူး" ဟယ်ရီက တွေးရင် ပြောတယ်။ "ဒမ်ဘယ်ဒိုးဟာ သိပ်အမိပွယ်ရှိတဲ့လူ၊ ငါထင်တယ် သူက ငါ့ကို အခွင့်အရေး တစ်ခုပေးတာ၊ ဒီမှာ ဖြစ်ပွားတဲ့ကိစ္စတွေကို သူအနည်းနဲ့ အများတော့ သိပါတယ်။ ဝို့ ဘာလုပ်မယ်ဆိုတာ သူသိနေတယ်၊ ဒါပေမယ့် တို့ကို မတားဘူး၊ တိတ်တိတ်ကလေး တို့အတွက် အသုံးကျမှာတွေကို သင်ပေးတယ်၊ သူ ငါ့ကို မှော်မှန်ရဲ့ အစွမ်းသတ္တိကို နားလည်အောင် လုပ်ပေးတာ တိုက်ဆိုင်မှုတော့ မဟုတ်ဘူးလို့ ငါထင်တယ်၊ ဖြစ်နိုင်ရင် ငါ့ကိုလဝီမွန်ကို ရင်ဆိုင်နိုင်တယ်လို့ သူထင်ပုံ ရတယ်. . . . . ."

"ဟုတ်တယ်၊ အဲဒါ ဒမ်ဘယ်ဒိုး သူများနဲ့ မတူတဲ့ နေရာပဲ" ရွန်က ဂုဏ်ယူစွာ ပြောတယ်။ "နားထောင်၊ မင်းမနက်ဖြန် နှစ်ပတ်လည် ထမင်းစားပွဲကို မှချလာတာက်ပါ၊ အမှတ်တွေ တွက်ပြီးကုန်ပြီ၊ အင်းပေါ်လေ ဝေလေးသရင်း ကွီ ပထမရသွားတယ်၊ နောက်ဆုံး ခွေးစစ်ပြိုင်ပွဲမှာ မင်းမပါရဘူး၊ မင်းမရှိတော့ ငါတို့ ရာဗင်ကလော အသင်းကို ခွက်ခွက်လန် ရှုံးတယ်၊ ဒါပေမယ့် ထမင်းစားပွဲမှာ သိပ်စားလို့ ကောင်းတဲ့ အစားအစာတွေ ရှိပါတယ်"

ဒီအချိန်မှာပဲ မဒမ်ပွန်ဖရေ ဝင်ချလာတယ်။

"မင်းတို့ ၁၅ မိနစ်လောက် ကြာနေပြီ ပြန်ပြန်ထွက်သွား" သူမက ပြတ်သားစွာ ပြောတယ်။

ဟယ်ရီဟာ မိုးလင်းတဲ့ထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ အားလဲ ပြန်ပြည့်သလောက်ရှိပြီလို့ ခံစားရတယ်။

"ကျွန်တော် ညစာစားပွဲ သွားချင်တယ်" မဒမ်ပွန်ဖရေ သူ့သကြားလုံး တွေကို သိမ်းဆည်းပေးနေစဉ် ဟယ်ရီက ပြောတယ်။ "ရမလား"



"ပါမောက္ခ ဒမ်ဘယ်ဒိုးက မင်းကို ခွင့်ပြုတယ်လို့ ပြောတယ်" သူမဟာ သိပ်မကျေနပ်ပုံနဲ့ ပြောတယ်။ သူမအနေနဲ့ ပါမောက္ခ ဒမ်ဘယ်ဒိုး ဟာ ညစာစားပွဲမှာ မသိနိုင်တဲ့ အန္တရာယ်ရှိတာ နားမလည်ဘူးလို့ ထင်တယ်။ "မင်းကို လာတွေ့တဲ့လူ လာပြန်ပြီ။

"ဪ၊ သိပ်ကောင်းတာပဲ" ဟယ်ရီက ပြောတယ်။ "ဘယ်သူလဲ"

သူပြောနေရှိသေးတယ်၊ ဟက်ဂရစ်က ကိုယ်ကိုခေါင်းပြီး ဝင်လာတယ်၊ ဟက်ဂရစ် ဝင်လာတိုင်း နေရာမ အဆောင်ကြီးနဲ့ တူနေတယ်၊ သူဟာ ဟယ်ရီ့ဘေးမှာ ထိုင်တယ်။ သူ့ကို ကြည့်လိုက်ပြီး ဝမ်းနည်းစွာ ငိုတယ်၊

"အားလုံး - ငါ့ကြောင့် — သောက်တ" သူဟာ မျက်နှာကို လက်နဲ့ အုပ်ပြီး ငိုနေတယ်။ "ဟို လူယုတ်မာကို အမွေးမွှားလေးကို ဘယ်လို နှိမ်နင်းရမလဲဆိုတာ ကျုပ်ပြောလိုက်တာ၊ ကျုပ် သူ့ကို ပြောပြလိုက်တာ၊ သူ အားလုံးသိတယ်၊ ဒါပဲမသိတာ၊ ကျုပ်က ဒါကိုမှ သွားပြောပြတယ်၊ မင်းအသက်ပျောက်ဖို့ နည်းနည်းပဲ လိုတယ်၊ ဒါ နဂါးဥတစ်လုံးအတွက်၊ ငါ အရက်မသောက်တော့ဘူး၊ ကျုပ်ကို မောင်းထုတ်ဖို့ ကောင်းတယ်၊ တစ်သက်လုံး မက်ဂေါ် လုပ်နိုင်းရမှာ"

"ဟက်ဂရစ်" ဟယ်ရီက ပြောတယ်။ ဟက်ဂရစ် ဝမ်းနည်းနေခြင်းတာရ လို့ တုန်လှုပ်နေတယ်၊ မျက်ရည်တွေ သူ့မုတ်ဆိတ်ထဲ စီးဝင်နေတာကို ဟယ်ရီ အလွန် ထိတ်လန့်စွာ ကြည့်နေတယ်။ "ဟက်ဂရစ် သူတစ်နည်းနည်းနဲ့တော့ သိမှာပဲ၊ ကျွန်တော်ပြောတာက ဗိုလ်ဒီမွန့်၊ ခင်ဗျား မပြောလဲ သူသိနိုင်တဲ့ နည်းလမ်းရှိမှာပါ"

"မင်းသေဖို့ နည်းနည်းလိုတယ်" ဟက်ဂရစ်က ရှိုက်ရင်း ပြောတယ်။ "တော့ မင်း ဟိုနာမည်ကို မပြောနဲ့"

"ပြောကိုပြောမယ်၊ ဗိုလ်ဒီမွန့်" ဟယ်ရီက အကျယ်ကြီး အော်ပြောတယ်၊ ဟက်ဂရစ် လန့်ပြီး ငိုနေတာတွေ တော့မှ အသံအုပ်လိုက်တယ်။ "ကျွန်တော် သူနဲ့ မျက်နှာချင်းဆိုင် တွေ့ခဲ့တယ်၊ ကျွန်တော် သူ့ကို နာမည်ခေါ်တယ်၊ ဟက်ဂရစ် ပျော်ပျော်နေဖို့ ကောင်းပါတယ်၊ ကျွန်တော်တို့ မှော်ကျောက်တုံးကို ကယ်လိုက်နိုင်တယ်။ အခုတော့ အဲဒါ မရှိတော့ဘူး၊ ဗိုလ်ဒီမွန့်လဲ အဲဒါနဲ့ ကောင်းတာ မလုပ်နိုင်တော့ဘူး၊ ချောကလက်ဖားတစ်ခု စားပါဦး၊ ကျွန်တော့်မှာ အများကြီးရှိတယ်. . . "

www.burmeseclassic.com

www.burmeseclassic.com



ဟက်ဂရစ်က လက်မခိုးနဲ့ နှာခေါင်းကို သုတ်တယ်၊ "ဒါ ကျုပ်ကို သတိရစေတယ်။ ကျုပ်လဲ မင်းအတွက် လက်ဆောင်တစ်ခုပါတယ်"

"မြွေပါ အသားညှပ်ပေါင်မုန့် မဟုတ်ပါဘူးနော်" ဟယ်ရီက စိုးရိမ်စွာနဲ့ မေးတယ်။ ဟက်ဂရစ်ဟာ ခုမှ မနည်းရယ်ထွက်တော့တယ်။

"မဟုတ်ဘူး။ မနေ့က ဒမ်ဘယ်လီဒိုး ကျုပ်ကို ခွင့်တစ်ရက်ပေးတယ်။ ကျုပ်ကို ဒါသပ်သပ်ရပ်ရပ် လုပ်နိုင်းတယ်။ တကယ်တော့ သူကျုပ်ကို ထုတ်ပစ်ရမှာ — ဟုတ်ပြီ၊ ဒါ မင်းကို ပေးမယ်. . . . . ."

ကြည့်ရတာ လှပတဲ့ သားရေဖုံး စာအုပ်လိုပဲ။ ဟယ်ရီက သိလို စောနဲ့ ဖွင့်လိုက်တယ်။ အဲထဲမှာ မှော်ဆရာ ဓာတ်ပုံတွေ ကပ်ထားတယ်။ မျက်နှာတိုင်း သူ့ကို ပြုံးပြနေတယ်။ လက်ယမ်းပြတယ်။ အားလုံး သူ့အဖေနဲ့အမေချည်းပဲ။

"ကျုပ် ဇီးကွက် လွှတ်ပြီး၊ မင်းအဖေအမေရဲ့ သူငယ်ချင်းတွေဆီ စာပို့တယ်။ သူတို့ဆီက ဓာတ်ပုံတောင်းတယ်. . . . မင်း သူတို့ဓာတ်ပုံ မရှိမှန်း သိလို့. . . . မင်းကြိုက်တယ် မှတ်လား"

ဟယ်ရီ စကားမပြောနိုင်ဘူး။ ဒါပေမယ့် ဟက်ဂရစ် အားလုံး နားလည်သွားတယ်။

အဲဒီနေ့ညမှာ၊ ဟယ်ရီ တစ်ယောက်ထဲ အောက်ထပ်ဆင်းလာပြီး ညစားစာပွဲ ပါဝင်တယ်။ ခုနက မဒမ်ပွန်ဖရေက သူ့ကို ပြုံးတုံးပြတဲ့နဲ့ တားတုန်းယ်၊ သူ့ကို ဂုဏ်းမာရေး ထပ်စစ်မယ် လုပ်တယ်။ ဒါကြောင့် သူခန်းမထဲ ရောက်တော့ အထဲမှာ လူပြည့်နေပြီ။ ခန်းမထဲမှာ စလေးသရင်းကို ကိုယ်စားပြုတဲ့ အစိမ်းနဲ့ ငွေရောင် အလှဆင်ထားတယ်။ သူတို့ ခုနစ်နှစ် တိုင်တိုင် ကျောင်းဖိုင်းဆုကြီး ရသွားတာကို ဂုဏ်ပြုဖို့ ဖြစ်တယ်။ စလေးသရင်း မြွေရုပ်ကြီး ရေးဆွဲထားတဲ့ ကန့်လန့်ဖုံးစီးကြီး ချိတ်ဆွဲထားတယ်။

ဟယ်ရီ ဝင်သွားတာနဲ့ ခန်းမထဲ ရုတ်တရက် တိတ်ဆိတ်သွားတယ်။ ပြီးနောက် လူတိုင်း အကျယ်ကြီး စကားပြောကြပြန်တယ်။ သူဟာ ဂရစ်ဖင်းဒေါ စာပွဲဘေး သွားပြီး ရွန်နဲ့ ဟာမီးကြားမှာ ထိုင်လိုက်တယ်။ လူတွေထပြီး သူ့ကို ကြည့်တာ မမြင်ချင်ယောင်ဆောင်နေလိုက်တယ်။

တော်သေးတယ်။ မကြာခင်မှာပဲ ဒမ်ဘယ်လီဒိုးလဲ ရောက်လာတယ်။ ခန်းမထဲက ဆူညံသံတွေ တဖြည်းဖြည်း ငြိမ်သွားတယ်။



"နောက်ထပ် တစ်နှစ်ကုန်ဆုံးသွားပြန်ပြီ" ဒမ်ဘယ်လီဒိုးက ဝမ်းသာအားရ ပြောတယ်။ "ဒီစားကောင်း သောက်ဖွယ်တွေကို အားရပါးရ မစားခင်မှာ အဘိုးကြီးတစ်ယောက်ရဲ့ အတ်ပြားဟောင်းကြီးကို အားလုံးနားထောင်ဖို့ ဒုက္ခပေးပါဦးမယ်။ ဒါဟာ ဘယ်လောက်ပြောင်မြောက်တဲ့ တစ်နှစ်ပါလဲ။ မင်းတို့ရဲ့ ခေါင်းကလေးတွေထဲမှာ အရင်ကထက် ကြွယ်ဝလာမှာ သေချာတယ်. . . . ရှေ့မှာ နွေရာသီ ကျောင်းပိတ်ရက်တစ်ခုလုံး မင်းတို့ကို စောင့်နေတယ်။ လာမယ့် ကျောင်းစမဖွင့်ခင်မှာ အဲဒါတွေကို အစာကောင်းကောင်းချေထား။ ဦးနှောက်ကို ကွက်လပ်လေး ထားပေးပါဦး. . . . .

"အခု၊ ကျုပ်သိသလောက်က ကျုပ်တို့ အရင်ဆုံး ကျောင်းရဲ့ ဆုပေး အခမ်းအနား ကျင်းပရမယ်။ ဟောက်စ် အသီးသီးရဲ့ ရမှတ်ကတော့- စတုတ္ထရတာက ဂရစ်ဖင်းဒေါ၊ ၃၁၂ မှတ်။ တတိယက ဟာ့ဖ်ဖတ်၊ ၃၅၂ မှတ်။ ရာဗင်ခလော ၄၂၆ မှတ်။ စလေးသရင်း ၄၇၂ မှတ်"

စလေးသရင်း ထမင်းစားပွဲကနေ မိုးခြိမ်းသံလို ဟစ်ကြွေးသံ၊ ခြေဆောင့်သံတွေ ပေါ်ထွက်လာတယ်။ ဟယ်ရီဟာ ဒရာကို-မာဖိုင် ခြေတံရှည် အရက်ခွက်နဲ့ စားပွဲကို တအားခေါက်နေတာ တွေ့ရတယ်။ သူ့ပုံစံက ရွံစရာကြီး။

"ဟုတ်တယ်လေ၊ ဟုတ်တယ်။ ဖော်ပြချက် မဆိုးဘူး" ဒမ်ဘယ်လီဒိုးက ပြောတယ်။ "ဒါပေမယ့် ခုတလော ဖြစ်ပေါ်တဲ့ ကိစ္စတစ်ချို့ကိုလဲ ထည့်တွက်ရမယ်"

ခန်းမတစ်ခုလုံး အလွန်ငြိမ်သက်သွားတယ်။ စလေးသရင်းတွေရဲ့ အပြုံးဟာလဲ နည်းနည်း အပိုးသေသွားတယ်။

"ဟမ်း၊ ဟမ်း" ဒမ်ဘယ်လီဒိုးက လည်ချောင်းရှင်းလိုက်တယ်။ "ကျုပ် နောက်ဆုံးအမှတ်တွေ ပေးစရာရှိသေးတယ်။ ကြည့်ရအောင်၊ ဟုတ်ပြီ. . . ."

"ပထမ တစ်ခု — မစ္စတာ ရွန် - ဝယ်စလီ. . . . . ."

ရွန့်မျက်နှာဟာ ချက်ချင်းနီလာတယ်။ အခြောက်လှန်းထားတဲ့ မုံလာဥနီလိုပဲ။

". . . . . . သူဟာ နှစ်ပေါင်းများစွာအတွင်း ဟော့ဂ်ဝပ်ရဲ့ အခမ်းနားဆုံး မြောက်ဆုံး ကျားကို နိုင်အောင် ထိုးနိုင်ခဲ့တယ်။ ဒီအတွက် ဂရစ်ဖင်းဒေါကို အမှတ် ၅၀ ချီးမြှင့်တယ်"

ဂရစ်ဖင်းဒေါရဲ့ အားရဝမ်းသာသြဘာသံဟာ မှော်ပညာနဲ့ ဝိုးမျက်

www.burmeseclassic.com



ထားတဲ့ မျက်နှာကြက်ကိုတောင် လန့်သွားမတတ်ပဲ။ သူတို့ ခေါင်းပေါ်က ကြယ်တွေဟာလဲ သူတို့ အော်သံကြောင့် နည်းနည်းတုန်ခါနေသလိုပဲ။ ဖတ်စီက တခြားအတန်းခေါင်းဆောင်တွေကို “ဒါ ငါ့ညီ၊ မင်းတို့ သိပါတယ်။ ငါ့အငယ်ဆုံး ညီလေး။ ပါမောက္ခ မက်ဂေါ်နာဂေါ်ရဲ့ ဧရာမ ကျားအတားအဆီးကို အောင် မြင်စွာ ဖြတ်ကျော်ခဲ့တယ်” လို့ ပြောနေတာ ကြားရတယ်။

အားလုံး မနည်းကြာမှ ငြိမ်သက်သွားတယ်။

“ဒုတိယတစ်ခုက — မစ္စစ် ဟာမီး-ဂရန်ဂျာ . . . . သူမဟာ မီးတောက်မီးလျှံကို ရင်ဆိုင်ရာမှာ တည်ငြိမ်စွာနဲ့ ကျိုးကြောင်း ဆီလျော်စွာ လောဂျစ်သဘောနဲ့ ကောက်ချက်ချနိုင်ခဲ့တယ်။ ဒါကြောင့် ဂရစ်ဖင်းဒေါကို အမှတ် ၅၀ ချီးမြှင့်တယ်”

ဟာမီးက မျက်နှာကို လက်မောင်းထဲ ဝှက်ထားတယ်။ ဟယ်ရီက သူမ ခိုးငိုနေတယ်လို့ ထင်တယ်။ သူတို့ အနားက ဂရစ်ဖင်းဒေါ ကျောင်းသားတွေ ဝမ်းသာလို့ ရူးနေကြတယ်။ ထမင်းစားပွဲဘေးမှာ ခုန်နေကြတယ်။ သူတို့ အမှတ်ကြီး တစ်ရာတောင် တက်လာတာကိုး။

“တတိယ တစ်ခုက — ဟယ်ရီ-ပေါ်တာ . . . .” ဒမ်ဘယ်လီဒိုးက ပြောတယ်။ ခန်းမထဲမှာ အလွန့်အလွန် ငြိမ်သက်သွားတယ်။ “. . . . သူဟာ ဘာမထိတဲ့ သတ္တိနဲ့ သူမတူတဲ့ ရဲရင့်မှုကို ဖော်ပြခဲ့တယ်။ ဒီအတွက် ဂရစ်ဖင်းဒေါ ဟောက်စ်ကို အမှတ် ၆၀ ချီးမြှင့်ပါတယ်”

ဆူညံသံတွေဟာ နားကွဲမတတ်ပဲ။ အသံကုန် ဟစ်ရင်း စိတ်ထဲမှာ အမှတ်တွက်နေတဲ့ ကျောင်းသားတွေဟာ အခု ဂရစ်ဖင်းဒေါ ရမှတ် ၄၇၂ မှတ်ဖြစ်ပြီ — စလေးသရင်းအမှတ်နဲ့ လုံးဝ တူညီသွားပြီးဆိုတာသိကြတယ်။ သူတို့ဟာ ကျောင်းဗိုင်းကြီးနဲ့ နီးနေပြီ — ဒမ်ဘယ်လီဒိုးကသာ တစ်မှတ် ပိုပေးခဲ့ရင် ကောင်းမှာပဲ။

ဒမ်ဘယ်လီဒိုးက လက်တစ်ဖက် မြှောက်လိုက်တယ်။ ခန်းမထဲမှာ ကမြည်းဖြည်း ငြိမ်သက်သွားပြန်တယ်။

“သတ္တိဆိုတာ အမျိုးမျိုးရှိတယ်” ဒမ်ဘယ်လီဒိုးက ပြုံးနေတယ်။ “ရန်သူ ရင်ဆိုင်ရာမှာ သူမတူတဲ့ သတ္တိရှိရမယ်။ မိတ်ဆွေရှေ့မှာ မိမိရပ်တည်ချက်ကို ဆုပ်ကိုင်ထားဖို့ဟာလဲ သတ္တိအများကြီး လိုပါတယ်။ ဒါကြောင့် မစ္စတာ နီဗီး - လွန်ဘော့တန်ကို ၁၀ မှတ်ချီးမြှင့်ပါတယ်”



ဒီအချိန်မှာ ခန်းမအပြင်ဘက်မှာ ရပ်နေတဲ့ လူရှိရင် ပေါက်ကွဲမှု တစ်ခု ဖြစ်သွားတယ်လို့ ထင်နိုင်စရာ အကြောင်းရှိတယ်။ ဂရစ်ဖင်းဒေါ ထမင်းစားပွဲပေါ်က ဩဘာသံဟာ လှိုင်းတံပိုးလို မြင့်မြင့်တက်နေတယ်။ ဟယ်ရီ၊ ရွန်နဲ့ ဟာမီးတို့ဟာ မတ်တတ်ရပ်ပြီး ဩဘာပေးကြတယ်။ နီဗီးဟာ အံ့ဩလွန်းလို့ မျက်နှာမှာ သွေးရောင်မရှိဘူး။ သူ့ကို လာဖက်သူတွေထဲ မြုပ်သွားတယ်။ သူ ဘယ်တုန်းကမှ ဂရစ်ဖင်းဒေါအတွက် အမှတ်တစ်မှတ်တောင် ရယူ မပေးနိုင်ခဲ့ဘူးလေ။ ဟယ်ရီဟာ ဝမ်းမြောက်စွာ အော်ရင်း ရွန်ကို လက်မောင်းနဲ့ တွန်းပြီး မာဖိုင်ကို ညွှန်ပြတယ်။ မာဖိုင်ရဲ့ အမူအရာကို ကြည့်ရတာ သူ့ကိုတစ်ကိုယ်လုံး ခြေချုပ်ကျိန်စာ မိထားစေတာတောင် ခုလောက် အံ့အားသင့်ကြောက်ရွံ့မှာ မဟုတ်ဖူး။

“ဒါက ဘာကို ဖော်ပြသလဲ ဆိုတော့” ဒမ်ဘယ်လီဒိုးဟာ အကျယ်ကြီး အော်ပြောရတယ်။ ဒါမှ မိုးခြိမ်းသလို အော်သံ ဆူသံတွေကို လွှမ်းနိုင်မှာ။ ရာဗင်ခလောနဲ့ ဟာ့ဖ်ဖတ်က ကျောင်းသားတွေတောင် စလေးသရင်း ရှုတ်တရက် ရှုံးနိမ့်သွားတာကို အောင်ပွဲခံနေလို့ပဲ။ “ဒီက ပြင်ဆင်မှုကို နည်းနည်းလေး ပြောင်းဖို့ လိုတယ်”

သူက လက်ခုပ်တီးလိုက်တယ်။ ချက်ချင်းပဲ ချိတ်ဆွဲထားတဲ့ အစိမ်းရောင် ဖဲကြိုးတွေဟာ အနီရောင်ရဲရဲဖြစ်သွားတယ်။ ငွေရောင်က ရွှေရောင်ဖြစ်သွားတယ်။ ဧရာမ စလေးသရင်း မြွေကြီးပျောက်သွားတယ်။ အဲဒီနေရာမှာ ဂရစ်ဖင်းဒေါ ခြင်္သေ့ကြီးပေါ်လာတယ်။ စနိတ်ပ်ဟာ ပါမောက္ခ မက်ဂေါ်နာဂေါနဲ့ လက်ဆွဲနှုတ်ဆက်နေတယ်။ မျက်နှာပေါ်က တစ်မျိုးကြီး ပြုံးလာတယ်။ သူ့အကြည့် ဟာ ဟယ်ရီနဲ့ ဆုံမိတယ်။ ဟယ်ရီဟာ စနိတ်ပ် သူ့အပေါ်ထားတဲ့ သဘောထား မပြောင်းဘူးဆိုတာ ချက်ချင်းနားလည်သွားတယ်။ ဟယ်ရီက ဒါ ဘာမှ ကြောက်စရာမရှိဘူးလို့ ထင်တယ်။ နောင်နှစ်မှာ ပုံမှန် ပြန်နေထိုင်သွားရမယ်။ အနည်းဆုံးတော့ ဟော့ဂ်ဝပ်ရဲ့ အစဉ်အလာ ပုံသဏ္ဌာန်အတိုင်း ဖြစ်မယ်လို့ထင်တယ်။

ဒါဟာ ဟယ်ရီ့ဘဝမှာ အလှပဆုံးည ဖြစ်တယ်။ ခွေဒစ်နိုင်တဲ့ ခရစ်စမတ်ပွဲနဲ့ ဧရာမ သတ္တဝါကြီးကို အောင်နိုင်ခဲ့တာထက် လှပကောင်းမွန်တယ်. . . . သူဟာ ဒီညကို ထာဝရ - ထာဝရ မမေ့နိုင်မယ် မဟုတ်ပါ။

စာမေးပွဲ အောင်ရှုံးစာရင်း မထုတ်ပြန်ရသေးတာ ဟယ်ရီမေ့တောင်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ အဲဒီနေ့ နောက်ဆုံးတော့ ရောက်လာပါပြီ။ မထင်မှတ်ဘဲ သူနဲ့ ရွှန်တို့ဟာ အမှတ်ကောင်းကောင်းနဲ့ စာမေးပွဲ အောင်ကြတယ်။ ဒါကို သူတို့ လုံးဝ မထင်မှတ်ခဲ့ဘူး။ ဟာမီးကတော့ တစ်တန်းလုံးမှာ ပထမရတာပေါ့။ နီဗီး တောင် သီသီလေးနဲ့ အောင်သွားတယ်။ သူဆေးပင်ဘာသာမှာ အမှတ်မဆိုးဘူး။ ဒါကြောင့် မှော်ဆေးဘာသာမှာ လျော့တဲ့ အမှတ်ကို ထေမိသွားတယ်။ အစက သူတို့ ထင်ထားတာက ဂိုးဟာ ဝက်တစ်ကောင်လို ထိုင်းတယ်။ တစ်ကိုယ်ကောင်းဆန်ပြီး မညာတာတတ်ဖူး။ ဒါကြောင့် ဒီတစ်ခါမှာတော့ ကျောင်းထုတ်ခံရမယ်ထင်တာ။ မထင်မှတ်ပေမယ့် သူကလဲ အောင်သွားတယ်။ ဒါကြောင့် သိပ်မလှပဘူးလို့ ထင်ကြတယ်။ ဒါပေမယ့် ရွှန်ပြောသလိုပဲ။ ဘဝမှာ အားလုံးစိတ်တိုင်းကျတော့ မကျနိုင်ဘူးပေါ့။

ရုတ်တရက်ကြီး သူတို့ အင်္ကျီဘီဒိုတွေ ဗလာဖြစ်ကုန်သလိုပဲ။ ပစ္စည်းတွေ ခရီးဆောင် အိတ်တွေထဲ ရောက်ကုန်ပြီ။ နီဗီးရဲ့ ဖားပြုပ်ဟာ ကိုယ်လက်သန့်စင်ခန်းရဲ့ ထောင့်ထဲ ပုန်းနေဟာ လူတွေ့သွားတယ်။ အကြောင်းကြားစာကို ကျောင်းသားတိုင်း လက်ထဲရောက်အောင် ပို့ပေးတယ်။ သူတို့ကို ကျောင်းပိတ်ရက်အတွင်းမှာ မှော်ပညာမသုံးဖို့ သတိပေးတယ် ("ကျွန်တော်က သူတို့ ဒါတွေ တို့ကိုပေးဖို့ မေ့နေစေချင်တာ" ဖရက်-ဝယ်စလီက ပြောတယ်)။ ဟက်ဂရစ်က သူတို့ကို ခေါ်ဆောင်ပြီး ကန်ရေပြင်ကို ဖြတ်မယ့်လှေတွေပေါ် တက်တယ်။ အခု သူတို့ဟာ ဟော့ဂ်ဝပ်ရဲ့ အထူးအမြန်ရထားပေါ် ရောက်နေပြီ။ တစ်လမ်းလုံး ပြောလိုက်ရယ်လိုက်၊ ပြတင်းအပြင်က ကျေးရွာတွေ ပိုပိုစိမ်းစိုလာတာ၊ ပိုပိုသန့်ရှင်းလာတာ ကြည့်နေကြတယ်။ ရထားဟာ မတ်ဂေါ်မြို့တွေတစ်ခုပြီး တစ်ခုကို ဖြတ်ခဲ့တယ်။ သူတို့ဟာ ဘီဘီရသာစုံ ပဲစေ့တွေ စားကြတယ်။ ကိုယ်ပေါ်က မှော်ဆရာဝတ်ရုံရှည်ကို ချွတ်ပစ်ပြီး ဂျက်ကင်နဲ့ အပေါ်အင်္ကျီအတို လဲဝတ်တယ်။ နောက်ဆုံးမှာ ရထားဟာ မင်းကြက်ခြေဘူတာရဲ့ ၉ ၁/၄ ပိုင်း စင်္ကြံမှာ ရပ်သွားတယ်။

သူတို့ဟာ အချိန်အကြာကြီးနေမှ အားလုံး စင်္ကြံက ထွက်လို့ရတယ်။ ပိန်ခြောက်ခြောက် လုံခြုံရေးတစ်ယောက် လက်မှတ်စစ်ပေါက်မှာ စောင့်နေတယ်။ တစ်ကြိမ်ကို နှစ်ယောက်သုံးယောက်ပဲ ဖြတ်ခွင့်ပေးတယ်။ ဒါမှ သူတို့ဟာ လူအုပ်လိုက်ကြီး နံရံကို ဖောက်ထွက်လာလို့ မတ်ဂေါ်တွေ သတိပြုမိသွားမှာကို ရှောင်ရှားနိုင်တယ်။



"မင်း၊ ဒီနွေရာသီ ကျောင်းပိတ်ရက်မှာ ငါတို့ အိမ်ကို ဆက်ဆက်လာလည်နော်" ရွှန်က ပြောတယ်။ "နင်တို့ နှစ်ယောက်လဲလာ — ငါ ဇီးကွက်လွှတ်ပြီး နင်တို့ကို ဖိတ်မယ်"

"ကျေးဇူးပဲ" ဟယ်ရီက ပြောတယ်။ "ငါ မျှော်လင့်စရာ တစ်ခုခုကို လိုပါတယ်"

သူတို့ဟာ မတ်ဂေါ်လောကထဲ ပြန်တဲ့ ထွက်ပေါက်ဆီ သွားကြတယ်။ သူတို့ ဘေးကနေ လူတွေတိုးတိုးသွားကြတယ်။ တစ်ချို့က ဒီလို အော်တယ်။

"ဘိုင်းဘိုင်း၊ ဟယ်ရီ"

"တိုင်းဘိုင်း၊ ပေါ်တာ"

"ဒီလိုပဲ နာမည်ကြီးတုန်းပဲ" ရွှန်က ပြောရင်း သွားဖြဲရယ်တယ်။

"ငါသွားမဲ့ နေရာမှာ ဒီလို မဟုတ်ဖူး၊ အဲဒါကို ငါအာမခံတယ်" ဟယ်ရီက ပြောတယ်။

သူရယ်၊ ရွှန်နဲ့ ဟာမီးရယ် အတူတကွထွက်ပေါက်ကို ဖြတ်ကျော်ခဲ့တယ်။

"သူဟိုမှာ၊ မေမေ၊ သူဟိုမှာ၊ မြန်မြန်ကြည့်လေ"

ဂျင်နီပဲ — ရွှန့်ရဲ့ ညီမလေး — ဒါပေမယ့် သူမညွှန်ပြတာ ရွှန်မဟုတ်ဖူး။

"ဟယ်ရီ-ပေါ်တာ" သူမက စူးစူးရှရှ အော်တယ်။ "မြန်မြန်ကြည့်လေ၊ မေမေ၊ ကျွန်မ မြင်ရပြီ —"

"အကျယ်ကြီး အော်မနေနဲ့၊ ဂျင်နီ။ သူများကို လက်ညှိုးထိုးနေတာ မယဉ်ကျေးဘူး"

မဒမ် ဝယ်စလီက ခေါင်းငုံ့ပြီး ပြုံးရယ်စွာ သူတို့ကို ကြည့်နေတယ်။

"ဒီတစ်နှစ် သိပ်အလုပ်များမှာပေါ့" သူမက ပြောတယ်။

"သိပ်ကို အလုပ်များတယ်" ဟယ်ရီက ပြောတယ်။ "ကျွန်တော့်ကို နို့သကြားလုံးနဲ့ သိုးမွေးအင်္ကျီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မဒမ် ဝယ်စလီ"

"အော၊ ကိစ္စမရှိပါဘူး၊ အချစ်လေး"

"မင်း ပြင်ဆင်ပြီးပြီလားလို့ ငါမေးနေတယ်"

ဦးလေး ဗားနွန်ဖြစ်တယ်။ သူဟာ အရင်ကလိုပဲ ညိုပြာပြာ မျက်နှာနဲ့

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေးရှည်ရှည်။ ဒေါသနဲ့ ဟယ်ရီကို ကြည့်နေတာပဲ။ လူရှိုးရှိုးတွေနဲ့ ပြည့်နေတဲ့ ဘူတာမှာ ဟယ်ရီဟာ ဇီးကွက်ထည့်ထားတဲ့ ငှက်ခြင်းကြီးကိုင်လို့ မှန်းစရာပဲ။ သူ့နောက်မှာ အဒေါ်ဖိချူနီယာနဲ့ အစ်ကို ဝမ်းကွဲ ဒါလီတို့ ရပ်နေတယ်။ သူတို့ဟာ ဟယ်ရီကို တွေ့တာနဲ့ မတည်ငြိမ်တဲ့ တုန်လှုပ်တဲ့ အမူအရာ ပေါ်နေတယ်။

"ရှင်တို့က ဟယ်ရီ့အိမ်သားတွေ ဖြစ်မှာပေါ့" မဒမ် ဝယ်စလီက ပြောတယ်။

"ဒီလို ပြောရင်လဲ ရပါတယ်" ဦးလေး ဗာနွန်က ပြောတယ်။ "မြန်မြန်ကောင်လေး။ တို့တနေကုန် အချိန်ကုန် မခံနိုင်ဘူး" သူက လှည့်ထွက်သွားတယ်"

ဟယ်ရီက ရွန်နဲ့ ဟာမီးကို ပြောစရာလေး ရှိသေးတယ်။

"ဒါဆို နွေကျောင်းပိတ်ရက်ပြီးမှ ပြောမယ်"

"ကျောင်းပိတ်ရက် - အင်း - ပျော်ပါစေ" ဟာမီးက ပြောတယ်။ သူမဟာ မယုံနိုင်ဘဲ ဦးလေး ဗာနွန်ရဲ့ ကျောကို လှမ်းကြည့်နေတယ်။ ကမ္ဘာပေါ်မှာ ဒီလို စိတ်ပျက်စရာ လူရှိတာ အံ့ဩနေတယ်။

"အော၊ ငါပျော်မှာပါ" ဟယ်ရီက ပြောတယ်။ သူ့မျက်နှာပေါ်မှာ အပြုံးပန်း ပွင့်သွားတယ်။ ရွန်နဲ့ ဟာမီးတို့ကို အံ့ဩသွားစေတယ်။ "သူတို့ဟာ ငါတို့ အိမ်မှာ မှော်ပညာမသုံးရဘူးဆိုတာ မသိဘူး။ ဒီနွေကျောင်းပိတ်ရက်မှာ ငါ ဒါလီကို ကောင်းကောင်း ကျီစားလိုက်မယ်. . . . . . ."

ကြည်ကြည်မာ

၂၁၊ ၅၊ ၂၀၀၂

BURMESE CLASSIC

www.burmeseclassic.com